# ကုသလကာရီ ပါဠိသဒ္ဒါပိုချချက်

(အရှင်ဂရုဓမ္မ ပို့ချသည်)

# ပါဠိသဒ္ဒါ ပို့ချချက် နိဒါန်း

ပါဠိဘာသာသည် လောက၌ အမြဲတည်ရှိသော ဘာသာဟု ဗုဒ္ဓစာပေက ဆိုသည်။ ကမ္ဘာပျက်သော အခါ လောက၌ တည်ရှိသော ဘာသာစကားမှန်သမျှ ပျက်၏ဟု ဆိုနိုင်သည်။ သို့သော် ပါဠိဘာသာကား မပျက်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာပျက်သည့်ထဲတွင် မပါဝင်သော ဗြဟ္မာများသည် ပါဠိဘာသာကို ပြောဆိုနေ၍ပင် ဖြစ်သည်။ ကမ္ဘာပြန်တည်၍ လူ့ပြည်ပြန်ပေါ်လာသောအခါတွင်လည်း ကမ္ဘာဦးလူသားတို့သည် ပါဠိဘာသာကိုပင် ပြောဆိုကြသည်။

ပါဠိဘာသာသည် သာသနာတော်အား ကျေးဇူးများ၏။ အဘယ့်ကြောင့်ဆိုသော် ပါဠိဘာသာသည် ကမ္မဝါစာလည်း ဟုတ်၏။ ပဋိသမ္ဘိဒါဉာဏ်အားလည်း ကျေးဇူးပြုတတ်၏။ ကမ္မဝါစာကို ပါဠိဘာသာဖြင့်သာ ရွတ်ရမည်။ အခြားဘာသာဖြင့် ရွတ်လျှင် ကံမမြောက်။ သို့ဖြစ်၍ ကမ္မဝါစာမရှိလျှင် ရဟန်းခံမင်္ဂလာ မဖြစ်နိုင်သောကြောင့် ဘုရားသာသနာတော် ကွယ်ပဘို့သာ ရှိတော့သည်။

ဤသို့ သာသနာတော်အား ကျေးဇူးများသည့် ပါဠိဘာသာကို သာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းပြီး စောင့်ရှောက်နေကြသည့် ဒါယကာ ဒါယိကာမတို့ ပါဠိဘာသာ တတ်မြောက်စေရန် ဤပါဠိသဒ္ဒါ ပို့ချချက် စီစဉ်ပို့ချပါသည်။

ဤပါဠိသဒ္ဒါရှိ သင်ခန်းစာများကို ကိုယ်တိုင်ရေးသားထားသည် မဟုတ်ပါ။ ပါဠိသဒ္ဒါကျမ်းပြု ဆရာတော်ကြီးများ၏ စာအုပ်များမှ မိမိသင်ပေးလိုသည့် ပုံစံနှင့် ကိုက်ညီသည့် စာပိုဒ် သင်ခန်းစာများကို ထုတ်ယူပြသခြင်းသာ ဖြစ်ပါသည်။ တချို့သင်ခန်းစာများကို အကျဉ်းချုံးခြင်း ဖြည့်စွက်ခြင်း အနည်းငယ် ပြုပြင်ခြင်းများ ပြုလုပ်ထားပါသည်။ အထူးသဖြင့် ပထမပြန်စာမေးပွဲတွင် ပြဋ္ဌာန်းခဲ့ဘူးသော ငယ်လတ်ကြီး ပါဠိသဒ္ဒါ အသုံးအနှုန်း သင်ခန်းစာများကို အခြေခံထားပါသည်။

ဤသင်ခန်းစာများကို နေ့စဉ်မှန်မှန် လေ့လာသွားလျှင် ပါဠိသာသာကို အထိုက်အလျောက်တတ်မြောက် နိုင်ပြီး ဗုဒ္ဓစာပေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်သည့် အခွင့်အရေး ရရှိနိုင်သည်။ ပါဠိတော် မြန်မာပြန်ကျမ်းများ, ပါဠိ အဋ္ဌကထာ ဋီကာ နိဿယစာအုပ်များကို ဖတ်ပြီး ဗုဒ္ဓစာပေကို ကိုယ်တိုင် လေ့လာနိုင်လာလိမ့်မည်။ ထို့ပြင် ပဋိသမ္ဘိဒါဉာဏ်၏ အထောက်အပံ့ကုသိုလ်ကိုလည်း ရရှိပြီးသား ဖြစ်လိမ့်မည်။ ထိုဉာဏ်ရရှိပါက ပါဠိဘာသာကို သီးသန့် သင်ယူစရာ မလိုတော့ပဲ ပါဠိစကားလုံးတစ်လုံးကို အသေးစိတ် ခွဲခြမ်း စိပ်ဖြာနိုင်ပြီး ဤသို့ရေးလျှင် မှန်သည်, ဤသို့ရေးလျှင် မှားသည်ဟု ဆုံးဖြတ်နိုင်အောင်ပင် ပါဠိဘာသာ တတ်ကျွမ်းနားလည်ခွင့် ရရှိလိမ့်မည်။

သို့ဖြစ်၍ ဤမျှ ကောင်းကျိုးအမျိုးမျိုး ရရှိစေနိုင်သော ပါဠိဘာသာသင်ယူခြင်းကို ဒါယကာ ဒါယိကာမ အပေါင်းတို့ အပတ်တကုတ် ကြိုးစားအားထုတ်နိုင်ပါစေကြောင်း အာသီသပြုလိုက်ရပါသည်။

အရှင်ဂရုဓမ္မ

ဧပြီလ ၁၃-ရက် ၂၀၂၃-ခု

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကာရန္တ ပုလ္လိင် ပုရိသာဒိဂိုဏ်းစဉ် | ၁ |
| နာမ်ဝိဘတ်များ မြန်မာပြန်ဆိုပုံ | ၁ |
| ပုရိသာဒိဂိုဏ်းရုပ်ပြီးပုံ | ၂ |
| ပုရိသာဒိဂိုဏ်း စည်းမျဉ်းများ | ၂ |
| ပုရိသာဒိဂိုဏ်းဝင်ပုဒ်များ | ၃ |
| အကာရန္တ နပုလ္လိင် စိတ္တာဒိဂိုဏ်းစဉ် | ၆ |
| စိတ္တာဒိဂိုဏ်း စည်းမျဉ်းများ | ၆ |
| စိတ္တာဒိဂိုဏ်းရုပ်ပြီးပုံ | ၆ |
| စိတ္တာဒိဂုဏ်းဝင်ပုဒ်များ | ၇ |
| ကမ္မသဒ္ဒါရုပ်စဉ်ပုံ | ၈ |
| ကမ္မစသည်အတွက် စည်းမျဉ်းများ | ၉ |
| ကမ္မသဒ္ဒါရုပ်ပြီးပုံ | ၉ |
| အာကာရန္တ ဣတ္ထိလိင် ကညာဒိဂိုဏ်းစဉ် | ၁၀ |
| ကညာဒိဂိုဏ်းစည်းမျဉ်းများ | ၁၀ |
| ကညာဒိဂိုဏ်းရုပ်ပြီးပုံ | ၁၁ |
| ကညာဒိဂိုဏ်းဝင်ပုဒ်များ | ၁၂ |
| ကြိယာအကြောင်း | ၁၅ |
| အာချာတ်လက္ခဏာ | ၁၆ |
| ဝတ္တမာန်ဝိဘတ် ပုရိသ် ဝုစ် ခွဲပုံ | ၁၆ |
| ကတ္တားနှင့်ကြိယာတွဲပုံ | ၁၈ |
| ဝတ္တမာန်ဝိဘတ်အသုံးပြုပုံ | ၁၈ |
| ဘူဝါဒိဂိုဏ်းဓာတ်များ | ၁၉ |
| ပစ္စုပ္ပန်ဝါကျများ | ၂၁ |
| ကာရန် /ဝုစ်ကိန်း /ဝိဘတ် အကြောင်း | ၂၈ |
| ကာရကနှင့် အကာရက | ၂၉ |
| တုမှသဒ္ဒါရုပ်စဉ် /ရုပ်ပြီးပုံ | ၃၀ |
| အမှသဒ္ဒါရုပ်စဉ် / ရုပ်ပြီးပုံ | ၃၁ |
| တုမှ အမှသဒ္ဒါ အတွက် စည်းမျဉ်းများ | ၃၂ |
| တမှ / အမှ ဆိုင်ရာ နမူနာ ဝါကျများ | ၃၃ |
| အဇ္ဇတ္တနီ အတိတ်ကြိယာ ရုပ်စဉ်/ရုပ်ပြီးပုံ | ၃၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အတိတ်ဝါကျများ | ၃၆ |
| သဗ္ဗနာမ် ပုလ္လိင်/နပုလ္လိင် 'ယ'သဒ္ဒါ ရုပ်စဉ်/ရုပ်ပြီးပုံ | ၃၇ |
| 'ယ' သဒ္ဒါအတွက် စည်းမျဉ်းများ | ၃၈ |
| သဗ္ဗနာမ် ပုလ္လိင်/နပုလ္လိင် 'တ'သဒ္ဒါ ရုပ်စဉ်/ရုပ်ပြီးပုံ | ၃၉ |
| 'တ' သဒ္ဒါအတွက် စည်းမျဉ်းများ | ၄၀ |
| သဗ္ဗနာမ်အကြောင်း | ၄၁ |
| နိယမ / အနိယမ ဝါကျများ | ၄၃ |
| သဗ္ဗနာမ် ပုလ္လိင်/နပုလ္လိင် 'ဧတ'သဒ္ဒါ ရုပ်စဉ်/ရုပ်ပြီးပုံ | ၄၄ |
| သဗ္ဗနာမ်ပုလ္လိင်/နပုလ္လိင် 'ဣမ'သဒ္ဒါ ရုပ်စဉ်/ရုပ်ပြီးပုံ | ၄၅ |
| 'ဣမ' သဒ္ဒါအတွက် စည်းမျဉ်းများ | ၄၇ |
| သဗ္ဗနာမ် ပုလ္လိင်/နပုလ္လိင် 'ကိံ'သဒ္ဒါ ရုပ်စဉ်/ရုပ်ပြီးပုံ | ၄၈ |
| 'ကိံ' သဒ္ဒါအတွက် စည်းမျဉ်းများ | ၄၈ |
| အမေးဝါကျများ | ၄၉ |
| 'နာမ'သဒ္ဒါ အသုံးပြုပုံ | ၅၀ |
| အာဝုသော, ဘော, ဘန္တေ, | |
| ဘောန္တော, ဘောတိ အသုံးပြုပုံ | ၅၁ |
| အနာဂတ်ကြိယာ ဘဝိဿန္တိ | |
| ရုပ်စဉ် / ရုပ်ပြီး / အသုံးပြုပုံ | ၅၂ |
| န နှင့် နု ပါသော ကြိယာများ | ၅၃ |
| အနာဂတ်ဝါကျများ | ၅၅ |
| ကြိယာမပါသော တုလျာတ် လိင်္ဂတ် ဝါကျများ | ၅၆ |
| ပုံလိင်/နပုံလိင် ဂုဏဝါဒိဂိုဏ်း ရုပ်စဉ် / ရုပ်ပြီးပုံ | ၆၁ |
| ဂုဏဝါဒိဂိုဏ်း စည်းမျဉ်းများ | ၆၂ |
| ဂုဏဝါဒိဂိုဏ်း ရုပ်ပြီးပုံ | ၆၂ |
| ဂုဏဝါဒိဂိုဏ်းဝင်ပုဒ် | ၆၃ |
| ပုလ္လိင်/နပုလ္လိင် ဂစ္ဆန္တာဒိဂိုဏ်း ရုပ်စဉ် / ရုပ်ပြီးပုံ | ၆၄ |
| ဂစ္ဆန္တာဒိဂိုဏ်းဝင်ပုဒ်များ | ၆၂ |
| ပဗ္ဗကာလကြိယာတည်ဆောက်ပုံ | ၆၆ |
| တွာ တွာန တုန တုံ ပစ္စည်းများ ဆက်သွယ်ပုံ | ၆၉ |
| တွာပစ္စယန္တ(တွာဆုံးသောစကားလုံးများ)အတွက်သိဖွယ် | ၇၃ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မာန အန္တ ပစ္စည်းအတွက် သိမှတ်ဖွယ် | ၇၄ |
| မာန အန္တ အသုံးပြုပုံ | ၇၅ |
| ဥဘ,ဥဘယ,ဒွိ ရုပ်စဉ်ရုပ်ပြီးပုံနှင့် စည်းမျဉ်းများ | ၇၇ |
| လိင်သုံးပါး တိ,စတု ရုပ်စဉ်ရုပ်ပြီးပုံ စည်းမျဉ်းများ | ၇၉ |
| ကံဟောဝါကျရေးပုံနှင့် ကမ္မကြိယာ တည်ဆောက်ပုံ | ၈၁ |
| မူရင်းဓာတ်သို့ တဗ္ဗပစ္စည်း ဆက်သွယ်ပုံ | ၈၃ |
| မူရင်းဓာတ်သို့ အနီယပစ္စည်း ဆက်သွယ်ပုံ | ၈၄ |
| ပဥ္စ (၅) မှ အဋ္ဌာရသ (၁၈) အထိ ရုပ်ပြီးပုံများ | ၈၉ |
| ရတ္တာဒိဂိုဏ်း ပုလ္လိင် ဥကာရန္တ ရုပ်စဉ်ရုပ်ပြီးပုံ | ၉၁ |
| ရတ္တာဒိဂိုဏ်း ပုလ္လိင် စည်းမျဉ်းများ | ၉၂ |
| ဥကာရန္တ ပုလ္လိင် ဂိုဏ်းဝင်ပုဒ်များ | ၉၃ |
| သတ္ထာဒိဂိုဏ်း ပုလ္လိင်ဥကာရန္တ ရုပ်စဉ်ရုပ်ပြီးပုံ | ၉၄ |
| သတ္ထာဒိဂိုဏ်း စည်မျဉ်းများ | ၉၆ |
| ပုလ္လိင် ဥကာရန္တ ပိတုသဒ္ဒါရုပ်စဉ်ပုံ | ၉၇ |
| ဣတ္ထိလိင် ဥကာရန္တ မာတုသဒ္ဒါရုပ်စဉ်ပုံ | ၉၈ |
| မာတုသဒ္ဒါ ရုပ်ပြီးပုံနှင့် စည်းမျဉ်းများ | ၉၈ |
| မနောဂိုဏ်း အကာရန္တ ပုလ္လိင်/နပုလ္လိင်ရုပ်စဉ်ပုံ | ၉၉ |
| မနောဂိုဏ်းဝင်ပုဒ်များ | ၁၀၀ |
| မနောဂဏာဒိဂိုဏ်းရုပ်စဉ်ပုံ | ၁၀၁ |
| ဒုတိယမနောဂဏာဒိဂိုဏ်းရုပ်စဉ်ပုံ | ၁၀၂ |
| သာမညကာလ ပဥ္စမီကြိယာ | ၁၀၄ |
| သာမညကာလ သတ္တမီကြိယာ | ၁၀၇ |
| ဣတ္ထိလိင် သဗ္ဗသဒ္ဒါ ရုပ်စဉ်ရုပ်ပြီးပုံ | ၁၀၉ |
| ဣတ္ထိလိင် တသဒ္ဒါ ရုပ်စဉ်ရုပ်ပြီးပုံ | ၁၁၁ |
| ဣတ္ထိလိင် ဧတသဒ္ဒါ ရုပ်စဉ်ရုပ်ပြီးပုံ | ၁၁၃ |
| ဣတ္ထိလိင် ဣမသဒ္ဒါ ရုပ်စဉ်ရုပ်ပြီးပုံ | ၁၁၄ |
| ပါဠိဖတ်စာ တတိယ/စတုတ္ထ ပါရာဇိက | ၁၁၅ |
| ပုလ္လိင် အမုရုပ်စဉ် | ၁၁၆ |
| နပုလ္လိင်/ဣတ္ထိလိင် အမုရုပ်စဉ် | ၁၁၇ |
| ပါဠိဖတ်စာ ဓာရဏာပရိတ် ပါရာဇိက | ၁၁၉ |
| ရတ္တာဒိဂိုဏ်း ဣတ္ထိလိင် | ၁၂၀ |
| ရတ္တာဒိဂိုဏ်း ဣတ္ထိလိင် | ၁၂၄ |
| ရတ္တာဒိဂိုဏ်း နပုလ္လိင် | ၁၂၉ |
| ပုမာဒိဂိုဏ်း ပုလ္လိင် အကာရန္တ | ၁၃၃ |
| ရာဇာဒိဂိုဏ်း ပုလ္လိင် အကာရန္တ | ၁၃၆ |
| နဒါဒိဂိုဏ်း ဣတ္ထိလိင် ဣကာရန္တ | ၁၄၀ |
| ဂဟပတာဒိဂိုဏ်း ဣတ္ထိလင် ဤကာရန္တ | ၁၄၂ |
| လိင် ဂိုဏ်း ကာရန် အကျဉ်းချုပ်ပြဇယား | ၁၄၅ |
| နပုလ္လိင်ရုပ်စဉ်များ | ၁၅၀ |
| ဣတ္ထိလိင်ရုပ်စဉ်များ | ၁၅၂ |
| သဗ္ဗနာမ်ရုပ်စဉ်များ | ၁၅၄ |
| နာမ်ဝိဘတ်များ ပုံသဏ္ဌာန်ပြောင်းလဲပုံ | ၁၆၀ |
| နာမ်ပဥ္စမပိုင်းလာပစ္စည်းများ | ၁၆၁ |
| **အာချာတ် / အာချာတ်ဝိဘတ်များ** | ၁၆၄ |
| ကတ္တားဟောဝါကျ | ၁၆၅ |
| ကံဟောဝါကျ | ၁၆၆ |
| ဝတ္တမာန်ဝိဘတ် | ၁၇၀ |
| ပဥ္စမီဝိဘတ် | ၁၇၂ |
| သတ္တမီဝိဘတ် | ၁၇၄ |
| ပရောက္ခာဝိဘတ် | ၁၇၆ |
| ဟိယျတ္တနီဝိဘတ် | ၁၇၇ |
| အဇ္ဇတ္တနီဝိဘတ် | ၁၇၈ |
| ဘဝိဿန္တီဝိဘတ် | ၁၇၉ |
| ကာလာတိပတ္တိဝိဘတ် | ၁၈၀ |
| **ဥပသာရပုဒ်** | ၁၈၁ |

မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **နိပါတ်ပုဒ်** | ၁၈၅ |
| သမာသ် | ၁၈၈ |
| အဗျယီဘောသမာသ် | ၁၈၉ |
| ကမ္မဓာရယ်သမာသ် | ၁၉၁ |
| တပ္ပုရိသ်သမာသ် | ၁၉၆ |
| ဗဟုဗ္ဗီဟိသမာသ် | ၂၀၃ |
| ဒွန်သမာသ် | ၂၀၇ |
| တဒ္ဓိတ် | ၂၁၀ |
| အပစ္စတဒ္ဓိတ် | ၂၁၀ |
| တရတျာဒျတဒ္ဓိတ် | ၂၁၃ |
| ရာဂါဒိတဒ္ဓိတ် | ၂၁၅ |
| ဇာတာဒိတဒ္ဓိတ် | ၂၁၇ |
| သမူဟတဒ္ဓိတ် | ၂၁၈ |
| ဌာနာဒိတဒ္ဓိတ် | ၂၁၉ |
| ဥပမာ / နိဿိတ တဒ္ဓိတ် | ၂၂၀ |
| တဗ္ဗဟုလတဒ္ဓိတ် | ၂၂၁ |
| ပကတိ / နိဗ္ဗတ္တ တဒ္ဓိတ် | ၂၂၂ |
| ဝိသေသတဒ္ဓိတ် | ၂၂၃ |
| အဿတ္ထိတဒ္ဓိတ် | ၂၃၀ |
| သင်္ချာ / ပူရဏ တဒ္ဓိတ် | ၂၃၃ |
| အဗျယတဒ္ဓိတ် | ၂၄၆ |
| ဘာဝတဒ္ဓိတ် | ၂၄၉ |
| | |
| **ကာရက** | ၂၅၀ |
| ကာရက / အကာရက အကြောင်း | ၂၅၁ |
| ပထမာဝိဘတျတ္ထအကျဉ်း | ၂၅၂ |
| ဒုတိယာဝိဘတျတ္ထအကျဉ်း | ၂၅၇ |
| တတိယာဝိဘတျတ္ထအကျဉ်း | ၂၆၉ |
| စတုတ္ထီဝိဘတျတ္ထအကျဉ်း | ၂၇၆ |
| ပဉ္စမီဝိဘတျတ္ထအကျဉ်း | ၂၈၅ |
| ဆဋ္ဌီဝိဘတျတ္ထအကျဉ်း | ၃၀၃ |
| သတ္တမီဝိဘတျတ္ထအကျဉ်း | ၃၀၈ |
| အာချာတ်ကြိယာအဆက် | ၃၁၇ |
| ဘူဝါဒိဂိုဏ်း | ၃၁၉ |
| ရုဓာဒိဂိုဏ်း | ၃၂၂ |
| ဒိဝါဒိဂိုဏ်း | ၃၂၃ |
| သွာဒိဂိုဏ်း | ၃၂၄ |
| ကိယာဒိဂိုဏ်း | ၃၂၆ |
| ဂဟာဒိဂိုဏ်း | ၃၂၇ |
| တနာဒိဂိုဏ်း | ၃၂၈ |
| စုရာဒိဂိုဏ်း | ၃၂၉ |
| ဓာတ်၏အစအက္ခရာကို ဒွေဘော်ပြုခြင်း | ၃၃၄ |
| နာမ်ပုဒ်သို့ ပစ္စည်းဆက်၍ ကြိယာအဖြစ် အသုံးပြုခြင်း | ၃၃၇ |
| အာချာတ်ပုဒ်မှ နာမ်ပုဒ်ဖြစ်ခြင်း | ၃၄၂ |
| ကာရိုက်ဝါကျ တည်ဆောက်ပုံ | ၃၄၃ |
| ဘောဟောကြိယာ | ၃၄၇ |
| | |
| **ကိတ်** | ၃၄၉ |
| သာဓနေ ၇-ပါး | ၃၄၉ |
| ကိတ်ပစ္စည်းအမျိုးအစား | ၃၅၀ |
| ပစ္စုပ္ပန္နကာလိကပစ္စည်း | ၃၅၁ |
| ကိတ်ကြိယာဝါကျရေးနည်း | ၃၅၂ |
| အတီတကာလိကပစ္စည်း | ၃၅၄ |
| တပစ္စည်း ပုံစံပြောင်းလဲပုံ | ၃၅၅ |
| တပစ္စည်းပါသည့် ကိတ်ကြိယာဝါကျများ | ၃၅၈ |
| တပစ္စည်း၏ ကာလ | ၃၅၉ |
| ကတ္တားဟော / ကံဟော ကိတ်ကြိယာဝါကျ | ၃၆၀ |

မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘောဟောဝါကျ | ၃၆၁ |
| အနာဂတကာလိကပစ္စည်း | ၃၆၃ |
| တေကာလိကပစ္စည်း | ၃၆၅ |
| တဿီလတ္ထပစ္စည်း | ၃၆၆ |
| ဏ/ဏွု ပစ္စည်းပါသော ကိတ်ကြိယာဝါကျများ | ၃၆၈ |
| တု / ရူ / ဏုက / ရိစ္စ ပစ္စည်း ဝါကျများ | ၃၆၉ |
| ဏျပစ္စည်း ပါသည့် ဝါကျများ | ၃၇၀ |
| နောက်ဆက်တွဲ တေကာလိကပစ္စည်း | ၃၇၁ |
| အဗျယပစ္စည်း | ၃၇၃ |
| ကိတ်ပစ္စည်း၏ သာဓနနှင့်ကာလများ | ၃၇၄ |
| **ကြိယာဝိသေသနအကြောင်း** | ၃၇၈ |
| ကြိယာဝိသေသနအမျိုးအစား | ၃၇၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒုတိယာကြိယာဝိသေသနဖြစ်ပုံ | ၃၈၁ |
| ပထမာကြိယာဝိသေသန | ၃၈၁ |
| ကြိယာဝိသေသန သုံးမျိုး | ၃၈၂ |
| ကြိယာဝိသေသန ကြိယာဝိသေသျ ကတ္တား တူ/မတူ | ၃၈၃ |
| ကြိယာဝိသေသနပုဒ်များ | ၃၈၄ |
| **နာမဝိသေသနအကြောင်း** | ၃၈၇ |
| ဘိန္နာဓိကရဏဝိသေသနသုံးမျိုး | ၃၈၉ |
| **သန္ဓိအကြောင်း** | ၃၉၁ |
| သရသန္ဓိစည်းမျဉ်း | ၃၉၂ |
| ဗျဉ္ဇနသန္ဓိစည်းမျဉ်း | ၃၉၆ |
| နိဂ္ဂဟီတသန္ဓိစည်းမျဉ်း | ၃၉၈ |

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပါဠိသဒ္ဒါ နှင့် ဇတ်စာ

### အကာရန္တ ပုလ္လိင် ပုရိသာဒိဂိုဏ်း

| | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ပုရိသော | ပုရိသာ |
| အာလပန | ဘောပုရိသ ပုရိသာ | ဘောန္တော ပုရိသာ |
| ဒုတိယာ | ပုရိသံ | ပုရိသေ |
| တတိယာ | ပုရိသေန | ပုရိသေဟိ ပုရသေဘိ |
| စတုတ္ထီ | ပုရိသဿ | ပုရိသာနံ |
| ပဉ္စမီ | ပုရိသသ္မာ ပုရိသမှာ ပုရိသာ | ပုရိသေဟိ ပုရိသေဘိ |
| ဆဋ္ဌီ | ပုရိသဿ | ပုရိသာနံ |
| သတ္တမီ | ပုရိသသ္မိံ ပုရိသမှိ ပုရိသေ | ပုရိသေသု |

### နာမ်ဝိဘတ်များ

သိ ယော၊ အံ ယော၊ နာ ဟိ၊ သ နံ၊ သ္မာ ဟိ၊ သ နံ၊ သ္မိံ သု။

| | | ဝိဘတ် | ဘာသာပြန်ပုံ | | | ဝိဘတ် | ဘာသာပြန်ပုံ |
|---|---|---|---|---|---|---|---|
| ပ | ဧ | သိ | သည် ကား က ကို | စ | ဧ | သ | အား ၄ါ |
| | ဗ | ယော | တို့သည် တို့ကား တို့က တို့ကို | | ဗ | နံ | တို့အား တို့၄ါ |
| အာ | ဧ | သိ | အို | ပ | ဧ | သ္မာ | မှ ကြောင့် အောက် ထက် |
| | ဗ | ယော | အို --- တို့ | | ဗ | ဟိ | တို့မှ တို့ကြောင့် တို့အောက် တို့ထက် |
| ဒု | ဧ | အံ | ကို သို့ | ဆ | ဧ | သ | ၏ တွင် သည် ကို |
| | ဗ | ယော | တို့ကို တို့သို့ | | ဗ | နံ | တို့၏ တို့တွင် တို့သည် တို့ကို |
| တ | ဧ | နာ | ဖြင့် သည် နှင့် ကြောင့် | သ | ဧ | သ္မိံ | ၌ တွင် ကြောင့် |
| | ဗ | ဟိ | တို့ဖြင့် တို့သည် တို့နှင့် တို့ကြောင့် | | ဗ | သု | တို့၌ တို့တွင် တို့ကြောင့် |

## ပုရိသာဒိဂိုဏ်းရုပ်ပြီးပုံ

ပ  ပုရိသ + သိ = ပုရိသော
ော

ပုရိသ + ယော = ပုရိသာ
ာ

အာ  ဘော ပုရိသ + သိ = ပုရိသ
သ်+၊>–ါ>–၊ ချေ

ဘော ပုရိသ + သိ = ပုရိသာ
သ်+၊>–ါ ချေ

ဘောန္တော ပုရိသ + ယော = ပုရိသာ
ာ

ဒု  ပုရိသ + အံ = ပုရိသံ

ပုရိသ + ယော = ပုရိသေ
ေ–

တ  ပုရိသ + နာ = ပုရိသေန
ေ–န

ပုရိသ + ဟိ = ပုရိသေဟိ
သ်+၊>–ေ

ပရိသ + ဟိ = ပုရိသေဟိ
သ်+၊>–ေ ဘိ

စ  ပုရိသ + သ = ပုရိသဿ
ဿ

ပုရိသ + နံ = ပုရိသာနံ
သ်+၊>–ါ

မိ  ပုရိသ + သ္မာ = ပုရိသသ္မာ

ပုရိသ + သ္မာ = ပုရိသမှာ
မှာ

ပုရိသ + သ္မာ = ပုရိသာ
ာ

(ပုရိသေဟိ ပုရိသေဘိ တတိယာနှင့်တူ)

ဆ  (ပုရိသဿ ပုရိသာနံ စတုတ္ထီနှင့်တူ)

သ  ပုရိသ + သ္မိံ = ပုရိသသ္မိံ

ပုရိသ + သ္မိံ = ပုရိသမှိ
မှိ

ပုရိသ + သ္မိံ = ပုရိသေ
ေ–

ပုရိသ + သု = ပုရိသေသု
သ်+၊>–ေ

**စည်းမျဉ်းများ**

၃၈။ သုနံဟိသု စ။ သု,နံ,ဟိ ဝိဘတ်တို့ကြောင့် ရှေ့ကသရတို့သည် ဒီဃသို့ **များသောအားဖြင့်** ပြောင်းသည်။

၄၈။ သ္မာဟိသ္မိံနံ မှာဘိမှိဝါ။ သ္မာ သည် မှာ၊ ဟိ သည် ဘိ၊ သ္မိံ သည် မှိ သို့ တခါတရံ ပြောင်းသည်။

၅၀။ သုဟိသွကာရောဧ။ သု, ဟိ ဝိဘတ်ကြောင့် ရှေ့က အ သည် ေ– သို့ ပြောင်းသည်။

၆၁။ သာ–ဂမော–သေ။ သဝိဘတ်ကြောင့် သလာ။

၁၀၃။ အတောနေန။ အကာရန္တပုဒ်နောက်က နာဝိဘတ်သည် ေ–န သို့ ပြောင်းသည်။

၁၀၄။ သော။ အကာရန္တပုဒ်နောက်က သိဝိဘတ်သည် ော သို့ ပြောင်းသည်။

၁၀၇။ သဗ္ဗယောနိနမာဧ။ အကာရန္တပုဒ်နောက်က ပထမာ ယောနှင့် ယောမှပြောင်းလာသော နိသည် ာ သို့ ပြောင်းသည်။ ဒုတိယာ ယောနှင့် ယောမှပြောင်းလာသော နိသည် ေ– သို့ ပြောင်းသည်။

၁၀၈။ သ္မာသ္မိံနံဝါ။ အကာရန္တပုဒ်နောက်က သ္မာသည် ာ, သ္မိံသည် ေ–သို့ တခါတရံ ပြောင်းသည်။

၂၄၄။ အကာရပိတာဒျန္တာနမာ။ အာလုပ်သိကြောင့် အကာရန္တပုဒ် ပိတုစသည်ပုဒ်တို့၏ အဆုံးသရသည် အာ(–ါ) သို့ ပြောင်းသည်။

၂၄၆။ အာကာရောဝါ။ အာလုပ်သိကြောင့် ာ သည် ၊ သို့ပြောင်းသည်။

**အစီအရင်ထူး**

ကွစေဝါ၊(မောဂ္ဂလာန်) တိလိင်္ဂတော ဌာနေ သိယောနမေ။ (သဒ္ဒနီတိ) တေသုဝုဒ္ဓိ (ကစ္စည်း)

၁။ သိ ဝိဘတ်သည် ဧ– သို့ပြောင်းသည်။ နတ္ထိ ပုရိသကာရေ၊ နတ္ထိ အတ္တကာရေ၊

၂။ ပထမာယေသည် ဧ– သို့ ပြောင်းသည်။ ဗာလေစ၊ သူမိုက်တို့သည်၎င်း၊ ပဏ္ဍိတေစ–ပညာရှိတို့သည်၎င်း

၃။ တခါတရံ ယောဝိဘတ်သည် ပကတိအတိုင်း နေသည်။ ဝနေ ဝါဠမိဂါစေဝ အစ္ဆ ကောက တရစ္ဆယော

၄။ ပထမာယောနှောင် သေ အက္ခရာ လာ။ ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ။ (အဋ္ဌကထာတို့က သေနိပါတ်
ဟုဆို)

## ဂိုဏ်းဝင်ပုဒ်များ

| | | | |
|---|---|---|---|
| ပုရိသော | ယောကျ်ား | တုရင်္ဂေါ၊ အဿော | မြင်း |
| ဗုဒ္ဓေါ | ဘုရား | ဝရာဟော၊ သူကရော | ဝက် |
| ဓမ္မော | တရား | အစ္ဆော | ဝံ |
| သံဃော | သံဃာ | ကစ္ဆပေါ | လိပ် |
| ဒေဝေါ | နတ် | တရစ္ဆော | အောင်း |
| နာဂေါ | နဂါး | သောဏော၊ သုနခေါ | ခွေး |
| မနုဿော | လူ | အာလောကော | အရောင်, အလင်း |
| ဖဏော | ပါးပျဉ်း | လောကော | လောက |
| ဗျဂ္ဃော | ကျား | နိလယော | အိမ် |
| သီဟော | ခြင်္သေ့ | အနိလော | လေ |
| မဟိံသော | ကျွဲ | စာဂေါ | စွန့်ကြဲခြင်း |
| ပိင်္ဂလော | ဆွမ်း | ယောဂေါ | အားထုတ်ခြင်း |
| အတ္တော | အနက်၊ အကျိုး | ဝါယာမော | လုံ့လ |
| မယူရော | ဥဒေါင်း | ဂါမော | ရွာ |
| သုဂတော | မြတ်စွာဘုရား | နိဂမော | နိဂုံး |
| သုရော | နတ် | အာဂမော | အာဂုံ |
| အသုရော | အသုရာ | ကာမော | အလို |
| နရော | လူ | သြဃော | ရေအယဉ် |
| ဥရဂေါ | မြွေ | ယောသော | ကြွေးကြော်သံ |
| ပိသာစော | တဆေ | ပဋိဃော | ဒေါသ |
| ပေတော | ပြိတ္တာ | အာသဝေါ | အာသဝေါတရား |
| မာတင်္ဂေါ | ဆင် | ကောဓော | အမျက် |
| သတ္တော၊ ဇင်္ဂမော၊ ပါဏော | သတ္တဝါ | လောဘော | လိုချင်ခြင်း |

| | | | |
|---|---|---|---|
| သာရမ္ဘော | ချုပ်ချယ်ခြင်း | ပဗ္ဗတော | တောင် |
| ထမ္ဘော | တိုင် | စစ်ကိုင်းပဗ္ဗတော | စစ်ကိုင်းတောင် |
| မဒေါ | မာန်ရစ်ခြင်း | ဒါရကော | ကလေး |
| မာနော | မောက်မော်ခြင်း | ယောဓော | စစ်သား |
| ပမာဒေါ | မေ့လျော့ခြင်း | အမစ္စော | အမတ် |
| မက္ခော | ကျေးဇူးကန်းခြင်း | သာမိကော | အရှင်၊ သခင် |
| ပုန္နာဂေါ | ပုန်းညက်ပင် | ဒါသော | ကျွန် |
| ပူဂေါ | ကွမ်းသီးပင် | အာကာသော | ကောင်းကင် |
| ပနသော | ပိန္နဲပင် | ဘောဂေါ | စည်းစိမ်၊ ဥစ္စာ |
| အသနော | ပိတောက်ပင် | မာသော | လ |
| စမ္ပကော | စကားပင် | ဓူမော | မီးခိုး |
| အမ္ဗော | သရက်ပင် | ပဋော | အဝတ်ပုဆိုး |
| ဟိန္တာလော | ဓနုန်းပင် | ဃဋော | အိုး |
| တာလော | ထန်းပင် | တိတ္တိယော | တိတ္တိ |
| ဗကုလော | ခယားပင် | ယာမော | ယာမ် |
| အဇ္ဇုနော | ထောက်ကြန့်ပင် | ဂန္ထော | ကျမ်းစာ |
| ကိံသုကော | ပေါက်ပင် | သာကီယော | သာကီယ၊ သာကီဝင်မင်း |
| မန္ဒာရော | နတ်သစ်ပင် | ဂေါတမော | ဂေါတမ |
| ကုန္ဒော | သင်းခွေပင် | သိဒ္ဓတ္ထော | သိဒ္ဓတ္ထ |
| ပုစိမန္ဒော | တမာပင် | ပါဠိသဒ္ဒေါ | ပါဠိသဒ္ဒါ |
| ကရဉ္ဇော | သင်းဝင် | စနစ်သစ်ပါဠိသဒ္ဒေါ | စနစ်သစ်ပါဠိသဒ္ဒါ |
| ရုက္ခော | သစ်ပင် | ပုတ္တော | သား |
| သကုနော၊ အကုနော၊ | | ပဋိသေဓော | တားမြစ်ခြင်း |
| အဏ္ဍဇော | ငှက် | သမုဒ္ဒေါ | သမုဒ္ဒရာ |
| ကောဉ္စော | ကြိုးကြာ | ပရိက္ခာရော | ပရိက္ခရာ |
| ပါဒေါ | ခြေ | ရထော | ရထား |
| မဂ္ဂေါ | လမ်း | အဂ္ဂိရထော | မီးရထား |
| ပတ္တော | သပိတ် | အဿရထော | မြင်းရထား |
| သာမဏေရော | ကိုရင် | ဣဏသာမိကော | ကြွေးရှင် |
| သမဏော | ရဟန်း | ဣဏာယိကော | ကြွေးယူသူ |
| ထေရော | ထေရ်၊ ဘုန်းကြီး | အာဂန္တုကော | ဧည့်သည် |
| ဝိဟာရော | ကျောင်း | ကုမာရော | သတို့သား၊ မင်းသား |
| အာစရိယော | ဆရာ | စောရော | သူခိုး၊ သူပုန်၊ ဓားပြ |
| သိဿော | တပည့် | အာရာမော | အာရာမ်၊ ခြံ၊ ကျောင်းတိုက် |

| | | | |
|---|---|---|---|
| မဟာဂန္ဓာရာမော | မဟာဂန္ဓာရုံကျောင်းတိုက် | ပုဗ္ဗဏှော | နံနက် |
| ကဋ္ဌကော | လက်ကောက် | ပုဗ္ဗဏှသမယော | နံနက်အခါ |
| ဗိဠာရော | ကြောင် | နိယမော | သတ်မှတ်ခြင်း |
| မူသိကော | ကြွက် | ဝဂ္ဂေါ | ဝဂ်၊ အပေါင်း၊ အစု |
| ပါလော | စောင့်ရှောက်သူ | သူပေါ | ဟင်း၊ ပဲဟင်း၊ ဟင်းချို |
| အဇော | ဆိတ် | ဗောဓိသတ္တော | ဘုရားလောင်း |
| အဇပါလော | ဆိတ်ကျောင်းသား | သေလော | ကျောက်တောင် |
| ဂေါပါလော | နွားကျောင်းသား | ကောသော | တကောသ, နှစ်မိုင် |
| ကဏ္ဌော | လည်ပင်း၊ လည်ချောင်း | ဝါတော | လေ |
| ဩဋ္ဌော | နှုတ်ခမ်း | သုဝေါ | ကြက်တူရွေး |
| မဋ္ဌော | အလယ် | ဥလူကော | ဇီးကွက် |
| သမယော | အခါ | သေနော | စွန် |

## အကာရန္တ နပုံလိင် စိတ္တာဒိဂိုဏ်း

| | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပဌမာ | စိတ္တံ | စိတ္တာ စိတ္တာနိ |
| အာလပန | ဘော စိတ္တ စိတ္တာ | ဘဝန္တာနိ စိတ္တာ စိတ္တာနိ |
| ဒုတိယာ | စိတ္တံ | စိတ္တေ စိတ္တာနိ |
| တတိယာ | စိတ္တေန | စိတ္တေဟိ စိတ္တေဘိ |
| စတုတ္ထီ | စိတ္တဿ | စိတ္တာနံ |
| ပဉ္စမီ | စိတ္တသ္မာ စိတ္တမှာ စိတ္တာ | စိတ္တေဟိ စိတ္တေဘိ |
| ဆဋ္ဌီ | စိတ္တဿ | စိတ္တာနံ |
| သတ္တမီ | စိတ္တသ္မိံ စိတ္တမှိ စိတ္တေ | စိတ္တေသု |

### စည်းမျဉ်းများ

၁၆၆။ ယောနံ နိ နပုံသကေဟိ။ ဣ ဤ ဥ ဦ ဩ ကာရန် ၅ မျိုးနောင် ယောဝိဘတ်သည် **ရံခါ** နိ ပြောင်းသည်။
၁၆၇။ အတောနိစ္စံ။ နပုံလိင် အကာရန္တမှ နောက်ဖြစ်သော ယောဝိဘတ်သည် နိ သို့ **အမြဲ** ပြောင်းသည်။
၁၆၈။ သိံ။ အကာရန္တမှ နောက်ဖြစ်သော သိဝိဘတ်သည် အံ ( ံ ) သို့ ပြောင်းသည်။
၃၇။ ယောသု ကတနိကာရလောပေသု ဒီဃံ။ ယောဝိဘတ်သည် နိသို့ ပြောင်းပြီးလျှင်၎င်း သို့မဟုတ် ယောဝိဘတ်သည် ကျေပြောက်ပြီးလျှင်၎င်း ရှေ့က သရသည် ဒီဃသို့ပြောင်းသည်။

### စိတ္တာဒိဂိုဏ်းရုပ်ပြီးပုံ

ပ    စိတ္တ + သိ = စိတ္တံ
i

စိတ္တ + ယော = စိတ္တာ
–ာ

စိတ္တ + ယော = စိတ္တာနိ
စိတ္တ်+|>–ါ    နိ

အာ    ဘော စိတ္တ + သိ = စိတ္တ
တ္တ်+|>–ါ>–|    ချေ

ဘော စိတ္တ + သိ = စိတ္တာ
စိတ္တ်+|>–ါ    ချေ

ဘဝန္တာနိ စိတ္တ + ယော = စိတ္တာ
နိ>ာ

စိတ္တ + ယော = စိတ္တာနိ
စိတ္တ်+|>–ါ    နိ

ဒု    စိတ္တ + i = စိတ္တံ

စိတ္တ + ယော = စိတ္တေ
နိ>ေ–

စိတ္တ + ယော = စိတ္တာနိ
စိတ္တ်+|>–ါ    နိ

# ဂိုဏ်းဝင်ပုဒ်များ

| | |
|---|---|
| စိတ္တံ | စိတ် |
| ကုလံ | အမျိုး |
| ဘတ္တံ | ထမင်း |
| ဒါနံ | ဒါန, အလှူ |
| သီလံ | သီလ |
| ယာနံ | ယာဉ် |
| လောစနံ,နယနံ | မျက်စိ |
| ဣနံ | ကြွေး |
| ဝနံ | တော |
| ဓညံ | စပါး |
| နဂရံ | မြို့ |
| မန္တလေးနဂရံ | မန္တလေးမြို့ |
| ရန်ကုန်နဂရံ | ရန်ကုန်မြို့ |
| ဟိတံ | စီးပွား |
| ကမ္မံ | ကံ, အမှု, အလုပ် |
| သောပါနံ | စောင်းတန်း, လှေကား |
| ပုညံ | ကောင်းမှု |
| ပါပံ | မကောင်းမှု |
| ဖလံ | အသီး, အကျိုး |
| ရူပံ, ဝဏ္ဏံ | အဆင်း |
| သာဓနံ | ပြီးစေခြင်း |
| သောတံ | နား |
| ဃာနံ | နှာခေါင်း |
| ကာရဏံ | အကြောင်း |
| ဓနံ, သန္တကံ | ဥစ္စာ |
| ဈာနံ | ဈာန် |
| မူလံ | အမြစ် |
| ကူလံ, တီရံ | ကမ်း |
| ဇာလံ | ပိုက်ကွန် |
| မင်္ဂလံ | မင်္ဂလာ |
| နဠိနံ,နလိနံ,ပဒုမံ | ပဒုမ္မာကြာ |
| လိင်္ဂံ | အသွင် |
| အင်္ဂံ | အင်္ဂါ |
| ဓလံ,ဥဒကံ | ရေ |
| အမ္ဗုဇံ | ကြာ |
| ပုလိနံ | သဲ |
| ဟိရညံ,သုဝဏ္ဏံ | ရွှေ |
| အမတံ | နိဗ္ဗာန် |
| သုသာနံ | သုသာန် |
| အာယုဓံ,အာဝုဓံ | လက်နက် |
| ဟဒယံ | နှလုံး |
| စီဝရံ | သင်္ကန်း |
| ဝတ္ထံ | အဝတ် |
| ဣန္ဒြိယံ | ဣန္ဒြေ |
| ဝဒနံ | နှုတ်ခမ်း |
| ပါနံ | အဖျော် |
| ဘဝနံ,ဘုဝနံ | ဗိမာန် |
| လောဟံ | သံ, ကြေး |
| အလာတံ | မီးစ |
| တုဏ္ဍံ | နှုတ်သီး |
| အဏ္ဍံ | အု |
| ပီဌံ | ထိုင်ခုံ |
| ကရဏံ | ပြုခြင်း,ရွတ်ဆိုကြောင်း |
| မရဏံ | သေခြင်း |
| ဉာဏံ | ဉာဏ် |
| အာရမဏံ | အာရုံ |
| အရညံ | တော |
| တာဏံ | စောင့်ရှောက်ခြင်း |
| စရဏံ | အကျင့် |
| ဆတ္တံ | ထီး |
| ဆိဒ္ဒံ | အပေါက် |
| ဝါယုယာနံ | လေယာဉ်ပျံ |
| မော်တော်ယာနံ | မော်တော်ကား |
| ပမာဏံ | အတိုင်းအရှည် |

| | | | |
|---|---|---|---|
| တိယာမံ | ညဉ့်သုံးယာမ် | ဝိသေသနံ | အထူးပြုတတ်သည် |
| တေမာသံ | သုံးလ | ခီရံ | နို့ရည် |
| ယောဇနံ | တစ်ယူဇနာ | အန္နံ | အစာ |
| ဂါဝုတံ | တစ်ဂါဝုတ် | ယထာဗာလံ | အကြင် အကြင် မိုက်သည့်အလျောက် |
| ဌာနံ | အရပ် | သစ္စံ | မှန်၏, မှန်သောစကား |
| အဂ္ဂံ | အဖျား | သိပ္ပံ | အတတ် |
| ဥပဂ္ဂံ | အဖျား၏အနီး | သယနံ | အိပ်ယာ |
| ပယတနံ | အားထုတ်ခြင်း | တိဏံ | မြက် |
| အဂါရံ, ဂေဟံ | အိမ် | ဝစနံ | စကား |
| စမ္မံ | အရေ | အမ္ဗံ | သရက်သီး |
| ဂေါတ္တံ | အမျိုးအနွယ် | | |
| နာမံ | နာမည်,အမည် | | |

**အစီအရင်ထူး**

သိဝိဘတ်သည် ေ- သို့ ပြောင်းသည်။

ဘောဂဝတီနာမ မန္ဒိရေ။ နဂရေ နိမ္မိတေ ကဉ္စနမယေ။(ဇာတက ၂၊ ၂၇၈)

ဘောဂဝတီနာမ မန္ဒိရေ-ဘောဂဝတီအမည်ရှိသော နန်းမြို့တော်သည်။ (ပထမပါဒ)

ကဉ္စမယေ-ရွှေဖြင့်ပြီးသော၊ နဂရေ-မြို့ကို၊ နိမ္မိတံ-ဖန်ဆင်းအပ်၏။ (တတိယပါဒ)

ကမ္မ သဒ္ဒါ၌ နာ, သ, သ္မာ, သ္မိံ ဝိဘတ်တို့၌ စိတ္တထက်ပိုသော ရုပ်ပုံစံ ရှိသည်။

| | | |
|---|---|---|
| ပ | ကမ္မံ | ကမ္မာ ကမ္မာနိ |
| အာ | ဘော ကမ္မ ကမ္မာ | ဘဝန္တာနိ ကမ္မာ ကမ္မာနိ |
| ဒု | ကမ္မံ | ကမ္မေ ကမ္မာနိ |
| တ | ကမ္မေန, ကမ္မနာ, ကမ္မုနာ | ကမ္မေဟိ ကမ္မေဘိ |
| စ | ကမ္မဿ, ကမ္မုနော | ကမ္မာနံ |
| ပဉ္စ | ကမ္မသ္မာ,ကမ္မမှာ,ကမ္မာ,ကမ္မုနာ | ကမ္မေဟိ ကမ္မေဘိ |
| ဆ | ကမ္မဿ, ကမ္မုနော | ကမ္မာနံ |
| သ | ကမ္မသ္မိံ,ကမ္မမှိ,ကမ္မေ,ကမ္မနိ | ကမ္မေသု |

မှတ်ချက်။ ကမ္မ ကဲ့သို့ စမ္မ-အရေ၊ အသ္မ-ကျောက်ခဲ၊ ဝေသ္မ-အိမ်၊ ဃမ္မ-နွေ, နေပူ၊ တို့၌လည်း သ္မိံသည် နိ သို့ပြောင်းသည်။ ထာမ, အဒ္ဓ နောက်၌ နာ, သ္မာ, သ ရှိလျှင် ထာမ, အဒ္ဓ တို့၏ အ (ါ) သည် ဥ (ု) သို့ပြောင်းသည်။ ထာမေန, ထာမုနာ၊ ထာမသ္မာ, ထာမမှာ, ထာမုနာ၊ထာမုနော, ထာမဿ စသည် ဖြစ်၏။

## ကမ္မစသည်အတွက် စည်းမျဉ်းများ

၆၆။ ဈလတော သဿ နော ဝါ။ ဠ ဉ ဥ ဦ မှနောက်ဖြစ်သော သ သည် **နော**သို့ပြောင်းသည်။
၁၀၈။ ဥနာမှိစ။ နာ ကြောင့် ပုမ၏ အဆုံး အသည် **အာ** သို့မဟုတ် **ဥ** သို့ပြောင်းသည်။ စသဒ္ဒါဖြင့်
နောက်မှာ သ သ္မာ ရှိလျှင် ပုမ ကမ္မ ထာမ အဒ္ဓ တို့၏ အသည် **ဥ**သို့ပြောင်းသည်။
၁၀၈။ အကမ္မန္တဿ စ။ နောက်မှာ နာရှိလျှင် ကမ္မ၏ အသည် **အ**သို့၄င်း, **ဥ**သို့၄င်း ပြောင်းသည်။ အန္တပို
ဖြင့် နာကြောင့် ထာမ အဒ္ဓ တို့၏ အသည် **ဥ**သို့ပြောင်းသည်။ စသဒ္ဒါဖြင့် မဃဝ ယုဝတို့ အသည်
နာ သု ကြောင့် **အာ**သို့ပြောင်းသည်။
၁၆၄။ ဈလတော စ။ **ဈ**အမည်ရှိ **ဠ ဉ** နှင့် **လ**အမည်ရှိ **ဥ ဦ** တို့နောက်က သ္မာ သည် **နာ**
သို့ပြောင်းသည်။
၁၄၆။ ဖြဟ္မတော တု သ္မိံ နိ။ ဗြဟ္မ နောက်က သ္မိံ သည် နိ သို့ပြောင်းသည်။ တုဖြင့် ကမ္မ, စမ္မ, မုဒ္ဓ, အဒ္ဓ
စသည်နောက်က သ္မိံ သည် **နိ** သို့ပြောင်းသည်။

ကမ္မ + နာ = ကမ္မနာ
မ္မ်+၊>၊

ကမ္မ + သ = ကမ္မုနော
မ္မ်+၊>ု နော

ကမ္မ + နာ = ကမ္မုနာ
မ္မ်+၊>ု

ကမ္မ + သ္မိံ = ကမ္မနိ
နိ

### ပါဠိအဘိဓာန်

ယုဝ(ပု) ပျိုမြစ်နုနယ်– ငယ်ရွယ်– သူ၊ ကလေးငယ်၊ လုလင်ပျို လူပျို
မဃဝ(ပ) သိကြား၊ မဃဝပန်း
ထာမ(ပုန) အား၊ အစွမ်း'စွမ်းရည်'သတ္တိ
မုဒ္ဓ(ပု) ဦးခေါင်း၊ ထိပ်(အထွတ်အထိပ် ဦးထိတ် လျှာထိတ်စသည်)
အဒ္ဓ(ပုန) ညီမျှသောအဖို့၊ ထက်ဝက်၊ အချိန်ကာလ၊ ဧကန်စင်စစ်၊ မချွတ်၊ အရွယ်၊

## အာကာရန္တ ပုလ္လိင် ကညာဒိဂိုဏ်း

| | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ကညာ | ကညာ ကညာယော |
| အာလပန | ဘောတိ ကညေ | ဘောတိယော ကညာ ကညာယော |
| ဒုတိယာ | ကညံ | ကညာ ကညာယော |
| တတိယာ | ကညာယ | ကညာဟိ ကညာဘိ |
| စတုတ္ထီ | ကညာယ | ကညာနံ |
| ပဉ္စမီ | ကညာယ | ကညာဟိ ကညာဘိ |
| ဆဋ္ဌီ | ကညာယ | ကညာနံ |
| သတ္တမီ | ကညာယ ကညာယံ | ကညာသု |

**စဉ်မျဉ်းများ**

၉။ အာဃော။ ပုလ္လိင်ကို ဟောသော အာအက္ခရာကို ဃအမည်မှည့်။
၆၀။ ဃတော နာဒီနံ။ ဃအမည်ရှိသော အာ၏ နောက်၌ရှိသော နာ သ သ္မာ သ သ္မိံ တို့သည် အာယ သို့ ပြောင်းသည်။
၆၃။ ဃတေစ။ ဃအမည်ရှိသော အာ ၏ နောက်၌ရှိသော သိ သည် ေ– သို့ပြောင်းသည်။
၆၄။ န အမ္မာဒိတော။ မိခင်ဟု အဓိပ္ပါယ်ရသော အမ္မ, အန္န, အမ္ဗ, တာတ နောက်၌ရှိသော သိ သည် ေ– သို့ မပြောင်း။ ( အမ္မ, အမ္မာ၊ အန္န, အန္နာ၊ အမ္ဗ, အမ္ဗာ၊ တာတ, တာတာ ဟုသာရုပ် ရှိ၏။ အမ္မေ, အမ္ဗေ, အန္နေ, တာတေ ဟု မရှိနိုင်)
၆၇။ ဃပတောစ ယောနံ လောပေါ။ ဃ ပ ဈ လ တို့၏ နောက်၌ရှိသော ယောသည် တခါတရံ ပျောက်ကွယ်သွားသည်။
၁၆၅။ ဃပတော သ္မိံယံဝါ။ ဃ ပ တို့၏ နောက်ရှိသော သ္မိံ သည် တခါတရံ ယံ သို့ ပြောင်းသည်။
၁၆၉။ သေသတော လောပံ ဂသိပိ။ သိ သည် ေ–ါ, –ါ, ၊ံ သို့ မပြောင်းက ပျောက်ကွယ်သွားသည်။
၁၈၅။ပုလ္လိယမတော အာပစ္စယော။ အကာရန္တစကားလုံးများနောက်တွင် ပုလ္လိင်ပါဟု ပြောပြရန် –ါ ဆက်ပေး ရမည်။

## ကညာဒိဂိုဏ်းရုပ်ပြီးပုံ

ပ ကညာ + သိ =ကညာ
ချေ
ကညာ + ယော = ကညာ
ချေ
ကညာ + ယော = ကညာယော

အာ ကညာ + သိ = ကညေ
ေ–
ကညာ ကညာယော (ပထမာနှင့်တူ)

တ ကညာ + နာ = ကညာယ
–ါယ
ကညာ + ဟိ = ကညာဟိ
ကညာ + ဟိ = ကညာဘိ
ဘိ

စ/ဆ ကညာ + သ = ကညာယ
–ါယ
ကညာ + နံ = ကညာနံ

မီ ကညာ + သ္မာ = ကညာယ
–ါယ
ကညာဟိ, ကညာဘိ (တတိယာနှင့်တူ)

သ ကညာ + သ္မိံ = ကညာယ
–ါယ
ကညာ + သ္မိံ = ကညာယံ
ယံ
ကညာ + သု = ကညာသု

**အစီအရင်ထူး**

၁။ နာ သ သ္မာ သ သ္မိံ တို့သည် ယာ သို့ ပြောင်းပြီး ရှေ့က –ါ သည် ၊ သို့ပြောင်းသည်။ ဆာယယာ–အရိပ်၌၊ သက္ခရောပမယာ–သကာခဲ ဥပမာဖြင့်၊ ဗာလဒါရကလီဠယာ–သူငယ်ကလေး၏ စံပယ်ကစားခြင်းဖြင့်။

၂။ အကာရန္တပုဒ်ကို ဣတ္ထိလိင်ဟု ပြောရန် –ါ ဆက်ခြင်းသည် အမြဲမဟုတ်။ တခါတရံ ီ လည်း ဆက်သည်။ ကလျာဏာ ကလျာဏီ၊ သုန္ဒရာ သုန္ဒရီ၊ ဒီပနာ ဒီပနီ၊ သောဘဏာ သောဘဏီ။

၃။ ဥကာရန္တ မာတု ဓီတု ပုဒ်တို့ကိုလည်း ဣတ္ထိလိင်ဟု ပြောရန် –ါ ဆက်တတ်သည်။
ဥတ္တရမာတာ၊ နန္ဒမာတာ၊ ဒေဝဓီတာ (–ါ ဆက်သည့်အတွက် ကညာဒိဂိုဏ်းဖြစ်သွားသည်)

၄။ သဘာ ပရိသာ တို့နောက်က သ္မိံ သည် တိ သို့ပြောင်းသည်။ တိံ သဘာပရိသတော(မောဂ်)

၅။ သ္မာ သ္မိံ ၌ ကညမှာ ကညမှိ ဟု ရှိနိုင်သည်။

သဘာ + သ္မိံ = သဘတိံ / သဘတိ
ဘ်+–ါ>၊ တိံ /တိ

ပရိသာ + သ္မိံ = ပရိသတိံ / ပရိသတိ
သ်+–ါ>၊ တိံ /တ

♠ လယ်တီပဒမာလာကျမ်းက တိ ဟုဆိုသည်၊ တွဲဖက် ၌ တိံ ဟုဆိုသည်။ ပိဋကတ်စာအုပ်များ၌ တိ ကို တွေ့ရသည်ဟု ဆိုသည်။

## ကညာဒိဂိုဏ်းဝင်ပုဒ်များ

| | |
|---|---|
| ကညာ | သတို့သမီး |
| ဘိက္ခာ | ထမင်း |
| ဝီဏာ | စောင်း |
| ဂီဝါ | လည်ပင်း |
| ဇိဝှါ | လျှာ |
| ဂေါဓာ | ဖွတ် |
| ဥက္ကာ | သန်း |
| ဒေါလာ | ပုခက် |
| ပပါ | ရေအိုးစင် |
| ဇာယာ | မယား |
| သာခါ | သစ်ခက် |
| အမ္မာ, အန္နာ | အမိ |
| ပရိသာ | ပရိသတ် |
| သဘာ | ပွဲသဘင် |
| လေခါ | စာ, စာလုံး |
| သဒ္ဓါ | ယုံကြည်ခြင်း |
| မေဓာ,ပညာ,ဝိဇ္ဇာ | ဉာဏ် |
| စိန္တာ | ကြံခြင်း |
| မန္တာ | အတိုင်အပင် |
| တဏှာ,ဇော, | |
| တသိဏှာ | တက်မက်ခြင်း |
| ဣစ္ဆာ | လိုချင်ခြင်း |
| မုစ္ဆာ | တွေဝေခြင်း |
| မာယာ | ဟန်ဆောင်ခြင်း |
| မေတ္တာ | ချစ်ခြင်း |
| မတ္တာ | အတိုင်းအရှည် |
| သိက္ခာ | အကျင့် |
| ဇင်္ဃာ | ခြေသလုံး |
| ဝါစာ | စကား |
| ဆာယာ | အရိပ် |
| အာသာ | အလို |

| | |
|---|---|
| ဂင်္ဂါ | ဂင်္ဂါမြစ် |
| နာဝါ | လှေ |
| ဂါထာ | ဂါထာ |
| သေနာ | စစ်တပ် |
| သာလာ | စရပ် |
| မာလာ | ပန်း |
| ဝေလာ | အချိန် |
| ပူဇာ | ပူဇော်ခြင်း |
| ခိဍ္ဍာ | မြူးတူးခြင်း |
| ပိပါသာ | ရေငတ်ခြင်း |
| ဝေဒနာ | ခံစားခြင်း |
| သညာ | မှတ်သားခြင်း |
| စေတနာ | စေ့ဆော်ခြင်း |
| ပဇာ | သတ္တဝါအပေါင်း |
| ဒေဝတာ | နတ် |
| ဝဋ္ဋကာ | ငုံး |
| ဗလကာ | ဗျိုင်း |
| သေဖာလိကာ | ဆိတ်ဖလူးပင် |
| လင်္ကာ | လင်းယာဉ်တိုင် |
| သလာကာ | ဝါးခြမ်း |
| ဝါလိကာ | သဲ |
| သိခါ | အမောက် |
| ဝိသာခါ | ဝိသာခါ |
| ဝိသိခါ | လမ်း |
| ဝဇာ | လင်းလေ |
| ဝဉ္ဈာ | အမြုံ |
| ဇဋ္ဋာ | ဆံကျစ် |
| ဃဋ္ဋာ | အပေါင်း |
| ဇေဋ္ဌာ | အမကြီး |
| သောဏ္ဍာ | နှာမောင်း |
| ဝိတဏ္ဍာ | ဆန့်ကျင်ဘက်အယူ |

| | |
|---|---|
| ကရုဏာ | သနားခြင်း |
| ဝနိတာ | မိန်းမ |
| လတာ | နွယ် |
| ကထာ | စကား |
| နိဒ္ဒါ | အိပ်ပျော်ခြင်း |
| သုဓာ | အင်္ကတေ |
| ရာဇာ | ရာဇနက္ခတ် |
| ဝါသနာ | အထုံ |
| သိင်္ဃပါ | ယင်းတိုက်ပင် |
| ပဘာ | အရောင် |
| သီမာ | အပိုင်းအခြား |
| ခမာ | သည်းခံခြင်း |
| ခတ္တိယာ | မင်းသမီး |
| သက္ခရာ | ကျောက်စရစ် |
| သုရာ | သေရည် |
| တုလာ | ချိန်ခွင် |
| သိလာ | ကျောက် |
| လီလာ | တင့်တယ်ခြင်း |
| လာလာ | တံတွေး |
| ဧလာ | သွားရည် |
| မေခလာ | ခါးပတ် |
| ကလာ | အစိတ် |
| ဝဠဝါ | မြည်းမ |
| အလမ္ဗုသာ | အလမ္ဗုသာ |
| မူသာ | မိုက်ခွက် |

| | |
|---|---|
| မဉ္ဇူသာ | သေတ္တာ |
| ဇတုကာ | လင်းနို့ |
| ကာရုကာ | မိုးသီး |
| သုလသာ | သုလသာ |
| ဒိသာ | အရပ်မျက်နှာ |
| နာသာ,နာသိကာ | နှာခေါင်း |
| ဇုဏှာ | လရောင် |
| ဂုဟာ | ဂူ |
| ဤဟာ | အားထုတ်ခြင်း |
| လသိကာ | အစေး |
| ဝသုဓာ | မြေ |
| ယန္တနာဝါ | သင်္ဘော |
| ဒါရိကာ | ကလေးမ |
| ဘာဝနာ | ဘာဝနာ |
| ပုစ္ဆာ | ပုစ္ဆာ, အမေး |
| သုမနာ | မြတ်လေး |
| သုမနမာလာ | မြတ်လေးပန်း |
| ဗာဟာ | လက်မောင်း |
| သိဝါ | တောခွေး |
| ကဋ္ဌုကိကာ | ဗီလုံး |
| ဈလ္လိကာ, | |
| ဈိလ္လိကာ | ပရစ် |
| ကာဠကာ | ရှည့် |
| လူတာ | ပင့်ကူ |

# ဒွိလိင် တိလိင် စကားလုံးများ

| | |
|---|---|
| သကဋ္ဌော (ပု၊န) | လှည်း |
| ဩဒနော (ပု၊န) | ထမင်း |
| ကောသော (ပု၊န) | တကောသ, နှစ်မိုင် |
| သုခေါ (တိ) | ချမ်းသာ |
| ဒုက္ခော (တိ) | ဆင်းရဲ |
| အဝေရော (တိ) | ရန်မရှိသည် |
| ဗာလော (တိ) | မိုက်သည်, လူမိုက် |
| ပဏ္ဍိတော (တိ) | ပညာရှိသည်, ပညာရှိ |
| ဗျတ္တော (တိ) | ထက်မြက်သည် |
| ပဋိဗလော (တိ) | စွမ်းနိုင်သည် |
| ဒဋ္ဌော (တိ) | ခိုင်မြဲသည် |
| သီဃော (တိ) | လျင်မြန်သည် |
| ဥတ္တမော (တိ) | မြတ်သည် |
| ဒီဃော (တိ) | ရှည်သည် |
| ရဿော (တိ) | တိုသည် |
| သီတော (တိ) | အေးသည် |
| ဥဏှော (တိ) | ပူသည် |
| သုက္ကော (တိ) | ဖြူသည် |
| ကဏှော (တိ) | မဲသည် |
| နီလော (တိ) | ညိုသည် |
| ပီတော (တိ) | ဝါသည် |
| နဝေါ (တိ) | ငယ်သည်, သစ်သည် |
| ဝုဍ္ဎော (တိ) | ကြီးသည် |
| ပိယော (တိ) | ချစ်အပ်သည်,<br>ချစ်စရာကောင်းသည် |
| အနုရူပေါ (တိ) | လျော်သည်,<br>လျောက်ပတ်သည် |
| ယေဘုယျော (တိ) | များသည် |
| သမော (တိ) | ညီညွတ်သည်, ညီညာသည် |
| သကော (တိ) | မိမိ |
| သံဝုတော,သံဝုဋ္ဌော (တိ) | ပိတ်အပ်သည် |
| ဝိဝဋ္ဌော (တိ) | ဖွင့်အပ်သည် |

| | |
|---|---|
| ဖုဋ္ဌော (တိ) | ထိအပ်သည် |
| သိထိလော (တိ) | လျော့သည် |
| ဓနိတော (တိ) | ပြင်းပြင်းရွတ်အပ်သည် |
| အနိယမော (တိ) | သတ်မှတ်ခြင်းမရှိသည် |
| ဝုတ္တော (တိ) | ဆိုအပ်ပြီ, ဟောအပ်ပြီ |
| အဝုတ္တော (တိ) | မဆိုအပ်, မဟောအပ် |
| အကမ္မကော (တိ) | ကံမရှိသည် |
| ဧကကမ္မကော (တိ) | တခုသောကံရှိသည် |
| ဒွိကမ္မကော (တိ) | နှစ်ခုသောကံရှိသည် |
| တိကမ္မကော (တိ) | သုံးခုသော ကံရှိသည် |
| အန္တရော (တိ) | အခြား, အကြား |
| ဂါမန္တရော (တိ) | အခြားရွာ |
| ဧကဿရော (တိ) | ၁ လုံးသော သရရှိသည် |
| အနေကဿရော (တိ) | များသော သရရှိသည် |
| အပ္ပေါ(တိ) | အနည်းငယ် |
| သကလော(တိ) | အလုံးစုံ |
| သဒိသော(တိ) | တူသည် |
| အသဒိသော(တိ) | မတူသည် |
| ဃောသော(တိ) | ပြင်းပြင်ရွတ်အပ်သော<br>အသံရှိသည် |
| အဃောသော(တိ) | ပြင်းပြင်ရွတ်အပ်သော<br>အသံမရှိသည် |
| ဝါစကော(တိ) | ဟောသည် |
| ကိံနာမော(တိ) | အဘယ်အမည်ရှိသနည်း |
| မောင်လှသညော(တိ) | မောင်လှအမည်ရှိသည် |
| အနုရူပေါ(တိ) | လျောက်ပတ်သည် |
| ဝသော(ပု,န) | မိုးအခါ၌နေခြင်း, မိုးခိုခြင်း |
| ဧကမန္တော(ပု,န) | သင့်တင့်လျောက်ပတ်သည် |

**မှတ်ချက်**။ ပု ကို ပုရိသာဒိအတိုင်း၊ န ကို စိတ္တာဒိ အတိုင်း၊ တိ ကို ပုရိသာဒိ စိတ္တာဒိ ကညာဒိ အတိုင်း ရုပ်စဉ်ပါ။

# ကြိယာအကြောင်း

## ကြိယာမည်ပုံ

သက်ရှိသက်မဲ့ဖြစ်သော နာမ်ပုဒ်, နာမ်စား ပုဒ်တို့၏ အပြုအမူတို့ကို ဖော်ပြသောပုဒ်သည် ကြိယာပုဒ် မည်၏။ ကြိယာပုဒ်ဖြစ်ရန် ဓာတ်သို့ ပစ္စည်းဝိဘတ် ပေါင်းစပ်ပေးရသည်။

ပုံစံကား။ (က) ပစတိ ဟူသော ကြိယာပုဒ်ဖြစ်ရန် ပစဓာတ်သို့ အပစ္စည်းနှင့် တိဝိဘတ် ပေါင်းစပ် ပေး ရ၏။

(ခ) ဒါတဗ္ဗော ဟူသော ကြိယာပုဒ်ဖြစ်ရန် ဒါဓာတ်သို့ တဗ္ဗပစ္စည်းနှင့် သိဝိဘတ်ပေါင်းစပ် ပေးရ၏။

## ကြိယာအမျိုးအစား

(က) ကြိယာသည် **အာချာတ်ကြိယာ ကိတ်ကြိယာ**ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် စားခြင်း သောက်ခြင်း သွားခြင်း လာခြင်းစသော အပြုအမူကြိယာကို ပဓာနအားဖြင့် ဟောကြားတတ်သော ကြိယာသည် အာချာတ်ကြိယာမည်၏။ အာချာတ်ကြိယာဖြစ်ပေါ်ရန် ဓာတ်ပစ္စည်းနှင့် အာချာတ်ဝိဘတ်ပေါင်းစပ် ပေးရသည်။

ပုံစံကား။ ယာစ ဓာတ်သို့ အပစ္စည်းနှင့် တိဝိဘတ် ပေါင်းစပ်ပေးသောအားဖြင့် ယာစတိ–တောင်း၏ ဟူသော အာချာတ်ကြိယာဖြစ်၏။

(ခ) စားခြင်း သောက်ခြင်း သွားခြင်း လာခြင်းစသော အပြုအမူကြိယာကို ပြုလုပ်တတ်သောကြောင့် လည်းကောင်း၊ စာသင်သားတို့၏ သဒ္ဒါအနက်တို့၌ ယုံမှားသံသယကို ပယ်ဖျောက်တတ်သောကြောင့်လည်းကောင်း ကိတ်ကြိယာမည်၏။ ကိတ်ကြိယာ ဖြစ်ပေါ်ရန် ဓာတ်သို့ ပစ္စည်းနှင့် နာမ်ဝိဘတ်ပေါင်းစပ်ပေးရ၏။

(ကိတ်ပစ္စည်း မသက်ဘဲ ဓာတ်ချည်းထားလျှင် "ဤဓာတ်သည် ကတ္တားဟောလေသလား, ကံဟောလေသလားဟု စသည်ဖြင့် ယုံမှားဖွယ်ရှိသည်။ ပစ္စည်းနှင့်တွဲသောအခါ စသည်သိရသဖြင့် ဤ ဏ စသော ပစ္စည်းသည် တိုက်ရိုက်မုချအားဖြင့် ကိတ်မည်၏။ ကိတပစ္စည်းနှင့် တွဲဘက်ရသော ဓာတ်များလည်း မကင်းရာမကင်းကြောင်းအားဖြင့် ကိတ်အမည်ရကြလေသည်)

ပုံစံကား။ ဌာဓာတ်သို့ တပစ္စည်းနှင့် နာမ်သိဝိဘတ် ပေါင်းစပ်ပေးသောအားဖြင့် ဌိတော ဟူသော ကိတ် ကြိယာ ဖြစ်ပေါ်လာ၏။

# အာချာတ်လက္ခဏာ

**အာချာတ်ကြိယာသည်** –

(၁) အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု ကာလသုံးပါးရှိ၏။

(၂) ပဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်ဟု ပုရိသ်သုံးပါးရှိ၏။

(၃) သွားခြင်း လာခြင်းစသော ကြိယာကို ပဓာနအားဖြင့် ဟောကြားတတ်၏။

(၄) ကတ္တုကာရက ကမ္မကာရက ဘာဝကာရက ဟု ကာရက သုံးပါးရှိ၏။

(၅) ပုလ္လိင် နပုလ္လိင် ဣတ္ထိလိင်ဟု လိင်သုံးပါးမရှိ။

(၆) ဧကဝုစ် ဗဟုဝုစ် ဟု ဝုစ်နှစ်ပါးရှိ၏။

အာချာတ်ဝိဘတ်များ

အာချာတ်ဝိဘတ်သည်–

ဝတ္တမာန်ဝိဘတ်, ပဉ္စမီဝိဘတ်, သတ္တမီဝိဘတ်, ပရောက္ခာဝိဘတ်, ဟိယျတ္တနီဝိဘတ်, အဇ္ဇတ္တနီဝိဘတ်, ဘဝိဿန္တီဝိဘတ်, ကာလာတိပတ္တိဝိဘတ် ဟူ၍ ရှစ်မျိုးရှိ၏။

(ပဌမငယ်တန်းပါဠိသဒ္ဒါအသုံးအနှုန်း ၉၃–၉၅)

**ဝတ္တမာန်ဝိဘတ် ပုရိသ် ဝုစ်ခွဲပုံ**

| ပဌမပုရိသ် | | မဇ္ဈိမပုရိသ် | | ဥတ္တမပုရိသ် | |
|---|---|---|---|---|---|
| ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| တိ | န္တိ | သိ | ထ | မိ | မ |
| ပုရိသော | ပုရိသာ | တွံ | တုမှေ | အဟံ | မယံ |

နာမသဒ္ဒါ (Third Person) တုမှသဒ္ဒါ (Second Person) အမှသဒ္ဒါ (First Person) ဟု သုံးမျိုးရှိသည်။ တွံ(သင်) တုမှေ(သင်တို့) ကို တုမှသဒ္ဒါဟု ခေါ်သည်။ အဟံ(ငါ) မယံ(ငါတို့) ကို အမှသဒ္ဒါဟု ခေါ်သည်။ တုမှသဒ္ဒါ အမှသဒ္ဒါ မှ ကြွင်းသော (ပုရိသော–ယောကျာ်း၊ ကညာ–မိန်းကလေး၊ စိတ္တ–စိတ် စသော) သဒ္ဒါတို့ကို နာမသဒ္ဒါ ဟု ခေါ်သည်။

တုမှ သဒ္ဒါသည် တွံ တုမှေ ဟု (၂) မျိုးသာရှိ၏။ အမှ သဒ္ဒါသည် အဟံ မယံ ဟု (၂) မျိုးသာရှိ၏။ နာမသဒ္ဒါကား ပုရိသော စိတ္တံ ကညာ စသည်ဖြင့် အဆုံးမရှိ, မရေတွက်နိုင်အောင် များ၏။

ဂစ္ဆ–သွား+ တိ–၏ = ဂစ္ဆတိ–သွား၏။ ဂစ္ဆ–သွား+ ါ န္တိ–ကုန်၏ = ဂစ္ဆန္တိ–သွားကုန်၏။
ဂစ္ဆ–သွား+ သိ–၏ = ဂစ္ဆသိ–သွား၏။ ဂစ္ဆ–သွား+ ထ–ကုန်၏ = ဂစ္ဆထ–သွားကုန်၏။
ဂစ္ဆ–သွား+ မိ–၏ = ဂစ္ဆာမိ–သွား၏။ ဂစ္ဆ–သွား+ မ–ကုန်၏ = ဂစ္ဆာမ–သွားကုန်၏။

မှတ်ချက်။ နောက်မှာ မိ, မ ရှိလျှင် ရှေ့က ါ သည် –ါ သို့ပြောင်းသည်။

ဂစ္ဆ် + ါ/–ါ + မိ = ဂစ္ဆာမိ ဂစ္ဆ် + ါ/–ါ + မ = ဂစ္ဆာမ

**ကတ္တားဟော ဝါကျ ရေးပုံ**

၁။ ပြုလုပ်သူ ကတ္တားပုဒ်နောက်၌ ပထမာဝိဘတ် ဆက်သွယ်ရသည်။
၂။ ကံပုဒ်နောက်၌ ဒုတိယာဝိဘတ် ဆက်သွယ်ရသည်။
၃။ ကြိယာပုဒ်ကို အာချာတ်ဝိဘတ် ရှေ့ခြောက်လုံးမှ တခုကို ကတ္တား၏ ပုရိသ် ဝုစ်နှင့် လျော်အောင် ထားရသည်။

ပုံစံ။ ပုရိသော ဂါမံ ဂစ္ဆတိ။ ယောကျာ်းသည် ရွာသို့ သွားသည်။
ဒါရကော ဖလံ ခါဒတိ။ ကလေးသည် သစ်သီးကို စား၏။
တေ ဩဒနံ ဘုဉ္ဇန္တိ။ သူတို့သည် ထမင်းကို စားကြသည်။
တွံ ဓနံ ယာစသိ။ သင်သည် ဥစ္စာကို တောင်း၏။
တုမှေ သီလံ ရက္ခထ။ သင်တို့သည် သီလကို စောင့်ကုန်၏။
အဟံ ဗုဒ္ဓံ ဝန္ဒာမိ။ ကျွန်ုပ်သည် ဘုရားကို ရှိခိုး၏။
မယံ သဃံ ဝန္ဒာမ။ ငါတို့ကို သံဃာကို ရှိခိုးကြ၏။

## ကတ္တားနှင့် ကြိယာတွဲပုံ

| | | | | | |
|---|---|---|---|---|---|
| ပုရိသော | ဂစ္ဆတိ။ | ယောက်ျားသည် သွား၏။ | ပုရိသာ | ဂစ္ဆန္တိ။ | ယောက်ျားတို့သည် သွားကုန်၏။ |
| ကတ္တား | ကြိယာ | | ကတ္တား | ကြိယာ | |

| | | | | | |
|---|---|---|---|---|---|
| တွံ | ဂစ္ဆသိ။ | သင်သည် သွား၏။ | တုမှေ | ဂစ္ဆထ။ | သင်တို့သည် သွားကုန်၏။ |
| အဟံ | ဂစ္ဆာမိ။ | ငါသည် သွား၏။ | မယံ | ဂစ္ဆာမ။ | ငါတို့သည် သွားကုန်၏။ |

## ဝတ္တမာန်ဝိဘတ် အသုံးပြုပုံ

၁။ လောလောဆယ် ဖြစ်နေဆဲကို ပြောလိုရာ၌ သုံးပါ။
ဂစ္ဆတိ–သွား၏၊ သွားနေဆဲ။ ဘဝတိ–ဖြစ်၏၊ ဖြစ်နေဆဲ
၂။ ပစ္စုပ္ပန်အနီးဖြစ်သော အတိတ်(ဖြစ်ပြီးကာလ)ကို ပြောလိုရာ၌ သုံးပါ။
ရာဇဂဟတော အာဂစ္ဆာမိ။ ရာဇဂြိုဟ်မှ ယခုပင် ငါ လာခဲ့၏။
၃။ ပုရေ, ပုရာ စကားလုံးများ သုံး၍ အနာဂတ်ဖြစ်မည့် ကိစ္စကို ပြောလိုရာ၌ သုံးပါ။
ပုရေ မရာမိ, ဒါနံ ဒေမိ။ ငါ မသေမှီ အလှူကို ပေးတော့အံ့။
ပုရာ မရာမိ, သီလံ သမာဒိယာမိ။ ငါမသေမှီ သီလကို ဆောက်တည်အံ့။
၄။ အနာဂတ်တွင် ဧကန်ဖြစ်မည့်ကိစ္စကို ပြောလိုရာ၌ သုံးပါ။
ခိပ္ပံ ဗုဒ္ဓေါ ဘဝါမိ။ ဧကန် ငါ ဘုရားဖြစ်လတ့ံ။
၅။ ကာလသုံးပါးနှင့် ဆက်ဆံသော အရာကို ပြောလိုရာ၌ သုံးပါ။
ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ ဗုဇ္ဈတိ–သိပြီး သိဆဲ သိလတ္တံ့၊ ဣတိ–ထို့ကြောင့်၊ ဗုဒ္ဓေါ–ဗုဒ္ဓမည်၏။

## ဘူဝါဒိဂိုဏ်းဝင် ဓာတ်များ

| | | | | | |
|---|---|---|---|---|---|
| ဂစ္ဆ | သွား | ကမ | သွား | ဒဓာ | ဆောင် |
| အာဂစ္ဆ | လာ | စင်္ကမ | စင်္ကြံသွား | ပိဒဟ | ပိတ် |
| ဝန္ဒ | ရှိခိုး | အတိက္ကမ | လွန်သွား, လွန်ကြူး | နိဓေ | မြှုပ် |
| ဘဝ | ဖြစ် | ဥပသင်္ကမ | သွား, ချဉ်းကပ် | တေဇ | သွေး |
| ပစ | ချက် | စလ, စဉ္စလ | တုန်လှုပ် | ရက္ခ | စောင့်ရှောက် |
| ဂမေ, ဃမ္မ | | ဒဒ္ဒလ | တောက်ပ | အဇ္ဈာဝသ | နေ |
| သပ္ပ | သွား | ဈာယ | ကြံ | ဇင်္ဂမ | သွား |
| ဣစ္ဆ | အလိုရှိ | တုဒ | ထိုးဆွ | ပဋိဇဂ္ဂ | ပြုစု, လုပ်ကျွေး |
| ဧသ | ရှာမှီး | ပဝိသ | ဝင် | နမ | ကိုင်းညွတ်, ရှိခိုး |
| နိယစ္ဆ | | နုဒ | ပယ်နုတ် | ပသီဒ | ကြည်, ကြည်ညို |
| နိယမ | ရှောင်ကြဉ် | ဥဒ္ဒိသ | ရွတ်ပြ | အဝဟရ | ခိုးယူ |
| သညမ | စောင့်စည်း | လိခ | ရေး | ပက္ခန္ဒ | ပျံ, ပြေးဝင် |
| အစ္ဆ | ကပ်ဝင်, နေ | ဖုသ | ထိရောက် | ရမ | မွေ့လျော်, ပျော် |
| ဥပါသ | ဆည်းကပ် | ဟော | ဖြစ် | ပဗ္ဗဇ | ရှင်ပြု, ရဟန်းပြု |
| လဘ | ရ | အနုဘော | ခံစား | လိခ | ရေး |
| ဝစ | ပြော | သေ | | အရဟ | ထိုက်တန် |
| ဝသ | နေ | သယ | အိပ် | မဟ | ပူဇော် |
| ရောဒ, ရုဒ | ငို | ဌာ, တိဋ္ဌ | ရပ်, တည် | စရ | လှည့်လည်, ကျင့် |
| အက္ကောသ | ဆဲရေး | သဏ္ဌဟ | ကောင်းစွာ တည် | ဇယ | အောင် |
| ဇရ, ဇီယျ | | အဓိဋ္ဌေ | ဆောက်တည် | စဝ | စုတေ |
| ဇီယ | အို | ပိဝ, ပိဗ, | | သရ | အောက်မေ့, အမှတ်ရ |
| မရ, မီယျ | | ပါ | သောက် | ဇပ | ရွတ်ဖတ် |
| မီယ | သေ | အတ္ထိ | ရှိ၏ (အသ+တိ) | ဝဇ | သွား, ကပ်ရောက် |
| ပဿ, ဒက္ခ | မြင်, ကြည့်, တွေ့ | နတ္ထိ | မရှိ (န+အသ+တိ) | မောဒ | ဝမ်းမြောက် |
| ဒိဿ | ထင်, တွေ့, မြင်အပ် | ဗြူဝိ, ဗြူ | ပြော | ပမောဒ | လွန်စွာ ဝမ်းမြောက် |
| နိသီဒ | ထိုင် | ဟန, ဝဓေ | သတ် | ဓာဝ | ပြေး |
| ယဇ | ပူဇော် | ဇုဟော | | ပဟရ | ပုတ်ခတ်, ရိုက် |
| ဝဒ, ဝဒေ | | ဇူဟ | ပူဇော် | ဍံသ | ကိုက် |
| ဝဇ္ဇ, ဝဇ္ဇေ | ပြော, ဆို | ဇဟာ | | ပဌ | ဖတ် |
| | | ပဇဟ | ပယ်စွန့် | ဝါ, ယာ | သွား |

| | | |
|---|---|---|
| ဂေါပ စောင့်ရှောက် | ဝဍ္ဎ တိုးပွား | ဂုဟ လျှို့ဝှက် |
| အာစရ ကျင့် | ဖလ ကွဲ | မာ နှိုင်းချင့်, မြတ်နိုး |
| ဘဏ ပြော | ဒမ ဆုံးမ | မထ လုံးထွေး |
| ဂါယ | သက စွမ်းနိုင် | ဝဏ္ဏ ပြောဆို |
| ဥပဂါယ သီဆို | ရောစ တောက်ပ | ဒက္ခ ကြည့် |
| မဇ္ဇ ပွတ်တိုက် | သောစ ဝမ်းနည်း | ဒိဿ ကြည့်, ပေး |
| ဥဋ္ဌ စွန့် | ကမ္ပ တုန်လှုပ် | |

♠ ဤဓာတ်များသည် ဘူဝါဒိဂိုဏ်းဓာတ်များ ဖြစ်သည်။ ဘူဝါဒိဂိုဏ်းဓာတ်များကို ကြိယာပုဒ်ပြုလုပ်ရာတွင် ဂိုဏ်းမှတ်သင်္ကေတအဖြစ် အ (၊) ဆက်ပေးရသည်။ သို့သော် အမြဲတမ်းမဟုတ်။ ဟိယျတ္တနီ, ဝတ္တမာန်ဝိဘတ်, သတ္တမီဝိဘတ်, ပဉ္စမီဝိဘတ် ဟူသော သဗ္ဗဓာတ်ဝိဘတ်နှင့် တွဲရာ၌သာ အ ဆက်ပေးရသည်။ ပရောက္ခာ, အဇ္ဇတ္တနီ, ဘဝိဿန္တီ, ကာလာတိပတ္တိ ဝိဘတ်ဟူသော အသဗ္ဗဓာတ်ဝိဘတ်ဆက်ရာ၌ အ မဆက်ရ။ ဗာလာဝတာရ ကျမ်းအဆိုအရ သတ္တမီဝိဘတ်နှင့်တွဲရာတွင် ဝိဘတ်၌ ဗျဉ်းတွဲစပ်စရာ သရများပါရှိပြီးဖြစ်၍ (အ) ဆက်စရာ မလို။ သို့သော် အလတ္ထ ၏ ရုပ်ပြီးပုံဝယ် အဇ္ဇတ္တနီ အသဗ္ဗဓာတ်ဖြင့် တွဲသော်လည်း အ ဆက်ထားသည်ကို တွေ့ရသည်။ အချုပ်အားဖြင့် လိုအပ်ရင် အ ဆက်မည်, မလိုအပ်ရင် ဆက်ပြီး အ ကိုပင် ချေပျက်ပစ်မည်ဟုသာ မှတ်ပါ။

♠ ဘူဝါဒိဂိုဏ်း၌ သရဝိဘတ်သက်ရာ၌ အပစ္စည်း မသက်ရ။ ချာသ။ (ပဒဗျူဟနနိရုတ္တိနီတိ ပ ၄၁၀)

# ပစ္စုပ္ပန် ဝါကျများ

၁။ ဗုဒ္ဓေါ ဓမ္မံ ဘာသတိ။ ဘုရားသည် တရားကို ဟော၏။
ကတ္တား ကံ ကြိယာ

၂။ ပုရိသော ကညံ ပဿတိ။ ယောကျ်ားသည် အမျိုးသမီးကို မြင်၏။

၃။ မနုဿာ ဝါယုယာနေန ပုဂံ နဂရံ ဂစ္ဆန္တိ။ လူတို့သည် ပုဂံမြို့သို့ လေယဉ်ဖြင့် သွားကုန်၏။
ကရဏ

၄။ သီဟော မဟိံသံ ခါဒတိ။ ခြသေ့်သည် ကျွဲကို စား၏။

၅။ ဗျဂ္ဃော ဝနံ ပဝိသတိ။ ကျားသည် တောသို့ ဝင်၏။

၆။ သကုဏာ အကာသံ ပက္ခန္ဒန္တိ။ ငှက်တို့သည် ကောင်းကင်သို့ ပျံတက်သွားကြကုန်၏။

၇။ မယူရော ရုက္ခသ္မိံ အစ္ဆတိ။ ဥဒေါင်းသည် သစ်ပင်၌ နေ၏။ (အာ သ + အ + တိ = အစ္ဆတိ)
ဩကာသ အ စ္ဆ

၈။ ပုရိသော အမ္မံ နမတိ။ ယောကျ်ားသည် အမေကို ရှိခိုး၏။

၁၀။ ဗျ ဂ္ဃါ ဝနသ္မာ ဂါမံ အာဂစ္ဆန္တိ။ ကျားတို့သည် တောမှ ရွာသို့ လာကုန်၏။
အပါဒါန

၁၁။ ပုရိသော ဗုဒ္ဓံ ဝန္ဒတိ။ ယောကျ်ားသည် ဘုရားကို ရှိခိုး၏။

၁၂။ ပုရိသာ ဗုဒ္ဓံ ဝန္ဒန္တိ။ ယောကျ်ားတို့သည် ဘုရားကို ရှိခိုးကုန်၏။

၁၃။ တွံ အမ္မံ ဝန္ဒသိ။ သင်သည် အမေကို ရှိခိုး၏။

၁၄။ တုမှေ သံဃံ ဝန္ဒထ။ သင်တို့သည် သံဃာကို ရှိခိုးကြကုန်၏။

၁၅။ အဟံ မန္တလေးနဂရံ ဂစ္ဆာမိ။ ငါသည် မန္တလေးမြို့သို့ သွားအံ့။

၁၆။ ပုရိသော ဘတ္တံ ပစတိ။ ယောကျ်ားသည် ထမင်းကို ချက်၏။

၁၇။ သာမဏေရော ဂါထာယော ဥဒ္ဒိသတိ။ သာမဏေသည် ဂါထာတို့ကို ရွတ်ပြ၏။

၁၈။ ဒေဝေါ ဇေတဝနဝိဟာရံ အာဂစ္ဆတိ။ နတ်သည် ဇေတဝန်ကျောင်းသို့ လာ၏။

၁၉။ အဟံ ဗုဒ္ဓေ ပသီဒါမိ။ ငါသည် မြတ်စွာဘုရားကို ကြည်ညို၏။

၂၀။ မယံ မန္တလေးနဂရေ ရမာမ။ ရန်ကုန်နဂရေ န ရမာမ။ ငါတို့သည် မန္တလေးမြို့၌ ပျော်ကုန်၏။
ရန်ကုန်မြို့၌ မပျော်ကုန်။

(န သည် ကြိယာကို တားမြစ်သော စကားလုံး ဖြစ်သည်။ မ–ဟု ဆိုလိုသည်။ ဥပမာ– န ဂစ္ဆတိ – မသွား၊ န ပစတိ – မချက်၊ န ရမာမ – မပျော်ကုန်၊ စသည်ဖြင့် သိပါ)

၂၁။ မယံ ပတ္တံ လဘာမ။ ငါတို့သည် သပိတ်ကို ရကုန်၏။

၂၂။ အဟံ ဗျဂ္ဃေ ပဿာမိ။ အဿေ န ပဿာမိ။ ငါသည် ကျားတို့ကို မြင်၏။ မြင်းတို့ကို မမြင်။

၂၃။ ကညာယော ဗုဒ္ဓံ ပုပ္ဖေန ယဇတိ။ မိန်းကလေးတို့သည် မြတ်စွာဘုရားကို ပန်းဖြင့် ပူဇော်ကြကုန်၏။

၂၄။ သာမဏေရော ဘတ္တံ လဘတိ။ ကိုရင်သည် ဆွမ်းကို ရ၏။
၂၅။ အမ္မာ ပုတ္တံ ဒမတိ။ အမေသည် သားကို ဆုံးမ၏။
၂၆။ ပုရိသော __သာမဏေရဿ__ ပါနံ ဒေတိ။ ယောကျ်ားသည် ကိုရင်အား အဖျော်ရည်ကို ပေးလှူ၏။
သမ္ပဒါန
၂၉။ သာမဏေရာ ဝနံ ဂစ္ဆန္တိ။ ကိုရင်တို့သည် တောသို့ သွားကုန်၏။
၃၀။ ကညာယော နဂရံ ဂစ္ဆန္တိ။ မိန်းကလေးတို့သည် မြို့သို့ သွားကုန်၏။
၃၁။ ပုရိသော ရထေန ဂါမံ ဂစ္ဆတိ။ ယောကျ်ားသည် ရထားဖြင့် ရွာသို့ သွား၏။
၃၂။ မနုဿာ သကဋေန နဂရံ ဂစ္ဆန္တိ။ လူတို့သည် လှည်းဖြင့် မြို့သို သွားကုန်၏။
၃၃။ တွံ ပါဒေန မန္တလေး နဂရံ ဂစ္ဆသိ။ သင်သည် ခြေဖြင့် မန္တလေးမြို့သို့ သွား၏။
၃၄။ ယောဓာ မော်တော်ယာနေန ဝနံ ဂစ္ဆန္တိ။ စစ်သားတို့သည် မော်တော်ယဉ်ဖြင့် မြို့သို့ သွားကုန်၏။
၃၅။ မယံ နာဝါယ ဂါမံ ဂစ္ဆာမ။ ငါတို့သည် လှေဖြင့် ရွာသို့ သွားကုန်၏။
၃၆။ ကညာယော ယန္တနာဝါယ မင်းကွန်း ပဗ္ဗတံ အာဂစ္ဆန္တိ။ အမျိုးသမီးတို့သည် စက်လှေဖြင့် မင်းကွန်းတောင်ကို လာကုန်၏။
၃၇။ သာမဏေရော သမဏေန __သဟ__ နဂရံ ဂစ္ဆတိ။ ကိုရင်သည် ရဟန်းနှင့်အတူ မြို့သို့ သွား၏။
၃၈။ တုမှေ သာမဏေရေဟိ __သဒ္ဓိံ__ ဝိဟရထ။ သင်တို့သည် ကိုရင်တို့နှင့် အတူ နေကြကုန်၏။
၃၉။ မယံ မနုဿေဟိ __ဝိနာ__ အဂ္ဂိရထေန ဂါမံ ဂစ္ဆာမ။ ငါတို့သည် လူတို့မပါပဲ မီးရထားဖြင့် ရွာသို့ သွားကုန်၏။

♠ ( သဟ=အတူ၊ သဒ္ဓိံ=အတူ၊ ဝိနာ–ခွဲ၍, ကြဉ်၍, မပါပဲ၊ ) သဟ, သဒ္ဓိံ, ဝိနာ တို့သည် နိပါတ်စကားလုံးများ ဖြစ်ကြသည်။ ၎င်းစကားလုံးများနှင့် တွဲရသော စကာလုံးများကို တတိယာနှင့် ရေးရသည်။ ဥပမာ – သမဏေန သဟ – ရဟန်းနှင့်အတူ၊ သာမဏေရေဟိ သဒ္ဓိံ – ကိုရင်းတို့နှင့်အတူ၊ မနုဿေဟိ ဝိနာ–လူတို့ မပါပဲ)

၄၀။ ဒါရကော __သမဏေန__ ဝသတိ။ ကလေးသည် ရဟန်းနှင့်အတူ နေ၏။
၄၁။ ပုတ္တော __အမ္မာယ__ နဂရံ ဂစ္ဆတိ။ သားသည် အမေနှင့်အတူ မြို့သို့ သွား၏။

♠ အတူတကွ ဟု အဓိပ္ပါယ်ရသော သဟ သဒ္ဓိံ မပါသော်လည်း တတိယာနှင့် ရေးထားသော စကားလုံးကို နှင့်အတူ ဟု အပိုထည့်၍ ဘာသာပြန်နိုင်သည်။ ထိုစကားလုံးမျိုးကို သဟတ္ထဟု ခေါ်ကြသည်။ (သဟတ္ထ–နှင့်အတူဟု အပိုထည့်ဘာသာပြန်ရသော စကားလုံး) ဥပမာ–သမဏေန–ရဟန်းနှင့်အတူ၊ အမ္မာယ–အမေနှင့်အတူ။

၄၂။ သာမဏေရာ ဗုဒ္ဓေန သဟ ဂါမံ ပဝိသန္တိ။ ကိုရင်တို့သည် ဘုရားနှင့်အတူ ရွာသို့ ဝင်ကုန်၏။
၄၃။ တွံ သံဃေန သဟ ဝသသိ။ သင်သည် သံဃာနှင့်အတူ နေ၏။
၄၄။ အဟံ သံဃေန သဒ္ဓိံ ဝါယုယာနေန နဂရံ ဂစ္ဆာမိ။ ငါသည် သံဃာနှင့်အတူ လေယဉ်ဖြင့် မြို့သို့ သွား၏။
၄၅။ မယံ မနုဿေဟိ ဝိနာ အဂ္ဂိရထေန ဂါမံ ဂစ္ဆာမ။ ငါတို့သည် လူတို့မပါပဲ မီးရထားဖြင့် ရွာသို့ သွား၏။

၄၆။ အဟံ နာဝါယ ဝိဟာရံ န ဂစ္ဆာမိ။ ပါဒေန ဝိဟာရံ ဂစ္ဆာမိ။ ငါသည် ကျောင်းသို့ လှေဖြင့် မသွား။ ခြေဖြင့် သွားမည်။
၄၇။ အဟံ သဟာယေန သဒ္ဓိံ ဒီပေ စရာမိ။ ငါသည် သူငယ်ချင်းများနှင့် ကျွန်းပေါ်၌ လှည့်လည်၏။
၄၈။ ဗုဒ္ဓဿ သာဝကာ ဝိနယံ သိက္ခန္တိ။ ဘုရား၏ တပည့်တို့သည် ဝိနည်းကို သင်ကုန်၏၊ (ကျင့်ကုန်၏) သာမိ
၄၉။ သံဃော မနုဿေဟိ သဒ္ဓိံ န ဝသတိ။ သံဃာသည် လူတို့နှင့် အတူ မနေ။
၅၀။ ပုရိသာ တွံ ဓမ္မံ န ရက္ခသိ။ အိုယောကျ်ား သင်သည် တရားကို မစောင့်။ အာလုပ်
၅၁။ ဝိဟာရေ သံဃော အတ္ထိ။ ကျောင်း၌ သံဃာသည် ရှိ၏။ (ဤဝါကျ၌ အတ္ထိသည် အနည်းကိန်း)
၅၂။ ဂါမေ မနုဿာ အတ္ထိ။ ရွာ၌ လူတို့သည် ရှိကြ၏။ (ဤဝါကျ၌ အတ္ထိသည် အများကိန်း)

♠ အတ္ထိ(ရှိ၏, ရှိကုန်၏) နှင့် (နတ္ထိ–မရှိ, မရှိကုန်) တို့ကို အနည်းကိန်းကြိယာအနေဖြင့်လည်းကောင်း အများကိန်း ကြိယာ အနေဖြင့်လည်းကောင်း အသုံးပြုနိုင်သည်။

၅၃။ ရုက္ခေ ဝါနရော နတ္ထိ။ သစ်ပင်၌ မျောက်သည် မရှိ။ (ဤဝါကျ၌ နတ္ထိသည် အနည်းကိန်း)
၅၄။ ဒီပေ သီဟာ နတ္ထိ။ ကျွန်းပေါ်၌ ခြင်္သေ့တို့ မရှိကုန် (ဤဝါကျ၌ နတ္ထိသည် အများကိန်း)
၅၅။ ဗုဒ္ဓေါ အနာထပိဏ္ဍိကဿ အာရာမေ ဝိဟရတိ။ ဘုရားသည် အနာထပိဏ်သူဌေး၏ ကျောင်း၌ သီတင်းသုံး၏။
၅၆။ အနာထပိဏ္ဍိကော သမဏာနံ ပိဏ္ဍပါတံ ဒေတိ။ အနာထပိဏ်သည် ရဟန်းတို့အား ဆွမ်းကို လှူ၏။
၅၇။ အန္တေဝါသိကော အာစရိယံ ဥပသင်္ကမတိ။ အနီးနေတပည့်သည် ဆရာကို ချဉ်းကပ်၏။
၅၈။ အကာလေ ဝါတော ဝါယတိ။ အခါမဲ့၌ လေသည် တိုက်၏။
၅၉။ သမဏာ ဓမ္မေန မနုဿေ နယန္တိ။ ရဟန်းတို့သည် တရားဖြင့် လူတို့ကို ဆောင်ကုန်၏။
၆၀။ တထာဂတာ အာဂန္တုကေဟိ သဒ္ဓိံ သမ္မောဒန္တိ။ ဘုရားတို့သည် အာဂန္တုရဟန်းတို့နှင့်အတူ ဝမ်းမြောက်ကုန်၏။
၆၁။ မိဂေါ စ ဝါနရော စ ဂစ္ဆန္တိ။ သမင်သည်၎င်း မျောက်သည်၎င်း (သမင်နှင့်မျောက်နှစ်ဦးလုံး) သွားကြသည်။
၆၂။ မိဂေါ ဝါ ဝါနရော ဝါ ဂစ္ဆတိ။ သမင်သည်ဖြစ်စေ မြောက်သည်ဖြစ်စေ (တဦးဦး) သွား၏။

♠ စ နှင့် ဝါ သည် သမ္ဗန္ဓနိပါတ်ပုဒ် (စကားဆက်စကားလုံး) များဖြစ်ကြသည်။ စ သည် နှင့်, ၎င်း ဟု အဓိပ္ပါယ်ရသည်။ ဝါ သည် သော်၎င်း, ဖြစ်စေ, သို့မဟုတ် ဟု အဓိပ္ပါယ်ရသည်။

၆၃။ အဟံ ဗုဒ္ဓံ စ ဓမ္မံ စ သံဃံ စ ဝန္ဒာမိ။ ငါသည် ဘုရားကို၎င်း တရားကို၎င်း သံဃာကို၎င်း (သုံးပါးလုံးကို) ရှိခိုး၏။
၆၄။ မနုဿာ သီလေန ဓနံ လဘန္တိ။ လူတို့သည် သီလကြောင့် ဥစ္စာကို ရကုန်၏။

♠ တတိယာကို ကြောင့် ဟု ဘာသာပြန်နိုင်သည်။

၆၆။ သာမဏေရော ဒါနေန ပတ္တံ လဘတိ။ ကိုရင်သည် ဒါနကြောင့် သပိတ်ကို ရ၏။

၆၇။ မယံ ဘာဝနာယ သုခံ လဘာမ။ ငါတို့သည် ဘာဝနာကြောင့် ချမ်းသာကို ရကြကုန်၏။
၆၈။ စောရော သာမဏေရဿ စီဝရံ အဝဟရတိ။ သူခိုးသည် ကိုရင်၏ သင်္ကန်းကို ခိုး၏။
၆၇။ သီဟော သူကရဿ ဂီဝံ ဆိန္ဒတိ။ ခြင်္သေ့သည် ဝက်၏ လည်ပင်းကို ဖြတ်၏။
၆၈။ ဒေဝေါ ဗုဒ္ဓသ္မိံ ပသီဒတိ။ နတ်သည် ဘုရား၌ ကြည်ညို၏။
၆၉။ ဒါရကာ သယနေ သယန္တိ။ ကလေးတို့သည် အိပ်ယာ၌ အိပ်ကြကုန်၏။
၇၀။ တွံ ဓမ္မေ ရမသိ၊ အဟံ ဂါမေ ဝိဟရာမိ။ သင်သည် တရား၌ မွေ့လျော်၏။ ငါသည် ရွာ၌ နေ၏။

## (က) ကတ္တားနှင့် ကြိယာ ပါသော ဝါကျ

၁။ အဟံ ဝန္ဒာမိ။ ကျွန်ုပ်သည် ရှိခိုးပါ၏။
၂။ မယံ ဣစ္ဆာမ။ ကျွန်ုပ်တို့သည် အလိုရှိကြ၏။
၃။ တွံ ပုစ္ဆသိ။ သင်သည် မေး၏။
၄။ တုမှေ သိက္ခထ။ သင်တို့သည် သင်ကြ၏။
၅။ သော ဂစ္ဆတိ။ သူသည် သွား၏။
၆။ ဗုဒ္ဓေါ ဘာသတိ။ ဘုရားရှင်သည် ဟောတော်မူ၏။
၇။ ဗြာဟ္မဏာ ဣစ္ဆန္တိ။ ပုဏ္ဏားတို့သည် အလိုရှိကြကုန်၏။
၈။ ဒါရကော ကီဠတိ။ ကလေးသည် ကစား၏။
၉။ ဒါရကာ ဓာဝန္တိ။ ကလေးတို့သည် ပြေးကြ၏။
၁၀။ လုဒ္ဒေါ ဝဓတိ။ မုဆိုးသည် သတ်၏။

## (ခ) ကတ္တား ကံနှင့် ကြိယာ ပါသော ဝါကျ

၁။ ဗုဒ္ဓေါ ဓမ္မံ ဘာသတိ။ ဘုရားသည် တရားကို ဟော၏။
၂။ သိဿာ အာစရိယံ ပုစ္ဆန္တိ။ တပည့်တို့သည် ဆရာကို မေးကြ၏။
၃။ ကဿကာ ဂေါဏေ ဣစ္ဆန္တိ။ လယ်သမားတို့သည် နွားတို့ကို အလိုရှိကြန်၏။
၄။ ဝါဏိဇာ မိတ္တေ ဣစ္ဆန္တိ။ ကုန်သည်တို့သည် မိတ်ဆွေတို့ကို အလိုရှိကြကုန်၏။
၅။ ဒါရကော အာဟာရံ ခါဒတိ။ ကလေးသည် အစာကို စား၏။
၆။ မယံ သက္ကုံ ယဇာမ။ ငါတို့သည် သိကြားကို ပူဇော်ကြ၏။
၇။ တုမှေ သုဂတံ ဝန္ဒထ။ သင်တို့သည် ဘုရားကို ရှိခိုးကြကုန်၏။
၈။ ကာကော မစ္ဆံ ခါဒတိ။ ကျီးသည် ငါးကို စား၏။
၉။ ယောဓာ စောရေ ဝဓန္တိ။ စစ်သားတို့သည် သူခိုးတို့ကို သတ်ကြကုန်၏။
၁၀။ ဗောဓိသတ္တော ဓမ္မံ သိက္ခတိ။ ဘုရားလောင်းသည် တရားကို ကျင့်၏။

## (ဂ) ကတ္တား, ကံ, ကရိဏ်းနှင့် ကြိယာ ပါသော ဝါကျ

၁။ ဝါဏိဇော ဂါမံ ရထေန ဂစ္ဆတိ။ ကုန်သည်သည် ရွာသို့ ရထားဖြင့် သွား၏။
၂။ ကမ္မကာရာ ပါသာဏေ ဟတ္ထေန နယန္တိ။ အလုပ်သမားတို့သည် ကျောက်ခဲတို့ကို လက်ဖြင့် သယ်ဆောင်ကြ၏။
၃။ ကဿကော ဂါေဏံ ကောဓေန ဝဓတိ။ လယ်သမားသည် နွားကို အမျက်ဖြင့် သတ်၏။

## (ဃ) ကတ္တား, ကံ, သမ္ပဒါန်နှင့် ကြိယာ ပါသော ဝါကျ

၁။ ဗုဒ္ဓေါ ဓမ္မံ မနုဿာနံ ဘာသတိ။ ဘုရားရှင်သည် တရားတော်ကို လူတို့အား ဟောတော်မူ၏။
၂။ အဟံ အာဟာရံ ဒါရကဿ ဒဒါမိ။ ငါသည် အစာကို ကလေးအား ပေး၏။
၃။ မယံ ဩဒနံ မိတ္တာနံ ယာစာမ။ ငါတို့သည် ထမင်းကို မိတ်ဆွေတို့အတွက် တောင်းကြ၏။

## (င) ကတ္တား, ကံ, အပါဒါန်နှင့် ကြိယာ ပါသော ဝါကျ

၁။ ဇောဓိသတ္တော ပဗ္ဗတသ္မာ သမုဒ္ဒံ ဂစ္ဆတိ။ ဘုရားလောင်းသည် တောင်မှ သမုဒ္ဒရာသို့ သွား၏။
၂။ ကမ္မကာရော ပဗ္ဗတသ္မာ ပါသာဏံ နေတိ။ အလုပ်သမားသည် တောင်မှ ကျောက်ခဲကို သယ်၏။
၃။ ဒါရကာ ဂါမသ္မာ မဂ္ဂံ ဓာဝန္တိ။ ကလေးတို့သည် ရွာမှ လမ်းသို့ ပြေးကြ၏။

## (စ) ကတ္တား, ကံ, သာမိ, သမ္ပဒါန်နှင့် ကြိယာ ပါသော ဝါကျ

၁။ အဟံ ဩဒနံ အာစရိယဿ ပုတ္တဿ ဒဒါမိ။ ငါသည် ထမင်းကို ဆရာ၏ သားအား ပေး၏။
၂။ ဗုဒ္ဓေါ ဓမ္မံ သံဃဿ သိဿာနံ ဘာသတိ။ ဘုရားရှင်သည် တရားတော်ကို သံဃာတော်၏ တပည့်တို့အား ဟောတော်၏။
၃။ ဝါဏိဇော အာဟာရံ ကဿကဿ ဂါဏာနံ ဒဒါတိ။ ကုန်သည်သည် အစားအစာကို လယ်သမား၏ နွားများအား ပေး၏။

## (ဆ) ကတ္တား, ဩကာသနှင့် ကြိယာ ပါသော ဝါကျ

၁။ ဒါရကော မဂ္ဂေ ဓာဝတိ။ ကလေးသည် လမ်း၌ ပြေးလွှား၏။
၂။ ဇောဓိသတ္တော ဝနေ ဝသတိ။ ဘုရားလောင်းသည် တော၌ နေ၏။
၃။ မယံ ပဗ္ဗတေ ကီဠာမ။ ငါတို့သည် တောင်၌ ကစားကြ၏။

(ပထမငယ်တန်းပါဠိသဒ္ဒါအသုံးအနှုန်း၁၃၈–၁၄၂)

## ကာရိတ်ဝါကျ

**ကာရိတ် လေးပစ္စည်း**။ ။ဏေ၊ ဏယ၊ ဏာပေ၊ ဏာပယ နောက်ဆက်လေးပစ္စည်းသည် 'ဧ'ဟု အဓိပ္ပါယ်ရသည်။ ၎င်းတို့ကို မူရင်းဓာတ်သို့ ဆက်သည့်အခါ ဏ်–အနုဗန်သည် ကျေပျောက်သွားပြီး ဧ–၊ အယ၊ –ာပေ၊ –ာပယ၊ သာ ကျန်တော့ပြီး မူရင်းဓာတ်၏ အစသရသည် အသံအရှည်သို့ ပြောင်းသွားသည်။

ပုံစံ–ပစ(ချက်) + ဏေ(စေ) + တိ(၏) = ပါစေတိ–ချက်စေ၏ (အချက်ခိုင်း၏)
ပစ+ဏယ+တိ=ပါစယတိ–ချက်စေ၏။
ပစ+ဏာပေ+တိ=ပါစာပေတိ–ချက်စေ၏။
ပစ+ဏာပယ+တိ=ပါစာပယတိ–ချက်စေ၏။

## ကာရိတ် ကတ္တား ကံ အခွဲ

ကာရိတ်ပစ္စည်းမပါလျှင် သုဒ္ဓဝါကျဟုမှတ်။ သုဒ္ဓဝါကျတုန်းက သုဒ္ဓကတ္တားသည် ကာရိတ်ဝါကျ၌ ကံဖြစ်လာ၏။ မြန်မာလို'ကျွန်သည် ရွာသို့ သွား၏'ဟူရာ၌ ကျွန်သည်ဟူသော သုဒ္ဓကတ္တားသည် ကာရိတ်ပစ္စည်း ပါလာသည့်အခါ "သခင်သည် ကျွန်ကို ရွာသို့ သွားစေ၏" ဟူသော ဝါကျ၌ "ကျွန်ကို"ဟု ကံဖြစ်လာသည်။

**သုဒ္ဓဝါကျ**။ ဒါသော ဂါမံ ဂစ္ဆတိ။ ဒါသော–ကျွန်သည်၊ ဂါမံ–ရွာသို့၊ ဂစ္ဆတိ–သွား၏။
**ကာရိတ်ဝါကျ**။ သာမိကော ဒါသံ ဂါမံ ဂမယတိ။ သာမိကော–သခင်သည်၊ ဒါသံ–ကျွန်ကို၊ ဂါမံ–ရွာသို့၊ ဂမယတိ–သွားစေ၏။

## ကာရိတ်ဓာတ်နှင့် ကတ္တား ကံ

"သာမိကော ဒါသံ ဂါမံ ဂမယတိ"ဝါကျ၌ ဒါသောသည် ဂစ္ဆတိ၌ ဂမုဓာတ်၏ ကတ္တားဖြစ်၍ ဓာတ်ကတ္တားမည်၏။ သာမိကောသည် ဂမယတိ၌ ကာရိတ် ဏယပစ္စည်း၏ ကတ္တားဖြစ်၍ ကာရိတ်ကတ္တားမည်၏။ ဒါသံသည် ထိုဏယပစ္စည်း၏ ကံဖြစ်၍ ကာရိတ်ကံ မည်၏။ ကာရိတ်ကံနှင့်ဓာတ်ကတ္တားသည် 'ဒါသ'ချည်းဖြစ်ရကား အရမပြားတော့ပြီ။ ဓာတ်ကတ္တား အခိုက်၌ ဝုတ္တကတ္တားဖြစ်၍ ကာရိတ်ကံအခိုက်မှာ အဝုတ္တကံဖြစ်ရခြင်းသာ ထူး၏။ ထိုကာရိတ်ပစ္စည်း၏ အဝုတ္တကံ နေရာ၌ ဒုတိယာဝိဘတ်သာမက တတိယာ ဆဋ္ဌီဝိဘတ်များလည်း သက်နိုင်သည်။ သို့သော် ပါဠိအဋ္ဌကထာများ၌ကား တတိယာဝိဘတ်နှင့် အရှိများသည်။

ပုံစံ။ သာမိကော ဒါသံ / ဒါသေန / ဒါသဿ ဂါမံ ဂမယတိ။
သာမိကော–အရှင်သည်၊ ဒါသံ/ဒါသေန/ဒါသဿ–ကျွန်ကို၊ ဂါမံ–ရွာသို့၊ ဂမယတိ–သွားစေ၏။

**မှတ်ချက်**။ ။တတိယာနှင့် ဆဋ္ဌီကို ကံအနက်မဟုတ်, ကတ္တားအနက်၌ သက်ရမည်ဟုလည်း ဝါဒတမျိုး ရှိသေး၏။ ထိုဝါဒအလို 'ဒါသေန,ဒါသသ–ကျွန်သည်'ဟု ကတ္တားအနက် ဆိုရသည်။ ထိုသို့ ကတ္တားအနက် ဆိုရာ၌ ဂမယတိဝယ် ဂမုဓာတ်၏ ကတ္တားဟု မှတ်။ တိဝိဘတ်က ထိုဒါသကို မဟော။ သာမမိကောကို ဟောသောကြောင့် "မဟောကတ္တာ တတိယာ"ဆိုသည့်အတိုင်း တတိယာနှင့် ထားသည်။ "ဆဋ္ဌီကတ္တား ရံခါငြားမူ ကတ္တား တတိယာနှင့် တူမြဲတည်း"ဟု အဆိုရှိသောကြောင့် အဝုတ္တကတ္တားအရာဝယ် တတိယာ၏ကိုစားလှယ်အဖြစ်ဖြင့် ဆဋ္ဌီဝိဘတ်ကိုလည်း သုံးစွဲခွင့်ရှိသည်။

## ကံဟော ကာရိတ်ဝါကျ

ကာရိတ်ပစ္စည်းက ကံကို ဟောရာ၌ကား "မဟောကတ္တာ တတိယာ, ဟောရာဟောရာ ပထမာ"ဟူသည်တို့နှင့် အညီ ကတ္တား၌တတိယာ ကာရိက်ကံ၌ ပထမာဝိဘတ်ဖြင့် ထားရာ၏။ ဓာတ်ကံကို မဟောသောကြောင့် ဓာတ်ကံမှာလည်း ဒုတိယာဝိဘတ်ဖြင့် ထားရာ၏။ ပုံစံကား – သာမိကေန ဒါသော ဂါမံ ဂမာပီယတေ။ သာမိကေန–သခင်သည်၊ ဒါသော–ကျွန်ကို၊ ဂါမံ–ရွာသို့၊ ဂမာပီယတေ–သွားစေအပ်၏။

(အခြေပြုသဒ္ဒါ ၅၉၉–၅၉၇)

# ပါဠိသဒ္ဒါတွင် အသုံးပြုသော အခေါ်အဝေါ်များကို လေ့လာခြင်း

## ကာရန်အကြောင်း

တည်သောအခါ၌ဖြစ်စေ, ပြီးသောအခါ၌ဖြစ်စေ အ အာ ဣ ဤ ဥ ဦ ဧ ဩ နှင့် နိဂ္ဂဟိတ်(ံ)ဟူသော အက္ခရာတို့တွင် တလုံးလုံး ဆုံးလျက်ရှိ၏။ ထိုအဆုံးအက္ခရာသည် ကာရန်(ကာရန္တ)မည်၏။

ကာရန်သည် အကာရန္တ အာကာရန္တ ဣကာရန္တ ဤကာရန္တ ဥကာရန္တ ဦကာရန္တ ဧကာရန္တ ဩကာရန္တ နိဂ္ဂဟီတန္တဟူ၍ ကိုးပါးရှိ၏။ ထိုကိုးပါးတို့တွင် ဗုဒ္ဓ, ဓမ္မ စသော နာမ်သည် အ အက္ခရာ အဆုံးရှိသောကြောင့် အကာရန္တမည်၏။ ကညာ, မာလာ စသည်ကား အာကာရန္တ၊ အဂ္ဂိ ရတ္တိ စသည်ကား ဣကာရန္တ၊ ဒဏ္ဍီ နာရီ စသည်ကား ဤကာရန္တ၊ ဘိက္ခု စက္ခု စသည်ကား ဥကာရန္တ၊ သယမ္ဘူ ဇမ္ဗူ စသည်ကား ဦကာရန္တ၊ ဘန္တေ ဘဒ္ဒန္တေ စသည်ကား ဧကာရန္တ၊ ဂေါ စသည်ကား ဩကာရန္တ၊ ကိံ စသည်ကား နိဂ္ဂဟီတန္တ မည်ကုန်၏။

## ဝုစ်နှင့်ကိန်းအကြောင်း

တခု နှစ်ခု စသည်ဖြင့် အရေအတွက်ကို ဖော်ပြခြင်းသည် ဝုစ်မည်၏။ တနည်း ကိန်းမည်၏။ ဝုစ်သည် ဧကဝုစ် ဗဟုဝုစ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် တခုည်းသော အရေအတွက်ကို ဖော်ပြသော ဝုစ်သည် ဧကဝုစ်မည်။ တခုထက်ပိုသော အရေအတွက်ကို ဖော်ပြသောဝုစ်သည် ဗဟုဝုစ်မည်၏။ ဗဟုဝုစ်ကို တို့, များ ဟု ထည့်ပေးပြီး ဘာသာပြန်ရသည်။ ဧကဝုစ်ကို ဘာသာပြန်ရာ၌ တို့, များ ဟု မထည့်ရ။

| | | | | |
|---|---|---|---|---|
| ပုံစံ – | ပုရိသော–ယောကျ်ားသည် | (ဧကဝုစ်) | ပုရိသာ–ယောကျ်ားတို့သည် | (ဗဟုဝုစ်) |
| | စိတ္တံ–စိတ်သည် | (ဧကဝုစ်) | စိတ္တာ, စိတ္တာနိ–စိတ်တို့သည် | (ဗဟုဝုစ်) |
| | ကညာ–သတို့သမီးသည် | (ဧကဝုစ်) | ကညာ, ကညာယော–သတို့သမီးတို့သည် | (ဗဟုဝုစ်) |

## ဝိဘတ်အကြောင်း

ကမ္မကာရက အစရှိသော အပြားနှင့် ဧကဝုစ်အစရှိသော အပြားအားဖြင့် လိင်အနက်ကို ဝေဖန်တတ်သောကြောင့် ဝိဘတ်မည်၏။ ဝိဘတ်သည် နာမ်ဝိဘတ် အာချာတ်ဝိဘတ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် သက်ရှိသက်မဲ့ အရာဝတ္ထုကို မှည့်ခေါ်သော အမည်နာမကို ဝေဖန်စိတ်ဖြာတတ်သော ဝိဘတ်သည် နာမ်ဝိဘတ်မည်၏။ ဝေဖန်ပုံကား – ပုရိသဟူသော နာမ်ပုဒ်ကို ပုရိသော ပုရိသာ၊ ပုရိသံ ပုရိသေ စသည်ဖြင့် အထူးထူးသော ပုဒ်များဖြစ်အောင် ဝေဖန်တတ်၏။ နာမ်ဝိဘတ်သည် နာမ်ပုဒ်၏ အနက်ကိုလည်း ဝေဖန်တတ်သေး၏။ ပုရိသ–ယောကျ်ား ဟူသော အနက်ကို အရင်းထား၍ ယောကျ်ားသည် ယောကျ်ားတို့သည် ယောကျ်ားကို ယောကျ်ားတို့ကို စသည်ဖြင့် ဝေဖန်၏။

သွားခြင်း လာခြင်း စားခြင်း သောက်ခြင်းစသော အပြုအမူကြိယာကို ဝေဖန်စိတ်ဖြာတတ်သော ဝိဘတ်သည် အာချတ်ဝိဘတ်မည်။ ဝေဖန်ပုံကား – ဂစ္ဆတိဟူသော အာချာတ်ပုဒ်ကို ဂစ္ဆတိ ဂစ္ဆန္တိ၊ ဂစ္ဆသိ ဂစ္ဆထ စသည်ဖြင့် အထူးထူးသော ပုဒ်များဖြစ်အောင် ဝေဖန်တတ်၏။ အာချာတ်ဝိဘတ်သည် အနက်ကိုလည်း ဝေဖန်တတ်သေး၏။ ဝေဖန်ပုံကား – ဂမု–သွားခြင်း ဟူသော အနက်ကို အရင်းထား၍ သူ သွားသည်၊ သူတို့သွားကြသည်၊ သင် သွားသည်၊ သင်တို့ သွားကြသည် စသည်ဖြင့် ဝေဖန်၏။

နာမ်ဝိဘတ်သည် ပထမာဝိဘတ်, ဒုတိယာဝိဘတ်, တတိယာဝိဘတ်, စတုတ္ထီဝိဘတ်, ပဉ္စမီဝိဘတ်, ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ် ဟူ၍ ခုနစ်မျိုးရှိ။ အာချာတ်ဝိဘတ်သည် ဝတ္တမာန်ဝိဘတ်, ပဉ္စဝိဘတ်, သတ္တမီဝိဘတ်, ပရောက္ခာဝိဘတ်, ဟိယျတ္တနီဝိဘတ်, အဇ္ဇတ္တနီဝိဘတ်, ဘဝိဿန္တိဝိဘတ်, ကာလာတိပတ္တိဝိဘတ်ဟူ၍ ရှစ်မျိုးရှိ၏။

(ပထမငယ်တန်းပါဠိသဒ္ဒါအသုံးအနှုန်း ၃၃–၃၆)

## ကာရက နှင့် အကာရက

ကြိယာကို ပြုတတ် ဖြစ်စေတတ်သော သတ္တိသည် ကာရကမည်၏။ 'ပုရိသော မဂ္ဂံ ဂစ္ဆတိ– ယောကျ်ားသည် လမ်းသို့သွား၏' ဟူရာ၌ ခြေထောက်ကို မြှောက်ကာ ချကာ ရှေ့သို့ တိုး၍တိုး၍ နေသောအမူအရာသည် ကြိယာမည်၏။ ထိုကြိယာကို ယောကျ်ားကမလုပ်နိုင်၊ ယောကျ်ားသန္တာန်မှာရှိသော သွားနိုင်သော အစွမ်းသသတ္တိကသာ ပြုနိုင်သည်။ လေဖြတ်နေသူသည် မသွားနိုင်။ ကြိယာကို ပြုတတ်သောသတ္တိသည်သာ အစစ်အမှန် ကာရကမည်သသည်။ သို့သော်လည်း သွားနိုင်သော သတ္တိရှိသော 'ပုရိသော–ယောကျ်ား' ကိုလည်း သတ္တိကိုယ်စား ကာရကဟု ခေါ်ရလေသည်။

**သမ္ဗာန် အာလုပ်** အစရှိသော အနက်တို့သည် ကြိယာနှင့် မစပ်သောကြောင့် **အကာရက**မည်၏။ **ဟိတ် လက္ခဏ** အစရှိသော အနက်တို့သည် ကြိယာနှင့် စပ်သည်ဖြစ်၍ ကြိယာ၏ အကြောင်းဖြစ်သော်လည်း စင်စစ် ကြိယာဟူသော အကျိုးမရှိသောကြောင့် **အကာရက**မည်၏။ (အခြေပြုသဒ္ဒါကာရကနိဒါန်းကောက်နုတ်ချက်)

**ကာရက ၆ မျိုး** ၁။ သည် ဟု ဘာသာပြန်သော ကတ္တုကာရက
၂။ ကို သို့ ဟု ဘာသာပြန်သော ကမ္မကာရက
၃။ နှင့် ဖြင့် ဟု ဘာသာပြန်သော ကရဏကာရက
၄။ အား ငှာ ဟု ဘာသာပြန်သော သမ္ပဒါနကာရက
၅။ မှ အောက် ထက် ဟု ဘာသာပြန်ရသော အပါဒါနကာရက
၆။ ၌ မှာ ဝယ် ဟု ဘာသာပြန်ရသော ဩကာသကာရက

**အကာရကများ** ကြောင့် (ဟိတ်) နှင့် (သဟာဒိယောဂ) သမ္ဗာန်(၏) နိဒ္ဓါရဏ(တွင်) အို(အာလုပ်) ပတ်လုံး, တိုင်တိုင်(အစ္စန္တသံယောဂ) သော်, လသော်(လက္ခဏ) စဉ်(အနာဒရိယ)သော, ထသော (ဝိသေသန) စွာ(ကြိယာဝိသေသန) ဟု ဘာသာပြန်ရသော စကားလုံးများသည် အကာရကများ ဖြစ်ကြသည်။ အချုပ်အားဖြင့် **ကာရက ၆–ပါးမှ လွဲရင် အကာရက**ဟု မှတ်ပါ။

(စနစ်သစ်ပါဠိသဒ္ဒါ–၂၆၆)

**အမှာ။** ဖတ်စာဝါကျများ ဖတ်ပြီးရင် ကာရက အကာရက ခွဲကြည့်ပါ။ ဥပမာ – ပုရိသော မဂ္ဂံ ဂစ္ဆတိ၌ ပုရိသော ကား ကတ္တုကာရက၊ မဂ္ဂံ ကား ကမ္မကာရက။ တွံ အန္ဓေန ဝသသိ ၌ တွံသည် ကတ္တုကာရက၊ အန္ဓေန ကား အကာရက ဟု စသည်ဖြင့် ခွဲခြားသိရန် ကြိုးစားပါ။

## တုမှ သဒ္ဒါ ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | တွံ, တုဝံ | တုမှေ, ဝေါ |
| ဒု။ | တံ, တဝံ, တုဝံ, တွံ | တုမှေ, တုမှာကံ, ဝေါ |
| တ။ | တယာ, တွယာ, တေ | တုမှေဟိ, တုမှေဘိ, ဝေါ |
| စ။ | တဝ, တုယှံ, တုမှံ, တေ | တုမှာကံ, တုမှံ, ဝေါ |
| ပဉ္စမီ။ | တယာ, တွယာ | တုမှေဟိ, တုမှေဘိ, ဝေါ |
| ဆ။ | တဝ, တုယှံ, တုမှံ, တေ | တုမှာကံ, တုမှံ, ဝေါ |
| သ။ | တယိ, တွယိ | တုမှေသု |

## တုမှ သဒ္ဒါ ရုပ်ပြီးပုံ

ပ   တုမှ + သိ = တွံ, တုဝံ   တုမှ + ယော = တုမှေ   တုမှ + ယော = ဝေါ
(ေ–)

ဒု   တုမှ + အံ = တံ, တဝံ, တုဝံ, တွံ (တုမှေ,ဝေါ ပ–ယောနှင့်တူ) တုမှ + ယော = တုမှာကံ
(–ါကံ)

တ   တုမှ+နာ=တယာ   တုမှ+နာ= တယာ / တွ   တုမှ+နာ=တေ

တုမှ + ဟိ = တုမှေဟိ ၊ တုမှေဘိ   တုမှ+ဟိ= ဝေါ
(မ်+ါ>ေ) (ဘိ)

စ/ဆ   တုမှ+သ = တဝ, တုယှံ, တေ   တုမှ + သ = တုမှံ
(ံ)

တုမှ + နံ = တုမှာကံ   တုမှ + နံ = တုမှံ   တုမှ + နံ = ဝေါ
(–ါကံ) (ံ)

ပဉ္စမီ   တုမှ + သ္မာ= တယာ, တွယာ (တုမှေဟိ တုမှေဘိ ဝေါ တတိယနှင့်တူ)
(နာ) (တွ)

သ   တုမှ + သ္မိံ = တယိ, တွယိ   တုမှ + သု = တုမှေသု
(တွ) (မ်+ါ>ေ)

## အမှ သဒ္ဒါ ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | အဟံ | မယံ, အမှေ, နော |
| ဒု။ | မံ, မမံ | အမှေ, အမှာကံ, နော |
| တ။ | မယာ, မေ | အမှေဟိ, အမှေဘိ, နော |
| စ။ | မမ, မယှံ, အမှံ, မမံ, မေ | အမှာကံ, အသ္မာကံ, အမှံ, နော |
| ပဉ္စ။ | မယာ, မေ | အမှေဟိ, အမှေဘိ, နော |
| ဆ။ | မမ, မယှံ, အမှံ, မမံ, မေ | အမှာကံ, အသ္မာကံ, အမှံ, နော |
| သ။ | မယိ | အမှေသု, အသ္မေသု |

## အမှ သဒ္ဒါ ရုပ်ပြီးပုံ

ပ    အမှ+သိ = အဟံ    အမှ+ယော = မယံ    အမှ + ယော = အမှေ    အမှ+ယော=နော
ေ–

ဒု    အမှ+အံ= မံ, မမံ    အမှ+ယော = အမှေ    အမှ+ယော=အမှာကံ    အမှ+ယော=နော
ေ–    –ါကံ

တ    အမှ+နာ=မယာ    အမှ+နာ=မေ    အမှ + ဟိ=အမှေဟိ/အမှေဘိ    အမှ+ဟိ=နော
မ်+ါ>ေ

စ/ဆ    အမှ+သ=မမ, မယှံ, မမံ, မေ    အမှ+သ=အမှံ    အမှ+ နံ = အမှာကံ
i    –ါကံ

အမှ + နံ =အသ္မာကံ    အမှ+ နံ = အမှံ    အမှ+နံ=နော
အသ္မ –ါကံ    i

သ    အမှ+သ္မိံ = မယိ    အမှ + သု = အမှေသု    အမှ + သု = အသ္မေသု
မ်+ါ>ေ    အသ္မ
သ္မ်+ါ>ေ

## စည်းမျဉ်းများ

၆၉။ အမှသ္မာ မမံ သဝိဘတ္တိသ္မာ သေ။ သ ကြောင့် အမှသည် သနှင့်အတူ မမ သို့ပြောင်းသည်။
၇၀။ မယံ ယောမှိ ပဌမေ။ ပထမာ ယော ကြောင့် အမှသည် ယောနှင့်အတူ မယံ သို့ပြောင်းသည်။
၈၈။ တုမှာမှာကံ တယိမယိ။ သ္မိံ ကြောင့် တုမှ အမှ တို့သည် သ္မိံနှင့်အတူ အစဉ်အတိုင်း တယိ မယိ သို့ပြောင်းသည်။
၈၉။ တွ-မဟံ သိမှိ စ။ သိကြောင့် တုမှ အမှ တို့သည် သိနှင့်အတူ အစဉ်အတိုင်း တွံ အဟံ သို့ပြောင်းသည်။
(တွံအဟံစ၌ စဖြင့် သိနှင့်အတူ တုမှသည် တုဝံ သို့လည်း ပြောင်းသေး၏။ တုဝံ–သင်သည်)
၉၀။ တဝ မမ သေ။ သကြောင့် တုမှ အမှ တို့သည် သနှင့်အတူ အစဉ်အတိုင်း တဝ မမ သို့ပြောင်းသည်။
၉၁။ တုယှံ မယှဉ္စ။ သကြောင့် တုမှ အမှ တို့သည် သနှင့်အတူ အစဉ်အတိုင်း တုယှံ မယှံ သို့ပြောင်းသည်။
၉၂။ တံမ-မံမှိ။ အံ ကြောင့် တုမှ အမှ တို့သည် အံနှင့်အတူ အစဉ်အတိုင်း တံ မံ သို့ပြောင်းသည်။
၉၃။ တဝံ မမဉ္စ နဝါ။ တခါတရံ အံကြောင့် တုမှ အမှ တို့သည် အံနှင့်အတူ အစဉ်အတိုင်း တဝံ မမံ
သို့ပြောင်းသည်။
၉၄။ နာမှိ တယာ မယာ။ နာကြောင့် တုမှ အမှ တို့သည် နာနှင့်အတူ အစဉ်အတိုင်း တယာ မယာ သို့ပြောင်းသည်။
၉၅။ တုမှဿ တုဝံ တွမံမှိ။ အံကြောင့် တုမှ သည် အံနှင့်အတူ အစဉ်အတိုင်း တုဝံ တွံ သို့ပြောင်းသည်။
၉၆။ ပဒတော[1] ဒုတိယာစတုတ္ထီဆဋ္ဌီသု ဝေါနော။ ဒုတိယာ စတုတ္ထီ ဆဋ္ဌီ ဗဟုဝုစ်ဝိဘတ်ကြောင့် တုမှ အမှ တို့သည်
ဝိဘတ်နှင့်အတူ အစဉ်အတိုင်း ဝေါ နော သို့ပြောင်းသည်။
၉၇။ တေမေ–ကဝစနေသုစ။ စတုတ္ထီ ဆဋ္ဌီ ဧကဝုစ်ဝိဘတ်ကြောင့် တုမှ အမှ တို့သည်ဝိဘတ်နှင့် အတူအစဉ်အတိုင်း
တေ မေ သို့ပြောင်းသည်။
၉၈။ န အံမှိ။ အံကြောင့် တုမှ အမှ တို့သည်ဝိဘတ်နှင့်အတူ အစဉ်အတိုင်း တေ မေ သို့ မပြောင်းပါ။
၉၉။ ဝါတတိယေစ။ တတိယာ ဧကဝုစ်ဝိဘတ်ကြောင့် တုမှ အမှ တို့သည် ဝိဘတ်နှင့်အတူ အစဉ်အတိုင်း တေ
မေ သို့ပြောင်းသည်။
၁၀၀။ ဗဟုဝစနေသု ဝေါနော။ **တတိယာ**နှင့် **ပထမာ**ဗဟုဝုစ် ဝိဘတ်ကြောင့် တုမှ အမှ တို့သည် ဝိဘတ်နှင့်အတူ
အစဉ်အတိုင်း ဝေါ နော သို့ပြောင်းသည်။(ဗဟုဝစနေသုဖြင့် ပထမာယောကိုလည်းယူ)
၁၁၀။ တုမှာ-မှေဟိ နာမာကံ။ တုမှ အမှ သဒ္ဒါတို့မှာ နောက်ဖြစ်သော နံသည် အာကံသို့ ပြောင်းသည်။
၁၁၁။ ဝါယောပ္ပဌမော။ တုမှ အမှ သဒ္ဒါတို့မှာ နောက်ဖြစ်သော ပထမာမဟုတ်သော ယောသည် အာကံသို့
တခါတရံ ပြောင်းသည်။
၁၁၂။ သဿံ။ တုမှ အမှ သဒ္ဒါတို့မှ နောက်၌ ဖြစ်သော သသည် အံသို့ပြောင်းသည်။
၁၁၃။ သဗ္ဗနာမ-ကာရတေ ပဌမော။ သဗ္ဗနာမ် အကာရန္တမှ နောက်ဖြစ်သော ပဌမာယောသည် ဧသို့ပြောင်းသည်။
၁၅၉။ တယာတယီနံ တကာရော တွတ္တံ ဝါ။ တယာအပြု တယိအပြုတို့၏ တသည် တွသို့ တခါတရံ ပြောင်းသည်။
(သဗ္ဗယောနိမာဧ၊ သုဟိသွကာရေဧ၊ အမှတုမှန္တု–စသည်၊ တေသုဝုဓိ(အမှကို အသ္မပြု) –စသည်လည်း ပါ)

---

၁ 'ပဒတော ပရေသံ'ဟု ဖွင့်၍ ဝေါ နောတို့ကို တပုဒ်နှစ်ပုဒ်နောင် ထားရမည်။ 'ဝေါ ဂါမံ ဂစ္ဆေယျာသိ' ဟု
မထားရ၊ 'ဂါမံ ဝေါ ဂစ္ဆေယျာသိ' ဟု ထားပါ။

၁။ ဗုဒ္ဓေါ အမှေ ဝိနေတိ။ ဘုရားသည် ကျွန်ုပ်တို့ကို ဆုံးမ၏။
၂။ အဟံ တံ ပုစ္ဆာမိ။ ကျွန်ုပ်သည် သင့်ကို မေး၏။
၃။ တွံ မယာ သဟ န တိဋ္ဌသိ။ သင်သည် ကျွန်ုပ်နှင့်အတူ မရပ်။
၄။ တဝ အာစရိယော တယာ သဒ္ဓိံ ဘာသတိ။ သင်၏ ဆရာသည် သင်နှင့်အတူ စကားပြော၏။
၅။ မယံ ကာယက<u>တော</u> ဝါ ဝါဏိဇ<u>တော</u> ဝါ အာဟာရံ လဘာမ။ ကျွန်ုပ်တို့သည် လယ်သမားထံမှဖြစ်စေ ကုန်သည်ထံမှဖြစ်စေ အစာအဟာရကို ရကုန်၏။

♠ တော ဟူသော နောက်ဆက်ကို အပါဒါန်ဝိဘတ်အဖြစ် အသုံးပြုနိုင်သည်။ ပုံစံ – ကာယတော–ကိုယ်မှ။ ကရဏနှင့် အပါဒါန ကို ရံခါ ကြောင့် ဟု ဘာသာပြန်ဆိုနိုင်သည်။ ပုံစံ – အာဟာရေန အာဗာဓော ဘဝတိ။ အစာကြောင့် အနာ ဖြစ်သည်။ အာဟာရတော မယံ ဇီဝါမ။ အစာကြောင့် ကျွန်ုပ်တို့ အသက်ရှင်ကြ၏။

၆။ မမ အာစရိယော တံ စ မံ စ ဝိနေတိ။ ငါ၏ ဆရာသည် သင့်ကိုငှင်း ကျွန်ုကိုငှင်း ဆုံးမ၏။
၇။ ဗုဒ္ဓတော စ ဓမ္မတော စ သံဃတော စ လောကေ အလောကော ဘဝတိ။ ဘုရားကြောင့်ငှင်း တရားကြောင့်ငှင်း သံဃာကြောင့်ငှင်း လောက၌ အလင်းရောင်သည် ဖြစ်ပေါ်၏။
၈။ ဂါမေ စ ဝိဟာရေ စ အမှာကံ သဟာယာ အတ္ထိ။ ရွာ၌ငှင်း ကျောင်း၌ငှင်း ကျွန်ုပ်တို့၏ မိတ်ဆွေများသည် ရှိကုန်၏။
၉။ အမှာကံ ကာယေ ဟတ္ထာ စ ပါဒါ စ အတ္ထိ။ ငါတို့၏ ကိုယ်၌ လက်တို့သည်ငှင်း ခြေတို့သည်ငှင်း ရှိကုန်၏။
၁၀။ အမှာကံ ကာယေ ကေသာ အတ္ထိ။ ကျွန်ုပ်တို့၏ ကိုယ်၌ ဆံပင်တို့သည် ရှိကုန်၏။
၁၁။ ဗောဓိသတ္တော မံ စ မမ သာဝကေ စ ဝိနေတိ။ ဘုရားလောင်းသည် ကျွန်ုပ်ကိုငှင်း ကျွန်ုပ်၏ တပည့်ကိုငှင်း ဆုံးမ၏။
၁၂။ တဝ သာဝကော တယာ ဝိနာ န ဝသတိ။ သင်၏ တပည့်သည် သင်နှင့် ကင်း၍ မနေ။
၁၃။ သဟာယော <u>မေ</u> အာဂစ္ဆတိ။ ငါ၏ သူငယ်ချင်းသည် လာ၏။
၁၄။ သဟာယော <u>တေ</u> န အာဂစ္ဆတိ။ သင်၏ သူငယ်ချင်းသည် မလာ။
၁၅။ အာစရိယော <u>ဝေါ</u> ဓမ္မံ ဒေသေတိ။ သင်တို့၏ ဆရာသည် တရားဟော၏။
၁၆။ အာစရိယော <u>နော</u> ကမ္မဋ္ဌာနံ ဒေတိ။ ငါတို့၏ ဆရာသည် ကမ္မဋ္ဌာန်းပေး၏။

♠ (တေ၊ မေ၊ ဝေါ၊ နော နာမ်စားပုဒ်များကို ဝါကျ၏ အစ၌ ထားသုံးလေ့မရှိ။ တပုဒ်နောက်၌ ထားသုံးသည်။ မေ သဟာယော, တေ သဟာယော, ဝေါ အာစရိယော, နော အာစရိယာ ဟု မသုံးရ။ စ၊ ဝါ၊ ဧဝ စသော နိပါတ်ပုဒ်တို့နှင့် ယှဉ်တွဲ၍လည်း မသုံးရ)

၁၇။ သာရိပုတ္တော အမှာကံ အာစရိယော ဟောတိ။ သာရိပုတြာသည် ငါတို့၏ ဆရာ ဖြစ်သည်။
၁၈။ အမှာကံ ဂေဟေ အဿာ စ ဂေါဏာ စ သကုဏာ စ အတ္ထိ။ ငါတို့၏အိမ်၌ မြင်းတို့သည်ငှင်း နွားတို့သည်ငှင်း ငှက်တို့သည်ငှင်း ရှိကုန်၏။

## အတိတ်ကြိယာ

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
| --- | --- | --- |
| နာမ | ဤ် (ီ) | ဉ့် (ုံ) |
| တုမှ | ဩ (ေါ) | တ္ထ |
| အမှ | ဣံ(ိံ) | မှာ |

## ရုပ်စဉ်ပုံ

| ယောဂ | **ဧကဝုစ်** | ဗဟုဝုစ် |
| --- | --- | --- |
| နာမ | အဘဝီ၊ ဘဝီ၊ အဘဝိ၊ ဘဝိ | အဘဝုံ၊ ဘဝုံ၊ အဘဝိံသု၊ ဘဝိံသု၊ အဘဝံသု၊ ဘဝံသု |
| တုမှ | အဘဝေါ၊ ဘဝေါ၊ အဘဝ၊ ဘဝ၊ အဘဝိ၊ ဘဝိ | အဘဝိတ္ထ၊ ဘဝိတ္ထ၊ အဘဝုတ္ထ၊ ဘဝုတ္ထ |
| အမှ | အဘဝိံ၊ ဘဝိံ၊ | အဘဝိမှာ၊ ဘဝိမှာ၊ အဘဝိမှ၊ ဘဝိမှ၊ အဘဝုမှာ၊ ဘဝုမှာ၊ အဘဝုမှ၊ ဘဝုမှ |

## စည်းမျဉ်းများ

၈၆။ ကရဿကာသတ္တမဇ္ဇတ္တနီမှိ။ ကရ် သည် ကာသ် သို့ပြောင်းသည်။ ကရ် မှတပါးသော ဓာတ်နောင် သလာသည်။
၉၉။ သဗ္ဗတော ဉံ ဣံသု။ ဉံ (ုံ) မှ ဣံသု (ိံသု) အံသု (ံသု) အာသုံ (ါသုံ) သို့ ပြောင်းသည်။
၁၁၁။ ဣကာရာဂမော အသဗ္ဗဓာနုကမှိ။ တ္ထ, မှာ ရှေ့၌ <u>တခါတရံ</u> ဣ(ိ)လာသည်။
၁၁၂။ (က) တ္ထ, မှာ ရှေ့၌ ဉ(ု)လာသည်။
(ခ) ဩ (ေါ) သည် အ (ါ), ဣ (ိ) တ္ထ, တ္ထော သို့ ပြောင်းသည်။
(ဂ) ဤ် (ီ) မှ ဣ (ိ) သို့၊ မှာ မှ မှ သို့ ပြောင်းသည်။ (ကစ္စည်းဘာဋီ–ဒု၊ ၄၀၄–၄၀၅)
၁၁၄။ အကာရာဂမော ဟိယျတ္တနီ အဇ္ဇတ္တနီ ကာလာတိပတ္တီသု။ ဓာတ်အစ၌ <u>တခါတရံ</u> အ (ါ) လာသည်။

## ရုပ်ပြီးပုံ

(အ) ဘူ + ီ = အဘဝီ ဤ် ( )သင်္ကေတကို လာသည်ဟု မှတ်ပါ။
ဘ်+ူ>ေ–ါ> ၊ ဝ်
♠ အ မလာရင် ဘဝီ၊ ီ မှ ိ သို့ ပြောင်းရင် ဘဝိ ဖြစ်သည်။

အဘဝ် + ုံ = အဘဝုံ အဘဝ် + ုံ > ိံသု = အဘဝိံသု

အဘဝ်+ ံု > ံသု = အဘဝံသု

အဘဝ် + ေ–ါ = အဘဝေါ　　　အဘဝ် + ေ–ါ> ၊ = အဘဝ
အဘဝ် + ေ–ါ> ိ = အဘဝိ

အဘဝ် + (ိ) တ္တ = အဘဝိတ္တ　　　အဘဝ် + (ု) တ္တ = အဘဝုတ္တ
အဘဝ် + ိံ = အဘဝိံ　　　အဘဝ် + (ိ) မှာ = အဘဝိမှာ /အဘဝိမှ
မှ

အဘဝ် + ( ု ) မှာ = အဘဝုမှာ /အဘဝုမှ
မှ

**ဝစ်(ပြော) ဓာတ်ဖြင့် ရုပ်စဉ်ပုံ**

(ဤ) အဝေါစီ၊ အဝေါစိ　　　(ဉ်) အဝေါစုံ
(ဿ) အဝေါစော၊ အဝေါစ၊ အဝေါစိ　　　(တ္တ) အဝေါစိတ္တ၊ အဝေါစုတ္တ
(ဣံ) အဝေါစိံ　　　(မှာ) အဝေါစိမှာ၊ အဝေါစိမှ၊ အဝေါစုမှာ အဝေါစုမှ

(အ) ဝစ် + ီ =အဝေါစီ　　　(အ) ဝစ် + ီ =အဝစီ (ဝ–၏ အ သည် ဩသို့မပြောင်းသည့်ပုံ)
ဝ်+၊>ေ–ါ

(အ) ဂမ်(သွား) + ံု > –ါသုံ = အဂမာသုံ

(အ) ကရ် (ပြု) + ေ–ါ + ီ > ိ = အကာသိ　　♠ ဤ ＼သင်္ကေတကို ချေဖျက်သည်ဟု မှတ်ပါ။
ကာသ

(အ) ဒါ + (သ) ီ > ိ = အဒါသိ　　　(အ) ဟူ + (သ) ီ > ိ = အဟောသိ
ဟ်+ူ > ေ–ါ

♠ "ဘဂဝါ တေဒဝေါစ"၌ အဝေါစ ပြီးပုံ
(အ) ဝစ + အာ (အတ္တနောပုဒ် အာဝိဘတ်)
ဝေါ　အ
♠ ပဋိသေဝိတ္တ, ပဋိသေဝိတ္တော–မှီဝဲသုံးဆောင်ခံစားပြီ။ ဩကို တ္တ,တ္တောပြု (ကစ္စည်းဘာဠိ ၄၀၆)

# အတိတ်ဝါကျများ

၁။ ဗုဒ္ဓေါ သာဝကာနံ ဓမ္မံ အဘာသိ။(ဘာသ်–ဟော) ဘုရားသည် တပည့်တို့အား တရားကို ဟောပြီ။
၂။ ဝါဏိဇာ သမဏာနံ ပိဏ္ဍပါတံ အဒံသု။(ဒါ–ပေး) ကုန်သည်တို့သည် ရဟန်းတို့အား ဆွမ်းကို လှူကုန်ပြီ။
၃။ ဝိဟာရေ သမဏာ ဝိနယံ သိက္ခိံသု။ (သိက္ခ်–သင်ယူ) ကျောင်း၌ ရဟန်းတို့သည် ဝိနည်းကို သင်ယူကုန်၏။
၄။ အာစရိယော မေ ဂါမံ ယာသိ။ (ယာ–သွား) ငါ၏ ဆရာသည် ရွာသို့ သွားပြီ။
၅။ တဝ ပုတ္တော မဂ္ဂေ ကီဠိ။ (ကီဠ်–ကစား) သင်၏ သားသည် လမ်း၌ ကစားပြီ။
၆။ တွံ သဟာယကာနံ ဂါမေ န ရမိ။ (ရမ်–ပျော်) သင်သည် သူငယ်ချင်းတို့၏ ရွာ၌ မပျော်ပိုက်ခဲ့။
၇။ တုမှေ အမှာကံ အာဟာရံ အဒါသိတ္ထ။ (ဒါ–ပေး) သင်တို့သည် ကျွန်ုပ်တို့အား အစာကို ပေးကုန်ပြီ။
၈။ အဟံ သဟာယကေဟိ သဒ္ဓိံ ဒီပေ အစရိံ။ (စရ်–သွား) ကျွန်ုပ်သည် သူငယ်ချင်းများနှင့်အတူ ကျွန်းပေါ်၌ လှည့်လည်ခဲ့ပြီ။
၉။ မယံ ဂါမတော ပိဏ္ဍပါတံ လဘိမှာ။ (လဘ်–ရ) ကျွန်ုပ်တို့သည် ရွာမှ ဆွမ်းကို ရခဲ့ကုန်ပြီ။
၁၀။ ဗောဓိသတ္တော မနုဿေ ဝိနေသိ။ (ဝိနေ–ဆုံးမ) ဘုရားလောင်းသည် လူတို့ကို ဆုံးမပြီ။
၁၁။ လောကေ ဓမ္မဿ အာလောကော အဘဝိ။ (ဘဝ်–ဖြစ်)
၁၂။ ဝါနရော ရုက္ခေ နိသီဒိ။ မျောက်သည် သစ်ပင်ပေါ်၌ ထိုင်ပြီ။ (နိသီဒ–ထိုင်)
၁၃။ အာစရိယော တေ တယာ သဒ္ဓိံ အဘာသိ။ သင်၏ဆရာသည် သင်နှင့်အတူ စကားပြောပြီ။
၁၄။ သမဏာ ဂါမေ ပိဏ္ဍပါတံ ဘုဉ္ဇိံသု။ (ဘုဉ္ဇ–စား) ရဟန်းတို့သည် ရွာ၌ ဆွမ်းကို စားကုန်ပြီ။
၁၅။ မနုဿာ သာလာယံ ဘတ္တံ ဘုဉ္ဇိံသု။ လူတို့သည် ဇရပ်၌ ထမင်းကို စားကုန်၏။
၁၆။ မနုဿာ တိဏာနိ ဂါမံ ဟရိံသု။ (ဟရ်–ဆောင်) လူတို့သည် မြက်တို့ကို ရွာသို့ ဆောင်ကြကုန်၏။
၁၇။ မယံ ဓမ္မေန ရမိမှာ။ ငါတို့သည် တရားဖြင့် ပျော်ခဲ့ကုန်ပြီ။
၁၈။ တုမှေ မဂ္ဂေ အဋ္ဌာသိတ္ထ။ (ဌာ–တည်) သင်တို့သည် လမ်း၌ ရပ်တည်ခဲ့ကြကုန်ပြီ။
၁၉။ အာစရိယော မေ ဓမ္မေန သာဝကေ ဝိနေသိ။ ကျွန်ုပ်၏ ဆရာသည် တရားသဖြင့် တပည့်တို့ကို ဆုံးမပြီ။
၂၀။ ဗုဒ္ဓဿ ဓမ္မော သီဟဠဒီပေ အဋ္ဌာသိ။ ဘုရား၏ တရားသည် သီဟိုဠ်ကျွန်း၌ တည်ပြီ။
၂၁။ ကုစ္ဆိသ္မိံ မေ အာဗာဓော အဘဝိ။ ကျွန်ုပ်၏ ဝမ်းဗိုက်၌ အနာသည် ဖြစ်ပေါ်ခဲ့ပြီ။
၂၂။ ဂေါတမော နာမ ဗုဒ္ဓေါ လောကေ အဟောသိ။(ဟူ–ဖြစ်)ဂေါတမမည်သော ဘုရားသည် လောက၌ ဖြစ်ပေါ်ခဲ့ပြီ။
၂၃။ အဟံ ဝိဟာရေ သမဏေန သဟ အဝသိံ။ ငါသည် ရဟန်းနှင့် အတူ ကျောင်း၌ နေခဲ့ပြီ။
၂၄။ မယံ တယာ သဟ နာဝါယ စစ်ကိုင်းပဗ္ဗတံ အဂမိမှာ။ ငါတို့သည် သင်နှင့်အတူ လှေဖြင့် စစ်ကိုင်းတောင်သို့ သွားခဲ့ကုန်ပြီ။
၂၅။ တုမှေ ဗုဒ္ဓသာသနေ သံဃဿ စီဝရံ အဒတ္ထ။ (ဒါ–ပေး) သင်တို့သည် ဘုရားသာသနာ၌ သံဃာအား သင်္ကန်းကို လှူခဲ့ကုန်ပြီ။
၂၆။ မယံ ရန်ကုန်နဂရတော မန္တလေးနဂရံ အဂ္ဂိရထေန အဂမိမှ။ ငါတို့သည် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မီးရထားဖြင့် သွားခဲ့ကြကုန်ပြီ။

## သဗ္ဗနာမ်ဂိုဏ်းဝင် ယ (အကြင်) သဒ္ဒါ ပုလ္လိင်ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | ယော | ယေ |
| ဒု။ | ယံ | ယေ |
| တ။ | ယေန | ယေဟိ၊ ယေဘိ |
| စ။ | ယဿ | ယေသံ၊ ယေသာနံ |
| ပ‌ီ။ | ယသ္မာ၊ ယမှာ | ယေဟိ၊ ယေဘိ |
| ဆ။ | ယဿ | ယေသံ၊ ယေသာနံ |
| သ။ | ယသ္မိံ၊ ယမှိ | ယေသု |

## ယ (အကြင်) သဒ္ဒါ နပုလ္လိင် ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | ယံ | ယာနိ |
| ဒု။ | ယံ | ယာနိ |

(တတိယာမှ စ၍ ကျန်းအာလုံး ပုံလိန်နှင့်တူသည်)

## ယ သဒ္ဒါ ပုလ္လိင် ရုပ်ပြီးပုံ

| | | |
|---|---|---|
| ပ။ | ယ + သိ = ယော | ယ + ယော = ယေ |
| | ေ–ါ | ေ– |
| ဒု။ | ယ + ṁ = ယံ | ယ + ယော =ယေ |
| | | ေ– |
| တ။ | ယ + နာ = ယေန | ယ + ဟိ = ယေဟိ / ယေဘိ |
| | | ယ်+ၢ>ေ– ဘိ |
| စ/ဆ။ | ယ + သ = ယဿ | ယ + နံ = ယေသံ / ယေသာနံ |
| | (သ) | ယ်+ၢ>ေ– သံ /သာနံ |
| သ။ | ယ + သ္မိံ = ယသ္မိံ/ယမှိ | ယ + သု = ယေသု |
| | မှိ | ယ်+ၢ>ေ– |

## ယ သဒ္ဒါ နပုလ္လိင် ရုပ်ပြီးပုံ

ပ။ ယ + <u>သိ</u> = ယံ                ယ + <u>ယော</u> = ယာနိ

ံ                ယ်+।>–ါ  နိ

ဒု။ ယ + ႆ = ယံ                ယာနိ (ပထမာနှင့်တူသည်)

### စည်းမျဉ်းများ

၅၁။ သဗ္ဗနာမာနံ နံမှိစ။ နံ ကြောင့် သဗ္ဗနာမ်တို့၏ အ (၊) သည် ေ– သို့ပြောင်းသည်။

၁၁၃။ သဗ္ဗနာမ ကာရတေ ပဌမော။ သဗ္ဗနာမ်အကာရန္တမှ နောက်ဖြစ်သော ပဌမာယောသည် ေ–သို့ပြောင်းသည်။

၁၁၇။ သဗ္ဗတော နံ သံ သာနံ။ သဗ္ဗနာမ်ပုဒ်မှ နောက်ဖြစ်သော နံ သည် သံ / သာနံ သို့ပြောင်းသည်။

## တ (ထို) သဒ္ဒါ ပုလ္လိင် ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | သော | နေ၊ တေ |
| ဒု။ | နံ၊ တံ | နေ၊ တေ |
| တ။ | နေန၊ တေန | နေဟိ၊ နေဘိ၊ တေဟိ၊ တေဘိ |
| စ။ | နဿ၊ အဿ၊ တဿ | နေသံ၊ နေသာနံ၊ တေသံ၊ တေသာနံ |
| မီ။ | နသ္မာ၊ အသ္မာ၊ တသ္မာ၊ နမှာ၊ တမှာ | နေဟိ၊ နေဘိ၊ တေဟိ၊ တေဘိ |
| ဆ။ | နဿ၊ အဿ၊ တဿ | နေသံ၊ နေသာနံ၊ တေသံ၊ တေသာနံ |
| သ။ | နသ္မိံ၊ အသ္မိံ၊ တသ္မိံ၊ နမှိ၊ တမှိ | နေသု၊ တေသု |

## တ သဒ္ဒါ နပုလ္လိင် ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | နံ၊ တံ | နာနိ၊ တာနိ |
| ဒု။ | နံ၊ တံ | နာနိ၊ တာနိ |

## တသဒ္ဒါ ပုံလ္လိင် ရုပ်ပြီးပုံ

တ — သ / အ / န

**မှတ်ချက်**။ တ သည် သ သို့၄င်း, န သို့၄င်း, အ သို့၄င်း ပြောင်းနိုင်ပုံကို သတိပြုပါ။

| | | | |
|---|---|---|---|
| ပ။ | တ + သိ = သော<br>သ | တ + ယော = တေ<br>ေ– | တ + ယော = နေ<br>န ေ– |
| ဒု။ | တ + ံ = နံ<br>န | တ + ံ = တံ | (နေ၊တေ ပထမာနှင့်တူ) |
| တ။ | တ + နာ = နေန<br>န ေ–န | တ + နာ = တေန<br>ေ–န | တ + ဟိ = နေဟိ၊ နေဘိ<br>န်+၊>ေ– ဘိ |
| စ/ဆ။ | တ + သ = နဿ<br>န ဿ | တ + သ = အဿ<br>အ ဿ | တ + သ = တဿ<br>ဿ |
| | တ + နံ = နေသံ/နေသာနံ<br>နဲ သံ/သာနံ<br>န်+၊>ေ– | | တ + နံ = တေသံ/ တေသာနံ<br>တ်+၊>ေ– သံ/သာန |

| | | | | |
|---|---|---|---|---|
| သ။ | တ + သ္မိံ = နသ္မိံ<br>န | တ + သ္မိံ= အသ္မိံ<br>အ | တ + သ္မိံ = တသ္မိံ | တ + သ္မိံ = တမှိ/နမှိ<br>မှိ န |

## တသဒ္ဒါ နပုလ္လိင်ရုပ်ပြီးပုံ

ပ။ <u>တ</u> + <u>သိ</u> = နံ    တ + <u>သိ</u> = တံ    <u>တ</u> + <u>ယော</u> = <u>တာ</u>နိ / နာနိ
န    ံ    ံ    တ်+ါ>–ါ    နိ    န

ဒု။ <u>တ</u> + ံ = နံ    တ + ံ = တံ    (နာနိ၊ တာနိ ပထမာနှင့်တူ)
န

စည်းမျဉ်းများ

၁၂၃။ ဧတေတေသံ တော။ သိ ကြောင့် နပုံလိန်မဟုတ်သော ဧတ ၏ တနှင့် တ သည် သ သို့ပြောင်းသည်။
၁၂၄။ တဿ ဝါ နတ္တံ သဗ္ဗတ္ထ။ လိန်အားလုံး၌ တ သည် န သို့ တခါတရံ ပြောင်းသည်။
၁၂၅။ သသ္မာသ္မိံ သံသာသွတ္တံ။ သ သ္မာ သ္မိံ ဝိဘတ်နှင့် ဝိဘတ်မှ ပြောင်းလာသော သံ သာကြောင့် တ သည် အ သို့ ပြောင်းသည်။

## အစီအရင်ထူး

"တယော နေဝ စ သဗ္ဗနာမေဟိ"ဖြင့် သဗ္ဗနာမ်နောင် အာ, ဧ, အာယ သုံးခု မရှိကြောင်း ဆိုသော်လည်း ပါဠိတော်၌ ၄င်းသုံးခု ရှိကြောင်းတွေ့ရသည်။ သဗ္ဗ + သ္မာ = သဗ္ဗာ (သဗ္ဗာ စ သဝတိ၊ သဗ္ဗထာ သဝတိ။ သဗ္ဗာစ–အလုံးစုံမှလည်း၊ သဝတိ–ယိုစီး၏။ သဗ္ဗထာ–ခပ်သိမ်းသောအပြားအားဖြင့်၊ သဝတိ–ယိုစီး၏) တ + သ္မိံ = တေ (တျာဟံ မန္တေ ဥပတ္ထဒ္ဓေ၊ အဟံ–ငါသည်၊ တေမန္တေ–ထိုမန္တာန်ကြောင့်၊ ဥပတ္ထဒ္ဓေ–ခိုင်မာကြမ်းခက်၏) ယ + သ = ယာယ (ယာယ နော အနုကမ္ပာယ အမေ့ ပဗ္ဗဇယီ မုနိ၊ နော–ငါတို့အား၊ ယာယအနုကမ္ပာယ–အကြင် သနားမှုအကျိုးငှါ၊ မုနိ–မြတ်စွာဘုရားသည်၊ အမေ့–ကျွန်ုပ်တို့ကို၊ ပဗ္ဗဇယီ–ရဟန်းပြုပြီ။)

နပုံလိန်၌လည်း သဗ္ဗနာမ်တို့နောက် ယောတို့မှပြောင်းသော ပထမာယောနိသည် အာ, ဒုတိယာယောနိသည် ဧ သို့ ပြောင်းနိုင်သည်။ ယ + ယော>နိ>–ါ=ယာ

ယာ ပုဗ္ဗေ ဗောဓိသတ္တာနံ၊ ပလ္လင်္ကဝရမာဘုဇေ

နိမိတ္တာနိ ပဒိဿန္တိ၊ တာနိ အဇ္ဇ ပဒိဿရေ။ (ဗုဒ္ဓဝင်ပါဠိ)

ပုဗ္ဗေ–ရှေး၌၊ ဗောဓိသတ္တာနံ–ဘုရားလောင်းတို့၏၊ ပလ္လင်္ကဝရမာဘုဇေ–မြတ်သောပလ္လင်ဖွဲ့ခွေ၍နေတော်မူရာ၌၊ ယာနိမိတ္တာနိ–အကြင်နိမိတ်တို့သည်၊ ပဒိဿန္တိ–ထင်ကုန်ပြီ၊ တာနိနိမိတ္တာနိ–ထိုနိမိတ်တို့သည်၊ အဇ္ဇ–ယနေ့၊ ပဒိဿရေ–ထင်ကုန်၏။

ယ + ယော>နိ>ေ–=ယေ (ကိံ မာဏဝဿ ဓနာနိ ယေ တံ ဇိနန္တော ဟရေ အက္ခဓုတ္တော) တံ–သင်လုလင်ကို၊ ဇိနန္တော–နိုင်သည်ဖြစ်၍၊ ယေ–ယာနိဓနာနိ–အကြင်လောင်းတမ်းဥစ္စာတို့ကို၊ အက္ခဓုတ္တော–အံမကြူးသမားသည်၊ ဟရေ–ဆောင်ယူရာ၏။ မာဏဝဿ–သင်လုလင်အား၊ တာနိဓနာနိ–ထိုဥစ္စာတို့သည်၊ ကိံ–အဘယ်မှာနည်း။

♠ တ သဒ္ဒါ ပုံလိန်/နပုံလိန် တိုတွင် စတုတ္ထီ/ဆဋ္ဌီ ဗဟုဝုစ်၌ အာသံ/အာသာနံ ဟု ရှိနိုင်သည်။

တ + နံ = အာသံ / အာသာနံ

အ>-ါ သံ/သာ

နေဝါသံ ကောသာ ဒိဿန္တိ၊ ဟတ္ထပါဒါ စ ဇာလိနော (ဝေဿန္တရာ) အာသံ-ထိုကဏှာဇာလီတို့၏၊ ကောသာ-ဆံပင်တို့သည်၊ နေဝဒိဿန္တိ-မထင်ကုန်၊ ဇာလိနော-ဇာလီ၏၊ ဟတ္ထပါဒါစ-လက်ခြေတို့သည်လည်း၊ နေဝဒိဿန္တိ-မထင်ကုန်။

**သဗ္ဗနာမ်ဟူသည်။** အနက်အားလုံးနှင့် ဆက်ဆံသော နာမ်ပုဒ်ကို သဗ္ဗနာမ်ဟုခေါ်သည်။ သဗ္ဗသဒ္ဒါ မဟောနိုင် အနက်ဟူ၍ မရှိ။ အလုံးစုံသောယောကျ်ား၊ အလုံးစုံသော မိန်းမ၊ အလုံးစုံသောတော၊ အလုံးစုံသောတောင် စသည်ဖြင့် ရှိသမျှအနက်တွေကို ဟောနိုင်၏။ ယ စသော ပုဒ်များလည်း အကြင်ယောကျ်ား၊ အကြင်ယောကျ်ား၊ အကြင်တောစသည်ဖြင့် မဟောနိုင်သော အနက်မရှိ။ ဤသို့လျှင် အနက်အားလုံးနှင့် ဆက်ဆံသောနာမ်ပုဒ်ကို သဗ္ဗနာမ်ဟု ခေါ်သည်။ သဗ္ဗနာမ် အမည်ရသော ပုဒ်တို့သည် "သဗ္ဗ၊ ကတရ၊ ကတမ၊ ဥဘယ၊ ဣတရ၊ အည၊ အညတရ၊ အညတမ၊ ပုဗ္ဗ၊ ပရ၊ အပရ၊ ဒက္ခိဏ၊ ဥတ္တရ၊ အဓရ၊ ယ၊ တ၊ ဧတ၊ ဣမ၊ အမု၊ ကိံ၊ ဧက၊ ဥဘ၊ ဒွိ၊ တိ၊ စတု၊ ပဉ္စ၊ တုမှ၊ အမှ ဤ ၂၈-ပုဒ် စသောအားဖြင့် များစွာရှိသည်။

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၅)

**ဘာသာပြန်ပုံ။** သဗ္ဗ-အလုံးစုံသည်၊ ကတရ, ကတမ-အဘယ်သည်၊ ဣတရ-ဆိုခဲ့ပြီးမှတမျိုးတခြား တွဲဖက်ဖြစ်သော အနက်များသည်၊ အည-တွဲဘက်ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ, တပါးအခြားသောအနက်သည်၊ အညတရ, အညတမ-တစုံတယောက်သည်၊ ပုဗ္ဗ-ရှေ့ဌာန, အရှေ့အရပ်၊ ပရ-နောက်ဌာန, အနောက်အရပ်၊ အပရ-တပါးအခြားသောအရပ်၊ ဒက္ခိဏ-တောင်(လကျ်ာ)အရပ်၊ ဥတ္တရ-မြောက်(လက်ဝဲ)အရပ်၊ အဓရ-အောက်အရပ်၊ ယ-အကြင်၊ တ, အမု-ထို၊ ဧတ, ဣမ-ဤ၊ ကိံ-ဘာ, ဘယ်၊ ဧက- နံပါတ်တစ်,အတူ, တချို့ စသောအနက်များ၊ ဥဘ, ဥဘယ-နှစ်ခု, နှစ်ပါးစုံ၊ ဒွိ-နှစ်၊ တိ-သုံး၊ စတု-လေး၊ ပဉ္စ-ငါး၊ တုမှ-သင်၊ အမှ-ငါ။

**သဗ္ဗနာမ် ၂၈-ပုဒ်ကို အုပ်စုခွဲလျှင်**

၁။ ယ တ ဧတ ဣမ အမု ဟူသော တွဲဖက်သဒ္ဒါနှင့်အတူ အနက်ဟော "ပယောဂဝန္တ"သဗ္ဗနာမ်

၂။ တုမှ အမှ တ ဟူသော တွဲဖက်သဒ္ဒါမပါပဲ အနက်ဟော "ဝစန" သဗ္ဗနာမ်

၃။ ကတရ ကတမ ကိံ ဟူသော မေးခွန်းအနက်ဟော "ပုစ္ဆာ" သဗ္ဗနာမ်

၄။ ပုဗ္ဗ ပရ ဒက္ခိဏ ဥတ္တရ အဓရ ဟူသော အရပ်မျက်နှာဟော "ဒိသာ" သဗ္ဗနာမ်

၅။ ဥဘ ဥဘယ ဒွိ တိ စတု ပဉ္စ ဟူသော အရေအတွက် သင်္ချာအနက်ဟော "သင်္ချာ"သဗ္ဗနာမ်

၆။ သဗ္ဗ ဣတရ အည အညတရ အညတမ အပရ ဟူသော အလုံးစုံအနက်ဟော "သဗ္ဗ"သဗ္ဗနာမ်တို့ဖြစ်၏။

## သဗ္ဗနာမ် ၂၇-ပုဒ်

(အခြားသဒ္ဒါကျမ်း တို့၌ ပဉ္စကို သဗ္ဗနာမ်၌ ထည့်မတွက်ပဲ ၂၇-ပုဒ်ဟု ဆိုသည်)

နာမနာမ်တို့ကို တိုက်ရိုက် မသုံးလို၍ဖြစ်စေ၊ မေ့လျော့ရာ၌ဖြစ်စေ နာမနာမ်များအစား အသုံးပြုသောကြောင့် **သဗ္ဗနာမ်**တို့ကိုပင် **နာမ်စား**ဟု ခေါ်သည်။

| | | |
|---|---|---|
| **နာမ်စား**သည် | ၁။ ပုဂ္ဂလနာမ်စား | တုမှ၊ အမှ၊ တ |
| | ၂။ နိဒ္ဒေသနနာမ်စား | တ၊ ဧတ၊ ဣမ |
| | ၃။ ပုစ္ဆာနမ်စား | ကိံ |
| | ၄။ အနိယမိနာမ်စား | ယ၊ တ ဟု လေးမျိုးရှိသည်။ |

လူ၊ အရာဝတ္ထု ဟူသော နာမ်များအစား သုံးစွဲသည့် တုမှ အမှ တ သဒ္ဒါတို့ကို **ပုဂ္ဂလနာမ်စား** ဟုခေါ်သည်။ ထိုလူ ထိုစိတ် စသည်ဖြင့် မိမိနှင့်တွဲစပ်သော နာမ်ပုဒ်တို့ကို ညွှန်ပြသောကြောင့် 'ယ တ ဧတ ဣမ' တို့ကို **နိဒ္ဒေသနနာမ်စား**ဟုခေါ်သည်။ ယင်းတို့သည် မိမိနှင့် တွဲစပ်သော ပုဒ်တို့ကို အထူးပြုသောကြောင့် နာမဝိသေသနလည်း မည်ကုန်၏။ ထို ယ၊ တ၊ ဧတ၊ ဣမ တို့ကို အခြားပုဒ်တို့နှင့် မတွဲစပ်ဘဲသုံးလျှင် ပုဂ္ဂလနာမ်စား၊ အခြားနာမ်၊ နာမ်စားများနှင့် တွဲစပ်လျှင် နိဒ္ဒေသနနာမ်စားဟု မှတ်ရမည်။ **နိဒ္ဒေသနနာမ်စား (ဝိသေသန)**သည် တွဲစပ်သည့်ပုဒ် (ဝိသေသျ) နှင့် လိင်ဝုစ်ဝိဘတ်တူရမည်။

ပုံစံ။ <u>သော</u> <u>နရော</u> ဂါမံ ဂစ္ဆတိ။ ထိုလူသည် ရွာသို့ သွား၏။ သော နှင့် နရော သည် ဝိသေသန ဝိသေသျဖြစ်၍ လိင်၊ဝုစ်၊ဝိဘတ် တူနေသည်။

<u>သာ</u> <u>ကညာ</u> ဂါမံ န ဂစ္ဆတိ။ ထိုမိန်းကလေးသည် ရွာသို့ မသွား။ သာ နှင့် ကညာ သည် လိင်ဝုစ်ဝိဘတ် တူနေသည်။

<u>တံ</u> <u>စိတ္တံ</u> – ထိုစိတ်သည်၊ <u>တေသံ</u> <u>ပုရိသာနံ</u> – ထိုယောကျ်ားတို့အား၊

အမေးဝါကျများ၌ အသုံးပြုရပြီးလျှင် အဘယ်သူသည် အဘယ်အရာစသည်ဖြင့် ပုဂ္ဂိုလ် အရာဝတ္ထုကို ကိုယ်စားပြုသောကြောင့် လိင်အလိုက် ကော၊ ကာ၊ ကိံ ပုဒ်တို့သည် **ပုစ္ဆာနာမ်စား** မည်ကုန်၏။ ၎င်းကို အခြားနာမ်၊ နာမ်စားများနှင့် တွဲစပ်အသုံးပြုသောအခါ ထိုတွဲပုဒ်များနှင့် လိန် ဝုစ် (ကိန်း) ဝိဘတ် တူရသည်။

ပုံစံ။ ကော ပုရိသော ဂစ္ဆတိ။ ဘယ်ယောကျ်ားသည် သွားသနည်း။ (ကော နှင့် ပုရိသော လိင်ဝုစ်ဝိဘတ်တူ)
ကေန ယာနေန အာဂစ္ဆသိ။ အဘယ်ယဉ်ဖြင့်လာသနည်း။ (ကေန နှင့် ယာနေန လိင်ဝုစ်ဝိဘတ်တူ)

♠ နာမ်၊ နာမ်စားတို့နှင့် မတွဲဘဲလည်း သုံးနိုင်သည်။
ကော ဂစ္ဆတိ၊ ဘယ်သူသွားသလဲ။ ကံ ပဿတိ၊ ဘယ်သူကို မြင်သလဲ– စသည်

မိမိနှင့်တွဲစပ်မည့် ပုဒ်အနက်သို့ အစဉ်လိုက်သော ယ၊ တ တို့ကို **အနိယမိနာမ်စား**ဟု ဆိုသည်။ နိဒ္ဒေသန နာမ်စားကဲ့သို့ မိမိနှင့်ယှဉ်တွဲမည့် ပုဒ်တို့၏ လိင် ကိန်း (ဝုစ်) ဝိဘတ် အတိုင်း ယင်းကို ရေးသားရမည်။ အနိယမိ နမ်စား၌ ဝါကျအစိတ်အပိုင်နှစ်ခုရှိပြီးလျှင် ပထမဝါကျမှာ 'ယ' ကိုသုံး၍ ဒုတိယဝါကျမှာ 'တ'ကို သုံးသည်။

ယ နာမ်စား ပါသောဝါကျကို **အနိယမဝါကျ** ဟုခေါ်၍ တ နာမ်စား ပါသောဝါကျကို **နိယမဝါကျ** ဟု ခေါ်သည်။ များသောအားဖြင့် အနိယမဝါကျကို ရှေ့မှာထားပြီး နိယမဝါကျကို နောက်မှာထား၍ ရေးတတ်သည်။ ဘာသာပြန်သည့်အခါ အနိယမဝါကျကို ဦးစွာပြန်ပြီး နိယမဝါကျကို နောက်မှပြန်ပါ။  နိယမဝါကျကို ရှေ့က ရောက်နေသည်ကိုလည်း တခါတရံ တွေ့နိုင်သည်။ သို့သော် ဘာသာပြန်ရာတွင် အနိယမဝါကျကသာ စပြန်ပါ။

## ယ /တ အစုံပါသော ဝါကျများ

၁။ ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။ အကြင်သူသည် တရားကို မြင်၏။ ထိုသူသည် ငါ(ဘုရား)ကို မြင် ၏။ ယော–အကြင်သူသည်(မသတ်မှတ်ရသေး၍ အနိယမဟု ခေါ်သည်) ဓမ္မံ ပဿတိ–တရားကို မြင်၏၊ သတ်မှတ်လိုက်ခြင်းဖြစ်သည်၊ သော–ထိုတရားကို မြင်သူသည်(သတ်မှတ်ပြီး၍ နိယမဟု ခေါ်သည်)

၂။ ယသ္မိံ သမယေ ဗောဓိသတ္တော ဇာယတိ၊ တသ္မိံ သမယေ ဒေဝါ စ မနုဿာစ ဒိဗ္ဗန္တိ။ အကြင်အချိန်၌ ဘုရား အလောင်းသည် ဖွားမြင်၏။ ထိုအချိန်၌ နတ်တို့သည်၄င်း လူတို့သည်၄င်း ပျော်မြူးကြကုန်၏။

၃။ ယေ ဗုဒ္ဓေ စ ဓမ္မေ စ သံဃေ စ န ပသီဒန္တိ၊ တေ ဥဗ္ဗျာယန္တိ။ အကြင်သူတို့သည် ဘုရား၌၄င်း တရား၌၄င်း သံဃာ၌၄င်း မကြည်ညိုကုန်။ ထိုသူတို့သည် ကဲ့ရဲ့ကုန်၏။

၄။ ယသ္မာ တွံ ကုဇ္ဈသိ၊ တသ္မာ န ဘာသသိ။ အကြင်ကြောင့် သင်သည် စိတ်ဆိုး၏။ ထိုကြောင့် သင်သည် စကားမပြော။

၅။ ယေ ပါပံ ကရောန္တိ၊ တေ အပါယံ ဂစ္ဆန္တိ။ အကြင်သူတို့သည် မကောင်းမှုကို ပြုကုန်၏။ ထိုသူတို့သည် ငရဲသို့ သွားကြကုန်၏။

၆။ အတ္ထိလောကေ သမဏဗြာဟ္မဏာ၊ ယေ ဇဝံ ဝဒန္တိ။ အကြင်(ရဟန်းပုဏ္ဏား)တို့သည် ဤသို့ ပြောဆိုကုန်၏။ ထို ရဟန်းပုဏ္ဏားတို့သည် လောက၌ ရှိကုန်၏။

## အနိယမ နိယမ သဘောနှင့် သုံးသော နိပါတ်ပုဒ်များ

ယထာ – – တထာ ။ အကြင်ကဲ့သို့ – – ထိုကဲ့သို့
ယတော – – တတော ။ အကြင်မှ – – ထိုမှ
ယဒါ – – တဒါ ။ အကြင်အခါ – – ထိုအခါ
ယာဝ – – တာဝ ။ အကြင်မျှလောက် – – ထိုမျှလောက်
ယတ္ထ – – တတ္ထ ။ အကြင်၌ – – ထို၌
ယတြ – – တတြ ။ အကြင်၌ – – ထို၌

၁။ ယထာ တွံ မညသိ၊ တထာ တွံ ဘာသသိ။ အကြင်ကဲ့သို့ သင်သည် ထင်၏၊ ထိုကဲ့သို့ သင်သည် ပြော ၏။ (သင်သည် သင်ထင်သလို ပြော၏)

၂။ ယဒါ ဗောဓိသတ္တော ဇာယတိ၊ တဒါ လောကေ အာလောကော ဥပ္ပဇ္ဇတိ။ အကြင်အခါ ဘုရားလောင်းသည် မွေးဖွား၏။ ထိုအခါ လောက၌ အလင်းရောင်သည် ဖြစ်ပေါ်၏။

၃။ ယတော စန္ဒိမသူရိယော လောကေ ဥပ္ပဇ္ဇန္တိ၊ တတော ပဋ္ဌာယ အာလောကော ပါတုဘဝတိ။ အကြင်အချိန်မှ (စ၍)လနှင့်နေတို့သည် လောက၌ ဖြစ်ပေါ်ကုန်၏။ ထိုအခါမှ စ၍ လောက၌ အလင်းရောင်သည်ဖြစ်ပေါ်၏။

၄။ ယတြ သူရိယော ဝိစရတိ၊ တတြ အာလောကော ဝိဇ္ဇတိ။ အကြင်အရပ်၌ နေသည် လှည့်လည်၏၊ ထိုအရပ်၌ အလင်းရောင်သည် ရှိ၏။

၅။ ယာဝ ဓမ္မော လောကေ တိဋ္ဌတိ၊ တာဝ ဗုဒ္ဓေါ လောကေ ဝိဇ္ဇတိ။ အကြင်အမျှလောက် တရားသည် လောက၌ တည်၏။ ထိုမျှလောက် ဘုရားသည် လောက၌ ရှိ၏။

၆။ ယတ္ထ ဗုဒ္ဓေါ ဝိဇ္ဇတိ၊ တတ္ထ ဓမ္မော ဒိပ္ပတိ။ အကြင်အရပ်၌ ဘုရားသည် ရှိ၏၊ ထိုအရပ်၌ တရားသည် တောက်ပ၏။

## တေ (ဤ) သဒ္ဒါ ပုံလ္လိင် ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | သော | တေ |
| ဒု။ | တံ | တေ |
| တ။ | တေန | တေဟိ၊ တေဘိ |
| စ။ | တဿ | တေသံ၊ တေသာနံ |
| ပီ။ | တသ္မာ၊ တမှာ | တေဟိ၊ တေဘိ |
| ဆ။ | တဿ | တေသံ၊ တေသာနံ |
| သ။ | တသ္မိံ၊ တမှိ | တေသု |

## တေသဒ္ဒါ ပုံလ္လိင် ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | တံ | တာနိ |
| ဒု။ | တံ | တာနိ |

## တေသဒ္ဒါ နပုလ္လိင် ရုပ်ပြီးပုံ

| | | |
|---|---|---|
| ပ။ | တေ + သိ = သော<br>သ ေ-ါ | တေ + ယော = တေ<br>ေ- |
| ဒု။ | တေ + ံ = တံ | တေ + ယော = တေ<br>ေ- |
| တ။ | တေ + နာ = တေန<br>ေ-န | တေ + ဟိ = တေဟိ / တေဘိ<br>တ်+ါ>ေ- |
| စ/ဆ။ | တေ + သ = တဿ<br>ဿ | တေ + နံ = တေသံ / တေသာနံ<br>တ်+ါ>ေ- သံ/သာနံ |

မီ။ တေ + သ္မာ = တေသ္မာ / တေမှာ (တေဟိ/တေဘိ တတိယာနှင့်တူ)
မှာ

သ။ တေ + သ္မိံ = တေသ္မိံ ၊ တေမှိ

တေ + သု = တေသု
တ်+ါ>ေ-

## တေသဒ္ဒါ နပုလ္လိင် ရုပ်ပြီးပုံ

ပ။ တေ + သိ = တံ
ံ

ဒု။ တေ + ံ = တံ

တေ + ယော + တာနိ
တ်+ါ>-ါ နိ

တေ + ယော + တာနိ
တ်+ါ>-ါ နိ

♠ ပုံ နပုံ တွင် အံ ကြောင့် တေ သည် နေ သို့ ပြောင်းနိုင်သည်။ (နံ ဘိက္ခုံ ဓမ္မံ အဗ္ဘာပေတိ)

## ကမ (ဤ) သဒ္ဒါ ပုလ္လိင် ရုပ်စဉ်ပုံ

ကမ — အယံ / အန / ဧ / အ / ကမိ

| | | |
|---|---|---|
| ပ။ | အယံ | ကမေ |
| ဒု။ | ကမံ | ကမေ |
| တ။ | အနေန၊ ကမိနာ | ကမေဟိ၊ ကမေဘိ၊ ဧဟိ၊ ဧဘိ |
| စ။ | ကမဿ၊ အဿ | ကမေသံ၊ ကမေသာနံ၊ ဧသံ၊ ဧသာနံ |
| မီ။ | ကမသ္မာ၊ ကမမှာ၊ အသ္မာ | ကမေဟိ၊ ကမေဘိ၊ ဧဟိ၊ ဧဘိ |
| ဆ။ | ကမဿ၊ အဿ | ကမေသံ၊ ကမေသာနံ၊ ဧသံ၊ ဧသာနံ |
| သ။ | ကမသ္မိံ၊ ကမမှိ၊ အသ္မိံ | ကမေသု၊ ဧသု |

## တေသဒ္ဒါ နပုလ္လိင် ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | ကဒံ၊ ကမံ | ကမာနိ |
| ဒု။ | ကဒံ၊ ကမံ | ကမာနိ |

## ကမသဒ္ဒါ ပုလ္လိင် ရုပ်ပြီးပုံ

ပ။ ကမ + သိ = အယံ
အယံ

ကမ + ယော = ကမေ
ေ-

ဒု။ ဣမ + ံ = ဣမံ ဣမ + ယော = ဣမေ

တ။ ဣမ + နာ = အနေန ဣမ + နာ = ဣမိနာ

အန ေ–န ဣမိ

ဣမ + ဟိ = ဣမေဟိ/ဣမေဘိ ဣမ + ဟိ = ဧဟိ/ဧဘိ

မ်+၊>ေ– ဧ

စ/ဆ။ ဣမ + သ = ဣမဿ ဣမ + သ = ဣမဿ

ဿ အ ဿ

ဣမ + နံ = ဣမေသံ / ဣမေသာနံ ဣမ + နံ = ဧသံ/ဧသာနံ

မ်+၊>ေ– သံ/သာနံ ဧ သံ/သာနံ

ပံ။ ဣမ + သ္မာ = ဣမသ္မာ ဣမ + သ္မာ = ဣမမှာ ဣမ + သ္မာ = အသ္မာ

မှာ အ

(ဣမေဟိ/ဣမေဘိ ၊ ဧဟိ/ဧဘိ တတိယာနှင့်တူ)

သ။ ဣမ + သ္မိံ = ဣမသ္မိံ ဣမ + သ္မိံ = ဣမမှိ ဣမ + သ္မိံ = အသ္မိံ

မှိ အ

ဣမ + သု = ဣမေသု ဣမ + သု = ဧသု

မ်+၊>ေ– ဧ

## ဣမသဒ္ဒါ နပုလ္လိင် ရုပ်ပြီးပုံ

ပ။ ဣမ+သိ = ဣဒံ ဣမ + သိ = ဣမံ ဣမ + ယော = ဣမာနိ

ဣဒံ ံ မ်+၊>–ါ နိ

ပ။ ဣမ+ံ = ဣဒံ ဣမ + ံ = ဣမံ ဣမ + ယော = ဣမာနိ

ဣဒံ မ်+၊>–ါ နိ

**စည်းမျဉ်းများ**

၇၈။ ဣမဿိဒမံသိသု နပုံသကေ။ နပုံလိန်၌ အံ သိ ဝိဘတ်ကြောင့် ဣမ သည် ဝိဘတ်နှင့်အတူ ဣဒံ သို့ ပြောင်းသည်။


၁၁၉။ သဗ္ဗဿိမဿေဝါ။ သု နံ ဟိ တို့ကြောင့် ဣမ သဒ္ဒါသည် တခါတရံ ဧ သို့ပြောင်းသည်။

၁၂၀။ အနိမိနာမှိစ။ နာ ကြောင့် ဣမသည် အန သို့ဟုတ် ဣမိ သို့ အမြဲ ပြောင်းသည်။

၁၂၁။ အနပုံသကဿာယံသိမှိ။ သိ ကြောင့် နပုံလိန်မဟုတ်သော ဣမ သည် အယံ သို့ ပြောင်းသည်။

၁၂၆။ ဣမသဒ္ဒဿစ။ သ သ္မာ သ္မိံ ဝိဘတ်နှင့် ဝိဘတ်မှပြောင်းလာသော သံ သာကြောင့် ဣမ သည် အ သို့ တခါတရံ ပြောင်းသည်။

♠ ကမ္မ သည် အယံ, ကမ္မိ, အန, ကမ္မဒံ, အ, ဧ သို့ ပြောင်းနိုင်သည်ကို သတိပြုပါ။




**အစီအရင်ထူး**

♠ ပုံလိနျ်၌ သ္မိံ နောင်းရာ၌လည်း ကမ္မ သည် အန သို့ ပြောင်းသည်။ <u>ကမ္မ</u> + <u>သ္မိံ</u> = အနမှိ
အန မှိ

အနမှိ ဘဒ္ဒေ သုသောဏေ၊ ကိံ နု ဇဂ္ဃသိ သောဘဏေ (ဇာတ်ပါဠိတော်) သုသောဏေ–ကောင်းသော ခါးရှိသော၊ သောဘဏေ–တင့်တယ်စွာသော၊ ဘဒ္ဒေ–ရှင်မ၊ ကိံနု–အဘယ့်ကြောင့်၊ အနမှိ–ဤတောအရပ်၌၊ ကိံ နု –အဘယ့်ကြောင့်၊ ဇဂ္ဃသိ–ရယ်ရသနည်း။

♠ နပုံလိနျ်၌ ပဌမာ ယောဖြင့် ကမ္မာ၊ ဒုတိယာယောဖြင့် ကမ္မေ ဟု ရှိနိုင်သည်။

## ကိံ (ဘာ၊ဘယ်) ပုလ္လိင်ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | ကော | ကေ |
| ဒု။ | ကံ | ကေ |
| တ။ | ကေန | ကေဟိ၊ ကေဘိ |
| စ။ | ကဿ၊ ကိဿ | ကေသံ၊ ကေသာနံ |
| ပ‌ီ။ | ကသ္မာ၊ ကမှာ | ကေဟိ၊ ကေဘိ |
| ဆ။ | ကဿ၊ ကိဿ | ကေသံ၊ ကေသာနံ |
| သ။ | ကသ္မိံ၊ ကိသ္မိံ၊ ကမှိ၊ ကိမှိ | ကေသု |

## ကိံ (ဘာ၊ဘယ်) နပုလ္လိင် ရုပ်စဉ်ပုံ

| | | |
|---|---|---|
| ပ။ | ကိံ | ကာနိ |
| ဒု။ | ကိံ | ကာနိ |

## ကိံ (ဘာ၊ဘယ်) ပုလ္လိင် ရုပ်ပြီးပုံ

ပ။ ကိံ + သိ = ကော ကိံ + ယော = ကေ
က ေ–ါ က ေ–
ဒု။ ကိံ + ံ = ကံ ကိံ + ယော = ကေ
က က ေ–
တ။ ကိံ + နာ = ကေန ကိံ + ဟိ = ကေဟိ/ကေဘိ
က ေ–န က်+၊>ေ–
စ/ဆ။ ကိံ + သ = ကဿ ကိံ + သ = ကိဿ ကိံ + နံ = ကေသံ / ကေသာနံ
က ဿ ကိ ဿ က်+၊>ေ– သံ/သာနံ
မီ။ ကိံ + သ္မာ = ကသ္မာ ကိံ + သ္မာ = ကမှာ
က က မှာ
သ။ ကိံ + သ္မိံ = ကသ္မိံ/ကမှိ ကိံ + သ္မိံ = ကိသ္မိံ/ကိမှိ ကိံ + သု = ကေသု
က မှိ ကိ မှိ က်+၊>ေ–

## ကိံ (ဘာ၊ဘယ်) ပုလ္လိင် ရုပ်ပြီးပုံ

ပ။ ကိံ + ~~သိ~~ = ကိံ ကိံ + ယော = ကာနိ
က်+၊>–ါ နိ
ဒု။ ကိံ + ~~ံ~~ = ကိံ ကိံ + ယော = ကာနိ
က်+၊>–ါ နိ

♠ ကိံ ကို အံ ဝိဘတ်နှင့် ဗျဉ္ဇနေစဖြင့် ကိံ၏ နိဂ္ဂဟတ်ချေပြီး၊ အံမော–ဖြင့် အံ ကို နိဂ္ဂဟတ်ပြောင်း၍လည်း ရုပ်ပြီးပုံ ပြကြသည်၊ တေသုဖြင့် အံကို ချေခြင်းက ပိုလွယ်သည်)

♠ ပုံလိန်/နပုံလိန် သ္မာ၌ ကိသ္မာ၊ ကိမှာ၊ နပုံလိန် သိ၌ ကံ၊ ပဌမာယော၌ ကော၊ အံ၌ ကံ၊ ဒုတိယာယော၌ ကေ ဟုသော ရုပ်ပုံစံများ ရှိနိုင်သည်။

## စည်းမျဉ်းများ

၃၉။ ဗျဥ္ဇနေစ။ နောက်က ဗျည်းရှိလျှင် ရှေ့ကနိဂ္ဂဟိတ်သည် တခါတရံ ပျောက်ကွယ်သွားသည်။
၁၇၈။ သေသေသုစ။ ဝမှကြွင်းသော ပစ္စည်းဝိဘတ်ကြောင့် ကိံသည် က သို့ပြောင်းသည်။
၆၁။ တေသုဝုဒ္ဓိ။ ရုပ်ပြောင်းလဲပုံ ပြီးမြောက်စေရန် လိုအပ်သလို လုပ်နိုင်သည်။
(ကျန်စည်းမျဉ်းများ ရှေ့က သဗ္ဗနာမ် ယ နှင့် တူ)

## ဖတ်စာဝါကျများ

၁။ တဿ ပုတ္တော သုနခေဟိ သဒ္ဓိံ ဝနံ ဂစ္ဆိ။ သူ၏ သားသည် ခွေးတို့နှင့် အတူ တောသို့ သွားပြီ။
၂။ ကမ္မကာရာ တေသံ ကမ္မံ ကရောန္တိ။ အလုပ်သမားတို့သည် သူတို့၏ အလုပ်ကို ပြုလုပ်ကုန်၏။
၃။ ဗုဒ္ဓေါ ဝိဟာရေ တေသံ ဓမ္မံ ကထေသိ။ ဘုရားသည် ကျောင်း၌ သူတို့အား တရားကို ဟောပြီ။
၄။ အမှာကံ ရဋ္ဌေ စောရာ မနုဿေ ဒုဿန္တိ။ ငါတို့၏ တိုင်းပြည်၌ သူခိုးတို့သည် လူတို့ကို ဖျက်ဆီးကုန်၏။
၅။ တွံ တံ ပုစ္ဆာဟိ။ သင်သည် ထိုသူ့ကို မေးပါ။
၆။ အမှာကံ ဂေဟေ မာလာယော န ဟောန္တိ။ ကျွန်ုပ်တို့၏ အိမ်၌ ပန်းတို့သည် မရှိကုန်။
၇။ တဿ မုခေ အဿူနိ ဘဝန္တိ။ ထိုသူ၏ မျက်နှာ၌ မျက်ရည်တို့သည် ဖြစ်ကုန်၏။
၈။ တုမှေ ပါပါနိ မာ အကရိတ္ထ။ သင်တို့သည် မကောင်းမှုတို့ကို **မ**ပြုကြကုန်လင့်။

♠ မာ သည် တားမြစ်ခြင်း အဓိပ္ပါယ်ရသော နိပါတ်ပုဒ်ဖြစ်သည်။ 'မ' ဟု ဘာသာပြန်ပါ။ ကာလာတိပတ္တိချန်၍ ကျန်ဝိဘတ်အားလုံးနှင့် တွဲသုံးနိုင်သည်။ သို့သော် ဟိယျတ္တနီ အဇ္ဇတ္တနီ ပဉ္စမီတို့ဖြင့် တွဲသည်က များသည်။ မာနိပါတ်နှင့် တွဲသော ဟိယျတ္တနီ အဇ္ဇတ္တနီ တို့သည် အတိတ်ကာလကိုသာမက ပစ္စုပ္ပန် အနာဂတ် ကာလကို ပါ ဖော်ပြနိုင်လေသည်။

၉။ သော တေဟိ သဒ္ဓိံ ဘိက္ခုဿ ဝိဟာရံ ဂစ္ဆိ။ ထိုသူသည် ထိုသူတို့နှင့်အတူ ရဟန်း၏ ကျောင်းသို့ သွားပြီ။
၁၀။ သာမဏေရာ တေသံ ဝတ္ထာနိ အဒါသုံ။ ကိုရင်တို့သည် ထိုသူတို့အား အဝတ်ကို လေးလှူခဲ့ကုန်ပြီ။
၁၁။ အာစရိယော အမှာကံ ဟိတံ ကရောတိ။ ဆရာသည် ငါတို့၏ စီးပွားကို ပြု၏။
၁၂။ တုမှာကံ မိတ္တာ အမှာကံ ဂေဟေ ဝသန္တိ။ သင်တို့၏ မိတ်ဆွေတို့သည် ငါတို့၏ အိမ်၌ နေကုန်၏။
၁၃။ အယံ ဒါရကော တုမှာကံ ပုတ္တော အဟောသိ။ ဤကလေးသည် သင်တို့၏သား ဖြစ်ခဲ့ပြီ။
၁၄။ ဣမေ သိဿာ အာစရိယဿ စီဝရာနိ ဓောဝန္တိ။ ဤတပည့်တို့သည် ဆရာ၏ သင်္ကန်းတို့ကို လျှော်ဖွတ်ကုန်၏။
၁၅။ တုမှေ သံဃဿ စီဝရာနိ ဒေထ။ သင်တို့သည် သံဃာအား သင်္ကန်းကို ပေးလှူကြကုန်၏။
၁၆။ ဧတေသံ သမဏာနံ သိဿာ အမှာကံ မိတ္တာ အဟေသုံ။ ဤရဟန်းတို့၏ တပည့်တို့သည် ငါတို့၏ မိတ်ဆွေများ ဖြစ်ကုန်ပြီ။
၁၇။ အယံ ပုရိသော ဝါဏိဇော ဘဝတိ။ ဤယောကျ်ားသည် ကုန်သည်ဖြစ်သည်။
၁၈။ တွံ ဧတေဟိ ဂေါဏေဟိ ခေတ္တံ ကသသိ။ သင်သည် ဤနွားတို့နှင့် လယ်ကို ထွန်၏။
၁၉။ ဧတာနိ ဓနာနိ ဘရိယာယ ဝတ္ထူ ဟောန္တိ။ ဤပစ္စည်းဥစ္စာတို့သည် မယား၏ ဥစ္စာတို့သည် ဖြစ်ကုန်၏။

၂၀။ သမဏော ဇတေန သီလေန စိတ္တသ သုခံ အလဘိ။ ရဟန်းသည် ဤသီလကြောင့် စိတ်၏ ချမ်းသာခြင်းကို ရခဲ့ပြီ။
၂၁။ တုမှေ ဣမိနာ ဗာလေန န ဝသထ။ သင်တို့သည် ဤလူမိုက်နှင့် မနေကြကုန်။
၂၂။ မယံ ဧတေဟိ ပုပ္ဖေဟိ စေတိယဿ ပူဇေမ။ ငါတို့သည် ဤပန်းတို့ဖြင့် စေတီအား ပူဇော်ကြုန်၏။
၂၃။ ဣမေသု ပဗ္ဗတေသု ရုက္ခာ ရုဟန္တိ။ ဤတောင်တို့၌ သစ်ပင်တို့သည် ပေါက်ကုန်၏။

**အမေးဝါကျများ**

၂၄။ ကော ဒါရကော ကမ္မံ ကရောတိ။ အဘယ် ကလေးသည် အလုပ်ကို လုပ်သနည်း။
၂၅။ ကသ္မိံ ဂါမေ တွံ ဝသသိ။ သင်သည် အဘယ်ရွာ၌ နေသနည်း။
၂၆။ ကသ္မာ ဂါမာ တုမှေ အာဂစ္ဆထ။ အဘယ်ရွာမှ သင်တို့သည် လာကြသနည်း။
၂၇။ ကာနိ ဖလာနိ ဒါရကာ ယာစန္တိ။ အဘယ် အသီးတို့ကို ကလေးတို့သည် တောင်းကြကုန်သနည်း။
၂၈။ ကော တဝ အာစရိယော ဟောတိ။ အဘယ်သူသည် သင်၏ ဆရာ ဖြစ်သနည်း။
၂၉။ ကေသု ဌာနေသု တုမှေ ဝသထ။ အဘယ်အရပ်၌ သင်တို့သည် နေကြကုန်သနည်း။
၃၀။ ကဿ ပုတ္တော ဥဒကံ ယာစတိ။ အဘယ်သူ၏ သားသည် ရေကို တောင်းသနည်း။
၃၁။ တွံ ကာနိ ဖလာနိ ဘုဉ္ဇသိ။ သင်သည် အဘယ် အသီးတို့ကို စားသနည်း။
၃၂။ ကေ အမှာကံ သဟာယံ ပဿန္တိ။ အဘယ်သူတို့သည် ငါတို့၏ မိတ်ဆွေကို မြင်ကြသနည်း။
၃၃။ ကတမော <u>နာမ</u> သော ရုက္ခော။ ထိုအပင်သည် အဘယ် <u>အမည်ရှိ</u>သနည်း။
၃၄။ အယံ ကိံ <u>နာမော</u>။ ဤကိုရင်သည် အဘယ် <u>အမည်ရှိ</u>သနည်း။
၃၅။ အယံ ဗုဒ္ဓရက္ခိတော နာမ ။ ဤကိုရင်သည် ဗုဒ္ဓရက္ခိတ <u>မည်၏</u>။ (အဖြေဝါကျ)

♠ နာမ သည် ၁၊ နိပါတ် နာမ ၂၊ နာမ် နာမ ဟု နှစ်မျိုးရှိ၏။ ဝိဘတ်မမြင်ရသော နာမ ကို နိပါတ်နာမ ဟုမှတ်ပါ။ ဝိဘတ်မြင်ရသော နာမော၊ နာမံ ကို နာမ်နာမ ဟုမှတ်ပါ။ နိပါတ်နာမ၌ နာမ+သိ=နာမ ဟု သိ ကို ချေဖျက်၍ ရုပ်ပြီး၍ နာမ–မည်၏ ဟုသာ အနည်းကိန်း ပြန်ပါ။ နာမော၌ နာမ+သိ=နာမော၊ သိသည် ဩ သို့ပြောင်း၍ နာမော ပြီးသဖြင့် ကိံနာမော–အဘယ်အမည်ရှိသနည်းဟု အနည်းကိန်းပြန်ပါ။ နာမာ၌ နာမ+ယော၊ ယောသည် အာသို့ပြောင်း၍ နာမာဟု ပြီးသဖြင့် ကိံနာမာ–အဘယ်အမည်ရှိကုန်သနည်းဟု အများကိန်းပြန်ပါ။ကိံကို နာမနှင့် ဆဋ္ဌီဗဟုဗ္ဗီသမာသ် တွဲစပ်လျှင် ကိံနာမော၊ ကောနာမော စသော ပုံလိန်ရုပ်၊ ကိံနာမံ၊ ကိံနာမာနိ စသော နပုံလိန်ရုပ်၊ ကိံနာမာ၊ ကာနာမာ စသော ဣတ္ထိလိန်ရုပ်များ ဝိဘတ်အားလုံး၌ပင်ရှိဟု သဒ္ဒနီတိဆို၏။ သို့သော် ကိံနာမော၊ ကောနာမော မှတပါးသော ရုပ်ပုံစံများ ပိဋကတ်တော်၌ တွေ့ရခဲသည်။(တွဲဖက် ၁၁၅/ဘာဋီဒု–၆၀)

♠ကိံသည် နာမပုဒ်နှင့် သမာသ်တွဲသည့်အခါ ကိန္နာမောဟု ပကတိပုဒ်အတိုင်းလည်းကောင်း, ကောနာမောဟု ကာရိယပုဒ်အဖြစ်သို့ ပြောင်း၍လည်းကောင်း နှစ်မျိုးပြီးသည်ကို တွေ့ရသည်။(တိပိဋက ကိံပုဒ်အဖွင့်)

၃၆။ ဣမေ ကိံ <u>နာမာ</u>။ ဤသူတို့သည် အဘယ် <u>အမည်ရှိကြ</u>သနည်း။
၃၇။ ဣမေ သာမဏေရာ <u>နာမ</u>။ ဤသူတို့သည် ကိုရင်တို့ <u>မည်၏</u>။ (အဖြေဝါကျ)

၃၈။ တွံ ကိံ နာမော။ သင်သည် အဘယ် အမည်ရှိ သနည်း။
၃၉။ အဟံ မောင်ဝ နာမ။ ကျွန်ုပ်သည် မောင်ဝ မည်၏။
၄၀။ တုမှေ ကိံ နာမာ။ သင်တို့သည် အဘယ် အမည်ရှိကြသနည်း။
၄၁။ မယံ သမဏာ နာမ။ ကျွန်ုပ်တို့သည် ရဟန်းတို့ မည်၏။
၄၂။ ကော ဗုဒ္ဓေါ ဟောတိ။ အဘယ်သူသည် ဘုရားဖြစ်သနည်း။
၄၃။ သိဒ္ဓတ္ထော ဗုဒ္ဓေါ ဟောတိ။ သိဒ္ဓတ္ထသည် ဘုရား ဖြစ်၏။
၄၄။ ကော သယတိ။ အဘယ်သူသည် အိပ်သနည်း။
၄၅။ ဒါရကော သယတိ။ ကလေးမသည် အိပ်၏။
၄၆။ ကေ ဂစ္ဆန္တိ။ အဘယ်သူတို့သည် သွားကြကုန်သနည်း။
၄၇။ ပုရိသာ ဂစ္ဆန္တိ။ ယောကျ်ားတို့သည် သွားကြကုန်၏။
၄၈။ အာဝုသော သာမဏေရ – အယံ ဒါရကော ကိံ နာမော။ ငါ့ရှင် ကိုရင်၊ ဤသူငယ်သည် အဘယ်အမည်ရှိသနည်း။
၄၉။ ဘန္တေ ဗုဒ္ဓရက္ခိတ – အယံ ဒါရကော မောင်ဝ နာမ။ အရှင်ဘုရား ဗုဒ္ဓရက္ခိတ၊ ဤကလေးသည် မောင်ဝ မည်၏။

♠ အာဝုသော, ဘော, ဘန္တေ, ဘောန္တော, ဘောတိ တို့သည် **ခေါ်သော, ပြန်၍ထူးသော ပုဒ်များ**ဖြစ်သည်။ ငယ်သူ ငယ်သူကို 'အာဝုသော' (ငါ့ရှင် / ငါ့ရှင်တို့) ဟုလည်းကောင်း, ကြီးသူကို 'ဘန္တေ' (အရှင်ဘုရား / အရှင်ဘုရားတို့) ဟုလည်းကောင်း သုံးစွဲပါ။ ဗုဒ္ဓပရိနိဗ္ဗာန်မစံမီက ကြီးကြီးငယ်ငယ် အချင်းချင်း အာဝုသောဟု ခေါ်ကြသည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ကြီးသူကငယ်သူကို အာဝုသော၊ ငယ်သူက ကြီးသူကို ဘန္တေ ဟု ခေါ်ဝေါ်သုံးစွဲရသည်။ အာဝုသော နှင့် ဘန္တေ အနည်းကိန်း အများကိန်း နှစ်မျိုးသုံးနိုင်သော နိပါတ်ပုဒ်များ ဖြစ်ကြသည်။ ဘော သည် ကိုလည်း အနည်းကိန်းအများကိန်း နှစ်မျိုးသုံး နိပါတ်အဖြစ်ယူနိုင်သည်။ ဘောကို နာမ်အဖြစ်ယူမှု ပုံလိန်/နပုံလိန်၌ 'ဘော' ဣတ္ထိလိန်၌ 'ဘောတိ' ဖြစ်သည်။ (ဘော–အိုအချင်း, အိုအချင်းတို့၊ အိုအရှင်, အိုအရှင့်တို့) (ဘောတိ–အိုရှင်မ၊ (ဘဝန္တ >ဘောတ+(နဒါဒိ)ီ>ိ+(အာလုပ်) သိ ) ဘောကို နာမ်အဖြစ်ယူမှု ဘဝန္တ>ဘော+(အာလုပ်) သိ၊ ဟု ပြီးသည်။ ဘော ပုရိသ ၌ ဘော ကား ဤ ဘောတည်း။ ဘောန္တောကား ဘဝန္တ>ဘောန္တ+ယော>ော–ါ။ (ဘောန္တော–အရှင်ကောင်းတို့၊ အရှင်ကောင်းတို့သည်) (ဘာသာဋီကာ၊ တိပိဋကမြန်မာ တို့မှ ကောက်နုတ်ချက်)

၅၀။ ဘောတိ ကညေ – အယံ ဒါရိကာ ကိံ နာမာ။ အို သတို့သမီး–ဤကလေးမသည် အဘယ် အမည်ရှိသနည်း။
၅၁။ ဘော ပုရိသ – အယံ ဒါရိကာ မအေး နာမ။ အို ယောကျ်ား – ဤကလေးမသည် မအေးမည်၏။
၅၂။ ဘော ဒါရက – တွံ ကိံ နာမော။ အို သူငယ် – သင်သည် အဘယ်အမည်ရှိသနည်း။
၅၃။ ဘော သမဏ – အဟံ မောင်လှ နာမ။ အို ရဟန်း – တပည့်တော်သည် မောင်လှမည်၏။
၅၄။ ဘောတိ ဒါရိကေ – တွံ ကိံ နာမာ။ အို ကလေးမ – သင်သည် အဘယ် အမည်ရှိသနည်း။
၅၅။ ဘော ပုရိသ – အဟံ မထွေး နာမ။ အို ယောကျ်ား ကျွန်မသည် မထွေးမည်၏။
၅၆။ ဘော သာမဏေရ – အယံ ဝိဟာရော ကိံ နာမော။ အိုကိုရင် – ဤကျောင်းသည် အဘယ်အမည်ရှိသနည်း။
၅၇။ ဘောန္တော သမဏာ – အယံ ဝိဟာရော ဇေတဝန် နာမ။ အို ရဟန်းတို့ – ဤကျောင်းသည် ဇေတဝန် မည်၏။

## အနာဂတ်ကြိယာ

| | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာမ | ဿတိ | ဿန္တိ |
| တုမှ | ဿသိ | ဿထ |
| အမှ | ဿာမိ | ဿာမ |
| (ဘူ–ဖြစ်ခြင်း) | ဘဝိဿတိ | ဘဝိဿန္တိ |
| | ဘဝိဿသိ | ဘဝိဿထ |
| | ဘဝိဿာမိ | ဘဝိဿာမ |
| (ဂမ်–သွားခြင်း) | ဂမိဿတိ | ဂမိဿန္တိ |
| | ဂမိဿသိ | ဂမိဿထ |
| | ဂမိဿာမိ | ဂမိဿာမ |
| (ဟူ–ဖြစ်ခြင်း) | ဟေဿတိ | ဟေဿန္တိ |
| | ဟေဿသိ | ဟေဿထ |
| | ဟေဿာမိ | ဟေဿာမ |

♠ ၁။ ဒါ၊ ဌာ စသော အာဆုံးသော ဓာတ်ကိုဆက်လျှင် အာကို အသို့ပြောင်းပြီး ဆက်ရသည်
ပုံစံ – ဒါ> ဒ + ဿတိ = ဒဿတိ။ ဌာ> ဌ + ဿတိ = ဌဿတိ (ဒီဋ္ဌ၃၉)
၂။ ဧ ဆုံးသော ပုဒ်ကို တိုက်ရိုက် ဆက်ရသည်။
ပုံစံ – ဇေ + ဿတိ = ဇေဿတိ။
၃။ ဗျတပါးသော သရများဆုံးသော ဓာတ်သို့ ဆက်လျှင် ဿ ရှေ့မှာ ဣ(ိ)ခံ ဆက်ရသည်။
ပုံစံ – ဂစ္ဆ+ (ိ) + ဿ = ဂစ္ဆိဿတိ။

♠ အနာဂတ် ကာလ၌ ဖြစ်ပေါ်မည့် အကြောင်းအရာကို ပြောပြလိုရာ၌ ဘဝိဿန္တိ ကို အသုံးပြုပါ။ ထို့ပြင် အံ့သြခြင်း, ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း အဓိပ္ပါယ်ကိုဖော်ပြသော နာမ နှင့် တွဲသုံးရာတွင် ဘဝိဿန္တိသည် အတိတ်က အဖြစ်အပျက်ကိုလည်း ရည်ညွှန်းဖော်ပြသည်။

ပုံစံ။ (၁) အနာဂတေ မေတ္တေယျောနာမ ဗုဒ္ဓေါ ဘဝိဿတိ။ နောင်အခါ၌ မေတ္တေယျမည်သောဘုရားသည် ပွင့်လိမ့်မည်။

(၂) အစ္ဆရိယံ အန္ဓောနာမ ပဗ္ဗတမာရောဟိဿတိ။ အန္ဓော–သူကန်းသည်၊ သမာနော–ဖြစ်ပါလျက်၊ ပဗ္ဗတံ–တောင်ပေါ်သို့၊ အာရောဟိဿတိနာမ–တက်နိုင်ပါပေ၏၊ အစ္ဆရိယံ–အံ့သြဖွယ်ကောင်းပေစွ။ (အံ့သြခြင်း)

(၃) ဣမေဟိနာမ ကလျာဏဓမ္မာ ပဋိဇာနိဿန္တိ။ ဣမေ(ဟိ)–ဤမကောင်းသောတရာရှိသူတို့သည်၊ ကလျာဏဓမ္မာ–ကောင်းသောတရားရှိသူတို့ဟူ၍၊ ပဋိဇာနိဿန္တိနာမ–ဝန်ခံကုန်ဘိ၏။ (ကဲ့ရဲ့ခြင်း)

(၄) ယတြဟိနာမ တထာဂတော အတီတေ ဗုဒ္ဓေ ပရိနိဗ္ဗုတေ ဆိန္နပပဉ္စေ ဆိန္နဝဋုမေ ပရိယာဒိန္နဝဋ္ဋေ သဗ္ဗဒုက္ခဝီတိဝတ္တေ ဇာတိတောပိ အနုဿရိဿတိ။ (ဒီ၊၂၊ ၇)

တထာဂတော–မြတ်စွာဘုရားသည်၊ယတြဟိ–အကြင့်ကြောင့်သာလျှင်၊ အတီတေ–လွန်ပြီးကုန်သော၊ ပရိနိဗ္ဗုတေ–ပရိနိဗ္ဗာန်ပြုပြီးကုန်သော၊ ဆိန္နပပဉ္စေ–အကြွင်းမဲ့ဖြတ်အပ်ပြီးသော ပပဉ္စတရားရှိတော်မူကုန်သော၊ ဆိန္နဝဋုမေ–ဖြတ်အပ်ပြီးသော ကမ္မဝဋ်ရှိတော်မူကုန်သော၊ သဗ္ဗဒုက္ခဝီတိဝတ္တေ–ကုန်စေအပ်ပြီးသောဝဋ်ဆင်းရဲရှိတော်မူကုန်သော၊ ဗုဒ္ဓေ–ဘုရားရှင်တို့ကို၊ ဇာတိတောပိ–အမျိုးအားဖြင့်လည်း၊ အနုဿရိဿတိနာမ–သိတော်မူနိုင်၏။ (ချီးမွမ်းခြင်း)

## နနှင့်နုပါသောကြိယာများ

'န' သည် တားမြစ်ခြင်း အဓိပ္ပါယ်ရသော နိပါတ်ပုဒ်ဖြစ်သည်။ 'နု' သည်လည်း မေးခွန်းသင်္ကေတပြ နိပါတ်ပုဒ်ဖြစ်သည်။ န ကို မ ဟု ဘာသာပါ။ နု ကို လော၊ လား၊ လဲ ဟု ဘာသာပြန်ပါ။

၁။ အတ္ထိ နု[၁] ဒါရကော။ ကလေးသည် ရှိသလား။ (အမေး)
၂။ အာမ . . အတ္ထိ ဒါရကော။ ဟုတ်ကဲ့ ကလေးသည် ရှိ၏။ (အဖြေ)
၃။ ဂစ္ဆတိ နု ကညာ။ အမျိုးသမီး သွားသလား။
၄။ အာမ . . ဂစ္ဆတိ ကညာ။ ဟုတ်ကဲ့ . . အမျိုးသွားပါ၏။
၅။ သယသိ နု တွံ။ သင်သည် အိပ်နေ သလား။
၆။ အာမ . . သယာမိ အဟံ။ ဟုတ်ကဲ့ . . ကျွန်ုပ်အိပ်နေပါ၏။
၇။ ပစန္တိ နု ဒါရိကာယော။ ကလေးမတို့သည် ချက်နေကြသလား။
၈။ အာမ . . ပစန္တိ ဒါရိကာယော။ ဟုတ်ကဲ့ ကလေးမတို့သည် ချက်နေကြကုန်၏။
၉။ ဒေသေတိ နု အာဝုသော ဗုဒ္ဓေါ ဓမ္မံ။ ငါ့ရှင် . . ဘုရားသည် တရားကို ဟောသလား။
၁၀။ အာမ . . ဒေသေတိ ဗုဒ္ဓေါ ဓမ္မံ။ တင်ပါ . . ဘုရားသည် တရားကို ဟောပါသည်။

♠ <u>အာမ</u> ကို မှန်ပါ၊ တင်ပါ၊ ဟုတ်ကဲ့၊ အင်း (အိမ်း) ဟု ဘာသာပြန်နိုင်သည်။ အာဝုသော, ဘန္တေ စသော အာလုပ်တို့ကို များသောအားဖြင့် <u>တပုဒ်နှောင်ထားလေ့ရှိ</u>သည်။ တစ်ခါတစ်ရံ <u>အစဆုံးမှာလည်း ထားလေ့ရှိ</u>သည်။

၁၁။ ဂစ္ဆသိ နု အာဝုသော တွံ ဂါမံ။ ငါ့ရှင် သင်သည် ရွာသို့ သွားသလော။
၁၂။ အာမ ဂစ္ဆာမိ အဟံ ဂါမံ။ ဟုတ်ကဲ့ ကျွန်ုပ် ရွာသို့သွားပါသည်။

---

၁ နုပါသော ကြိယာ, နနုပါသောကြိယာတို့ကို ဝါကျရှေ့မှာ ထားရသည်။ ကျမ်းဂန်ကြီးတို့၌ကား နနုသက်သက် ဝါကျရှေ့ဆုံးမှာ တွေ့ရ၏။ (စိန်ရတနာပါဠိသင်နည်း ၁၀)

၁၃။ ပစထ နု ဘောတိယော . . တုမှေ ဘတ္တံ။ အရှင်မတို့ သင်တို့သည် ထမင်းချက်ကြသလား။
၁၄။ အာမ ပစာမ မယံ ဘတ္တံ။ ဟုတ်ကဲ့ ကျွန်မတို့ ထမင်းချက်ကြပါသည်။

## နုဖြင့်မေးပြီး နဖြင့်ဖြေသော ဝါကျများ

၁၅။ အတ္ထိ နု အာဝုသော ဘတ္တံ။ ငါ့ရှင် ထမင်းသည် ရှိသလား။
၁၆။ နတ္ထိ ဘန္တေ ဘတ္တံ။ အရှင်ဘုရား ထမင်း မရှိတော့ပါ။
၁၇။ သန္တိ နု အာဝုသော မနုဿာ။ ငါ့ရှင် လူတို့သည် ရှိကြသလား။
၁၈။ န သန္တိ ဘန္တေ မနုဿာ။ အရှင်ဘုရား လူတို့သည် မရှိကြပါ။
၁၉။ အသိ နု တွံ အာဝုသော သာမဏေရော။ ငါ့ရှင် သင်သည် သာမဏေ ဖြစ်သလား။
၂၀။ န အမှိ ဘန္တေ သာမဏေရော။ အရှင်ဘုရား ကျွန်ုပ်သည် သာမဏေ မဟုတ်ပါ။
၂၁။ ပစတိ နု အာဝုသော ဒါရိကာ ဘတ္တံ။ ငါ့ရှင် ကလေးမသည် ထမင်း ချက်သလား။
၂၂။ န ပစတိ ဘန္တေ ဒါရိကာ ဘတ္တံ။ အရှင်ဘုရား ကလေးမသည် ထမင်း မချက်။
၂၃။ ဂစ္ဆတိ နု အာဝုသော တွံ ဂါမံ။ ငါ့ရှင် သင်သည် ရွာသို့ သွားသလား။
၂၄။ န ဂစ္ဆာမိ ဘန္တေ အဟံ ဂါမံ။ အရှင်ဘုရား ကျွန်ုပ်သည် ရွာသို့ မသွားပါ။

## ននုဖြင့် မေးသော အမေးဝါကျများ

၂၅။ အတ္ထိ ននု အာဝုသော ဗုဒ္ဓေါ။ အရှင်ဘုရား ဘုရားသည် ရှိသည်မဟုတ်လား။
၂၆။ အာမ ဘန္တေ, ဗုဒ္ဓေါ အတ္ထိ။ တင်ပါ . အရှင်ဘုရား၊ ဘုရားသည် ရှိပါ၏။
၂၇။ ဒေသေန္တိ ននု အာဝုသော ဗုဒ္ဓါ ဓမ္မံ။ ငါ့ရှင် – ဘုရားတို့သည် တရားကို ဟောကြသည် မဟုတ်လော။
၂၈။ အာမ  ဘန္တေ  ဗုဒ္ဓါ ဓမ္မံ ဒေသေန္တိ။ ဟုတ်ကဲ့ .. အရှင်ဘုရား၊ ဘုရားတို့သည် တရားကို ဟောကုန်၏။
၂၉။ ပစတိ ននု အာဝုသော ကညာ ဘတ္တံ။ ငါ့ရှင် သတို့သမီးသည် ထမင်းကို ချက်သည် မဟုတ်လော။
၃၀။ န ပစတိ ဘန္တေ ကညာ ဘတ္တံ။ အရှင်ဘုရား သတို့သမီးသည် ထမင်းကို မချက်။
၃၁။ ဂစ္ဆသိ ននု အာဝုသော တွံ ဂါမံ။ ငါ့ရှင် သင်သည် ရွာသို့ သွားသည် မဟုတ်လော။
၃၂။ န ဂစ္ဆာမိ ဘန္တေ အဟံ ဂါမံ။ အရှင်ဘုရား ကျွန်ုပ်သည် ရွာသို့ မသွားပါ။

## နနှင့်နု အကြား ကြိယာထားသော ဝါကျများ

၃၃။ န ဂစ္ဆသိ နု တွံ မဂ္ဂံ။ သင်သည် လမ်းသို့ မသွားဘူးလား။
၃၄။ အာမ . . န ဂစ္ဆာမိ အဟံ မဂ္ဂံ။ ဟုတ်ကဲ့ ကျွန်ုပ်သည် လမ်းသို့ မသွားပါ။
၃၅။  န ဂစ္ဆသိ နု တွံ ဂါမံ။ သင်သည် ရွာသို့ မသွားဘူးလား။
၃၆။ အာမ . .အဟံ ဂါမံ န ဂစ္ဆာမိ။ ဟုတ်ကဲ့ ကျွန်ုပ်သည် ရွာသို့ မသွားပါ။

၃၇။ န ပစသိ န တွံ ဘတ္တံ။ သင်သည် ထမင်းကို မချက်ဘူလား။
၃၈။ အာမ အဟံ ဘတ္တံ န ပစာမိ။ ဟုတ်ကဲ့ ကျွန်ုပ်သည် ထမင်းကို မချက်ပါ။

## နနှင့် နနအကြား ကြိယာထားသော ဝါကျများ

၃၄။ န ဂစ္ဆသိ နနု တွံ ဂါမံ။ သင်သည် ရွာသို့ မသွားသည် မဟုတ်လော။
၃၅။ အာမ အဟံ ဂါမံ နဂစ္ဆာမိ။ ဟုတ်ကဲ့ ကျွန်ုပ်သည် ရွာသို့ မသွားပါ။
၃၆။ န ပစသိ နနု တွံ ဘတ္တံ။ သင်သည် ထမင်းကို မချက်သည် မဟုတ်လော။
၃၇။ အာမ . . အဟံ ဘတ္တံ န ပစာမိ။ ဟုတ်ကဲ့ . . ကျွန်ုပ်သည် ထမင်းကို မချက်ပါ။

♠ န+ဂစ္ဆတိ+နနု=မသွားသည်မဟုတ်လော၊ န+အတ္ထိ+နနု=မရှိသည်မဟုတ်လော၊ နဟောတိနနု–မဖြစ်သည်မဟုတ်လော၊ ဤသို့ ပုဒ်စဉ်အတိုင်း မြန်မာပြန်ပါ။

၃၇။ ဗုဒ္ဓေါ ဟောတိ။ ဘုရားသည် ဖြစ်၏။
၃၈။ ဗုဒ္ဓေါ န ဟောတိ။ ဘုရားသည် မဖြစ်။
၃၉။ ဗုဒ္ဓေါ ဟောတိ နု။ ဘုရားသည် ဖြစ်သလော။
၄၀။ ဗုဒ္ဓေါ ဟောတိ နနု။ ဘုရားသည် ဖြစ်သည် မဟုတ်လော။
၄၁။ ဗုဒ္ဓေါ န ဟောတိ နု။ ဘုရားသည် မဖြစ်သလော။
၄၂။ ဗုဒ္ဓေါ န ဟောတိ နနု။ ဘုရားသည် မဖြစ်သည် မဟုတ်လော။

## အနာဂတ်ဝါကျများ

၄၃။ ဝသိဿသိ နု တွံ ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ။ သင်သည် ဤကျောင်းတိုက်၌ ဤသုံးလပတ်လုံး နေပါမည်လား။
၄၄။ နာဟံ ဝသိဿာမိ ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ။ ငါသည် ဤကျောင်းတိုက်၌ ဤသုံးလပတ်လုံး နေလိမ့်မည်မဟုတ်။
၄၅။ အဟံ ဒါရကေန သဒ္ဓိံ မောတော်ယာနေန မန္တလေးနဂရံ ဂမိဿာမိ။ ငါသည် ကလေးနှင့်အတူ မော်တော်ယဉ်ဖြင့် မန္တလေးမြို့သို့ သွားအံ့။
၄၆။ မယံ ဣမသ္မိံ ဝိဟာရေ သံဃဿ ဣမာနိ စီဝရာနိ ဒဿာမ။ ငါတို့သည် ဤကျောင်းတိုက်၌ သံဃာအား ဤသင်္ကန်းတို့ကို လှူကြလိမ့်မည်။
၄၇။ တုမှေ ဣမသ္မာ ဝိဟာရာ နိက္ခမိဿထ။ သင်တို့သည် ဤကျောင်းတိုက်မှ ထွက်ကြလိမ့်မည်။
၄၈။ ဣဒံ စီဝရံ မမ သန္တကံ ဟေဿတိ။ ဤသင်္ကန်းသည် ငါ၏ ဥစ္စာသည် ဖြစ်လိမ့်မည်။
၄၉။ အာစရိယော အမှာကံ ဩဝါဒံ ဒဿတိ။ ဆရာသည် ငါတို့အား အဆုံးအမကို ပေးလိမ့်မည်။

၅၀။ မစ္စု သတ္တေ နေသတိ။ သေမင်းသည် သတ္တဝါတို့ကို ခေါ်ဆောင်လိမ့်မည်။
၅၁။ ဒါရိကာ ကသ္မာ သံဃဿ အတ္ထာယ ဘတ္တံ န ပစိဿတိ။ ကလေးမသည် အဘယ့်ကြောင့် သံဃာတော်
တို့ အကျိုးငှါ ဆွမ်းကို မချက်လိမ့်မည်နည်း။

♠ အကာရန္တ စကားလုံးများနောက်ရှိ စတုတ္ထီဇကဝုစ် သ သည် အာယ (–ါယ) သို့ ပြောင်းနိုင်သည်။ ထိုသို့ ပြောင်းလာသော အာယ(–ါယ) ကို ငှါ, အလို့ငှါ, အတွက်, ဟု မြန်မာပြန်ဆိုနိုင်သည်။ ပုရိသဿ, ကညာယ တို့လို အား ဟု မြန်မာမပြန်ရ။ အတ္ထ+သ>ါယ=အတ္ထာယ။ ဟိတ+ သ>–ါယ=ဟိတာယ။ သုခ+သ>–ါယ=သုခါယ။ (အတ္ထာယ–အကျိုးငှာ၊ ဟိတာယ–စီးပွါးအလို့ငှာ၊ သုခါယ–ချမ်းသာအလို့ငှါ)

သက္ကတသဒ္ဒါတို့၌ကား ငှါ ဟု မြန်မာပြန်သည်ဖြစ်စေ, မပြန်သည်ဖြစ်စေ သ သည် အာယ သို့ အမြဲ ပြောင်းသည်။ ထို့ကြောင့် အာယ ကို အားဟု မြန်မာပြန်နိုင်သည်။ နမော ဗုဒ္ဓါယ သိဒ္ဓံ။ ဗုဒ္ဓါယ–ဘုရင်အား၊ နေမာ–ရှိခိုးပါ၏။ သိဒ္ဓံ–လိုရာဆန္ဒ ပြီးမြောက်ပါစေသတည်း။

ထို့ပြင် စတုတ္ထီဇကဝုစ် သ သည် အံ(ံ) သို့လည်း ပြောင်းနိုင်သည်။ ဒဿန+ သ>ံ =ဒဿနံ ဓမ္မဿဝန+ သ>ံ = ဓမ္မဿဝနံ (ဒဿနံ–ဖူးမြင်ခြင်းငှါ၊ ဓမ္မဿဝနံ–တရားနာခြင်းငှာ)

(အခြေပြု၈၅–၈၆)

၅၂။ ဗုဒ္ဓေါ ကေသံ အတ္ထာယ ဥပ္ပဇ္ဇတိ။ ဗုဒ္ဓသည် အဘယ်သူတို့ အကျိုးငှာ ဖြစ်တော်(ပွင့်တော်)မူသနည်း။
၅၃။ ဗုဒ္ဓေါ သတ္တာနံ အတ္ထာယ ဥပ္ပဇ္ဇတိ။ ဗုဒ္ဓသည် သတ္တဝါတို့၏ အကျိုးငှာ ဖြစ်တော်(ပွင့်တော်)မူ၏။
၅၄။ ဗုဒ္ဓေါ ကေသံ ဟိတာယ သုခါယ ဥပ္ပဇ္ဇတိ။ ဗုဒ္ဓသည် အဘယ်သူတို့ စီးပွားအလို့ငှါ ချမ်းသာခြင်းငှာ ဖြစ်တော်မူသနည်း။
၅၅။ ဗုဒ္ဓေါ ဒေဝမနုဿာနံ ဟိတာယ သုခါယ ဥပ္ပဇ္ဇတိ။ ဗုဒ္ဓသည် နတ်လူတို့၏ စီးပွားအလို့ငှါ ချမ်းသာခြင်းငှာ
ဖြစ်တော်မူသနည်း။
၅၆။ တွံ ကိမတ္ထာယ ဂါမံ ဂစ္ဆတိ။ သင်သည် အဘယ်အကျိုးငှါ ရွာသို့ သွားသနည်း။
၅၇။ အဟံ ပိဏ္ဍာယ ဂါမံ ဂစ္ဆာမိ။ ငါသည် ဆွမ်းအလို့ငှာ ရွာသို့ သွား၏။

## ကြိယာမပါသော တုလျတ် လိင်္ဂတ်ဝါကျ

၅၈။ ဣဒံ ကေသံ ဘတ္တံ။ ဤဟာသည် ဘယ်သူတို့အတွက် ထမင်းလဲ။ (ဣမ+သိ=ဣဒံ၊ ဘတ္တ+သိ=ဘတ္တံ)
၅၉။ ဣဒံ အာဂန္တုကာနံ ဘတ္တံ။ ဤဟာသည် ဧည့်သည်တို့အတွက် ထမင်းပါ။

♠ ပုဒ်နှစ်ပုဒ်တို့၏ အနက်အဓိပ္ပါယ်အရ မကွဲပြားပဲ တူမျှခြင်းသည် တုလျတ်မည်၏။ လိင်၏အနက်သာ ရှိသော ပုဒ်သည် လိင်္ဂတ်မည်၏။ ဣဒံ အရလည်း ထမင်း၊ ဘတ္တံ အရလည်း ထမင်းပင်ဖြစ်၍ နှစ်ပုဒ်လုံး အဓိပ္ပါယ် မကွဲပြား၍ တုလျတ်မည်၏။ နှစ်ပုဒ်လုံးတွင် ပထမာဝိဘတ်ဆက်ပေးထား၍ လိင်္ဂတ်လည်း မည်၏။ သို့သော် နာမည်ကွဲအောင် ရှေ့ပုဒ် ဣဒံကို တုလျတ်, နောက်ပုဒ်ဘတ္တံကို လိင်္ဂတ်ဟု ခေါ်သည်။

၆၀။ အယံ ကုသလော နာမ။ ဤကိုရင်သည် ကုသလ မည်၏။(နာမနာမ်)
၆၁။ ကုသလော အယံ။ ကုသလသည် ဤကိုရင်ပဲ။ (သဗ္ဗနာမ်)
၆၂။ အယံ ရာဇပုတ္တော။ ဤသူသည် မင်းသားပါပဲ။ (သမာသ်နာမ်)
၆၃။ အယံ ဝါသေဋ္ဌော။ ဤသူသည်  ဝါသေဋ္ဌ၏ သားပဲ။ (တဒ္ဓိတ်နာမ်)
၆၄။ အယံ ဥပဋ္ဌာကော။ ဤသူသည် အလုပ်အကျွေးပဲ။ (ကိတ်နာမ်)
၆၅။ အယံ ဖောဓိရုက္ခော။ ဤဟာသည် ဗောဓိပင်ပါ။
၆၆။ သော မေ သတ္ထာ။ ဤသူသည် ငါ၏ ဆရာပါ။
၆၇။ သော မမ သဟာယော။ သူသည် ကျွန်တော်၏ သူငယ်ချင်းပါ။
၆၈။ သော မေ အတ္တာ။ ဤဟာသည် ငါ၏ အတ္တပါ။
၆၉။ နမေသော အတ္တာ။ ဤဟာသည် ငါ၏ အတ္တမဟုတ်ပါ။

၇၀။ ဒွေမေ ဘိက္ခဝေ ပစ္စယာ မိစ္ဆာဒိဋ္ဌိယာ ဥပ္ပါဒါယ။ (အံ၊ ၁၊ ၈၆) အာသာဒုပ္ပဇဟဝဂ်။
ရဟန်းတို့ မှားသောအယူကို ဖြစ်စေခြင်းငှါ အကြောင်းတို့သည် ဤနှစ်ပါးတို့တည်း။

၇၁။ သော ဘိက္ခဝေ တုလာ ဇတံ ပမာဏံ မမ သာဝကာနံ ဘိက္ခူနံ ယဒိဒံ သာရိပုတ္တမောဂ္ဂလ္လာနာတိ။
(အံ၊ ၁၊ ၈၇) အာယာစနဝဂ်။
ရဟန်းတို့ ငါဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့တွင် အကြင် သာရိပုတြာမောဂ္ဂလာန်တို့သည် ရှိကုန်၏။ ငါဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့တွင် ဤသာရိပုတြာမောဂ္ဂလာန်တို့သည် ချိန်ခွင်ပမာ နှိုင်းရှိန်စရာတည်း။ တင်းတောင်ပမာ နှိုင်းယှဉ်စရာတည်း။

၇၂။ သော ဇဝမာဟ " ထောယံ မဂ္ဂေါ အယံ ပဋိပဒါ။ (အံ၊ ၁၊ ၁၆၉) သင်္ဂါရဝသုတ်။
ထိုမြတ်စွာဘုရားသည် ဤသို့ ပြော၏။ လာကြကုန်လော၊ ဤသည်ကား မဂ်တည်း၊ ဤသည်ကား အကျင့်တည်း။

၇၃။ ဣမေ ဓမ္မာ အကုသလာ။ (အံ၊ ၁၊ ၁၉၀) ကေသမုတ္တိသုတ်။
ဤတရားတို့သည် အကုသိုလ် တရားတို့ပဲ။

၇၄။ ဣတိပေတံ အတစ္ဆံ၊ ဣတိပေတံ အဘူတံ။ (အံ၊ ၁၊ ၂၀၃) အကုသလမူလသုတ်။
ဤအကြောင်းကြောင့်လည်း ဤအကြောင်းအရာသည် မမှန်။ ဤအကြောင်းကြောင့်လည်း ဤအကြောင်းအရာသည် မမှန်။

၇၅။ ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သ္နေဟော။ (အံ၊ ၁၊ ၂၂၄) ပဌမဘဝသုတ်။
ကံသည် လယ်ယာမြေတည်း၊ (ကံနှင့်တကွဖြစ်သော) ဝိညာဏ်သည် မျိုးစေ့တည်း။ တဏှာသည် ရေတည်း။

၇၆။ သွာဟံ ဗြဟ္မဏ ဇေဋ္ဌော သေဋ္ဌော လောကဿ။ (ဝိ၊ ၁၊ ၄) နိဒါန်း။
ဗြဟ္မဏ ထိုငါသည် တလောကလုံး၏ အကြီးအကဲတည်း။ တလောကလုံး၏ အမြတ်ဆုံးတည်း။

၇၇။ သော "ဣဒံ ဒုက္ခ"န္တိ ယထာဘူတံ အဗ္ဘညာသိံ။ (ဝိ၊ ၁၊ ၆) နိဒါန်း။
ထိုငါသည် ဤတရားသည် ဒုက္ခတည်းဟူ၍ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိခဲ့ပြီ။

၇၈။ ဣဒံ တေ တာတ သုဒိန္န မာတု မတ္တိကံ။ (ဝိ၊ ၁၊ ၁၉) ပဌမပါရာဇိက။
ချစ်သား သုဒိန္န၊ ဤရွှေငွေဥစ္စာသည် သင်၏ အမေ၏ အမိမှရသောဥစ္စာတည်း။

၇၉။ တဥ္စ ခေါ အရညေ အပရိဂ္ဂဟိတံ။ (ဝိ၊ ၁၊ ၅၄) ဒုတိယပါရာဇိက။
ထိုထင်းမြက်ရေသည်လည်း တောသို့ မသိမ်းပိုက်အပ်သော ထင်းမြက်ရေပါတည်း။

၈၀။ သော အဂ္ဂေါ မဟာစောရော။ ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ။(ဝိ၊ ၁၊ ၁၁၅)
အကြင်ရဟန်းသည် ထင်ရှာမရှိသော မဖြစ်ဘူးသော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွားပြောဆို၏။
ထိုရဟန်းသည် အဆိုးဆုံးသော သူခိုးကြီးတည်း။

၈၁။ ဣဒံ ပမာဏံ။ ဒါ အတိုင်းအတာပဲ။

၈၂။ ဧသော ခေါ အာဝုသော ဘိက္ခူနံ ဝေယျာဝစ္စကရောတိ။ ရာဇသိက္ခာပုဒ်ပါဠိ။
ဒါယကာ၊ ဤသူသည် ရဟန်းတို့၏ ဝေယျာဝစ္စကို ပြုပေးသူတည်း။

၈၃။ အဟံ ဘန္တေ အဒ္ဓိကော။ (ဓမ္မပဒ၊ ၁၊ ၁၁) စက္ခုပါလတ္ထေရဝတ္ထု။
အရှင်ဘုရား ကျွန်ုပ်သည် ခရီးသွားပါ။

၈၄။ အဟံ ဝဥ္ဈာ။ (ဓမ္မပဒ၊ ၁၊ ၃၀) ကာဠယက္ခိနီဝတ္ထု။
ငါသည် အမြုံမပဲ။

၈၅။ အယံ <u>သာ ယက္ခိနီ</u>။ (ဓမ္မပဒ၊ ၁၊ ၃၂) ကာဠယက္ခိနီဝတ္ထု။
ဤမိန်းမသည် ထို(သားနှစ်ယောက်ကိုစားသော)ဘီလူးမပဲ။

၈၉။ ဗုဒ္ဓုပဋ္ဌာကော ဧသော။ (ဓမ္မပဒ၊ ၁၊ ၃၉) ကောသမ္ဗကဝတ္ထု။
ဤ(အာနန္ဒာ)သည် (ငါ)ဘုရားအလုပ်အကျွေးတည်း။

၉၀။ အယံ တေသံ ဘိက္ခူနံ အညတရော။ (ဓမ္မပဒ၊ ၁၊ ၅၈) သာရိပုတ္တတ္ထေရဝတ္ထု။
ထိုရဟန်းတို့တွင် ဤရဟန်းသည် တပါးအပါအသင်ပဲ။

၉၂။ ဇေဋ္ဌပုတ္တော မေ ဗုဒ္ဓေါ၊ ကနိဋ္ဌပုတ္တော ပဌမအဂ္ဂသာဝကော၊ ပုရောဟိတပုတ္တော ဒုတိယအဂ္ဂသာဝကော။
(ဓမ္မပဒ၊ ၁၊ ၆၄) သာရိပုတ္တတ္ထေရဝတ္ထု။
ငါ၏ သားတော်ကြီးက ဘုရား၊ ညီငယ်သားက ပထမအဂ္ဂသာဝက၊ ပုရောဟိတ်ပုဏ္ဏားသားက ဒုတိယအဂ္ဂသာဝက။

၉၃။ အဟံ တာတ ကုမာရော။ (ဓမ္မပဒ၊ ၁၊ ၇၅) နန္ဒတ္ထေရဝတ္ထု။
ဖခင်၊ ကျွန်ုပ်သည် ရာဟုလာ မင်းသားပါ။
♠ တာတ ကို ဖခင်, အဘ, ချစ်သား, အမောင်, ညီချစ်, အချင်း ဟု ဘာသာပြန်နိုင်သည်။

၉၄။ ဣဒံ တေသံ သုဒိန္နဒါနဿ ဖလံ။ (ဓမ္မပဒ၊ ၁၊ ၃၆၅) ပဏ္ဍိတသာမဏေရဝတ္ထု။
ဤသည်ကား ထို(ဘုရားရှင်)တို့၏ ကောင်းစွာလှူအပ်သောအလှူ၏ အကျိုးတည်း။(နိသျ၃၅၀၂)

၉၅။ ကတမေ ဓမ္မာ ကုသလာ။ (အဘိ၊ ၁၊ ၁၇)
အဘယ်တရားတို့သည် ကုသိုလ်တို့နည်း။

၉၆။ ကေစ္စေ ဧဝမာဟံသု "ရူပါ ကာမာနံ အဂ္ဂ"န္တိ။ (သံ၊ ၁၊ ၇၉)
ကာမဂုဏ်တို့တွင် ရူပါရုံတို့သည် အမြတ်ဆုံးတည်း ဟု ဤသို့ အချို့က ပြောကြ၏။

၉၇။ အပ္ပမာဒေါ ခေါ မဟာရာဇ ဧကော ဓမ္မော။ (သံ၊ ၁၊ ၈၇)
မင်းကြီး (ပစ္စုပ္ပန်တမလွန် နှစ်တန်သောအကျိုးကို ပေးနိုင်သော) တပါးသောတရားဆိုတာ အပ္ပမာဒပဲ။

၉၈။ မာရော အယံ ပါပိမာ။ (သံ၊ ၁၊ ၁၃၃) ဤသူကား ယုတ်မာသော မာရ်နတ်တည်း။

၉၉။ အယံ တေ ပတ္တော။ ဒါဟာ သင့်ရဲ့ သပိတ်ပဲ။

၁၀၀။ အယံ တေ ဥတ္တရာသင်္ဂေါ။ ဒါဟာ သင့်ရဲ့ ကေသီပဲ။

၁၀၁။ ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။ ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ဝေဒနာ ဒုက္ခာ၊ သညာ ဒုက္ခာ၊ သင်္ခါရာ ဒုက္ခာ၊ ဝိညာဏံ ဒုက္ခံ။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ။ (သံ၊၂၊၁၈–၁၉)

| | |
|---|---|
| ရူပ (နု) | အနိစ္စ (တိ) |
| ဝေဒနာ (ထီ) | ဒုက္ခ (တိ) |
| သညာ (ထီ) | အနတ္တ (တိ) |
| သင်္ခါရ (ပု) | |
| ဝိညာဏ (နု) | |

♠ လိင်သုံးပါးလုံးတွင် ဧကဝုစ် ဗဟုဝုစ် နှစ်ပါးလုံး၌ **အနတ္တာ** ဟုသာ ရှိသည်။

(တိပိဋကနှ် အနတ္တအဖွင့်)

## ဂုဏဝါဒိဂိုဏ်း (ပုလ္လိင်)
### ဂုဏဝါ-ဂုဏ်ရှိသူ

**န္တုပြောင်းပုံ**

၁။ န္တု=န္တ+ု>၊ (သိ)
၂။ န္တု>၊ (အံ၊သ)
၃။ န္တု+ဝိဘတ်>
-ါ, န္တော, **i** , ၊, -ါ
တော, တိ, တာ, တံ

| | |
|---|---|
| ပ။ ဂုဏဝါ၊ ဂုဏဝန္တော | ဂုဏဝန္တာ၊ ဂုဏဝန္တော |
| အာ။ ဘော ဂုဏဝံ၊ ဂုဏဝ၊ ဂုဏဝါ | ဘောန္တော ဂုဏဝန္တာ၊ ဂုဏဝန္တော |
| ဒု။ ဂုဏဝံ၊ ဂုဏဝန္တံ | ဂုဏဝန္တေ |
| တ။ ဂုဏဝတာ၊ ဂုဏဝန္တေန | ဂုဏဝန္တေဟိ၊ ဂုဏဝန္တေဘိ |
| စ။ ဂုဏဝဿ၊ ဂုဏဝတော၊ ဂုဏဝန္တဿ | ဂုဏဝတံ၊ ဂုဏဝန္တာနံ၊ |
| မီ။ ဂုဏဝတာ၊ ဂုဏဝန္တသ္မာ၊ ဂုဏဝန္တမှာ၊ ဂုဏဝန္တာ | ဂုဏဝန္တေဟိ၊ ဂုဏဝန္တေဘိ |
| ဆ။ ဂုဏဝဿ၊ ဂုဏဝတော၊ ဂုဏဝန္တဿ | ဂုဏဝတံ၊ ဂုဏဝန္တာနံ၊ |
| သ။ ဂုဏဝတိ၊ ဂုဏဝန္တသ္မိံ၊ ဂုဏဝန္တမှိ၊ ဂုဏဝန္တေ | ဂုဏဝန္တေသု |

## ဂုဏဝါဒိဂိုဏ်း (နပုလ္လိင်)

| | |
|---|---|
| ပ။ ဂုဏဝံ၊ | ဂုဏဝန္တာ၊ ဂုဏဝန္တိ၊ ဂုဏဝန္တာနိ |
| အာ။ ဘော ဂုဏဝံ၊ ဂုဏဝ၊ ဂုဏဝါ | ဘဝန္တာနိ ဂုဏဝန္တာ၊ ဂုဏဝန္တိ၊ ဂုဏဝန္တာနိ |
| ဒု။ ဂုဏဝံ၊ ဂုဏဝန္တံ | ဂုဏဝန္တေ၊ ဂုဏဝန္တိ၊ ဂုဏဝန္တာနိ |

(တတိယာမှ စ၍ ပုံလိန်နှင့်တူ)

## ဂုဏဝါဒိဂိုဏ်း ပုလ္လိင် ရုပ်ပြီးပုံ

ပ။ ဂုဏဝန္တု + သိ = ဂုဏဝါ
-ါ

ဂုဏဝန္တု + သိ = ဂုဏဝန္တော
န္တ်+ု>၊ ော

ဂုဏဝန္တု + ယော = ဂုဏဝန္တာ
န္တ်+ု>၊ -ါ

ဂုဏဝန္တု+ ယော = ဂုဏဝန္တော
န္တော

အာ။ ဂုဏဝန္တု + သိ = ဂုဏဝံ၊ ဂုဏဝ၊ ဂုဏဝါ (ဂုဏဝန္တာ၊ ဂုဏဝန္တော၊ ပထမာယောနှင့်တူ)
-ံ, ၊, -ါ

ဒု။ ဂုဏဝ န္တု + i =ဂုဏဝံ
ံ+ ~~၊ ၊~~

ဂုဏဝန္တု + i = ဂုဏဝန္တံ
န္တ်+ု> ~~၊~~

ဂုဏဝန္တု+ ယော = ဂုဏဝန္တေ
န္တ်+ု>၊ -ါ

တ။ ဂုဏဝန္တု + နာ = ဂုဏဝတာ
တာ

ဂုဏဝန္တု + နာ = ဂုဏဝန္တေန
န္တ်+ု>၊ ေ-န

ဂုဏဝန္တု + ဟိ = ဂုဏဝန္တေဟိ/ဘိ
န္တ်+ု>၊> ေ

စ/ဆ။ ဂုဏဝန္တု + သ = ဂုဏဝဿ   ဂုဏဝန္တု + သ = ဂုဏဝတော   ဂုဏဝန္တု + သ = ဂုဏဝန္တဿ
၊ ဿ   တော   န္တဿ

ဂုဏဝန္တု + နံ = ဂုဏဝတံ   ဂုဏဝန္တု + နံ = ဂုဏဝန္တာနံ
တံ   န္တ်+ု>၊> –ါ

မိ။ ဂုဏဝန္တု + သ္မာ = ဂုဏဝတာ   ဂုဏဝန္တ+သ္မာ= ဂုဏဝန္တသ္မာ/ဂုဏဝန္တမှာ/ဂုဏဝန္တာ(ဂုဏဝန္တေဟိ/ဘိ=တူ)
တာ နာ   မှာ/–ါ

သ။ ဂုဏဝန္တု + သ္မိံ = ဂုဏဝတိ   ဂုဏဝန္တု + သ္မိံ = ဂုဏဝန္တသ္မိံ/ဂုဏဝန္တမှိ/ဂုဏဝန္တေ/
တိ

ဂုဏဝန္တု + သု = ဂုဏဝန္တေသု
န္တ်+ု>၊> ေ–

**စည်းမျဉ်းများ**

၄၃။ သိမ္ဟိဝါ။ သိကြောင့် န္တု ၏ ဥ သည် အ သို့ပြောင်းသည်။

၇၅။ အဝဏ္ဏာစဂေ။အာလုပ် သိ ကြောင့် န္တု သည် သိ နှင့်တကွ အ(၊) အာ(–ါ) အံ (–ံ) သို့ ပြောင်းသည်။

၇၃။ အာ သိမှိ။ ပဌမာ သိ ကြောင့် န္တု သည် သိ နှင့်တကွ အာ(–ါ) သို့ ပြောင်းသည်။

၇၂။ န္တဿ သေ ဝါ။ သိ ကြောင့် န္တု သည် သ နှင့်တကွ န္တဿ သို့ ပြောင်းသည်။

၇၁။ န္တုဿ န္တော။ ပဌမာ ယော ကြောင့် န္တု သည် ယော နှင့်တကွ န္တော သို့ ပြောင်းသည်။

၄၂။ သဗ္ဗဿ ဝါ အံ သေသု။ အံ, သ ကြောင့် န္တု သည် အ (၊) သို့ တခါတရံ ပြောင်းသည်။

၄၅။ တောတိတာ သသ္မိံနာသု။ သ, သ္မိံ, နာ ကြောင့် န္တုသည် ဝိဘတ်နှင့်အတူ အစဉ်အတိုင်း တော, တိ, တာ သို့ပြောင်းသည်။

၇၇။ နံမှိ တံ ဝါ။ နံ ကြောင့် န္တုသည် နံ နှင့် အတူ တံ သို့ ပြောင်းသည်။

၄၁။ န္တုဿန္တောယောသုစ။ သိနှင့်သမှ တပါးသောဝိဘတ်ကြောင့် န္တု ၏ ဥ သည် အ သို့ ပြောင်း၏။ အန္တဖြင့် ယော သည် ဣ (–ိ) သို့ ပြောင်းသည်။

၂၁၈။ အမှ တုမှ(ပ)သ္မာနာဝ။ သ္မာကို နာဝိဘတ် ပြောင်းလဲပုံအတိုင်း ပြောင်းနိုင်သည်။

## ဂုဏဝါဒိဂိုဏ်း နပုလ္လိင် ရုပ်ပြီးပုံ

ပ။ ဂုဏဝန္တု + သိ = ဂုဏဝံ   ဂုဏဝန္တု + ယော = ဂုဏဝန္တော   ဂုဏဝန္တု + ယော = ဂုဏဝန္တိ
ံ   န္တ်+ု>၊ နိ> –ါ   န္တ်+ု>၊ –ိ

ဂုဏဝန္တု + ယော = ဂုဏဝန္တာနိ
န္တ်+ု>၊> –ါ နိ

အာ။ ပဌမာနှင့်တူ

ဒု။ ပုံလိင်နှင့်တူ။ ဂုဏဝန္တု + ယော = ဂုဏဝန္တေ   (ဂုဏဝန္တိ၊ ဂုဏဝန္တာနိ ပဌမာယောနှင့်တူ)
န္တ်+ု>၊ နိ> ေ–

**စည်းမျဉ်းများ**

၇၄။ နပုံလိန်တွင် သိကြောင့် သိနှင့်အတူ န္တု သည် အံ(ံ) သို့ ပြောင်းသည်။

## ဂုဏဝါဒိဂိုဏ်းဝင်များ

| | | |
|---|---|---|
| ဂုဏဝါ ဂုဏ်ရှိသူ | ဗလဝါ အားရှိသူ | ယသဝါ အခြွေအရံရှိသူ |
| ဟိမဝါ ဆီးနှင်းရှိသည်,ဟိမဝန္တာတောင် | ဘဂဝါ ဘုန်းရှိသူမြတ်စွာဘုရား | ဝိဇ္ဇုမာ လျှပ်စစ်ရှိသူ |
| သတိမာ သတိရှိသူ | ဣဒ္ဓိမာ တန်ခိုးရှိသူ | ဗန္ဓုမာ မိတ်ဆွေရှိသူ |
| အာယသ္မာ အသက်ရှိသူ၊ အရှင် | ဓနဝါ ဥစ္စာရှိသူ | သုတဝါ အကြားအမြင်ရှိသူ |
| ဖလဝါ အသီးရှိသူ | သီလဝါ သီလရှိသူ | ပညာဝါ ပညာရှိသူ |
| ဓိတိမာ လုံ့လရှိသူ | ဂတိမာ,မုတိမာ,မတိမာ ပညာရှိသူ | မုတ္တိမာ လွတ်ခြင်းရှိသူ |
| ဇုတိမာ အရောင်ရှိသူ | သိရိမာ အသရေရှိသူ | ဟိရိမာ အရှက်ရှိသူ |
| ထုတိမာ ချီးမွမ်းဖွယ်ရှိသူ | ဂဏဝါ ဂိုဏ်းရှိသူ | ကုလဝါ အမျိုးရှိသူ |
| ရတိမာ မွေ့လျော်ခြင်းရှိသူ | ယတိမာ အားထုတ်ခြင်းရှိသူ | သုစိမာ စင်ကြယ်ခြင်းရှိသူ |
| ကလိမာ ဆုံးရုံးခြင်းရှိသူ | ဗလိမာ အခွန်အတုပ်ရှိသူ | ကသိမာ လယ်ထွန်းခြင်းရှိသူ |
| ရုစိမာ တင့်တယ်ခြင်းရှိသူ | ဗုဒ္ဓိမာ ဉာဏ်ရှိသူ | စက္ခုမာ မျက်စိရှိသူ |
| ဟေတုမာ အကြောင်းရှိသူ | သေတုမာ တံတားရှိသူ | ကေတုမာ မှန်ကင်းရှိသူ |
| ရာဟုမာ ရာဟုရှိသူ | ဘာဏုမာ အရောင်ရှိသည်,နေ | |
| ဘုတ္တာဝါ ထမင်းစားပြီးသူ | ဇတ္တာဝါ ဤမျှအတိုင်းအရှည်ရှိသည် | |
| ယာဝါ အကြင်မျှလောက် အတိုင်းအရှည်ရှိသည် | တာဝါ အကြင်မျှလောက် အတိုင်းအရှည်ရှိသည် | |

♠ ဂုဏဝါ–ဂုဏ်ရှိသောယောကျ်ား၊ (ပုံလိန်အတွက်) ဂုဏဝံ–ဂုဏ်ရှိသော အမျိုး (နပုံလိန်အတွက်) စသည်ဖြင့် လိင်အလိုက် ကိုက်ညီအောင် မြန်မာပြန်ရမည်။

♠ **ဝန္တု မန္တု တဝန္တု တာဝန္တု ဣမန္တု ပစ္စည်းအဆုံးရှိသော ပုဒ်အပေါင်းသည် ဂုဏဝါဒိဂိုဏ်း**ဝင်များဖြစ်သည်။ သို့ဖြစ်၍ ဤဂိုဏ်းဝင်များသည် တဒ္ဓိတ်နာမ်, ကိတ်နာမ်များ ဖြစ်ကြသည်။ (ဟိမဝါ ၌ ဝန္တု ပစ္စည်း၊ သတိမာ ၌ မန္တု ပစ္စည်း၊ ဘုတ္တာဝါ ၌ တဝန္တု ပစ္စည်း၊ ဇတ္တာဝါ ၌ တာဝန္တု ပစ္စည်း၊ စန္ဒိမာ ၌ ဣမန္တု ပစ္စည်း ဖြစ်သည်) **အချုပ်အားဖြင့် စကားလုံးတွင် အဆုံး၌ ဝါ, မာ ပါပြီး မြန်မာပြန်၌ ရှိ ပါလျှင် ဂုဏဝါဒိဂိုဏ်းဝင်များဟု မှတ်ပါ**။

## ဂစ္ဆန္တာဒိဂိုဏ်း ပုလ္လိင်

| | | |
|---|---|---|
| ပ | ဂစ္ဆံ၊ ဂစ္ဆန္တော | ဂစ္ဆန္တာ၊ ဂစ္ဆန္တော |
| အာ | ဘော ဂစ္ဆံ၊ ဂစ္ဆ၊ ဂစ္ဆာ | ဘောန္တော ဂစ္ဆန္တာ၊ ဂစ္ဆန္တော |
| ဒု | ဂစ္ဆံ၊ ဂစ္ဆန္တံ | ဂစ္ဆန္တေ |
| တ | ဂစ္ဆတာ၊ ဂစ္ဆန္တေန | ဂစ္ဆန္တေဟိ၊ ဂစ္ဆန္တေဘိ |
၂။ သောဟံ အဇ္ဇ ကထံ ဝဇ္ဇံ။ (မ ၁ ၄၁၄) ဧယျာမိသ အမာဒေသော စ။ (ရူ) ဧယျ ကို အံပြု။
သောဟံ–ထိုဗြဟ္မာဖြစ်သောငါသည်၊ အဇ္ဇ–ယနေ့၊ ကထံဝဇ္ဇံ–အဘယ်ကို ဆိုရာအံ့နည်း။
၃။ နိဗ္ဗာပယေ–ငြိမ်းစေပြီ။ ဧယျာသိ–ကို ဧပြု။ သတ္တမီသည် ကာလသုံးပါး ဟောသည်။ (ဓမ္မပဒ ဋ္ဌီ ၉၅)

### သတ္တမီအသုံးပြုပုံ

| | |
|---|---|
| ခွင့်ပြုခြင်း။ | တွံ ဂါမံ ဂစ္ဆေယျာသိ။ |
| ကြံဆခြင်း။ | အယံ အရဟာ ဘဝေယျ။ |
| မေးခြင်း။ | ကိံ နု ခေါ ဓမ္မံ မဓေယျံ, ဥဒါဟု ဝိနယံ အဓေယျံ၊<br>(ရိုးရိုးအမေးမဟုတ်၊ အရာဝတ္ထုနှစ်ခု ဆက်စပ်မေးခြင်း) |
| ဆုတောင်းခြင်း။ | ပရဒါရံ န ဂစ္ဆေယျ။ |
| ခွင့်တောင်းခြင်း။ | လဘေယျာ ဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ, လဘေယျံ ဥပသမ္ပဒံ။ |
| တိုက်တွန်း/တောင်းပန်ခြင်း။ | မာဏဝံ အဇ္ဈာပေယျာသိ။ |
| နည်းပေး/စီမံခြင်း။ | ဂါမံ ခေါ ဧဝံ ဂစ္ဆေယျ။ |
| ခေါ်ငင်ခြင်း။ | ဣဓ ဘဝံ နိသီဒေယျ။ |

| | |
|---|---|
| ပင့်ဖိတ်ခြင်း။ | ဂါမသ္မိံ ဘဝံ ဘုဥ္ဇေယျ။ |
| စွမ်းနိုင်ခြင်း။ | ကော ဣမံ ဝိဇမ္ဘေယေ ဇဠုံ။ |
| ထိုက်တန်ခြင်း။ | ဘဝံ ခလု ရဇ္ဇံ ကရေ/ကရေယျ။ |
| စေခိုင်းခြင်း။ | ဂါမကံ ဘဏေ ဂစ္ဆေ/ဂစ္ဆေယျာသိ။ |
| အချိန်တန်ခြင်း။ | ယဒိ သံဃဿ ပတ္တကလ္လံ, သံဃော ဥပေါသထံ ကရေယျ။ |
| ချီးမွမ်းခြင်း။ | ပဗ္ဗတမပိ ဘိန္ဒေယျ။ ဆဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အပိ ဟိမဝန္တံ ပဗ္ဗတရာဇံ ပဒါလေယျ၊ ကော ပန ဝါဒေါ ဆဝါယ အဝိဇ္ဇာယ။ |

(တုဝံ–သင်သည်၊ ဂါမံ–ရွာသို့၊ ဂစ္ဆေယျာသိ–သွားလိုသွားတော့။ အယံ–ဤသူသည်၊ အရဟာ–ရဟန္တာသည်၊ ဘဝေယျ–ဖြစ်လောက်ရာ၏၊ ဘော–အရှင်၊ဓမ္မံ–သုတ်အဘိဓမ္မာကို၊ အဇ္ဈေယျုံကိံ နု–သရစ္ဈယ်ရမှာပါလော၊ ဥဒါဟု–သို့မဟုတ်၊ ဝိနယံ–ဝိနည်းကို၊ အဇ္ဈေယျုံကိံ နု–သရစ္ဈယ်ရမှာပါလော၊ ပရဒါရံ–သူ့မယားကို၊ နဂစ္ဆေယျ–မသွားရလို၊ ဘန္တေ အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ ဘဂဝတော–မြတ်စွာဘုရား၏၊ သန္တိကေ–အထံ၌၊ ပဗ္ဗဇ္ဇံ–ရှင်အဖြစ်ကို၊ လဘေယျံ–ရချင်ပါ၏၊ ဥပသမ္ပဒံ–ရဟန်းအဖြစ်ကို၊ လဘေယျံ–ရချင်ပါ၏။ မာဏဝံ–လုလင်ကို၊ အဇ္ဈာပေယျာသိ–သရစ္ဈာယ်စေပါလော (စာချပေးပါလော)။ ဘော–အမောင်၊ ဂါမံ–ရွာသို့၊ ဇဝံ–ဤသို့၊ ဂစ္ဆေယျ–သွားရာ၏။ ဘဝံ–အရှင်သည်၊ ဣဓ–ဤနေရာ၌၊ နိသီဒေယျ–ထိုင်လှည့်ပါလော့။ ဘဝံ–အရှင်သည်၊ ဂါမသ္မိံ–ရွာ၌၊ ဘုဥ္ဇေ–စားပါလော။ ကော–အဘယ်သူသည်၊ ဣမံဇဠုံ–ဤအရုပ်အထွေးကို၊ ဝိဇမ္ဘေယေ–ဖြေရှင်းစွမ်းနိုင်ပါအံ့နည်း။ ဘဝံ–အရှင်သည်၊ ခလု–စင်စစ်၊ ရဇ္ဇံ–မင်းအဖြစ်ကို၊ ကရေ (ကရေယျ)ပြုထိုက်၏။ ဘဏေ–မောင်းမင်း၊ ဂါမကံ–ရွာငယ်သို့၊ ဂစ္ဆေ(ဂစ္ဆေယျာသိ)သွားစမ်းလော။

သံဃဿ–သံဃာ၏(ကံသည်)၊ ပတ္တကလ္လံ–လျောက်ပတ်သောအခါရှိသည်၊ စေ(ယဒိ)အကယ်၍ဖြစ်အံ့၊ ဇဝံသတိ–ဤသို့ ဖြစ်လသော်၊ ဥပေါသထံ–ဥပုသ်ကို၊ ကရေ–ပြုရာ၏၊ဝါ–ပြုချိန်တန်ပါပြီ။ ပဗ္ဗတမပိ–တောင်ကိုလည်း၊ ဘိန္ဒေယျ–ခွဲနိုင်ရာ၏။ ဘိက္ခဝေ–ရဟန်းတို့၊ ဆဟိ–ခြောက်ပါးကုန်သော၊ ဓမ္မေဟိ–တရားတို့နှင့်၊ သမန္နာဂတော–ပြည့်စုံသော၊ ဘိက္ခု–ရဟန်းသည်၊ ဟိမဝန္တံ–ဟိမဝန္တာမည်သော၊ ပဗ္ဗတရာဇံအပိ–တောင်မင်းကိုလည်း၊ ပဒါလေယျ–ခွဲနိုင်ရာသေး၏၊ ဆဝါယ–ယုတ်ညံ့သော၊ အဝိဇ္ဇာ–အဝိဇ္ဇာ၌၊ ဝါဒေါ–ဖောက်ခွဲနိုင်၏ ဟု အထူးဆိုဖွယ်စကားသည်၊ ကောပနအတ္ထိ–အဘယ်မှာရှိတော့အံ့နည်း၊ နတ္ထိဧဝ–မရှိတော့သည်သာ)

## (၄) ပရောက္ခာ

အ, ဥ၊ ဧ, တ္ထ၊ အံ[၁], မှ၊ တ္ထ, ရေ၊ တ္ထော, ဝှေ၊ ဣံ[၂], မှေ။

### အစီအရင်ထူး

တ္ထ, ရေ, တ္ထော, မှ, မှေ ဗျဉ်းဝိဘတ်နှောင်းရာ၌ ဣလာ။ ပုံစံ–ဗဘူဝိတ္ထ, ဗဘူဝိရေ စသည်

| | ပရဿပုဒ် | | အတ္တနောပုဒ် | |
|---|---|---|---|---|
| ယောဂ | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| နာမ | ဗဘူဝ | ဗဘူဝု | ဗဘူဝိတ္ထ | ဗဘူဝိရေ |
| တုမှ | ဗဘူဝေ | ဗဘူဝိတ္ထ | ဗဘူဝိတ္ထော | ဗဘူဝိဝှေ |
| အမှ | ဗဘူဝ | ဗဘူဝိမှ | ဗဘူဝိ | ဗဘူဝိမှေ |

| | |
|---|---|
| ဖြစ်ပြီးသည်ကို မေ့လျော့ခြင်း။ | အဟံ ဝိလလာပံ ကိရ။ အဟံ စကာရံ ကိရ။ အဟံ ဗဘူဝံ ကိရ။ |
| မသိဟန်ဆောင်ခြင်း။ | နာဟံ ကလိင်္ဂေ ဇဂါမ။ (နေခြင်း၏အကြောင်းရင်းကိုပါဖုံးသည်။ ရိုးရိုးဖုံးရာ၌ "နာဟံ အဝသိံ" မနေဘူးပါဟု အဓိပ္ပာယ်တွက်နိုင်သုံး) |
| သူတပါးပြောသံ တဆင့်ကြားရခြင်း။ | သော အာဟ ကိရ။ တွံ ဗဘူဝေ ကိရ။ ဧဝံ ကိရ ပေါရာဏာဟု။ |

(အဟံ–ငါသည်၊ ဝိလလာပံကိရ–ရောင်းရမ်းပြောမိသတဲ့။ အဟံ–ငါသည်၊ စကာရံကိရ–ပြုလုပ်မိသတဲ့။ အဟံ–ငါသည်၊ ဗဘူဝံ ကိရ–ဖြစ်ပြီတဲ့။ အဟံ–ငါသည်၊ ကလိင်္ဂေ–ကလိင်္ဂတိုင်းတို့ကို၊ နဇဂါမ–မသွားဘူးမရောက်ဘူးပါ။ သော–ထိုသူသည်၊ အာဟ ကိရ–ဆိုသတဲ့။ တွံ–သင်သည်၊ ဗဘူဝေကိရ–ဖြစ်ပြီတဲ့။ ဧဝံ–ဤသို့၊ ပေါရာဏာ–ရှေးဆရာတို့သည်၊ အာဟုကိရ–ဆိုကုန်သတဲ့)

---

၁ အံ (ကစ္စည်းသဒ္ဒါကြီးပါဌ် ၂၂၂)

၂ ဣံ (ကစ္စည်းသဒ္ဒါကြီးပါဌ် ၂၂၂)

## (၅) ဟိယျတ္တနီ

အာ, ဦ၊ ဩ, တ္ထ၊ အ, မှာ၊ တ္ထ, တ္ထုံ၊ သေ, ဝှံ၊ ဣံ, မှသေ။

| | ပရဿပုဒ် | | အတ္တနောပုဒ် | |
|---|---|---|---|---|
| ယောဂ | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| နာမ | အဘဝါ,ဘဝါ၊ | အဘဝူ,ဘဝူ | အဘဝတ္ထ,ဘဝတ္ထ၊ | အဘဝတ္ထုံ,ဘဝတ္ထုံ၊ |
| | အဘဝ, ဘဝ, | အဘဝု,ဘဝု | အဘဝထ,ဘဝထ[၁] | |
| တုမှ | အဘဝေါ,ဘဝေါ,အဘဝ,ဘဝ, | အဘဝတ္ထ,ဘဝတ္ထ | အဘဝသေ,ဘဝသေ၊ | အဘဝဝှံ,ဘဝဝှံ၊ |
| | အဘဝိ,ဘဝိ | အဘဝထ,ဘဝထ | | |
| အမှ | အဘဝ, ဘဝ | အဘဝမှာ,ဘဝမှာ, | အဘဝိံ, ဘဝိံ၊ | အဘဝမှသေ,ဘဝမှသေ၊ |
| | | အဘဝမှ,ဘဝမှ | | |

### အစီအရင်ထူး

၁။ ဓာတ်အစ၌ အလာ၊ ပုံစံ–အဘဝါ စသည်
၂။ အာ, ဦ> အ, ဥ ပုံစံ–အဘဝ, အဘဝု စသည်
၃။ ဩ >အ, ဣ ပုံစံ–အဘဝ, အဘဝိ စသည်
၄။ တ္ထ>ထ ပုံစံ–အဘဝထ
၅။ မှာ >မှ ပုံစံ–အဘဝမှ

ယမန်နေ့ည သန်းခေါင်အခါမှစ၍(မနေ့ကစ၍) ရှေးဖြစ်သော အတိတ်က အဖြစ်အပျက်ကို ပြောဆိုရေးသားလိုသည့်အခါ ဟိယျတ္တနီ သုံးရသည်။

သော အဂမာ မဂ္ဂံ။ တေ အဂမူ မဂ္ဂံ။

(သော–ထိုသူသည်၊ မဂ္ဂံ–လမ်းကို၊ အဂမာ–သွားပြီ။ တေ–ထိုသူတို့သည်၊ မဂ္ဂံ–လမ်းကို၊ အဂမူ–သွားကုန်ပြီ)

---

၁ စိန်ရတနာပါဠိသင်နည်း အတွဲ ၁၊ နှာ– ၁၇၇

## (၆) အဇ္ဇတနီ

ဤ, ဥံ, ဩ, တ္ထ, တ္တုံ, မှာ၊  အာ, ဦ, သေ, ဝှံ, အံ, မှေ၊

| | ပရဿပုဒ် | | အတ္တနောပုဒ် | |
|---|---|---|---|---|
| ယောဂ | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| နာမ | အဘဝီ, ဘဝီ၊ | အဘဝုံ,ဘဝုံ | အဘဝါ,ဘဝါ၊ | အဘဝူ, ဘဝူ |
| | အဘဝိ, ဘဝိ, | အဘဝိံသု,ဘဝိံသု<br>အဘဝံသု, ဘဝံသု | အဘဝိတ္ထ,ဘဝိတ္ထ၊ | အဘဝု, ဘဝု |
| တုမှ | အဘဝေါ,ဘဝေါ,အဘဝ,ဘဝ,<br>အဘဝိ,ဘဝိ | အဘဝိတ္ထ,ဘဝိတ္ထ<br>အဘဝုတ္ထ,ဘဝုတ္ထ | အဘဝိသေ,ဘဝိသေ၊ | အဘဝိဝှံ,ဘဝိဝှံ၊ |
| အမှ | အဘဝိံ, ဘဝိံ | အဘဝိမှာ,ဘဝိမှာ,<br>အဘဝိမှ,ဘဝိမှ<br>အဘဝုမှာ,ဘဝုမှာ<br>အဘဝုမှ, ဘဝုမှ | အဘဝ, ဘဝ၊<br>အဘဝံ, ဘဝံ | အဘဝိမှေ,ဘဝိမှေ၊ |

**အစီအရင်ထူး** ၁။ ဓာတ်အစ၌ အလာ၊ ပုံစံ–အဘဝီ စသည်
၂။ ဤ> တ္တ, ကျေ ပုံစံ–ဘဝိ၊ အဟု(ဟူနောက်မှဤချေ၊ ဟူ၌ရဿပြု ရူ–၂၉၅)
၂။ ဥံ > တ္တုံသု, အံသု ပုံစံ–အဘဝိံသု, အဘဝံသု စသည်
၃။ ဩ >အ,တ္တ,သိ,တ္ထ,တ္ထော,ကျေ ပုံစံ–ဘဝ,ဘဝိ,ဘဝသိ(ကိလိတ္ထ^၁,မညိတ္ထော,အဒါ,အဟု)
၄။ မှာ > မှ ပုံစံ–အဘဝိမှ
၅။ အာ >တ္ထ>ထ ပုံစံ–အဘဝိတ္ထ၊
၆။ အာ > အ ပုံစံ–အဝေါစ
၆။ ဦ > ဉ ပုံစံ–အဘဝု
၇။ အံ > အ ပုံစံ–အဘဝ
၇။ တ္တုံ, အံ> အာ ပုံစံ–အဇ္ဈဂါ[၂](ပေတဌ–၁၀၀၌‘အဟံ အဟု’ဟု အမှယောဂဖြင့်လည်းရှိ)
၈။ ဩ>တ္တ>ဧ ပုံစံ–နိဗ္ဗာယယေ–ငြိမ်းစေပြီ (ဓမ္မပဒဘာဋီ ပ ၉၅)

ယနေ့(ယခုဖြစ်ပြီးစအချိန်မှ)စ၍ (လေးသချေ်နှင့်ကမ္ဘာတစ်သိန်းကြာစေကာမူ) လွန်လေသမျှ အတိတ်အကြောင်းကို ပြောလိုရာ၌ အဇ္ဇတ္တနီဖြင့် ရေးသည်။ ဟိယျတ္တနီနှင့် အဇ္ဇတ္တနီကို ‘မာ’ နိပါတ်နှင့်တွဲရေးက ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါးလုံး ဘာသာပြန်နိုင်သည်။ ပုံစံ မာဂမာ–မသွားနှင့် (ဟိယျတ္တနီ) မာဂမီ–မသွားနှင့် (အဇ္ဇတ္တနီ) အတိတ်မှာလည်းမသွားပြီ, ပစ္စုပ္ပန်လည်း မသွားဆဲ, အနာဂတ်မှာလည်း မသွားလတ့်, ဘယ်ကာလမှာမှ မသွားဟု ဆိုလိုသည်။ ‘မာ’ ကို ပဉ္စမီဝိဘတ်နှင့်လည်း တွဲရေးနိုင်သည်။ ပုံစံ–မာဂစ္ဆာဟိ–မသွားပါနှင့်။

၁ နိရုတ္တိဒီပနီ ၃၇၄–၃၇၅။ (ဒါနံ အဒါ တုဝံ။ ဇာ ၂၊ ၃၂၂။ မာ ဘောတိ ကုပိတာ အဟု။ ဇာ ၂၊ ၃၃၅)

၂ အဇ္ဈတ္တနီယ မာတ္တမိံ ဝါ အံ ဝါ။ (သဒ္ဒနီတိ) တဏှာနံ ခယ မဇ္ဈဂါ။ စိတ္တံ–သည်၊ တဏှာနံ–တို့၏၊ ခယံ–ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို၊ အဇ္ဈဂါ–ရပြီ။

## (ရ) ဘဝိဿန္တိ

ဿတိ, ဿန္တိ, ဿသိ, ဿထ, ဿာမိ, ဿာမ၊ ဿတေ, ဿန္တေ, ဿသေ, ဿဝှေ, ဿံ, ဿာမှေ။

| | ပရဿပုဒ် | | အတ္တနောပုဒ် | |
|---|---|---|---|---|
| ယောဂ | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် |
| နာမ | ဂစ္ဆိဿတိ | ဂစ္ဆိဿန္တိ, ဂစ္ဆိဿရေ | ဂစ္ဆိဿတေ | ဂစ္ဆိဿန္တေ, ဂစ္ဆိဿရေ |
| တုမှ | ဂစ္ဆိဿသိ | ဂစ္ဆိဿထ | ဂစ္ဆိဿသေ | ဂစ္ဆိဿဝှေ |
| အမှ | ဂစ္ဆိဿာမိ | ဂစ္ဆိဿာမ | ဂစ္ဆိဿံ | ဂစ္ဆိဿာမှေ |

**အစီအရင်ထူး** ၁။ န္တိ, န္တေ >ရေ ပုံစံ–ဂစ္ဆိဿရေ စသည်

### အသုံးပြုပုံ

၁။ နောင်အနာဂတ် ဖြစ်ပျက်မည့်အကြောင်းအရာကို ပြောဆိုရေးသားလိုသောအခါ

၂။ ဂရဟ(ကဲ့ရဲ့ခြင်းအဓိပ္ပါယ်ရသော)နာမနှင့်တွဲပြီး အတိတ်ကအကြောင်းအရာကို ပြောလိုရာအခါ

၃။ ဝိမှယ(အံ့သြခြင်းအဓိပ္ပါယ်ရသော)နာမနှင့်တွဲပြီး အတိတ်ကအကြောင်းအရာကို ပြောလိုရာအခါ

၄။ အတိတ်က အဖြစ်အပျက်ကို ယတြဟိ–နာမ–နှင့် အံ့သြစွာ ပြောလိုရာအခါ

၅။ အတိတ်က အဖြစ်အပျက်ကို ကထံဟိ–နာမ–နှင့် ကဲ့ရဲ့ပြစ်တင် ပြောလိုရာအခါ တို့၌ ဘဝိဿန္တိကို အသုံးပြုသည်။

၁–ပုံစံ၊ သော ဂစ္ဆိဿတိ၊ တေ ဂစ္ဆိဿန္တိ။ သော–ထိုသူသည်၊ ဂစ္ဆိဿတိ–သွားလတံ့၊ တေ–ထိုသူတို့သည်၊ ဂစ္ဆိဿန္တိ–သွားကုန်လတံ့။

၂–ပုံစံ၊ ဣမေ ဟိ နာမ ကလျာဏဓမ္မာ ပဋိဇာနိဿန္တိ၊ ဣမေ(ဟိ)ဤမကောင်းသောတရားရှိသူတို့သည်၊ ကလျာဏဓမ္မာ–ကောင်းသောတရားရှိသူတို့ဟူ၍၊ ပဋိဇာနိဿန္တိနာမ–ဝန်ခံကုန်ဘိ၏။

၃–ပုံစံ၊ အစ္ဆရိယံ အန္ဓော နာမ ပဗ္ဗတ မာရောဟိဿတိ၊ အန္ဓော–သူကန်းသည်၊ (သမာနော–ဖြစ်ပါလျက်) ပဗ္ဗတံ–တောင်ပေါ်သို့၊အာရောဟိဿတိနာမ–တက်နိုင်ပါပေ၏၊ အစ္ဆရိယံ–အံ့သြဖွယ်ကောင်းလေစွ၊

၄–ပုံစံ၊ ယတြဟိ နာမ သညီ ဇာဂရော ပဉ္စမတ္တာနိ သကဋသတာနိ နိဿာယနိဿာယ အတိက္ကန္တာနိနေဝဒက္ခတိယ န ပန သောဿတိ။

ယတြဟိ(ယောဟိ)အကြင်အာဠာရရသေ့သည်၊ သညီသမာနော–သညာရှိသူဖြစ်ပါလျက်၊ ဇာဂရော–နိုးနေပါလျက်၊ နိဿာယနိဿာယ–မိမိကို ကပ်၍ကပ်၍၊ အတိက္ကန္တာနိ–လွန်သွားကုန်သော၊ ပဉ္စမတ္တာနိ သကဋသတာနိ–လှည်းငါးရာတို့ကို၊ နေဝဒက္ခတိနာမ–မြင်လည်းမမြင်လိုက်၊ နပနသောဿတိနာမ–ကြားလည်းမကြားလိုက်၊ တဿ–ထိုအာဠာရရသေ့၏၊ သန္တဝိဟာရေန–ငြိမ်သက်သောနေကြောင်းသမာပတ်ဖြင့်၊တံဝိဟရဏံ–ထိုနေခြင်းသည်၊ အစ္ဆရိယံဝတဘော–အံ့သြဖွယ်ကောင်းလေစွ။

၅–ပုံစံ၊ ကထံ ဟိ နာမ တွံ မောဃပုရိသ ဧဝံ သွက္ခာတေ ဓမ္မဝိနယေ ဥဒရဿ ကာရဏာ ပဗ္ဗဇိဿသိ။(ဝိ၃ ၇၃)

မောဃပုရိသ–အချည်းနှီးယောကျာ်း၊ ကထံဟိနာမ–အဘယ့်ကြောင့်သာလျှင်၊တွံ–သင်သည်၊ ဧဝံ–ဤသို့၊ သွက္ခာတေ–ကောင်းစွာဟောပ်အပ်သော၊ ဓမ္မဝိနယေ–သုတ်အဘိဓမ္မာဝိနည်းဟူသောသာသနာ၌၊ ဥဒရဿ–ဝမ်း၏၊ ကာရဏာ–အကြောင်းကြောင့်၊ ပဗ္ဗဇိဿသိနာမ–ရဟန်းပြုရသနည်း။

## (ရ) ကာလာတိပတ္တိ

ဿာ, ဿံသု, ဿေ, ဿထ, ဿံ, ဿာမှာ၊ ဿထ, ဿိံသု, ဿသေ, ဿဝှေ, ဿိံ, ဿာမှသေ။

| ယောဂ | ပရဿပုဒ် ဧကဝုစ် | ပရဿပုဒ် ဗဟုဝုစ် | အတ္တနောပုဒ် ဧကဝုစ် | အတ္တနောပုဒ် ဗဟုဝုစ် |
|---|---|---|---|---|
| နာမ | အဂစ္ဆိဿာ, ဂစ္ဆိဿာ<br>အဂစ္ဆိဿ, ဂစ္ဆိဿ | အဂစ္ဆိဿံသု, ဂစ္ဆိဿံသု | အဂစ္ဆိဿထ,ဂစ္ဆိဿထ | အဂစ္ဆိဿိံသု,ဂစ္ဆိဿိံသု |
| တုမှ | အဂစ္ဆိဿေ, ဂစ္ဆိဿေ<br>အဂစ္ဆိဿ, ဂစ္ဆိဿ | အဂစ္ဆိဿထ, ဂစ္ဆိဿထ | အဂစ္ဆိဿသေ,ဂစ္ဆိဿသေ | အဂစ္ဆိဿဝှေ,ဂစ္ဆိဿဝှေ |
| အမှ | အဂစ္ဆိဿံ,ဂစ္ဆိဿံ | အဂစ္ဆိဿာမှာ,ဂစ္ဆိဿာမှာ<br>အဂစ္ဆိဿာမှ, ဂစ္ဆိဿာမှ | အဂစ္ဆိဿိံ, ဂစ္ဆိဿိံ၊ | အဂစ္ဆိဿာမှသေ,<br>ဂစ္ဆိဿာမှသေ |

### အစီအရင်ထူး

၁။ ဿာ >ဿ ပုံစံ–အဂစ္ဆိဿ စသည်

၂။ ဿေ >ဿ ပုံစံ–အဂစ္ဆိဿ စသည်

၃။ ဿာမှာ >ဿာမှ ပုံစံ–အဂစ္ဆိဿာမှ စသည်

ဖြစ်သင့်သည်အရာ မဖြစ်ပဲ အချိန်လွန်သွားသည့်အရာကို ပြောလိုရာတွင် ကာလာတိပတ္တိဝိဘတ်ကို အသုံးပြုသည်။

(က) သော စေ တံ ယာနံ အလဘိဿာ၊ အဂစ္ဆိဿာ။ (ခ) တေ စေ တံ ယာနံ အလဘိဿံသု၊ အဂစ္ဆိဿံသု။

(ဂ) သစေ မေဃော န ဝဿေယျ, ဩဒနံ အပစိဿာ။ (ဃ) သော စေ ပဌမဝယေ ပဗ္ဗဇိဿ၊ အရဟာ အဘဝိဿာ[၁]။

(သော–ထိုသူသည်၊ တံ ယာနံ–ထိုယာဉ်ကို၊ စေ အလဘိဿာ–အကယ်၍ရအံ့၊ အဂစ္ဆိဿာ–သွားနိုင်လောက်ရာပြီ။ တေ–ထိုသူတို့သည်၊ တံ ယာနံ–ထိုယာဉ်ကို၊ စေ အလဘိဿံသု–အကယ်၍ရကုန်အံ့၊ အဂစ္ဆိဿံသု–သွားနိုင်လောက်ကုန်ရာပြီ။ မေဃော–မိုးသည်၊ သစေ န ဝဿေယျ–မရွာခဲ့ပါမူ၊ ဩဒနံ–ထမင်းသည်၊ အပစိဿာ–ကျက်လောက်ရာပြီ။ သော–ထိုသူငွေးသားသည်၊ ပဌမဝယေ–ပထမအရွယ်တုန်းက၊ စေပဗ္ဗဇိဿ–အကယ်၍ ရဟန်းပြုခဲ့အံ့၊ အရဟာ–ရဟန္တာသည်၊ အဘဝိဿာ–ဖြစ်လောက်ရာပြီ။)

---

၁ ကြိယာတိပန္နထားရာ၌ နှစ်ဝါကျရှိတတ်သည်။ နှစ်ဝါကျလုံး ကာလာတိပတ္တိသုံးနိုင်သလို, ပဉ္စမီ သတ္တမီ ဘဝိဿန္တီများနှင့်လည်း တွဲသုံးသည်။ (ဃ)၌ ရှေ့ဝါကျရှိ ပဗ္ဗဇိဿ သည် တွဲဘက်အနေဖြင့်သာပါခြင်းဖြစ်သည်၊ နောက်ဝါကျရှိ အဘဝိဿာ သည်သာ ကြိယာတိပန္နဖြစ်သည်။ အခြားဝါများ၌လည်း ဤသို့ချည်းတည်း။ (ကစ္စည်း ဘာဋီ ဒ ၃၁၈၊ ရူဘာဋီဒ ၃၉၂)

## ဥပသာရပုဒ်

နာမ်ပုဒ် အာချာတ်ပုဒ်တို့နှင့် တွဲဖက်၍ ယင်းပုဒ်တို့အနက်ကို (၁) မွမ်းမံ (၂) ပြင်ဆင် (၃) ခြယ်မှုန်းသော ပ, ပရာ စသော နှစ်ဆယ်သော ပုဒ်တို့ကို ဥပသာရပုဒ်ဟု ခေါ်သည်။

### အာချတ်ပုဒ်အနက်ကို မွမ်းမံပုံ

အဘိဝန္ဒာမိ=အလွန်ရိုသေစွာရှိခိုးပါ၏။
အဘိ+ဝန္ဒ(ရှိခိုး)+မိ
ဥဂ္ဂစ္ဆတိ=တက်၏။ ဥ+ဂမု(သွား)+တိ
ဥလ္လောကေယျာထ=မော့ကြည့်ကြလော့။
ဥ+လောက(ကြည့်)ဧယျာထ
ဩလောကေဟိ=ငုံ့ကြည့်လော့။အဝ+လောက+ဟိ

### အာချတ်ပုဒ်အနက်ကို ပြင်ဆင်ပုံ

ပရာဇေတိ=ရှုံး၏။ ပရာ+ဇိ(အောင်)တိ
အာဂစ္ဆတိ=လာ၏။ အာ+ဂမု(သွား)တိ
ပက္ကောသတိ=ခေါ်၏။ ပ+ကုသ(ဆဲဆို)တိ

### အာချတ်ပုဒ်ကို ခြယ်မှုန်းပုံ

လဘတိ=ရ၏။ ပဋိလဘတိ=ရ၏။
ပဋိ+လဘ(ရ)+တိ
ဝေဒေတိ=ခံစား၏။သံဝေဒေတိ=ခံစား၏။
သံ+ဝိဒ(ခံစား)+တိ

### နာမ်ပုဒ်အနက်ကို မွမ်းမံပုံ

ဥပဂင်္ဂံ=မြစ်၏အနီးအနား။ဥပ+ဂင်္ဂါ(မြစ်)
ပတိသောတံ=ရေဆန်။ပတိ+သောတ(ရေအလျဉ်)
အဘိဓမ္မ=လွန်ကဲထူးမြတ်သောတရား။
အဘိ+ဓမ္မ(တရား)

### နာမ်ပုဒ်အနက်ကို ပြင်ဆင်ပုံ

ဥဒ္ဓမ္မော=ဓမ္မအစစ်မဟုတ်။ ဥ+ဓမ္မ(ဓမ္မအစစ်)
ဥဗ္ဗိနယော=ဝိနည်းအစစ်မဟုတ်။
ဥ+ဝိနယ(ဝိနည်းအစစ်)

### နာမ်ပုဒ်ကို ခြယ်မှုန်းပုံ

ဖဿော=တွေ့ထိခြင်း
သမ္ဖဿော=တွေ့ထိခြင်း။ သံ+ဖဿ(တွေ့ထိခြင်း)

♠ ဓာတ်,နာမ်ကိုကပ်၊ အတ္ထကိုခြယ်၊ ပုဒ်ကိုခြယ်၊ နှစ်သွယ်ဥပသာ။
ချီးမြှင့်ပံ့ပြင်၊ တားမြစ်လျှင်၊ သုံးအင်အနက်မှာ။
(သဒ္ဒသံခိပ်)

## ဥပသာရပုဒ်အနက်များ

၁။ ပ = အပြား၊ အစ၊ ပြဋ္ဌာန်းခြင်း၊ အစိုးရခြင်း၊ အတွင်း၌ဖြစ်ခြင်း -- စသည်
ပညာ-အပြားအားဖြင့် သိတတ်သောတရား(ပ+ဉာ=သိခြင်း) ဝိပ္ပကတံ-စ၍ပြုအပ် အပြီးမသတ်သေးသော အလုပ်(ဝိ+ပ+ကရ=ပြု+တ) ပဏီတံ-ပြဋ္ဌာန်းသည်၏အဖြစ်သို့ ဆောင်အပ်၏။ မွန်မြတ်၏။ (ပ+နီ=ဆောင်+တ) ပဘူ-အစိုးရသူ(ပ+ဘူ=ဖြစ်) ပက္ခိတ္တံ-ထည့်သွင်းအပ်၏။ (ပ+ခိပ=ပစ်လွှတ်+တ)

၂။ ပရာ = ဆုတ်ယုတ်ခြင်း၊ ဆုံရှုံးခြင်း -- စသည်
ပရာဘဝေါ-ပျက်စီးခြင်း(ပရာ+ဘဝ=ဖြစ်ခြင်း) ပရာဇိတော-ရှုံးစေအပ်၏(ပရာ+ဇိ=အောင်+တ) ပရာမသနံ-သုံးသပ်ခြင်း(ပရာ+မသ=သုံးသပ်+ယု)

၃။ နိ = အကြွင်းအကျန်မရှိ၊ ထွက်သွားခြင်း၊ ထုတ်ဆောင်ခြင်း၊ တားမြစ်ခြင်း၊ မရှိခြင်း -- စသည်
နိရဝသေသံ-အကြွင်းအကြံမရှိအောင်(နိ+အဝသေသ=ကြွင်းကျန်သော) နိယျာတိ-ထွက်မြောက်၏ (နိ+ယာ=သွား+တိ) နိဒ္ဒါရဏ-ထုတ်ဆောင်ခြင်း(နိ+ဓာရဏ=ဆောင်ခြင်း) နိဝါရေတိ-တားမြစ်၏ (နိ+ဝရ=ပိတ်ဆို့+ဏေ+တိ) နိမ္မက္ခိကံ-ပျားကောင်မရှိ(နိ+မက္ခိကာ=ပျားကောင်,ယင်ကောင်)

၄။ နီ = ပယ်ထုပ်ခြင်း၊ တားမြစ်ခြင်း -- စသည်
နီဟရတိ-ပယ်ထုပ်၏(နီ+ဟရ=ဆောင်+အ+တိ) နီဝရဏ-တားမြစ်တတ်သောတရား(နီ+ဝရ=ပိတ်ဆို့+ယု)

၅။ ဉ = တိုးတက်ခြင်း၊ အထက်အမှု၊ ပြဋ္ဌာန်းခြင်း၊ စွမ်းနိုင်ခြင်း -- စသည်
ဥဂ္ဂစ္ဆတိ-အထက်သို့တက်၏(ဥ+ဂမု=သွား+တိ) ဥဋ္ဌိတော-ထ၏(ဥ+ဌာ=ရပ်+တ) ဥတ္တမော-မြတ်သူ (ဥ+တမ=တန်ဆာဆင်,ယုံမှား,ချစ်ဖွယ်ပြု) ဥဿဟတိ-စွမ်းနိုင်၏(ဥ+သဟ=သည်းခံ,လွှမ်းမိုး,အားထုတ်+ အ+တိ)

၆။ ဒု = မတင့်တယ်ခြင်း, မရှိခြင်း, မပြည့်စုံခြင်း -- စသည်
ဒုဂ္ဂန္ဓော - မတင့်တယ်သော အနံ့ (ဒု+ဂန္ဓ=အနံ့) ဒုဿီလော=သီလမရှိသူ(ဒု+သီလ=သီလ) ဒုဿဿံ-ကောက်စပါးမပြည့်စုံခြင်း(ဒု+သဿ=ကောက်စပါး)

၇။ သံ = ပေါင်းခြင်း၊ ကောင်းစွာ၊ အကျဉ်းချုံးခြင်း -- စသည်
သန္ဓိ-ပေါင်းစပ်ခြင်း(သံ+ဓာ=ဆောင်,ပေး,မွေးမြူ+ဣ) သမာဓိ-ကောင်းစွာအာရုံ၌ ထားတတ်သောတရား (သံ+အာ+ဓာ+ဣ) သမာသော-ပုဒ်တို့ကိုချုံးခြင်း(သံ+အသ=ထင်ရှားရှိ,သွား,ထွန်းပ,ယူ,ပစ်ပယ်,စား+ဏ)

၈။ ဝိ = အထူး၊ ဆန့်ကျင်ဘက်၊ မယုဉ်ခြင်း -- စသည်
ဝိမုတ္တိ=အထူးသဖြင့် လွတ်မြောက်ခြင်း(ဝိ+မုစ=လွတ်ကင်းခြင်း+တိ) ဝိဝါဒေါ=ဆန့်ကျင်ဘက်ပြောဆိုခြင်း (ဝိ+ဝဒ=ပြောဆိုခြင်း+ဏ) ဝိပ္ပယုတ္တော=မယှဉ်သောတရား (ဝိ+ပ+ယုဇ=ယှဉ်+တ)

၉။ အဝ= အောက်အဖို့၊ ကင်းခြင်း၊ လွှမ်းမိုးခြင်း၊ ခိုခြင်း -- စသည်
အဝက္ခိတ္တံ=အောက်သို့ချအပ်သော (အဝ+ခိပ=ပစ်လွှင့်+တ) ဩမုက္ကဥပါဟနော=ချွတ်အပ်သောဖိနပ်ရှိသူ (ဩ+မုစ=လွတ်ကင်း,စွန့်လွှတ်+တ) အဝဇာနန=အထင်သေးခြင်း(အဝ+ဉာ=သိခြင်း+နာ+ယု)
အဝဟာရော=ခိုးခြင်း (အဝ+ဟရ=ယူ+ဏ)

၁၀။ အနု = အစဉ်လိုက်ခြင်း၊ မပြတ်စဲခြင်း၊ တူမျှခြင်း -- စသည်
အနွေတိ=အစဉ်လိုက်၏(အနု+ဣ=သွား,ရောက်+တိ) အနုသယော=အစဉ်မပြတ်ကိန်းဝပ်သောကိလေသာ (အနု+သီ=တည်မှီ+အ) အနုရူပံ=လျော်၏(အနု+ရူပ=သဘော)

၁၁။ ပရိ = ထက်ဝန်းကြဉ်၊ ပိုင်းခြားခြင်း၊ ရှောင်ကြဉ်ခြင်း -- စသည်
ပရိဝုတော=ထက်ဝန်းကျင်စောင့်ရှောက်,ခြံရံအပ်၏(ပရိ+ဝရ=ပိတ်ဆို့+တ) ပရိဉ္ဉေယျံ=ပိုင်းခြား၍သိအပ်၏။ (ပရိ+ဉာ=သိခြင်း+ဏျ) ပရိဟရတိ=ရှောင်လွှဲ၏။ (ပရိ+ဟရ=ဆောင်ယူ+တိ)

၁၂။ အဓိ = အလွန်အကဲ၊ အစိုးရသူ၊ လွှမ်းမိုးခြင်း၊ သရဇ္ဈာယ်ခြင်း -- စသည်
အဓိသီလံ=လွန်ကဲသောသီလ(အဓိ+သီလ=သီလ) အဓိပတိ=အကြီးအကဲ(အဓိ+ပတိ=အကြီးအကဲ)
အဓိဘဝတိ=လွှမ်းမိုး၏(အဓိ+ဘဝ=ဖြစ်+တိ) အဓီတေ=ရွတ်အံသင်ယူ၏(အဓိ+ဣ+တေ)

၁၃။ အဘိ = ရှေးရှုဖြစ်ခြင်း၊ အထူး၊ အလွန်အကဲ၊ အထက်အမှု -- စသည်
အဘိက္ကမတိ=ရှေးရှု(ရှေ့သို့)သွား၏(အဘိ+ကမု=သွား,နှစ်သက်+အ+တိ) အဘိဓမ္မော=ထူးကဲသောတရား (အဘိ+ဓမ္မ) အဘိဝဿတိ=အလွန်ရွာ၏ (အဘိ+ဝဿု=မိုးရွာ+အ+တိ) အဘိရုဟတိ=တက်၏ (အဘိ+ရုဟ=ဖြစ်+တိ)

၁၄။ ပတိ=ပဋိ =မှီခြင်း၊ ဆန့်ကျင်ဘက်၊ အစားပေးခြင်း၊ တားမြစ်ခြင်း၊ တူမျှခြင်း၊ ထိုးထွင်း၍သိခြင်း–စသည်
ပစ္စက္ခံ=စက္ခုစသောဣန္ဒြေကိုမှီသောဉာဏ်/မျက်မှောက် (ပတိ+အက္ခ=စက္ခုစသောဣန္ဒြေ) ပတိသောတံ–ရေ၏ ဆန့်ကျင်ဘက်(ပတိ+သောတ=ရေအလျဉ်) ပတိဒဒါတိ=အစားပေး၏(ပတိ+ဒါ=ပေး+တိ)
ပတိသေဓနံ=တားမြစ်ခြင်း(ပဋိ+သိဓု=သွား+ယု)
ပဋိဝေဓော=ထိုးထွင်း၍သိခြင်း (ပဋိ+ဝိဓ=ဖောက်ထွင်း,ကွဲပြား,စီရင်+ဏ)

၁၅။ သု = တင့်တယ်ခြင်း၊ ကောင်းစွာ၊ ပြည့်စုံခြင်း -- စသည်

သုဂန္ဓော=တင့်တယ်သောအနံ့ (သု+ဂန္ဓ=အနံ့) သုဂတော=ကောင်းစွာကြွသွားတော်မူသော မြတ်စွာဘုရား (သု+ဂတ=သွားခြင်း) သုဘိက္ခံ=ထမင်း၏ပြည့်စုံခြင်း (သု+ဘိက္ခာ=ထမင်း)

၁၆။ အာ = ရှေးရှုဖြစ်ခြင်း၊ အပိုင်းအခြား၊ ပျံ့နှံ့ခြင်း၊ ရောက်ခြင်း၊ လိုလားခြင်း -- စသည်

အာဂစ္ဆတိ=လာ၏(အာ+ဂစ္ဆ=သွား+တိ) အာပဗ္ဗတံ=တောင်တိုင်အောင်(တောင်အထိ) (အာ+ပဗ္ဗတ=တောင်) အာကုမာရံ ယသော ကစ္စာယနဿ=ကစ္စည်းထေရ်၏ အကျော်အစောသည် ကလေးငယ်တိုင်အောင် ဖြစ်သည်။ (အာ+ကုမာရ=ကလေးငယ်) အာပန္နော=ရောက်၏ (အာ+ပဒ=သွား/ခိုင်ခံ့) အာကင်္ခါ=လိုလားခြင်း(အာ+ကခ်=လိုခြင်း/ယုံမှား)

၁၇။ အတိ = သာလွန်(ကျော်လွန်)ခြင်း၊ လွန်သွားခြင်း၊ ကဲလွန်၊ အလွန် -- စသည်

အတိရောစတိ=သာလွန်တင့်တယ်၏(အတိ+ရုစ=တင့်တယ်+အ+တိ) အတီတော=လွန်၍ဖြစ်၏ (အတိ+ဣ=ဖြစ်+တ) အစ္စန္တံ=အပိုင်းအခြားကို လွန်၏ (အတိ+အန္တ=အပိုင်းအခြား) အတိကုသလံ=အလွန်လိမ္မာ၏(အတိ+ကုသလ=လိမ္မာ) အတိဝုဒ္ဓိ=အလွန်ကြီးခြင်း(အတိ+ဝုဒ္ဓိ=ကြီး)

၁၈။ အပိ = ချီးမြှောက်ခြင်း၊ ကဲ့ရဲ့ခြင်း၊ မေးခြင်း -- စသည်

မေရုမ္ပိ-မြင်းမိုရ်တောင်ကိုသော်လည်း၊ ဝိနိဝိဇ္ဈိတွာ=ထိုးဖောက်၍၊ ဂစ္ဆေယျ=သွားနိုင်ရာ၏။ အပိအမှာကံ ပဏ္ဍိတက=ငါတို့၏ပညာရှိကြီး(စက်ဆုပ်အပ်သော ပညာရှိ) ဘန္တေ-အရှင်ဘုရား၊ ဘိက္ခုံ-ဆွမ်းကို၊ အပိလဘိတ္ထ-ရပါကုန်၏လော။

၁၉။ အပ = ကင်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ရှောင်ကြဉ်ခြင်း -- စသည်

အပမာနော=ကင်းသောမာနရှိ၏(အပ+မာန) အပဂဗ္ဘော-နတ်ပြည်ပဋိသန္ဓေမှကင်းသူ(အပ+ဂဗ္ဘ=ပဋိသန္ဓေ) ယုတ်ညံ့သော ပဋိသန္ဓေနေခြင်းရှိသူ၊ ဝါဏိဇာ-ကုန်သည်တို့သည်၊ အပသာလာယ-ကင်းတဲကိုရှောင်လွှဲကုန်၍၊ အာယန္တိ-လာကုန်၏။

၂၀။ ဥပ = ချဉ်းကပ်ခြင်း၊ အနီးကပ်၊ ရောက်ခြင်း၊ အသင့်၊ အထက်၌ဖြစ်ခြင်း၊ အလွန် -- စသည်

ဥပနိသီဒေယျ=ကပ်၍ထိုင်အံ့(ဥပ+နိသီဒေယျ=ထိုင်အံ့) ဥပနဂရံ=မြို့အနီး(ဥပ+နဂရ=မြို့) ဥပပတ္တိတော= အသင့်အားဖြင့်(ဥပ+ပဒ=သွား+တိ+တော)

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၂၈-၃၂)

## နိပါတ်ပုဒ်

ဝါကျ၏ အစ,အလယ်,အဆုံး တနေရာရာမှနေ၍ မိမိဟောလိုသော အနက်အဓိပ္ပါယ်ကို နာမ်ပုဒ် ကြိယာပုဒ်တို့နှင့်တွဲဖက်၍ ညွှန်ပြသော စ, ပိ အစရှိသော ပုဒ်တို့သည် "နိပါတ်ပုဒ်"တို့မည်၏။

ယင်းနိပါတ်ပုဒ်နှင့် ဥပသာရပုဒ်တို့သည် လိင်သုံးပါးဝိဘတ်ခုနစ်သွယ်နှင့် ဆက်သွယ်သော်လည်း မူလရုပ်သွင်အနေအထား ပြောင်းလဲမှုမရှိသဖြင့် "အဗျယပုဒ်"လည်း မည်၏။

## ပုံစံများ

(က) မာ မံ ဘန္တေ နာသေထ = အရှင်ဘုရား တပည့်တော်မ(၏စည်းစိမ်)ကို မဖျက်ဆီးကြပါကုန်လင့်။

ဤ၌ 'မာ'ဟူသော နိပါတ်ပုဒ်သည် ဝါကျ၏အစ၌တည်လျက် မိမိဟောလိုသော တားမြစ်ခြင်းအနက်ကို 'နာသေထ' ဟူသော ကြိယာပုဒ်နှင့် တွဲဖက်၍ ညွှန်ပြသည်။

(ခ) ခီဏာသဝေါ ပန ဇီဝိတေ ဝါ မရဏေ ဝါ ဥပေက္ခကော ဟောတိ။ ရဟန္တာပုဂ္ဂိုလ်သည်ကား အသက်ရှင်ခြင်း၌ဖြစ်စေ သေခြင်း၌ဖြစ်စေ (မုန်း,ချစ် မပြု) လျစ်လျူရှုသည်သာ ဖြစ်၏။

ဤ၌ 'ပန, ဇဝ' နိပါတ်ပုဒ်တို့သည် ဝါကျ၏အလယ်ကနေ၍ နာမ်ပုဒ်များနှင့်တွဲဖက်ပြီး မိမိတို့ ဟောလိုသော 'ဆန့်ကျင်ဘက်အနက်' 'ပိုင်းခြားကန့်သတ်ခြင်း' အနက်များကို ဟောကုန်၏။

(ဂ) ပုညကရဏံ ဟိ ဣဓ စေဝ သမ္ပရာယေ စ သုခမေဝ = ကုသိုလ်ကောင်းမှု ပြုခြင်းသည်သာ ယခုဘဝ၌ဖြစ်စေ နောင်ဘဝ၌ ဖြစ်စေ ချမ်းသာ(သောအကျိုး)ကို ဖြစ်စေနိုင်သည်သာ။

ဤ၌ 'ဧဝ' နိပါတ်ပုဒ်သည် ဝါကျ၏အဆုံးကနေ၍ မိမိဟောလိုသော 'ပိုင်းခြားကန့်သတ်ခြင်းအနက်ကို' သုခဟူသော နာမ်ပုဒ်နှင့်တွဲဖက်၍ ညွှန်ပြလေသည်။

## နိပါတ်ပုဒ်နှင့် ၎င်းတို့၏ အဓိပ္ပါယ်များ

၁။ န, နော, မာ, အလံ, ဟလံ = မ, မဟုတ်
၂။ အထ = အခြားမဲ့၊ ထိုမှတပါး၊ သို့မဟုတ်
၃။ တု = ထိုမှတပါး၊ အထူး
၄။ ဟဝေ, ဝေ = စင်စစ်၊ ဧကန်၊ အမှန်အားဖြင့်
၅။ သေယျထိဒံ = ထိုဟာအဘယ်နည်း
၆။ အတ္ထိ = ရှိကုန်၏။
၇။ သက္ကာ = တတ်ကောင်း၏။
၈။ သမန္တာ = ထက်ဝန်းကျင်
၉။ ဟေဋ္ဌာ = အောက်
၁၀။ ဥပရိ = အထက်

၁၁။ မုဟုတ္တ = တမုဟုတ်မျှ၊ တခဏမျှ
၁၂။ ဣတိ=ထို့-ကြောင့်၊ ဤတွင်ပြီးပြီ၊
ဤသို့၊ ဟူ၍၊ ဟု
၁၃။ အပွေ၀နာမ=ငြားအံ့လည်းမသိ၊ -တန်ရာ၏၊
၁၄။ အာမ, သာဓု=ကောင်းပြီ၊ အေး၊ အိမ်း၊
၁၅။ ကိဉ္စာပိ = အကယ်၍ - - ပါပေ၏၊
၁၆။ ကု = စက်ဆုပ်ဘွယ်
၁၇။ အဟော = အံ့သြဖွယ်ရှိပါပေစွ
၁၈။ ကိရ=တဆင့်စကားကြားရဖူးသည်ကား၊
သတဲ့၊ သတတ်၊
၁၉။ နာနာ, ပုထု=အသီးအခြား
၂၀။ ပုန=တဖန်
၂၁။ ဧ၀=သာ၊ သာလျှင်၊ ပင်လျှင်
၂၂။ ယာဝ=အကြင်မျှလောက်
၂၃။ တာဝ=ထိုမျှလောက်
၂၄။ နမော=ရှိခိုခြင်းသည် - စသည်တို့ဖြစ်ကုန်၏။

## သာမိကာရကနှင့်တွဲသည့်နိပါတ်ပုဒ်များ

၁။ ဥပရိ=အပေါ်မှာ
ရုက္ခဿ ဥပရိ သကုဏော ဟောတိ။ သစ်ပင်၏ အပေါ်မှာ ငှက်ရှိသည်။

၂။ ဟေဋ္ဌာ=အောက်မှာ
ရုက္ခဿ ဟေဋ္ဌာ ဒါရကာ ကီဠန္တိ။ သစ်ပင်၏ အောက်မှာ ကလေးများ ကစားနေကြသည်။

၃။ ပုရေ၊ ပုရတော=ရှေ့မှာ
ဂေဟဿ ပုရေ(ပုရတော) ရုက္ခော ဟောတိ။ အိမ်၏ရှေ့မှာ သစ်ပင်ရှိသည်။

၄။ ပစ္ဆာ၊ ပစ္ဆတော=နောက်မှာ
ဝိဟာရဿ ပစ္ဆာ(ပစ္ဆတော) သာမဏေရာ ဟောန္တိ။ ကျောင်း၏နောက်မှာ သာမဏေများရှိကြသည်။

၅။ သမီပေ၊ သန္တိကေ=အနီးမှာ
နဂရဿ သမီပေ(သန္တိကေ) မနုဿာ ဝသန္တိ။ မြို့၏အနီးအနားမှာ လူများနေကြသည်။

၆။ ဒူရေ=အဝေးမှာ
နဂရဿ ဒူရေ ခေတ္တာနိ ဟောန္တိ။ မြို့၏အဝေးမှာ လယ်များ ရှိကြသည်။

၇။ အဝိဒူရေ=မနီးမဝေး၌
အမှာကံ ဂေဟဿ အဝိဒူရေ ဂေါဏာ တိဏံ ခါဒန္တိ။
ငါတို့၏ အိမ်၏ မနီးမဝေး၌ နွားများသည် မြက်ကို စားကြသည်။

၈။ အန္တော=အတွင်းမှာ
နဂရဿ အန္တော အရယော န ဟောန္တိ။ မြို့၏အတွင်း၌ ရန်သူများ မရှိကြပါ။

၉။ ဗဟိ=အပြင်အပ၌
နဂရဿ ဗဟိ အရယော န ဟောန္တိ။ မြို့၏အပြင်ပ၌ ရန်သူများ မရှိကြပါ။

၁၀။ အန္တရာ၊ အန္တရေ=အကြား၌
ဒွိန္နံ ဂါမာနံ အန္တရာ ဧကာ နဒီ အဟောသိ။ ရွာနှစ်ရွာတို့၏ အကြားမှာ မြစ်တစ်မြစ်ရှိခဲ့သည်။

## ကရဏဝိဘတ်နှင့် တွဲရသည့် နိပါတ်များ

၁။ ဝိနာ=ကင်း၍၊ မပါဘဲ
တွံ ပညာယ ဝိနာ မာ ဝသာဟိ။ သင်သည် ပညာရှိနှင့် ကင်းကွာပြီး မနေနှင့်။
သီလေန ဝိနာ ဓမ္မံ စရိတုံ န သက္ကောတိ။ အကျင့်သီလနှင့် ကင်းကွာပြီး တရားကို ကျင့်ရန် မစွမ်းနိုင်။

၂။ သဒ္ဓိံ၊ သဟ=အတူတကွ
မယံ အာစရိယေန သဟ(သဒ္ဓိံ) ကမ္မံ ကရောမ။ ငါတို့သည် ဆရာနှင့် အတူတကွ အလုပ်လုပ်ကြသည်။

### မြန်မာသို့ ပြန်ဆိုပါ

၁။ ဂေဟဿ ဟေဋ္ဌာ ဒါရကာ ကီဠန္တိ။
၂။ ဂါမဿ အဝိဒူရေ ဝနံ အဟောသိ။
၃။ အာစရိယဿ သန္တိကေ မယံ သိပ္ပံ ဥဂ္ဂဏှာမ။
၄။ တုမှေ အာစရိယဿ ပုရေ မာ ဘာသထ။
၅။ အမှာကံ ဂေဟဿ အန္တော ဓနာနိ အဟေသုံ။
၆။ ဂါမဿ ဗဟိ ခေတ္တာနိ ဟောန္တိ။
၇။ တာယော ကညာယော အမှေဟိ သဒ္ဓိံ စေတိယံ ဂစ္ဆန္တိ။
၈။ အဟံ တယာ ဝိနာ ဝသိတုံ န သက္ကောမိ။
၉။ ဗာလေဟိ သဟ မာ ဝသထ။
၁၀။ ဂါမဿ စ နဂရဿ စ အန္တရေ ကညံ ပဿာမိ။

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၃၅-၄၁)

# သမာသ်

နာမ်ပုဒ်[၁] နှစ်ပုဒ်ကိုဖြစ်စေ သုံးပုဒ်လေးပုဒ်စသည် အများကို ဖြစ်စေ စကားတိုအောင် ချုံးမှု စကားကျဉ်းအောင် ချဉ်းစပ်မှုကို သမာသ်ဟု ခေါ်၏။ မြန်မာစကားသုံး၌လည်း ထိုကဲ့သို့သမာသ် စကားလုံးတွေ များစွာပါရှိ၏။ မချုံး မချဉ်းအပ်သော စကားကို ပါဠိလို "ဝါကျ"ဟု ခေါ်သည်။

ပါဠိဝါကျ - ရညော+ပုတ္တော မြန်မာဝါကျ - မင်း၏+သား
ပါဠိသမာသ် - ရာဇပုတ္တော မြန်မာသမာသ် - မင်းသား

ဤပုံစံ၌ ဝါကျတုန်းက စကားကျယ်၍ သမာသ်မှာ စကားကျဉ်းပုံကိုကြည့်၊ ဝါကျတုန်းက ရညော၌ သဝိဘတ်, မင်း၏၌ ၏ဟူသော မြန်မာဝိဘတ်တို့သည် သမာသ်သို့ရောက်က ကျေပျောက်ရကုန်၏။ ဝါကျအခိုက်၌ ကိုယ့်ဝိဘတ်နှင့်ကိုယ် ရညောတပုဒ် ပုတ္တောတပုဒ်ဟု နှစ်ပုဒ်ကွဲသော်လည်း သမာသ်ဖြစ်သည့်အခါ သဝိဘတ်ကျေပျောက်၍ ရာဇပုတ္တော-ဟု တပုဒ်တည်း ဖြစ်ရတော့သည်။ အနက်အားဖြင့်လည်း ဝါကျတုန်းက ရညောအတွက် မင်းဒြပ်, ပုတ္တောအတွက် သားဒြပ်ဟု အနက်ဒြပ် နှစ်မျိုးရသော်လည်း သမာသ်ဖြစ်သည့်အခါ မင်းသားတယောက်တည်းကို ရခြင်းသည် အနက်ကိုချုံးခြင်း စပ်ထားခြင်းပင် ဖြစ်သည်။ ဤသို့ ဝိဘတ်ကျေပျက်သဖြင့် ပုဒ်အနက်နှစ်ပါးကို ချုံးခြင်းစပ်ထားခြင်းသည်ပင် သမာသ်၏သဘောတည်း။

ပုဒ်နှစ်ပါးကို စပ်ထားခြင်း၌ သန္ဓိစပ်လည်းရှိ၏။ သို့သော် ထိုသန္ဓိစပ်၌ ရှေ့ပုဒ်နှင့်နောက်ပုဒ် အနက်ခြင်းလည်း တသားတည်းဖြစ်အောင် မစပ်သည့်ပြင် ဝိဘတ်ကျေပျောက်၍ တပုဒ်တည်းဖြစ်အောင်လည်း မစပ်နိုင်။ သန္ဓိစပ်လိုက်သည့်အခါ ရွတ်ဘတ်လို့ ပြေပြစ်ညက်ညောရုံသာ ရှိသည်။ ဥပမာ - ယဿ + ဣန္ဒြိယာနိ နှစ်ပုဒ်ကို ယဿိန္ဒြိယာနိဟု သန္ဓိစပ်သည့်အခါ ယဿ၌ သဝိဘတ်မကျေသည့်အတွက် ယဿိန္ဒြိယာနိဟူသော သန္ဓိသည် တပုဒ်တည်းမဟုတ်၊ မူလအတိုင်း နှစ်ပုဒ် နှစ်ပုဒ်ပင် ဖြစ်၏။ သန္ဓိစပ်ထားသော်လည်း အနက်ဆိုသည့်အခါ "ယဿ-အကြင်သူ၏၊ ဣန္ဒြိယာနိ-ဣန္ဒြေတို့"ဟု နှစ်နက်ပင် ခွဲရသောကြောင့် အနက်ဒြပ်လည်းမစပ်ချေ။ ထို့ကြောင့် ဝိဘတ်ကျေပျက်၍ ပုဒ်ရောအနက်ပါစပ်ခြင်းသည် သမာသ်စပ်တည်း၊ အနက်လည်းမစပ် ဝိဘတ်လည်းမကျေ ရွတ်ရာ၌ ပြေပြစ်ညက်ညော ချောမောရုံသာ စပ်ခြင်းသည် သန္ဓိစပ်တည်းဟု မှတ်ပါ။

(အဓြေပြုသဒ္ဒါ ၄၄၅-၄၄၇)

၁ နာမ်ပုဒ်ဆိုသည်မှာ နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ်နှင့်တကွ ဥပသာရပုဒ် နိပါတ်ပုဒ်များကို ဆိုလိုသည်။ သမာသ်,တဒ္ဓိတ်,ကိတ် မဟုတ်သော တိဿ, ဒတ္တ စသည့် ရိုးရိုးနာမ်ပုဒ်သည် နာမနာမ်၊ သဗ္ဗ, ကတရ, ကတမ စသည်ကား သဗ္ဗနာမ်များဖြစ်သည်။ ဥပသာရပုဒ် နိပါတ်ပုဒ်တို့ကိုလည်း နာမ်ဝိဘတ်သက်ရသောပုဒ်ဖြစ်၍ နာမဟု ခေါ်သည်။ အချုပ်အားဖြင့် အာချတ်(ကြိယာ)ပုဒ်မှ တပါးသော ပုဒ်အားလုံးကို နာမဟု ခေါ်သည်ဟု မှတ်ပါ။

## (၁) အဗျယီဘောသမာသ်

ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် လိင် ၃-ပါး ဝိဘတ် ၇-သွယ်တို့နှင့် ဆက်သွယ်သော်လည်း ပုံသဏ္ဌာန် ပြောင်းလဲပျက်စီးမှု မရှိသောကြောင့် 'အဗျယ' မည်၏။ ထိုအဗျယမည်သော ဥပသာရပုဒ် နိပါတ်ပုဒ်များနှင့် ဆက်စပ်သော သမာသ်သည် 'အဗျယီဘောသမာသ်' မည်၏။

အဗျယီဘော သမာသ်တွဲစပ်သောအခါ
(၁) ဥပသာရပုံ၊ သို့မဟုတ် နိပါတ်ပုဒ်တို့ကို ရှေ့ဆုံးက ထားရမည်။
(၂) ထိုဥပသာရပုဒ်၊ သို့မဟုတ် နိပါတ်ပုဒ်တို့အနက်သာ ပြဋ္ဌာန်းရမည်။
(၃) ရှေ့ပုဒ်၌ ပထမာဝိဘတ်, နောက်ပုဒ်၌ ဝိဘတ်ခုနစ်သွယ်တွင် တမျိုးမျိုးကျေရမည်။

♠ အဗျယီဘော သမာသ်သည် လိင်အားဖြင့် နပုံလိင်တမျိုးတည်းသာ ရှိ၏။ ဣတ္ထိလိင်, ပုလ္လိင်နာမ်တို့သည် အဗျယီဘောသမာသ်ဖြစ်လျှင် မိမိလိင်ကိုစွန့်၍ နပုလ္လိင်သာ ဖြစ်ကုန်၏။

ကာရန်အားဖြင့် အ-ဣ-ဥ ဟု ၃-မျိုးသာရှိ၏။ ပင်ကိုယ် အာ-ဤ-ဦ တို့ကို အဗျယီဘောသမာသ်ဖြစ်လျှင် အစဉ်အတိုင်း အ-ဣ-ဥ ပြောင်းရသည်။ ဩ ကို ဥ သို့ ပြောင်းရသည်။

အ-ဆုံးသော အဗျယီဘောသမာသ်နှင့် တွဲစပ်လျှင် ပထမာ, ဒုတိယာဝိဘတ်များကို အံ-အဖြစ် ပြောင်းရသည်။ တတိယာ, စတုတ္ထီ, သတ္တမီဝိဘတ်တို့ကို အချို့ အံ-အဖြစ် ပြောင်းရ သည်။ ဣ-ဥ ဆုံးသော အဗျယီဘောသမာသ်နှင့် တွဲစပ်မည့် ဝိဘတ်အားလုံး ကျေပျောက်ကုန်၏။

♠ အဗျယီဘောစည်းမျဉ်း

၄။ ဥပသဂ္ဂနိပါတ ပုဗ္ဗကော အဗျယီဘာဝေါ။ ဥပသာရပုဒ် နိပါတ်ပုဒ် ရှေ့လဲရှိ, ပြလဲပြဋ္ဌာန်းသော သမာသ်သည် အဗျယီဘော သမာသ်ဖြစ်သည်။
၅။ သော နပုံသကလိင်္ဂေါ။ ထိုအဗျယီဘောသမာသ်ကို လိင်အားဖြင့် နပုံလိင်ဟု မှတ်ပါ။
၂၆။ အံ ဝိဘတ္တီနံ့မာကာရန္တာ အဗျယီဘာဝါ။ အကာရန္တ အဗျယီဘောပုဒ်နောက် ဝိဘတ်အားလုံးသည် တခါတရံ အံသို့ပြောင်းသည်။
၂၇။ သရောရဿော နပုံသကေ။ နပုံလိန်သမာသ်ပုဒ် အဆုံးသရသည် ရဿသို့ ပြောင်းသည်။
၂၈။ အညသ္မာ လောပေါ စ။ အကာရန္တ အဗျယီဘောမှ တပါးသော (ဣ-ဥ ကာရန္တ) အဗျယီဘောသမာသ် နောက်က ဝိဘတ်အာလုံးသည် ကျေပြောက်သွားသည်။

| **အ–ဆုံးသော အဗျယီဘောသမာသ်ပုဒ်** | **ဣ–ဥ ဆုံးသော အဗျယီဘောသမာသ်ပုဒ်** | **နိပါတ်ပုဒ်နှင့်တွဲစပ်သော အဗျယီဘောသမာသ်ပုဒ်** |
|---|---|---|
| ဥပနဂရံ–မြို့အနီး | အဓိတ္ထိ–မိန်းမကိုအကြောင်းပြု၍ ဖြစ်သော စကား | အန္တောနဂရံ–မြို့တွင်း |
| ဥပကုမ္ဘံ–အိုးအနီး | အဓိကုမာရိ–သတို့သမီး အကြောင်းပြု၍ဖြစ်သောစကား | အန္တောဝဿံ–ဝါတွင်း |
| ပဋိသောတံ–ရေအလျင်၏ ဆန့်ကျင်ဘက်(ရေဆန်) | ဥပဝဓု–ချွေးမအနီး | ဗဟိနဂရံ–မြို့ပြင် |
| ပတိဝါတံ–လေဆန့်ကျင်ဘက် (လေဆန်) | ဥပဂု–နွားအနီး | ပုရေဘတ္တံ–နံနက်ခင်း |
| | | ပစ္ဆာဘတ္တံ–ညနေခင်း |
| | | ဟေဋ္ဌာမဉ္စံ–ညောင်စောင်းအောက် |

## အကာရန္တအဗျယီဘောရုပ်စဉ်

| | |
|---|---|
| ပ။ ဥပနဂရံ (ဥပနဂရံ) | ဥပနဂရာ, ဥပနဂရာနိ (ဥပနဂရံ) |
| အာ။ ဘော ဥပနဂရ, ဥပနဂရာ (ဥပနဂရံ) | ဘဝန္တောနိဥပနဂရာ, ဥပနဂရာနိ (ဥပနဂရံ) |
| ဒု ။ ဥပနဂရံ (ဥပနဂရံ) | ဥပနဂရေ, ဥပနဂရာနိ (ဥပနဂရံ) |
| တ။ ဥပနဂရေန (ဥပနဂရံ) | ဥပနဂရေဟိ/ဘိ (ဥပနဂရံ) |
| စ/ဆ။ ဥပနဂရဿ (ဥပနဂရံ) | ဥပနဂရာနံ (ဥပနဂရံ) |
| မီ။ ဥပနဂရသ္မာ/မှာ,ဥပနဂရာ(ဥပနဂရံ) | ဥပနဂရေဟိ/ဘိ (ဥပနဂရံ) |
| သ။ ဥပနဂရသ္မိံ/မှိ,ဥပနဂရေ(ဥပနဂရံ) | ဥပနဂရေသု (ဥပနဂရံ) |

ဘာသာပြန်ပုံ။ မြို့၏အနီးသည်၊ တို့သည်၊ အိုမြို့၏အနီး,တို့၊ –အနီးကို,တို့ကို၊ စသည်ဖြင့် ပြန်ပါ။ ရူဘာဋီ ပ ၅၄၅,၆ ၌ကြည့်ပါ

## ဣကာရန္တအဗျယီဘောရုပ်စဉ်

| | |
|---|---|
| ပ။ အဓိတ္ထိ | အဓိတ္ထီ,အဓိတီနိ(အဓိတ္ထိ) |
| အာ။ အဓိတ္ထိ | အဓိတ္ထီ,အဓိတ္ထီနိ(အဓိတ္ထိ) |
| ဒု။ အဓိတ္ထိံ(အဓိတ္ထိ) | အဓိတ္ထီ,အဓိတ္ထီနိ(အဓိတ္ထိ) |
| တ။ အဓိတ္ထိနာ(အဓိတ္ထိ) | အဓိတ္ထီဟိ,ဘိ(အဓိတ္ထိ) |
| စ/ဆ။ အဓိဣိနော, အဓိတ္ထိဿ(အဓိတ္ထိ) | အဓိတ္ထီနံ(အဓိတ္ထိ) |
| မီ။ အဓိတ္ထိသ္မာ, အဓိတ္ထိနာ(အဓိတ္ထိ) | အဓိတ္ထီဟိ,ဘိ(အဓိတ္ထိ) |
| သ။ အဓိတ္ထိသ္မိံ,မှိ(အဓိတ္ထိ) | အဓိတ္ထီသု (အဓိတ္ထိ) |

## ဥကာရန္တအဗျယီဘောရုပ်စဉ်

| | |
|---|---|
| ပ။ ဥပဂု | ဥပဂူ,ဥပဂူနိ (ဥပဂု) |
| အာ။ ဥပဂု | ဥပဂူ,ဥပဂူနိ (ဥပဂု) |
| ဒု။ ဥပဂုံ (ဥပဂု) | ဥပဂူ,ဥပဂူနိ (ဥပဂု) |
| တ။ ဥပဂုနာ (ဥပဂု) | ဥပဂူဟိ/ဘိ (ဥပဂု) |
| စ/ဆ။ ဥပဂုနော, ဥပဂုဿ (ဥပဂု) | ဥပဂူနံ (ဥပဂု) |
| မီ။ ဥပဂုသ္မာ, ဥပဂုမှာ ဥပဂုနာ (ဥပဂု) | ဥပဂူဟိ/ဘိ (ဥပဂု) |
| သ။ ဥပဂုသ္မိံ, (ဥပဂု) | ဥပဂူသု (ဥပဂု) |

## (၂) ကမ္မဓာရယ်သမာသ်

ရှေ့ပုဒ်နောက်ပုဒ် နှစ်ပါးတို့ အနက်ဒြပ်အရတူဖြစ်သော သမာသ်သည် “ကမ္မဓာရယ်သမာသ်”မည်၏။ ကံပုဒ်သည် ကြိယာ,အကျိုး ၂-မျိုးကိုဆောင်[၁]သလို အမည်နှစ်မျိုးကို ဆောင်သောကြောင့် “ကမ္မဓာရယ်သမာသ်” မည်၏။

ပုံစံ-မဟာပုရိသော၊ မြတ်သောယောကျ်ား။

ဤ၌ ‘ယောကျ်ာဒြပ်’ တစ်ခုတည်းက မြတ်သောဂုဏ်ဟူသောအမည် ယောကျ်ားဇာတ်ဟူသောအမည် နှစ်မျိုးကို ဆောင်ထားသောကြောင့် ကမ္မဓာရယ်သမာသ်မည်၏။ မြန်မာအသံထွက်၌ ရှေ့ပုဒ်အဆုံး၌ သောဟူသော အသံထွက်ပေါ်လျှင် ကမ္မာဓာရယ်သမာသ်ဟု မှတ်ပါ။ ဤသမာသ်သည် နောက်ပုဒ်၏အနက်သာ ပဓာနဖြစ်(ပြဋ္ဌာန်း) သည်။

နှစ်ပုဒ်တွဲအပ်သော ကမ္မဓာရယ်ကို ဒွိပဒကမ္မဓာရယ်ဟု ခေါ်၏။ သုံးပုဒ်တွဲအပ်သော ကမ္မဓာရယ်ကို တိပဒကမ္မဓာရယ်ဟု ခေါ်၏။ ဝိဂြိုဟ်ပြုရာ၌ကား ဒွိပဒဖြစ်လျှင် နှစ်ပုဒ်လုံးနောက်မှာ, တိပဒဖြစ်လျှင် သုံးပုဒ်လုံးနောက်မှာ ပထမာဝိဘတ် ဧကဝုစ်ဖြစ်စေ သို့မဟုတ် ဗဟုဝုစ်ဖြစ်စေ သင့်သလို ဆက်ပေးရသည်။ စ, တ သဒ္ဒါမပါဘဲလည်း ဝိဂြိုဟ်ဆိုနိုင်သည်။ ပါ၍လည်း ဆိုနိုင်သည်။ ရှေ့နောက် နှစ်ပုဒ် လိင်ဝုစ်မတူလျှင် ရှေ့ပုဒ်၏ လိင်ဝုစ်နှင့်တူအောင် တသဒ္ဒါကို ထားပါ။

ပုံစံ-မဟန္တော ပုရိသော မဟာပုရိသော (စ,တ သဒ္ဒါ မပါ)
မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော (စ,တ သဒ္ဒါ ပါ)
အဝိဇ္ဇာ စ သာ ပစ္စယော စာတိ အဝိဇ္ဇာ ပစ္စယော (တ သဒ္ဒါ ရှေ့ပုဒ်လိင်လိုက်ပုံ)
မဟန္တဉ္စ တံ နီလဉ္စ တံ ဥပ္ပလဉ္စာတိ မဟာနီလုပ္ပလံ (တိပဒ)

ကမ္မဓာရယ်သမာသ်သည်

၁။ ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်
၂။ ဝိသေသနုတ္တရပဒ ကမ္မဓာရယ်
၃။ ဝိသေသနောဘယပဒ ကမ္မဓာရယ်
၄။ ဥပမာနုတ္တရပဒ ကမ္မဓာရယ်
၅။ သမ္ဘာဝနာပုဗ္ဗပဒ ကမ္မဓာရယ်
၆။ အဝဓာရဏပုဗ္ဗပဒ ကမ္မဓာရယ်
၇။ နနိပါတပုဗ္ဗပဒ ကမ္မဓာရယ်
၈။ ကုနိပါတပုဗ္ဗပဒ ကမ္မဓာရယ်
၉။ ပါဒိပုဗ္ဗပဒ ကမ္မဓာရယ် - ဟူ၍ ၉-မျိုးရှိ၏။

---

၁ ‘ကဋံ ကရောတိ-ဖျာကို ပြု၏’ဟူရာ၌ ကဋံဟူသော ကံရှိသည့်အတွက် ၁-ကရောတိဟူသော ကြိယာဖြစ်ပေါ်လာ၏။ ၂-ဖျာပေါ်လာသည့်အတွက် မလိုရာအကျိုးမဲ့ကို ကာကွယ်ရခြင်း, ခင်းမှုထိုင်မှုစသော လိုအပ်သောအကျိုးကို ရခြင်းဟူသော အကျိုးတမျိုးမျိုးလည်း ဖြစ်ပေါ်ရ၏။ ဤသို့ ကဋံဟူသောကံသည် ကြိယာနှင့်အကျိုး ထိုနှစ်မျိုးကိုဆောင်သကဲ့သို့ မဟာပုရိသော စသော သမာသ်လည်း ယောကျ်ားဒြပ်တည်းဟူသော တနက်တည်းအတွက် မဟာဟူသောနာမည် ပုရိသောဟူသောနာမည် ဤနှစ်မည်ကို ဆောင်တတ်ရကား နှစ်ခုကိုဆောင်ခြင်းအားဖြင့် ကံနှင့်အလားတူသောကြောင့် ကမ္မဓာရယအမည်ရသည်။ (ရူပသိဒ္ဓိ ၅၆၂)

## ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်

ဝိသေသနပုဒ်ကို ရှေ့ကထား၍ တွဲစပ်လျှင် "ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်" သမာသ်ဖြစ်၏။

ပုံစံ–မဟန္တော ပုရိသော မဟာပုရိသော=မြတ်သောယောကျ်ား(ယောကျ်ားမြတ်)

ဝီရော ပုရိသော ဝီရပုရိသော=ရဲရင့်သောယောကျ်ား

သေတော ဟတ္ထီ သေတဟတ္ထီ=ဖြူသောဆင်(ဆင်ဖြူ)

နီလံ ဥပ္ပလံ နီလုပ္ပလံ=ညိုသောကြာ(ကြာညို)

လောဟိတံ စန္ဒနံ လောဟိတစန္ဒနံ=နီသောစန္ဒကူး(စန္ဒကူးနီ)

## ဝိသေသနုတ္တရပဒကမ္မဓာရယ်

ဝိသေသနပုဒ်ကို နောက်ကထား၍ တွဲစပ်လျှင် 'ဝိသေသနုတ္တရပဒကမ္မဓာရယ်သမာသ်' ဖြစ်သည်။

ပုံစံ–သာရိပုတ္တော စ သော ထေရော စာတိ သာရိပုတ္တတ္ထေရော=အရှင်သာရိပုတြာမထေရ်

ဓမ္မပါလော စ သော အာစရိယော စာတိ ဓမ္မပါလာစရိယော=ဆရာတော်အရှင်ဓမ္မပါလ

ဝိဓုရော စ သော ပဏ္ဍိတော စာတိ ဝိဓုရပဏ္ဍိတော=ဝိဓုရပညာရှိ၊ ဝိဓုရသုခမိန်

## ဝိသေသနောဘယပဒ ကမ္မဓာရယ်

ဝိသေသနပုဒ်တွေချည်းတွဲစပ်လျှင် 'ဝိသေသနောဘယပဒ ကမ္မဓာရယ်သမာသ်'မည်၏။

ပုံစံ–သီတဉ္စ တံ ဥဏှဉ္စာတိ သီတုဏှံ=အေးလည်းအေး ပူလည်းပူသောစားဖွယ်

ခဉ္စော စ သော ခုဇ္ဇော စာတိ ခဉ္စခုဇ္ဇော=ခွင်လည်းခွင် ကုန်းလည်းကုန်းသောသူ

ဆိဒ္ဒဉ္စ တံ အဝဆိဒ္ဒဉ္စာတိ ဆိဒ္ဒါဝဆိဒ္ဒံ=အပေါက်ကြီးလည်းရှိ အပေါက်ငယ်လည်းရှိသောဝတ္ထု

ဥစ္စဉ္စ တံ အဝစဉ္စာတိ ဥစ္စာဝစံ=အမြတ်လည်းပါအယုတ်လည်းပါသောကိစ္စ

ဂတဉ္စ တံ ပစ္စာဂတဉ္စာတိ ဂတပစ္စာဂတံ=အသွားလည်းဆောင်အပ် အပြန်လည်းဆောင်အပ်သော ကမ္မဋ္ဌာန်း

## ဥပမာနုတ္တရပဒ ကမ္မဓာရယ်

ဥပမာနပုဒ်ကို နောက်ကထား၍ တွဲစပ်သောသမာသ်သည် 'ဥပမာနုတ္တရပဒကမ္မဓာရယ်သမာသ်' ဖြစ်သည်။ မြန်မာဘာသာပြန်ဆိုသောအခါ ဥပမာနပုဒ်ကို သင့်လျော်သလို တွဲစပ်ရသည်။

ပုံစံ–သီဟော ဝိယာတိ သီဟော (ဥပမာတဒ္ဓိတ်)

မုနိ စ သော သီဟော စာတိ မုနိသီဟော=ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တော်မူသော မြတ်စွာဘုရား

အာဒိစ္စောဝိယာတိ အာဒိစ္စော (ဥပမာတဒ္ဓိတ်)

ဗုဒ္ဓေါ စသော အာဒိစ္စော စာတိ ဗုဒ္ဓါဒိစ္စော=နေမင်းနှင့်တူတော်မူသော မြတ်စွာဘုရား

ရံသိဝိယာတိ ရံသိ (ဥပမာတဒ္ဓိတ်)

သဒ္ဓမ္မော စ သော ရံသိစာတိ သဒ္ဓမ္မရံသိ=ရောင်ခြည်နှင့်တူတော်မူသော သူတော်ကောင်းတရား

စန္ဒောဝိယာတိ စန္ဒော (ဥပမာတဒ္ဓိတ်)

မုခဉ္စ တံ စန္ဒော စာတိ မုခစန္ဒော=လုပတင့်ရွှန်း လပြည့်ဝန်းကဲ့သို့ ကျက်သရေရှိသော မျက်နှာ

## သမ္ဘာဝနာပုဗ္ဗပဒ ကမ္မဓာရယ်

ချီးပင့်မြှင့်တင်ခြင်းကို သမ္ဘာဝနာဟု ခေါ်သည်။ ထိုသမ္ဘာဝနာအနက်ကို ဣတိသဒ္ဒါက ပြ၏။ သမာသ်စပ်ရာ၌ ရှေ့ပုဒ်ဝယ် (ချီးပင့်မြှင့်တင်ခြင်း) သမ္ဘာဝနာအနက်ကို ပြသော ဣတိသဒ္ဒါကျေပျောက်၍ သမာသ်ပုဒ်ဝယ် ယင်း၏ အနက် အသံထွက်ပေါ်နေသော သမာသ်သည် 'သမ္ဘာဝနာပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်' မည်၏။

မြှင့်တင်ပုံမှာ–"ဓမ္မော ဗုဒ္ဓိ"၌ ဓမ္မောအရ တရားရ၏။ ဗုဒ္ဓိအရ အသိဉာဏ်ရ၏။ ဤသို့ ဓမ္မနှင့်ဗုဒ္ဓိတို့ အနက်အရချင်း မတူညီကြ၍ တုလျာဓိကရဏ မဖြစ်ခြင်းကြောင့် ဓမ္မ၏အနက်က ဗုဒ္ဓိ၏အနက်ကို မမှီဘဲ နိမ့်ကျသကဲ့သို့ဖြစ်နေရာ "ဓမ္မောဣတိ–တရားဟူ၍ဖြစ်သော၊ ဗုဒ္ဓိ–အသိဉာဏ်" ဟု ဣတိသဒ္ဒါက ဓမ္မ၏အနက်ကို မြှင့်တင်ပေးလိုက်မှ ဗုဒ္ဓိအနက်နှင့် အနက်ချင်းညီမျှ၍ တုလျာဓိကရဏဖြစ်ကာ ကမ္မဓာရယ်သမာသ် တွဲစပ်နိုင်လေသည်။

ပုံစံ–ဓမ္မောဣတိ ဗုဒ္ဓိ ဓမ္မဗုဒ္ဓိ=တရားဟုဖြစ်သော အသိဉာဏ်
ဓမ္မောဣတိ သညာ ဓမ္မသညာ=တရားဟုဖြစ်သော အမှတ်သညာ
အနိစ္စံဣတိ သညာ အနိစ္စသညာ=အနိစ္စ(မမြဲ)ဟုဖြစ်သော အမှတ်သညာ
ဓီတုဣတိ သညာ ဓီတုသညာ=သမီးဟုဖြစ်သော အမှတ်သညာ
အတ္တာဣတိ ဒိဋ္ဌိ အတ္တဒိဋ္ဌိ=အတ္တဟုဖြစ်သော အယူ

ဤသို့ဖြစ်လျှင် ဣတိသဒ္ဒါကျေရာ၌သာ သမ္ဘာဝနာကမ္မဓာရယ်ဟု ရူပသိဒ္ဓိစာကိုယ်နှင့် ဋီကာတို့၌ မိန့်ဆိုကြသည်။ ရှေးရှေးမြန်မာဆရာတော် အဆက်ဆက်ကမူ "ဟုတွာ(ဖြစ်၍) သင်္ခါတ(ဆိုအပ်သော) ဘူတ(ဖြစ်သော) ဧဝ(သာလျှင်) ဣတိ(ဟူသော)" သဒ္ဒါတို့ကျေသော သမာသ်ကို သမ္ဘာဝနာပုဗ္ဗပဒကမ္မဓာရယ်ဟု မိန့်တော်မူကြ၍

ဟေတု ဟုတွာ ပစ္စယော ဟေတုပစ္စယော=ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား
အလောဘသင်္ခါတံ ကုသလမူလံ အလောဘကုသလမူလံ=အလောဘဟုဆိုအပ်သောကုသိုလ်မူလ
ဉာဏဘူတံ ဒဿနံ ဉာဏဒဿနံ=ဉာဏ်ဖြစ်၍ဖြစ်သောအမြင်

♠ ရူပါယတနံ=အဆင်းသာလျှင်အာယတန စသည်တို့ကိုလည်း သမ္ဘာဝနာပုဗ္ဗပဒကမ္မဓာရယ်၌ သွင်းတော်မူကြသည်။

## အဝဓာရဏပုဗ္ဗပဒ ကမ္မဓာရယ်

အဝဓာရဏအနက်ကို ညွှန်ပြသော ဧဝသဒ္ဒါကျေပျောက်လျက် သမာသ်ပုဒ်၌ ၎င်း၏အနက်ဖြစ်သော 'သာလျှင်' ဟူသောအသံ ပေါ်ထွက်နေသောသမာသ်သည် 'အဝဓာရဏပုဗ္ဗပဒ ကမ္မဓာရယ်' သမာသ်မည်၏။

ပုံစံ–ဂုဏောဧဝ ဓနံ ဂုဏဓနံ=ဂုဏ်သည်သာလျှင်ဥစ္စာ
စက္ခုဧဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ=စက္ခုသည်သာလျှင် ဣန္ဒြေ
ရူပမေဝ အာရမ္မဏံ ရူပါရမ္မဏံ=အဆင်းသည်သာလျှင် အာရုံ

## နနိပါတပုဗ္ဗပဒကမ္မဓာရယ်

နောက်ပုဒ်၏ အနက်ပေါ်လွင်(ပီပြင်စေ)ရန် နဟူသောနိပါတ်ပုဒ် ရှေးရှိသောသမာသ်ပုဒ်သည် 'နနိပါတပုဗ္ဗပဒ ကမ္မဓာရယ်' သမာသ်မည်၏။

ပုံစံ–န ဗြာဟ္မဏော အဗြာဟ္မဏော=ပုဏ္ဏားအစစ် မဟုတ်သောသူ၊ ပုဏ္ဏားအစစ်နှင့်တူသူ(ပုဏ္ဏားတု)
န မနုဿော အမနုဿော=လူအစစ်မဟုတ်သောသူ၊ လူနှင့်တူသောသူ(နတ်၊ ဘီလူး)
န သမဏော အဿမဏော=ရဟန်းစစ်မဟုတ်သောသူ၊ ရဟန်းအစစ်နှင့်တူသောသူ(ရဟန်းတု)
န ဗျာကတော အဗျာကတော=ကုသိုလ်အကုသိုလ်အဖြစ် မဟောအပ်သောတရား
န ကုသလံ အကုသလံ=ကုသိုလ်၏ဆန့်ကျင်ဘက်(အကုသိုလ်)
န လောဘော အလောဘော=လောဘ၏ဆန့်ကျင်ဘက်(အလောဘ)
န အရိယော အနရိယော=အရိယာမဟုတ်သောသူ(ပုထုဇဉ်)

♠ နနိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် အရာ၌ နောက်ပုဒ်၏အစ၌ သရရှိနေလျှင် 'န'ကို အန်ပြုရမည်။ ဗျည်းစနေလျှင် 'န'ကို အပြောင်း၍ ဆက်စပ်ရသည်။

## ကုနိပါတပုဗ္ဗပဒ ကမ္မဓာရယ်

ကု–နိပါတ်ပုဒ် ရှေးရှိသော သမာသ်သည် 'ကုနိပါတပုဗ္ဗပဒ ကမ္မဓာရယ်'သမာသ်မည်၏။ နောက်ပုဒ်၏ အစ၌ သရရှိလျှင် ကု–ကို ကဒ် ပြုရသည်။ အနည်းငယ်ဟူသော အနက်ဟော ကုနိပါတ်ပုဒ်နှင့် အချို့စက်ဆုပ်ဖွယ် အနက်ဟော ကု–နိပါတ်တို့ကို 'ကာ' ပြုရသည်။

ပုံစံ–ကုစ္ဆိတံ အန္နံ ကဒန္နံ=စက်ဆုပ်ဖွယ် ထမင်း
ကုစ္ဆိတံ အသနံ ကဒသနံ=စက်ဆုပ်ဖွယ်အစားအစာ
အပ္ပကံ လဝဏံ ကာလဝဏံ=အနည်းငယ်သောဆား
အပ္ပကံ ပုပ္ဖံ ကာပုပ္ဖံ=အနည်းငယ်သောပန်း
ကုစ္ဆိတော ပုရိသော ကာပုရိသော=စက်ဆုပ်ဖွယ် ယောကျာ်း

## ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်

ပအစရှိသော ဥပသာရပုဒ်ရှေးရှိသော ကမ္မဓာရယ်သမာသ်သည် 'ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်' ဖြစ်သည်။

ပုံစံ–ပကဋ္ဌံ ဝစနံ ပါဝစနံ=ပြဋ္ဌာန်းသော(မြတ်စွာဘုရား)စကားတော်
ဘုသံ ဝဍ္ဎိ ပဝဍ္ဎိ=အလွန်ကြီးသောခန္ဓာ
သမံ အာဓာနံ သမာဓာနံ=ကောင်းစွာ(အညီအမျှ)ထားခြင်း(စိတ်တည်ကြည်ခြင်း)
ဝိဝိဓာ မတိ ဝိမတိ=အထူးထူးအပြားပြားသိခြင်း
ဝိဝိဓော ကပ္ပေါ ဝိကပ္ပေါ=အထူးထူးအပြားပြား (အမျိုးမျိုးအဖုံဖုံ) ကြံစည်ခြင်း
အဓိကံ သီလံ အဓိသီလံ=လွန်ကဲသောသီလ၊ မြင့်မြတ်သောသီလ
သုန္ဒရော ဂန္ဓော သုဂန္ဓော=ကောင်းသောအနံ့(မွှေးကြိုင်သောအနံ့)

## သတိပြုရမည့်အချက်များ

၁။ မဟာပုရိသော စသည်၌ မဟန္တ-မှ မဟာ ဖြစ်လာသည်။
၂။ သပ္ပုရိသော စသည်၌ သန္တ-မှ သ ဖြစ်လာသည်။
၃။ ပုလ္လိင်္ဂ စသည်၌ နောက်၌ လိင်္ဂသဒ္ဒါစသည်ကြောင့် ပုမ၌ မ၏မီရာ အ-သရကျေပျောက်၍ မ်-သည် နိဂ္ဂဟိတ် ဖြစ်သွားပြီး နောက်က တွဲပုဒ်၏ အစဗျည်းအလိုက် င,ဉ,ဏ,န,မ,လ, စသည် တစ်ဖန်ဖြစ်ရသည်။

ပုံစံ-ပုန္နာဂေါ(ဆင်ထီး)နာဂ-မြွေ,နဂါး,ဆင်ပြောင်၊ ပုင်္ကောကိလော(ဥသြဖို) ကောကိလ(ပ)ဥသြငှက်

၄။ ဗြဟ္မဏဒါရိကာ စသော ဣတ္ထိလိင်ဟောသဒ္ဒါတို့၌ ပုလ္လိင်ဟောဖူးသောရှေ့ပုဒ်၌ ဣတ္ထိလိင်ကိုညွှန်ပြသော "အာ(-ါ)၊ ဤ (-ီ)၊ ဏီ (-ိနီ)"ပစ္စည်းများ ဆက်သွယ်ရန်မလို။ နောက်ပုဒ် တပုဒ်နှင့်သာ ဆက်သွယ်လျှင် ကိစ္စပြီးတော့၏။

ပုံစံ-ခတ္တိယကညာ(မင်းမျိုးသတို့သမီး)၊ ရတ္တလတာ(နီသောနွယ်)၊ တရုဏဗြဟ္မဏီ(ငယ်ရွယ်သောပုဏ္ဏေးမ)

၅။ နန္ဒာပေါက္ခရဏီ(နန္ဒာရေကန်)၊ စန္ဒာဒေဝီ(စန္ဒာမည်သောမိဖုရား)၊ ပထဝီဓာတု(ပထဝီဓာတ်) စသော အမည်ဟော ပင်ကိုယ်ဣတ္ထိလိင်သဒ္ဒါများ၌ ရှေ့နောက်နှစ်ပုဒ်လုံး ဣတ္ထိလိင်ကို ညွှန်ပြသောပစ္စည်း ဆက်သွယ်ရသည်။

## ဒိဂုသမာသ်

သင်္ချာသဒ္ဒါရှေးရှိသော ကမ္မဓာရည်းသမာသ်သည် ဒိဂုသမာသ်မည်၏။ ယင်းဒိဂုသမာသ်သည်

(က) နပုလ္လိင် ဧကဝုစ်ထားရသော သမာဟာရဒိဂု(**ဝိဂြိုဟ်အခိုက်၌ကား လိင်ကို သင့်သလိုထား**သည်)

(ခ) နောက်ပုဒ်လိင်အတိုင်း လိင်သုံးပါး, ဝုစ်နှစ်ပါး ထားနိုင်သော အသမာဟာရဒိဂု ဟူ၍ ၂-မျိုးရှိသည်။

(က)ပုံစံ-တယော လောကာ(ပုံ) တိလောကံ-သုံးပါးသောလောက(လောကသုံးပါး)
စတဿော ဒိသာ(ထီ)စတုဒ္ဒိသံ-လေးပါးသောအရပ်မျက်နှာ(အရပ်လေးမျက်နှာ)
သတ္တ အဟာနိ(နပုံ) သတ္တာဟံ-ခုနစ်ရက်
ပဉ္စ သီလာနိ ပဉ္စသီလံ-ငါးပါးသီလ
ပဉ္စ သိက္ခာပဒါနိ ပဉ္စသိက္ခာပဒံ-ငါးပါးသောသိက္ခာပုဒ်
အဋ္ဌ သီလာနိ အဋ္ဌသီလံ-ရှစ်ပါးသီလ

(ခ)ပုံစံ-ဧကော ပုဂ္ဂလော ဧကပုဂ္ဂလော-တစ်ယောက်တည်းသောပုဂ္ဂိုလ်
တယော ဘဝါ တိဘဝါ-သုံးပါးသောဘဝတို့
စတဿော ဒိသာ စတုဒ္ဒိသာ-လေးပါးသောအရပ်မျက်နှာတို့
ဒသသဟဿံ စက္ကဝါဠာနိ ဒသသဟဿစက္ကဝါဠာနိ=တသောင်းသောစကြာဝဠာတို့

## မှတ်သားဖွယ်

(၁) ရတ္တိ, အင်္ဂုလိ, ဂေါဓာဝရီ-စသော သဒ္ဒါတို့နှင့် အ-ပစ္စည်းဆက်သွယ်လျှင် ပုဒ်အဆုံးသရများ ကျေပျောက်သွားသည်။ ပုံစံ-ဒွိရတ္တံ(နှစ်ညဥ့်)၊ ဒွင်္ဂုလံ(လက်နှစ်သစ်)၊ သတ္တဂေါဓဝရံ(၇-စင်းသော ဂေါဓာဝရီမြစ်)စသည်။

(၂) သုရဘိ၊ သု၊ ဒု၊ ပူတိ-သဒ္ဒါတို့နှင့် တွဲစပ်သည့် ဂန္ဓသဒ္ဒါ၏ အစိတ်အကို ဣပြုရသည်။

ပုံစံ-သုရဘိဂန္ဓိ(မွှေးကြိုင်သောအနံ့)၊ သုဂန္ဓိ(ကောင်းသောအနံ့)၊ ဒုဂ္ဂန္ဓိ(မကောင်းသောအနံ့)၊ ပူတိဂန္ဓိ(ပုပ်သောအနံ့)၊

## တပ္ပုရိသ်သမာသ်

တပ္ပုရိသ်သမာသ်သည် (က) မိဿကတပ္ပုရိသ် (ခ) သုဒ္ဓတပ္ပုရိသ် ဟု နှစ်မျိုးရှိသည်။ ကမ္မဓာရည်း, ဒိဂု လက္ခဏာနှင့် ရောသော တပ္ပုရိသ်ကို မိဿကတပ္ပိုသ်ဟု ခေါ်သည်။ ကမ္မဓာရည်း, ဒိဂု လက္ခဏာနှင့် မရောသော တပ္ပုရိသ်ကို သုဒ္ဓတပ္ပုရိသ်ဟု ခေါ်သည်။

(က) မိဿကတပ္ပုရိသ်သည်လည်း (၁)မဟာပုရိသကဲ့သို့ ကမ္မဓာရည်း တပ္ပိုသ်ရောသော ကမ္မဓာရယမိဿက တပ္ပုရိသ် (၂) တိလောကံ ကဲ့သို့ ကမ္မဓာရယ ဒိဂု လက္ခဏာနှစ်ခုရောသော ကမ္မဓာရယဒိဂုမိဿက တပ္ပုရိသ်ဟု နှစ်မျိုးရှိပြန်သည်။

တပ္ပုရိသ်သမာသ်ပုဒ်များ၌ **နောက်ပုဒ်အနက်(အဓိပ္ပါယ်)ကသာ အဓိက**ဖြစ်သည်။

မဟာပုရိသဟူသော ကမ္မဓာရည်းသမာသ်၌ မဟန္တပုဒ်၏အနက်ဖြစ်တဲ့ "မြတ်"ဟူသော ဂုဏ်ကိုမရ၊ ပုရိသ၏ အနက်ဖြစ်တဲ့ ယောကျ်ားဒြပ်သာရ၏။ "မြတ်သောယောကျ်ားကို ခေါ်ခဲ့စမ်း"ဟု ဆိုလျှင် အမြတ်ဂုဏ်ကို မခေါ်ရ, ယောကျ်ားဒြပ်ကိုသာ ခေါ်ခဲ့ရလိမ့်မည်။ ဤသို့ နောက်ပုဒ်၏အနက် ပြဋ္ဌာန်းရကား မဟာပုရိသဟူသော ကမ္မဓာရည်းသမာသ်သည်ပင် တပ္ပုရိသ်လည်း မည်၏။

တိလောကံဟူသော ဒိဂုသမာသ်၌ တိသဒ္ဒါ၏အနက်ဖြစ်တဲ့ "၃-ခု"အရေအတွက် သင်္ချာသည် ပဓာနမဟုတ်၊ လောက၏အနက်ဖြစ်တဲ့ လူနတ်ဗြဟ္မာတို့သာ လိုရင်းပဓာနတည်း။ ဤသို့ နောက်ပုဒ်၏အနက် ပြဋ္ဌာန်းရကား တိလောကံဟူသော ဒိဂုသမာသ်သည်လည်း တပ္ပုရိသ်လည်း မည်ရပြန်၏။

**စည်းမျဉ်း** ၁၁။ ဥဘော တပ္ပုရိသာ။ ကမ္မဓာရည်း ဒိဂုသမာသ်နှစ်ခုသည် တပ္ပုရိသ်လည်း မည်ကုန်၏။
ပုံစံ - မဟာပုရိသော၊ တိလောကံ

သုဒ္ဓတပ္ပုရိသ်၌ ရှေ့ပုဒ်တွင် အံအစရှိသောဝိဘတ် ခြောက်လုံး(ဧကဝုစ် ဗဟုဝုစ် ၁၂-လုံး)တွင် တလုံးလုံး ကျေစေရမည်။ နောက်ပုဒ်၌ ပထမာဝိဘတ်အမြဲကျေသည်။ ရှေ့ပုဒ်၌ ကျေသော ဝိဘတ်ကိုမှတ်၍ ဒုတိယာတပ္ပုရိသ်, တတိယာ, စတုတ္ထီ, ပဥ္စမီ, ဆဋ္ဌီ, သတ္တမီတပ္ပုရိသ်ဟု နာမည်ပေးသည်။ လိင်မှာ နောက်ပုဒ်အနက်လိုက်၍ သုံးလိင် ဖြစ်နိုင်သည်။

**စည်းမျဉ်း** ၁၂။ အမာဒယော ပရပဒေဘိ။ အံဝိဘတ်စသည်ဆုံးသောစကားလုံးတို့ကို နောက်စကားလုံးတခုနှင့် တွဲစပ်ရေးသားက ၄င်းတွဲလုံးကို တပ္ပိုရိသ်သမာသ်ဟု ခေါ်သည်။
ပုံစံ - ဘူမိံဂတော စသည်

**ဒုတိယာတပ္ပုရိသ်**။ ။ ဘူမိံ ဂတော ဘူမိဂတော၊ ဘူမိံ-မြေသို့၊ ဂတော-သွားသူတည်း၊ ဘူမိဂတော-မြေသို့သွားသူ။ (ဂတောကို ကြည့်၍ ပုလ္လိန်ဧကဝုစ်ဟု သိလေ၊ ဘူမိဂတာ-မြေသို့သွားသူတို့ (ပုလ္လိန်ဗဟုဝုစ်) ဘူမိဂတာ-မြေသို့သွားသောမိန်းမ(ဣတ္ထိလိန်) ဘူမိဂတံ-မြေသို့သွားသောအမျိုး (နပုလ္လိန်)၊ ဤသို့ နောက်ပုဒ်အနေအထားကိုကြည့်၍ လိန်အမျိုးမျိုး ဝုစ်အမျိုးမျိုး ရှိနိုင်သည်။ ပုရိသာဒိ, ကညာဒိ, စိတ္တာဒိဂိုဏ်းသွင်း၍ ရုပ်စဉ်ရမည်။

**ကံပုဒ်ကို ငဲ့သော လိုလားသော** ဂတ၊ နိဿိတ၊ အတီတ၊ အတိက္ကန္တ၊ ပတ္တ၊ အာပန္န-စသော နောက်ပုဒ် များနှင့် သမာသ်တွဲလျှင် ဒုတိယာတပ္ပုရိသ်သမာသ်တွဲစပ်ရမည်။

**ပုံစံများ** သဗ္ဗရတ္တိံ သောဘနော သဗ္ဗရတ္တိသောဘနော-အလုံးစုံသောညဥ့်ပတ်လုံးတင့်တယ်သူ
ပဘင်္ဂရော-အရောင်ကို ပြုတော်မူတတ်သောဘုရား(ဤ၌ ပဘံ ဝယ် အံဝိဘတ်မကျေသော **အလုတ္တသမာသ်**)
အရညံ ဂတော အရညဂတော-တောသို့သွားသူ
ဓမ္မံ နိဿိတော ဓမ္မနိဿိတော-အကြောင်းကိုမှီသောတရား
ဘဝံ အတီတော ဘဝါတီတော-ဘဝကိုလွန်မြောက်ပြီးသူ
ပမာဏံ အတိက္ကန္တော ပမာဏာတိက္ကန္တော-အတိုင်းအရှည်ကို ကျော်လွန်သူ
သုခံ ပတ္တော သုခပ္ပတ္တော-ချမ်းသာသို့ရောက်သူ
သောတံ အာပန္နော သောတာပန္နော-အရိယာမဂ်အယဉ်သို့ ရောက်ပြီးသူ
ရထံ အာရုဠှော ရထာရုဠှော-ရထားကိုတက်စီးသူ

**ကိတန္တောဂဓ ဒုတိယာတပ္ပုရိသ်**(ဥပပဒသမာသ်-ဟု ရှေ့၌ ဆိုသည်)

ကမ္မံ ကရောတီတိ ကမ္မကာရော။ ကမ္မံ-အမှုကို၊ ကရောတိ-ပြုတတ်၏၊ ဣတိ-ထို့ကြောင့်၊ ကမ္မကာရော-အမှုလုပ်သမား
ဓမ္မံ ကာမေတီတိ ဓမ္မကာမော။ ဓမ္မံ-တရားကို၊ ကာမေတိ-နှစ်သက်၏,အလိုရှိ၏၊ ဣတိ-ထို့ကြောင့်၊ ဓမ္မကာမော-တရားကိုနှစ်သက်သူမည်၏။

♠ ကမ္မကာရော၌ ကမ္မသည် ကရဓာတ်၏ အနီး၌ ရွတ်ဆိုအပ်သောကြောင့် 'ဥပဥစ္စာရိတံ-အနီး၌ရွတ်ဆိုအပ်သော၊ ပဒံ-ပုဒ်တည်း'ဟူသော ဝိဂြိုဟ်အရ ဥပပဒမည်၏။ ထိုဥပပဒနှင့်စပ်ရသောကြောင့် ကမ္မကာရောစသည်ကို ဥပပဒ သမာသ်ဟု ခေါ်သည်။ ရှေ့ပုဒ်နှင့်သမာသ်တွဲမှ ကိတ်ပစ္စည်းသက်နိုင်သောကြောင့် ကိတန္တတပ္ပုရိသ်သမာသ် (ကိတ်ပစ္စည်းအဆုံးရှိသော တပ္ပုရိသ်)ဟုလည်း ခေါ်၏။ ဤဥပပဒသမာသ်တို့သည် (အမြဲစပ်နေသော) နိစ္စသမာသ်ဖြစ်၍ 'ကုမ္ဘံ ကာရော'ဟု နှစ်ပုဒ် မခွဲနိုင်ရကား မိမိပုဒ်ရင်းဖြင့် ဝိဂြိုလ်မပြုနိုင်။ ထို့ကြောင့် ကာရော၏ ကိုယ်စား 'ကရောတိ'ဟူသော ပုဒ်ဖြင့် ဝိဂြိုဟ်ပြုရသည်။ (ရူဘာဋီ ပ ၆၀၂)

♠ သော–ထိုသူသည်၊ သရဏဂတော–ကိုးကွယ်ခြင်းသို့ရောက်သူတည်း၊ တေ–ထိုသူတို့သည်၊ သရဏဂတာ–ကိုးကွယ်ခြင်းသို့ရောက်သူတို့တည်း၊ သာ–ထိုသူမသည်၊ သရဏဂတာ–ကိုးကွယ်ခြင်းသို့ရောက်သူတည်း၊ တာ–ထိုသူမတို့သည်၊ သရဏဂတာယော–ကိုးကွယ်ခြင်းသို့ရောက်သူတို့တည်း၊ တံကုလံ–ထိုအမျိုးသည်၊ သရဏဂတံ–ကိုးကွယ်ခြင်းသို့ ရောက်သောအမျိုးတည်း၊ တာနိကုလာနိ–ထိုအမျိုးတို့သည်၊ သရဏဂတာနိ–ကိုးကွယ်ခြင်းသို့ရောက်သောအမျိုးတည်း။ ဂတ နိဿိတ အတီတစသော သဒ္ဒါတို့သည် ကိတ်ပစ္စည်းဆုံးသော ကိတ်နာမ်များဖြစ်ကြသည်။ "ကိတကာ အဘိဓေယျလိင်္ဂါ"နှင့်အညီ အဘိဓေယျ(ဟောအပ်သောအနက်)အားလျော်စွာ လိင်သုံးပါးပင်ရှိကြသည်။ သော တေ၊ သာ တာ၊ တံ တာနိ တို့သည် လိင်သုံးပါး ဝုစ်နှစ်ပါး ထင်ရှားအောင် အပိုထည့်ပြသောစကားတည်း။ သဒ္ဒနီတိ၌ သရဏဂတောကို ဒုတိယာတပ္ပုရိသ်ဟု မဆို။ "သရဏံဂ္ဂတိ–ကိုးကွယ်ရာဟူ၍၊ ဂတော–ဆည်းကပ်သူတည်း၊ သရဏဂတော–ကိုးကွယ်ရာဟူ၍ဆည်းကပ်သူ"ဟုဣတိသဒ္ဒါကျေ၍ သရဏံ၌ ပထမာဝိဘတ်သက်ရသော ပထမာတပ္ပုရိလည်းရှိ၏ဟု ကြံလေသည်။ (ရူဘာဋီ ပ ၆၀၁)

**မှတ်ချက်** တဝန္တု, တာဝီ, မာန, အာန, အန္တ, တုံ, တုန, တွာန, တွာ တဝေ, တုယေ–ပစ္စည်းဆုံးသော ပုဒ်များနှင့် သမာသ် မတွဲစပ်ရပါ။ ထိုပစ္စည်းဆုံးသော ပုဒ်အားလုံးပင် နသဒ္ဒါနှင့် တွဲရာ၌ကား သမာသ်ဖြစ်သေး၏။ အဘုတ္တဝါ, အဘုတ္တာဝီ, အကုရုမာနော, အဂစ္ဆန္တော, အကရာနော, အကာတုံ, အကာတုန, အကတွာ, အကာတဝေ, အဟေတုယေ ဟု နနိပါတပုဗ္ဗပဒကမ္မဓာရဲ သမာသ်ဖြစ်သေး၏။ န–နိပါတ်မှတပါး အခြားသော ရှေ့ပုဒ်များနှင့်ကား သမာသ်မဖြစ်။ ထိုပုဒ်အချို့တို့သည် မိမိတို့က ရှေ့ကနေရမှု 'လဗ္ဘမာနဝိသေဓာ, ဓမ္မဒ္ဓလန္တုရစိ, ဥပါဒါရူပံ(ဥပါဒါယရူပံ–ဟု ဆိုလိုလျက် တွာပစ္စည်း၏ ကာရိယဖြစ်သော–ယ ကျေသည်)စသည်ဖြင့် သမာသ်ဖြစ်သေးသည်။ (ရူပသိဒ္ဓိဘာသာဋီကာ ဒု ၈၃)

**တတိယာတပ္ပုရိသ်**။ ။ကိတ်ပစ္စည်းဆုံးသောသဒ္ဒါ, ပုဗ္ဗ, သဒိသ, သမသဒ္ဒါ၊ ဦနအနက်ရှိသော သဒ္ဒါ၊ ကလဟ, နိပုဏ, မိဿ, သခိလ စသော **တတိယာဝိဘတ်နက်များကို လိုလားသော** နောက်ပုဒ်များနှင့် တတိယာတပ္ပုရိသ်သမာသ် တွဲစပ်ရသည်။

**ပုံစံများ** သလ္လေန ဝိဒ္ဓေါ သလ္လဝိဒ္ဓေါ၊ သလ္လေန–မြားဖြင့်၊ ဝိဒ္ဓေါ–ပစ်ခွင်းအပ်သော သားကောင်တည်း၊ သလ္လဝိဒ္ဓေါ–မြားဖြင့်ပစ်ခွင်းအပ်သော သားကောင်၊
ဗုဒ္ဓေန ဘာသိတော ဗုဒ္ဓဘာသိတော–ဘုရားရှင်သည် ဟောအပ်သောတရား။
ဝိညူဟိ ပသတ္ထော ဝိညုပ္ပသတ္ထော–ပညာရှိတို့ ချီးမွမ်းအပ်၏။
စတုဝဂ္ဂေန ကရဏီယံ စတုဝဂ္ဂကရဏီယံ–စတုဝဂ်သံဃာ ပြုထိုက်သောကံ
မာသေန ပုဗ္ဗော မာသပုဗ္ဗော–တစ်လဖြင့် ရှေးကျသူ
မာတုယာ သဒိသော မာတုသဒိသော–အမိနှင့်တူသူ
ဧကေန ဦနာ ဧကူနာ၊ ဧကူနာ စ သာ ဝီသတိစာတိ ဧကူနဝီသတိ–တစ်ခုဖြင့် ယုတ်လျော့သော နှစ်ဆယ်(၁၉–ခု)

သီလနေ ဝိကလော သီလဝိကလော–သီလဖြင့် ချို့တဲ့သူ
အသိနာ ကလဟော အသိကလဟော–သန်လျက်ဖြင့်ငြင်းခုံခြင်း
ဝါစာယ နိပုဏော ဝါစာနိပုဏော–စကားဖြင့်နူးညံ့သူ
ယာဝကာလိကေန သမ္ဗိသံ ယာဝကာလိကသမ္ဗိသံ–ယာဝကာလိကနှင့် ရောနှောအပ်သောအစာ
ဝါစာယ သခိလော ဝါစာသခိလော–စကားနှင့်ပြေပြစ်သူ
ဥရေန ဂစ္ဆတီတိ ဥရဂေါ–ရင်ဘတ်ဖြင့် သွားတတ်သော သတ္တဝါ(မြွေ၊ နဂါး)
ပါဒေန ပိဝတီတိ ပါဒပေါ–ခြေထောက်(သဖွယ်ဖြစ်သော အမြစ်)ဖြင့် ရေသောက်တတ်သော သစ်ပင်

♠ 'ကိတ်ပစ္စည်းဆုံး'ဟူသည် ကိတပစ္စည်း ကိစ္စပစ္စည်း နှစ်မျိုးလုံးကို ဆိုလိုသည်။ 'ဗုဒ္ဓဘာသိတော'သည် ကိတပစ္စည်းဆုံးပုံစံ၊ 'စတုဝဂ္ဂကရဏီယံ'သည် ကိစ္စပစ္စည်းဆုံးပုံစံတည်း။ (ရူဘာဋီ ပ ၆၀၅)
♠ ဥရဂေါနှင့် ပါဒပေါသည် နိစ္စသမာသ်ဖြစ်၍ "ဥရေန ဂစ္ဆတီတိ၊ ပါဒေန ပိဝတီတိ"ဟု ဂေါ, ပေါတို့ ကိုယ်စား 'ဂစ္ဆတိ ပိဝတိ' ဖြင့် ဝိဂြိုဟ်ဆိုရသည်။ (ရူဘာဋီ ပ ၆၀၆)

## မဇ္ဈေလောပီတပ္ပုရိသ်

ဂုဠေန သံသဋ္ဌော ဩဒနော ဂုဠောဒနော။ ဂုဠေန–တင်လဲနှင့်၊ သံသဋ္ဌော–ရောနှောအပ်သော၊ ဩဒနော–ထမင်းတည်း၊ ဂုဠောဒနော–တင်လဲနှင့်ရောအပ်သောထမင်း။ ဂုဠောဒနော၌ 'ဂုဠ–တင်လဲ၊ ဩဒန–ထမင်း'ဟုထွက်၏။ ထို့ကြောင့် ထိုအနက်နှစ်ခုအတိုင်းသာဆိုလျှင် တင်လဲလည်းခြား ထမင်းတခြားဖြစ်၍ ယုတ္တတ္ထမဖြစ်နိုင်၊ ယုတ္တတ္ထမဟုတ်၍ အချင်းချင်း ငဲ့စပ်မှုမရှိလျှင် သမာသ်လည်း မဖြစ်နိုင်၊ ဂုဠနှင့်ဩဒနအကြား၌ လုတ္တနိဒ္ဒိဋ္ဌ(ကြေနေသောပုဒ်အဖြစ်ဖြင့် ညွှန်ပြအပ်သော)ဂမျမာန–တိုက်ရိုက်မဆိုအပ်ပဲသိလောက်သော သံသဋ္ဌ–ဟူသော ကြိယာတပုဒ်ရှိ၏။ ထိုပုဒ်က ဂုဠနှင့်ဩဒန ယုတ္တတ္ထဖြစ်အောင် တင်လဲနှင့် ရောစပ်သောထမင်းဟု ဆက်သွယ်ပေးသည်။ ဤသို့လျှင် ရှေ့ပုဒ်နှင့်နောက်ပုဒ်တို့ ယုတ္တတ္ထမဖြစ်ကြ၍ ဆက်သွယ်ပေးရမည့် ပုဒ်တမျိုးပါမှ ယုတ္တတ္ထဖြစ်သော ပုဒ်များ၌ 'မဇ္ဈေလောပီ'သမာသ်ပြုကြရသည်။ (ကစ္စည်းဘာဋီ ပ ၅၁၈)

အဿေန ယုတ္တော ရထော အဿရထော။ အဿေန–မြင်းနှင့်၊ ယုတ္တော–ယှဉ်သော၊ ရထော–ရထားတည်း၊ အဿရထော–မြင်းရထား။

ဓမ္မယာ သညာတော(လက္ခိတော) ဒီပေါ ဓမ္မဒီပေါ။ ဓမ္မယာ–သပြေပင်ဖြင့်၊ သညာတော(လက္ခိတော)–မှတ်သားအပ်သော၊ ဒီပေါ–ကျွန်းတည်း။ ဓမ္မဒီပေါ–ဇမ္ဗူဒိပ်။ (မွှု၌ ဦကို ဥရဿပြုထားသည်)

**စတုတ္ထီတပ္ပုရိသ်**။ တဒတ္ထသမ္ပဒါန်, အတ္ထ သဒ္ဒါ, ဟိတ သဒ္ဒါ, ဒေယျ သဒ္ဒါ စသော နောက်ပုဒ်များနှင့် စတုတ္ထီတပ္ပုရိသ်သမာသ် တွဲစပ်ရမည်။

**ပုံစံများ** ကထိနဿ ဒုဿံ ကထိနဒုဿံ၊ ကထိနဿ–ကထိန်အလို့ငှါ၊ ဒုဿံ–အဝတ်တည်း၊
ကထိနဒုဿံ–ကထိန်လျှာအဝတ်
အာဂန္တုကဿ ဘတ္တံ အာဂန္တုကဘတ္တံ–ဧည့်သည်အတွက် ထမင်း
လောကဿ ဟိတော လောကဟိတော–လောကအလို့ငှါ(ဘို့)အစီအပွား
ဗုဒ္ဓဿ ဒေယျံ ဗုဒ္ဓဒေယျံ–ဘုရားရှင်အား လှူဒါန်းအပ်သော(ပန်း)
သံဃဿ ဒေယျံ သံဃဒေယျံ–သံဃာတော်အားလှူဒါန်းအပ်သော(သင်္ကန်း)

♠ 'အလို့ငှါ'ဟူသည် 'အကျိုးငှါ'နှင့် အနက်တူတည်း။ ထို 'အလို့ငှါ'ကိုပင် 'ဘို့'ဟုလည်း သုံးစွဲနိုင်သည်။ (ရူဘာဋီ ဒု ၈၉)

♠ အတ္ထသဒ္ဒါနှင့် တွဲစပ်ပုံကို သဒ္ဒနီတိမပြ။ ထိုသို့မပြခြင်းမှာ ပိဋကတ်တော်၌ ထိုပြယုဂ်များသည် စတုတ္ထီသမာသ်မဟုတ်, ဆဋ္ဌီတပ္ပုရိသ် ကမ္မဓာရည်း ဗဟုဗ္ဗီဟိသမာသ်များသာ (ထိုက်သလို)ဖြစ်ကြသောကြောင့်တည်း။ အတ္ထ သဒ္ဒါနှင့် သမာသ်ဖြစ်ရာ၌ နိစ္စသမာသ်ဖြစ် မိမိ အတ္ထပုဒ်ရင်းဖြင့် ဝိဂြိုဟ်မပြုရ။ အတ္ထ၏အနက်ကို ဟောနိုင်သော အခြားပုဒ်နှင့်သာ ဝိဂြိုဟ်ပြုရသည်။ (ရူဘာဋီဒု ၉၀)

**ပုံစံ** အတ္တနော ဣဒံ အတ္တတ္ထံ။စီဝရံ(နပုံ)ဣဒံ–ဤအရာသည်၊ အတ္တနော–မိမိ၏ဉစ္စာတည်း, အဖို့တည်း(မိမိအတွက်)
ပရဿ ဣဒံ ပရတ္ထံ။စီဝရံ ။ဣဒံ–ဤအရာသည်၊ ပရဿ–သူတပါး၏ဉစ္စာတည်း, အဖို့တည်း(သူတပါးအတွက်)
ဒွိဇဿ အယံ ဒွိဇတ္ထော။ သူပေါ(ပုံ)ဟင်းချို။ အယံ–ဤဟာသည်၊ ဒွိဇဿ–ပုဏ္ဏား၏ဉစ္စာတည်း။
ဒွိဇဿ အယံ ဒွိဇတ္ထော။ ယာဂု(ထီ)ယာဂု။ အယံ–ဤဟာသည်၊ ဒွိဇဿ–ပုဏ္ဏား၏ဉစ္စာတည်း။

♠ ဟိတသဒ္ဒါနှင့် စတုတ္ထီတပ္ပုရိသ်တွဲခြင်းသည်လည်း 'ဂါဝဟိတံ–နွားတို့စီးပွား'ဟူသော သက္ကတပြယုဂ်ကို မှီခြင်းသာတည်း။ ပါဠိဝယ် ဟိတနှင့် တွဲရာ၌ ဆဋ္ဌီသာ အသုံးများသည်။ ပုံစံကား 'ဒေဝမနုဿာနံ–(တို့၏) အတ္ထာယ ဟိတာယ သုခါယ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ'တည်း။ ဤသို့ စုဏ္ဏိယ၌ ဆဋ္ဌီရှိလျှင် သမာသ်တွဲရာ၌လည်း 'လောကဟိတော–လောက၏စီပွား'ဟု ဆဋ္ဌီသမာသ်ပင် ဖြစ်သင့်သည်။ (ရူဘာဋီဒု ၉၄)

**ပဉ္စမီတပ္ပုရိသ်**။ ခွဲခွါခြင်း၊ ကြောက်လန့်ခြင်း၊ ရှောင်ကြဉ်ခြင်း၊ လွတ်မြောက်ခြင်း အနက်ဟောသဒ္ဒါစသော အပါဒါန် အနက်ကိုငဲ့သော လိုလားသော နောက်ပုဒ်များနှင့် တွဲစပ်လျှင် ပဉ္စမီတပ္ပုရိသ်သမာသ် တွဲစပ်ရမည်။

**ပုံစံများ** မေထုနာ အပေတော မေထုနာပေတော၊ မေထုနာ–မေထုန်မှ၊ အပေတော–ကင်းသူတည်း၊
မေထုနာပေတော–မေထုန်မှကင်းသူ

သဗ္ဗေ ဘဝါ သဗ္ဗဘဝါ၊ သဗ္ဗဘဝေဟိ နိဿဋော သဗ္ဗဘဝနိဿဋော–ဘဝအားလုံးတို့မှ ထွက်မြောက်သူ
ပါပတော ဘီတော ပါပဘီတော–မကောင်းမှုမှကြောက်သူ
ကာယဒုစ္စရိတတော ဝိရတိ ကာယဒုစ္စရိတဝိရတိ–ကာယဒုစရိုက်မှ ရှောင်ကြဉ်ခြင်း
ဗန္ဓနာ မုတ္တော ဗန္ဓနမုတ္တော–အနှောင်အဖွဲ့မှ လွတ်မြောက်သူ၊ အညာမှ လွတ်သော (ထန်းသီး)

**ဆဋ္ဌီတပ္ပုရိသ်**။ သမ္ဗာန်အနက်, ကမ္မတ္ထဆဋ္ဌီအနက်ကို **လိုလားသော** နောက်ပုဒ်များနှင့် သမာသ်တွဲစပ်လျှင် ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်ရသည်။

**ပုံစံများ** ရညော ပုတ္တော ရာဇပုတ္တော၊ ရညော–မင်း၏၊ ပုတ္တော–သားတည်း၊ ရာဇပုတ္တော–မင်းသား
ဗုဒ္ဓဿ သာဝကော ဗုဒ္ဓသာဝကော–မြတ်စွာဘုရား၏ တပည့်
ပုမဿ လိင်္ဂံ ပုလ္လိင်္ဂံ–ယောကျ်ား၏ အသွင်အပြင်
ဟတ္ထိဿ ပဒံ ဟတ္ထိပဒံ–ဆင်၏ ခြေရာ(ဆင်ခြေရာ)
ဣတ္ထိယာ ရူပံ ဣတ္ထိရူပံ–မိန်းမ၏ အရုပ်(မိန်းမအရုပ်)
အာစရိယဿ ပူဇကော အာစရိယပူဇကော–ဆရာကို ပူဇော်တတ်သူ
ဒေဝါနံ ရာဇာ ဒေဝရာဇော–နတ်တို့၏မင်း

♠ ရာဇပုဒ်နှင့် ဆဋ္ဌီတပ္ပုရိသ်တွဲလျှင် တချို့ပုရိသာဒိဂိုဏ်း ဖြစ်သည်။ ('ကွစိ သမာသန္တ'စသောသုတ်ဖြင့် ရာဇ၏အဆုံး'အ'ကို အထပ်ပြုလျှင် ရာဇာဒိဂိုဏ်းပျက်သောကြောင့် 'သျာစ'သုတ်ဖြင့် 'အာ'မပြုရတော့ပြီ၊ ပုရိသာဒိဂိုဏ်းဝင် ဖြစ်၍ 'ဒေဝရာဇော ဒေဝရာဇာ' စသည်ဖြစ်၏။ ကွစိသမာသန္တသုတ်၏ အစီအရင်က မမြဲသောကြောင့် အမပြုသောအခါ ရာဇာဒိဂိုဏ်း ထုံစံအတိုင်း သိ ကို အာပြု စသည်စီရင်၍ ဒေဝရာဇာ ဒေဝရာဇာနော စသည်ဖြစ်၏)

(ရူပဘာဋီ ပ ၉၇)

**မှတ်ချက်**။ ဣတ္ထိရူပံ၊ ဟတ္ထိပဒံ၊ ဘိက္ခုနိသံဃော၊ ဇမ္ဗုသာခါတို့၌ သမာသ်၏အလယ်၌ရှိသော "ဤ ဦ"သရများကို "ဣ ဥ" ပြုထားသည်။

တပစ္စည်းဆုံးသောပုဒ်၊ ပူရဏအနက်ဟော ပစ္စည်းဆုံးသောပုဒ်၊ နိဒ္ဓါရဏီယပုဒ်၊ ဘာဝပစ္စည်းဆုံးသောပုဒ်၊ မာန အန္တ ပစ္စည်းဆုံးသောပုဒ်၊ ရောင့်ရဲတင်းတိမ်ခြင်း အနက်ဟောသောပုဒ်တို့နှင့် ဆဋ္ဌီတပ္ပုရိသ်သမာသ် မတွဲစပ်ရ။

**ပုံစံများ** ကမ္မဿ–အလုပ်ကို၊ ကတ္တာရော–ပြုတတ်သူတို့ (ကမ္မကတ္တာရော–ဟု သမာသ်မဖြစ်) တပစ္စည်းပုံ
ဘိန္နာနံ–ကွဲပြားသူတို့ကို၊ သန္ဓာတာ–စေ့စပ်တတ်သူတည်း (ဘိန္နသန္ဓာတာ–ဟု သမာသ်မဖြစ်) တပစ္စည်းပုံ
ကပ္ပဿ–ကမ္ဘာ၏၊ တတိယော–သုံးခုမြောက်သော၊ ဘာဂေါ–အဘို့တည်း၊
(ကပ္ပတတိယဘာဂေါ–ဟု သမာသ်မဖြစ်) ပူရဏအနက်ဟောပုံ
မနုဿာနံ–လူတို့တွင်၊ ခတ္တိယော–မင်းဇာတ်ရှိသူသည်၊ သူရတမော–သာ၍ရဲရင့်၏ (မနုဿခတ္တိယော–ဟု သမာသ်မဖြစ်) နိဒ္ဓါရဏီယပုံ

**သတ္တမီတပ္ပုရိသ်**။ မိုရာတည်ရာအနက်ဟော ရှေ့ပုဒ်များနှင့် သတ္တမီတပ္ပုရိသ်သမာသ် တွဲစပ်ရသည်။

**ပုံစံများ** သံသာရေ ဒုက္ခံ သံသာရဒုက္ခံ–သံသရာ၌ (ဖြစ်သော) ဆင်းရဲ (သံသရာဆင်းရဲ)
ဝနေ ပုပ္ဖံ ဝနပုပ္ဖံ–တော၌(ပွင့်သော)ပန်း (တောပန်း)
ဝနေ မဟိံသော ဝနမဟိံသော–တော၌(နေသော)ကျွဲ (တောကျွဲ)
ပင်္ကေ ဇာတံ ပင်္ကဇံ–ညွန်၌ပေါက်သော(ကြာ)
သိရေ ရုဟတီတိ သိရောရုဟံ–ဦးခေါင်း၌ပေါက်သော(ဆံပင်)

## အထူးမှတ်ဖွယ်

♠ အံစသော ဝိဘတ်ဆုံးသောပုဒ်များ နောက်ကနေသော အချို့တပ္ပုရိသ်သမာသ်ပုဒ်အဆန်းများ ရှိသေးသည်။
♠ ပ, ပရ, အတိ, ပတိ, အနု, နိ စသော ဥပသာရပုဒ်များ၊ အလံ, အဒ္ဓ, အဓ, ပုဗ္ဗ, ပစ္ဆာ စသည့် နိပါတ်ပုဒ်များ ပါရှိသော သမာသ်ပုဒ်များ၌ ဝိဘတ်ဆုံးရှေ့ပုဒ်များကို နောက်မှာထား၍ ဝိဂြိုဟ်ပြုလေ့ရှိသည်။

(အရှင်သဇ္ဇန မစိုးရိပ်ပါဠိသဒ္ဒါ ၄၄၃)

**ပုံစံများ** အန္တံ အတိက္ကန္တံ အစ္စန္တံ–အပိုင်းအခြားကို လွန်သောအမှု
ဝေလံ အတိက္ကန္တော အတိဝေလော–အခါကို လွန်သောအရာ
ဇီဝကံ ပတ္တော ပတ္တဇီဝကော–အသက်မွေးခြင်းသို့ရောက်သူ
အက္ခံ–က္ကန္ဒြေကို၊ ပတိဂတံ(နိဿိတံ)မှီသည်တည်း၊ပစ္စက္ခံ–က္ကန္ဒြေကိုမှီသော မြင်ခြင်း (မျက်မှောက်ဖြစ်သောမြင်ခြင်း) (ပတိဂတ–သည် ပတိ၏ ပရိယာယ်)
အတ္ထံ–အနက်သို့၊ အနုဂတံ–အစဉ်လိုက်သောအမည်တည်း၊ အနွတ္ထံ–အနက်သို့ အစဉ်လိုက်သောအမည်
ဝါနတော နိက္ခန္တံ နိဗ္ဗာနံ–ဝါနမှ လွတ်မြောက်တတ်သောတရား
အာစရိယတော–ဆရာထက်၊ ပရော–ဆရာတည်း၊ ပါစရိယော–ဆရာ့ထက်မြတ်သော ဆရာ(ဆရာ့ဆရာကြီး)
အယျကတော ပရော ပယျကော–အဘိုးထက်မြတ်သောအဘိုး(အဘေး)
ဟိယျော–မနေ့မှ၊ ပရော–နောက်တနေ့၊ ပရဟိယျော–ယမန်နေ့မှ နောက်နေ့(တမြန်နေ့)
ကဟာပဏဿ–တကျပ်၏၊ အဍ္ဎံ–ထက်ဝက်တည်၊ အဍ္ဎကဟာပဏံ–ငါးမူး
ရတ္တိယာ–ညဉ့်၏၊ အဍ္ဎံ–ထက်ဝက်တည်း၊ အဍ္ဎရတ္တံ–ညဉ့်ထက်ဝက် (သန်းခေါင်ယာမ်) (ရတ္တိ၏က္ကကိုအပြု)
ရတ္တိယာ–ညဉ့်၏၊ ပုဗ္ဗံ–ရှေ့ပိုင်းတည်း၊ ပုဗ္ဗရတ္တံ–ညဉ့်ရှေ့ပိုင်း(ညဉ့်ဦးယာမ်)
ရတ္တိယာ–ညဉ့်၏၊ ပစ္ဆာ–နောက်ပိုင်းတည်း၊ ပစ္ဆာရတ္တံ–ညဉ့်နောက်ပိုင်း(မိုးသောက်ရန်)
အဟဿ–နေ့၏၊ ပုဗ္ဗံ–ရှေ့ပိုင်းတည်၊ ပုဗ္ဗဏှံ–နံနက် (အဟသည် အနှသို့ပြောင်းသည်)
အဟဿ–နေ့၏၊ သာယော–နောက်ပိုင်းတည်း၊ သာယနှံ–ညနေပိုင်း

## ဗဟုဗ္ဗီဟိသမာသ်

သမာသ်ပုဒ်ကို "သကပဒ=မိမိပုဒ်"ဟု ခေါ်သည်။ သမာသ်စပ်ရာတွင် မပါဝင်သောပုဒ်ကို "အညပဒ=တပါးသောပုဒ်"ဟု ခေါ်သည်။ သမာသ်ပုဒ်မှ အခြားတပါးသောပုဒ်ဟု ဆိုလိုသည်။ ထိုတပါးသောပုဒ်၌ စပ်ရသော သမာသ်ကို "ဗဟုဗ္ဗီဟိ"သမာသ်ဟု ခေါ်၏။ ပုံစံကား-ဇိတော မာရော ယေနာတိ ဇိတမာရော (ဇိနော) တည်း။ ယေန-အကြင်ပုဂ္ဂိုလ်သည်၊ မာရော-မာရ်ကို၊ ဇိတော-အောင်တော်မူအပ်ပြီ၊ ဣတိ-ထို့ကြောင့်၊ သော-ထိုပုဂ္ဂိုလ်သည်၊ ဇိတမာရော-ဇိတမာရမည်၏။ ဇိနော-ဘုရားတည်း။

ဤ"ဇိတမာရော"၌ ဇိတောနှင့်မာရောသည် စပ်အပ်သော သမာသ်ပုဒ်တည်း။ ဇိနောပုဒ်နှင့် ယေနပုဒ်တို့ကား သမာသ်ပုဒ်တွင် မပါဝင်သော "အညပုဒ်"တည်း။ ဇိတောနှင့် မာရောကို သမာသ်စပ်သည့်အခါ "အောင်အပ်သော+မာရ်" ဟူသော မိမိအနက်၌မစပ်ဘဲ ယေန-ဇိနောတို့၏အရဖြစ်သော ဘုရားဟူသောအနက်၌ စပ်ရသည်။

ဤပြခဲ့သောစကားအစဉ်အရ "ဇိတမာရ ဇိနော"ဟု သမာသ်စပ်ရာတွင် ပါဝင်သင့်လျက် မပါဝင်သော ဇိနောပုဒ်ကိုလည်းကောင်း, ထိုဇိနောနှင့် အရတူဖြစ်သော ယေနပုဒ်ကိုလည်းကောင်း "အညပုဒ်"ဟုခေါ်သည်။

(အခြေပြုသဒ္ဒါ ၄၇၁-၂)

သမာသ်ပုဒ်အနက် မပြဋ္ဌာန်းဘဲ သမာသ်ပုဒ်မှ တပါးသောပုဒ်အနက် ပြဋ္ဌာန်းသောသမာသ်သည် "ဗဟုဗ္ဗီဟိသမာသ်" မည်၏။

ပုံစံ။ ဇိတိန္ဒြိယော=အောင်အပ်ပြီးသော ဣန္ဒြေရှိတော်မူသော (မြတ်စွာဘုရား)

ဤ၌ 'ဇိတိန္ဒြိယ'ဟူသော သမာသ်ပုဒ်အနက် မပြဋ္ဌာန်းဘဲ ဝါကျအခိုက်၌ ပါရှိသော သမာသ်ပုဒ်မှ တပါးသော ဣမသဒ္ဒါ၏စွဲရာ မြတ်စွာဘုရားအနက်ဟော 'ဘဂဝါ'ဟူသော ပုဒ်အနက်သာ ပြဋ္ဌာန်းသောကြောင့် ဗဟုဗ္ဗီဟိသမာသ်မည်၏။

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၂၈)

ပုဒ်နှစ်ခုလုံးကို ပေါင်းစပ်သောအခါ သမာသ်အတွင်း၌ ပါဝင်သောပုဒ်တို့၏ အနက်များသည် သမာသ်အတွင်း၌ မပါဝင်သော အခြားပုဒ်တခု၏အနက်အား အထူးပြုလျှင် နာမဝိသေသနဖြစ်ရကား ဆိုင်ရာအထူးပြုအပ်သော ပုဒ်နှင့် လိင် ဝုစ် ဝိဘတ် တူရလေသည်။

(တက္ကသိုလ်ပို့ချချက်)

ဝီတော ရာဂေါ ယဿာတိ ဝီတရာဂေါ (ခီဏာသဝေါ) ယဿ-အကြင်သူ၏၊ ဝီတော-ကင်းသော၊ ရာဂေါ-ရာဂသည်၊ (အတ္ထိ-ရှိ၏) (သော-ထိုသူသည်) ဝီတရာဂေါ-ဝီတရာဂမည်၏။ ခီဏာသဝေါ-ရဟန္တာ။

ဆိန္နော ဟတ္ထော ယဿာတိ ဆိန္နဟတ္ထော (ပုရိသော)။ ယဿ-အကြင်ယောကျ်ား၏၊ ဆိန္နော-ပြတ်သော၊ ဟတ္ထော-လက်သည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ သော-ထိုယောကျ်ားသည်၊ ဆိန္နဟတ္ထော-ဆိန္နဟတ္ထမည်၏။

**စည်းမျဉ်း**။ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ။ အညပုဒ်အနက်ကို အထူးပြုသော နာမ်ပုဒ်တို့ကို စပ်ထားသောသမာသ်ကို ဗဟုဗ္ဗီသမာသ်ဟု ခေါ်၏။

## ဗဟုဗ္ဗီဟိသမာသ်ဝိဂ္ဂြိုဟ်၌ အညပုဒ်ပဓာနဖြစ်ပုံ

ဗဟုဗ္ဗီဟိသမာသ်ကို ဝိဂ္ဂြိုဟ်ပြုတဲ့အခါ အညပုဒ်သည် အလွန်အရေးကြီးသည်။ ပုံလိင်ဧကဝုစ်နက်ကို ရစေလိုလျှင် 'ယ'စသော အညပုဒ်နက်ကို ပုံလိင်ဧကဝုစ်ဖြင့်ထားရသည်။ ဗဟုဝုစ်နက်ကိုရစေလိုလျှင် အညပုဒ်ပုဒ်ကို ဗဟုဝုစ်ဖြင့်ထားရသည်။ ဣတ္ထိလိင် နပုံလိင်ကိုရစေလိုရာ၌ အညပုဒ်ကို ဣတ္ထိလိင် နပုံလိင်ဖြင့် ထားရသည်။ သမာသ်ပုဒ်၌ကား လိင်ဝုစ်အထူးမပြောင်းတော့ပြီ၊ ပင်ကိုယ်လိင်ဝုစ်အတိုင်းသာတည်း။

(၁) ဇိတော မာရော ယေနာတိ ဇိတမာရော (ဇိနော) ပုံလိင် ဧကဝုစ်
(၂) ဇိတော မာရော ယေဟိတိ ဇိတမာရာ (ဇိနာ) ပုံလိင် ဗဟုဝုစ်

ပုံစံ (၁)၌ 'ဇိနော'သည် ပုံလိင် ဧကဝုစ်ဖြစ်၍ 'ယေန'ဟု ပုံလိင် ဧကဝုစ်ဖြင့် ထားရသည်။
ပုံစံ (၂)၌ 'ဇိနာ'သည် ပုံလိင် ဗဟုဝုစ်ဖြစ်၍ 'ယေဟိ'ဟု ပုံလိင် ဗဟုဝုစ်ဖြင့် ထားရသည်။

(၃) ဇိတာနိ ဣန္ဒြိယာနိ ယေနာတိ ဇိတိန္ဒြိယော (သမဏော) ပုံလိင် ဧကဝုစ်
(၄) ဇိတာနိ ဣန္ဒြိယာနိ ယေဟိတိ ဇိတိန္ဒြိယာ (သမဏာ) ပုံလိင် ဗဟုဝုစ်
(၅) ဇိတာနိ ဣန္ဒြိယာနိ ယာယာတိ ဇိတိန္ဒြိယာ (ကညာ) ဣတ္ထိလိင် ဧကဝုစ်
(၆) ဇိတာနိ ဣန္ဒြိယာနိ ယာဟိတိ ဇိတိန္ဒြိယာယော (ကညာယော) ဣတ္ထိလိင် ဗဟုဝုစ်
(၇) ဇိတာနိ ဣန္ဒြိယာနိ ယေနာတိ ဇိတိန္ဒြိယံ (စိတ္တံ) နပုံလိင် ဧကဝုစ်
(၈) ဇိတာနိ ဣန္ဒြိယာနိ ယေဟိတိ ဇိတိန္ဒြိယာနိ (စိတ္တာနိ) နပုံလိင် ဗဟုဝုစ်

ပုံစံ(၃) ယေန–အကြင်ပုဂ္ဂိုလ်သည်၊ ဣန္ဒြိယာနိ–ဣန္ဒြေတို့ကို၊ ဇိတာနိ–အောင်အပ်ကုန်ပြီ၊ ဣတိ–ထို့ကြောင့်၊ သော–ထိုပုဂ္ဂိုလ်သည်၊ ဇိတိန္ဒြိယော–ဇိတိန္ဒြိယမည်၏။ ပုံလိင် ဧကဝုစ်ဖြစ်၍ 'ယေန–ဇိတိန္ဒြိယော' ဟုထားသည်။ ဇိတာနိ ဣန္ဒြိယာနိ–ကား လိုရင်းမဟုတ်။ ဣန္ဒြိယ–ပုဒ်က နပုံလိင်ဖြစ်၍ နပုံလိင်, ဣန္ဒြေတွေက များသောကြောင့် ဗဟုဝုစ်ဖြင့် ပြထားသည်။

ပုံစံ(၄) ပုံလိင် ဗဟုဝုစ်ဖြစ်၍ ယေဟိ–ဇိတိန္ဒြိယာ ဟုထားသည်။
ပုံစံ(၅) ဣတ္ထိလိင် ဧကဝုစ်ဖြစ်၍ ယာယ–ဇိတိန္ဒြိယာ ဟုထားသည်။
ပုံစံ(၆) ဣတ္ထိလိင် ဗဟုဝုစ်ဖြစ်၍ ယာဟိ–ဇိတိန္ဒြိယာယော ဟုထားသည်။
ပုံစံ(၇) နပုံလိင် ဧကဝုစ်ဖြစ်၍ ယေန–ဇိတိန္ဒြိယံ ဟုထားသည်။
ပုံစံ(၈) နပုံလိင် ဗဟုဝုစ်ဖြစ်၍ ယေဟိ–ဇိတိန္ဒြိယာနိ ဟုထားသည်။

## ဗဟုဗ္ဗီဟိသမာသ် ၇ မျိုး

အညပုဒ်နှင့် တွဲဘက်ကြိယာကို ကတ္တား+ကြိယာ စပ်ရလျှင် **ပထမာဗဟုဗ္ဗီဟိသမာသ်** ဖြစ်သည်။ ပုံစံ – သဟ ဝိတက္ကေန ယေ ဝတ္တန္တီတိ သဝိတက္ကာ။ ယေ–အကြင်တရားတို့သည်၊ ဝိတက္ကေန–ဝိတက်နှင့်၊ သဟ–တကွ၊ ဝတ္တန္တိ–ဖြစ်ကုန်၏၊ ဣတိ–ထို့ကြောင့်၊ တေ–ထိုတရားတို့သည်၊ သဝိတက္ကာ–သဝိတက္ကတို့ မည်၏။ (ယေ ဝတ္တန္တိ– ၌ ယေ–ကား ကတ္တား၊ ဝတ္တန္တိ–ကား ကြိယာတည်း၊ ကြိယာကို ကတ္တိ–ဟုလည်း ခေါ်ကြသည်)

အညပုဒ်နှင့် သမာသ်ပုဒ်တစိတ်တို့ ကံ+ကြိယာ စပ်ရလျှင် **ဒုတိယာဗဟုဗ္ဗီဟိသမာသ်** ဖြစ်သည်။ ပုံစံ – အာဂတာ သမဏာ ဣမံတိ အာဂတသမဏော။ ဣမံ–ဤကျောင်းတိုက်သို့၊ သမဏာ–ရဟန်းတို့သည်၊ အာဂတာ– လာကုန်၏၊ ဣတိ–ထို့ကြောင့်၊ သော–ထိုကျောင်းတိုက်သည်၊ အာဂတသမဏော–အာဂတသမဏမည်၏။ (ဣမံ အာဂတာ၌ ဣမံ–ကား ကံ၊ အာဂတာကား ကြိယာတည်း၊ ကြိယာကု ကမ္မိဟုလည်းခေါ်သည်)

အညပုဒ်နှင့် သမာသ်ပုဒ်တစိတ်တို့ ကတ္တား+ကြိယာ**,** ကရိဏ်း+ကရိဏ်း၏ကြိယာ အဖြစ်ဖြင့် စပ်ရလျှင်လည်းကောင်း**,** သဟာဒိယောဂ စပ်ရလျှင်လည်းကောင်း **တတိယာဗဟုဗ္ဗီဟိသမာသ်** ဖြစ်သည်။ ပုံစံ – ဇိတော မာရော ယေနာတိ ဇိတမာရော။ ယေန–အကြင်ပုဂ္ဂိုလ်သည်၊ မာရော–မာရ်ကို၊ ဇိတော–အောင်တော်မူအပ်ပြီ၊ ဣတိ–ထို့ကြောင့်၊ သော–ထိုပုဂ္ဂိုလ်သည်၊ ဇိတမာရော–ဇိတမာရမည်၏။( ယေန ဇိတော၌ ယေန–သည် ကတ္တား၊ ဇိတော–ကား ကြိယာတည်း)

♠ ကံဟောပစ္စည်းပါသည့် ကိတ်ပုဒ်နှင့် တွဲစပ်ထားလျှင် တတိယာဗဟုဗ္ဗီဖြစ်သည်။ (မစိုးရိမ်ပါဠိသဒ္ဒါ ၄၅၆)

ဆိန္နော ရုက္ခော **ယေန**ာတိ ဆိန္နရုက္ခော။ ယေန–အကြင်လက်နက်ဖြင့်၊ ရုက္ခော–သစ်ပင်ကို၊ ဆိန္နော– ဖြတ်အပ်၏၊ဣတိ–ထိုသို့သစ်ပင်ကို ဖြတ်ကြောင်း၏အဖြစ်ကြောင့်၊ သော–ထိုလက်နက်သည်၊ ဆိန္နရုက္ခော–ဆိန္နရုက္ခ မည်၏။ (ပရသု–ပုဆိန်တည်း) (ယေန–ကား ကရိဏ်း၊ ဆိန္နော–ကား ကြိယာတည်း)

သုခေါ သံဝါသော ယေနာတိ သုခသံဝါသော (ဓီရော)။ ယေန–အကြင်သူနှင့်၊ သံဝါသော–ပေါင်းသင်းရခြင်း သည်၊ သုခေါ–ချမ်းသာ၏၊ ဣတိ–ထိုသို့ ပေါင်းသင်းရခြင်း၏ ချမ်းသာကြောင်း၏ အဖြစ်ကြောင့်၊ သော– ထိုသူသည်၊ သုခသံဝါသော–သုခသံဝါသမည်၏။ (ဓီရော–ပညာရှိတည်း) (ယေန–ကား သဟာဒိယော၊ သံဝါသော– ကား သဟာဒိယောဂဝန္တတည်း)

အညပုဒ်နှင့် သမာသ်ပုဒ်တစိတ်တို့ သမ္ပဒါန+သမ္ပဒါနီ(သမ္ပါဒါန်+သမ္ပဒါန်ရှိသောပုဒ်) အဖြစ်ဖြင့် စပ်ရလျှင် **စတုတ္ထီဗဟုဗ္ဗီဟိသမာသ်** ဖြစ်သည်။ ပုံစံ – ဒိန္နော သုင်္ကော ယဿာတိ ဒိန္နသုင်္ကော (ရာဇာ)၊ ယဿ–အကြင်မင်းအား၊သုင်္ကော–အခွန်ကို၊ ဒိန္နော–ပေးအပ်၏၊ ဣတိ–ထိုသို့ အခွန်ကို ပေးအပ်ရာ၏အဖြစ်ကြောင့်၊ ဒိန္နသုင်္ကော–ဒိန္နသုက်မည်၏၊ (ရာဇာ–မင်းတည်း) (ယဿ–ကား သမ္ပဒါန ၊ ဒိန္နော–ကား သမ္ပဒါနီ)

အညပုဒ်နှင့် သမာသ်ပုဒ်တစိတ်တို့ အပါဒါန+အပါဒါနီ (အပါဒါန်+အပါဒါန်ရှိသောပုဒ်) အဖြစ်ဖြင့် စပ်ရလျှင် **ပဉ္စမီဗဟုဗ္ဗီဟိသမာသ်** ဖြစ်သည်။ ပုံစံ–နိဂ္ဂတာ ဇနာ အသ္မာတိ နိဂ္ဂတဇနာ၊ အသ္မာ–ဤရွာမှ၊ ဇနာ–လူတို့သည်၊ နိဂ္ဂတာ–ထွက်သွားကုန်ပြီ၊ ဣတိ–ထို့သို့ လူတို့ ထွက်သွားကုန်ရာ၏အဖြစ်ကြောင့်၊ သော–ထိုရွာသည်၊ နိဂ္ဂတဇနော–နိဂ္ဂတဇနမည်၏။ (အသ္မာ–ကား အပါဒါန၊ နိဂ္ဂတာ–ကား အပါဒါနီ)

အညပုဒ်နှင့် သမာသ်ပုဒ်တစိတ်တို့ သမ္ဗန္ဓ+သမ္ဗန္ဓီ (သမ္ဗန်+သမ္ဗန်ရှိသောပုဒ်) အဖြစ်ဖြင့် စပ်ရလျှင် **ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်** ဖြစ်သည်။ ပုံစံ – ဆိန္နော ဟတ္ထော ယဿာတိ ဆိန္နဟတ္ထော (ပုရိသော)။ ယဿ–အကြင်ယောကျ်ား၏၊ ဆိန္နော–ပြတ်သော၊ ဟတ္ထော–လက်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ထို့ကြောင့်၊ သော–ထိုယောကျ်ားသည်၊ ဆိန္နဟတ္ထော–ဆိန္နဟတ္ထမည်၏။ (ယဿ–ကား သမ္ဗန်၊ ဟတ္ထ–ကား သမ္ဗန္ဓီ)

အညပုဒ်နှင့် သမာသ်ပုဒ်တစိတ်တို့ အာဓာရ+အာဓေယ် (တည်ရာ+တည်တတ်သောပုဒ်) အဖြစ်ဖြင့် စပ်ရလျှင် **သတ္တမီဗဟုဗ္ဗီဟိသမာသ်** ဖြစ်သည်။ ပုံစံ – ဗဟဝေါ ဝီဟယော ယသ္မိံတိ ဗဟုဗ္ဗီဟိ၊ ယသ္မိံ–အကြင်ဇနပုဒ်၌၊ ဗဟဝေါ–များကုန်သော၊ ဝီဟယော–ကောက်စပါးတို့သည်၊ သန္တိ–ရှိကုန်၏၊ ဣတိ–ထိုသို့ ကောက်စပါးတို့ ပေါများရာ၏ အဖြစ်ကြောင့်၊ ဗဟုဗ္ဗီဟိ–ဗဟုဗ္ဗီဟိမည်၏။ (ယသ္မိံ–ကား အာဓာရ၊ ဝီဟယော–ကား အာဓေယ်)

## ဗဟုဗ္ဗီသမာသ်ထူးခြားချက်

ဤသမာသ်၌ အညပုဒ်ပြဓာန်းသည်။ ပြဓာန်းဟူသည် ရှိဟူသောအနက် အမြဲပဓာနကျကျ ထွက်နေခြင်း ပင်တည်း။ ဤပြဓာန်းမှုကို သဟပုဗ္ဗပဒဗဟုဗ္ဗီ, ပထမာ, သင်္ချာဘယ, ဒိသန္တရာဠတ္ထ, ဗျတိဟာရတို့၌ကား တွေ့ရမည်မဟုတ်။ ရှိဟူသောအနက်ကို ဗဟုဗ္ဗီဟိသမာသ် အဿတ္ထိတဒ္ဓိတ်တို့၌ တွေ့ရသည်။ **ရှိဟူသော အနက်ပါနေလျှင် ပစ္စည်းမပါက ဗဟုဗ္ဗီဟိ, ဣက, ဤစသည့် ပစ္စည်းပါနေလျှင် အဿတ္ထိ**ဟု သိပါ။ ဝိဂြိုဟ်၌ ယ တေ ဣမ အညပုဒ်တို့ကို သင့်သလို သုံးနိုင်သည်။ အညပုဒ်နောင် အာလုပ်မှအပ ဝိဘတ်ခုနစ်သွယ် နေနိုင်သည်။ အညပုဒ်များသည် သမာသ်ပုဒ်လုံး၏ (အဘိဓေယျတ္ထ)အရကောက်အတိုင်း လိင်ဝုစ်နေသည်။ သမာသ်ပုဒ်သည် ဝါကျခိုက်မှာ မိမိလိင်အတိုင်းနေပြီး ပုဒ်ပြီးတာနှင့် အညပုဒ်အတိုင်းနေသည်။ (မစိုးရိမ်ပါဠိသဒ္ဒါ ၄၅၄)

## ဒွန်သမာသ်

ဒွန္ဒသဒ္ဒါသည် အစုံအစုံဟူသော အနက်ကို ဟောသကဲ့သို့ ထို့အတူ အစုံအစုံဟူသော အနက်ကိုရသော သမာသ်သည် ဒွန်သမာသ်မည်၏။

သမဏော စ ဗြဟ္မဏော စ သမဏဗြဟ္မဏာ၊ ဤ၌ သမဏနှင့် ဗြာဟ္မဏဟူသော နာမ်ပုဒ်နှစ်ခုသည် ပဌမာ 'သိ' ဝိဘတ်ချင်း တူကြ၏။ "သမဏဗြာဟ္မဏာ–ရဟန်းပုဏ္ဏားတို့သည်၊ အာဂစ္ဆန္တိ–လာကုန်၏"ဟု ပြော ဆိုရာ၌ သမဏချည်းလာသည်မဟုတ်, ဗြာဟ္မဏလည်းလာ၏။ ထို့ကြောင့် သမဏသည် ဗြာဟ္မဏကို ပေါင်းစည်း ဆွဲယူလျက် ရှိသည်။ ဤသို့ ဆိုင်ရာကိစ္စ၌ နာမ်တို့၏ ပေါင်းစပ်စည်းလုံးမှုကို "သမုစ္စယ"ဟု ခေါ်သည်။

ဒွန်သမာသည်လည်း ဒိဂုသမာသ်ကဲ့သို့ သမာဟာရဒွန်, အသမာဟာရဒွန် ဟု နှစ်မျိုးရှိသည်။ **သမာဟာရဒွန်** စကားတွဲလုံးများ(သမာသ်)သည် **နပုံလိင် ဧကဝုစ်**သာ ဖြစ်သည်။ **အသမာဟာရဒွန်**သည် တွဲဘက်ပုဒ်များသလောက် အနက်လည်းများသောကြောင့် **ဗဟုဝုစ်**သာရှိသည်။ လိင်မှာ နောက်ဆုံးပုဒ်၏ လိင်သာပဓာနဖြစ်၍ **၃–လိင်**ရကောင်း ၏။

**သမာဟာရဒွန် ရုပ်စဉ်ပုံ**

| | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | စက္ခုသောတံ | |
| အာ | ဘော စက္ခုသောတ,စက္ခုသောတာ | |
| ဒု | စက္ခုသောတံ | |
| တ | စက္ခုသောတေန | |
| စ | စက္ခုသောတဿ | |
| ပဉ္စ | စက္ခုသောတသ္မာ,မှာ,စက္ခုသောတာ | |
| ဆ | စက္ခုသောတဿ | |
| သ | စက္ခုသောတသ္မိံ,မှိ,စက္ခုသောတေ | |

**အသမာဟာရဒွန် ရုပ်စဉ်ပုံ**

| | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | | သမဏဗြာဟ္မဏာ |
| အာ | | ဘောန္တော သမဏဗြာဟ္မဏာ |
| ဒု | | သမဏဗြာဟ္မဏေ |
| တ | | သမဏဗြာဟ္မဏေဟိ,ဘိ |
| စ | | သမဏဗြာဟ္မဏာနံ |
| ပဉ္စ | | သမဏဗြာဟ္မဏေဟိ,ဘိ |
| ဆ | | သမဏဗြာဟ္မဏာနံ |
| သ | | သမဏဗြာဟ္မဏေသု |

**စည်းမျဉ်း**။ တထာ ဒွန္ဒေ ပါဏိ တူရိယ ယောဂ္ဂ သေနင် ခုဒ္ဒဇန္တုက ဝိဝိဓဝိရုဒ္ဓ ဝိသဘာဂ,တ္ထာဒီနဉ္စ။ သမာဟာရ ဒိဂုသမာသ်အတိုင်း ဒွန်သမာသ်၌လည်း သတ္တာ၏အင်္ဂါ, တူရိယာ၏အင်္ဂါ, ယာဉ်၏အင်္ဂါ, စစ်၏အင်္ဂါ, ငယ်သောသတ္တာ, အထူးထူးအပြားပြားဆန့်ကျင်ဘက်, လက္ခဏာကွဲလျက် ကိစ္စတူအနက်ရှိသောသဒ္ဒါ စသည်တို့သည် နပုံလိင်ဧကဝုစ်သာ ဖြစ်သည်။

**သတ္တာ၏အင်္ဂါပုံစံ**

စက္ခုသောတံ–မျက်စိ,နား၊ ဟနုဂီဝံ–မေး,လည်ပင်း၊ ကဏ္ဏနာသံ–နား,နှာခေါင်း၊ ပါဏိပါဒံ–လက်,ခြေ၊ ဆဝိမံသလောဟိတံ–အရေ,အသား,အသွေး၊

**တူရိယာ၏အင်္ဂါပုံစံ**

ဂီတဝါဒိတံ–သီဆိုခြင်း,တီးမှုတ်ခြင်း၊ သမ္မတာဠံ–မောင်းတီးခြင်း,လက်ခုပ်တီးခြင်း၊ သင်္ခပဏဝံ–ခရုသင်းထက်စည်၊ သင်္ခပဏဝဍိဏ္ဍိမံ–ခရုသင်း, ထက်စည်, စည်တို၊

**ယာဉ်၏အင်္ဂါပုံစံ**

ဖာလပါစနံ–ထယ်သွား, နှင်တံ၊ ယုဂနင်္ဂလံ–ထမ်းပိုး, ထွန်တုံး၊

**စစ်၏အင်္ဂါပုံစံ**

ဟတ္ထိအဿံ–ဆင်,မြင်း၊ ရထပတ္တိကံ–ရထား,ခြေလျင်၊ အသိစမ္မံ–သန်လျက်,မြားကာ၊ ဓနုကလာပံ–လေး,မြားကျည်တောက်၊

**ငယ်သောသတ္တာပုံစံ**

ဍံသမကသံ–မှက်,ခြင်၊ ကုန္ထကိပိလ္လိကံ–ပိုးရွ,ခြပုံး၊

**အထူးထူးအပြားပြားဆန့်ကျင်ဘက်(ကမ္ဘာရန်)ပုံစံ**

အဟိနကုလံ–မြွေ,မြွေပါ၊ ဗိဠာရမူသိကံ–ကြောင်,ကြွက်၊ ကာကောလူကံ–ကျီး,ဇီးကွက်၊ သပ္ပမဏ္ဍုကံ–မြွေ,ဖား၊ ဂရုဠသပ္ပံ–ဂဠုန်,နဂါး၊

**လက္ခဏာကွဲလျက် ကိစ္စတူအနက်ရှိသောသဒ္ဒါပုံစံ**

[၁]သီလပညာဏံ–သီလ,ပညာ၊ သမထဝိပဿနံ–သမထ,ဝိပဿနာ၊ နာမရူပံ–နာမ်,ရုပ်၊ ဟိရောတ္တပ္ပံ–အရှက်,အကြောက်၊ သတိသမ္ပဇညံ–သတိ,သမ္ပဇဉ်၊ ဝိဇ္ဇာစရဏံ–အသိဉာဏ်,အကျင့်၊ လောဘမောဟံ–လောဘ,မောဟ၊ ဒေါသမောဟံ–ဒေါသ,မောဟ၊ အဟိရိကာနောတ္တပ္ပံ–အဟိရိက,အနောတ္တပ္ပ၊ ထိနမိဒ္ဓံ–ထိန,မိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စံ–ဥဒ္ဓစ္စ,ကုက္ကုစ္စ၊

---

၁ သီလသည် ဖြေခြင်း လက္ခဏာရှိ၍ ပညာသည် သိခြင်းလက္ခဏာ ရှိသောကြောင့် **လက္ခဏာချင်းကွဲ**ပြား၏၊ သို့သော် **ကိလေသာကို ပယ်ခြင်းကိစ္စ တူ**ကြသည်။

**စည်းမျဉ်း**။ ၈။ ဝိဘာသာ ရုက္ခ တိဏ ပသု ဓန ဓည ဇနပဒါဒီနဉ္စ။ ဒွန်သမာသ် သစ်ပင်, မြက်, သားကောင်, ဥစ္စာ, စပါး, ဇနပုဒ်အနက်ဟော သဒ္ဒါအစရှိသည်တို့သည်လည်း တခါတရံ နပုံလိင်ဧကဝုစ် ဖြစ်သည်။ (**နပုံလိင်,ဧကဝုစ်မဟုတ်က နောက်ပုဒ်လိင်အတိုင်း ဗဟုဝုစ်ချည်း ရုပ်စဉ်ရမည်**)

**ပုံစံများ ။ရုက္ခ–သစ်ပင်**

အဿတ္ထော စ ကပိတနော စ အဿတ္ထကပိတနံ, အဿတ္ထကပိတနာ ဝါ။ အဿတ္ထော စ–ညောင်ဗုဒ္ဓဟေပင်လည်း၊ ကပိတနော စ – ညောင်ချည်ပင်းလည်း၊ အဿတ္ထကပိတနံ–ညောင်ဗုဒ္ဓဟေ, ညောင်ချဉ်၊ အဿတ္ထကပိတနာ–ညောင်ဗုဒ္ဓဟေ ညောင်ချဉ်တို့။

**တိဏ–မြက်**

ဥသိရဉ္စ ဗီရဏဉ္စ ဥသိရဗီရဏံ, ဥသိရဗီရဏာ ဝါ။ ဥသိရဉ္စ–ပန်းရင်းလည်း၊ ဗီရဏဉ္စ–မြက်မွှေးလည်း၊ ဥသိရဗီရဏံ–ပန်းရင်း,မြက်မွှေး၊ ဥသိရဗီရဏာ–ပန်းရင်း,မြက်မွှေးတို့။

**ပသု–သားကောင်**

အဇော စ ဧဠကော စ အဇေဠကံ, အဇေဠကာ ဝါ။အဇော စ–ဆိတ်လည်း၊ ဧဠကော စ–သိုးလည်း၊ အဇေဠကံ–ဆိတ်,သိုး၊ အဇေဠကာ–ဆိတ်,သိုးတို့။

**ဓန–ဥစ္စာ**

ဟိရညဉ္စ သုဝဏ္ဏဉ္စ ဟိရညသုဝဏ္ဏံ, ဟိရညသုဝဏ္ဏာ ဝါ။ ဟိရညဉ္စ–ငွေလည်း၊ သုဝဏ္ဏဉ္စ–ရွှေလည်း၊ ဟိရညသုဝဏ္ဏံ–ငွေရွှေ, ဟိရညသုဝဏ္ဏာ–ငွေရွှေတို့။

**ဓည–စပါး**

သာလိ စ ယဝေါ စ သာလိယဝံ, သာလိယဝါ။ သာလိ စ–သလေးစပါးလည်း၊ ယဝေါ စ–မုယောစပါးလည်း၊ သာလိယဝံ–သလေးမုယော၊ သာလိယဝါ–သလေးမုယောတို့။

**ဇနပဒ–ဇနပုဒ်**

ကာသီ စ ကောသလာ စ ကာသိကောသလံ, ကာသိကောသလာ ဝါ။ ကာသီ စ–ကာသိတိုင်းတို့လည်း၊ ကောသလာ စ–ကောသလတိုင်းတို့လည်း၊ ကာသိကောသလ–ကာသိကောသလတိုင်း၊ ကာသိကောသလာ–ကာသိကောသလတိုင်းတို့။ (တတိုင်းတနယ်ကို ဇနပုဒ်ဟု ခေါ်သည်။ ဇနပုဒ်ဟောသဒ္ဒါတို့သည် ပုံလိန်ဗဟုဝုစ်ချည်းသာ ဖြစ်၍ "ကာသီ"ဟု ဗဟုဝုစ်ဖြင့် ထားသည်)

♠ တနင်္သာရီတိုင်း ပဲခူးတိုင်း စသည်ဖြင့် ခေါ်ဝေါ်သကဲ့သို့ ထိုထိုနယ်ကြီးများကို **ရဋ္ဌ**ဟု ခေါ်၏။ **ဇနပုဒ်**ဟုလည်း ခေါ်၏။ ထိုနယ်ပယ် ဇနပုဒ်အများကို စုပေါင်း၍ ပုရ–**တိုင်းပြည်**ဟု ခေါ်သည်။မင်းနေပြည် တခုကိုမူ **မြို့**ဟု ခေါ်သည်။ ဇနပုဒ်ကို ပိုင်စားသော မင်းသားအများ၏ နာမည်ကို ဇနပဒ်(တိုင်း)အပေါ်၌ တင်စား၍ အတင်ရဠှိ ဌာန္နျုပစာ နည်မည်ဖြစ်သောကြောင့် ဇနပုဒ်ဟော ပုဒ်အားလုံး ဗဟုဝုစ်ချည်းသာတည်း။ မဂဓဟူသော နာမည်သည် ထိုမဂဓနယ်စား မင်းသားများ၏ နာမည်တည်း။ ထိုမင်းသားများကို မဂဓာဟု ဗဟုဝုစ်ဖြင့် နာမည်တပ်ရသည်။ ထိုမာဂဓာဟူသော ဗဟုဝုစ်နာမည်ကို တိုင်းပေါ်၌ တင်းစားထိုက်သောအခါ တိုင်းတတိုင်းတည်းသာဖြစ်သော်လည်း မဂဓာဟု ဗဟုဝုစ်နာမည်ပင်ဖြစ်ရသည်။ (ရူဘာဋီ ဒု ၁၃၄)

# တဒ္ဓိတ်

“တေသံ+ဟိတံ တဒ္ဓိတံ” တေသံ-ထိုနာမ်ပုဒ်တို့၏၊ ဟိတံ-စီးပွါးတည်း၊ တဒ္ဓိတံ-ထိုနာမ်ပုဒ်တို့၏စီးပွား၊ ဤဝိဂြိုဟ်အရ နာမ်ပုဒ်တို့၏ စီးပွားဖြစ်သော (နာမ်ပုဒ်တို့၌ စီးပွားတက်လာသလို အနက်တိုးပွားအောင်ပြုတတ်သော) ဏ အစရှိသော ပစ္စည်းသည် တဒ္ဓိတ်မည်၏။ ထိုပစ္စည်းနှင့်တွဲဘက်ရသော ပုဒ်များလည်း မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် တဒ္ဓိတ်ပုဒ်မည်။

နာမ်ပုဒ်တို့၌ စီးပွားတက်ပုံ။ ။ဝသိဋ္ဌဟူသော နာမ်ပုဒ်သည် “ဝသိဋ္ဌ”အမည်ရှိသူကို ဟော၏။ ဝသိဋ္ဌနောင် တဒ္ဓိတ် ဏ ပစ္စည်းသက်၍ ဝါသိဋ္ဌောဖြစ်လာသည့်အခါ “ဝသိဋ္ဌ၏ သား”ဟူသော အနက်ကို ဟော၏။ ဤပုဒ်၌ “၏”ဟူသော အနက် “သား”ဟူသော အနက်များလည်း ဏပစ္စည်းအတွက် တိုးတက်လာသော စီးပွားပေတည်း။

ဤသို့ နာမ်ပုဒ်များကို အနက်တိုးပွားလျက် စီးပွားတက်အောင် ပြုတတ်သောကြောင့် “တေသံ+ဟိတံ”အရ “တဒ္ဓိတ”ဟု ခေါ်ရလေသည်။ (တ+ဟိတ= တ-အထက်၌ (ံ)နိဂ္ဂဟိတ်လာ၊ ဟိတ၌ ဟသည် ဓသို့ပြောင်း၍ တံအထက်က နိဂ္ဂဟိတ်သည် ဒသို့ပြောင်းပြီး တဒ္ဓိတဟု ဖြစ်သည်)

(အခြေပြုသဒ္ဒါ-၄၉၄)

## တဒ္ဓိတ် သုံးမျိုး

(က) သာမည

(ခ) အဗျယ

(ဂ) ဘာဝ

(က) လိင်သုံးပါးတို့နှင့် ဆက်ဆံ၍ သာမညတဒ္ဓိတ်ဟု ဆိုသည်။
ဤသာမည တဒ္ဓိတ်သည် ၁၅-မျိုး ရှိပြန်သည်။

| | | |
|---|---|---|
| ၁။ အပစ္စတဒ္ဓိတ် | ၆။ ဌာနတဒ္ဓိတ် | ၁၁။ အဿတ္ထိတဒ္ဓိတ် |
| ၂။ တရတျာဒိတဒ္ဓိတ် | ၇။ ဥပမာတဒ္ဓိတ် | ၁၂။ ပကတိတဒ္ဓိတ် |
| ၃။ ရာဂါဒိတဒ္ဓိတ် | ၈။ နိဿိတတဒ္ဓိတ် | ၁၃။ ပူရဏတဒ္ဓိတ် |
| ၄။ ဇာတာဒိတဒ္ဓိတ် | ၉။ ဗဟုလတဒ္ဓိတ် | ၁၄။ သချာတဒ္ဓိတ် |
| ၅။ သမူဟတဒ္ဓိတ် | ၁၀။ ဝိသေသတဒ္ဓိတ် | ၁၅။ ဝိဘာဂတဒ္ဓိတ် |

### ၁။ **အပစ္စတဒ္ဓိတ်**

“အပစ္စ”သဒ္ဒါသည် ပုံလ္လိင်ဖြစ်လျှင် သား, နပုံလ္လိင်ဖြစ်လျှင် အမျိုး, ဣတ္ထိလိင်ဖြစ်လျှင် အမျိုးအနွယ် ဟူသော အနက်ကို ပြ၏။ သား, သမီး, အမျိုးအနွယ် ဟူသော အပစ္စအနက်ကို ဆက်လက်ညွှန်ပြသော ‘ဏ’စသော တဒ္ဓိတ်ပစ္စည်းများနှင့် သမ္ဗန်အနက်ဟော ဆဋ္ဌီဝိဘတ်ဆုံးသော နာမ်ပုဒ်တို့ ဆက်သွယ်ထားသော တဒ္ဓိတ်သည် အပစ္စတဒ္ဓိတ်မည်၏။ ထိုအပစ္စသဒ္ဒါ၏ အနက်ကိုဆက်လက်ညွှန်ပြသော ပစ္စည်းများသည် ဏ ဏာယန ဏာန ဏေယျ ဏိ ဏိက ဏျ ဏဝ ဏေရ ပစ္စည်းတို့ ဖြစ်ကုန်၏။

မူရင်း+တဒ္ဓိတ်ပစ္စည်း

| | |
|---|---|
| ဝသိဋ္ဌ+**ဏ** | ဝသိဋ္ဌသြ အပစ္စံ[၁] ဝါသိဋ္ဌော(ဝသိဋ္ဌ၏သား) ဝါသိဋ္ဌီ[၂] (ဝသိဋ္ဌ၏သမီး) ဝါသိဋ္ဌံ (ဝသိဋ္ဌ၏အမျိုး) |
| ဘာရဒ္ဒါဇ+ဏ | ဘာရဒ္ဒါရဇသြ အပစ္စံ ဘာရဒ္ဒါဇော, ဘာရဒ္ဒါဇီ, ဘာရဒ္ဒါဇံ |
| ဂေါတမ+ဏ | ဂေါတမသြ အပစ္စံ ဂေါတမော, ဂေါတမီ, ဂေါတမံ |
| ဗလဒေဝ+ဏ | ဗလဒေဝသြ အပစ္စံ ဗာလဒေဝေါ, ဗာလဒေဝီ, ဗာလဒေဝံ |
| ဝသုဒေဝ+ဏ | ဝသုဒေဝသြ အပစ္စံ ဝါသုဒေဝေါ, ဝါသုဒေဝီ, ဝါသုဒေဝံ |
| မောဂ္ဂလ္လ+**ဏာယန** | မောဂ္ဂလ္လသြ အပစ္စံ မောဂ္ဂလ္လာယနော, မောဂ္ဂလ္လာယနီ, မောဂ္ဂလ္လာယနံ |
| မောဂ္ဂလ္လ+**ဏာန** | မောဂ္ဂလ္လသြ အပစ္စံ မောဂ္ဂလ္လာနော, မောဂ္ဂလ္လာနီ, မောဂ္ဂလ္လာနံ |
| ဒုဏ+**ဏိ** | ဒုဏသြ အပစ္စံ ဒေါဏိ (ဒုဏ၏သား) |
| ဝါသဝ+ဏိ | ဝါသဝသြ အပစ္စံ ဝါသဝိ(ဝါသဝ၏သား) |
| သကျပုတ္တ+ဏိ | သကျပုတ္တသြ အပစ္စံ သကျပုတ္တိ(သာကီဝင်မင်း၏သား) |

## ဏ ဏာယန ဏာန ဏိ ပစ္စည်း

ဏ ဏာယန ဏာန ဏိ ပစ္စည်းများကို အဆုံးသော နာမ်ပုဒ်များနှင့် ဆက်သွယ်ရသည်။ ပုလ္လိင်သဒ္ဒါနောင် ဣတ္ထိလိင်ကို ညွှန်ပြသော ဤဆက်ပေးလျှင် ဣတ္ထိလိင်ပုဒ် ဖြစ်သွားသည်။

## အနုဗန် နှင့် ဝုဒ္ဓိ

တဒ္ဓိတ်ပစ္စည်းများသည် များသောအားဖြင့် အနုဗန်ပါရှိသည်။ အနုဗန်ဟူသည် လိုအပ်သော အက္ခရာ၌ ရည်ရွယ်ချက် တခုခုကြောင့် "ထပ်ဆင့်အပို ဖွဲ့စပ်ထည့်ထားသော အက္ခရာ"ကို ခေါ်သည်။ ထို 'ဏ'အနုဗန်ကို ချေပစ်ရသည်။ ထိုအနုဗန်၏ အစွမ်းသတ္တိကြောင့် နောက်၌ သံယုဂ်ခေါ် လုံးဆင့်အက္ခရာ မပါလျှင် ပုဒ်၏ အစ,အလည်, အဆုံး တနေရာရာ၌ရှိသော အသည် အာဖြစ်လာသည်။ ဣ,ဤသည် ဧဖြစ်လာသည်။ ဥ,ဦသည် ဩ ဖြစ်လာသည်။ ဤသို့ မူလသရ၏ တိုးပွားလာမှုကို ဝုဒ္ဓိပြုသည်ဟု ဆိုကြကုန်၏။

ယင်းသို့ အနုဗန်ရှိသော်လည်း နောက်၌ သံယုဂ်ခေါ် လုံးဆင့်အက္ခရာရှိလျှင်သော်လည်းကောင်း မူလသရသည် အာ–ဧ–ဩ သရ ဖြစ်နေလျှင်သော်လည်းကောင်း ဝုဒ္ဓိမပြုရပေ။

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၃၇–၁၃၈)

---

၁ တမျိုးလုံးတနွယ်လုံးနှင့် ဆိုင်၍ အပစ္စံဟု နပုံလိင်ဖြင့် ထားသည်။ အများနှင့်ဆိုင်ရာဝယ် နပုံလိင်ဖြင့်ထားခြင်းသည် သဒ္ဒထုံးစံ ဖြစ်သည်။ အပြီးသတ်ချသည့်အခါ ဆိုင်ရာလိန်နှင့် သင့်တင့်အောင် ဝါသိဋ္ဌော ဝါသိဋ္ဌီ ဝါသိဋ္ဌံ ဟု ချ။ (အခြေပြုသဒ္ဒါ–၄၉၆)

၂ ဝသိဋ္ဌ+ဏ+ဤ။ ဣတ္ထိလိင်၌ ဏပစ္စည်းအပြင် ဤပစ္စည်းလည်း သက်ရသည်။

♠ ဏေယျ ပစ္စည်းကို အာ ဣ ဤ ဆုံးသော ဣတ္ထိလိင်သဒ္ဒါများနှင့် ဆက်သွယ်ရသည်။

မူရင်း+တဒ္ဓိတ်ပစ္စည်း
ကတ္တိကာ+ဏေယျ=ကတ္တိကာယ အပစ္စံ ကတ္တိကေယျော (ကတ္တိကာ၏သား)
ရောဟိဏီ+ဏေယျ=ရောဟိဏိယာ အပစ္စံ ရောဟိဏေယျော (ရောဟိဏီ၏သား)
သုစိ+ဏေယျ=သုစိယာ အပစ္စံ သောစေယျော (သုစိ၏သား)

♠ ဏိကပစ္စည်းကို အ ဥ ဆုံးသော ပုလ္လိင်သဒ္ဒါများနှင့် ဆက်သွယ်ရသည်။ အချို့နေရာ၌ ဏိက၏ ကသည် ယအဖြစ် ပြောင်းသွားသည်။

သကျပုတ္တ+ဏိက=သကျပုတ္တဿ အပစ္စံ သကျပုတ္တိကော, သကျပုတ္တိယော (သာကီဝင်မင်း၏သား, ဘုရား၏သား)
ဝိမာတု+ဏိက=ဝိမာတုယာ ပုတ္တော ဝေမာတိကော မိထွေး(မိမိမိခင်နှင့် မတူသောမိန်းမ)၏သား

♠ ဏျပစ္စည်းကို အဒိတိအစရှိသောနာမ်ပုဒ်များနှင့် ဆက်သွယ်ရသည်။

အဒိတိ+ဏျ=အဒိတိယာ အပစ္စံ အာဒိစ္စော (အဒိတိနတ်သမီး၏သား)

(ယပစ္စည်းရှိလျှင် ရှေ့ဣသရကျေပြောက်ရသည်။ တနှင့်ယတွဲစပ်၍ တျမှ စပြောင်း, စတလုံးလာလျှင် အာဒိစ္စဟု ဖြစ်သည်)

♠ ဏဝပစ္စည်းကို ဥ-ဆုံးသော ပုလ္လိင် ဣတ္ထိလိင် သဒ္ဒါများနှင့် ဆက်သွယ်ရသည်။

ဥပကု+ဏဝ=ဥပကုဿ အပစ္စံ ဩပကဝေါ (ဥပကု၏သား)
မနု+ဏဝ=မနုနော အပစ္စံ မာဏဝေါ (မနု၏သား)

♠ ဏေရပစ္စည်းကို အ အာ ဤ ဆုံးသော ပုလ္လိင် ဣတ္ထိလိင်သဒ္ဒါများနှင့် ဆက်သွယ်ရသည်။

ဝိဓဝါ+ဏေရ=ဝိဓဝါယ အပစ္စံ ဝေဓဝေရော (မုဆိုးမ၏သား)
ဗန္ဓုကီ+ဏေရ=ဗန္ဓုကိယာ အပစ္စံ ဗန္ဓုကေရော (ဗန္ဓုကီ၏သား)
သမဏ+ဏေရ=သမဏဿ အပစ္စံ သာမဏေရော (ဥပဇ္ဈာယ်)ရဟန်း၏သား

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၃၉-၁၄၀)

## စည်းမျဉ်းများ

၁။ ဝါဏ.ပစ္စေ။ အပစ္စအနက်၌ ဏပစ္စည်း (ဝိကပ်)[၁]သက်သည်။ (ဆက်သည်–ဟု ဆိုလိုသည်)
၂။ ဏာယန ဏာန ဝစ္ဆာဒိတော။ ဝစ္ဆအစရှိသော သဒ္ဒါမှနောက် အပစ္စအနက် ဏာယ ဏာန သက်သည်။
၃။ ဏေယျော ကတ္တိကာဒီဟိ။ ကတ္တိကာစသည့် ဣတ္ထိလိင်သဒ္ဒါများနောင် အပစ္စအနက် ဏိက သက်သည်။
၄။ အတော ဏိ ဝါ။ သကျပုတ္တကဲ့သို့ အကာရန္တသဒ္ဒါများနောက် အပစ္စအနက် ဏိ သက်သည်။
၅။ ဏဝေါပကွာဒီဟိ။ ဥပကုအတူရှိသော ဥကာရန္တသဒ္ဒါမှနောက် အပစ္စနက် ဏဝ သက်သည်။
၆။ ဏေရ ဝိဓဝါဒိတော။ ဝိဓဝါအစရှိသော သဒ္ဒါမှနောက် အပစ္စနက် ဏေရပစ္စည်း သက်သည်။

(အခြေပြုသဒ္ဒါ–၄၉၆–၅၀၂)

## ၂။ တရတျာဒိတဒ္ဓိတ်

ပဌမာ ဒုတိယာ တတိယာ စတုတ္ထီ ပဉ္စမီ ဆဋ္ဌီ  သတ္တမီဝိဘတ်ဆုံးသော ပုဒ်များနှင့် တရတိစသောသဒ္ဒါ၏ ကူးသွားခြင်းစသော အနက်ကို ဆက်ခံညွှန်ပြသော "ဏိက"ပစ္စည်းတို့ ဆက်သွယ်ထားသော တဒ္ဓိတ်သည် တရတျာဒိ တဒ္ဓိတ်မည်၏။

ထိုတရတျာဒိတဒ္ဓိတ်၌ ဏိကပစ္စည်း၏ ဆက်ခံညွှန်ပြသော အနက်သို့လိုက်၍ (ကျေလေပြီးသော နောက်ပုဒ်ကို စွဲ၍) တရတိတဒ္ဓိတ် စရတိတဒ္ဓိတ် စသည်တို့ဖြစ်ကုန်၏။

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၄၁)

သံသဋ္ဌတဒ္ဓိတ်။ တိလ+ဏိက=တိလေန သံသဋ္ဌံ တေလိကံ (နှမ်းဖြင့် ရောနှောအပ်သောဘောဇဉ်)
တရတိတဒ္ဓိတ်။  နာဝါ+ဏိက=နာဝါယ တရတီတိ နာဝိကော (လှေဖြင့် ကူးတတ်သူ)(လှေသူကြီး)
စရတိတဒ္ဓိတ်။  သကဋ+ဏိက=သကဋေန စရတီတိ သာကဋိကော (လှည်းဖြင့် လှည့်လည်သွားတတ်သူ)
(လှည်းသမား)
ဝဟတိတဒ္ဓိတ်။ သီသ+ဏိက=သီသေန ဝဟတီတိ သီသိကော (ဦးခေါင်းဖြင့်ရွက်ဆောင်တတ်သောသူ)
(ခေါင်းရွက် ဈေးသည်)
ဝသတိတဒ္ဓိတ်။  ရာဇဂဟ+ဏိက=ရာဇဂဟေ ဝသတီတိ ရာဇဂဟိကော (ရာဇဂြိုဟ်မြို့၌ နေသူ)
ဇာတတဒ္ဓိတ်။  ရာဇဂဟ+ဏိက=ရာဇဂဟေ ဇာတော ရာဇဂဟိကော (ရာဇဂြိုဟ်မြို့၌ မွေးဖွားသူ)
ဂစ္ဆတိတဒ္ဓိတ်။ ပရဒါရ+ဏိက=ပရဒါရံ ဂစ္ဆတီတိ ပါရဒါရိကော (သူ့မယားကို သွားလာသူ)
အဓီတေတဒ္ဓိတ်။ ဝိနယ+ဏိက=ဝိနယံ အဓီတေတိ ဝေနယိကော(ဝိနည်းကို သရဇ္ဈာယ်သူ) (ဝိနည်းသင်အံသူ)
ကတတဒ္ဓိတ်။  ကာယ+ဏိက=ကာယေန ကတံ ကာယိကံ (ကိုယ်ဖြင့် ပြုအပ်သောအမှု)
သန္နိဓာနတဒ္ဓိတ်။ ကာယ+ဏိက=ကာယေ သန္နိဓာနာ ကာယိကာ (ကိုယ်၌ တည်နေသောဝေဒနာ)

---

၁ ဏပစ္စည်းသက်၍ တဒ္ဓိတ်ပုဒ်မလုပ်ပဲ ဝသိဋ္ဌဿ အပစ္စံ ဟု ပကတိ(ဝါကျ)အတိုင်းလည်း ရှိနိုင်သည်ဟု ဆိုလိုသည်။ တဒ္ဓိတ်ပုဒ်တိုင်း ဝါကျပုံစံနှင့် ရှိနိုင်သည်။

နိယုတ္တတဒ္ဓိတ်။ ဒွါရ[၁]+ဏိက=ဒွါရေ နိယုတ္တော ဒေါဝါရိကော=တံခါး၌ယှဉ်သူ(တံခါးစောင့်)
(အသျှ)သိပ္ပတဒ္ဓိတ်။ ဝီဏာ+ဏိက=ဝီဏာ အသျှ သိပ္ပံ ဝေဏိကော=စောင်းတီးခြင်းအတတ်ရှိသူ,စောင်းတီးတတ်သူ,
စောင်းသမား,စောင်းပညာရှင်
(အသျှ)ဘဏ္ဍတဒ္ဓိတ်။ဂန္ဓ+ဏိက=ဂန္ဓော အသျှ ဘဏ္ဍန္တိ ဂန္ဓိကော=နံ့သာဟူသောရောင်းရန်ဘဏ္ဍာရှိသူ(နံ့သာကုန်သည်)
တေလ+ဏိက=တေလံ အသျှ ဘဏ္ဍန္တိ တေလိကော=ဆီဟူသောရောင်းရန်ဘဏ္ဍာရှိသူ(ဆီကုန်သည်)
ဇီဝတိတဒ္ဓိတ်။ ဥရဗ္ဘ+ဏိက=ဥရဗ္ဘံ ဟန္တွာ ဇီဝတီတိ ဩရဗ္ဘိကော=ဆိတ်ကိုသတ်၍အသက်မွေးသူ(ဆိတ်သတ်သမား)
သူကရ+ဏိက=သူကရိကော=ဝက်ကိုသတ်၍အသက်မွေးသူ(ဝက်သတ်သမား)
ဟတတဒ္ဓိတ်။ဇာလ+ဏိက=ဇာလေန ဟတော, ဟနတီတိ ဝါ ဇာလိကော[၂]=ပိုက်ကွန်ဖြင့်သတ်အပ်သောငါး(ငှက်)
ဗန္ဓတဒ္ဓိတ်။သုတ္တ+ဏိက=သုတ္တေန ဗန္ဓော သုတ္တိကော=ချည်ဖြင့်ဖွဲ့နှောင်အပ်သောငှက်
ဝရတ္တ+ဏိက=ဝရတ္တာယ ဗန္ဓော ဝါရတ္တိကော=သားရေလွန်ကြိုးဖြင့် နှောင်ဖွဲ့အပ်သောဆင်
(အသျှ)အာဝုဓတဒ္ဓိတ်=စာပ+ဏိက=စာပေါ အသျှ အာဝုဓော စာပိကော=လေးလက်နက်ရှိသူ(လေးသမား)
(အသျှ)အာဇာဓတဒ္ဓိတ်=သေမှ+ဏိက။ သေမှံ အသျှ အာဇာဓော သေမိုကော=သလိပ်နာရှိသူ
ပသန္နတဒ္ဓိတ်=ဗုဒ္ဓ+ဏိက=ဗုဒ္ဓေ ပသန္နော ဗုဒ္ဓိကော=ဘုရားရှင်၌ကြည်ညိုသူ
သန္တကတဒ္ဓိတ်=သံဃ+ဏိက=သံဃဿ သန္တကော သံဃိကော=သံဃာ၏ဥစ္စာဖြစ်သောကျောင်း
ကီတတဒ္ဓိတ်=ဝတ္ထ+ဏိက=ဝတ္ထေန ကီတံ ဝတ္ထိကံ=အဝတ်ဖြင့် ဝယ်အပ်သော ဘဏ္ဍာ
သုဝဏ္ဏ+ဏိက=သုဝဏ္ဏေန ကီတံ သောဝဏ္ဏိကံ=ရွှေဖြင့်ဝယ်အပ်သော ဘဏ္ဍာ
(အသျှ)ပရိမာဏတဒ္ဓိတ်=ဒေါဏ+ဏိက=ဒေါဏော အသျှ ပရိမာဏံ ဒေါဏိကံ=တစ်စိတ်အတိုင်းအရည်ရှိသောဥစ္စာ
ရာသိတဒ္ဓိတ်=ကုမ္ဘ+ဏိက=ကုမ္ဘဿ ရာသိ ကုမ္ဘိကော=တကုမ္ဘအစုအပုံ
အရဟတိတဒ္ဓိတ်=ကဟာပဏ+ဏိက=ကဟာပဏံ အရဟတီတိ ကဟာပဏိကော=တစ်ကျပ်ထိုက်တန်သောပစ္စည်း
ဒိဗ္ဗတိတဒ္ဓိတ်=အက္ခ+ဏိက=အက္ခေန ဒိဗ္ဗတီတိ အက္ခိကော=အန်စာဖြင့်(အောင်နိုင်လို)သူ (အန်ကစားသူ
ကြွေအန်သမား ဖဲသမား)
တဿီလတဒ္ဓိတ်=ပံသုကူလ+ဏိက=ပံသုကူလံ သီလံ အဿာတိ ပံသုကူလိကော=ပံ့သကူသင်္ကန်းကို
ဆောင်လေ့ရှိသောရဟန်း
ဝိဒိတတဒ္ဓိတ်=လောက+ဏိက=လောကေ ဝိဒိတော လောကိကော=လောက၌ထင်ရှားသောတရား
သံဝတ္တတိတဒ္ဓိတ်=လောက+ဏိက=လောကာယ သံဝတ္တတီတိ လောကိကော=လောအလို့ငှါဖြစ်သောတရား
အာဂတတဒ္ဓိတ်=မာတု+ဏိက=မာတိတော အာဂတံ မာတိကံ=အမိမှ လာသော အမည်
သမ္ဘူတတဒ္ဓိတ်=မာတု+ဏိက=မာတိတော သမ္ဘူတံ မတ္တိကံ=အမိမှ ဖြစ်သောဥစ္စာ

---

၁ ဒွါရကို အက္ခရာအစဉ်အတိုင်းရေးလျှင် "ဒ်ဝါရ"ဟု ရေးရသည်။ ဒ်၌ သရမရှိ၊ ဧ-ါ သရပေါ်လာက ဒေါဝါရ-ဟု ဖြစ်သည်။
(အခြေပြုသဒ္ဒါ-၅၅၆)

၂ ပိုက်ကွန်ဖြင့်သတ်တတ်သူတံငါ မုဆိုးဟု ဘာသာပြန်လျှင် ဟနတိတဒ္ဓိတ် ဖြစ်သည်။

ပယောဇနေတဒ္ဓိတ်=ဥပဓိ+ဏိက=ဥပဓိ တဿ ပယောဇနံ ဩပဓိကံ=ခန္ဓာဟူသောအကျိုးရှိသောကံ
(ဝိပါက်ခန္ဓာအကျိုးပေးသောကံ)
တတြဘတ္တိတဒ္ဓိတ်=စတုမဟာရာဇ+ဏိက=စတုမဟာရာဇေ ဘတ္တိ ဧတေသန္တိ စာတုမဟာရာဇိကာ=နတ်မင်းကြီး
လေးယောက်၌ဆည်းကပ် ခံစားခြင်းရှိသောနတ်များ

**စည်းမျဉ်းများ**

၇။ ယေန ဝါ သံသဋ္ဌံ တရတိ စရတိ ဝဟတိ ဏိကော။ အကြင်ဝတ္ထုဖြင့် ရောနှော၏, ကူးသွား၏,လှည့်လည်၏, ရွက်ဆောင်၏၊ စသည့်အဓိပ္ပါယ်ကိုဖော်ပြရန် တတိယန္တလိင်မှနောက်၌ ဏိကသက်သည်။

၈။ တမဓီတေ တေန ကတာဒိ သန္နိဓာန နိယောဂ သိပ္ပ ဘဏ္ဍ ဇီဝိကတ္ထေသု စ။ ထိုကို ရွတ်အံ၏, ထိုဖြင့် ပြုအပ်၏, ထို၌ စွဲကပ် တည်နေ၏, ထို၌ ယှဉ်၏,ထိုသူ၏ အတတ်, ထိုသူ၏ ဘဏ္ဍာ, ထိုသူ၏ အသက်မွေးဝမ်းကြောင်း စသည့် အဓိပ္ပါယ်ကို ဖော်ပြရန် ဏိကသက်သည်။

## ၃။ **ရာဂါဒိတဒ္ဓိတ်**

ပဌမာ, ဒုတိယာ, တတိယာ, ပဉ္စမီ, ဆဋ္ဌီ, သတ္တမီ ဝိဘတ်ဆုံးသော နာမ်ပုဒ်များနှင့် 'ရာဂ=ဆိုးခြင်း' 'ဣဒံ=ဥစ္စာ'စသောအနက်ကို ညွှန်ပြသော ဏ–ပစ္စည်း ဏေယျ–ပစ္စည်းတို့ကို ဆက်သွယ်ထားသော တဒ္ဓိတ်သည် "ရာဂါဒိတဒ္ဓိတ်"မည်၏။

ရာဂတဒ္ဓိတ်=ကသာဝ+ဏ=ကသာဝေန ရတ္တံ ကာသာဝံ=ဖန်ရည်ဖြင့် ဆိုးအပ်သော သင်္ကန်း
ဣဒံတဒ္ဓိတ်=မဟိံသ+ဏ=မဟိံသဿ ဣဒံ မဟိံသံ=ကျွဲ၏ဥစ္စာဖြစ်သော အသား(ကျွဲသား)
အဝိဒူရဘဝတဒ္ဓိတ်=ဥဒုမ္ဗရ+ဏ=ဥဒုမ္ဗရဿ အဝိဒူရေ ပဝတ္တံ ဩဒုမ္ဗရံ=ရေသဖန်းပင်၏အနီး၌ဖြစ်သော ဗိမာန်
ဘဝတဒ္ဓိတ်=မန+ဏ=မနသိ ဘဝံ မာနသံ=စိတ်၌ဖြစ်သောချမ်းသာ(စိတ်ချမ်းသာ)
ဇာတတဒ္ဓိတ်=မထုရ+ဏ=မထုရာယံ ဇာတော မာထုရော=မထုရာမြို့၌ မွေးဖွားသူ
အာဂတတဒ္ဓိတ်=မထုရ+ဏ=မထုရာယ အာဂတော မာထုရော=မထုရာမြို့မှ လာသူ
အဿနိဝါသတဒ္ဓိတ်=မထုရ+ဏ=မထုရာ အဿ နိဝါသော မာထုရော=မထုရာမြို့လျှင် နေရာရှိသူ
ဣဿရတဒ္ဓိတ်=မထုရ+ဏ=မထုရာယ ဣဿရော မာထုရော=မထုရာမြို့ကို အစိုးရသောသူ
နိယုတ္တတဒ္ဓိတ်=ဝိသာခါ+ဏ=ဝိသခါယ ယုတ္တော ဝေသာခေါ=ဝိသာခါနက္ခတ်နှင့်ယှဉ်သော(ကဆုန်)လ
အဿဒေဝတာတဒ္ဓိတ်=ဗုဒ္ဓ+ဏ=ဗုဒ္ဓေါ အဿ ဒေဝတာတိ ဗုဒ္ဓေါ=ဘုရားရှင်လျှင် အိမ်ဦးနတ်ရှိသူ
အဓီတေတဒ္ဓိတ်=ဗျာကရဏ+ဏ=ဗျာကရဏံ အဓီတေတိ ဝေယျာကရဏော=ဗျာကရဏ်(သဒ္ဒါ)ကျမ်းကို သရဇ္ဈာယ်သူ, သင်အံသူ,တတ်သူ
ဝိသယတဒ္ဓိတ်=ဝသာတိ+ဏ=ဝသာတီနံ ဝိသယော ဒေသော ဝါသာတော=ဝသာတိမည်သောမင်းသားတို့၏ နယ်ပယ် ဖြစ်သော အရပ်

တသ္မိံ သန္တိ(ကွစတ္တိ)တဒ္ဓိတ်=ဥဒုမ္ဗရ+ဏ=ဥဒုမ္ဗရာ အသ္မိံ ပဒေသေ သန္တီတိ ဩဒုမ္ဗရော=ရေသဖန်းပင်တို့ရှိရာအရပ်
နိဗ္ဗတ္တတဒ္ဓိတ်=သာဂရ+ဏ=သာဂရေဟိ နိဗ္ဗတ္တော သာဂရော=သာဂရမင်းသားတို့ ဖြစ်စေအပ်သော သမုဒ္ဒရာ
အရဟတိတဒ္ဓိတ်=သဟဿ+ဏ+ဤ=သဟဿံ အရဟတီတိ သာဟဿီ=တစ်ထောင်ထိုက်တန်သောဂါထာ
ဝိကာရတဒ္ဓိတ်=အယ+ဏ= အယသော ဝိကာရော အာယသော=သံဖြင့်တစ်မျိုးတစ်ဖုံပြုအပ်သောခွက်(သံခွက်)
ပရိမာဏတဒ္ဓိတ်=ပုရိသ+ဏ=ပုရိသော ပရိမာဏံ အဿာတိ ပေါရိသံ=ယောကျ်ားတရပ်(တစ်သူ=
လက်ခုပ်တစ်ဖောင်) အတိုင်းအရှည်ရှိသောရေ
ဝသတိတဒ္ဓိတ်=ဗာရာဏသီ+ဏေယျ=ဗာရာဏသိယံ ဝသတီတိ ဗာရာဏသေယျကော=ဗာရာဏသီပြည်၌နေသူ
(တဒ္ဓိတ်ပုဒ်အဆုံး၌ ကအက္ခရာလာထားသည်)
ဟိတတဒ္ဓိတ်=ပထ+ဏေယျ=ပထဿ ဟိတံ ပါထေယျံ=လမ်း၏အစီးအပွားဖြစ်သောရိက္ခာ (လမ်းရိက္ခာ)

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၄၇–၉)

**စည်းမျဉ်းများ**

၉။ ဏ ရာဂါ တသောေဒ.မညတ္တေသု စ။ ထိုဖြင့် ဆိုးအပ်၏, ထိုသူ၏ ဥစ္စာ, စသော အဓိပ္ပါယ်ကို ဖော်ပြရန်
ဏ စသော ပစ္စည်းသက်သည်။

## ၄။ ဇာတာဒိတဒ္ဓိတ်

ဆဋ္ဌီဝိဘတ် သတ္တမီဝိဘတ်ဆုံးသော နာမ်ပုဒ်တို့နှင့် ဇာတစသော သဒ္ဒါတို့၏အနက်ကို ဆက်ခံဟောပြနိုင်သော "ဣမ ဣယ ဣက ဏျ ဏေယျ ကိယ" စသော ပစ္စည်းတို့ကို ဆက်သွယ်ထားသော တဒ္ဓိတ်ပုဒ်သည် ဇာတာဒိ တဒ္ဓိတ်မည်၏။

ဇာတတဒ္ဓိတ်=ပစ္ဆာ+ဣမ=ပစ္ဆာ ဇာတော ပစ္ဆိမော=နောက်၌ ဖြစ်သူ

မနုဿဇာတိ+ဣယ=မနုဿဇာတိယာ ဇာတော မနုဿဇာတိယော၊လူဇာတ်အားဖြင့်(၌)ဖြစ်သူ

ပဗ္ဗတ+ဏေယျ=ပဗ္ဗတေ ဇာတော ပဗ္ဗတေယျော=တောင်၌ဖြစ်သူ၊တောင်ပေါ်သား

ပဗ္ဗတ+ဏေယျ= ပဗ္ဗတေ ဇာတာ ပဗ္ဗတေယျာ=တောင်၌ဖြစ်သောမြစ်၊ တောင်ကျချောင်း

ပဗ္ဗတ+ဏေယျ= ပဗ္ဗတေ ဇာတံ ပဗ္ဗတေယျံ=တောင်၌ဖြစ်သောဆေး

ဗာရာဏသီ+ဏေယျ=ဗာရာဏသိယံ ဇာတော ဗာရာဏသေယျကော=ဗာရာဏသီပြည်၌မွေးဖွားသူ

(တဒ္ဓိတ်ပုဒ်အဆုံး၌က–အက္ခရာလာထားသည်)

ထန+ယ=ထနတော ဇာတံ ထညံ=နို့၌ဖြစ်သောနို့ရည်

နိယုတ္တတဒ္ဓိတ်=အန္တ+ဣမ=အန္တေ နိယုတ္တော အန္တိမော=အဆုံး၌ယှဉ်သည်

အန္တ+ဣယ=အန္တေ နိယုတ္တော အန္တိယော=အဆုံး၌ယှဉ်သည်

အန္တ+ဣက=အန္တေ နိယုတ္တော အန္တိကော=အဆုံး၌ယှဉ်သည်

ဇာတိ+ကိယ=ဇာတိယံ နိယုတ္တော ဇာတိကိယော=ပဋိသန္ဓေ၌ယှဉ်သောသူ

အဿတ္ထိတဒ္ဓိတ်=ပုတ္တ+ဣမ=ပုတ္တော အဿ အတ္ထီတိ / တသ္မိံ ဝိဇ္ဇတီတိ ပုတ္တိမော=သားရှိသူ

ပုတ္တ+ဣယ=ပုတ္တော အဿ အတ္ထီတိ / တသ္မိံ ဝိဇ္ဇတီတိ ပုတ္တိယော=သားရှိသူ

ပုတ္တ+ဣက=ပုတ္တော အဿ အတ္ထီတိ / တသ္မိံ ဝိဇ္ဇတီတိ ပုတ္တိကော=သားရှိသူ

ဘဝတဒ္ဓိတ်=ဗောဓိပက္ခ+ဣယ=ဗောဓိပက္ခေ ဘဝါ ဗောဓိပက္ခိယာ=မဂ်ဉာဏ်အသင်းအပင်း၌ ဖြစ်သော(ပါဝင်သော) တရားများ

ပဉ္စဝဂ္ဂ+ဣယ=ပဉ္စဝဂ္ဂေ ဘဝါ ပဉ္စဝဂ္ဂိယာ=ငါးယောက်အစု၌ဖြစ်သောတရားများ

ဂါမ+ယ=ဂါမေ ဘဝေါ ဂမ္မော=ရွာ၌ဖြစ်သောအကျင့်

အရူပ+ဏျ=အရူပေ ဘဝါ အာရုပ္ပါ=အရူပဘုံ၌ ဖြစ်သောတရားတို့

ဣဒံတဒ္ဓိတ်=အတ္တ+ဣယ=အတ္တနော(မိမိ၏ဥစ္စာတည်း) ဣဒံ(ဤဥစ္စာသည်) အတ္တနိယံ=မိမိ၏ဥစ္စာ (နအက္ခရာလာသည်)

သ+ကိယ=သဿ(မိမိ၏ဥစ္စာတည်း) အယံ(ဤဥစ္စာသည်) သကိယော=မိမိ၏ဥစ္စာ

သံဝတ္တတိတဒ္ဓိတ်=ဓန+ယ=ဓနာယ သံဝတ္တတီတိ ဓညံ=ဥစ္စာအလို့ငှါဖြစ်သောစပါး

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၅၀–၁၅၁)

**စည်းမျဉ်းများ**

၁၀။ ဇာတာဒီန မိမိယာ စ။ ဇာတအစရှိသော သဒ္ဒါတို့အနက်၌ ဣမ ဣယ ပစ္စည်းသက်သည်။

## ၅။ သမူဟတဒ္ဓိတ်

ဆဋ္ဌီဝိဘတ်ဆုံးသော နာမ်ပုဒ်တို့နှင့် "သမူဟ=အပေါင်း"အနက်ကို ဆက်ခံဟောပြနိုင်သော "ကဏ် ဏ တာ က" စသော ပစ္စည်းတို့ ဆက်သွယ်ထားသော တဒ္ဓိတ်ပုဒ်သည် သမူဟတဒ္ဓိတ်မည်၏။

မယူရ+ကဏ်=မယူရာနံ သမူဟော မာယူရကော=ဥဒေါင်းတို့၏အပေါင်း(ဥဒေါင်းအုပ်)
မယူရ+ဏ= မယူရာနံ သမူဟော မာယူရော=ဥဒေါင်းတို့၏အပေါင်း(ဥဒေါင်းအုပ်)
မထုရ+ဏ=မထုရာနံ သမူဟော မာထုရော=မထုရာပြည်သူပြည်သားအပေါင်း
မဟိံသ+ဏ=မဟိံသာနံ သမူဟော မာဟိံသော=ကျွဲတို့၏အပေါင်း
ပုရိသ+ဏ=ပုရိသာနံ သမူဟော ပေါရိသော=ယောကျ်ားတို့၏အပေါင်း
ဝုဍ္ဎ+ဏ=ဝုဍ္ဎါနံ သမူဟော ဝုဍ္ဎော=ကြီးသူတို့၏အပေါင်း
ကပေါတ+ဏ=ကပေါတာနံ သမူဟော ကာပေါတော=ခိုတို့၏အပေါင်း
ရာဇပုတ္တ+ဏ=ရာဇပုတ္တာနံ သမူဟော ရာဇပုတ္တော=မင်းသားတို့အပေါင်း
ကောကိလ+ဏ=ကောကိလာနံ သမူဟော ကောကိလော=ဥသြငှက်တို့အပေါင်း
ဘိက္ခ+ဏ=ဘိက္ခာနံ သမူဟော ဘိက္ခော=ထမင်းတို့အပေါင်း
ဒွိ+ဏ=ဒွိန္နံ သမူဟော ဒွယံ=နှစ်ခုတို့အပေါင်း
တိ+ဏ=တိဏ္ဏံ သမူဟော တယံ=သုံးခုတို့၏အပေါင်း
ဒွိ+က=ဒွိန္နံ သမူဟော ဒွိကံ၊ ဒုကံ=နှစ်ခုတို့၏အပေါင်း
ဒွိ+ဏ=ဒွိန္နံ သမူဟော ဒွယံ=နှစ်ခုတို့၏အပေါင်း
တိ+က= တိဏ္ဏံ သမူဟော တိကံ=သုံးခုတို့၏အပေါင်း
စတု+က=စတုန္နံ သမူဟော စတုက္ကံ=လေးခုတို့၏အပေါင်း
ပဉ္စ+က=ပဉ္စန္နံ သမူဟော ပဉ္စက္ကံ=ငါးတို့၏အပေါင်း
ဆ+က=ဆန္နံ သမူဟော ဆက္ကံ=ခြောက်ခုတို့၏အပေါင်း

မှတ်ချက်။ စတု ဆ သချၤာသဒ္ဒါများနောက်၌ ကပစ္စည်းကို ဒွိဘာဝ ပြုနိုင်သည်။
'ဏ'ပစ္စည်းရှိလျှင် ရှေ့က'က္က'သရကို အယပြုရသည်။

ဂါမ+တာ=ဂါမာနံ သမူဟော ဂါမတာ=ရွာတို့၏အပေါင်း
ဗန္ဓု+တာ=ဗန္ဓူနံ သမူဟော ဗန္ဓုတာ=မိတ်ဆွေတို့အပေါင်း
သဟာယ+တာ=သဟာယာနံ သမူဟော သဟာယတာ=သူငယ်ချင်းတို့အပေါင်း
နဂရ+တာ=နဂရာနံ သမူဟော နဂရတာ=မြို့တို့၏အပေါင်း

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၅၁-၁၅၂)
စနစ်သစ် ပါဠိသဒ္ဒါ ၄၀၈,၄၁၂

**စည်းမျဉ်းများ**

၁၁။ သမူဟတ္ထေ ကဏ် ဏာ။ အပေါင်းဟူသောအနက်၌ ကဏ် ဏ ပစ္စည်းသက်သည်။

၁၂။ ဂါမ ဇန ဗန္ဓု သဟာယာဒီဟိ တာ။ ဂါမ ဇန ဗန္ဓု သဟာယ အစရှိသော သဒ္ဒါနောင် အပေါင်းအနက်ပြ တာ ပစ္စည်းသက်သည်။

## ၆။ **ဌာနာဒိတဒ္ဓိတ်**

ဆဋ္ဌီဝိဘတ် နာမ်ပုဒ်တို့နှင့် 'ဌာန=အကြောင်း' 'ဟိတ–အစီးအပွား' စသောအနက်ကို ဆက်ခံဟောပြနိုင်သော "ဣယ" စသော ပစ္စည်းတို့ ဆက်သွယ်ထားသော တဒ္ဓိတ်ပုဒ်သည် ဌာနာဒိတဒ္ဓိတ်မည်၏။

ဌာနတဒ္ဓိတ်=မဒန+ဣယ= မဒနဿ ဌာနံ မဒနိယံ= မူးယစ်ခြင်း၏ တည်ရာအကြောင်း
မဒန+ဏျ= မဒနဿ ဌာနံ မဇ္ဇံ
ဒုဋ္ဌု+လ= ဒုဋ္ဌု ဌာနံ ဒုဋ္ဌုလ္လံ= မကောင်းမှု၏ တည်ရာအကြောင်း

♠ **ဒုဋ္ဌု**သဒ္ဒါသည် **နိပါတ်**တည်း။ ထို့ကြောင့် ဒုဋ္ဌုနောင် အံကိုချေ၍ 'ဒုဋ္ဌု–ကို'ဟူ၍လည်းကောင်း၊ သကိုချေ၍ 'ဒုဋ္ဌု–၏'ဟူ၍လည်းကောင်း ပေးနိုင်သည်။ ဒုဋ္ဌုနောင် နိဿိတအနက်၌ဖြစ်စေ ဌာနအနက်၌ဖြစ်စေ လပစ္စည်းသက်၊ ဒွေဘော်လာ ဒုဋ္ဌုလ္လံဖြစ်၏။ (ဘာဋီ ဒု ၁၄၁)

ဟိတတဒ္ဓိတ်=ဥပါဒါန+ဣယ= ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ=ဥပါဒါန်တို့၏ စီးပွားတို့
မေဓာ+ယ=မေဓာယ ဟိတံ မဇ္ဈံ= ယဇ်၏ အစီးအပွားဖြစ်သော ထောပတ်
ပါဒ+ယ= ပါဒါနံ ဟိတံ ပဇ္ဇံ = ခြေတို့၏ အစီးအပွားဖြစ်သောဆီ (ခြေနယ်ဆီ)
ဣဒံတဒ္ဓိတ်=ရာဇ+ဣယ/ဣလ=ရညော ဣဒံ ရာဇိယံ/ရာဇိလံ=မင်း၏ဥစ္စာ (ကစ္စည်းဘာဋီ ဒု ၁၃၉)
အရဟတိတဒ္ဓိတ်=ဒဿန+ဤယ=ဒဿနံ အရဟတီတိ ဒဿနီယော။ကြည့်ရှုခြင်းကို/ငှါ ထိုက်သော
ပူဇာ+အနီယ=ပူဇနီယံ=ပူဇော်ထိုက်သူ ဟု သဒ္ဒသံခိပ်၌ ပြထားသည်။
(ပူဇဓာတ်+အရဟတ္ထဇောတက အနီယပစ္စည်းဖြင့် ပြီးကောင်းသောကြောင့် စဉ်းစားသင့်သည်)
ယောဂျတဒ္ဓိတ်=ဒဿန+ဤယ=ဒဿနီယံ= ကြည့်ရှုခြင်းငှါလျောက်ပတ်သည်(အရဟတိ/ယောဂျနှစ်မျိုးရ)
သာဓုတဒ္ဓိတ်=ကမ္မ+ယ=ကမ္မနိ သာဓု ကမ္မညံ=အမှု၌ ကောင်းသောစိတ် (ရူဘာဋီဒု ၂၃၈)
သဘာ+ယ=သဘာယံ သာဓု သဗ္ဘံ=အစည်းအဝေးသဘင်၌ ကောင်းသောစကား
ပရိသာ+ဏျ=ပရိသာယံ သာဓု ပါရိသဇ္ဇော=ပရိသတ်၌ ကောင်းသောအစေအပါး

**စည်းမျဉ်း**

၁၃။ တဒဿ ဌာန မိယော စ။ ထိုအရာသည် ထိုသဘော၏ တည်ရာအကြောင်း ဟူသောအနက်၌ 'ဣယ'ဆက်သည်။

## ၇။ ဥပမာတဒ္ဓိတ်

နှိုင်းယှဉ်ကြောင်းဖြစ်သော ဥပမာနဝတ္ထုကို ဟောသောနာမ်ပုဒ်နှင့် ဥပမာအနက်ကို ညွှန်ပြသော 'အာယိတတ္တ' ပစ္စည်းတို့ ဆက်သွယ်သော တဒ္ဓိတ်ပုဒ်သည် "ဥပမာတဒ္ဓိတ်"မည်၏။

ဓူမ+အာယိတတ္တ=ဓူမာဝိယာတိ ဓူမာယိတတ္တံ=မီးခိုးနှင့်တူသောတော

တိမိရ+အာယိတတ္တ=တိမိရံဝိယာတိ တိမိရာယိတတ္တံ=အမိုက်မှောင်နှင့်တူသောတော

အာဒိစ္စ+ဏ= အာဒိစ္စောဝိယာတိ အာဒိစ္စော=နေမင်းနှင့် တူတော်မူသည်

ဝသဘ+ဏ=ဝသဘောဝိယာတိ ဝသဘော=ဥသဘနှင့်တူတော်မူသည်

**စည်းမျဉ်း**

၁၄။ ဥပမတ္ထာ ယိတတ္တံ။ ဥပမာအနက်၌ အာယိတတ္တ ပစ္စည်းဆက်သည်။

♠ ဤနေရာ၌ ဥပမာန ဥပမေယျ ဥပမာဟု သုံးမျိုးရှိ၏။ မီးခိုးသည် နှိုင်းယှဉ်ကြောင်းဖြစ်၍ ဥပမာန၊ တောစသောအရပ်ကား ညို့ညို့မှိုင်းမှိုင်း ဖြစ်နေသောကြောင့် (မိးခိုးနှင့်နှိုင်းယှဉ်အပ်ရကား) ဥပမေယျမည်၏။ ထိုမီးခိုးနှင့် တောစသောအရပ်တို့ ညို့ညို့မှိုင်းမှိုင်း ဖြစ်ပုံခြင်းအားဖြင့် တူနေသော သဘောသည် ဥပမာတည်း။ ဥပမာနဝါစက(ဓူမစသော)သဒ္ဒါနောင် ဝိယသဒ္ဒါသည် ထွန်းပြအပ်သော ဥပမာအနက်၌ အာယိတတ္တပစ္စည်း သက်သည်။ (ဘာဋီ ဒု ၁၃၉)

## ၈။ နိဿိတတဒ္ဓိတ်

ဂုဏနာမ်ပုဒ်နှင့် 'မှီရာ,တည်ရာ' အနက်ကို ညွှန်ပြသော 'လ္လ' ပစ္စည်းနှင့် ဆက်သွယ်သော တဒ္ဓိတ်သည် နိဿိတတဒ္ဓိတ်မည်၏။

ဒုဋ္ဌု+လ္လ=ဒုဋ္ဌု နိဿိတံ ဒုဋ္ဌုလ္လံ= မကောင်းသည်ကိုမှီသည်

ဒုဋ္ဌု ဌာနံ ဒုဋ္ဌုလ္လံ= မကောင်းမှု၏တည်ရာ

ဝေဒ+လ္လ=ဝေဒံ နိဿိတံ ဝေဒလ္လံ=အသိဉာဏ်နှစ်သက်ခြင်း၏တည်ရာ

ဝေဒဿ ဌာနံ ဝေဒလ္လံ=အသိဉာဏ်နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော သုတ္တန်

ဝေဒ(ပုန) ဉာဏ်၊ မဂ်ဉာဏ်၊ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ဝေဒကျမ်း၊ ခံစားခြင်း၊ နံပါတ်လေး၊ သိခြင်း၊ ရခြင်း (အဘိဓာန် ဝေဒအဖွင့်)

**စည်းမျဉ်း**

၁၅။ တန္နိဿိတတ္ထေ လော။ ထိုအရာကိုမှီ၏ဟူသော အနက်၌လည်းကောင်း, ထိုအရာသည် ထိုသဘော၏ တည်ရာ အကြောင်းဟူသောအနက်၌လည်းကောင်း 'လ'ပစ္စည်းသက်သည်။ (ဤလပစ္စည်း၌ ဒွေဘော်အမြဲရောက်သည်)

## ၉။ **တဗ္ဗဟုလတဒ္ဓိတ်**

ဂုဏနာမ်ပုဒ်များနှင့် များခြင်း လွန်ကဲခြင်းအနက်ကို ဖော်ပြသော 'အာလု'ပစ္စည်းတို့ ဆက်သွယ်သော တဒ္ဓိတ်သည် 'တဗ္ဗဟုလတဒ္ဓိတ်'မည်၏။

အဘိဇ္ဈာ+အာလု=အဘိဇ္ဈာ အဿ ဗဟုလာတိ အဘိဇ္ဈာလု၊ အဘိဇ္ဈာလုကော=(အဘိဇ္ဈာအားကြီးသူ)

(အဿ–ထိုသူ၏၊ အဘိဇ္ဈာ–အဘိဇ္ဈာသည်၊ ဗဟုလာ–များ၏၊ဣတိ–ထို့ကြောင့်၊

အဘိဇ္ဈာလု–အဘိဇ္ဈာလုမည်၏)

အဘိဇ္ဈာ အဿ ပကတိ အဘိဇ္ဈာလု၊ အဘိဇ္ဈာလုကော။

(အဿ–ထိုသူ၏၊ အဘိဇ္ဈာ–အဘိဇ္ဈာဟူသော၊ ပကတိ–ပင်ကိုသဘောသည်၊ (အတ္ထိ–ရှိ၏)

ဣတိ–ထို့ကြောင့်၊ အဘိဇ္ဈာလု–အဘိဇ္ဈာလုမည်၏)

ဒယာ+အာလု=ဒယာ အဿ ဗဟုလာတိ ဒယာလု၊ ဒယာလုကော=သနားခြင်းများသူ

(တနည်း) ဒယာ အဿ ပကတိ ဒယာလု၊ ဒယာလုကော၊

သီတ+အာလု=သီတံ အဿ ဗဟုလံတိ သီတာလု=များသောအချမ်းရှိသောသူ၊
အလွန်ချမ်းတတ်သူ၊ အအေးမခံနိုင်သူ

(တနည်း) သီတံ အဿ ပကတိ သီတာလု၊ သီတာလုကော၊

ဓဇ+အာလု=ဓဇော အဿ ဗဟုလာတိ ဓဇာလု၊ ဓဇာလုကော=အလံ,တံခွန်များသူ

(ဓဇာလု၌ ပကတိအနက် မကောင်း)

♠ သဗ္ဗတောကောသုတ်ဖြင့် 'က'လာလျှင် အဘိဇ္ဈာလုကော, အဘိဇ္ဈာလုကာ(များသောအဘိဇ္ဈာရှိသောမိန်းမ) အဘိဇ္ဈာလုကံ(စိတ်)ဟု စသည်ဖြစ်၏။ (ဘာဋီ ဒု ၁၄၃)

**စည်းမျဉ်း**

၁၆။ အာလု တဗ္ဗဟုလေ။ ထိုသူ၏ ထိုတရားများ၏ဟူသော အနက်၌ 'အာလု'ပစ္စည်းသက်သည်။

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၅၂–၁၅၄)
စနစ်သစ် ပါဠိသဒ္ဒါ

## ၁၀။ **ပကတိတဒ္ဓိတ်**

ဝါကျအခိုက်၌ ပကတိသဒ္ဒါကျေသော တဒ္ဓိတ်သည် **'ပကတိတဒ္ဓိတ်'**မည်၏။
သုဝဏ္ဏေန ပကတံ သုဝဏ္ဏမယော/ သုဝဏ္ဏမယံ/ သုဝဏ္ဏမယာ။
သုဝဏ္ဏေန–ရွှေဖြင့်၊ ပကတံ–ပြုအပ်သည်တည်း၊ သုဝဏ္ဏမယော–ရွှေဖြင့်ပြုအပ်သည်။
(လိင်သုံးပါးလို၍ ပကတံဟု နပုံလိင်နှင့် ထားသည်။ ထိုထိုပုံစံတို့၌ လိင်အားလျော်စွာ ပကတော ပကတံ ပကတာဟု ထားလေ)

သုဝဏ္ဏမယော=ရွှေဖြင့်ပြုအပ်သော ရထားသည်
သုဝဏ္ဏမယံ=ရွှေဖြင့်ပြုအပ်သော ခွက်သည်
သုဝဏ္ဏမယာ=ရွှေဖြင့်ပြုအပ်သော ခွက်အထူးသည်

ဝါကျအခိုက်၌ နိပ္ဖန္နသဒ္ဒါကျေသော တဒ္ဓိတ်သည် **'နိပ္ဖန္နတဒ္ဓိတ်'**မည်၏။
မနသာ နိပ္ဖန္နော မနောမယော/ မနောမယံ/ မနောမယာ။
မနသာ–စိတ်ကြောင့်၊ နိပ္ဖန္နော–ဖြစ်သည်တည်း၊ မနောမယော–စိတ်ကြောင့်ဖြစ်သည်။

မနောမယော–စိတ်ကြောင့်ဖြစ်သောတရားသည်
မနောမယံ–စိတ်ကြောင့်ဖြစ်သော ကောင်းမှုသည်
မနောမယာ–စိတ်ကြောင့်ဖြစ်သော စကားသည်

### **နိဗ္ဗတ္တတဒ္ဓိတ်**

ဂေါတော နိဗ္ဗတ္တံ ဂေါမယံ
ဂေါတော–နွားမှ၊ နိဗ္ဗတ္တံ–ဖြစ်သောကျင်ကြီးတည်း၊ ဂေါမယံ–နွားမှဖြစ်သော ကျင်ကြီးသည်

(လယ်တီပဒမာလာ ၂၄၃–၂၄၅)

♠ တစုံတခုဖြင့် ပြုအပ်သော အရာဝတ္ထုကို ပကတိဟုခေါ်သည်။ ထိုအရာဝတ္ထုကို ဟောလိုလျှင် ပကတိအနက်၌ မယပစ္စည်းသက်ရသည်။ ထိုဖြင့်ပြုအပ်ဟုဆိုလျှင် တစုံတခုကြောင့်ဖြစ်သောအရာဝတ္ထုလည်း ရသင့်သောကြောင့် နိဗ္ဗတ္တအနက် နိပ္ဖန္နအနက်များ၌လည်း မယပစ္စည်းသက်သေး၏။ (အခြေပြုသဒ္ဒါ ၅၂၈)

**စည်းမျဉ်း**
၂၉။ တပ္ပကတိဝစနေ မယော။ 'ထိုဖြင့်ပြုအပ်'ဟူသော အနက်ကို ဟောသည်ရှိသော် 'မယ'ပစ္စည်းသက်သည်။

## ၁၁။ **ဝိသေသတဒ္ဓိတ်**

သူတပါးထက် သာလွန်ထူးကဲခြင်း ထူးချွန်ခြင်းဟူသော ဝိသေသအနက်ကို ညွှန်ပြသော "တရ, တမ, ဣသိက, ဣယ, ဣဋ္ဌ"ပစ္စည်းများနှင့် ဂုဏနာမ်ပုဒ်တို့ကို တွဲစပ်သော တဒ္ဓိတ်သည် "ဝိသေသတဒ္ဓိတ်"မည်၏။

ဤဝိသေသတဒ္ဓိတ်၌ပါဝင်သော "တရ,တမ"ပစ္စည်းများနှင့် တွဲစပ်ဆက်သွယ်သော နာမ်ပုဒ်များကို အရာဝတ္ထု တခုနှင့်(နာမ် နာမ်စား)တခုကို နှိုင်းယှဉ်၍ အထူးပြုသည့်အတွက် နှိုင်းယှဉ်သော နာမဝိသေသနဟု ဆိုကြသည်။

မြန်မာစာပေ၌ ထူးခြားသောအရာဝတ္ထုတမျိုးကို "ကောင်းသော"ဟုလည်းကောင်း, ထူးခြားသော အရာဝတ္ထု နှစ်မျိုးအနက် ပို၍ထူးခြားသောအရာဝတ္ထုကို "သာ၍ကောင်းသော"ဟုလည်းကောင်း, ထူးခြားသော အရာဝတ္ထုအများအထဲမှ အကောင်းဆုံးအရာဝတ္ထုကို "အကောင်းဆုံး"ဟုလည်းကောင်း, သုံးနှုံးသကဲ့သို့ ထို့အတူ ပါဠိစာပေ၌လည်း သာမန်ထူးခြားမှုထက် ပို၍ "တရ"ပစ္စည်းနှင့် ဆက်သွယ်၍လည်းကောင်း, ထို့ထက်သာလွန် ပိုမိုထူးခြားလျှင် "တမ"ပစ္စည်းနှင့် ဆက်သွယ်၍လည်းကောင်း"နှိုင်းယှဉ်သော နာမဝိသေသန"အဖြစ် အသုံးပြုရသည်။

ပုံစံ-၁။ သူသည် ပညာရှိသော လူကလေးဖြစ်သည်။
သော ပဏ္ဍိတော ဒါရကော ဟောတိ။
၂။ သူသည် သာ၍ပညာရှိသော လူကလေးဖြစ်သည်။
သော ပဏ္ဍိတတရော ဒါရကော ဟောတိ။
၃။ သူသည် ပညာရှိသော လူကလေးဖြစ်သည်။
သော တေသု ပဏ္ဍိတတမော ဒါရကော ဟောတိ။

မှတ်ချက်။ ဤသတ်မှတ်ချက်သည် 'တရ'ပစ္စည်း 'တမ'ပစ္စည်း ၂ခုအတွက်သာ ဖြစ်သည်။ 'ဣသိက, ဣယ, ဣဋ္ဌ' ပစ္စည်းတို့အတွက် (ဗာလာဝတာရမှတပါး) အခြားပါဠိသဒ္ဒါကျမ်းတို့၌ ဤသတ်မှတ်ချက်မျိုး မရှိ။ (သဒ္ဒနီတိဗျာကရဏ်းကျမ်းအချို့၌ကား 'တရ'အရာ၌ ဣယကို သုံးစွဲ၍ 'တမ'အရာ၌ ဣဋ္ဌကို သုံးရ၏ဟု ခွဲခြားလေသည်) 'တရ,တမ'နှစ်မျိုးတွင်လည်း တစ်နေရာတည်း၌ ဆက်၍သုံးစွဲလျှင် 'တရ'ထက် 'တမ'က လွန်သည်ဟု ဆိုသည်။ 'တရ, ဣယ, ဣဋ္ဌ'တို့ချည်းသက်သက် တစ်ခုစီသုံးစွဲရာ၌ကား တခုတစ်ယောက်ထက်ဖြစ်စေ အများထက်ဖြစ်စေ သာလွန်သူ, အသာလွန်ဆုံးဖြစ်သူကိုပင် 'တရ,ဣယ,ဣဋ္ဌ'တို့က ထွန်းပြနိုင်သည်။

## **ဝိဘတ်ဆက်သွယ်ပုံ**

ဝိသေသတဒ္ဓိတ်ပုဒ်တို့ကို
၁။ ပုလ္လိင်ဖြစ်လျှင် အ-သရဆုံးသော ပုလ္လိင်နာမ်ကဲ့သို့လည်းကောင်း
၂။ ဣတ္ထိလိင်ဖြစ်လျှင် အာ-သရဆုံးသော ဣတ္ထိလိင်နာမ်ကဲ့သို့လည်းကောင်း
၃။ နပုလ္လိင်ဖြစ်လျှင် အ-သရဆုံးသော နပုံလိန်နာမ်ကဲ့သို့လည်းကောင်း ဝိဘတ်ဆက်သွယ်ရသည်။

ပဏ္ဍိတ+တရ=ပဏ္ဍိတတရ=သာ၍ပညာရှိသူ
ပဏ္ဍိတ+တမ=ပဏ္ဍိတတမော=သာ၍ပညာရှိသူ၊ ပညာအရှိဆုံးသူ

ပါပ+တရ=ပါပတရော
ပါပ+တမ=ပါပတမော
ပါပ+ဣသိက=ပါပိသိကော   အထူးယုတ်မာသူ(သာ၍ ယုတ်မာသူ)
ပါပ+ဣယ=ပါပိယော
ပါပ+ဣဋ္ဌ=ပါပိဋ္ဌော

♠ ဝါကျအခိုက်၌ ဝိသေသပုဒ် ကျေသော တဒ္ဓိတ်သည် ဝိသေသတဒ္ဓိတ်မည်၏။

ဝိသေသေန ပါပေါတိ ပါပတရော/ပါပတရံ/ပါပတရာ။ (**တမ,ဣသိက,ဣယ,ဣဋ္ဌ**တို့လည်း **သုံးလိန်**)
ဝိသေသေန-အထူးသဖြင့်၊ ပါပေါ-ယုတ်မာသည်တည်း၊ ပါပတရော-အထူးသဖြင့်ယုတ်မာသည်။
ပါပတရော-အထူးသဖြင့်ယုတ်မာသောယောကျ်ားသည်
ပါပတရံ-အထူးသဖြင့် ယုတ်မာသော အမျိုးသည်
ပါပတရာ-အထူးသဖြင့် ယုတ်မာသော မိန်းမသည်

♠ ဝိသေသတ္ထ နှစ်ပစ္စည်း ဆင့်သည်လည်းရှိ၏။ ဝိသေသေန ပါပေါတိ ပါပိဋ္ဌော၊ ဣဋ္ဌ-ပစ္စည်း၊ အထူးယုတ်မာသူ။ ဝိသေသေန ပါပိဋ္ဌောတိ ပါပိဋ္ဌတရော၊ အလွန်အကြူးအထူးယုတ်မာသူ၊ ဝါ-အယုတ်မာဆုံး၊ (ဣဋ္ဌ-နောင် တရ-ဆင့်)။

♠ ဤတရာဒိပစ္စယန္တပုဒ်များသည် လိင်အားဖြင့် ပကတိပုဒ်အတိုင်း ရှိရမည်။ ပါပေါ-ဟူသော ပုလ္လိင်ပုဒ်နောင်သက်လျှင် ပါပတရောဟုလည်းကောင်း ပါပါ(မိန်း)နောင်သက်လျှင် ပါပတရာဟုလည်းကောင်း ပါပံ(အမျိုး)နောင်သက်လျှင် ပါပတရံဟုလည်းကောင်း ရှိရမည်။ အဘိဓေယျ(ဟောနက်)လိင် လိုက်ရမည်ဟု ဆိုလိုသည်။ (ကစ္စည်းဘာဋီ ဒု ၁၅၆)

ဝရ+တရ=ဝရတရော
ဝရ+တမ=ဝရတမော
ဝရ+ဣသိက=ဝရိသိကော   အထူးမြတ်သူ(သာ၍ မြတ်သူ)
ဝရ+ဣယ=ဝရိယော
ဝရ+ဣဋ္ဌ=ဝရိဋ္ဌော
(ဝိသေသန ဝရောတိ ဝရတရော၊ စသည်)

ဝုဍ္ဎ+ဣယ=ဇေယျော
ဝုဍ္ဎ+ဣဋ္ဌ=ဇေဋ္ဌော
ဝိသေသန-အထူးသဖြင့်၊ ဝုဍ္ဎော-ကြီးသည်တည်း၊ ဇေယျော/ဇေယျံ/ဇေယျာ/ဇောဋ္ဌော/ဇေဋ္ဌံ/ဇေဋ္ဌာ အထူးသဖြင့် ကြီးသည်၊

ပသတ္ထ+ဣယ=သေယျော(ဇေယျော)
ပသတ္ထ+ဣဋ္ဌ=သေဋ္ဌော(ဇေဋ္ဌော)
ဝိသေသေန-အထူးသဖြင့်၊ ပသတ္ထော-ချီးမွမ်းအပ်သည်တည်း၊ သေယျော သေယျာ သေယျံ, ဇေယျော ဇေယျာ ဇေယျံ, ဇေဋ္ဌော ဇေဋ္ဌာ ဇေဋ္ဌံ-အထူးသဖြင့် ချီးမွမ်းအပ်သည်၊

အန္တိ+ဣယ=နေဒိယော
အန္တိက+ဣဋ္ဌ=နေဒိဋ္ဌော
ဝိသေသေန-အထူးသဖြင့်၊ အန္တိကော-နီးသည်တည်း၊ နေဒိယော နေဒိယာ နေဒိယံ, နေဒိဋ္ဌော နေဒိဋ္ဌာ နေဒိဋ္ဌံ-အထူးသဖြင့် နီးသည်တည်း။

ဗာဠှ+ဣယ=သာဓိယော
ဗာဗာဠှ+ဣဋ္ဌ=သာဓိဋ္ဌော
ဝိသေသေန-အထူးသဖြင့်၊ ဗာဠှော-ပြင်းထန်သည်တည်း၊ သာဓိယော သာဓိယာ သာဓိယံ သာဓိဋ္ဌော သာဓိဋ္ဌာ သာဓိဋ္ဌံ-အထူးသဖြင့် ပြင်းထန်သည်။

အပ္ပ+ဣယ=ကဏိယော
အပ္ပ+ဣဋ္ဌ=ကဏိဋ္ဌော
ဝိသေသေန အပ္ပေါ-နည်းသည်တည်း၊ ကဏိယော ကဏိယာ ကဏိယံ ကဏိဋ္ဌော ကဏိဋ္ဌာ ကဏိဋ္ဌံ-အထူးသဖြင့် နည်းသည်တည်း။

ယုဝ+ဣယ=ကဏိယော
ယုဝ+ဣဋ္ဌ=ကဏိဋ္ဌော
ဝိသေသေန ယုဝါ-နုပျိုသည်တည်း၊ ကဏိယော ကဏိယာ ကဏိယံ ကဏိဋ္ဌော ကဏိဋ္ဌာ ကဏိဋ္ဌံ-အထူးသဖြင့် နုပျိုသည်။

ဂုဏဝန္တု+ဣယ=ဂုဏိယော
ဂုဏဝန္တု+ဣဋ္ဌ=ဂုဏိဋ္ဌော
ဝိသေသေန ဂုဏဝါ-ဂုဏ်ရှိသည်တည်း၊ ဂုဏိယော ဂုဏိယာ ဂုဏိယံ ဂုဏိဋ္ဌော ဂုဏိဋ္ဌာ ဂုဏိဋ္ဌံ။

သတိမန္တု+ဣယ=သတိယော

သတိမန္တု+ဣဋ္ဌ=သတိဋ္ဌော

ဝိသေသေန သတိမာ–သတိရှိသည်တည်း၊သတိယော သတိယာ သတိယံ သတိဋ္ဌော သတိဋ္ဌာ သတိဋ္ဌံ။

မေဓာဝီ+ဣယ=မေဓိယော

မေဓာဝီ+ဣဋ္ဌ=မေဓိဋ္ဌော

ဝိသေသေန မေဓာဝီ–ပညာရှိသည်တည်း၊ မေဓိယော မေဓိယာ မေဓိယံ မေဓိဋ္ဌော မေဓိဋ္ဌာ မေဓိဋ္ဌံ။

♠ ဣယ, ဣဋ္ဌနောင်းက ဝန္တု မန္တု ဝီ ပစ္စည်း ကျေပျောက် သွားသည်။

## ပုဒ်ပြောင်းလဲပုံ

ဣယ, ဣဋ္ဌပစ္စည်း ဆက်သွယ်လျှင်

၁။ ဝုဍ္ဎ သဒ္ဒါကို 'ဇ'၊ ဣယ ဣဋ္ဌ ပစ္စည်း၏ အစ ဣ ကို ေ သရသို့ပြောင်းလဲရသည်။

၂။ ပသတ္ထ သဒ္ဒါကို 'သ'၊ သို့မဟုတ်'ဇ'၊ ဣယ ဣဋ္ဌ ပစ္စည်း၏ ဣ ကို ေ သရသို့ပြောင်းလဲရသည်။

၃။ အန္တိက သည် နေဒ သို့, ဗာဠှ သည် သာဓ သို့, အပ္ပ သဒ္ဒါသည် ကဏ်[1] သို့ ပြောင်းလဲသည်။

၄။ ယုဝ သည် ကဏ် သို့ပြောင်ပြီး, တဖန် ဏ် မှ န် သို့ပြောင်းသည်။

၅။ ဝန္တု မန္တု ဝီ ပစ္စည်းတို့ ကျေပျောက်သည်။

**စဉ်းမျဉ်းသုတ်စဉ်**

၂၁၀။ ဝုဍ္ဎဿ ဇော ဣယိဋ္ဌေသု။

၂၁၁။ ပသတ္ထဿ သော စ။

၂၁၂။ အန္တိကဿ နေဒေါ။

၂၁၃။ ဗာဠှဿ သာဓော။

၂၁၄။ အပ္ပဿ ကဏ်။

၂၁၅။ ယုဝါနဉ္စ။

၂၁၆။ ဝန္တုမန္တုဝီနဉ္စ လောပေါ။

---

၁ အလွန်နည်းသော အနက်ကို ဟောရာ၌ မုဒ္ဓဇ(ဏ်)ဖြင့် ကဏိယော, ကဏိဋ္ဌော–ဟုလည်းကောင်း၊ အလွန်ငယ်ရွယ်သူကို ဟောရာ၌ ဒန္တဇ(န်)ဖြင့် ကနိယော, ကနိဋ္ဌော–ဟုလည်းကောင်း ခွဲခြားထားသော်လည်း သက္ကတအဘိဓာန်၌မူ ဒန္တဇ(န်)ဖြင့် "ကနိဋ္ဌော"ဟုချည်း ရှိ၏။ ယုဝါသဒ္ဒါသည် လူပျိုဟူသော အနက်ကို မဟော။ 'ဒဟရော စ ယုဝါ သုသု'ဟုလူငယ် သာမန်ကို ဟော၏။ ကနိဋ္ဌာ–နှမငယ်, နှမကလေး။ (ရူဘာဋီ ဒု ၁၇၆)

## ရိုးရိုးနာမဝိသေသနမှ အနှိုင်းယှဉ်ခံ နာမဝိသေသန ဖြစ်လာပုံ

ရိုးရိုးနာမဝိသေသနများကို 'တရ, တမ' ပစ္စည်းများဆက်ပေးခြင်းဖြင့် အနှိုင်းယှဉ်ခံ အလတ်တန်းစား အထက်တန်းစား နာမဝိသေသနများ ဖြစ်လာကြသည်။

| **ရိုးရိုး** | **အလတ်တန်းစား** | **အထက်တန်းစား** |
|---|---|---|
| ပဏ္ဍိတ=ပညာရှိသော | ပဏ္ဍိတတရ=သာ၍ပညာရှိသော | ပဏ္ဍိတတမ=ပညာအရှိဆုံးသော |
| ဗာလ=မိုက်သော | ဗာလတရ=သာ၍မိုက်သော | ဗာလတမ=အမိုက်ဆုံးသော |
| ပါပ=ယုတ်မာသော | ပါပတရ=သာ၍ယုတ်မာသော | ပါပတမ=အယုတ်မာဆုံးသော |
| သုစိ=စင်ကြယ်သော | သုစိတရ=သာ၍စင်ကြယ်သော | သုစိတမ=အစင်ကြယ်ဆုံးသော |
| ပဏ္ဍု=လိမ္မာသော | ပဏ္ဍုတရ=သာ၍လိမ္မာသော | ပဏ္ဍုတမ=အလိမ္မာဆုံးသော |
| ပဏီတ=မွန်မြတ်သော | ပဏီတတရ=သာ၍မွန်မြတ်သော | ပဏီတတမ=အမွန်မြတ်ဆုံးသော |
| ဥက္ကဋ္ဌ=မြတ်သော | ဥက္ကဋ္ဌတရ=သာ၍မြတ်သော | ဥက္ကဋ္ဌတမ=အမြတ်ဆုံးသော |

(က) ရိုးရိုး နာမဝိသေသန ဝါကျ

ဣမေသု ဘိက္ခူသု သုမနော နာမ ဘိက္ခု ပဏ္ဍိတော ဟောတိ။
ဤရဟန်းတို့တွင်(ဤရဟန်းများအနက်) သုမနမည်သော ရဟန်းသည် ပညာရှိဖြစ်သည်။

(ခ) အလတ်တန်းစား နာမဝိသေသန

အာယသ္မာ ကဝိန္ဒော တတော ပဏ္ဍိတတရော။
အရှင်ကဝိန္ဒသည် ထိုဦးသုမနထက် သာ၍ပညာရှိသည်။

(ဂ) အထက်တန်းစာ နာမဝိသေသန

အာယသ္မာ ပဒုမော ပန တေဟိပိ ပဏ္ဍိတတမော။
အရှင်ပဒုမသည်ကား ထိုနှစ်ပါးတို့ထက်လည်း သာလွန်ပိုမို၍ ပညာရှိသည်။ (ပညာအရှိဆုံးဖြစ်သည်)

(ဃ) တိဿော နာမ ဒါရကော ပါပေါ ဟောတိ၊ ဖုဿော တတောပိ ပါပတရော၊ ဒတ္တော ပန ပါပတမော။
တိဿမည်သော သူငယ်သည် ယုတ်မာသောသူဖြစ်သည်။ ဖုဿသည် သူ့ထက်ပင် သာ၍ ယုတ်မာသည်။ ဒတ္တသည်ကား အယုတ်မာဆုံးဖြစ်သည်။

(င) ကာမာဝစရံ ဟီနံ၊ ရူပါဝစရံ ဥက္ကဋ္ဌံ၊ အရူပါဝစရံ ဥက္ကဋ္ဌတရံ၊ လောကုတ္တရံ ပန ဥက္ကဋ္ဌတမံ။
ကာမာဝစရစိတ်သည် ယုတ်ညံ့သည်။ ရူပါဝစရစိတ်သည် မြတ်သည်။ အရူပါဝစရစိတ်သည် သာ၍ အထူးမြတ်သည်။ လောကုတ္တရာစိတ်သည်ကား အလွန်အကြူးအထူးမြတ်သည် (အမြတ်ဆုံးဖြစ်သည်)။

**မှတ်ချက်**။ ခ ဂ ဃ ဝါကျတို့၌ ဝိဘတ္တ အပါဒါန် ဖြစ်သောကြောင့် အနှိုင်းခံပုဒ်ကို ပဉ္စမီဝိဘတ်ဖြင့် ရေးသားရသည်။ ဆဋ္ဌီဝိဘတ်ဖြင့်လည်း ရေးသားနိုင်သည်။ "ပထိကေသု (ပထိကာနံ) ဓာဝန္တော သီဃတမော" စသော ပုံစံတို့၌ကား နိဒ္ဓါရဏဖြစ်သောကြောင့် အနှိုင်းခံပုဒ်ကို ပဉ္စမီဝိဘတ်ဖြင့် မရေးသားရ။ ဆဋ္ဌီ သတ္တမီဝိဘတ်ဖြင့် ရေးသားရသည်။

## လေ့ကျင့်ရန် ဝါကျများ

(က) **ရိုးရိုးနာမဝိသေသနဝါကျ**

၁။ မေဓာဝီ ဘိက္ခု ဗာလေဟိ ဘိက္ခူဟိ န သံဝသတိ။
ပညာရှိသော ရဟန်းသည် မိုက်မဲသော ရဟန်းနှင့်အတူ မနေ။

၂။ ဝုဍ္ဎော ပုရိသော ယုဝံ ပုရိသံ ရက္ခတိ။
ကြီးသော ယောကျ်ားသည် ငယ်ရွယ်သော ယောကျ်ားကို စောင့်ရှောက်၏။

၃။ သတိမာ ဘိက္ခု ဝနေ ဓမ္မံ စရတိ။
သတိရှိသော ရဟန်းသည် တော၌ တရားကို ကျင့်၏။

(ခ) **နှိုင်းယှဉ်မှု နာမဝိသေသနဝါကျများ**

(၁) အာစရိယော သိဿသ္မာ ပဏ္ဍိတတရော ဟောတိ။
ဆရာသည် တပည့်ထက် ပို၍ ပညာရှိ၏။

(၂) ဗုဒ္ဓေါ ဘိက္ခူဟိ သေယျော ဟောတိ။
ဘုရားရှင်သည် ရဟန်းများထက် ပို၍ မြတ်၏။

(၃) ဧသော ပုရိသော အညေဟိ ပုရိသေဟိ ပါပတရော ဟောတိ။
ဤယောကျ်ားသည် အခြား ယောကျ်ားတို့ထက် အလွန်ယုတ်မာ၏။

**မှတ်ချက်**။ ဤဝါကျများ၌ အနိုင်းခံပုဒ်သည် (နဂိုကကွဲပြားပြီးကို ဂုဏ်အားဖြင့် ထပ်မံခွဲပြသော ဝိဘတ္တ အပါဒါန်ဖြစ်ခြင်းကြောင့်) ယင်းပုဒ်ကို ပဉ္စမီဝိဘတ်ဖြင့် ရေးရသည်။ ပြဆိုလတ့ံသော နာမဝိသေသနများသည်ကား နဂိုမကွဲပြားသော အပေါင်းအစုထဲမှ အသီးအခြား ခွဲထုတ်၍ ဖော်ပြသော နိဒ္ဓါရဏ ဖြစ်ခြင်းကြောင့် အနိုင်းခံပုဒ်ကို 'ဆဋ္ဌီ,သတ္တမီ' ဝိဘတ်ဖြင့် ရေးရသည်။

၁။ အယံ သာမဏေရော မမ သိဿာနံ ပဏ္ဍိတတမော။
ဤသာမဏေသည် ကျွန်ုပ်၏ တပည့်များအနက် ပညာအရှိဆုံးဖြစ်သည်။

၂။ ဗုဒ္ဓေါ လောကေ ဒေဝမနုဿေသု သေဋ္ဌော။
ဘုရားရှင်သည် လောက၌ နတ်လူတို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏။

၃။ မမ ပိတာ တဿ ဉာတီသု ဂုဏေန ဇေဋ္ဌော ဟောတိ။
ကျွန်ုပ်၏ ဖခင်သည် သူ၏ဆွေမျိုးများအနက် ဂုဏ်အားဖြင့် အကြီးဆုံးဖြစ်သည်။

၄။ အယံ ဘိက္ခု ဣမေသံ ဇနာနံ မေဓိဋ္ဌော ဟောတိ။
ဤရဟန်းသည် ဤသူ(အားလုံး)တို့တွင် ပညာအရှိဆုံးဖြစ်သည်။

၅။ ပထိကာနံ ဓာဝန္တော သီဃတမော။
ခရီးသွားသူတို့တွင် ပြေးသောသူသည် ပိုမို၍ မြန်၏။

## လေ့ကျင့်ခန်းများ

မြန်မာဘာသာသို့ပြန်ဆိုပါ
၁။ အယံ ဘိက္ခု အညေဟိ ဘိက္ခူဟိ ဂုဏီယော ဟောတိ။
၂။ ယောဂီ အညေသု မနုဿေသု သတိဋ္ဌော ဟောတိ။
၃။ ဧတေ ဝါဏိဇာ ဣမေသံ ဝါဏိဇာနံ ပါပတမာ ဟောန္တိ။
၄။ အယံ ကညာ မမ ဘဂိနီဟိ ကဏီယာ ဟောတိ။
၅။ သတိမာ ပိတာ သုစိတရံ ဓမ္မံ စရတိ။
၆။ မယံ သုစိတမံ ပုဂ္ဂလံ ဣစ္ဆာမ။
၇။ တုမှေ ပဏ္ဍိတတမံ အာစရိယံ ပရိယေသထ။
၈။ အယံ ဒါရကော ဣမေသု ဒါရကေသု ပါပတမော။
၉။ ဧတော ဣတ္ထိယော အညာဟိ ဣတ္ထီဟိ ဇေယျာ။
၁၀။ အဟံ သုစိတမံ ဝတ္ထံ ဣစ္ဆာမိ။

ပထမလတ်တန်း ပါဠိသဒ္ဒါအသုံးအနှုန်း ၁၅၇-၁၆၆၊
စနစ်သစ်ပါဠိသဒ္ဒါ ၄၂၀-၄၂၂
လယ်တီပဒမာလာ တ ၂၄၆-၂၅၀

## ၁၂။ **အဿတ္ထိတဒ္ဓိတ်**

အတ္ထိ ဝိဇ္ဇတိ–သဒ္ဒါတို့၏ ‘ရှိ’ဟူသော အနက်ကို ညွှန်ပြသော ‘ဝီ,သီ(ဿီ), ဤက, ဤ’စသော ပစ္စည်းများနှင့် ပထမာဝိဘတ်ဆုံးသော နာမ်ပုဒ်တို့ ဆက်သွယ်ပေးသော တဒ္ဓိတ်သည် ‘အဿတ္ထိ’တဒ္ဓိတ်မည်၏။

ထိုအဿတ္ထတဒ္ဓိတ်၌ ပါဝင်သော ပစ္စည်းများတွင်

(၁) ဝီ–ပစ္စည်း သီ(ဿီ)ပစ္စည်းများကို ဂုဏ်ဖြင့်အထူးပြုအပ်သော ဒြပ်အနက်ကို ညွှန်ပြသော ဂုဏနာမ်ပုဒ်များနှင့် ဆက်သွယ်ရသည်။ သီ–ပစ္စည်း၌ ဿီ–ဟု ဒွေဘော်နှင့် အရှိများသည်။ ယင်းနှစ်ပစ္စည်းတို့တွင် ဝီပစ္စည်းကို မေဓာ, မာယာ နှစ်ပုဒ်တို့နှင့်သာ ဆက်သွယ်ရသည်။ သီပစ္စည်းကို မနောဂိုဏ်းဝင်ပုဒ်တို့နှင့်သာ ဆက်သွယ်ရသည်။

(၂) ဣက ဤ ပစ္စည်းများကို ဒြပ်တမျိုးဖြင့် အထူးပြုအပ်သော ဒြပ်အနက်ကို ညွှန်ပြသော အ အာ ဆုံးသော နာမ်ပုဒ်များနှင့် ဆက်သွယ်ရသည်။

(၃) ရ–ပစ္စည်းကို ဒြပ် သို့မဟုတ် ဂုဏ်ဖြင့် အထူးပြုအပ်သော ဒြပ်အနက်များကို ညွှန်ပြသော နာမ်ပုဒ်များနှင့် ဆက်သွယ်ရသည်။

(၄) ဝန္တုပစ္စည်းကို ဒြပ်, သို့မဟုတ် ဂုဏ်ဖြင့် အထူးပြုအပ်သော ဒြပ်အနက်ကို ညွှန်ပြသော  အ အာ ဆုံးသော နာမ်ပုဒ်များနှင့် ဆက်သွယ်ရသည်။

(၅) မန္တုပစ္စည်းကို ဒြပ်, သို့မဟုတ် ဂုဏ်ဖြင့် အထူးပြုအပ်သော  ဣ,ဤ,ဥ,ဦ,ဩ ဆုံးသော ဒြပ်အနက်ကို ညွှန်ပြသော နာမ်ပုဒ်များနှင့် ဆက်သွယ်ရသည်။

(၆) ဏ–ပစ္စည်းကို  ဂုဏ်ဖြင့် အထူးပြုအပ်သော ဒြပ်အနက်ကို ညွှန်ပြသော  အ အာ ဆုံးသော ဂုဏနာမ်ပုဒ်များနှင့် ဆက်သွယ်ရသည်။

### **ပုံစံများ**

မေဓာ+ဝီ=မေဓာ အဿ အတ္ထိ/မေဓာ တဿ္မိံ ဝိဇ္ဇတီတိ မေဓာဝီ/=ပညာရှိသောသူ၊ ပညာရှိ
မာယာ+ဝီ=မာယာ အဿ အတ္ထီတိ မာယာဝီ=လှည့်ပတ်ခြင်း(အတတ်)ရှိသူ၊ မျက်လှည့်သမား
တပ+ဿီ=တပေါ အဿ အတ္ထိ/ တပေါ တဿ္မိံ ဝိဇ္ဇတီတိ တပဿီ=အကျင့်ရှိသူ
ယသ+ဿီ=ယသော အဿ အတ္ထီတိ ယသဿီ=အခြွေအရံရှိသူ
ဒဏ္ဍ+ဣက=ဒဏ္ဍော အဿ အတ္ထိ/ ဒဏ္ဍော တဿ္မိံ ဝိဇ္ဇတီတိ ဒဏ္ဍိကော=တောင်ဝှေး(ဒုတ်)ရှိသူ
ဒဏ္ဍ+ဤ=ဒဏ္ဍော အဿ အတ္ထိ/ ဒဏ္ဍော တဿ္မိံ ဝိဇ္ဇတီတိ ဒဏ္ဍီ=တောင်ဝှေး(ဒုတ်)ရှိသူ

မစု+ရ=မစု အဿ အတ္တံ/ မစု တသ္မိံ ဝိဇ္ဇတီတိ မစုရော=ချိုသောအရသာရှိသော တင်လဲ
သုသိ+ရ=သုသိ အဿ အတ္ထီတိ သုသိရော =အခေါင်းရှိသော သစ်ပင်
ဓန+ဝန္တု=ဓနံ အဿ အတ္ထီတိ ဓနဝါ=ဥစ္စာရှိသူ၊ ဥစ္စာရှင်
ပညာ+ဝန္တု=ပညာ အဿ အတ္ထီတိ ပညဝါ=ပညာရှိသူ
သတိ+မန္တု=သတိ အဿ အတ္ထီတိ သတိမာ=သတိရှိသူ
ဘာဏု+မန္တု=ဘာဏု အဿ အတ္ထီတိ ဘာဏုမာ=အရောင်ရှိသော နေမင်း
သဒ္ဓါ+ဏ=သဒ္ဓေါ အဿ အတ္ထိ/ သဒ္ဓေါ တသ္မိံ ဝိဇ္ဇတီတိ သဒ္ဓေါ=ယုံကြည်ခြင်းရှိသူ
အမစ္ဆရ+ဏ=မစ္ဆရံ အဿ အတ္ထီတိ မစ္ဆရော၊ န မစ္ဆရော အမစ္ဆရော=နှမြောဝန်တိုမှုမရှိသူ

## သော, ဣလ, ဝ, အာလ ပစ္စည်းများ

သုမေဓာ+သော=သုမေဓာ အဿ အတ္ထိ/ တသ္မိံ ဝိဇ္ဇတီတိ သုမေဓသော=ကောင်းသောပညာရှိသူ
လောမ+သော=လောမော အဿ အတ္ထီတိ လောမသော=အမွေးရှိသောသတ္တဝါ
ဇဋော+ဣလ=ဇဋော အဿ အတ္ထီတိ ဇဋိလော=ဆန်ကျစ်ရှိသောရသေ့
ကေသာ+ဝ=ကေသာ အဿ အတ္ထိ/ ကေသာ တသ္မိံ ဝိဇ္ဇတီတိ ကေသဝေါ=ဆံပင်ရှိသူ
ဝါစာ+အာလ=ဝါစာ အဿ အတ္ထိ/ ဝါစာ တသ္မိံ ဝိဇ္ဇတီတိ ဝါစာလော=များသောစကားရှိသောသူ

## ပိုင်ဆိုင်ခြင်း နာမဝိသေသန

ဤအဿတ္ထိတဒ္ဓိတ်ပုဒ်တို့သည် ပိုင်ဆိုင်ခြင်း ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း အဓိပ္ပါယ်ကို ညွှန်ပြသောကြောင့် 'ပိုင်ဆိုင်ခြင်း နာမဝိသေသန'မည်၏။ ယင်းတို့ကို မိမိတို့နှင့် ဆက်သွယ်သော နာမ်ပုဒ်ကို ထူးခြားအောင်ပြုနိုင်သော နာမဝိသေသနအဖြစ် သုံးနိုင်သည်။ နာမ်ပုဒ်အဖြစ်လည်း အသုံးပြုနိုင်သည်။

| ပုံစံ | နာမဝိသေသန | နာမ်ပုဒ် |
|---|---|---|
| ဓနဝါ | ပစ္စည်းဥစ္စာရှိသော | ပစ္စည်းဥစ္စာရှိသူ |
| ပညဝါ | ပညာရှိသော | ပညာရှိသူ |
| သတိမာ | သတိရှိသော | သတိရှိသူ |
| ဗလဝါ | ခွန်အားရှိသော | ခွန်အားရှိသူ |

## အခြား အဿတ္ထိတဒ္ဓိတ်ပစ္စည်းများ

ဘပစ္စည်း။ ။ တုန္ဒိ+ဘ=တုန္ဒိ အဿ အတ္ထီတိ တုန္ဒိဘော=ချက်ရှိသူ(ချက်ကြီးသူ)
ဝဠိ+ဘ=ဝဠိ အဿ အတ္ထီတိ ဝဠိဘော=ချက်ရှိသူ(ချက်ကြီးသူ)
ဝလိ+ဘ=ဝလိ အဿ အတ္ထီတိ ဝလိဘော=တွန့်သောအရေရှိသူ

| | |
|---|---|
| အာမိပစ္စည်း။ | သံ+အာမီ=သံ အသ အတ္ထိ/ သံ တသ္မိံ ဝိဇ္ဇတီတိ သာမီ=ဥစ္စာရှိသော အရှင်သခင် |
| ဥဝါမီပစ္စည်း။ | သံ+ဥဝါမီ=သံ အသ အတ္ထိ/ သံ တသ္မိံ ဝိဇ္ဇတီတိ သုဝါမီ=ဥစ္စာရှိသော အရှင်သခင် |
| ဏပစ္စည်း။ | လက္ခီ+ဏ=လက္ခီ အသ အတ္ထိ/ လက္ခီ တသ္မိံ ဝိဇ္ဇတီတိ<br>လက္ခဏော=အသရေရှိသူ(အနုဗာန်–ဏ မဟုတ်) |
| နပစ္စည်း။ | အင်္ဂ+န=အင်္ဂါနိ အသ အတ္ထီတိ အင်္ဂနာ=ကောင်းသော ကိုယ်အင်္ဂါရှိသော မိန်းမ<br>ဝလိ+န=ဝလိ အသ အတ္ထီတိ ဝလိနော=တွန့်သောအရေရှိသူ |
| ဣနပစ္စည်း။ | ဖလ+ဣန=ဖလံ အသ အတ္ထီတိ ဖလိနော=အသီးရှိသော သစ်ပင်<br>သိင်္ဂ+ဣန=သိင်္ဂံ အသအတ္ထီတိ သိင်္ဂိနော=ဦးချိုရှိသော သတ္တဝါ<br>မလ+ဣန=မလံ အသ အတ္ထီတိ မလိနော=အညစ်အကြေးရှိသူ |
| တပစ္စည်း။ | ပဗ္ဗ+တ= ပဗ္ဗံ အသ အတ္ထိ/ ပဗ္ဗံ တသ္မိံ ဝိဇ္ဇတီတိ ပဗ္ဗတော=အဆစ်အဆစ်ရှိသောတောင် |
| လပစ္စည်း။ | သိခါ+လ=သိခါ အသ အတ္ထိ/ သိခါ တသ္မိံ ဝိဇ္ဇတီတိ သိခါလော=အမောက်ရှိသောငှက် |
| ဝလပစ္စည်း။ | သိခါ+ဝလ=သိခါ အသ အတ္ထိ/ သိခါ တသ္မိံ ဝိဇ္ဇတီတိ သိခါဝလော=အမောက်ရှိသောဥဒေါင်း |

## အဿတ္ထိ ပစ္စည်း နှစ်ချက်ဆင့်ပုံစံ

ဒဏ္ဍိကဝါ=ဒုတ်ရှိသူရှိသည်။ ဒဏ္ဍော အသ အတ္ထီတိ ဒဏ္ဍိကော (အဿတ္ထိတဒ္ဓိတ် ဣက) ဒဏ္ဍိကော အသ အတ္ထီတိဒဏ္ဍိကဝါ (အဿတ္ထိတဒ္ဓိတ် ဝန္တု)

## သဒ္ဓါတအဿတ္ထိ အနက် 'ဣတ'ပစ္စည်းသက်

ပုပ္ဖ+ဣတ=ပုပ္ဖာနိ သဉ္ဇာတာနိ အသ အတ္ထီတိ ပုပ္ဖိတော = လွန်စွာဖြစ်သော အပွင့်ရှိသော သစ်ပင်

သုခ+ဣတ=သုခံ သဉ္ဇာတံ အသ အတ္ထီတိ သုခိတော=လွန်စွာဖြစ်သော ချမ်းသာခြင်းရှိသူ

ဗျာဓိ+ဣတ=ဗျာဓိ သဉ္ဇာတော အသ အတ္ထီတိ ဗျာဓိတော=လွန်စွာဖြစ်သော ဖျားနာခြင်းရှိသည်

တာရက+ဣတ=တာရကာ သဉ္ဇာတာ အသ အတ္ထီတိ တာရကိတော=လွန်စွာဖြစ်သော ကြယ်တာရာရှိသည်

ပထမလတ်တန်း ပါဠိသဒ္ဒါအသုံးအနှုန်း ၁၆၆–၁၇၀၊
စနစ်သစ်ပါဠိသဒ္ဒါ ၁၀၇–၁၁၂၊ ၄၂၄–၄၃၀၊

## အသသတ္တိတဒ္ဓိတ်စဉ်းမျဉ်းများ

၂၁။ တဒဿတ္ထိတိ ဝီ စ။ ထိုသူ၏ ထိုအရာသည် ရှိ၏ဟူသော အနက်၌ ဝီ, သ, ဣလ, ဝ, အာလ, စသော ပစ္စည်းများ ဆက်သည်။

၂၂။ တပါဒိတော သီ။ ထိုသူ၏ ထိုအရာသည် ရှိ၏ဟူသော အနက်၌ တပ–အစရှိသော သဒ္ဒါမှ နောက်၌ သီ–ပစ္စည်း ဆက်သည်။

၂၃။ ဒဏ္ဍာဒိတော ဣက ဤ။ ထိုသူ၏ ထိုအရာသည် ရှိ၏ဟူသော အနက်၌ ဒဏ္ဍ–အတူရှိသော အဝဏ္ဏန္တမှ နောက်၌ ဣက ဤ ပစ္စည်းသက်သည်။

၂၄။ မဓွါဒိတော ရော။ ထိုသူ၏ ထိုအရာသည် ရှိ၏ဟူသော အနက်၌ မဓု–အစရှိသော သဒ္ဒါမှနောက်၌ ရ–ပစ္စည်း သက်သည်။

၂၅။ ဂုဏာဒိတော ဝန္တု။ ထိုသူ၏ ထိုအရာသည် ရှိ၏ဟူသော အနက်၌ ဂုဏ–အတူရှိသော သဒ္ဒါမှနောက်၌ ဝန္တုပစ္စည်းသက်သည်။

၂၆။ သတျာဒီဟိ မန္တု။ ထိုသူ၏ ထိုအရာသည် ရှိ၏ဟူသော အနက်၌ သတိ–အစရှိသော သဒ္ဒါမှနောက်၌ မန္တု–ပစ္စည်းသက်သည်။

၂၇။ သဒ္ဓါဒိတော ဏ။ ထိုသူ၏ ထိုအရာသည် ရှိ၏ဟူသော အနက်၌ သဒ္ဓါ–အတူရှိသော သဒ္ဒါမှနောက်၌ ဏ–ပစ္စည်းသက်သည်။

(အခြေပြုသဒ္ဒါ ၅၂၁–၅၂၆)

### ၁၃။ **သင်္ချာတဒ္ဓိတ်**

သင်္ချေယျဖြစ်သော သဒ္ဒါကို ရေတွက်ကြောင်းဖြစ်သော သဒ္ဒါသည် သင်္ချာတဒ္ဓိတ်မည်၏။ ပုံစံ– ဧကော ဒွေ တယော စတ္တာရော ပဉ္စ ဆ သတ္တ အဋ္ဌ နဝ စသည်တည်း။ ဧကော–တခုသည်၊ ဒွေ–နှစ်ခုတို့သည်၊ တယော–သုံးခုတို့သည်၊ စတ္တာရော–လေးခုတို့သည်၊ ပဉ္စ–ငါးခုတို့သည်၊ ဆ–ခြောက်ခုတို့သည်၊ သတ္တ–ခုနှစ်ခုတို့သည်၊ အဋ္ဌ–ရှစ်ခုတို့သည်၊ နဝ–ကိုးခုတို့သည်။

ဧကသဒ္ဒါသည် တခုဟူသော သင်္ချာ, အဖော်မရှိတစ်ယောက်တည်း, မြတ်သောအနက်, သိပြီးသည်မှ တပါးသောအနက်, တူသောအနက် ဟူ၍ ငါးမျိုးရှိ၏။ ထို ၅–မျိုးတွင် တခုသင်္ချာဟောမှု ဧကဝုစ်သာ ဖြစ်သည်။ ကျန်လေးနက်ဖြစ်မှု ဧကဝုစ် ဗဟုဝုစ် နှစ်ပါးဖြစ်နိုင်သည်။

### ၁၄။ **ပူရဏတဒ္ဓိတ်**

ဝါကျအခိုက်၌ ပူရဏသဒ္ဒါကျေသော တဒ္ဓိတ်သည် ပူရဏတဒ္ဓိတ်[၁]မည်၏။ ဒွိန္နံ ပူရဏော ဒုတိယော၊ ဒွိန္နံ ပူရဏံ ဒုတိယံ၊ ဒွိန္နံ ပူရဏီ ဒုတိယာ။ ဒုတိယော–နှစ်ခုတို့၏ပြည့်ကြောင်းမင်္ဂ၊ ဒုတိယံ–နှစ်ခုတို့၏ပြည့်ကြောင်း ဈာန်၊ ဒုတိယာ–နှစ်ခုတို့၏ပြည့်ကြောင်းပါရမီ။

၁ အခြားသဒ္ဒါကျမ်းများ၌ သင်္ချာတဒ္ဓိတ်နှင့် ပူရဏတဒ္ဓိတ်ကို ပေါင်း၍ သင်္ချာတဒ္ဓိတ်ဟူ၍သာ ခေါ်သည်။

## သင်္ချာသဒ္ဒါများနှင့် ပစ္စည်းတွဲစပ်ပုံ

၁။ ဒွိ တိ သင်္ချာသဒ္ဒါများနှင့် တိ(တီယ)ပစ္စည်း
၂။ စတု သင်္ချာသဒ္ဒါနှင့် ထ(တ္ထ)ပစ္စည်း
၃။ ဆသင်္ချာသဒ္ဒါနှင့် ဌ(ဋ္ဌမ)ပစ္စည်း
၄။ ပဉ္စ သတ္တ အဋ္ဌ နဝ ဒသ စသော သင်္ချာသဒ္ဒါများနှင့် မ-ပစ္စည်း
၅။ ဧကအစရှိသော သင်္ချာသဒ္ဒါများနောက်ရှိ ဒသသဒ္ဒါနှင့် ဤ-ပစ္စည်းတို့ကို တွဲစပ်ရမည်။

**ပုံစံ**။ ဒွိ+တယ(တီယ)=ဒုတိယော၊ ဒုတိယာ၊ ဒုတိယံ=နှစ်ခုမြောက်
တနည်း ဒွေယော ဒုတိယော (သွတ္ထတဒ္ဓိတ် တိယပစ္စည်း)
တိ+တိယ(တီယ)=တတိယော၊ တတိယာ၊ တတိယံ=သုံးခုမြောက်
စတု+ထ(တ္ထ)=စတုတ္ထော၊ စတုတ္ထီ, စတုတ္ထာ၊ စတုတ္ထံ=လေးခုမြောက်
စတုန္နံ ပူရဏော စတုတ္ထော၊ စတုန္နံ ပူရဏံ စတုတ္ထံ၊ စတုန္နံ ပူရဏီ စတုတ္ထာ, စတုတ္ထီ (ပူဏရတဒ္ဓိတ်)
တနည်း စတုယော စတုတ္ထော (သွတ္ထတဒ္ဓိတ်)
ပဉ္စ+မ=ပဉ္စမော၊ ပဉ္စမီ=ပဉ္စမာ၊ ပဉ္စမံ=ငါးခုမြောက်
ပဉ္စန္နံ ပူရဏော ပဉ္စမော၊ ပဉ္စန္နံ ပူရဏံ ပဉ္စမံ၊ ပဉ္စန္နံ ပူရဏီ ပဉ္စမာ, ပဉ္စမီ
ဆ+ဌ(ဋ္ဌမ)=ဆဋ္ဌော၊ ဆဋ္ဌီ=ဆဋ္ဌာ၊ ဆဋ္ဌံ=ခြောက်ခုမြောက်
ဆဋ္ဌမော၊ ဆဋ္ဌမီ၊ ဆဋ္ဌမံ။
ဆန္နံ ပူရဏော ဆဋ္ဌော၊ ဆန္နံ ပူရဏံ ဆဋ္ဌံ၊ ဆန္နံ ပူရဏီ ဆဋ္ဌာ, ဆဋ္ဌီ
သတ္တ+မ=သတ္တမော၊ သတ္တမီ=သတ္တမာ၊ သတ္တမံ= ၇-ခုမြောက်
သတ္တန္နံ ပူရဏော သတ္တမော၊ သတ္တန္နံ ပူရဏံ သတ္တမံ၊ သတ္တန္နံ ပူရဏီ သတ္တမာ, သတ္တမီ
အဋ္ဌ+မ=အဋ္ဌမော၊ အဋ္ဌမီ=အဋ္ဌမာ၊ အဋ္ဌမံ=၈-ခုမြောက်
အဋ္ဌန္နံ ပူရဏော အဋ္ဌမော၊ အဋ္ဌန္နံ ပူရဏံ အဋ္ဌမံ၊ အဋ္ဌန္နံ ပူရဏီ အဋ္ဌမာ, အဋ္ဌမီ
နဝ+မ=နဝမော၊ နဝမီ=နဝမာ၊ နဝမံ=၉-ခုမြောက်
နဝန္နံ ပူရဏော နဝမော၊ နဝန္နံ ပူရဏံ နဝမံ၊ နဝန္နံ ပူရဏီ နဝမာ, နဝမီ
ဒသ+မ=ဒသမော၊ ဒသမီ=ဒသမာ၊ ဒသမံ= ၁၀-ခုမြောက်
ဒသန္နံ ပူရဏော ဒသမော၊ ဒသန္နံ ပူရဏံ ဒသမံ၊ ဒသန္နံ ပူရဏီ ဒသမာ, ဒသမီ

**ပဒမာလာ**

| **ပုလ္လိင်** | **နပုလ္လိင်** | **ဣတ္ထိလိင်** | **ဣတ္ထိလိင်** |
|---|---|---|---|
| ဒုတိယော | ဒုတိယံ | ဒုတိယာ | |
| တတိယော | တတိယံ | တတိယာ | |
| စတုတ္ထော | စတုတ္ထံ | စတုတ္ထာ | စတုတ္ထီ |
| ပဉ္စမော | ပဉ္စမံ | ပဉ္စမံ | ပဉ္စမီ |
| ဆဋ္ဌော | ဆဋ္ဌံ | ဆဋ္ဌာ | ဆဋ္ဌီ |
| ဆဋ္ဌမော | ဆဋ္ဌမံ | ဆဋ္ဌမာ | ဆဋ္ဌမီ |
| သတ္တမော | သတ္တမံ | သတ္တမာ | သတ္တမီ |
| အဋ္ဌမော | အဋ္ဌမံ | အဋ္ဌမာ | အဋ္ဌမီ |
| နဝမော | နဝမံ | နဝမာ | နဝမီ |
| ဒသမော | ဒသမံ | ဒသမာ | ဒသမီ |

## သင်္ချာသဒ္ဒါကို ပြောင်းလဲပုံ

၁။ ဒသ–နှင့်တွဲစပ်မည့် ဧက, အဋ္ဌ သင်္ချာသဒ္ဒါတို့၏ 'အ'ကို 'အာ'ပြောင်းရမည်။

ပုံစံ–ဧက+ဒသ=ဧကော စ ဒသ စ ဧကာဒသ/ ဧကာရသ=၁၁–ခု (ဒွန်သမာသ်)
ဧကေန အဓိကာ ဒသ ဧကာဒသ, ဧကာရသ(မဇ္ဈေလောပီ တတိယာ တပ္ပုရိသ်)
အဋ္ဌ+ဒသ=အဋ္ဌ စ ဒသ စ အဋ္ဌာရသ/အဋ္ဌာဒသ=၁၈–ခု
အဋ္ဌဟိ အဓိကာ ဒသ အဋ္ဌာရသ/အဋ္ဌာဒသ
ဧကာဒသမော၊ ဧကာဒသမီ၊ ဧကာဒသမံ=၁၁–ခုမြောက်

## ဧကာဒသ/ ဧကာရသ လိင်သုံးပါး

ဧကာဒသ, ဧကာရသ တစ်ဆယ့်တစ်ယောက်သော ယောကျ်ားတို့သည်
ဧကာဒသ, ဧကာရသ တစ်ဆယ့်တစ်ခုသော စိတ်တို့သည်
ဧကာဒသ, ဧကာရသ တစ်ဆယ့်တစ်ယောက်သော မိန်းမတို့သည်

ဧကာဒသ+ဤ=ဧကာဒသန္တ ပူရဏီ ဧကာဒသီ=၁၁–ယောက်ပြည့်ကြောင်းမိန်းမ(**ဣတ္ထိလိင်သာ–ရှု**)

၂။ ဒွိသင်္ချာသဒ္ဒါကို တိယ(တီယ)ပစ္စည်းနှင့်တွဲစပ်လျှင် 'ဒု'၊ ဒသ ဝီသ စသည်တို့နှင့် တွဲစပ်လျှင် 'ဒွါ'၊ သို့မဟုတ်'ဗာ'၊ တႎသ-တို့နှင့် တွဲစပ်လျှင်'ဒွ'၊ စတ္တာလီသံ-စသည်တို့နှင့် တွဲစပ်လျှင် 'ဒွေ,ဒွါ' ပြောင်းရသည်။

ပုံစံ-ဒွိ+တိယ(တီယ)=ဒုတိယ(ဒုတီယ)
ဒွိ+ဒသ=ဒွေ စ ဒသ စ ဒွါဒသ,ဗာရသ။ ဒွီဟိ အဓိကာ ဒသ ဒွါဒသ,ဗာရသ။
ဒွိ+ဝီသ=ဒွါဝီသ, ဗာဝီသ
ဒွိ+တႎသ=ဒွတ္တႎသ, ဗာတ္တႎသ
ဒွိ+စတ္တာလီသံ=ဒွေစတ္တာလီသံ, ဒွါစတ္တာလီသံ, ဒွိစတ္တာလီသံ။

ပဉ္စာသ-သဒ္ဒါနှင့် တွဲစပ်လျှင် 'ဒွါ'၊ အသီတိသဒ္ဒါနှင့် တွဲစပ်လျှင် 'ဒွေ' မပြောင်းရ။

'ရတ္တိ'သဒ္ဒါတို့နှင့် 'ဒွိ'ကို ဒု, ဒိ၊ ကုလသဒ္ဒါစသည်တို့နှင့်တွဲစပ်လျှင် 'ဗာ'စသည် ပြောင်းနိုင်သေးသည်။

ပုံစံ-ဒွိ+ရတ္တိ=ဒွေ ရတ္တိယော ဒိရတ္တံ=နှစ်ညဥ့်(ဒိဂုသမာသ်)
ဒွိ+ရတ္တိ=ဒွေ ရတ္တိယော ဒုရတ္တံ=နှစ်ညဥ့်(ဒိဂုသမာသ်)
ဒွိ+ဝိဓာ=ဒုဝိဓာ
ဒွိ+အင်္ဂ-ဒုဝင်္ဂ
ဒွိ+ဂုဏ=ဒိဂုဏ
ဒွိ+ဂေါ=ဒိဂု
ဒွိ+ကုလ=ဒွေ ကုလာနိ ယဿာတိ ဗာကုလော=နှစ်ဘက်သောအမျိုးရှိသူ(ဗဟုဗ္ဗီဟိသမာသ်)

၃။ တိယ(တီယ)ပစ္စည်းနှင့်တွဲစပ်လျှင် 'တိ'ကို 'တ'၊ ဒသ-သဒ္ဒါစသည်တို့နှင့် တွဲစပ်လျှင် 'တိ'ကို 'တေ' ပြောင်းရသည်။

ပုံစံ-တိ+တိယ=တတိယ(တတီယ)
တိ+ဒသ=တယော စ ဒသ စ တေရသ, တေဠသ၊ တီဟိ အဓိကာ ဒသ တေရသ,တေဠသ
တိ+စတ္တာလီသ=တေစတ္တာလီသ
တိ+ပဉ္စာ=တေပဉ္စာသ
တိ+နဝုတိ=တေနဝုတိ

၄။ ဒသ–သဒ္ဒါနှင့် တွဲစပ်လျှင် စတု–ကို အချို့ စု, စော ပြောင်းရသည်။

ပုံစံ–စတု+ဒသ=စတ္တာရော စ ဒသ စ စုဒ္ဒသ၊ စတူဟိ အဓိကာ ဒသ စုဒ္ဒသ။
စတု+ဒသ=စောဒ္ဒသ
စတု+ဒသ=စတုဒ္ဒသ

၅။ ဒသ,ဝီသတိ–သဒ္ဒါနှင့် တွဲစပ်မည့် ပဉ္စ–သဒ္ဒါကို အချို့ ပန္န သို့မဟုတ် ပဏ္ဏ သို့ ပြောင်းရသည်။

ပုံစံ–ပဉ္စ+ဒသ=ပဉ္စ စ ဒသ စ ပန္နဒသ, ပန္နရသ, ပဉ္စဒသ။ ပဉ္စဟိ အဓိကာ ဒသ ပဉ္စဒသ။
ပဉ္စ+ဝီသတိ=ပဏ္ဏဝီသတိ

၆။ ဒသ–သဒ္ဒါနှင့်တွဲစပ်မည့် ဆ–ကို 'သော'သို့ ပြောင်းရသည်။

ဆ+ဒသ=သောဠသ

၇။ ဧက–အစရှိသော သင်္ချာနောက်ရှိ ဒသ–၏ ဒ–ကို 'ရ'ပြောင်းရသည်။

ပုံစံ–ဧက+ဒသ=ဧကာရသ
ဒွိ+ဒသ=ဗာရသ
တိ+ဒသ=တေရသ
ပဉ္စ+ဒသ=ပန္နရသ
သတ္တ+ဒသ=သတ္တရသ
အဋ္ဌ+ဒသ=အဋ္ဌာရသ

၈။ တိ, ဆ–သင်္ချာသဒ္ဒါတို့နှင့် တွဲစပ်မည့် ဒသ–၏ 'ဒ'ကို 'ဠ'ပြောင်းရသည်။

ပုံစံ–တိ+ဒသ=တေဠသ
ဆ+ဒသ=သောဠသ

♠ ဧကာဒသန္နံ ပူရဏော **ဧကာဒသော** ဟု ပူရဏတဒ္ဓိတ်ပြု။ အ-ပစ္စည်းသက်၍ ဧကာဒသော ဧကာဒသံ ဧကာဒသီ **သုံးလိင်**ရှိနိုင်သည်။ နဒါဒိတော ဝါ ဤ-သုတ်ဖြင့် ဤသက်၍ ဧကာဒသီဟုဖြစ်သည်။ ဤပစ္စည်းနှင့်အပစ္စည်းသည် အဋ္ဌာရသီ-တိုင်အောင်သာ သက်သည်။ (လယ်တီပဒမာလာ တ ၂၇၁)

**အပစ္စယန္တပဒမာလာ**

| | | | |
|---|---|---|---|
| ဧကာဒသော | ဧကာဒသံ | ဧကာဒသာ | ဧကာဒသီ |
| ဒွါဒသော | ဒွါဒသံ | ဒွါဒသာ | ဒွါဒသီ |
| ဗာရသော | ဗာရသံ | ဗာရသာ | ဗာရသီ |
| တေဒသော | တေဒသံ | တေဒသာ | တေဒသီ |
| တေရသော | တေရသံ | တေရသာ | တေရသီ |
| တေဠသော | တေဠသံ | တေဠသာ | တေဠသီ |
| စတုဒ္ဒသော | စတုဒ္ဒသံ | စတုဒ္ဒသာ | စတုဒ္ဒသီ |
| စုဒ္ဒသော | စုဒ္ဒသံ | စုဒ္ဒသာ | စုဒ္ဒသီ |
| စောဒ္ဒသော | စောဒ္ဒသံ | စောဒ္ဒသာ | စောဒ္ဒသီ |
| ပဉ္စဒသော | ပဉ္စဒသံ | ပဉ္စဒသာ | ပဉ္စဒသီ |
| ပန္နရသော | ပန္နရသံ | ပန္နရသာ | ပန္နရသီ |
| သောဠသော | သောဠသံ | သောဠသာ | သောဠသီ |
| သတ္တဒသော | သတ္တဒသံ | သတ္တဒသာ | သတ္တဒသီ |
| သတ္တရသော | သတ္တရသံ | သတ္တရသာ | သတ္တရသီ |
| အဋ္ဌာရသော | အဋ္ဌာရသံ | အဋ္ဌာရသာ | အဋ္ဌာရသီ |
| နဝဒသော | နဝဒသံ | နဝဒသာ | နဝဒသီ |

♠ မ-ပစ္စည်းသက်၍ ဧကာဒသမော ဧကာဒသမံ ဧကာဒသမာ ဧကာဒသမီ **သုံးလိင်**ရှိနိုင်သည်။ (နိရုတ္တိဒီပနီ)

| | | | |
|---|---|---|---|
| ဧကာဒသမော | ဧကာဒသမံ | ဧကာဒသမာ | ဧကာဒသမီ |
| ဒွါသမော | ဒွါသမံ | ဒွါသမာ | ဒွါသမီ |
| ဗာရသမော | ဗာရသမံ | ဗာရသမာ | ဗာရသမီ |
| တေရသမော | တေရသမံ | တေရသမာ | တေရသမီ |
| တေဠသမော | တေဠသမံ | တေဠသမာ | တေဠသမီ |
| စတုဒ္ဒသမော | စတုဒ္ဒသမံ | စတုဒ္ဒသမာ | စတုဒ္ဒသမီ |
| စုဒ္ဒသမော | စုဒ္ဒသမံ | စုဒ္ဒသမာ | စုဒ္ဒသမီ |
| စောဒ္ဒသမော | စောဒ္ဒသမံ | စောဒ္ဒသမာ | စောဒ္ဒသမီ |

| | | | |
|---|---|---|---|
| ပဉ္စဒသမော | ပဉ္စဒသမံ | ပဉ္စဒသမာ | ပဉ္စဒသမီ |
| ပန္နရသမော | ပန္နရသမံ | ပန္နရသမာ | ပန္နရသမီ |
| ပဏ္ဏရသမော | ပဏ္ဏရသမံ | ပဏ္ဏရသမာ | ပဏ္ဏရသမီ |
| သောဠသမော | သောဠသမံ | သောဠသမာ | သောဠသမီ |
| သတ္တဒသမော | သတ္တဒသမံ | သတ္တဒသမာ | သတ္တဒသမီ |
| သတ္တရသမော | သတ္တရသမံ | သတ္တရသမာ | သတ္တရသမီ |
| အဋ္ဌာဒသမော | အဋ္ဌာဒသမံ | အဋ္ဌာဒသမာ | အဋ္ဌာသမီ |
| အဋ္ဌာရသမော | အဋ္ဌာရသမံ | အဋ္ဌာရသမာ | အဋ္ဌာရသမီ |

**စည်းမျဉ်းများ**

၃၀။ သင်္ချာပူရဏေမော။ သင်္ချာ၏ပြည့်ကြောင်းအနက်၌ မ-ပစ္စည်းသက်သည်။ (လေးခုပြီးသည့်အခါ ငါးခုပြည့်ရန် တခုထပ်တည့်ရသည်။ထိုနောက်ထပ်ထည့်ရသော တခုသည် ပဉ္စမ-ငါးခုမြောက်တခု ဖြစ်၏။ ထို့အတူ ခုနစ်ခုမြောက်တခု ရှစ်ခုမြောက်တခု စသည်ဖြင့် တခုခုကိုသာ ပူရဏအနက်ဟုမှတ်။

၃၁။ သ ဆဿ ဝါ။ သင်္ချာအရာ၌ 'ဆ'သည် 'သ'သို့ ရံခါ ပြောင်းသည်။

၃၂။ ဧကာဒိတော ဒသဿီ။ သင်္ချာ၏ပြည့်ကြောင်းအနက်၌ ဧကအစရှိသော သဒ္ဒါမှနောက်ရှိ ဒသ၏အဆုံး၌ ဤ ပစ္စည်ဒသက်သည်။(ဤသုတ်က ဤပစ္စည်းဆုံးသောပုဒ်များသည် ဣတ္ထိလိင်သာတည်း။ နဒါဒိဂိုဏ်းတည်း။

၃၃။ ဒသေ သော နိစ္စဉ္စ။ ဒသကြောင့် ဆသင်္ချာသဒ္ဒါကို အမြဲ သော-ပြု။

၃၄။ အန္တေ နိဂ္ဂဟီတဉ္စ။ သင်္ချာသဒ္ဒါ၏အဆုံး၌ နိဂ္ဂဟိတ်လာသည်။ စာတုဒ္ဒသိံ, ပဉ္စဒသိံ။ (ရူပသိဒ္ဓိ၌ ဤသုတ်မရှိ။ သဒ္ဒနီတိကား စာတုဒ္ဒသိံ, ပဉ္စဒသိံ၌ အစ္စန္တသံယောဂအနက်၌ ဒုတိယာဝိဘတ်ဟုဆိုသည်။

၃၅။ တိစ။ သင်္ချာသဒ္ဒါတို့ အဆုံး၌ တိအက္ခရာလာသည်။ ဝီသတိ၊ တိံသတိ။

၃၆။ လ ဒရာနံ။ သင်္ချာအရာ၌ ဒ,ရ ကို **ပိုင်းခြားသောအားဖြင့်** လပြု။(သောဠသ၌ နိစ္စဝိဓိ-အမြဲပြု၊ စတ္တာလီသ, တေရသတို့၌ စတ္တာရီသ, တေရသဟုလည်ရှိသောကြောင့် အနိစ္စဝိဓိ-ရံခါပြု၊ စုဒ္ဒသ,ပန္နရသတို့၌ လအပြုမရှိ-အသန္တဝိဓိ)

၃၇။ ဝီသတိ ဒသေသု ဗာ ဒွိဿ တု။ ဝီသတိ, ဒသ, တိံသ သဒ္ဒါ တို့ကြောင့် ဒွိကို ဗာပြု။

၃၈။ ဧကာဒိတော ဒသ ရ သင်္ချာနေ။ သင်္ချာသဒ္ဒါကြောင့် ဧကအစရှိသော သဒ္ဒါမှနောက်ဖြစ်သော ဒသ-၌ ဒ-သည် ရ-သို့ပြောင်းသည်။

၃၉။ အဋ္ဌာဒိတော စ။ သင်္ချာသဒ္ဒါကြောင့် အဋ္ဌအစရှိသော သဒ္ဒါမှနောက်ဖြစ်သော ဒသ-၌ ဒ-သည် ရ-သို့ပြောင်းသည်။

၄၀။ ဒွေကဋ္ဌာန မာကာရော ဝါ။ သင်္ချာသဒ္ဒါကြောင့် ဒွိ ဧက အဋ္ဌသဒ္ဒါတို့၏ အဆုံးသရသည် ပိုင်းခြားသောအား ဖြင့် အာ သို့ပြောင်းသည်။

၄၁။ စတုဆေဟိ ထ ဋ္ဌာ။ သင်္ချာ၏ပြည့်ကြောင်းအနက်၌ စတု, ဆ-သဒ္ဒါတို့မှနောက်၌ ထ, ဋ္ဌ ပစ္စည်းသက်သည်။

၄၂။ ဒွိတီဟိ တိယော။ သင်္ချာ၏ပြည့်ကြောင်းအနက်၌ ဒွိ, တိ-သဒ္ဒါတို့မှနောက်၌ တိယ(တီယ) ပစ္စည်းသက်သည်။

၄၃။ တိယေ ဒုတာပိစ။ တိယပစ္စည်းကြောင့် ဒွိ တိ တို့သည် ဒု တ-သို့ ပြောင်းကြသည်။

(အခြေပြုသဒ္ဒါ ၅၂၉-၅၃၈)

## ဝီသ–စသော သင်္ချာသဒ္ဒါတို့ ဖြစ်ပေါ်လာပုံ

သဒ္ဒါအများကို သဒ္ဒါတခုတည်း၌ ပေါင်းထားခြင်းသည် ဧကသိသ်မည်၏။

## ဝီသ, ဝီသတိ, ဝီသတိမ

နှစ်ဆယ်ဟူသော အနက်ကို ညွှန်ပြသော ဒသ–သဒ္ဒါနှစ်ခုကို ဒသ–တခုကြွင်းပြု၍၊ ယော–ဝိဘတ်ဆက်သွယ်ပြီး ဒသ–သဒ္ဒါကို ဝီ, ယောဝိဘတ်ကို ဤသံပြောင်းလျှင် ဝီသံ–ဟု ဖြစ်သည်။ တဖန် ဝီသံ၏ အဆုံးနိဂ္ဂဟိတ်ကိုချေ၍ 'တိ'လာလျှင် 'ဝီသတိ'ဟု ဖြစ်၏။ တဖန် ဝီသတိ၏အဆုံး၌ မပစ္စည်း ဆက်သွယ်လျှင် 'ဝီသတိမ'ဟု ဖြစ်၏။

| | |
|---|---|
| ၁။ ဝီသံ, ဝီသတိ=နှစ်ဆယ် | ဝီသတိမ=နှစ်ဆယ်မြောက် |
| ၂။ ဧကဝီသံ, ဧကဝီသတိ=၂၁–ခု | ဧကဝီသတိမ=၂၁–ခုမြောက် |
| ၃။ ဗာဝီသံ, ဗာဝီသတိ<br>ဒွါဝီသံ, ဒွါဝီသတိ=၂၂–ခု | ဗာဝီသတိမ, ဒွါဝီသတိမ=၂၂–ခုမြောက် |
| ၄။ တေဝီသံ, တေဝီသတိ=၂၃–ခု | တေဝီသတိမ=၂၃–ခုမြောက် |
| ၅။ စတုဝီသံ,စတုဝီသတိ(စတုဗ္ဗီသ)=၂၄–ခု | စတုဝီသတိမ=၂၄–ခုမြောက် |
| ၆။ ပဏ္ဏဝီသံ,ပဏ္ဏဝီသတိ,ပဉ္စဝီသံ,ပဉ္စဝီသတိ=၂၅–ခု | ပဏ္ဏဝီသတိမ,ပဉ္စဝီသတိမ=၂၅–ခုမြောက် |
| ၇။ ဆဗ္ဗီသံ,ဆဗ္ဗီသတိ=၂၆–ခု | ဆဗ္ဗီသတိမ=၂၆–ခုမြောက် |
| ၈။ သတ္တဝီသံ, သတ္တဝီသတိ=၂၇–ခု | သတ္တဝီသတိမ=၂၇–ခုမြောက် |
| ၉။ အဋ္ဌဝီသံ,အဋ္ဌဝီသတိ=၂၈–ခု | အဋ္ဌဝီသတိမ=၂၈–ခုမြောက် |
| ၁၀။ ဧကူနတႎသံ,ဧကူနတႎသတိ=၂၉–ခု | ဧကူနတႎသတိမ=၂၉–ခုမြောက် |

## တႎသ, တႎသတိ, တႎသတိမ

သုံးဆယ်ဟူသော အနက်ကို ညွှန်ပြသော ဒသ–သုံးခုကို တခုကြွင်းပြုထားသော 'ဒသ'ကို တိ, နောက်က ဆက်သွယ်ထားသော ယောဝိဘတ်ကို 'ဤသ' ဆက်လက်၍, 'ဤသံ'၌ 'ဤ'ကို ရဿ, တိ–၌ နိဂ္ဂဟိတ်လာလျှင် 'တႎသံ'ဟု ဖြစ်၏။ အဆုံး၌ တိ–လာလျှင် တႎသတိ၊ တဖန် အဆုံး၌ မ–လာလျှင် တႎသတိမ–ဟု ဖြစ်၏။

| | |
|---|---|
| ၁။ တႎသံ, တႎသတိ=သုံးဆယ် | တႎသတိမ=၃၀–မြောက် |
| ၂။ ဧကတႎသံ, ဧကတႎသတိ=၃၁–ခု | |
| ၃။ ဗာတ္တႎသံ,ဒွတ္တႎသံ=၃၂–ခု | |
| ၄။ တေတ္တႎသံ=၃၃ | |

၅။ စတုတ္ထီ သံ=၃၄
၆။ ပဥ္စတ္ထီ သံ=၃၅
၇။ ဆတ္ထီ သံ=၃၆
၈။ သတ္တတီ သံ=၃၇
၉။ အဠ္ဌတ္ထီ သံ=၃၈
၁၀။ ကေူနစတ္တာလီသံ=၃၉

## စတ္တာလီသံ, တာလီသံ

လေးဆယ်အနက်ဟော ဒသ–လေးခုကို တစ်ခုကြွင်းပြုထားသော ဒသ–ကို 'စတ္တာရ' နောက်ကဆက်သွယ်ထားသော ယော–ဝိဘတ်ကို 'ဤသံ' စတ္တာရ–၏ ရ–ကို လ–ပြောင်းလျှင် 'စတ္တာလီသံ'ဟု ဖြစ်၏။ စတ္တာလီသံ–၌ အစ'စ'နှင့် တ–တစ်လုံးကို ချေလိုက်သော် 'တာလီသံ'ဟု ဖြစ်၏။

၁။ စတ္တာလီသံ, တာလီသံ=၄၀
၂။ ဧကစတ္တာလီသံ=၄၁
၃။ ဒွိစတ္တာလီသံ, ဒွေစတ္တာလီသံ=၄၂
၄။ တိစတ္တာလီသံ, တေစတ္တာလီသံ=၄၂
၅။ စတုစတ္တာလီသံ=၄၄
၆။ ပဥ္စစတ္တာလီသံ=၄၅
၇။ ဆစတ္တာလီသံ=၄၆
၈။ သတ္တစတ္တာလီသံ=၄၇
၉။ အဠ္ဌစတ္တာလီသံ=၄၈
၁၀။ ကေူနပညာသံ=၄၉

## ပညာသ, ပဏ္ဏာသ

ငါးဆယ်အနက်ဟော ဒသ–ငါးခုကို တစ်ခုကြွင်းပြုထားသော ဒသ–ကို ပညာ (သို့မဟုတ်) ပဏ္ဏာ၊ ဆက်သွယ်ထားသော ယောဝိဘတ်ကို 'အာသံ'ပြောင်းလျှင် 'ပညာသံ, ပဏ္ဏာသံ'ဟု ဖြစ်၏။

၁။ ပညာသံ, ပဏ္ဏာသံ=၅၀
၂။ ဧကပညာသံ=၅၁
၃။ ဒွိပညာသံ, ဒွေပညာသံ=၅၂
၄။ တေပညာသံ=၅၃
၅။ စတုပညာသံ=၅၄
၆။ ပဥ္စပညာသံ=၅၅
၇။ ဆပ္ပညာသံ=၅၆
၈။ သတ္တပညာသံ=၅၇
၉။ အဠ္ဌပညာသံ=၅၈
၁၀။ ကေူနသဋ္ဌိ=၅၉

## သဋ္ဌိ

ခြောက်ဆယ်အနက်ဟော ဒသ–ခြောက်ခုကို တစ်ခုကြွင်းပြုထားသော ဒသ–ကို ဆ၊ ဆက်သွယ်ထားသော ယောဝိဘတ်ကို 'ဋ္ဌိ'၊ 'ဆ'ကို 'သ'ပြောင်းလျှင် 'သဋ္ဌိ'ဟု ဖြစ်၏။

၁။ သဋ္ဌိ=၆၀
၂။ ဧကသဋ္ဌိ=၆၁
၃။ ဒွါသဋ္ဌိ,ဒွိသဋ္ဌိ,ဒွေသဋ္ဌိ=၆၂
၄။ တေသဋ္ဌိ, တိသဋ္ဌိ=၆၃
၅။ စတုသဋ္ဌိ=၆၄
၆။ ပဉ္စသဋ္ဌိ=၆၅
၇။ ဆသဋ္ဌိ=၆၆
၈။ သတ္တသဋ္ဌိ=၆၇
၉။ အဋ္ဌသဋ္ဌိ=၆၈
၁၀။ ဧကူနသတ္တတိ=၆၉

## သတ္တတိ, သတ္တရိ

ခုနစ်ဆယ်အနက်ဟော ဒသ–ခုနစ်ခုကို တစ်ခုကြွင်းပြုထားသော ဒသ–ကို သတ္တ၊ ဆက်သွယ်ထားသော ယောဝိဘတ်ကို 'ရိ' သို့မဟုတ် 'တိ' ပြောင်းလိုက်လျှင် 'သတ္တတိ,သတ္တရိ'ဟု ဖြစ်၏။

၁။ သတ္တတိ,သတ္တရိ=၇၀
၂။ ဧကသတ္တတိ=၇၁
၃။ ဒွါသတ္တတိ, ဒွါသတ္တရိ
ဒွိသတ္တတိ,ဒွေသတ္တရိ=၇၂
၄။ တေသတ္တတိ, တိသတ္တတိ=၇၃
၅။ စတုသတ္တတိ=၇၄
၆။ ပဉ္စသတ္တတိ=၇၅
၇။ ဆသတ္တတိ=၇၆
၈။ သတ္တသတ္တတိ=၇၇
၉။ အဋ္ဌသတ္တတိ=၇၈
၁၀။ ဧကူနာသီတိ=၇၉

## အသီတိ

ရှစ်ဆယ်အနက်ဟော ဒသ–ရှစ်ခုကို တစ်ခုကြွင်းပြုထားသော ဒသ–ကို အသ၊ ဆက်သွယ်ထားသော ယောဝိဘတ်ကို 'ဤတိ' ပြောင်းလိုက်လျှင် 'အသီတိ'ဟု ဖြစ်၏။

၁။ အသီတိ=၈၀
၂။ ဧကာသီတိ=၈၁
၃။ ဒွေအသီတိ,ဒွါသီတိ=၈၂
၄။ တေအသီတိ=၈၃
၅။ စတုရာသီတိ=၈၄
၆။ ပဉ္စာသီတိ=၈၅
၇။ ဆအသီတိ=၈၆
၈။ သတ္တာသီတိ=၈၇
၉။ အဋ္ဌာသီတိ=၈၈
၁၀။ ဧကူနနဝုတိ=၈၉

## နဝုတိ

ကိုးဆယ်အနက်ဟော ဒသ–ကိုးခုကို တစ်ခုကြွင်းပြုထားသော ဒသ–ကို နဝ၊ ဆက်သွယ်ထားသော ယောဝိဘတ်ကို 'ဥတိ' ပြောင်းလိုက်လျှင် 'နဝုတိ'ဟု ဖြစ်၏။

၁။ နဝုတိ=၉၀
၂။ ဧကနဝုတိ=၉၁
၃။ ဒွိနဝုတိ,ဒွေနဝုတိ,
ဒွါနဝုတိ=၉၂
၄။ တေနဝုတိ,တိနဝုတိ=၉၃
၅။ စတုနဝုတိ=၉၄
၆။ ပဉ္စနဝုတိ=၉၅
၇။ ဆနဝုတိ, ဆန္နဝုတိ=၉၆
၈။ သတ္တနဝုတိ=၉၇
၉။ အဋ္ဌနဝုတိ=၉၈
၁၀။ နဝနဝုတိ, ဧကူနသတံ=၉၉

### စည်းမျဉ်းများ

၄၅။ သရူပါနႉမေကသေသွႉသကိံ။ အဓိပ္ပါယ်တူသောစကားလုံးတလုံးကို အကြိမ်ကြိမ်ဆိုရာ၌ နှစ်ပုဒ်သုံးဖြစ်နေလျှင် တပုဒ်တည်းပြုပါ။ (ဤသို့ပြုခြင်းကို ဧကသေသ်ဟု ခေါ်သည်)

၄၆။ ဂဏနေ ဒသဿ ဒွိ တိ စတု ပဉ္စ ဆ သတ္တ အဋ္ဌ နဝကာနံ ဝီ တိ စတ္တာရ ပညာ ဆ သတ္တာႉသနဝါ ယောသု, ယောနဉ္စီသႉမာသံ ဌိ ရိႉတီတုတိ။ ဂဏန်းသင်္ချာအရာ၌ ယောဝိဘတ်တို့ကြောင့် ဒသသဒ္ဒါ၏ နှစ်ခုအပေါင်း သုံးခုအပေါင်း လေးခုအပေါင်း ငါးခုအပေါင်း ခြောက်ခုအပေါင်း ခုနစ်အပေါင်း ရှစ်ခုအပေါင်း ကိုးခုအပေါင်းးတို့ကို ဝီ တိ စတ္တာရ ပညာ ဆ သတ္တ အသ နဝ–သို့ ပြောင်းပါ။ ယောဝိဘတ်ကိုလည်း ဤသံ အာသံ ဌိ ရိ တိ ဤတိ ဥတိ သို့ပြောင်းပါ။(အခြေပြုသဒ္ဒါ ၅၃၉–၅၄၂)

၅၀။ ဒသဒသကံ သတံ, ဒသကာနံ သတံ သဟဿဉ္စ ယောမှိ။ ယောဝိဘတ်ကြောင့် ဒသ–ဆယ်ခုအပေါင်းကို သတ–ဟု ဧကသေသ်ပြု, သတ–ဆယ်ခုကို သဟဿ–ဟု ဧကသေသ်ပြု။

၅၁။ ယာဝ တဒုတ္တရိ ဒသဂုဏိတဉ္စ။ သဟဿမှဆက်၍ အထက်အသင်္ချေယျတိုင်အောင် ဆယ်ခုဖြင့် မြှောက်။ (အခြေပြုသဒ္ဒါ ၅၄၇–၅၅၀)

## သတ, သဟဿ စသည်

တစ်ရာအနက်ဟော ဒသ–ဆယ်ခုကို တစ်ခုကြွင်းပြုထားသော ဒသ–ကို သတံ–ပြောင်း၍ ဆက်သွယ်ထားသော ချေလိုက်လျှင် 'သတံ'ဟု ဖြစ်၏။

| | |
|---|---|
| သတံ=၁၀၀ | ဒွိသတံ=၂၀၀ |
| တိသတံ=၃၀၀ | စတုသတံ=၄၀၀ |
| ပဉ္စသတံ=၅၀၀ | ဆသတံ=၆၀၀ |
| သတ္တသတံ=၇၀၀ | အဋ္ဌသတံ=၈၀၀ |
| နဝသတံ=၉၀၀ | |

## သဟဿ စသည်ဖြစ်ပုံ

တစ်ထောင်ဟူသော အနက်ကိုညွှန်ပြသည့် သတ–ဆယ်ခုကို တခုကြွင်းပြုထားသော သတ–သဒ္ဒါကို သဟဿံ–ပြောင်း၍ ယောဝိဘတ်ကို ချေလျှင် **သဟဿံ**–ဖြစ်သည်။ ထိုတစ်ထောင်းအနက်ဟော သဟဿသဒ္ဒါကို တစ်ဆယ်ဖြင့် မြှောက်ပွားလျှင် တစ်သောင်း–အနက်ကို ညွှန်ပြသော **ဒသသဟဿံ**–ဟု ဖြစ်သည်။ ၎င်းကို **နဟုတ** သို့မဟုတ် **နယုတ**–ဟုလည်း သုံးစွဲနိုင်သည်။ ယင်း ဒသသဟဿ–ကို တစ်ဆယ်ဖြင့် မြှောက်လျှင် တစ်သိန်းအနက်ကို ညွှန်ပြသော **သတသဟဿံ**–ဟု ဖြစ်သည်။ ၎င်းကို **လက္ခံ**–ဟုလည်း သုံးစွဲနိုင်သည်။

ယင်း သတသဟဿံ–ကို တစ်ဆယ်ဖြင့် မြှောက်ပြန်လျှင် တစ်သန်းအနက်ကို ညွှန်ပြသော **ဒသသတသဟဿံ**–ဟု ဖြစ်သည်။ ထိုတစ်သန်းသင်္ချားကို ပါဠိကျမ်းစာများ၌ သုံးစွဲရိုးမရှိပေ။ ထို့ကြောင့် အဘိဓာန်၌လည်းကောင်း သတံ သဟဿံ နိယုတံ လက္ခံ ကောဋိ ပကောဋိ = ရာ ထောင် သောင်း သိန်း ကုဋေ ပကုဋေ စသည်ဖြင့် အစဉ်ကို ညွှန်ပြသည်။

ယင်း'ဒသသတသဟဿ'ကို တစ်ရာဖြင့် မြှောက်ပွားလျှင် တစ်ကုဋေအနက်ကို ညွှန်ပြသော **'ကောဋိ'** ဖြစ်၏။ ယင်းကောဋိကို သိန်းတရာဖြင့် မြှောက်ပွားလျှင် **'ပကောဋိ'** ဖြစ်၏။ ယင်းပကောဋိကို သိန်းတစ်ရာဖြင့် မြှောက်ပွား လျှင် **'ကောဋိပကောဋိ'**ဟု ဖြစ်၏။ ယင်း 'ကောဋိပကောဋိ'ကို သိန်းတစ်ရာဖြင့် မြှောက်ပွားလျှင် **'နဟုတ'**ဟု ဖြစ်၏။ ယင်း'နဟုတ'ကို သိန်းတစ်ရာဖြင့် မြှောက်ပွားလျှင် **'နိန္နဟုတ'**ဟု ဖြစ်၏။ ယင်း'နိန္နဟုတ'ကို သိန်းတစ်ရာဖြင့် မြှောက်ပွားလျှင် **'အက္ခောဘိနီ'**ဟု ဖြစ်၏။ ဤသို့စသည်ဖြင့် သိန်းတရားဖြင့် မြှောက်ပွားလျှင် **ဗိန္ဒု အဗ္ဗုဒ နိရဗ္ဗုဒ အဟဟ အဗဗ အဋဋ သောဂန္ဓိ ဥပ္ပလ ကုမုဒ ပုဏ္ဍရိက ပဒုမ ကထာန မဟာကထာန** ဟူသော သင်္ချာတို့ဖြစ်ကုန်၏။ ယင်း'မဟာကထာန'ကို သိန်းတစ်ရာဖြင့် မြှောက်ပွားလျှင် 'အသင်္ချေယျ'ဟု ဖြစ်၏။ တစ်အသင်္ချေလျှင် တစ်တစ်လုံး သုညပေါင်း (၁၄၀)ရှိ၏။

ပထမလတ်တန်း ပါဠိသဒ္ဒါအသုံးအနှုန်း ၁၇၀–၁၈၀
လယ်တီပဒမာလာ တ ၂၆၁–၃၁၈
စနစ်သစ်ပါဠိသဒ္ဒါ ဒု ၁၂၅–၁၃၂၊ ၄၄၅–၄၅၃

## သင်္ချာခေါ်ပုံ တက်ပုံ ဇယား

| သင်္ချာအမည် | | သုညရေ |
|---|---|---|
| ဧက | (တစ်) | |
| ဒွိ | (နှစ်) | |
| တိ | (သုံး) | |
| စတု | (လေး) | |
| ပဉ္စ | (ငါး) | |
| ဆ | (ခြောက်) | |
| သတ္တ | (ခုနစ်) | |
| အဋ္ဌ | (ရှစ်) | |
| နဝ | (ကိုး) | |
| ဒသ | (ဆယ်) | ၁ |
| သတ | (ရာ) | ၂ |
| သဟဿ | (ထောင်) | ၃ |
| ဒသသဟဿ | (သောင်း) | ၄ |
| သတသဟဿ | (သိန်း) | ၅ |
| ဒသသတသဟဿ | (သန်း) | ၆ |
| ကောဋိ | (ကုဋေ) | ၇ |

(ဤမှနောက် သုည ၇-ခုစီတိုး)

| | | |
|---|---|---|
| ပကောဋိ | (ပကုဋေ) | ၁၄ |
| ကောဋိပကောဋိ | (ကုဋေပကုဋေ) | ၂၁ |

| သင်္ချာအမည် | သုညရေ |
|---|---|
| နဟုတ | ၂၈ |
| နိန္နဟုတ | ၃၅ |
| အက္ခောဘိဏီ | ၄၂ |
| ဗိန္ဒု | ၄၉ |
| အဗ္ဗုဒ | ၅၆ |
| နိရဗ္ဗုဒ | ၆၃ |
| အဟဟ | ၇၀ |
| အဗဗ | ၇၇ |
| အဋ္ဋဋ | ၈၄ |
| သောဂန္ဓိက | ၉၁ |
| ဥပ္ပလ | ၉၈ |
| ကုမုဒ | ၁၀၅ |
| ပဒုမ | ၁၁၂ |
| ပုဏ္ဍရိက | ၁၁၉ |
| ကထာန | ၁၂၆ |
| မဟာကထာန | ၁၃၃ |
| အသင်္ချေယျ | ၁၄၀ |

(ဇယား ကစ္စာယနဗျာကရဏစက္ကုကျမ်း-၁၅၈)

## အဗျယတဒ္ဓိတ်

အဗျယတဒ္ဓိတ် သုံးမျိုး
(က) ဝါရတဒ္ဓိတ်
(ခ) ဝိဘာဂ[၁]တဒ္ဓိတ်
(ဂ) ပကာရတဒ္ဓတ်

### (က) **ဝါရတဒ္ဓိတ်**

အလှည့်အကြိမ် အနက်ဟော 'က္ခတ္တုံ'ပစ္စည်းကို ဧကစသော သချ်ာသဒ္ဒါများနှင့် တွဲစပ်ခြင်းကို ဝါရတဒ္ဓိတ်ဟု ခေါ်သည်။

ပုံစံ– ဧက+က္ခတ္တုံ=ဧကော ဝါရော ဧကက္ခတ္တုံ(အဗျယတဒ္ဓိတ်) ဧကဿ သကိံ ဧကက္ခတ္တုံ(ဆဋ္ဌီတပ္ပုရိသ်)
(သကိံကို က္ခတ္တုံပြု) တစ်ကြိမ်
ဒွိ+က္ခတ္တုံ=ဒွေ ဝါရေ (တနည်း) ဒွိန္နံ သကိံ ဒွိက္ခတ္တုံ=နှစ်ကြိမ်
ဒွိ+တိ+က္ခတ္တုံ=ဒွတ္တိက္ခတ္တုံ=နှစ်ကြိမ် သုံးကြိမ်
သတ+က္ခတ္တုံ=သတံ ဝါရေ (တနည်း) သတဿ သကိံ သတက္ခတ္တုံ=အကြိမ်တရာ
သဟဿ+က္ခတ္တုံ=သဟဿံ ဝါရော (တနည်း) သဟဿ သကိံ သဟဿက္ခတ္တုံ=အကြိမ်တစ်ထောင်
(တနည်း သဟဿေန ဝိဘာဂေန သဟဿက္ခတ္တုံ၊ အဗျယတဒ္ဓိတ် ဝိဘာဂအနက် က္ခတ္တုံသက်)
ဗဟု+က္ခတ္တုံ=ဗဟု ဝါရေ (တနည်း) ဗဟူနံ ဝါရေ ဗဟုက္ခတ္တုံ=အကြိမ်များစွာ
ကတိ+က္ခတ္တုံ=ကတိ ဝါရေ (တနည်း) ကတိန္နံ ဝါရေ ကတိက္ခတ္တုံ=အကြိမ်အဘယ်မျှနည်း။ ဘယ်နှစ်ကြိမ်လဲ။

### (ခ) **ဝိဘာဂတဒ္ဓိတ်**

ဝေဖန်အပ်သော အဖို့အစုအနက်ကို ညွှန်ပြသော 'ဓာ, ဇ္ဈံ, သော, ပစ္စည်းတို့နှင့် ဧက–စသော သချ်ာသဒ္ဒါတို့ တွဲစပ်ခြင်းသည် 'ဝိဘာဂတဒ္ဓိတ်' မည်သည်။

ပုံစံ– ဧက+ဓာ=ဧကော ဝိဘာဂေါ ဧကဓာ၊ ဧကံ ဝိဘာဂံ ဧကဓာ၊ ဧကေန ဝိဘာဂေန ဧကဓာ၊
(ပ) ဧကသ္မိံ ဝိဘာဂေ ဧကဓာ(အဗျယတဒ္ဓိတ် ဝိဘာဂအနက် ဓာပစ္စည်း)=တစ်ပါးသော အဘို့အစု
ဒွိ+ဓာ=ဒွေ ဝိဘာဂေါ, ဒွေ ဝိဘာဂံ, ဒွီဟိ ဝိဘာဂေန(ပ)ဒွီသု ဝိဘာဂေသု ဒွိဓာ,ဒုဓာ,ဒွေဓာ=၂–ဖို့ ၂–စု
(ဒွိ၏ဣကို ဧ–ပြောင်းသည်)
ဗဟု+ဓာ=ဗဟုဓာ=များစွာသော အဖို့အစု
ဧက+ဇ္ဈံ=ဧကော ဝိဘာဂေါ ဧကဇ္ဈံ=တပေါင်းတည်း

[၁] လယ်တီ ပဒမာလာ, ပုဒ်စစ်ကျမ်း၌ ဝိဘာဂတဒ္ဓိတ်ကို သာမညတဒ္ဓိတ်၌ သွင်းသည်။

ဒွိ+ဓူ=ဒွေ ဝိဘာဂေါ ဒွေဓူ=၂-ဖို့ ၂-စု၊ ၂-ဖြာ
သုတ္တ+သော=သုတ္တေန ဝိဘာဂေန သုတ္တသော=မာတိကာဟူသော အဖို့အစုအားဖြင့်
ယောနိ+သော=ယောနိသော=အသင့်အားဖြင့်(အဗျယတဒ္ဓိတ် ကေဝလ တတိယတ္ထ၌ သောပစ္စည်း
တနည်း ယောနိနာမ်ပုဒ်နောင် နာဝိဘတ်ကို သောပြု)

## (ဂ) **ပကာရတဒ္ဓိတ်**

အထူးအပြားဟူသော အနက်ကို ညွှန်ပြသော 'ထာ, ထတ္တာ'ပစ္စည်းတို့နှင့် 'တ,ကိံ'စသော (သဗ္ဗနာမ်) နာမ်စား သဒ္ဒါတို့ တွဲစပ်ခြင်းသည် 'ပကာရတဒ္ဓိတ်' မည်သည်။

ပုံစံ- တ+ထာ=သော ပကာရော, တေ ပကာရာ, တံ ပကာရံ, (ပ) တေသု ပကာရေသု တထာ=ထို အထူးအပြား
သဗ္ဗ+ထာ=သဗ္ဗော ပကာရော သဗ္ဗထာ=ခပ်သိမ်းသော အထူးအပြား
တ+ထတ္တာ=သော ပကာရော(ပ) တေသု ပကာရေသု တထတ္တာ=ထို အထူးအပြား
အည+ထတ္တာ=အညော ပကာရော အညထတ္တာ=တပါးသော အထူးအပြား
ကိံ+ထံ=ကော ပကာရော (ပ) ကေသု ပကာရေသု ကထံ=အဘယ်အထူးအပြားနည်း
ဣမ+တ္ထံ=အယံ ပကာရော ဣတ္ထံ=ဤ အထူးအပြား

ဤ၀ါရတဒ္ဓိတ် ဝိဘာဂတဒ္ဓိတ် ပကာရတဒ္ဓိတ် တို့ကို ယင်းတဒ္ဓိတ်များ၌ ပါဝင်သော ပစ္စည်းများသည် လိင်ဝိဘတ်တို့ကြောင့် ပြောင်းလဲမှုမရှိသောကြောင့် 'အဗျယတဒ္ဓိတ်'ဟု ခေါ်သည်။

ပြလတ္တံ့သော ဓေ, ဇ္ဇု ပစ္စည်းဆုံးသော ပုဒ်များလည်း အဗျယတဒ္ဓိတ်ပုဒ်များပင် ဖြစ်ကြသည်။

ပုံစံ- ဣမ+ဓေ=ဣသ္မိံ ကာလေ(ကာလအနက်) /ဣမသ္မိံ ဒိဝသေ(ဒိဝသအနက်) အဓေ=ဤအခါ၌(ယခုအခါ၌, ဤနေ့၌,ယနေ့၌)
သမာန+ဇ္ဇု=သမာနေ ကာလေ သဇ္ဇု=တူသောအခါ၌(ယခုချက်ချင်း, နေ့ချင်း)
အပရ+ဇ္ဇု=အပရသ္မိံ ဒိဝသေ အပရဇ္ဇု=နောက်တစ်နေ့၌

သဗ္ဗတော သဗ္ဗတြ သဗ္ဗတ္ထ သဗ္ဗဓိ ကွ ကုဟိံ ကဟံ ဣဟ ဣဓ ကုဟိဉ္စနံ ကဒါ ကုဒါစနံ ဣဒါနိ ဧတရဟိ ဧတရဟိ အဓုနာ စသော ဝိဘတ္တိပစ္စည်းဆုံးသော ပုဒ်များလည်း အဗျယတဒ္ဓိတ်ပင် ဖြစ်ကြသည်။

ပထမလတ်တန်း ပါဠိသဒ္ဒါအသုံးအနှုန်း ၁၈၀-၁၈၂
စနစ်သစ်ပါဠိသဒ္ဒါ ၁၁၇-၁၂၀၊ ၄၄၁-၄၄၄

## သွတ္တ(သကတ္တ)တဒ္ဓိတ်

အချို့နေရာ၌ 'ဏိက, ဏျ, တာ'စသော ပစ္စည်းများသည် နာမ်ပုဒ်များနှင့် ဆက်သွယ်ရုံမျှသာ ဖြစ်ကုန်၏။ ဆက်သွယ်သည့် နာမ်ပုဒ်၏ အနက်သာ ပေါ်လွင်ပြီး ယင်ပစ္စည်းတို့၏အနက်ကား မပေါ်လွင်ကုန်။ ထိုပုဒ်မျိုးကို 'သွတ္တတဒ္ဓိတ်' သို့မဟုတ် 'သကတ္တတဒ္ဓိတ်'ဟု ခေါ်သည်။

ပုံစံ– အသင်္ခါရ+ဏိက=အသင်္ခါရောယေဝ အသင်္ခါရိကံ=တိုက်တွန်းမှု(သင်္ခါရ)မရှိသော (စိတ်)တရား
ဒေဝ+တာ=ဒေဝေါယေဝ ဒေဝတာ=နတ်
ကာယပါဂုည+တာ=ကာယပါဂုညမေဝ ကာယပါဂုညတာ=ကိုယ်(စေတသိက်ခန္ဓာသုံးအပေါင်း)၏ လေ့လာခြင်း
ပတ္တကာလ+ဏျ=ပတ္တကာလမေဝ ပတ္တကလ္လံ=လျောက်ပတ်သောအချိန်အခါ
ဒါန+မယ=ဒါနမေဝ ဒါနမယံ=ပေးလှူခြင်း
ဆဠ+မ=ဆဠမ=ခြောက်ခုမြောက်

ပထမလတ်တန်း ပါဠိသဒ္ဒါအသုံးအနှုန်း ၁၈၂
စနစ်သစ်ပါဠိသဒ္ဒါ

## ဘာဝတဒ္ဓိတ်

သဒ္ဒါဖြစ်ပေါ်လာခြင်း အခြေခံအကြောင်းဖြစ်သော "ဓာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်"တို့သည် 'ဘာဝ' မည်ကုန်၏။ ယင်းတို့ကို ညွှန်ပြသော "ဏျ, တ္တ, တာ"**အစရှိသော** ပစ္စည်းများနှင့် ဂုဏနာမ်ပုဒ်တို့ ဆက်သွယ်ပုံကို ပြသောတဒ္ဓိတ်သည် 'ဘာဝတဒ္ဓိတ်'မည်၏။ ယင်းဘာဝတဒ္ဓိတ်၌ပါဝင်သော ပစ္စည်းစုတွင် တာ–နှင့် ဏီ–ပစ္စည်း တို့သည် ဣတ္ထိလိင်၊ ကျန်ပစ္စည်းများသည် နပုံလိင်များကုန်၏။

အာရောဂ+ဏျ=အရောဂဿ ဘာဝေါ အာရောဂျံ= ရောဂါမရှိသူ၏အဖြစ်
ပဏ္ဍိတ+ဏျ= ပဏ္ဍိတဿ ဘာဝေါ ပဏ္ဍိစ္စံ=ပညာရှိ၏အဖြစ်
မနုဿ+တ္တ=မနုဿဿ ဘာဝေါ မနုဿတ္တံ=လူ၏အဖြစ်
သဗ္ဗညု+တာ=သဗ္ဗညုနော ဘာဝေါ=သဗ္ဗညုတာ=အလုံးစုံကို သိသူ၏အဖြစ်
ပုထုဇ္ဇန+တ္တန=ပုထုဇနဿ ဘာဝေါ ပုထုဇ္ဇနတ္တနံ=ပုထုဇဉ်၏အဖြစ်
ဒါသ+ဗျ=ဒါသဿ ဘာဝေါ ဒါသဗျံ=ကျွန်၏အဖြစ်
သုစိ+ဏေယျ=သုစိဿ ဘာဝေါ သောစေယျံ=စင်ကြယ်သူ၏အဖြစ်
ဝိသမ+ဏ=ဝိသမဿ ဘာဝေါ ဝေသမံ=မတူသည်၏အဖြစ်
ဥဇု+ဏ=ဥဇုနော ဘာဝေါ အဇ္ဇဝံ=ဖြောင့်မတ်သူ၏အဖြစ်
**မှတ်ချက်**။ ရှေ့'ဥ'ကို'အာ' အာ–မှ အ–သို့ ပြောင်း၍၊ နောက် ဥ–ကို ဩ၊ ဩ–မှ အဝ–သို့ အဆင့်ဆင့် ပြောင်းလဲရသည်။
ရမဏီယ+ကဏ=ရမဏီယဿ ဘာဝေါ ရာမဏေယျကံ=မွေ့လျော်ဘွယ်၏အဖြစ်
(သန္တ)သ+တ္တ=သတံ=ထင်ရှားရှိသည်၏အဖြစ်
မုဒု+ဏ=မုဒုနော ဘာဝေါ မဒ္ဒဝံ=နူးညံ့သူ၏အဖြစ်
**မှတ်ချက်**။ ရှေ့'ဥ'ကို'အာ' ၊ နောက် ဥ–ကို ဩ၊ ဩ–မှ အဝ–သို့ ပြောင်းသည်။
ဥသဘ+ဏ=ဥသဘဿ ဘာဝေါ အာသဘံ=ဥသဘ၏အဖြစ်
ဣသိ+ဏျ=ဣသိဿ ဘာဝေါ အာရိသျံ=ရသေ့၏အဖြစ်
**မှတ်ချက်**။ ဣ–ကို အာရိ–ပြောင်း၊ သို့မဟုတ် ဣ–ကို အာ–ပြောင်း ရိ–လာ။
သုမန+ဏျ=သုမနဿ ဘာဝေါ သောမနဿံ=ကောင်းသောစိတ်ရှိသူ၏အဖြစ်
**မှတ်ချက်**။ ဥ–မှ ဩ–ပြောင်း၊ သ–လာ၊ သျ–ကို သ–ပြောင်း၊ သို့မဟုတ် သျ–ကို ဿ–ပြု။

### စည်းမျဉ်း

၁၇။ ဏျ တ္တ တာ ဘာဝေ တု။ ဘောအနက်၌ ဏျ တ္တ တာ တ္တန ဏေယျ စသော ပစ္စည်းများ သက်သည်။
၁၈။ ဏ ဝိသမာဒီဟိ။ ဘောအနက်၌ ဝိသမ–အစရှိသော သဒ္ဒါနောင် ဏ–ပစ္စည်း သက်သည်။
၁၉။ ရမဏီယာဒိတော ကဏ။ ဘောအနက်၌ ရမဏီယအစရှိသော သဒ္ဒါနောင် ကဏပစ္စည်း သက်သည်။

(ပထမလတ်တန်း ပါဠိသဒ္ဒါနှင့် အသုံးအနှုန်း ၁၅၅–၁၅၆)
စနစ်သစ် ပါဠိသဒ္ဒါ

## ကာရက

ကြိယာကို ဖြစ်စေတတ်သောသတ္တိသည် ကာရကမည်၏။

သတ္တိကာရက။ ။"ပုရိသော မဂ္ဂံ ဂစ္ဆတိ – ယောကျ်ားသည် လမ်းသို့ သွား၏"ဟူရာ၌ သွားခြင်း ကြိယာဟူသည် ခြေထောက်ကို မြှောက်ကာချကာ ရှေ့သို့ တိုး၍တိုး၍ နေသော အမူအရာတည်း။ ထိုသွားခြင်းကြိယာကို ဖြစ်စေနိုင် သူကား ယောကျ်ားမဟုတ်, ယောကျ်ားသန္တာန်မှာရှိသော သွားစွမ်းနိုင်စေ သတ္တိတည်း။ ယောကျ်ားအထည်ကိုယ်ဒြပ်က သွားခြင်းကြိယာကို မဖြစ်စေနိုင်။ ဒူလာပါဒရက်စွဲ၍ ပုံလဲနေသော ယောကျ်ားဒြပ်၌ သွားခြင်းကြိယာကို ဖြစ်စေနိုင်သော သတ္တိမရှိချေ၊ ထို့ကြောင့် "ကြိယံ ကရောတီတိ ကာရကံ" အရ ပြုလုပ်တတ် ပြီးစေတတ်သော ကာရကဟူသည် မုချဧကန်အမှန်အားဖြင့် သတ္တိသာတည်းဟုမှတ်။ ထို့ကြောင့် နောက်၌ "သတ္တိမုချ ကာရက"ဟု ဆိုထားသည်။

ဒဗ္ဗကာရက။ ။သို့သော် ယောကျ်ားအထည်ကိုယ်ဒြပ်ကြီးလည်း ထိုသွားစွမ်းနိုင်သော သတ္တိ၏ တည်ရာဖြစ်သောကြောင့် ဌာနီသတ္တိ၏ ကာရကဟူသောနာမည်ရင်းကို ဌာနဒြပ်ပေါ်မှာ တင်စား၍ ဌာနျူပစာရ(ဌာနီ၏ နမည်)အားဖြင့် ကာရကအမည်ရ၏။ ထို့ကြောင့် နောက်၌ "ဒဗ္ဗဋ္ဌာနျူပစာ"ဟု ဆိုထားသည်။

သဒ္ဒကာရက။ ။ယခုကာလ၌ကား ပုရိသော–စသော သဒ္ဒါကို ကာရကဟု ခေါ်ဆိုကြ၏။ ထိုသို့ခေါ်ဆိုရာ၌ အကြောင်းဖြစ်သော ဒြပ်အနက်၏ ကာရကဟူသော နာမည်ကို အကျိုးဖြစ်သော သဒ္ဒါပေါ်တွင် တင်စား၍ ကာရဏူပစာ(အကြောင်း၏နာမည်)အားဖြင့် ကာရကခေါ်သည်ဟုမှတ်။ ထို့ကြောင့် နောက်၌ "သဒ္ဒါ၌မူ ကာရဏူ" ဟု ဆိုထားသည်။

အကြောင်းအကျိုး။ ။အနက်ရှိမှ သဒ္ဒါဖြစ်ပေါ်နိုင်၏။ ကမ္ဘာဦးက အနက်ဒြပ်တွေ ဖြစ်ပြီးရှိနေသော်လည်း သဒ္ဒါနာမည်တွေ မဖြစ်ပေါ်သေး, နောက်မှ ကမ္ဘာဦးလူကြီးတို့က သင့်သလို သဒ္ဒါနာမည်တွေကို တည်ထွင်ကြလေသည်။ ကလေးတယောက်ဖွားမြင်လာသော်လည်း သဒ္ဒါနာမည်မရှိသေး။ နောက်မှ ကလေးနှင့်ဆိုင်ရာ သဒ္ဒါနာမည်ကို မိဘတို့က တည်ထွင်ကြလေသည်။ ထို့ကြောင့် အနက်က အကြောင်း, သဒ္ဒါက ထိုအနက်ကို အကြောင်းပြု၍ ဖြစ်ရသော အကျိုးဟု အမြဲမှတ်ပါ၊ သူတပါးပြောသည်ကို တဆင့်ကြားရာ၌ကား ကြားပြီးမှ အနက်ဒြပ်ကို သိရသော ကြောင့် သဒ္ဒါကအကြောင်း အနက်ကအကျိုးတည်း။

(ဆောင်) ၁။ သတ္တိ မုချ, ကာရက ဒဗ္ဗဋ္ဌာနျူပစာ။
၂။ သဒ္ဒါ၌မူ ကာရဏူ, မှတ်ယူ မြဲသေချာ

အခြေပြုသဒ္ဒါ ၅၆၃–၅၆၄

## ကာရက အကာရက အကြောင်း

သွားခြင်း ချက်ခြင်းအစရှိသော (ဒြပ်၏လှုပ်ရှားမှုအမူအရာ)ကြိယာဖြစ်ပေါ်လာအောင် ပြုလုပ်နိုင်သော သတ္တိသဘောရှိသော သဒ္ဒါများကို ကာရကဟုခေါ်သည်။

ထိုကာရကများသည်

ကတ္တုကာရက=ကြိယာကို ပြုလုပ်တတ်သောဒြပ်
ကမ္မကာရက=(ကြိယာ၏)အမူကိစ္စ
ကရဏကာရက=ကြိယာဖြစ်ပေါ်မှု၌ ကတ္တား၏ထူးခြားသော အဆောက်အဦ(အကြောင်း)
သမ္ပဒါနကာရက=(ဝတ္ထုကြိယာကို)ပေးရာ (ခံယူတတ်သူ)
အပါဒါနကာရက=ဖဲခွါရာ၊ ထွက်ခွါရာ၊ ဖြစ်ပေါ်ရာ
ဩကာသကာရက=တည်နေရာအရပ်, အချိန်အခါ- ဟု ခြောက်မျိုးရှိ၏။

### အကာရက

ဒြပ်၏လှုရှားမှု အမူအရာခေါ်သော ကြိယာဖြစ်ပေါ်လာအောင် ပြုလုပ်နိုင်သော သတ္တိမရှိသော်လည်း ပြုလုပ်တတ်သော ကာရကများ၏ အကူအညီမျှဖြစ်သော 'သမ္ဗာန်, အာလုပ်'အစရှိသော အနက်ဟောသဒ္ဒါများသည် 'အကာရက'မည်၏။

ထိုအကာရကတို့သည်

သာမီ(သမ္ဗာန်)=ဆက်စပ်ခြင်း၊ သို့မဟုတ် ပိုင်တိုင်ခြင်း
အာလပန(အာလုပ်)=ခေါ်ဝေါ်ခြင်း
နိဒ္ဓါရဏ=အပေါင်းမှ အစိတ်ကိုခွဲထုတ်ခြင်း
လက္ခဏ=မှတ်သားကြောင်းကြိယာ
ဟေတု(ဟိတ်)=အကြောင်းတရား
အစ္စန္တသံယောဂ=အမြဲမပြတ်ယှဉ်(ဆက်စပ်)နေခြင်း စသည်တို့ဖြစ်သည်။

(ပထမလတ်တန်းပါဠိသဒ္ဒါ အသုံးအနှုန်း ၅၉-၆၀)

## ကျိုက်လတ်မြို့ ပစ္ဆိမာရုံဆရာတော်ဘုရား ရေးသားစီရင်တော်မူအပ်သော ကစ္စာနဗျာကရဏစကန္ဒကျမ်း၏ နောက်ဆက်တွဲ ကဏ္ဍ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

လိင်္ဂဟေတုကတ္တုကမ္မ၊ ကရဏေ သမ္ပဒါနတ္တေ။
သာမျာဝဓိ ဘုမ္မေဒိသာ၊ လပနေ ပထမာ ဘဝေ။

ပထမာဝိဘတျတ္ထ (ဧကာဒသ) ၁၁

| **အတ္ထ** | **ပယောဂ** |
|---|---|
| ၁။ လိင်္ဂတ္ထ | **ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ ဒသဗလော–အားဆယ်ပါးရှိသော ပုဂ္ဂိုလ်တည်း။ |
| ၂။ ဟေတုကတ္တုတ္ထ | **ယော**–အကြင်သူသည်၊ ဗောဓိရုက္ခံ–ဗောဓိပင်ကို၊ ရောပေတိ–စိုက်စေ၏။ |
| ၃။ သုဒ္ဓကတ္တုတ္ထ | **ယောနရော**–အကြင်သူသည်၊ ပဗ္ဗဇိတော–ရဟန်းပြု၏။ |
| ၄။ ဝုတ္တကမ္မတ္ထ | သတ္ထာရာ–မြတ်စွာဘုရားသည်၊ **ဓမ္မော**–တရားကို၊ ဒေသိတော–ဟောတော်မူအပ်၏။ |
| ၅။ ကရဏတ္ထ | **ထေယျစိတ္တံ**–ခိုးသူ၏ဖြစ်ကြောင်းစိတ်ဖြင့် |
| ၆။ သမ္ပဒါနတ္ထ | **ကာရကော**–ပြုတတ်သူအား၊ ဝိပါကော–အကျိုးသည်၊ ဒေတိ–ပေး၏။ |
| ၇။ သာမျတ္ထ | သဗ္ဗေ–ခပ်သိမ်းကုန်သော၊ **ဗုဒ္ဓါ**–ဘုရားရှင်တို့၏၊ တေဇေန–တန်ခိုးဖြင့် |
| ၈။ အဝဓျတ္ထ | လောဘာဒယော–လောဘအစရှိကုန်သော၊ **ဣမေဓမ္မာ**–ဤတရားတို့မှ၊ |
| | ဗုဒ္ဓေါ–ဘုရားသည်၊ ဒူရတရော–ဝေးကွာသည်၊ ဘဝေ–ဖြစ်၏။ |
| ၉။ ဘုမ္မတ္ထ | ဘဂဝါ–ဘုရားသည်၊ **စိတ္တံ**–စိတ်တော်၌၊ ဣဿရော–အစိုးရတော်မူ၏။ |
| ၁၀။ဒိသာယောဂတ္ထ | **သော**–ထိုသူသည်၊ ဒိသာဘာဂေန–အရပ်မျက်နှာအဘို့အားဖြင့်၊ တဒါ–ထိုအခါ၌၊ |
| | အတ္ထိ–ရှိ၏။ |
| | ယေန–အကြင်အရပ်၌၊ **ဘဂဝါ**–ဘုရားရှင်သည်၊ (အတ္ထိ–ရှိ၏) |

(ယေနသည် ဒိသာအနက်ဟောတည်း၊ ထိုဒိသာအနက်ဟောသဒ္ဒါ၏ယှဉ်ရာ ဘဂဝါ၌ ပဌမာသက်ခြင်းကို ဒိသာယောဂပဌမာဟု ဆိုကြသည်။ သို့သော် ဘဂဝါနောင် အတ္ထိဟု ကြိယာထည့်၍ စပ်ရသောကြောင့် ကတ္တုအရ၌ ပါဝင်ပြီဟု ထင်သည်။ ကစ္စည်းဘာဋီ ပ ၃၈၅)

| | |
|---|---|
| ၁၁။ အာလပနတ္ထ | **ဘောရာဇ**–အိုအရှင်မင်းမြတ် |

## နာမ်ဝိဘတ်ခုနှစ်သွယ် ဆက်သွယ်ပုံ

ကာရက အကာရကသဒ္ဒါတို့သည် နာမ်ဝိဘတ်များနှင့် ပေါင်းစပ်ဆက်သွယ်မှသာ 'နာမ်ပုဒ်' ဖြစ်နိုင်သည်။ ထို့ကြောင့် ယင်းသဒ္ဒါတို့နှင့် နာမ်ဝိဘတ်တို့ဆက်သွယ်ပုံကို အောက်ပါအတိုင်း မှတ်သားရမည်။

ပထမာဝိဘတ်ကို

(၁) ဝုတ္တကတ္တုကာရက
(၂) ဝုတ္တကမ္မကာရက
(၃) အာလုပ်ပုဒ်
(၄) (တချို့)ဝိသေသနအနက်ဟောသဒ္ဒါ
(၅) သုဒ္ဓလိင်, သင်္ချာ, အတိုင်းအရှည် (ပရိမာဏ) အနက်ဟောသဒ္ဒါ
(၆) ဥပသာရပုဒ်
(၇) အချို့သောနိပါတ်ပုဒ်– တိုနှင့် ဆက်သွယ်သုံးစွဲရသည်။

(၁) ဝုတ္တကတ္တုကာရက=ကတ္တားဟောဝါကျ၌ပါရှိသော ကတ္တားပုဒ်
ပုံစံ–ပုရိသော သြဒနံ ပစတိ၊ ယောကျ်ားသည် ထမင်းကိုချက်၏။

(၂) ဝုတ္တကမ္မကာရက=ကံဟောဝါကျ၌ ပါသော ကံပုဒ်
ပုံစံ–ပုရိသေန သြဒနော ပစ္စတေ၊ ယောကျ်ားသည် ထမင်းကို ချက်အပ်၏။

(၃) အာလုပ်ပုဒ်=ခေါ်ဝေါ်ပြောဆိုသောအမည်(နာမည်)
ပုံစံ–ဘော ဇဝန= အို (ဟေ့) ဇဝန၊ ဦး ဇဝန
ဟေ ယသ= အို (ဟေ့) ယသ၊ အို ယသ

(၄) (တချို့) ဝိသေသနအနက်ဟောသဒ္ဒါ
ပုံစံ=အဘိရူပေါ ပုရိသော=လှပသော ယောကျ်ားသည်
အဘိရူပါ ကညာ=လှပသော သမီးပျိုသည်
ပဏီတံ စိတ္တံ=မွန်မြတ်သော စိတ်သည်

(၅) (က) သုဒ္ဓလိင်
ပုံစံ=ပုရိသော–ယောကျ်ားသည်၊ ပုရိသာ–ယောကျ်ားတို့သည်၊
ကညာ–သတို့သမီးသည်၊ ကညာယော–သတို့သမီးတို့သည်၊
စိတ္တံ–စိတ်သည်၊ စိတ္တာနိ–စိတ်တို့သည်၊

(ခ)သချ်ာအနက်

ပုံစံ=ဧကော=တစ်ယောက်၊ ဒွေ=နှစ်ယောက်

(ဂ)အတိုင်းအရှည်(ပရိမာဏ)အနက်

ပုံစံ=ဒေါဏော=တစိတ်၊ ခါရီ=တတို့၊ အာဠှကံ-တပြည်၊

(ဃ) အချို့နိပါတ်ပုဒ်

ပုံစံ=စ=လည်း၊ ဝါ=သော်လည်း၊ အတ္ထိ=ရှိ၏၊ သက္ကာ=တတ်(နိုင်)ကောင်း၏၊ လဗ္ဘာ=ရအပ်၏။

**ပထမာဝိဘတ်**

သိနှင့်ယောကို ပထမာဝိဘတ်ဟု ခေါ်သည်။ လိင်အလိုက်, သိ-သည် ော, ာ, အံ, သို့လည်းကောင်း ယော-သည်လည်း ော, ာ, နိ သို့လည်းကောင်း ပြောင်းလဲနိုင်သည်။ ထိုပထမာဝိဘတ်ကို မည်သို့ ဘာသာပြန်ရမည်ကို သိအောင် လေ့လာရသည်။ ဤသဘောတရားကို ကာရကပိုင်းက ပြောပြသည်။

## လိန်နှင့် လိန်အနက်

ဤလိန်ဆိုသည်ကား ဣတ္ထိလိန် ပုံလိန် နပုံလိန်ကို ဆိုလိုသည် မဟုတ်။ **အာချာတ်ပုဒ်မှတပါးသော သမာသ် တဒ္ဓိတ် ကိတ်သဒ္ဒါစုနှင့် တိသ ဒတ္တ စသော ရှင်္ဂသဒ္ဒါ, သချ်ာ ဥပသာရ နိပါတ်ပုဒ် ဟူသမျှတို့ကို ဤ၌(လိင်္ဂ) လိန်ဟု ဆိုလို**သည်။ ရုက္ခသဒ္ဒါသည် လိန်၊ ထိုရုက္ခသဒ္ဒါ၏ ဟောနက်ဖြစ်သော သစ်ပင်အထည်ကိုယ်ဒြပ်ကား လိန်အနက် (လိင်္ဂတ္ထ)တည်း။ (လိင်္ဂနှင့် ပါဠိပဒိက သည် သဘောတူပင်တည်း၊ ကစ္စည်းဘာဋီ ပ ၃၇၇)

သည် ကို ဖြင့် နှင့် စသော အနက်စုမှာ လိန်အနက်တွင်မပါ, ဝိဘတ်၏ အနက်များသာတည်း။ ထိုကဲ့သို့ ဝိဘတ်နက်မပါ လိင်္ဂတ္ထသက်သက်ကိုသာ ဟောသောသဒ္ဒါနောင် ပထမာဝိဘတ် သက်ရသည်။ ပထမာဝိဘတ်အတွက်ကြောင့် အနက်ပို တခုမျှမထွက်၊ ဝိဘတ်မပါလျှင် ပုဒ်ရာမဝင်သောကြောင့် ဝိဘတ်သက်ရခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ ပုရိသော-ယောကျ်ား၊ ပုရိသာ-ယောကျ်ားတို့ဟူ၍သာ ဆိုနိုင်သည်။ နောက်ကြိယာနှင့် တွဲသည့်အခါ၌လည်း ပုရိသော+ဂစ္ဆတိ ယောကျ်ားသွား၏၊ ပုရိသာ+ဂစ္ဆန္တိ ယောကျ်ားတို့ သွားကုန်၏ဟုသာ ဆိုရသည်။ (ပုဒ်ရာဝင်၍ နဂိုရှိနေသော လိင်အနက် ထွန်းပြခြင်းငှါ တခုတည်းဖြစ်လျှင် သိဘတ် အများဖြစ်လျှင် ယောဝိဘတ်သက်ရသည်။ ဤအဓိပါယ်အရ သိ,ယောဝိဘတ်တို့သည် အနက်သီးခြား မဟောတတ်၊ ထွန်းပြရုံသာဟု ပြောစမှတ်ပြုရသည်။ ထို့ကြောင့် မိမိနာမည်ကို ပါဠိလို လက်မှတ်ထိုးရာ၌ "အာယသ္မာ တိသတ္ထေရော, ဘိက္ခု ဒတ္တော, သာမဏေရော ကုမာရော" စသည်ဖြင့် ဝိဘတ်နှင့်တကွ ရေးထိုးရသည်။ ကစ္စည်းဘာဋီ ပ ၃၇၈)

ကံဟောကြိယာနှင့် တွဲဘက်ရာ၌လည်း "မဂ္ဂေါ+ဂစ္ဆီယတေ၊ လမ်း+သွားအပ်၊ မဂ္ဂါ+ဂစ္ဆီယန္တေ လမ်းတို့+သွားအပ်ကုန်၏"ဟုသာ အနက်ထွက်သည်။ ကတ္တားအနက် ကံအနက်ကို တိ အန္တိ တေ အန္တေဟူသော အာချာတ်ဝိဘတ်တို့ကသာ ဟော၏။ ပဌမာဝိဘတ်က မဟောနိုင်။

လိန်အနက်၌ အာလုပ်အနက် ပိုလာသည့်အခါလည်း ပထမာဝိဘတ်သက်သည်။ တစ်ယောက်နှင့်တယောက် **တိုက်ရိုက်ခေါ်ခြင်း, ခေါ်လိုက်သည့်အခါ ထူးခြင်းများကို အာလုပ်ဟု**မှတ်။ ဦးတိဿ, ကိုရင်, မောင်, မိမိ, မမ, ရှင်, တော်, စသော စကားများသည် အာလုပ်သံချည်းတည်း။ ("ဘိက္ခဝေါတိ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ"စသော ပါဠိတော်များ၌ 'ဘိက္ခဝေါ– ရဟန်းတို့'ကား ခေါ်ရာ၌ အာလုပ်နည်း၊ 'ဘဒ္ဒန္တေ–အရှင်ဘုရား' ကား ပြန်၍ထူးရာ၌ အာလုပ်တည်း။ ကစ္စည်းဘာဋီ ပ ၃၈၂)

ယောကျ်ားဟူသော အနက်သည် မူလလိန်အနက်တည်း။ "အိုယောကျ်ားဟု ဆိုသည့်အခါ "အို"ဟူသော အာလုပ်အနက် ပိုလာသည်။ ထို့ကြောင့် ပုရိသော–ယောကျ်ား၊ ဘောပုရိသ–အိုယောကျ်ား၊ ကညာ–သတို့သမီး၊ ဘောတိကညေ–အိုသတို့သမီး၊ စိတ္တံ–စိတ်၊ ဘောစိတ္တ–အိုစိတ်၊ စသည်တို့၌ လိန်အနက်၌ အာလုပ်အနက် ပိုလာသည်ဟု မှတ်ပါ။ (အခြေပြုသဒ္ဒါ ၅၉၉–၆၀၂)

## ကမ္မာဒိသံသဋ္ဌလိင်္ဂတ္ထ / သုဒ္ဓလိင်္ဂတ္ထ

ကံအစရှိသော အနက်နှင့်ရောသော လိင်္ဂတ္ထသည် ကမ္မာဒိသံသဋ္ဌလိင်္ဂတ္ထမည်၏။ ကမ္မာဒိ၌ အာဒိအရ ကရိဏ်း စသော (ဝိဘတ်အတွက်ထင်ရှားသော) အနက်အားလုံးကို ယူ။ ပုံစံကား–ယောကျ်ားကို၊ တို့ကို၊ ဖြင့် တို့ဖြင့်၊ ကြောင့် တို့ကြောင့် (ပ) ၌ တို့၌ ဟူသည်တည်း။ ဤ၌ ကို–ဟုပေးရသော ကံအနက်နှင့်ရောနေသော ယောကျ်ား ဒြပ်သည်လည်းကောင်း (ပ) တို့၌–ဟုပေးရသော အဓိကရဏအနက်နှင့်ရောနေသော ယောကျ်ား ဒြပ်သည်လည်းကောင်း ကမ္မာဒိသံသဋ္ဌလိင်္ဂတ္ထမည်၏။ ကံ, ကရိဏ်းစသော အနက်မပါပဲ ယောကျ်ားဟုလည်းကောင်း ယောကျ်ားသည်ဟုလည်းကောင်း အနက်ပေးရသော ယောကျ်ားဒြပ်သည် သုဒ္ဓလိင်္ဂတ္ထမည်၏။ လိင်္ဂတ္ထေ ပဌမာ သုတ်က သုဒ္ဓလိင်္ဂတ္ထကိုသာ ယူသည်။ သံသဋ္ဌလိင်္ဂတ္ထကိုမယူ။ ထို့ကြောင့် သံသဋ္ဌလိင်္ဂတ္ထနောင် ကမ္မတ္ထေဒုတိယာ စသည့် ဆိုင်ရာသုတ်ဖြင့် ဝိဘတ်သက်ရသည်။ (ရူဘာဋီ ပ ၃၄၅)

♠ သူတပါးကို တိုက်တွန်းချက်မပါ၊ ကိုယ်တိုင်ကြိယာကို ပြီးစေသော ကတ္တားကို သုဒ္ဓကတ္တားဟု ခေါ်သည်။ သူတပါးတို့ပြုနိုင်ပါလျက် မပြုသည်ကိုမြင်၍ စေခိုင်းတတ်သူသည် ဟေတုကတ္တား သို့မဟုတ် ပယောဇကကတ္တားဟု ခေါ်သည်။ (ပဒဗျူဟနိရုတ္တိ ဒု ၁၀၄)

♠ ဟေတု ကတ္တု ကမ္မအနက်တို့၌ ပထမာလည်း စင်စစ်အားဖြင့် **နောက်ကြိယာတို့က ဟေတုကတ္တား သုဒ္ဓကတ္တား ကံအနက်များကို ဟောပြီးဖြစ်၍** သံသဋ္ဌလိင်္ဂတ္ထများပင် ဖြစ်ပါသည်။ (ကစ္စည်းဘာဋီ ပ ၃၈၅)

## ကြိယာဝိသေသန ပထမာ ဝိဘတ်

နာမ်ပုဒ်နှင့် အရတူလျက် ကြိယာကို အထူးပြုလျှင် တုလျာဓိကရဏ ဝိသေသနဟု ခေါ်သည်။ အရတူ နာမ်ပုဒ်နှင့် လိင် ဝုစ် ဝိဘတ် တူအောင်ထားရသည်။ ရုံခါ – ၍၊ ဖြစ်၍၊ ကာ၊ ဖြစ်ကာ၊ လျက်၊ ဖြစ်လျက်၊ လျှင်၊ ဖြစ်လျှင်–ဟု မြန်မာပြန်ရသည်။ ပုံစံ – အဟံ ဆာတော ဘုဉ္ဇာမိ။ ငါ ဆာ၍ စား၏။ ရုံခါ – သော်၊ လတ်သော်၊ သည်ရှိသော်၊ လျှင်၊ က–ဟု မြန်မာပြန်ရသည်။ ပုံစံ – အဟံ ဂတော ပဿေယျံ။ ငါ သွားသော် တွေ့ရာ၏။ ရုံခါ – နေစဉ်၊ နေတုန်း၊ နေခိုက်၊ နေရင်း၊ နေလျက်–ဟု မြန်မာပြန်ရသည်။ ပုံစံ – အဟံ ဘုဉ္ဇန္တော ကထေမိ။ ငါ စားနေရင်း ပြော၏။ (အရှင်ဝိမလဗုဒ္ဓိ ပါဠိဖြေနည်း နိသျည်း ၄၆)

## ဟုတွာ ထည့်ရခြင်းအကြောင်း

ကာယေန သံဝုတောတိ–ကား၊ ကာယနေ–ကာယဒွါရဖြင့်၊ ပိဟိတော–ပတ်ဆို့ပြီးသည်၊ ဟုတွာ–ဖြစ်၍(ဝိဟရေယျ၌စပ်)။ 'သံဝုတော ပိဟိတော'တို့သည် ပါဠိတော်၌ 'သော'ဟူသော ကတ္တားနှင့်အရတူသော ကတ္တားပုဒ်များတည်း။ 'စောင့်စည်းသည် ပိတ်ဆို့သည်'ဟု တပစ္စည်းအတွက်လည်း ကတ္တားအနက်ပေးရသည်။ "သံဝုတော+ဝိဟရေယျ=စောင့်စည်းသည်+နေရာ၏"ဟု ပေးရလျှင် အဓိပ္ပါယ်မှန်မထွက်နိုင်၊ သံဝုတောသည် ဝိဟရေယျ၏ ကြိယာဝိသေသနဖြစ်သော်လည်း "စောင့်စည်းသည်+(ဖြစ်၍)" ဟု မပေးနိုင်၊ ဘာကြောင့်နည်း၊ သံဝုတော၌ **သိဝိဘတ်သည် ဖြစ်၍–ဟူသော ကြိယာဝိသေသနအနက်မဟော၊ လိန်အနက်မျှကိုသာ ဟော**သောကြောင့်တည်း။ ထို့ကြောင့် 'ဟုတွာ'ဟု ပါဌသေသ (ပါဠ်ကြွင်းပါဌ်ကျန်) အဖြစ်ဖြင့်ထည့်၍ ဝိဟရေယျ၌ စပ်ရသည်။ ထို့ကြောင့် "ဟုတွာတိ ဟိ သေသော"ဟု ဋီကာသစ်ဖွင့်သည်။

ဋီကာကိုထောက်၍ **ကြိယာဝိသေသနအနက်ရနိုင်သော ပုဒ်များ၌ ဝိဘတ်က ကြိယာဝိသေသနအနက်ကို မဟောနိုင်သောကြောင့် 'ဟုတွာ'ဟု ပါဌသေသ ထည့်လေ့ရှိ**ကြောင်းသိပါ။ ပါဌသေသမထည့်ပဲ 'ဖြစ်၍' ဟု မြန်မာပြန်ကို ထည့်လျှင်လည်း အပိုထည့်အပ်သော အနက်ဟုသာ မှတ်ပါ။ 'သံဝုတော–စောင့်စည်းလျက်' ဟု ပေးရာ၌လည်း သဒ္ဒတ္ထမဟုတ် အဓိပ္ပါယတ္ထသာ၊ ဘာကြောင့်နည်း **သိဝိဘတ်က ကြိယာဝိသေသနအနက် မဟောနိုင်**သောကြောင့်တည်း။ (သီဘာဋီဒ ၃၈၅)

ကမ္မပ္ပယောဂေ ကမ္မပ္ပ၊ဝစနီယေသု ကရဏေ။
အစ္စန္တသံယောဂေ သမ္ပဒါနေ၊ အဝဓိဘုမ္မသာမျတ္တေ။
ကာလတ္တေ ဒုတိယာ မတာ။

## ဒုတိယာဝိဘတျတ္ထ (ဒသ) ၁၀

| **အတ္ထ** | **ပယောဂ** |
|---|---|
| ၁။ အဝုတ္တကမ္မတ္ထ | **ရထံ**–ရထားကို၊ ကရောတိ–ပြု၏။ |
| ၂။ ပုဗ္ဗဓနေယောဂ | **ဂါမံ**–ရွာ၏၊ ပုဗ္ဗေန–အရှေ့မျက်နှာ၌၊ ရမဏီယံ–မွေ့လျော်ဖွယ်ကောင်း၏၊ ဖိတံ–ဝပြောသာယာ၏။ |
| ၃။ ကမ္မပ္ပဝစနီယ | **ပဗ္ဗဇ္ဇံ**–ရဟန်းပြုသည်ကို၊ အနု–အမှတ်ပြု၍၊ ပဗ္ဗဇိ–ရဟန်းပြုပြီ။ |
| ၄။ ကရဏတ္ထ | **မံ**–ငါနှင့်၊ သစေနာလပိဿတိ–အကယ်၍ စကားမပြောဆိုသည်ဖြစ်လတ့်။ |
| ၅။ အစ္စန္တသံယောဂတ္ထ | **သတ္တာဟံ**–ခုနှစ်ရက်ပတ်လုံး၊ ဘောဇနံ–အစာကို၊ ဘုဥ္ဇတိ–စား၏။ |
| ၆။ သမ္ပဒါနတ္ထ | ဘဂဝါ–မြတ်စွာဘုရားသည်၊ **မံ**–ငါ့အား၊ ပတိဘာတု–ထင်ရှားပြပါစေသတည်း။ |
| ၇။ အဝဓျတ္ထ | **မနုဿမံသံ**–လူသားမှ၊ ဝိရမ–ရှောင်ကြဉ်ပါလော့။ |
| ၈။ ဘုမ္မတ္ထ | **အဂါရံ**–အိမ်၌၊ အဇ္ဈာဝသတာ–စိုးအုပ်နေထိုင်သဖြင့်၊ |
| ၉။ သာမျတ္ထ | **ဘိက္ခုသံဃံ**–ရဟန်းသံဃာ၏၊ ပိဋ္ဌိတော–နောက်မှ, နောက်၌၊ |
| ၁၀။ ကာလတ္ထ | **ပုဗ္ဗဏှသမယံ**–နံနက်အခါ၌ |

(က) ပုရိသော **ပဏ္ဍိတေ** ပယိရုပါသတိ။ (အဝုတ္တကမ္မ) (ခ) ဘိက္ခု **ဇနံ ဓမ္မံ** သာဝေတိ။ (ကာရိတကမ္မ)
(ဂ) **သစ္စံ ဓမ္မံ** သုဏာဟိ။ **ထိရံ ကထံ** ဘဏာဟိ။ **မုဒုံ** ပစတိ။ (ဝိသေသန)
(ဃ) **မာသံ** မံသောဒနံ ဘုဥ္ဇတိ။ **သရဒံ** ရမဏီယာ နဒီ။ **မာသံ** သဇ္ဈာယတိ။ **ယောဇနံ** ဝနရာဇိ။ **ယောဇနံ** ဒီဃော ပဗ္ဗတော။ **ကောသံ** သဇ္ဈာယတိ။ (အစ္စန္တသံယောဂ) (**ယောဇနေ ယောဇနေ** ဝိဟာရံ ပိတိဋ္ဌာပေတိ။

♠ ယောဇနေ၌ တယူဇနာလျှင် တကျောင်းကျဖြစ်၍ တောတန်းဆက်သလို ကျောင်းများဆက်မနေ၍ အစ္စန္တသံယောဂ မဖြစ်သဖြင့် ဒုတိယာဝိဘတ် မဆက်။ သတ္တမီ ဆက်ထားသည်။

(က)ပုရိသော–ယောကျ်ားသည်၊ ပဏ္ဍိတေ–ပညာရှိတို့ကို၊ ပယိရုပါသတိ–ဆည်းကပ်၏။ (ခ)ဘိက္ခု–ရဟန်းသည်၊ ဇနံ–လူကို၊ ဓမ္မံ–တရားကို၊ သာဝေတိ–ကြားနာစေ၏။ (ဂ) သစ္စံ–မှန်ကန်သော၊ ဓမ္မံ–တရားကို၊ သုနာဟိ–နာယူပါ။ ထိရံ–ခိုင်ခံ့သော၊ ကထံ–စကားကို၊ ဘဏာဟိ–ပြောပါ။ မုဒုံ–နူးညံ့အောင်၊ ပစတိ–ချက်၏။

(ဃ) မာသံ–တလပတ်လုံး၊ မံသောဒနံ–သားပြွမ်းထမင်းကို၊ ဘုဥ္ဇတိ–စား၏။ သရဒံ–သရဒဥတုပတ်လုံး၊ နဒီ–မြစ်ကို၊ ရမဏီယာ–မွေ့လျော်အပ်၏။ မာသံ–တလပတ်လုံး၊ သဇ္ဈာယတိ–သရဇ္ဈာယ်၏။ ယောဇနံ–တယူဇနာတိုင်တိုင်၊ ပဗ္ဗတော–တောင်းသည်၊ ဒီဃော–ရှည်၏။ ကောသံ–တကောသတိုင်တိုင်၊ သဇ္ဈာယတိ–သရဇ္ဈာယ်၏။

(ကစ္စည်းဘာဋီ ပ ၄၀၅–၄၀၇)

**ဒုတိယာဝိဘတ်**ကို

၁။ အဝုတ္တကမ္မကာရက
၂။ ကာရိတကမ္မကာရက
၃။ (တချို့) ဝိသေသန အနက်ဟောသဒ္ဒါ
၄။ အစ္စန္တသံယောဂအနက်ဟောသဒ္ဒါ
၅။ ကမ္မပ္ပဝစနီယအနက်ဟောသဒ္ဒါ
၆။ တတိယာဝိဘတ်အနက်ဟောသဒ္ဒါ
၇။ ဆဋ္ဌီဝိဘတ်အနက်ဟောသဒ္ဒါ
၈။ သတ္တမီဝိ ဘတ်အနက်ဟောသဒ္ဒါတို့နှင့် ဆက်သွယ်အသုံးပြုသည်။

## အဝုတ္တကမ္မကာရက

ကတ္တားဟောဝါကျ၌ပါရှိသော ကံပုဒ်ကို 'အဝုတ္တကမ္မကာရက' ဟုခေါ်သည်။
ပုံစံ-ပုရိသော ပဏ္ဍိတေ ပယိရုပါသတိ။ ယောကျာ်းသည် ပညာရှိတို့ကို ဆည်းကပ်၏။

## ကာရိတကမ္မကာရက

ကာရိုက်ဝါကျ၌ပါရှိသော ကာရိုက်ပစ္စည်းနှင့် ဆက်စပ်နေသော ကံပုဒ်သည် 'ကာရိတကမ္မကာရက'မည်၏။
ပုံစံ-ဘက္ခု ဇနံ ဓမ္မံ သာဝေတိ။ ရဟန်းသည် လူကို တရားကို ကြားနာစေ၏။

## ဝိသေသနအနက်ဟောသဒ္ဒါ

ဝိသေသနပုဒ်သည် ဝိသေသျပုဒ်နှင့် များသောအားဖြင့် လိင်ကိန်း ဝိဘတ်တူရသည်။ ဝိသေသျပုဒ်ကို ဒုတိယာဝိဘတ် ဆက်သွယ်ထားလျှင် ဝိသေသနပုဒ်၌လည်း ဒုတိယာဝိဘတ်သာ ဆက်သွယ်ရ၏။
ပုံစံ၊ သစ္စံ ဓမ္မံ သုဏာဟိ၊ မှန်ကန်သော တရားကို နာယူပါ။
ထိရံ ကထံ ဘဏာဟိ၊ ခိုင်ခံ့သော စကားကို ပြောဆိုပါ။
မုဒုံ ပစတိ၊ နူးညံ့အောင် ချက်၏။

## အစ္စန္တသံယောဂ အနက်ဟောသဒ္ဒါ

ဒြပ်ဂုဏ်ကြိယာတို့၏ အချိန်ကာလ ခရီး အစွန့်တို့နှင့် အဆက်မပြတ် ယှဉ်စပ်နေခြင်းသည် 'အစ္စန္တသံယောဂ' မည်၏။

ပုံစံ–၁။ မာသံ မံသောဒနော ဘုဉ္ဇတိ၊ တပတ်လုံး သားပြွမ်း(ဒံပေါက်)ထမင်းကို စား၏။
ဤ၌ တလတည်းဟူသော အချိန်ကာလ၏ သားပြွမ်းဒံပေါက်ထမင်းဒြပ်နှင့် အဆက်မပြတ်ယှဉ်(ဆက်စပ်နေ)သည်။

ပုံစံ–၂။ သရဒံ ရမဏီယာ နဒီ။ သရဒဥတုပတ်လုံး မွေ့လျော်ဘွယ်ကောင်းသောမြစ်။
ဤ၌ သရဒဥတုတည်းဟူသော အချိန်ကာလ၏ မွေ့လျော်(ပျော်)ဖွယ်ဟူသော ဂုဏ်နှင့် အဆက်မပြတ် ဆက်စပ်နေ၏။

ပုံစံ–၃။ မာသံ သဇ္ဈာယတိ၊ တလပတ်လုံး သရဇ္ဈာယ်ရွတ်ဖတ်နေ၏။
ဤ၌ တလတည်းဟူသော အချိန်ကာလ၏ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြိယာနှင့် အဆက်မပြတ်ယှဉ်(ဆက်စပ်နေ)သည်။

ပုံစံ–၄။ ယောဇနံ ဝနရာဇိ။ တယူဇနာတိုင်တိုင် တောအရေးရှိ၏။
ဤ၌ တယူဇနာဟူသော ခရီးအစွန့်၏ တောအရေးဒြပ်နှင့်အဆက်မပြတ်ယှဉ်(ဆက်စပ်နေ)သည်။

ပုံစံ–၅။ ယောဇနံ ဒီဃော ပဗ္ဗတော။ တယူဇနာတိုင်တိုင် ရှည်လျားသောတောင်
ဤ၌ တယူဇနာဟူသော ခရီးအစွန့်၏ ရှည်လျားခြင်းဂုဏ်နှင့်အဆက်မပြတ်ယှဉ်(ဆက်စပ်နေ)သည်။

ပုံစံ–၆။ ကောသံ သဇ္ဈာယတိ။ တကောသတိုင်တိုင် သရဇ္ဈာယ်ရွတ်ဖတ်၏။
ဤ၌ တကောသတည်းဟူသော ခရီးအစွန့်၏ သရဇ္ဈာယ်(ရွတ်ဖတ်ခြင်း)ကြိယာနှင့် အဆက်မပြတ်ယှဉ်(ဆက်စပ်နေ)သည်။

ပုံစံ–၇။ ယောဇနေ ယောဇနေ ဝိဟာရံ ပတိဋ္ဌာပေတိ။ တယူဇနာ တယူဇနာ၌ ကျောင်းကို တည်စေပြီ။
ဤ၌ တယူဇနာလျှင် တကျောင်းစီဆေယာက်ရာ၌ တောတန်းဆက်နေသလို ကျောင်းဒြပ်ခြင်း ဆက်စပ်မှုမရှိသောကြောင့် အစ္စန္တသံယောဂမဖြစ်သဖြင့် 'ယောဇနေ ယောဇနေ'၌ ဒုတိယာဝိဘတ်နှင့် မဆက်သွယ်ရပါ။

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၆၂–၆၅)

## ကမ္မပ္ပဝစနီယ

ပတိဇာနာတိ–ဝန်ခံ၏၊ ပရိဘဝတိ, အဘိဘဝတိ–လွှမ်းမိုး၏၊ အနုဘဝတိ–ခံစား၏–စသည်ဖြင့် ဓာတ်နှင့်တွဲဖက်၍ ဥပသာရအမည်ရခိုက်တုန်းက ကြိယာကို ဟောခဲ့ဖူး ထွန်းပြခဲ့ဖူးန်းကုန်၏။ ထိုသို့ကြိယာကို ဟောခဲ့ဖူးသော **“အနု**၊ **ပတိ**၊ **ပရိ**၊ **အဘိ**၊ **ဥပ**၊ အပ၊ အဓိ” စသော ဥပသာရနှင့် “ဓိ၊ ဝိနာ” ဟူသော နိပါတ်ပုဒ်များကို ကမ္မပ္ပဝစနီယဟု ခေါ်သည်။ ကမ္မပ္ပဝစနီယ အမည်ရကြသောအခါ ဥပသာရဟူသော နာမည်ကို တားမြစ်လိုက်ပြီဖြစ်ရကား ဥပသာရမဟုတ်ရတော့၍ ဓာတ်နှင့်လဲ မတွဲနိုင်, ကြိယာကိုလည်း မဟောနိုင်တော့ပါ။ ကမ္မပ္ပဝစနီယအမည်ရသော သဒ္ဒါတို့တွင် **အပနှင့်အဓိကို ဒုတိယာသက်ခန်း၌ မပြ**။ အပ+သာယာယ, အဓိ+ဗြဟ္မဒတ္တေ စသော **ပဉ္စမီ သတ္တမီသက်ခန်း၌သာ ပြကြ**သည်။ ဥပကိုကား ပါဠိသဒ္ဒါကျမ်းတို့၌ မပြသော်လည်း သက္ကတ၌ပြ၏။

(ကစ္စည်းဘာဋီ ပ ၄၀၈–၄၁၀)

ကြိယာနှင့်မတွဲပဲ လက္ခဏ ဣတ္ထမ္ဘူတစသော သီးခြားအနက်ကိုဟောသော ပရိစသည်ကိုသာ ကမ္မပ္ပဝစနီယ ခေါ်သည်။(ရူဘာဋီ ပ ၃၆၈)

## ကမ္မပ္ပဝစနီယ အနက်ဟော သဒ္ဒါ

(က) လက္ခဏအနက်၊ ဣတ္ထမ္ဘူတာချာနအနက်၊ ဝိစ္ဆာအနက်ကို ဟောသော ‘အဘိ’သဒ္ဒါ
(ခ) လက္ခဏအနက်၊ ဣတ္ထမ္ဘူတာချာနအနက်၊ ဝိစ္ဆာအနက်၊ ဘာဂအနက်ကို ဟောသော ‘ပတိ’ ‘ပရိ’သဒ္ဒါ
(ဂ) လက္ခဏအနက်၊ ဣတ္ထမ္ဘူတာချာနအနက်၊ ဝိစ္ဆာအနက်၊ ဘာဂအနက်၊ သဟအနက်၊ ဟီနအနက်ကို ဟောသော ‘အနု’သဒ္ဒါ
(ဃ) ဂရဟာအနက်ကို ဟောသော ‘ဓိ’သဒ္ဒါတို့သည် ‘ကမ္မပ္ပဝ စနီယ’မည်ကုန်၏။ ထိုကမ္မပ္ပဝစနီယအမည်ရသော ဥပသာရပုဒ် နိပါတ်ပုဒ်တို့နှင့် ယှဉ်စပ်နေသော သဒ္ဒါကို ဒုတိယာဝိဘတ်နှင့် တွဲစပ်ရသည်။

ပုံစံ (၁) ရုက္ခံ အဘိ ဝိဇ္ဇောတတေ စန္ဒော။ သစ်ပင်၌(သစ်ပင်၏အထက်၌) လသည် ထွန်းလင်းတောက်ပနေ၏။ (သစ်ပင်ထိပ်ဖျားမှ လရောင်တောက်နေ၏)

ဤ၌ သစ်ပင်ထိပ်ဖျားဖြင့် လသာပုံကို မှတ်သားခြင်းသည် ‘လက္ခဏ’အနက်မည်၏။ ထိုလက္ခဏအနက်ကို ထွန်းပြသောကြောင့် ‘အဘိ’ဥပသာရပုဒ်သည် ‘ကမ္မပ္ပဝစနီယ’မည်၏။ ထိုကမ္မပ္ပဝစနီယအမည်ရသော အဘိနှင့် ဆက်စပ်နေသော ရုက္ခသဒ္ဒါကို သတ္တမီအနက်ဟော ဒုတိယာ(အံ)ဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ရသည်။

ပုံစံ (၂) သာဓု ဒေဝဒတ္တော မာတရံ ပတိ။ ဒေဝတတ်သည် မိခင်အပေါ်၌ ကောင်း၏။

ဤ၌ ဒေဝတတ်၏ အကျင့်ကောင်းခြင်းဂုဏ်သည် ဣတ္ထံမည်၏။ ထိုအကျင့်ကောင်းခြင်းဂုဏ်သို့ရောက်သော(ဂုဏ်ရှိနေသော)ဒေဝတတ်သည် ဣတ္ထမ္ဘူတမည်၏။ ဒေဝဒတ်သည် ‘အမိအပေါ်၌ အကျင့်ကောင်း၏’ဟု ဒေဝဒတ်၏ အကျင့်ကောင်းပုံ၏ ထင်ရှားအောင်ပြတတ်သော အဘိဟူသော အနက်သည်ဣတ္ထမ္ဘူတာချာနမည်၏။ ထိုဣတ္ထမ္ဘူတာချာနအနက်ကို ထွန်းပြသောကြောင့် ‘ပတိ’ဥပသာရပုဒ်သည် ‘ကမ္မပ္ပဝစနီယ’မည်၏။ ထိုကမ္မပ္ပဝစနီယ အမည်ရသော ‘ပတိ’ ဆက်စပ်နေသော ‘မာတု’သဒ္ဒါကို သတ္တမီအနက်ဟော ဒုတိယာ(အံ)ဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ရသည်။

ပုံစံ (၃) ရုက္ခံ ရုက္ခံ အနု ဝိဇ္ဇောတတေ စန္ဒော။ သစ်ပင်(ထိပ်ဖျား)တိုင်း သစ်ပင်(ထိပ်ဖျား)တိုင်း၌ လသည် ထွန်းလင်းတောက်ပနေသည်။

ဤ၌ 'သစ်ပင်'ဟူသော အနက်ကို ပျံ့နှံ့အောင် 'ရုက္ခံ ရုက္ခံ'ဟု နှစ်ကြိမ်ဆိုခြင်းသည် 'ဝိစ္ဆာ'မည်၏။ ထိုဝိစ္ဆာအနက်ကို 'အနု' ဥပသာရပုဒ်က ညွှန်ပြသည်။ ဝိစ္ဆာအနက်ကို ညွှန်ပြသောကြောင့် အနုဥပသာရပုဒ်သည် 'ကမ္မပ္ပဝစနီယ'မည်၏။ ထိုကမ္မပ္ပဝစနီယ အမည်ရသော 'အနု' ဆက်စပ်နေသော 'ရုက္ခ'သဒ္ဒါများကို သတ္တမီအနက်ဟော ဒုတိယာ(အံ)ဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ရသည်။

ပုံစံ (၄) ယဒေတ္ထ မံ ပရိ သိယာ၊ တံ ဒီယတု။

ဤ၌ 'အဖို့'ဟူသော 'ဘာဂ'အနက်ကို ထွန်းပြသော ကမ္မပ္ပဝစနီယ အမည်ရသော 'ပရိ' ဥပသာရနှင့်ဆက်စပ်နေသော 'အမှ'သဒ္ဒါများကို ဆဋ္ဌီအနက်ဟော ဒုတိယာ(အံ)ဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ရသည်။

ပုံစံ (၅) နဒိံ အန္ဝသိတာ ဗာရာဏသီ။

ဤ၌ 'တကွ'ဟူသော 'သဟ'အနက်ကို ထွန်းပြသော ကမ္မပ္ပဝစနီယ အမည်ရသော 'အနု' ဥပသာရနှင့်ဆက်စပ်နေသော 'နဒီ'သဒ္ဒါကို သဟာဒိယောဂအနက်ဟော ဒုတိယာ(အံ)ဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ရသည်။

ပုံစံ (၆) အနုသာရိပုတ္တံ ပညဝါ။

ဤ၌ ယုတ်ညံ့ခြင်းအနက်ဟော ကမ္မပ္ပဝစနီယ အမည်ရသော 'အနု' သဒ္ဒါနှင့်ဆက်စပ်နေသော 'သာရိပုတ္တ' သဒ္ဒါကို အပါဒါန်အနက်ဟော ဒုတိယာ(အံ)ဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ရသည်။
(ပညဝါ-ပညာရှိဟူသမျှသည်၊ အနုသာရိပုတ္တံ-သာရိပုတြာ၏အောက်ချည်းတည်း-ဟု သမ္ဗန်အနက်ဟော ဒုတိယာ အံဝိဘတ် ဖြစ်သည်။)

ပုံစံ (၇) ဓိရတ္ထုမံ ပူတိကာယံ။ (ဝိသုဒ္ဓိမဂ် ၄ ၄၇)
(ဓိ+အတ္ထု+ဣမံ-ပုဒ်ခွဲ၊ ဣမံပူတိကာယံ-ဤအပုတ်ကောင်၏၊ ဓိ-စက်ဆုပ်ရွံရှာဖွယသည်၊ တုမှာကံ-သင်တို့အား၊ အတ္ထု-ဖြစ်စေလော။ဝိသုဒ္ဓိမဂ် ၄ နိဿယ ပ ၁၂၉)
ဤ၌ 'ကဲ့ရဲ့ခြင်း-ဂရဟာ'အနက်ဟော ကမ္မပ္ပဝစနီယ အမည်ရသော 'ဓိ' နိပါတ်ပုဒ်နှင့် ဆက်စပ်နေသော 'ဣမ ပူတိကာယ' သဒ္ဒါတို့ကို ဆဋ္ဌီအနက်ဟော ဒုတိယာ(အံ)ဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ရသည်။

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၆၅-၆၈)

(၁) ပဗ္ဗဇိတမနု ပဗ္ဗဇိံသု။ ပဗ္ဗဇိတမနု–ဘုရားလောင်း ရဟန်းပြုလသော်၊ ပဗ္ဗဇိံသု–လူအပေါင်းတို့ ရဟန်းပြုကြကုန်ပြီ။ ဘုရားလောင်း ရဟန်းပြုခြင်းသည် မှတ်သားကြောင်းဖြစ်၍ လက္ခဏ၊ များစွာသော လူတို့ ရဟန်းပြုခြင်းကား ထိုလက္ခဏဖြင့် မှတ်သားအပ်၍ လက္ချ။ ပဗ္ဗဇိတံသည် လက္ခဏ၊ ပဗ္ဗဇိံသုကား လက္ချ။ အနုကား ထိုလက္ခဏ လက္ချ နှစ်ပါးတို့၏ စပ်သွယ်ခြင်းဟူသော သမ္ဗာန်အနက်ကို ပြသည်။

♠ ကြိယာနှင့် မတွဲပဲ လက္ခဏ ဣတ္ထမ္ဘူတ စသော သီးခြားအနက်ကို ထွန်းပြသော ပရိစသည်ကိုသာ (ဥပသာရ အမည်ဟောင်းကိုဖျောက်၍) ကမ္မပ္ပဝစနီယအမည် မှည့်ရသည်။ 'သုခံ အနုဘူယတေ'စသည်၌ ကြိယာနှင့်တွဲဘက် လျက် ကြိယာအနက်ကို ထွန်းပြသကဲ့သို့ ပဗ္ဗဇိတ မနုသည် ဥပသာရမဟုတ်၍ 'အနုပဗ္ဗဇိံသု' ကြိယာနှင့်မတွဲနိုင်။ ကြိယာအနက်ကို မထွန်းပြနိုင်။

(၂) နဒိမန္ဝသိတာ ဗာရာဏသီ။ ဗာရာဏသီ–ဗာရာဏသီသည်၊ နဒိံအနု–မြစ်နှင့်တကွ၊ အဝသိတာ–စပ်၏။ ဗာရာဏသီပြည်သည် ဂင်္ဂါမြစ်နှင့် တစပ်တည်း(တဆက်တည်း)နေသည်–ဟူလို။ အနုဟူသော ကမ္မပဝစနီယနှင့် ယှဉ်သောကြောင့် နဒိံ၌ ဒုတိယာသက်။

(၃) အနုသာရိပုတ္တံ ပညဝါ။ ပညဝါ–ပညာရှိသူဟူသမျှသည်၊ အနုသာရိပုတ္တံ–အရှင်သာရိပုတြာအောက်ချည်းတည်း။ အနုသဒ္ဒါသည် ဟီနအနက်ဟော၊ဟီနအရ ယုတ်ညံ့ဟူသည် အောက်ကျခြင်း–ပညာအားဖြင့် အရှင်သာရိပုတြာကို မမှီခြင်းတည်း။

♠ ကမ္မံ ပဝစနီယံ ယေသံ (ယေသံ–အကြင်ဥပသာရပုဒ် နိပါတ်ပုဒ်တို့သည်၊ ကမ္မံ–ကြိယာကို၊ ပဝစနီယံ–ဟောအပ်၏) ဟူသော ဝိဂြိုဟ်နှင့်ညီအောင် 'နဒိံ–မြစ်ကို၊ အနု–အစဉ်လျှောက်၍၊ အဝသိတာ–စပ်၏၊ ပညဝါ–ပညာရှိသည်၊ သာရိပုတ္တံ–သာရိပုတြာကို၊ အနု–ထောက်သော်အောက်ကျနောက်နေ၏–ဟု အချို့ အနက်ပေးကြသည်။ အနုကို သဟတ္ထ ဟီနတ္ထဟု ဆိုထားလျက် ကြိယာအနက်ဖြစ်အောင် ဆွဲယူခြင်းမှာ ကမ္မံ ဝစနီယံ ယေသံ ဟူသော ဝိဂြိုဟ်၏မျက်နှာကို လိုက်လွန်းရာကျသည်။

(၄) သူရိယုဂ္ဂနံပတိ ဒိဗ္ဗာဘက္ခာ ပါတုဘဝေယျုံ။ သူရိယုဂ္ဂနံပတိ–နေထွက်လသော်၊ ဒိဗ္ဗာဘက္ခာ–နတ်အစာတို့သည်၊ ပါတုဘဝေယျုံ–ထင်ရှားဖြစ်စေကုန်သတည်း။ သူရိယုဂ္ဂမနံ အရ နေထွက်ခြင်းသည် နတ်သြဇာဖြစ်ခြင်းကို မှတ်သားကြောင်းဖြစ်သောကြောင့် လက္ခဏ၊ ဒိဗ္ဗာဘက္ခာ ပါတုဘဝေယျုံ အရ နတ်သြဇာဖြစ်ရခြင်းကား နေထွက်ခြင်းဖြင့် မှတ်သားအပ်သောကြောင့် လက္ချ၊ ပတိကား ထို သူရိယုဂ္ဂနံ နှင့် ဒိဗ္ဗာဘက္ခာ ပါတုဘဝေယျုံ တို့၏ လက္ခဏ လက္ချအဖြစ်ဖြင့် စပ်ခြင်းသမ္ဗာန်ကို ထွန်းပြ၏။

(၅) ရုက္ခံ ပတိ(ပရိ/အနု) ဝိဇ္ဇောတတေ စန္ဒော။ ရုက္ခံပတိ–သစ်ပင်၌ (ရုက္ခံပရိ–သစ်ပင်၌၊ ရုက္ခံအနု–သစ်ပင်၌) စန္ဒော–လသည်၊ ဝိဇ္ဇောတတေ–ထွန်းလင်း၏။ (လက္ခဏ)

(၆)သာခု ဒေဝဒတ္တော မာတရံ ပတိ(ပရိ/အနု)။ ဒေဝဒတ္တော–ဒေဝတတ်သည်၊ မာတရံပတိ–အမိ၌၊ (မာတရံပရိ–အမိ၌၊မာတရံအနု–အမိ၌) သာခု–ကောင်း၏။ ဤ၌ မာတုသည် ကောင်းရာဌာနဖြစ်၍ (ဝိသယ) အရာတည်း။ သာခုကား ထိုအရာဌာနရှိသောကြောင့် ဝိသယီတည်း။ မာတုနှင့်သာခုတို့၏ ဝိသယဝိသယီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကြောင့်သာဒေဝတတ်၏ ကောင်းသောဂုဏ်များထင်ရှားရကား ထိုဝိသယ ဝိသယီဘာဝ သမ္ဗန်သည် ဣတ္ထမ္ဘူတက္ခာနမည်၏။ ပတိသည် ထိုဝိသယဝိသယီ သမ္ဗန်ကိုထွန်းပြသောကြောင့် ဣတ္ထမ္ဘူတက္ခာနဇောတကမည်၏။ ထိုပတိနှင့်ယှဉ်သောကြောင့် မာတရံ၌ (ဝိသယာဓာရဖြစ်သော်လည်း သတ္တမီဝိဘတ်မသက်ပဲ) ဒုတိယာဝိဘတ်သက်ရသည်။

(၇) ယဒေတ္ထ မံ ပရိ(ပတိ/အနု) သိယာ၊ တံ ဒီယတု။ ဧတ္ထ–ဤပစ္စည်းပုံ၌၊ ယံ–အကြင်ဝတ္ထုသည်၊ မံ–ငါ၏၊ ပတိ–အဖို့သည်၊(ပရိ–အဖို့သည်၊ အနု–အဖို့သည်) သိယာ–ဖြစ်ရာ၏၊ တံ–ထိုဝတ္ထုကို၊ ဒီယတု–ပေးအပ်လော့။ မံအရ ဥစ္စာရှင်နှင့် ယံတံတို့အရ ဥစ္စာတို့၏ သံ+သာမီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ပတိကထွန်းပြသည်။ ထိုပတိနှင့်ယှဉ်သောကြောင့် မံ၌ ဆဋ္ဌီမသက်ပဲ ဒုတိယာသက်ရသည်။

(၈) ရုက္ခံ ရုက္ခံ ပတိ (ပရိ/အနု) ဝိဇ္ဇောတတေ။ ရုက္ခံ ရုက္ခံ ပတိ /ရုက္ခံ ရုက္ခံ ပရိ /ရုက္ခံ ရုက္ခံ အနု /သစ်ပင်သစ်ပင်တိုင်း၌၊ စန္ဒော–လသည်၊ ဝိဇ္ဇောတတေ–တောက်ပ၏။

♠ **လက္ခဏနှင့်ဝိစ္ဆာကွဲပုံ**။ ရုက္ခံ ရုက္ခံ ပတိ ဝိဇ္ဇောတတေ–စသည်၌ လရောင်တောက်ခြင်းကို မှတ်သားကြောင်းဖြစ်၍ လက္ခဏအနက်ဟု ဆိုသင့်၏။ သို့သော် နှစ်ကြိမ်ဆိုသောအရာဖြစ်သောကြောင့် ဝိစ္ဆာဟုဆိုရသည်။ လိင်္ဂတ္ထအနက်ပေါ်တွင် အာလုပ်အနက် အပိုပါဝင်လာသောအခါ အာလပနတ္ထဆိုရသကဲ့သို့ လက္ခဏအနက်ပေါ်တွင် ဝိစ္ဆာအနက် အပိုပါဝင်သောကြောင့် ဝိစ္ဆတ္ထ–ဟု ဆိုရခြင်းဖြစ်သည်။

**မှတ်ချက်**။ 'ရုက္ခံရုက္ခံ–သစ်ပင်သစ်ပင်တိုင်းကို၊ ပတိ, ပရိ, အနု–ပျံ့နှံ့၍၊'ဟု ပတိ ပရိ အနု–တို့အတွက် ဗျာပေတွာဟူသော ကြိယာအနက်ပေါ်အောင် ပေးကြသေး၏။ ထိုအတိုင်းမှန်လျှင် 'ပတိဝိဇ္ဇောတတေ–ပျံ့နှံ့၍ တောက်ပ၏'ဟု ကြိယာနှင့် တွဲဖက်ကာ ကြိယာအနက်ကို ထွန်းပြသော ဓာတွတ္ထဝိသေသက ဥပသာရသာဖြစ်နိုင်၏။ ကမ္မပ္ပဝစနီယအမည် မရနိုင်။

(၉) တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ အဘိ–ထိုအရှင်ဂေါတမ၏၊ ဧဝံ–ဤသို့၊ ကလျာဏော–ကောင်းသော၊ ကိတ္တိသဒ္ဒေါ–ကျော်စောသံသည်၊ ဥဂ္ဂတော–တက်ပြီ။ (ဣတ္ထမ္ဘူတက္ခာန)

♠ **အမှာ**။ "တံခေါပန ဘဂဝန္တံဂေါတမံ–ကို၊ အဘိ–စွဲ၍"ဟု ကမ္မံ ပဝစနီယံ ယေသံ ဟူသော ဝိဂ္ဂြိုဟ်နှင့်ညီအောင် အနက်ပေးကြ၏။ ထိုအနက်ကား ပါရာဇိကဏ် စသော အဋ္ဌကထာ ဋီကာကြီးများနှင့်လည်းကောင်း သက္ကတဗျာ ကရဏ်းတို့နှင့်လည်းကောင်း မညီ။ 'ဒေဝဒတ္တော–သည်၊ မာတရံ–ကို၊ အဘိ–ရှေးရှုပျပ်ဝပ်၍'ဟု အနက်ပေးကြရာ၌ လည်း မညီပင်။

(၁၀) ဓိ ဗြာဟ္မဏဿ ဟန္တာရံ။ ဗြာဟ္မဏဿ–ရဟန္တာကို၊ ဟန္တာရံ–သတ်တတ်သူကို၊ ဓိ–ကဲ့ရဲ့၏။

♠ ဟန္တာရံ–သတ်တတ်သူကို၊ ဓိ–ကဲ့ရဲ့၏–ဟု ဋီကာအတိုင်း အနက်ပေးထား၏။ ဋီကာလည်း 'ကမ္မံ ပဝစနီယံ ယေသံ' အရ ဓိနိပါတ်က ကဲ့ရဲ့ခြင်းကြိယာဟောအောင် ဖွင့်ထားဟန်တူသည်။

(၁၁) ဝိနာ အာဟာရံ သဖဿေဟိ ဝေဒနာဒိတ္တယံ ဘဝေ(ဋီကာပုံစံ)အာဟာရံ–(အဝိဇ္ဇာ တဏှာ ကံ အာဟာရ ဖဿ ဝိညာဉ်ဟူသော နာမ်ရုပ်ဖြစ်ကြောင်းတရားတို့တွင်)အဟာရကို၊ ဝိနာ–ကြဉ်၍၊ သဖဿေဟိ–ဖဿနှင့်တကွသော အကြောင်းတို့ကြောင့်၊ ဝေဒနာဒိတ္တယံ–ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်းသည်၊ ဘဝေ–ဖြစ်၏။ ဤပုံစံ၌ အာဟာရံကား ကံအနက်ပင်တည်း။ ဝိနာလည်း ဝဇ္ဇန(ကြဉ်ခြင်း)ကြိယာကို ဟောသဖြင့် ကမ္မပ္ပဝစနီယမည်သည်ဟု ဆိုလိုဟန်တူသည်။

♠ နိပါတ်တို့ကို ကမ္မပ္ပဝစနီယ၌ သွင်းခြင်းသည် ပါဠိသဒ္ဒါဆရာတို့ အလိုသာ ဖြစ်မည်ထင်သည်။ သက္ကတ၌မူ ဥပသာရအချို့ကိုသာ (ကမ္မပ္ပဝနီယအမည်မရမီ ရှေးကဓာတ်နှင့် တွဲဘက်၍ ကြိယာအနက်ကို ဟောဖူးသောကြောင့်) ကမ္မပ္ပဝစနီယအမည်မှည့်၏။ ပါဠိသဒ္ဒါဆရာတို့ကား ကမ္မံ ပဝစနီယံ ယေသံ ဟူသော ဝိဂ္ဂြိုဟ်အရ ကြိယာကို ဟောနိုင်လျှင် ဓိ ဝိနာ နိပါတ်တို့လည်း ကမ္မပ္ပဝစနီယအမည်ရထိုက်၏ဟု ယူဆ၍ နိပါတ်ကိုပါ သွင်းပြထားဟန်တူသည်။ စ,ဝါ, စသော နိပါတ်တို့ကား ကြိယာအနက်ကို လုံးဝ မဟောကြသောကြောင့် ပါဠိသဒ္ဒါဆရာတို့ကလည်း ကမ္မပ္ပဝစနီယတွင်း၌ မသွင်းလိုကြ။ ဓိ ဝိနာ တို့ကို ကမ္မပ္ပဝစနီယ၌ သွင်းထားခြင်းမှာလည်း သူတို့ယှဉ်ရာ၌ ဒုတိယာသက်မည့်သုတ် မရှိသောကြောင့်သာဟုမှတ်။ (ရူပသိဒ္ဓိဘာဋီ ပ ၃၆၆–၃၇၆)

## တတိယာဝိဘတ် အနက်ဟောသဒ္ဒါ

သဟအနက်ဟော သဒ္ဒါ ဝိနာ အညတရ အန္တရေန စသောသဒ္ဒါတို့နှင့် ဆက်စပ်နေသော သဒ္ဒါများကို သဟာဒိယောဂ(တတိယာ)အနက်ဟော ဒုတိယာဝိဘတ်နှင့် ဆက်သွယ် တွဲစပ်ရသည်။

ပုံစံ ၁။ သစေ မံ နာလပိဿတိ။ မံ–ငါနှင့်တကွ၊ သစေနာလပိဿတိ–အကယ်၍စကားမပြောအံ့။

ဤ၌ သဟအနက်(တတိယာအနက်၌) ဒုတိယာဝိဘတ်ဆက်သွယ်တွဲစပ်ရသည်။

ပုံစံ ၂။ ကုတော သဒ္ဓမ္မံ ဝိနာ သုခံ။ သဒ္ဓမ္မံ–သူတော်ကောင်းတရားနှင့်၊ ဝိနာ–ကင်း၍၊ သုခံ–ချမ်းသာသည်၊ ကုတော–အဘယ်မှာရှိအံ့နည်း။

ဤ၌ဝိနာသဒ္ဒါနှင့်ဆက်စပ်သောကြောင့်သဟာဒိယောဂအနက်(တတိယာအနက်၌)ဒုတိယာဝိဘတ်ဆက်သွယ် တွဲစပ်ရသည်။

ပုံစံ ၃။ ဥပါယမန္တရေန န အတ္ထသိဒ္ဓိ။ ဥပါယံ–နည်းလမ်းနှင့်၊ အန္တရေန–ကင်း၍၊ အတ္ထသိဒ္ဓိ–အကျိုးပြီးခြင်းသည်၊ န–မရှိ။

ဤ၌ အန္တရေနသဒ္ဒါနှင့် ဆက်စပ်သောကြောင့် သဟာဒိယောဂအနက်(တတိယာအနက်၌) ဒုတိယာဝိဘတ်ဆက်သွယ် တွဲစပ်ရသည်။

## ဆဋ္ဌီဝိဘတ် အနက်ဟောသဒ္ဒါ

အန္တရာ, အဘိတော, ပရိတော, ပတိ, ပဋိဘာ သဒ္ဒါစသည်တို့နှင့် ဆက်စပ်နေသော သဒ္ဒါများကို ဆဋ္ဌီအနက်ဟော ဒုတိယာဝိဘတ်နှင့် တွဲစပ်ရသည်။

ပုံစံ–အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ။ ရာဇဂဟံ–ရာဇဂြိုဟ်မြို့၏၊ အန္တရာစ–အကြား၌လည်းကောင်း၊ နာဠန္ဒံ–နာဠန္ဒာမြို့၏၊ အန္တရာစ–အကြား၌လည်းကောင်း၊ အဒ္ဓါနမဂ္ဂပဋိပန္နော–အဝေးရှည်သောခရီးကိုသွားသည်၊ ဟောတိ–ဖြစ်၏။

ဤ၌ အန္တရာသဒ္ဒါနှင့် ဆက်စပ်သောကြောင့် ရာဇဂဟံ နာဠန္ဒံတို့၌ ဆဋ္ဌီအနက်ဟော ဒုတိယာဝိဘတ်နှင့် ဆက်သွယ် တွဲစပ်ရသည်။

♠ ပါဠိတော်စုဏ္ဏိယများ၌ "အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ"ဟု သူ့အန္တရာနှင့် သူ့ယှဉ်ရာဝယ် ဒုတိယာသက်၏။ ဂါထာအရာ၌လည်းကောင်း သဒ္ဒါကျမ်းအလိုအားဖြင့်လည်းကောင်း အန္တရာတခုရှိလျှင် သူနှင့်စပ်ရာ နှစ်ပုဒ်ဖြစ်စေ ထို့ထက်အများ၌ဖြစ်စေ ဒုတိယာသက်သည်။ အန္တရာ ဝါသဘဂါမံ ဗာရာဏသိံ စ သန္တိကေ(အဘိဓမ္မာန ပေတဝတ္ထုပါဠိ) အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတိ (သဒ္ဒါကျမ်း) ရွာ၏အကြား၌လည်းကောင်း မြစ်၏အကြား၌လည်းကောင်း သွား၏။ (ရူဘာဋီ ပ၃၇၇)

ပုံစံ–အဘိတော ဂါမံ ဝသတိ။ ပရိတော ဂါမံ ဝသတိ။ ဂါမံ–ရွာ၏၊ အဘိတော–အတွင်း၌၊ ဝသတိ–နေ၏။ ဂါမံ–ရွာ၏၊ ပရိတော–ထက်ဝန်းကြင်၌၊ ဝသတိ–နေ၏။

ဤ၌ အဘိတော, ပရိတော သဒ္ဒါနှင့် ဆက်စပ်နေသော ဂါမသဒ္ဒါကို ဆဋ္ဌီအနက်ဟော ဒုတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–နဒိံ နေရဉ္ဇရံ ပတိ။ နေရဉ္ဇရံ–နေရဉ္ဇရာမည်သော၊ နဒိံ–မြစ်၏၊ ပတိ–အနီး၌။

♠ အန္တရာ, အဘိတော, ပရိတော တို့သည် နိပါတ်၊ ပတိကား ဥပသာရ။ သက္ကတအလို ကြိယာနှင့် မတွဲသောကြောင့် ကမ္မပဝစနီယ။ 'နဒိံ နေရဉ္ဇရံ ပတိ'၌ ပတိသည် အဋ္ဌကထာတို့အလို ကမ္မပ္ပဝစနီယသာ ဖြစ်သင့်ရကား ကမ္မပ္ပဝစနီယ ယုတ္တေဖြင့် ဒုတိယာသက်။ 'နေရဉ္ဇရံနဒိံ ပတိ–နေရဉ္ဇရာမြစ်၌'ဟုပေး။ (ရူဘာဋီ ပ ၃၇၇)

## သတ္တမီဝိဘတ် အနက်ဟောသဒ္ဒါ

အချိန်ကာလ အနက်ဟောသဒ္ဒါ, ဥပ, အနု, အဓိ, အာ ဥပသာရပုဒ်တို့နှင့် တွဲစပ်နေသော ဝသ–ဓာတ်၊ အဓိ ဥပသာရပုဒ်နှင့် တွဲစပ်နေသော သိ, ဌာ, အာသဓာတ်၊ အဓိ, အာ – ဥပသာရပုဒ်တို့နှင့် တွဲစပ်နေသော ဝသဓာတ်နှင့် ယှဉ်စပ်တွဲစပ်နေသော သဒ္ဒါ၊ သောက်ရာ, လှည့်လည်ရာအရပ်ဌာန အနက်ဟောသဒ္ဒါများကို သတ္တမီဝိဘတ်(အာဓာရ)အနက်ဟော ဒုတိယာဝိဘတ်နှင့် တွဲစပ်ရသည်။

ပုံစံ ၁။ ပုဗ္ဗဏှသမယံ နိဝါသေတွာ။ ပုဗ္ဗဏှသမယံ–နံနက်အခါ၌၊ နိဝါသေတွာ–သင်းပိုင်ကို ပြင်ဝတ်၍။

ဤ၌ နံနက်အချိန်အခါဟော ပုဗ္ဗဏှသမယ သဒ္ဒါ သတ္တမီ(အာဓာရ)အနက်ဟော ဒုတိယာဝိဘတ်နှင့် တွဲစပ်ရသည်။

ပုံစံ ၂။ ဂါမံ ဥပဝသတိ။ ဂါမံ–ရွာ၌၊ ဥပဝသတိ–နေ၏။
ဂါမံ အနုဝသတိ။ ဂါမံ–ရွာ၌၊ အနုဝသတိ–နေ၏။
ဝိဟာရံ အဓိဝသတိ။ ဝိဟာရံ–ကျောင်း၌၊ အဓိဝသတိ–နေ၏။
ဂါမံ အာဝသတိ။ဂါမံ–ရွာ၌၊ အာဝသတိ–နေ၏။
အဂါရံ–အိမ်၌၊ အဇ္ဈာဝသတိ–နေ၏။

ဤပြယုဂ်တို့၌ ဥပ အနု အဓိ အာ ဥပသာရပုဒ်တို့နှင့် တွဲစပ်နေသော ဝသဓာတ်နှင့် ယှဉ်တွဲဆက်စပ်နေသောကြောင့် 'ဂါမ၊ ဝိဟာရ၊ အဂါရ'သဒ္ဒါတို့ကို သတ္တမီ(အာဓာရ)အနက်ဟော ဒုတိယာဝိဘတ်နှင့် တွဲစပ်ရသည်။

♠ ဥပပုဗ္ဗ အနုပုဗ္ဗ အဓိပုဗ္ဗ အာပုဗ္ဗ ဝသဓာတ် အစဉ်အတိုင်း ပုံစံထုတ်ထားသည်။ အဇ္ဈာဝသတိကား အဓိ, အာပုဗ္ဗ ဝသဓာတ်တည်း။ ဥပ, အနု, အဓိ, အာ ဥပသာရတို့ကို ဓာတ်နက်သို့ အစဉ်လိုက်သော **ဓာတွတ္ထာနုတ္တက 'ဥပသာရ အနက်ထူးမရှိ'ဟု ကြံသောကြောင့် ဂါမံ–ရွာ၌ စသည်ဖြင့် သတ္တမီအနက်၌ ဒုတိယာဝိဘတ်သက်ရ**သည်။ ဥပ–စသည်ကို **ဓာတွတ္ထဝိသေသက ဥပသာရဖြစ်၍ အနက်ရှိသည်ဟု ကြံလျှင် 'ဂါမံ–ရွာသို့၊ ဥပဝသတိ–ကပ်နေ၏၊** အနုဝသတိ–အလျော်နေ၏၊ အဓိဝသတိ–အုပ်စိုးနေ၏၊ အာဝသတိ–(အာသဒ္ဒါမရိယာဒအနက်ကြံ၍) အပိုင်းအခြားအတိုင်းနေ၏။ အဇ္ဈာဝသတိ–အုပ်စိုး၍ အပိုင်းအခြားအတိုင်းနေ၏–ဟု အနက်ပေးရသည်။

(ရူဘာဋီ ပ ၃၇၉–၃၈၀)

♠ ဥက္ကဋ္ဌံ အဇ္ဈာဝသတီတိ ဥက္ကဋ္ဌာနာမကေ နဂရေ ဝသတိ၊ အဘိဘဝိတွာ ဝါ အာဝသတိ။(ဒီဋ္ဌ ၁၊ ၂၁၈)

ဥက္ကံ အဇ္ဈာဝသတီတိ–ကား၊ ဥက္ကဋ္ဌာနာမကေ–ဥက္ကဋ္ဌာအမည်ရှိသော၊ နဂရေ–မြို့၌၊ ဝသတိ–နေ၏။ ဝါ–တနည်း၊ ဥက္ကဋ္ဌာနာမကေ–ဥက္ကဋ္ဌာအမည်ရှိသော၊ နဂရေ–မြို့၌၊ အဘိဘဝိတွာ–လွှမ်းမိုး၍၊ အာဝသတိ–အပိုင်းအခြားအားဖြင့် နေ၏။(သီဘာဋီ တ ၃၀၁)

အဓိ+အာ+ဝသတိ။ ဤပုဒ်ကို နှစ်နည်းဖွင့်ရာ၌ ပဌမနည်းဝယ် အဓိသဒ္ဒါ အာသဒ္ဒါတို့သည် အနက်မရှိသော ဥပသာရပုဒ်မျှသာတည်း။ ထိုအဓိ+အာရှေးရှိသော ဝသဓာတ်၏ယှဉ်ရာ၌ သတ္တမီအနက်၌ ဒုတိယာသက်ရိုးရှိသောကြောင့် 'ဥက္ကဋ္ဌံ အဇ္ဈာဝသတိ'ဟု ပါဠိတော်၌ ရှိ၏။ ထို့ကြောင့် 'ဥက္ကဋ္ဌာနာမကေ နဂရေ ဝသတိ'ဟု ဖွင့်သည်။ ဒုတိယနည်း၌ကား အဓိသည် အဘိဘဝန(ကြ္တိယ)အနက်ဟော, အာသဒ္ဒါသည် မရိယာဒါအနက်ဟောတည်း၊ ဤသို့ အနက်ရှိ ကြံသောအခါ၌လည်း ဝိဘတ်ကို တတိယာသတ္တမီနဉ္စ–သုတ်ဖြင့် သက်ရသည်။(ဋီကာသစ်၌ကား ကမ္မပ္ပဝစနီယယုတ္တေ–သုတ်ဖြင့် ဘုမ္မတ္ထ၌ဒုတိယာသက်ဟုဆိုသည်။သို့သော် သက္ကတသဒ္ဒါတို့အလို အဓိသည် ကမ္မပ္ပဝစနီယမဟုတ်သောကြောင့် စဉ်းစားပါ)

ဥက္ကဋ္ဌံ၌ ဒုတိယာဝိဘတ်သည် ဘုမ္မတ္ထ၌ သက်၏။ **အဓိ+အာ ဥပသာရတို့သည် အနက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဥက္ကဋ္ဌံ၌ ဒုတိယာဝိဘတ်မှာ ဘုမ္မတ္ထချည်းသာ**တည်း။ ဘာကြောင့်နည်း၊ ဥက္ကဋ္ဌံကို ဝသဓာတ်၌သာ စပ်၍ (ဥက္ကဋ္ဌ၌+နေ)ဟုသာ ဖြစ်နိုင်သောကြောင့်တည်း။ ယခုအခါ အဓိကို အနက်ရှိကြံသောအခါ ဥက္ကဋ္ဌံ–ကို၊ အဓိ–အုပ်စိုး၍(လွှမ်းမိုး၍)ဟုစပ်၍ ဒုတိယာကို ကံအနက်ဟောဟု ယူကြ၏။ ထိုအယူကို ဘုမ္မတ္ထေ ဥပယောဂဝစနံ–ဟူသော အဋ္ဌကထာစကားကို ထောက်၍ စဉ်းစားပါ။ အဂါရံ အဇ္ဈာဝသတာ ၌လည်း နည်းတူ။

မှတ်ချက်။ ဝိနည်း ပါစိတ် ဘူတဂါမဝဂ် ဝေဟာသကုဋိသိက္ခာပုဒ်၌ အဘိအနက်မရှိကြံသောအခါ 'မဉ္စံ–၌၊ အဘိနိသီဒေယျ ဝါ–ထိုင်မူလည်းထိုင်အံ့'ဟုလည်းကောင်း, အဘိအနက်ရှိကြံသောအခါ 'မဉ္စံ–၌၊ အဘိနိသီဒေယျ ဝါ–ဖိ၍မူလည်းထိုင်အံ့'ဟုလည်းကောင်း, အနက်ပေးနိုင်သကဲ့သို့ ဤ၌လည်း အဓိအနက်ရှိကြံသောအခါ 'ဥက္ကဋ္ဌံ–ကို၊ အဇ္ဈာဝသတိ–စိုးအုပ်၍ အပိုင်းအခြားအားဖြင့် နေ၏–ဟု အနက်ပေးရမည်ကဲ့သို့ ထင်ဖွယ်ရှိသည်။ သို့သော် ပါဠိတော်၌ကား ဝသဓာတ်မဟုတ်, သဒဓာတ်ဖြစ်သောကြောင့် အဘိရှေးရှိသောအခါ မဉ္စံ၌ ကံအနက်ပေးနိုင်ပါသည်။ ဤ၌ကား 'ဥပနွဇ္ဈာဝသသ'ဟု ဝသဓာတ်ဖြစ်သောကြောင့်လည်းကောင်း သဒ္ဒါကျမ်း၌ တတိယာ သတ္တမီနဉ္စ–ဟု ဆိုသောကြောင့်လည်းကောင်း အဓိအနက်ရှိကြံသော်လည်း ဘုမ္မတ္ထေ ဥပယောဂဝစနံ–နှင့်အညီ သတ္တမီအနက်သာ ပေးနိုင်သည်။(သီဘာဋီ တ ၃၀၂–၃၀၃)

ပုံစံ။ နဒိံ ပိဝတိ။ ဂါမံ စရတိ။ နဒိံ–မြစ်၌၊ ပိဝတိ–သောက်၏။ ဂါမံ–ရွာ၌၊ စရတိ–လှည့်လည်၏။

ဤ၌ သောက်ရာ လှည့်လည်ရာ အရပ်ဌာနအနက်ဟော သဒ္ဒါများဖြစ်သောကြောင့် နဒီ ဂါမ သဒ္ဒါတို့ကို သတ္တမီ(အာဓာရ)အနက်ဟော ဒုတိယာဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ထားသည်။

♠ မောဂ္ဂလာန်၌ နဒိံ–အရ မြစ်၌တည်သောရေကို ဌာနူပစာရအားဖြင့် ယူ၍ 'နဒိံ–မြစ်ကို'ဟုလည်းကောင်း, 'ဂါမံ–ရွာကို'ဟုလည်းကောင်း ကံအနက်ဆို၏။(ရူဘာဋီ ပ ၃၈၀)

ပုံစံ။ မဥ္စေ ဝါ ပီဌေ ဝါ အဘိနိသီဒေယျ ဝါ အဘိနိပဇ္ဇေယျ ဝါ။ မဥ္စေ–ညောင်စောင်း၌၊ အဘိနိသီဒေယျဝါ–ထိုင်မူလည်းထိုင်အံ့။ (အာဒိဖြင့်) ထို၌ ထိုင်, ထို၌ အိပ်–စသည်အနက်၌လည်း သတ္တမီ(အာဓာရ) အနက်ဟော ဒုတိယာဝိဘတ်နှင့် ဆက်သွယ်တွဲစပ်ထားသည်။

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၇၀)

ကရဏေ ကတ္တုကမ္မေစ၊ ကြိယာပဝဂ္ဂလက္ခဏေ
ကာလဒ္ဓါန ပစ္စတ္တေသု၊ ဝဓိဟေတုနိမိတ္တကေ။
သဟတ္ထဒျဂ်သမ္ဗန္ဓ၊ ဝိသေသနာဒိကေ ဘုမ္မေ။
တတီယာဝါစကာ ဟောန္တိ၊ သောဠသတ္ထာဒိကေသုပိ။

တတိယာဝိဘတျတ္ထ (သောဠသ) ၁၆

| အတ္ထ | ပယောဂ |
|---|---|
| ၁။ ကရဏတ္ထ | ရက္ခံ–သစ်ပင်ကို၊ **ခဂ္ဂေန**–သန်လျက်ဖြင့်၊ ဆိန္ဒတိ–ဖြတ်၏။ |
| ၂။ အဝုတ္တကတ္တတ္ထ | **ဗုဒ္ဓေန**–သည်၊ ဓမ္မော–ကို၊ ဒေသိတော–ဟောတော်မူအပ်၏။ |
| ၃။ အဝုတ္တကမ္မတ္ထ | **တိလေဟိ**–နှမ်းစေ့တို့ကို၊ ခေတ္တေ–လယ်၌၊ ဝပတိ–စိုက်ပျိုး၏။ |
| ၄။ ကြိယာပဝဂ္ဂ | **ကောဟေနေဝ**–တရက်တည်းဖြင့်သာလျှင်၊ ပါပုဏိ–ရောက်ပြီ။ |
| ၅။ ဣတ္ထံဘူတလက္ခဏ | ကာလီ–ကာလီမည်သော ကျွန်မသည်၊ **ဘိန္နေနသီသေန**(ဘိန္နသီသာဟုတွာ) ကွဲသောဦးခေါင်းရှိသည်ဖြစ်၍၊ ပတိဝိသကေ–အိမ်နီးချင်းတို့ကို၊ ဉာပေတိ–သိစေ၏။ |
| ၆။ ကာလတ္ထ | **ကာလေန**–လျောက်ပတ်သောအခါ၌၊ ဓမ္မဿဝဏံ–တရားနာခြင်း |
| ၇။ အဒ္ဓါနတ္ထ | **ယောဇနေန**–ယူဇနာတိုင်အောင်၊ အဘိဓာဝတိ–လျင်စွာပြေးသွား၏။ |
| ၈။ ပစ္စတ္တ | **အတ္တနာ**–မိမိသည်၊ အတ္တာနံ–မိမိကိုယ်ကို၊ သမ္မတိ–သမုတ်၏။ |
| ၉။ အဝဓျတ္ထ | ဝေါ–သင်တို့သည်လည်းကောင်း၊ မယံ–ငါတို့သည်လည်းကောင်း၊ **တေန**–ထိုရဟန်းမှ၊ မုတ္တာ–လွတ်ကုန်ပြီ။ (မသဒ္ဒါ ဆန်းကြောင့် အာဂမ) |
| ၁၀။ ဟေတွတ္ထ | ဘိက္ခု–ရဟန်းသည်၊ **ဓမ္မေန**–တရားဟူသောအကြောင်းကြောင့်၊ ဝသတိ–နေလင့်၏။ |
| ၁၁။ နိမိတ္တတ္ထ | **ဒန္တေန**–အစွယ်ဟူသော အကြောင်းကြောင့်၊ နာဂေါ–ဆင်ကို၊ ဟညတေ=သတ်အပ်၏။ |
| ၁၂။ သဟတ္ထာဒျတ္ထ | သော–ထိုအဘသည်၊ **ပုတ္တေန**–သားနှင့်၊ သဟ–အတူတကွ၊ ထူလော–ဆူဖြိုး၏၊ ဝ၏။ |
| ၁၃။ အင်္ဂဝိကာရ | **စက္ခုနာ**–မျက်စိဖြင့်၊ ကာဏံ–ကဏ်းသောသူကို၊ ပဿတိ–မြင်၏။ |
| ၁၄။ သမ္ဗန္ဓ | **သုဝဏ္ဏေန**–ရွှေ၏၊ အလင်္ကာနေ–တန်ဆာဖြင့်၊ အဘိရူပေါ–အလွန်လှသော အဆင်းရှိ၏။ |
| ၁၅။ ဘိန္နာဓိကရဏဝိသေသနာဒျတ္ထ | **ဇာတိယာ**–ဖွားမြင်ခြင်းအားဖြင့်၊ သတ္တဝဿိကော–ခုနှစ်နှစ်အရွယ်ရှိ၏။ |
| ၁၆။ ဘုမ္မတ္ထ | **တေနခေါ ပနသမယေန**–ထိုအခါ၌။ |

**တတိယာဝိဘတ်**ကို

၁။ သုဒ္ဓ(အဝုတ္တ)ကတ္တုကာရက
၂။ ဟေတု(အဝုတ္တ)ကတ္တုကာရက
၃။ ကာရိတကမ္မကာရက(ဓာတုကတ္တုကာရက)
၄။ ကရဏကာရက
၅။ ဟိတ်အနက်ဟောသဒ္ဒါ
၆။ ဝိသေသနအနက်ဟောသဒ္ဒါ
၇။ သဟ-စသော သဒ္ဒါတို့နှင့် ယှဉ်တွဲ(ဆက်စပ်)နေသောသဒ္ဒါ, သဟအနက်ရှိသော သဒ္ဒါ
၈။ အင်္ဂဝိကာရ(တကိုယ်လုံး၏ ဖောက်ပြန်ခြင်းကို မှတ်ကြောင်းဖြစ်သော အနာရှိသောအစိတ်အင်္ဂါ) အနက်ဟောသဒ္ဒါ
၉။ မဏ္ဍိတ (ကြည်လင်းခြင်း) ဥဿုက္က (အားထုတ်ခြင်း) အနက်သဒ္ဒါ
၁၀။ ဣတ္ထမ္ဘူတလက္ခဏအနက်ဟောသဒ္ဒါ
၁၁။ ကြိယာပဝဂ္ဂအနက်ဟောသဒ္ဒါ
၁၂။ ပုဗ္ဗ(ရှေး) သဒိသ-သမ(အတူ) ဦန(ယုတ်လျော့ခြင်း) ကလဟ(ငြင်းခုံခြင်း) နိပုဏ(သိမ့်မွေ့ခြင်း) မိဿက(ရောနှောခြင်း) သခိလ(ပြေပြစ်ခြင်း) အတ္ထ(အလိုရှိခြင်း) အနက်ဟောသဒ္ဒါစသည်တို့နှင့် ဆက်စပ်နေသောသဒ္ဒါ
၁၃။ ပထမာဝိဘတ်(ကတ္တား)အနက်ဟောသဒ္ဒါ
၁၄။ (အဝုတ္တ) ကံအနက်ဟောသဒ္ဒါ
၁၅။ ပဉ္စမီဝိဘတ်အနက်ဟောသဒ္ဒါ
၁၆။ သတ္တမီဝိဘတ်အနက်ဟောသဒ္ဒါ တို့နှင့် ဆက်သွယ်အသုံးပြုရသည်။

## သုဒ္ဓ(အဝုတ္တ)ကတ္တုကာရက

ဟေတုကတ္တားလည်းမဟုတ်, ကမ္မကတ္တားလည်းမဟုတ်, သက်သက်သော ကတ္တားသည် သုဒ္ဓကတ္တားမည်၏။ ကံဟောဝါကျ၌ ကြိယာပုဒ်က ကံကိုဟော၍ ကတ္တားကို မဟောသဖြင့် ကတ္တားပုဒ်ကို ကတ္တားအနက်ကို ဟောသော တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ-ဇိနေန ဓမ္မော ဒေသိတော။ ဇိနေန-မြတ်စွာဘုရားသည်၊ ဓမ္မော-တရားကို၊ ဒေသိတော-ဟောတော်မူအပ်၏။

## ဟေတု(အဝုတ္တ)ကတ္တုကာရက

ကြိယာပြီးစေရန် တိုက်တွန်း(စေခိုင်း)တတ်သော ကတ္တားသည် ဟေတုကတ္တားမည်၏။

ပုံစံ–ဗုဒ္ဓေန လောကော ဗောဓိတော။ ဗုဒ္ဓေန–မြတ်စွာဘုရားသည်၊ လောကော–သတ္တဝါအပေါင်းကို၊ ဗောဓိတော–သိစေတော်မူအပ်ပြီ။
သဒ္ဓေဟိ ဝိဟာရော ကာရိတော။ သဒ္ဓေဟိ–သဒ္ဓါရှိသူတို့သည်၊ ဝိဟာရော–ကျောင်းကို၊ ကာရိတော–ဆောက်လုပ်စေအပ်ပြီ။

## ကာရိတကမ္မကာရက(ဓာတုကတ္တုကာရက)

ကာရိက်ဝါကျဝယ် ကာရိက်ပစ္စည်း၏ ကံပုဒ်၌ တတိယာဝိဘတ်ဆက်သွယ်သော သဒ္ဒါသည် 'ကာရိတကမ္မကာရက'မည်၏။ သုဒ္ဓဝါကျအခိုက်၌ ၎င်းသည် ဓာတ်ကတ္တားအရာ၌ တည်သောကြောင့် ဓာတုကတ္တားလည်း မည်၏။

ပုံစံ–ဘိက္ခု သာမဏေရေန ဓမ္မံ ပါဌေတိ။ ဘိက္ခု–ရဟန်းသည်၊ သာမဏေရေန–သာမဏေကို၊ ဓမ္မံ–ပါဠိကို၊ ပါဌေတိ–ရွတ်ဖတ်စေ၏။

ဤသာမဏေရေနသည် ပါဌေတိဟူသော ကြိယာဝယ် ကာရိက်ဏေပစ္စည်းနှင့် ဆက်စပ်သည်ဖြစ်၍ 'ကာရိက်ကံ' ဖြစ်၏။ ပဌ–ဓာတ်နှင့် ဆက်သွယ်သည့်အခါ ရွတ်ဖတ်ခြင်းကြိယာကို ဖြစ်(ပြီး)စေသော သတ္တိရှိသောကြောင့် 'ဓာတ်ကတ္တား'လည်း မည်၏။

## ကရဏကာရက

ကတ္တား၏ကြိယာကို ပြီးစေမှု၌ ကံအစရှိသော အခြား ကာရကလေးပါးထက် ကြိယာကို အထူးပြီးစေနိုင်သော သတ္တိရှိသော ကာရကသည် 'ကရဏကာရက'မည်၏။

ပုံစံ–စက္ခုနာ ရူပံ ပဿတိ။ စက္ခုနာ–မျက်စိဖြင့်၊ ရူပံ–အဆင်းကို၊ ပဿတိ–မြင်၏။

ဤ၌ မြင်ခြင်းကြိယာသည် မျက်စိမပါလျှင် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ ထို့ကြောင့် စက္ခုသဒ္ဒါသည် ကရဏကာရကမည်၏။

## ဟိတ်အနက်ဟော သဒ္ဒါ

အကျိုးတရားကို ဖြစ်ပေါ်လာစေသော သတ္တိရှိသော အကြောင်းဟောသဒ္ဒါသည် 'ဟေတု'ဟိတ်မည်။ ထိုဟိတ်(အကြောင်း)အနက်ဟောသဒ္ဒါကို တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–အန္နေန ဝသတိ။ ထမင်းကြောင့် နေ၏။

ဝိဇ္ဇာယ ဝသတိ။ အတတ်ပညာကြောင့် နေ၏။

## ဝိသေသန အနက်ဟောသဒ္ဒါ

ကာရက(နာမ်ပုဒ်)ကို ဖြစ်စေ, ကြိယာကိုဖြစ်စေ ထူးခြားအောင်ပြုနိုင်သော သတ္တိရှိသော ကာရကသည် 'ဝိသေသန' မည်၏။

ပုံစံ–ဝိဇ္ဇာယ သာဓု၊ အတတ်ပညာအားဖြင့် ကောင်းသူ

တပသာ ဥတ္တမော၊ အကျင့်အားဖြင့် မြင့်မြတ်သူ

သမေန ဓာဝတိ၊ ညီညွတ်သဖြင့်(အညီအမျှ)ပြေးသွား၏။

## သဟယောဂသဒ္ဒါ

သဟသဒ္ဒါနှင့် ဆက်စပ်နေသော သဒ္ဒါသည် သဟယောဂမည်၏။ ထိုသဟယောဂသဒ္ဒါကို တတိယာ ဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ။ ပုတ္တေန သဟ ထူလော ပိတာ၊ သားနှင့်အတူ အဖသည် ဝသည်။

ထိုသို့ သဟသဒ္ဒါနှင့်ဆက်စပ်ရာဝယ် သဟသဒ္ဒါက ရှေ့ကနေမူ ပဉ္စမီဝိဘတ် သတ္တမီဝိဘတ်များနှင့်လည်း ဆက်သွယ်နိုင်သည်။

ပုံစံ–သဟ ပရိနိဗ္ဗာနာ–ပရိနိဗ္ဗာန်စံသည်နှင့် တပြိုင်နက်၊ သဟ သစ္စေ ကတေ၊ သစ္စာပြုအပ် သည်နှင့်။

## သဟာဒိယောဂသဒ္ဒါ

သဒ္ဓိံ၊ ဝိနာ၊ သမံ၊ နာနာ– စသော သဒ္ဒါများနှင့် ဆက်စပ်နေသော သဒ္ဒါသည် 'သဟာဒိယောဂ'မည်၏။ ထိုသဟာဒိယောဂသဒ္ဒါကို တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–ဘဂဝါ ဘိက္ခုသံဃေန သဒ္ဓိံ နိသီဒိ။ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်အတူ ထိုင်တော်မူပြီ။

သဟာယေန သမံ မိတ္တာ။ တထောင်နှင့်အမျှ နှိုင်းယှဉ်အပ်၏။

## သဟတ္ထ

နှင့်–ဟု အသံထွက်စေနိုင်သော တကွ–အနက်ဟော သဟ, သဒ္ဓိံ စသော သဒ္ဒါတို့မပါပဲ 'နှင့်တကွ' အသံ ဖြစ်ပေါ်စေနိုင်သော သဒ္ဒါသည် သဟအနက်ရှိသော 'သဟတ္ထ' မည်၏။ ထိုသဟတ္ထသဒ္ဒါကိုလည်း တတိယာ ဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–ဒုက္ခော ဗာလေဟိ သံဝါသော။ လူမိုက်တို့နှင့် အတူတကွနေရခြင်းသည် ဆင်းရဲကြောင်းတည်း။

## အင်္ဂဝိကာရလက္ခဏအနက်ဟောသဒ္ဒါ

လူတစ်ယောက်ကို ညွှန်ပြရာ၌ "မျက်စိကန်းတဲ့လူ, လက်ကောက်တဲ့လူ"စသည်ဖြင့် သူတပါးထက် ထူးခြားသော အမှတ်အသားဖြင့် ညွှန်ပြရသည်။ ထိုသို့ ညွှန်ပြရာ၌ လူတကိုယ်လုံး၏ ဖောက်ပြန်ချွတ်ယွင်းခြင်းကို မှတ်သားကြောင်းဖြစ်သော ဖောက်ပြန်ချွတ်ယွင်းမှုရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းသည် 'အင်္ဂဝိကာရလက္ခဏ'မည်၏။ ထို ဖောက်ပြန်ချွတ်ယွင်းရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်း ဒြပ်ဟောသဒ္ဒါကို တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–အက္ခိနာ ကာဏော။ မျက်စိဖြင့် ကန်းသောသူ(မျက်မမြင်)
ဟတ္ထေန ကုဏီ။ လက်ဖြင့် ကောက်သောသူ(လက်ကောက်သူ)

## မဏ္ဍိတ, ဥဿုက္ကအနက်ဟောသဒ္ဒါအယှဉ်

မဏ္ဍိတ(ကြည်လင်ခြင်း) ဥဿုက္က (အားထုတ်ခြင်း) အနက်ဟော သဒ္ဒါများနှင့် ယှဉ်တွဲဆက်စပ်နေသော သဒ္ဒါများကို တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–ဉာဏေန ပသန္နော။ ဉာဏ်ဖြင့် ကြည်လင်၏။
ဉာဏေန ဥဿုက္ကော။ ဉာဏ်ဖြင့် အားထုတ်၏။

## ဣတ္ထမ္ဘူတလက္ခဏအနက်ဟောသဒ္ဒါ

အင်္ဂဝိကာရလဘောမဟုတ်ဘဲ သူတပါးထက် ထူးခြားချက်ရှိသူကို မှတ်သားကြောင်းဖြစ်သော ထူးခြားသော အမှတ်အသားသည် ဣတ္ထမ္ဘူတလက္ခဏ အနက်မည်၏။ ထိုဣတ္ထမ္ဘူတလက္ခဏ အနက်ဟောသဒ္ဒါကို တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–သာ ဘိန္နေန သီသေန ပဂ္ဃရန္တေန လောဟိတေန ပဋိဝိဿကာနံ ဥဇ္ဈာပေတိ။ ထိုကာဠီမည်သော ကျွန်မသည် ကွဲသော ဦးခေါင်းဖြင့် ယိုစီးသော သွေးဖြင့် အိမ်နီးချင်းတို့ကို ကဲ့ရဲ့စေ၏။

ဤ၌ ဦးခေါင်းကွဲနေခြင်း သွေးများယိုစီးနေခြင်းသည် ပကတိအနေအထားထက် ထူးခြားသောကြောင့် 'ဣတ္ထံ' မည်၏။ ထိုထူးခြားချက်ရှိနေသော ကာဠီသည် 'ဣတ္ထမ္ဘူတ'မည်၏။ ကွဲနေသော ဦးခေါင်းဒြပ် ယိုးစီးနေသော သွေးဒြပ်သည် 'ခေါင်းကွဲကြီးနဲ့ကာဠီ၊ သွေးတွေယိုစီးနေတဲ့ကာဠီ'ဟု ကာဠီကိုမှတ်သားကြောင်း ဖြစ်သောကြောင့် 'ဣတ္ထမ္ဘူတလက္ခဏ'မည်၏။ ထိုဣတ္ထမ္ဘူတလက္ခဏ အနက်ဟော ဘိန္နသီသ, ပဂ္ဃရန္တ, လောဟိတ သဒ္ဒါကို တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

## ကြိယာပဝဂ္ဂအနက်ဟောသဒ္ဒါ

ကိရိယာ(ကိစ္စ)ကို လျင်မြန်စွာ ပြီးစေခြင်းကို 'ကြိယာပဝဂ္ဂ'ဟု ခေါ်သည်။ ထိုကြိယာပဝဂ္ဂအနက်ဟောသဒ္ဒါကို တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–ဧကာဟေန ဗာရာဏသိံ ပါယာသိ။ တရက်တည်းဖြင့်သာ ဗာရာဏသီသို့ အရောက်သွားပြီ။

## ပုဗ္ဗ သဒိသ စသည်တို့နှင့် ဆက်စပ်သော သဒ္ဒါ

ပုဗ္ဗ သဒိသ သမ ဦန အနက်ဟော သဒ္ဒါစသည်တို့နှင့် ယှဉ်(ဆက်စပ်နေ)သောသဒ္ဒါများကို တတိယာဝိဘတ်ဖြင့် ဆက်သွယ်ရသည်။

ပုံစံ– မာသေန ပုဗ္ဗော–တလဖြင့် ရှေးကျသူ။
ပိတရာ သဒိသော–အဖနှင့်တူသူ။
မာတရာ သမော–အမိနှင့်တူသူ။
ဧကေန ဝိကလော–ဥစ္စာဖြင့် ချို့တဲ့သူ။
မဏိနာ အတ္တော–ပတ္တမြားဖြင့် အလိုရှိ၏။

အသိနာ ကလဟော–သန်လျက်ဖြင့် ငြင်းခုံခြင်း
အာစာရေန နိပုဏော–အကျင့်ဖြင့် သိမ်မွေ့သူ
ဂုဠေန မိဿကံ–တင်လဲနှင့် ရောအပ်သော အစားအစာ
ဝါစာယ သခိလော–နှုတ်စကားဖြင့် ပြေပြစ်သူ

## ပထမာဝိဘတ်(ကတ္တား)အနက်ဟော

ကတ္တားအနက်ဟော ကြိယာပုဒ်နှင့် ဆက်စပ်နေသော ကတ္တားပုဒ်ကို တတိယာဝိဘတ်နှင့် ဆက်သွယ်ခြင်းသည် ပထမာဝိဘတ်အနက်ဟောသဒ္ဒါနှင့် တတိယာဝိဘတ်တို့ကို ဆက်သွယ်ခြင်းမည်၏။

ပုံစံ–အတ္တနာဝ အတ္တာနံ သမ္မနတိ၊ မိမိသည်ပင် မိမိကို သမုတ်၏။

## (အဝုတ္တ)ကံအနက်ဟောသဒ္ဒါ

အဝုတ္တကံအနက်ဟောသဒ္ဒါနှင့် တတိယာဝိဘတ်ဆက်သွယ်ရသည်။

ပုံစံ–တိလေဟိ ခေတ္တေ ဝပတိ၊ နှမ်းတို့ကို လယ်၌ စိုက်ပျိုး၏။

## ပဉ္စမီဝိဘတ် အနက်ဟောသဒ္ဒါ

ပဉ္စမီဝိဘတ်(အပါဒါန်)အနက်ဟောသဒ္ဒါနှင့်တတိယာဝိဘတ်ဆက်သွယ်ရသည်။

ပုံစံ–သုမုတ္တာ မယံ တေန မဟာသမဏေန၊ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းစွာ လွတ်မြောက်ကြကုန်ပြီ။

## သတ္တမီဝိဘတ် အနက်ဟောသဒ္ဒါ

(အစ္စန္တသံယောဂမဟုတ်သော) အချိန်ကာလ, အရပ်မျက်နှာဟောသဒ္ဒါများကို သတ္တမီဝိဘတ်အနက်ဟော တတိယာဝိဘတ်ဖြင့် ဆက်သွယ်ရသည်။

ပုံစံ–တေန သမယေန–ထိုအခါ၌။ မာသေန ဘုဥ္ဇတိ–တလ၌ စား၏။
ယေန ဘဂဝါ–အကြင်အရပ်၌ ဘုရားရှင်(ရှိတော်မူ)။

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၇၁–၇၈)

သမ္ပဒါနေ တတိယတ္ထေ၊ ယောဂေ ကမ္မေ စ အာရာဓေ။
အနုတ္တာနာဒရတ္ထေသု၊ တဒတ္ထတုံလသာမိသု။
ဘုမ္မေစ ဒဿနတ္ထေစ၊ စုဒ္ဒသစ္စတုတ္ထီ မတာ။

စတုတ္ထီဝိဘတျတ္ထ (စုဒ္ဒသ) ၁၄

| အတ္ထ | ပယောဂ |
|---|---|
| ၁။ သမ္ပဒါနတ္ထ | ယော–အကြင်သူသည်၊ **ဘိက္ခုဿ**–ရဟန်းအား၊ ဒေတိ–ပေး၏။ |
| ၂။ တတိယတ္ထ | **ပရိက္ခိတ္တဿ**–ရိက္ခာကုန်သောသူသည်၊ အညံ–တပါးသောရိက္ခာကို၊ ပိဟယံ–လိုချင်တောင့်တ၏။ |
| ၃။ နမောယောဂ | ဝီရ–ကြီးသောလုံ့လရှိတော်မူသော၊ ဗုဒ္ဓ–မြတ်စွာဘုရား၊ **တေ**–အရှင်ဘုရားအား၊ နမော–ရိုသေမြတ်နိုး ရှိခိုးဦးညွတ်ခြင်းသည်၊ အတ္ထု–ဝမ်းမြောက်ကြည်သာ ဖြစ်ပါ၏။ (အတ္ထုနိပါတ်၊ အာချာတ်ပုဒ်မဟုတ်) |
| ၄။ အဝုတ္တကမ္မတ္ထ | **သဂ္ဂဿ**–နတ်ပြည်သို့၊ ဂမနေန–သွားရခြင်းတဲ့ |
| ၅။ အာရာဓပ္ပယောဂ | ရာဇာ–မင်းသည်၊ **မေ**–ငါ့အား၊ အာရာဓော–နှစ်သက်သည်၊ ဟောတိ–ဖြစ်၏။ |
| ၆။ အနုတ္တ | တေ–ထိုရဟန်းတို့သည်၊ **ဗုဒ္ဓဿ**–ဘုရားအား၊ အာသုဏန္တိ–ရိုသေစွာနာကုန်၏။ (အနုတ္တကို ဋီကာမှာကြည့်) |
| ၇။ အနာဒရတ္ထ | အဟံ–ငါသည်၊ တံ–သင့်ကို၊ **ကဋ္ဌဿ**–ထင်းတုံးလောက်၊ မညေ–အောက်မေ့မှတ်ထင်၏။ |
| ၈။ တဒတ္ထ | **ဗုဒ္ဓတ္ထံ**–ဘုရားဖြစ်ခြင်းငှါ၊ ဇီဝိတံ–အသက်ကို၊ စဇီ–စွန့်ပြီ။ |
| ၉။ တုမတ္ထ | **အနုကမ္ပာယ**–သနားစောင့်ရှောက်ခြင်းငှါ၊ ဒေသေတု–ဟောတော်မူပါလော့။ |
| ၁၀/၁၁။အလမတ္ထပယောဂ | **မေ**–ငါ့အား၊ ရတ္တနတ္တယံ–ရတနာသုံးပါးသည်၊ အလံ–ထိုက်တန်၏၊<br>**မေ**–ငါ့အား၊ တေနဓနေန–ထိုဥစ္စာဖြင့်၊ အလံ–အလိုမရှိပြီ။ |
| ၁၂။ သာမျတ္ထ | **မေ**–ငါ၏၊ အတ္ထာယ–အကျိုးငှါ၊ ဘဝံ–အရှင်သည်၊ ဒိန္နော–ပေးအပ်၏။ |
| ၁၃။ ဘုမ္မတ္ထ | **အဿတုယှဉ္စ**–ထိုသင့်ထံ၌လည်း၊ အာဝီကရော–ထင်စွာပြု၏။ |
| ၁၄။ ဒဿနတ္ထ | **တဝ**–သင့်အား၊ ဒဿနံ–မြင်ခြင်းငှါ၊ ကာမတာ–အလိုရှိခြင်း။ |

**စတုတ္ထီဝိဘတ်ကို**

(က) 'နမော' နိပါတ်ပုဒ်စသည်နှင့် ဆက်စပ်နေသောသဒ္ဒါ၊
အနာဂတ်ကာလဝယ် ဘောအနက်ဟော သဒ္ဒါ
(ခ) သမ္ပဒါနကာရက သဒ္ဒါတို့နှင့် တွဲစပ်ရသည်။

## သမ္ပဒါနကာရကများ

ပူဇော်လို ချီးမြှောက်လို၍ ပေးသော ဝတ္ထု၊ ကြိယာတို့ကို ခံယူတတ်သော သတ္တိရှိသော သဒ္ဒါများသည် 'သမ္ပဒါန်'မည်၏။ ၎င်းတို့မှာ–

၁။ ဒါဓာတ် ရုစဓာတ် ဓရဓာတ် ဓာတ်တို့နှင့် ဆက်စပ်နေသော သဒ္ဒါ
၂။ သိလာဃ(ချီးမွမ်းခြင်း) ဟနု(လိမ်ညာခြင်း) ဌာ(ရပ်တည်ခြင်း) သပ(ယုံကြည်လို သစ္စာဆိုခြင်း) ဓရ(ပေးဆပ်ခြင်း) ပိဟ(လိုလားတောင့်ခြင်း၊ နှစ်သက်ခြင်း) ကုဓ(စိတ်ဆိုးခြင်း၊အမျက်ထွက်ခြင်း) ဒုသ(ဖျက်ဆီးခြင်း) ဣသ(ငြူစူခြင်း) ဥသူယ(စောင်းပြောင်းခြင်း၊အပြစ်ကိုထင်စွာပြုခြင်း) ဓာတ်တို့နှင့် ဆက်စပ်သော သဒ္ဒါ
၃။ ရာဓ(နှစ်သက်ခြင်း၊ ညှင်းဆဲခြင်း) ဣက္ခ(ကြည့်ရှုခြင်း, ရှုငဲ့ခြင်း, အမှတ်တံဆိပ်ခတ်နှိုက်ခြင်း)ဓာတ်တို့နှင့် ဆက်စပ်နေသော အမှုထင်ရှားစေရန် အမေးခံရသူဟော သဒ္ဒါ၊
၄။ ပတိ, အာ, ဥပသာရပုဒ်တို့နှင့် တွဲစပ်နေသော သု–ဓာတ်၊ အနု ပတိ ဥပသာရပုဒ်နှင့်တွဲစပ်နေသော ဂိ(ဂေ)ဓာတ်တို့၏ ရှေ့ဝါကျရှိ ကတ္တားပုဒ်
၅။ ပြောဆိုခြင်းအနက်ဟော ဓာတ်တို့နှင့် ယှဉ်သော သဒ္ဒါ
၆။ ကြိယာ၏ အကျိုးဖြစ်သောသဒ္ဒါ (တဒတ္ထသမ္ပဒါန်)
၇။ တုံပစ္စည်းဆုံးသောပုဒ်နှင့် ဆက်စပ်သော သဒ္ဒါ (တုမတ္ထသမ္ပဒါန်)
၈။ (ထိုက်တန်ခြင်း၊ ပယ်မြစ်ခြင်း အနက်ဟော) အလံသဒ္ဒါနှင့် ဆက်စပ်နေသော သဒ္ဒါ
၉။ မနဓာတ်နှင့် ဆက်စပ်နေသော မရှိသေမလေးစားအပ်သော သက်မဲ့အရာဝတ္ထုဟော ကံပုဒ်၊
၁၀။ ဂတိအနက်ဟောဓာတ်တို့၏ ကံပုဒ်
၁၁။ တောင့်တခြင်း အနက်ဟော အာယု, ဘဒ္ဒ, ကုသလ အစရှိသော သဒ္ဒါတို့နှင့် ဆက်စပ်နေသော သဒ္ဒါ
၁၂။ သမ္မုတိ ဘိယျသဒ္ဒါတို့နှင့် ဆက်စပ်နေသောသဒ္ဒါ
၁၃။ အာဝိကရဏ ပါတုဘဝန သဒ္ဒါတို့နှင့် ဆက်စပ်နေသော သတ္တမီဝိဘတ်အနက်ဟော သဒ္ဒါ
၁၄။ ပဟိဏ–အစရှိသော ကြိယာပုဒ်, ဖာသုအစရှိသော နာမ်ပုဒ်တို့နှင့် ဆက်စပ်သောသဒ္ဒါ များဖြစ်ကြသည်။

**နမူနာ ပုံစံများ**

(က) နမော ကရောဟိ နာဂဿ။ ရဟန္တာအား ရှိခိုးခြင်းကို ပြုလော့။ (နမောနှင့်ယှဉ်၍ စတုတ္ထီသက်)
ပါကာယ ဝဇတိ။ ချက်လတ့်ခြင်းငှါ (ချက်ဖို့ရာ) သွား၏။ (အနာဂတ်ကာလ ဘောဟော)

(ခ) သမ္ပဒါနကာရကများ

၁။ ဘိက္ခုဿ စီဝရံ ဒေတိ။ ရဟန်းအား သင်္ကန်းကို လှူ၏။

♠ ပူဇော်လို ချီးမြှောက်လို၍ ပေးတာမဟုတ်လျှင် သမ္ပဒါန်မဖြစ်။ ရဇကဿ ဝတ္ထံ ဒဒါတိ။ ရဇကဿ–ခဝါသည်၏ (ဟတ္ထေ–လက်၌) ဝတ္ထံ–အဝတ်ကို၊ ဒဒါတိ–ပေး၏။ ရညော ဒဏ္ဍံ ဒဒတိ။ ရညော–မင်း၏၊ ဒဏ္ဍံ–ဒဏ်ငွေကို၊ ဒဒါတိ–ပေး၏။ သို့သော် ဘိက္ခုဿ ပဟာရံ ဒဒေယျ–ရဟန်းအား ပုတ်ခြင်းကို ပေးအံ့–စသည်တို့၌လည်း သမ္ပဒါန်ဖြစ်သည်ဟုယူသည်။ ဤသမ္ပါန်မျိုးကို သ–ဝိဘတ်သက်ထာခြင်းတူ၍ သဒိသူပစာသမ္ပဒါန်ဟု ခေါ်သည်။ နှာသဉ္စ ကောင်းစွာပေးပေး မပေးပေး, အပိုင်ရ၇ မရရ ပေးတာမှန်သမျှ သမ္ပါဒန်ဖြစ်သည်ဟု ဆိုသည်။
(ကစ္စည်းဘာဋီ ပ ၃၂၈)

သမဏဿ ရောစတေ သစ္စံ။ ရဟန်းအား အမှန်သည် နှစ်သက်၏။

♠ မြန်မာလို 'ရဟန်းသည် မှန်သော စကားကို နှစ်သက်၏'ဟု ဆိုလိုသည်။ သဒ္ဒါထုံးစံအရ နှစ်သက်သူကတ္တားသည် သမ္ပဒါန်ဖြစ်၍ နှစ်သက်အပ်သော ကံပုဒ်က ကတ္တားဖြစ်ရသည်။ (ရူဘာဋီ ပ ၄၀၉)

မာယသမန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ။ အရှင်တို့အားလည်း သံဃာကွဲပြားခြင်းသည် မနှစ်သက်ပါလင့်။
ကဿ သာဒု န ရုစ္စတိ။ အဘယ်သူ့အား အစားကောင်းသည် မနှစ်သက်ပဲ ရှိပါအံ့နည်း။
ခမတိ သံဃဿ ဥပသမ္ပဒါ။ ပဥ္စင်းအဖြစ်သည် သံဃာအား နှစ်သက်၏။
အဿ ဘတ္တံ နစ္ဆာဒေသိ။ ထိုသူ့အား ထမင်းသည် မနှစ်သက်(မဆာ)။

♠ ဤ ခမု, ဆဒ စုရာဒိဂိုဏ်းတို့လည်း ရုစတ္ထ၌ ပါဝင်ကြသည်။ ခမုဓာတ်ယှဉ်ရာ၌ 'အပရာဓံ မဟာရာဇ၊ တွံ နော ခမ ရထေသဘ' ဟု သမ္ပဒါန်မဖြစ်သောပါဌ်လည်း ကုသဇာတ်၌ တွေ့ရသည်။ (ကစ္စည်းဘာဋီ ပ ၃၃၀)

ဒေဝဒတ္တဿ သုဝဏ္ဏစ္ဆတ္တံ ဓာရယတေ ယညဒတ္တော။ ယညဒတ်သည် ဒေဝဒတ်အား ရွှေထီးကို ဆောင်၏။
(ဆောင်းပေး၏)

၂။ ဗုဒ္ဓဿ သိလာဃတေ။ ဘုရားရှင်အား ချီးမွမ်း၏။
တဝ သိလာဃတေ။ သင့်အား ချီးမွမ်း၏။
မမ သိလာဃတေ။ ငါ့အား ချီးမွမ်း၏။
မယှမေဝ ဟနုတေ။ ငါ့အားပင်လျှင် လိမ်၏။

♠ မိမိအလိုဆန္ဒကို သိစေလို၍ သိလာဃ–စသော ဓာတ်လေးမျိုးကို သုံးစွဲရာ၌ သိစေလိုအပ်သူသည် သမ္ပဒါန်ဖြစ်၏။ မိမိဆန္ဒကို သိစေလို၍ မဟုတ်ပဲ ရိုးရိုးချီးမွမ်းမှု စသည်ကို ပြုရာ၌ကား သမ္ပဒါန်မဖြစ်။(ကစ္စည်းဘာဋီ ပ ၃၃၄)

ဥပတိဋ္ဌေယျ သကျပုတ္တာနံ ဝဍ္ဎကီ။ လက်သမားသည် သာကီဝင်မင်းသား ဘုရားသာတော်တို့အား ဆည်းကပ်ရာ၏။

ဘိက္ခုသ ဘုဉ္ဇန္တသ ပါနီယေန ဝါ ဝိဓူပနေန ဝါ ဥပတိဋ္ဌေယျ။ ဆွမ်းစားဆဲဖြစ်သော ရဟန်းအား သောက်ရေဖြင့် သော်လည်းကောင်း ယပ်ခပ်သဖြင့်သော်လည်းကောင်း ပြုစုလုပ်ကျွေးအံ့။

♠ ဌာ–ဓာတ်ချည်းသက်သက်၌ သမ္ပဒါန်မဖြစ်။ ဥပနှင့်တွဲမှ သမ္ပဒါန်ဖြစ်သည်။ သို့သော် သမ္ပာန်အနက်ယူ၍ တို့၏+အနီး၌တည်နေရာ၏–ဘာသာပြန်ခြင်းက ပိုကောင်းသည်။ အနီး၌နေခြင်းဟူသည် ဆည်းကပ်ခြင်း ပင်တည်း။ အဟံ ဘောတိ ဥပဋ္ဌိဿံ–ငါသည် ရှင်မကို လုပ်ကျွေးပါအံ့။ ဤ၌ ပါရိစရိယခေါ် ပြုစုလုပ် ကျွေးမှု ကို ဥပဋ္ဌာနဟုခေါ်သည်။ ဤ၌ သမ္ပဒါန်မဖြစ်။ (ကစ္စည်းဘာဋီ ပ ၃၃၄)

မယှံ သပတေ။ ငါ့အား ယုံပါစေလို သစ္စာဆို၏။

♠ သပ–ဓာတ်သည် ယုံကြည်စေလို နှစ်သက်စေလို၍ သစ္စာဆိုခြင်းအနက်, ကျိန်ဆဲခြင်းအနက်တို့ကို ဟော၏။ ထိုတွင် သစ္စာဆိုရာ၌သာ သပ–ဓာတ်အယှဉ် သမ္ပဒါန်ဖြစ်သည်။ ကျိန်ဆဲရာ၌ သမ္ပဒါန်မဖြစ်။ သမ္မရံ အသုရိန္ဒံ အဘိသပိတ္ဗာ=သမ္ဗရမည်သော အသုရိန်ကို ကျိန်ဆဲ၍ (သက္ကသံယုတ်)(ကစ္စည်းဘာဋီ ပ ၃၃၄)

သုဝဏ္ဏံ တေ ဓာရယတေ။ သင့်အား ရွှေကို ဆပ်ပေး၏(ဆောင်နှင်း၏)။

♠ ဤ၌ သမ္ပဒါန်ကို မငဲ့သော ဘူဝါဒိ ဓရ–ဓာတ် မဟုတ်၊ စုရာဒိ ဓရ–ဓာတ်သာ ဖြစ်ရမည်။ ဤအရာ၌ ဥတ္တာ (မြီ)ရှင်ကိုဟောသော သဒ္ဒါသည်သာ သမ္ပဒါန်ဖြစ်ထိုက်သည်။ ဓရဓာတ်ယှဉ်ရာ၌ မြီရှင်သည် သမ္ပဒါန် ဖြစ်၏။ (ကစ္စည်းဘာဋီ ပ ၃၃၄)

ဒေဝါပိ ပိဟယန္တိ သတိမတံ တေသံ သမ္ဗုဒ္ဓါနံ။ သတိရှိတော်မူကြကုန်သော ထိုဘုရားရှင်တို့အား နတ်တို့သည်လည်း လိုလားတောင့်တကြကုန်၏။

ဒေဝါ ဒဿနကာမာ တေ။ အရှင်မင်းမြတ်အား နတ်တို့သည် တွေ့မြင်လိုပါကုန်၏။

သမိဒ္ဓါနံ ပိဟယန္တိ ဒလိဒ္ဒါ။ ဆင်းရဲသူတို့သည် ကြွယ်ဝသူတို့အား ချစ်ခင်ကုန်၏။

♠ ပိဟဓာတ်သည် လိုလားနှစ်သက် ချစ်ခင်မြတ်နိုးခြင်း အနက်ကိုဟော၏။ ဒဿနကာမ–ဖူးမြင်လိုခြင်းသည်လည်း လိုလားခြင်းပင်တည်း။ လိုလားနှစ်သက်ခံရသူ အနက်ဟောသဒ္ဒါသာ သမ္ပဒါန်ဖြစ်သည်။ 'တေသံသမ္ဗုဒ္ဓါနံ–တို့ကို' ဟု ကံအနက်လည်း ပေးနိုင်သည်။ ပိဟဓာတ်ယှဉ်ရာ၌ သမ္ပဒါန်ဖြစ်သော်လည်း ကံအနက်ပေးရမည်ဟုဆိုသည်။ သစေပိ **မံ ပိဟယသိ**–ဟု ပါဠိတော်၌ **ဒုတိယာဝိဘတ်**လည်း ရှိ၏။ (အကျယ်ရှင်းချက် ရူဘာဋီ ပ ၄၁၃ ကြည့်)
(ကစ္စည်းဘာဋီ ပ ၃၃၅)

တဿ ကုဇ္ဇ မဟာဝီရ။ ကြီးသော လုံ့လရှိသော အရှင်ရသေ့, ထိုမင်းအား စိတ်ဆိုးတော်မူပါ။

(ကလာဗုမင်းက ခန္တီဝါဒီရသေ့ကို နှိက်စက်လေရာ တိုင်းပြည်ပါ ပျက်မည်စိုး၍ 'တိုင်းသူပြည်သားများကို စိတ်မဆိုးပဲ မင်းကိုသာ စိတ်ဆိုးပါ'ဟု ဆိုသော စကားတည်း)

ဒုဟယတိ ဒိသာနံ မေဃော။မိုးသည် အရပ်မျက်နှာတို့အား ဖျက်ဆီး၏။
တိတ္ထိယာ သမဏာနံ ဣဿယန္တိ။ တိတ္ထိတို့သည် ရဟန်းတို့အား ငြူစူကုန်၏။
ဒုဇ္ဇနာ ဂုဏဝန္တာနံ ဥဿူယန္တိ။ သူယုတ်မာတို့သည် ဂုဏ်ရှိသူတို့အား အပြစ်ပြောကုန်၏။

♠ ကုဓ ဒုဟ ဣဿ ဥဿူယ-ဓာတ်တို့၏ ယှဉ်ရာ၌ စိတ်ဆိုးအပ်သူ ဖျက်ဆီးအပ်သောအရာ ငြူစူအပ် အပြစ်ပြောအပ်သူတို့သည် သမ္ပဒါန်ဖြစ်သည်။ 'ဗြဟ္မဏော ဝေဿကာရ ဗြဟ္မဏံ ဥဿူယတိ'ဟု ဥဿူယဓာတ် အယှဉ် ဒုတိယာလည်း ရှိနိုင်သည်။ (ကစ္စည်းဘာဋီပ ၃၃၇)

၃။ (က) အာရာဓော မေ ရညော။ အရှင်းမင်းမြတ်အား ကျွန်တော်မျိုး၏ နှစ်သက်ခြင်း ဖြစ်ပါ၏။
ရညော အာရဇ္ဈတိ။ မင်းအား နှစ်သက်ပါ၏။
(ရာဇာနံ အာရဇ္ဈတိ။ မင်းကို နှစ်သက်ပါ၏-ဟုလည်း ဒုတိယာဖြင့်လည်း ရှိနိုင်သည်)
(ခ) ကျာဟံ အယျာနံ အပရဇ္ဈာမိ။ အကျွန်ုပ်သည် အရှင်တို့အား အဘယ်သို့ ပြစ်မှားမိပါသနည်း။
(အဘယ်ကို ချွတ်ယွင်းမိပါသနည်း)

♠ စကားမပြောဘဲနေသော မင်းစသူအား အထူးထူးမေး၏။ ထိုသို့မေးခြင်းကား မိမိမှာအမှုအပြစ်ရှိလျှင် ထင်ရှားစေလို (ထုတ်ဖော်ပြောဆိုစေလို)၍ မေးခြင်းတည်း။ ထိုအမေးခံရသူ အနက်ဟော သဒ္ဒါသည် သမ္ပဒါန်ဖြစ်သည်။ အယျာနံ-အစား 'အယျေ-တို့ကို' ဒုတိယာဖြင့်လည်း ရှိနိုင်သည်။ (ကစ္စည်းဘာဋီပ ၃၃၇)

(ဂ) အာယသ္မတော ဥပါလိတ္ထေရဿ ဥပသမ္ပဒါပေက္ခော ဥပတိဿော။
ဥပတိဿသည် အရှင်ဥပါလိထေရ်အား ပဉ္စင်းအဖြစ်ကို ရှုငဲ့၏။

♠ ဣက္ခဓာတ်၏ ယှဉ်ရာဖြစ်၍ အာယသ္မတော-ဟု သမ္ပဒါန်ဖြစ်သည်။ ဥပတိဿသည် ဥပါလိထေရ်ကိုဥပဇ္ဈာယ် ပြု၍ ရဟန်းခံသည်-ဟုဆိုလိုသည်။ အာယသ္မန္တံ-ဟုလည်း ဒုတိယာဝိဘတ်ဖြင့် ရှိနိုင်သည်။

၄။ (က) **ဘဂဝါ** ဘိက္ခူ တေဒဝေါစ။ မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို ဤစကားကို မိန့်တော်မူ၏။

(ခ) တေ ဘိက္ခူ **ဘဂဝတော** ပစ္စဿောသုံ။ ထိုရဟန်းတော်တို့သည် မြတ်စွာဘုရားအား ရှေးရှုနားထောင်ကြကုန်ပြီ။

♠ 'ဘဂဝါ ဘိက္ခူ တေဒဝေါစ'သည် ရှေးဝါကျ(ပဌမဝါကျ)တည်း။ 'တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ' ကား ရှေးဝါကျ၏ အဆက် နောက်ဝါကျ(ဒုတိယဝါကျ)တည်း။ ပစ္စဿောသုံသည် ပတိ–ရှေးရှိသော သုဓာတ်တည်း။ ရှေ့ဝါကျတုန်းက ဘဂဝါဟူသော ကတ္တားသည် နောက်ဝါကျ၌ ပတိ–ရှေးရှိသော သု–ဓာတ်နှင့်ယှဉ်သောကြောင့် ဘဂဝတော–ဟု သမ္ပဒါန်ဖြစ်လာသည်။

'ဘဂဝါ ဘိက္ခူ တေဒဝေါစ'၌ ဘိက္ခူ, ဧတံ–ဟု ကံနှစ်ခု ရှိ၏။ ထိုတွင် ဘိက္ခူသည် အကထိတကံ (အဝေါစကြိယာဖြင့် မဆိုလိုအပ်သောကံ)တည်း။ ဧတံ–သည် ကထိတကံ (အဝေါစကြိယာဖြင့် ဆိုလိုအပ်သောကံ)တည်း။ အချုပ်မှာ ဘိက္ခူသည် လိုရင်းမဟုတ်သော အပဓာနကံ, ဧတံ–သည် ပဓာနကံတည်း။

(ရူပသိဒ္ဓိ ပ ၄၁၇)

(က) **ဗုဒ္ဓေါ** ဘိက္ခူ တေဒဝေါစ။ မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို ဤစကားကို မိန့်တော်မူ၏။

(ခ) ဘိက္ခူ **ဗုဒ္ဓဿ** အာသုဏန္တိ။ ရဟန်းတို့သည် မြတ်စွာဘုရားအား ရိုသေစွာ နာကြသည်။

♠ရှေ့ဝါကျ၌ ဗုဒ္ဓေါဟူသော ကတ္တားသည် နောက်ဝါကျ၌ အာပုဗ္ဗ သုဓာတ်နှင့် ယှဉ်သောကြောင့် ဗုဒ္ဓဿဟု သမ္ပဒါန်ဖြစ်လာသည်။ (ရူပသိဒ္ဓိ ပ ၄၁၈)

**ဘဂဝါ** ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။ (ရှေ့ဝါကျ) ဘဒန္တေတိ တေဘိက္ခူ **ဘဂဝတော** ပစ္စဿောသုံ။ (နောက်ဝါကျ) ဓဇဂ္ဂသုတ်။ ရှေ့ဝါကျရှိ ဘဂဝါသည် နောက်ဝါကျ၌ ဘဂဝတောဟု သမ္ပဒါန်ဖြစ်လာသည်။

(က) **ဘိက္ခူ** ဇနံ ဓမ္မံ သာဝေတိ။ ရဟန်းသည် လူအပေါင်းကို တရားကို နာစေ၏(ဟော၏)။

(ခ) တဿ **ဘိက္ခုနော** ဇနော အနုဂိဏာတိ။ တဿ ဘိက္ခုနော ဇနော ပတိဂိဏာတိ။ ထို(ဓမ္မကထိက)ရဟန်းအား (တရားနာသူ)လူအပေါင်းသည် လျော်စွာဆို၏။ . . .ခွန်းတုံ့ဆို၏။

♠ ရှေ့ဝါကျရှိ ဘိက္ခုဟူသော ကတ္တာညးသည် နောက်ဝါကျ၌ အနု, ပတိပုဗ္ဗ ဂိဓာတ်နှင့်ယှဉ်၍ ဘိက္ခုနော–ဟု သမ္ပဒါန်ဖြစ်လာသည်။

၅။ အာရောစယာမိ ဝေါ ဘိက္ခဝေ။ ရဟန်းတို့ သင်တို့အား ဟောပြတော်မူအံ့။

♠ ပြောဆိုမှုကို ခံရမည့်သူ အနက်ဟောသဒ္ဒါသာ 'သမ္ပဒါန်'ဖြစ်သည်။

၆။ ဗုဒ္ဓသ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ။ မြတ်စွာဘုရား၏ အကျိုးငှါ အသက်စွန့်ပါ၏။(တဒတ္ထ)

♠ ကြိယာ(သို့မဟုတ်)ဝတ္ထု၏ အကျိုးသည် တဒတ္ထသမ္ပဒါန်မည်၏။ ဥဒိနသ ပါရိပူရိယာ ဝတ္တံ နိက္ခိပိတဗ္ဗံ။ 'နောင် သင်္ကန်းချုပ်သောအခါ မလောက်မငှဖြစ်နေလျှင် ဖြည့်စွက်ဖို့ရာ အဝတ်ကို သိမ်းထားနိုင်၏'ဟူရာ၌ အဝတ်ကို သိမ်းထားခြင်းသည် အကြောင်း, မလောက်မငှဖြစ်နေသော သင်္ကန်း၏ ပြည့်စုံလုံလောက်ခြင်းသည် အကျိုး ဤသို့ ထိန်းသိမ်းထားခြင်းကြိယာ၏ အကျိုးဖြစ်သော ပါရိပူရိ-သည် တဒတ္ထသမ္ပဒါန်တည်း။ ဗုဒ္ဓသ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ။ မြတ်စွာဘုရား၏ အကျိုးငှါ အသက်စွန့်ပါ၏ဟု အဓိဋ္ဌာန်ရာ၌ အသက်စွန့်ခြင်းအကြောင်း ဘုရား၏ အကျိုးဖြစ်ခြင်းသည် အကျိုးတည်း။ ဤသို့ စွန့်ခြင်းကြိယာ၏ အကျိုးဖြစ်သော ဗုဒ္ဓသည် တဒတ္ထသမ္ပဒါန်တည်း။ ကထိနသ ဒုဿံ၊ ကထိန်သင်္ကန်းအလို့ငှါ+အဝတ်ဟူရာ၌ ကထိန်သင်္ကန်းသည် အကျိုး, အဝတ်သည် အကြောင်း တည်း။ ဤ၌ အဝတ်တည်းဟူသော ဝတ္ထု၏အကျိုးဖြစ်သော ကထိနသည် တဒတ္ထသမ္ပဒါန်တည်း။

(ကစ္စည်းဘာဋီ ပ ၃၄၅)

၇။ လောကာနုကမ္ပာယ-လောကကို စောင့်ရှောက်ခြင်းငှါ။(တုမတ္ထ)

♠ တုံ-ပစ္စည်းဖြင့် ပါဠိစီလိုလျှင် ဖြစ်နိုင်လျက်လည်း တုံပစ္စည်းဖြင့် မစီပဲ သ-ဝိဘတ်ဖြင့် စီသည်ကို တုမတ္ထ သမ္ပဒါန်ဟု ဆိုသည်။ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ။ လောကာနုကမ္ပာယ-လောကကိုစောင့်ရှောက်ခြင်းငှါ၊ ဒေဝမနုဿာနံ-နတ်လူတို့၏၊ အတ္ထာယ-အကျိုးငှါ၊ ဟိတာယ-စီးပွားအလို့ငှါ၊ သုခါယ-ချမ်းသာခြင်းငှါ၊ ဗုဒ္ဓေါ-ဘုရားသည်၊ လောကေ-လောက၌၊ ဥပ္ပဇ္ဇတိ-ပွင့်တော်မူ၏။

ဤ၌ လောကံ အနုကမ္ပိတုံ, အတ္ထံ ကာတုံ, ဟိတံ ကာတုံ, သုခံ ကာတုံ-ဟု ပါဠိစီနိုင်သော်လည်း သ-ဝိဘတ်သက်၍ အာယပြုထားသည်။ (ကစ္စည်းဘာဋီ ပ ၃၄၅)

♠ ပုဂ္ဂိုလ်၏အလိုက္ကစ္စာဗျာပါရ လုံးလုံးမရှိလျှင်သော်လည်းကောင်း, အနည်းငယ်ရှိသော်လည်းကောင်း, တုံပစ္စယန္တ ဖြင့် ပါဠိထားနိုင်လောက်အောင် ဗျာပါရမထင်ရှားလျှင်သော်လည်းကောင်း "တဒတ္ထသမ္ပဒါန်"။ ပုဂ္ဂိုလ်၏ အလိုက္ကစ္စာဗျာပါရ ထင်ရှားရာ၌ကား "တုမတ္ထသမ္ပဒါန်"။ (အကျယ်ကို ရူဘာဋီ ပ ၄၂၂ ကြည့်)

၈။ အလံ ဘိက္ခု ပတ္တဿ။ ရဟန်းသည် သပိတ်အား ထိုက်၏။
အလံ မေ ရဇ္ဇံ။ သင့်အား မင်းအဖြစ်သည် ထိုက်၏။
အလံ မေ ဗုဒ္ဓေါ။ ငါ့အား ဘုရားသည် ထိုက်၏။
အလံ မလ္လော မလ္လဿ။ လက်ပန်းသည် တယောက်သည် လက်ပန်းသည် တယောက်အား ထိုက်၏။
အလံ တေ ဣဓ ဝါသေန။ သင့်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိ။
အလံ မေ ဟိရညသုဝဏ္ဏေန။ ငါ့အား ရွှေငွေဖြင့် အကျိုးမရှိ။

♠ အလံ၏ အနက်သည် အရဟတိ-ထိုက်တန်, ပရိက္ခေပ-တားမြစ် ဟု နှစ်မျိုးရှိ၏။ 'မသင့်, မထိုက်, ဘာအကျိုးရှိအံ့နည်း(အကျိုးမရှိဘူး)'ဟု အဓိပ္ပါယ်ရသည်။

၉။ ကလိင်္ဂရညော တုဝံ မညေ။ သင့်ကို ထင်းပုတ်ထင်းဆွေးလောက် (အနုပ်အဖွဲ့လောက်) မှတ်ထင်၏။
ကဥ္စသ တုဝံ မညေ။ နင့်ကို ထင်းတုံးလို မှတ်ထင်၏။ (မညေ= မန+ယ+မိ၊ မှတ်ထင်၏)

♠ မညေဝယ် မနဓာတ်လည်းဟုတ်၏၊ 'နင့်လိုအကောင် ထင်းတုံးလောက်ထင်သည်'ဟု မလေးမစားပြောအပ်သော အနာဒရလည်းဟုတ်၏၊ ကဥ္စအရထင်းတုံးတလည်း ပါဏိမဟုတ်၊ အပ္ပာဏိတည်း။ ဤသို့ ၁၊ မနဓာတ်၏ ယှဉ်ရာဖြစ်ခြင်း, ၂၊ မလေးမစားခြင်း ၃၊ သတ္တဝါလည်းမဟုတ်ခြင်း ဤအင်္ဂါသုံးပါးစုံသောကြောင့် ကဥ္စကို သမ္ပဒါန်မှည့်ရသည်။ သမ္ပဒါန်မှည့်ရသော်လည်း တုဝံနှင့်အရတူသောကြောင့် ကံအနက်ကိုပင် သဝိဘတ်က ဟောရသည်။ ထင်းကိုကဲ့သို့ဟု ဆိုလိုသည်။ 'သုဝဏ္ဏံ ဝိယ တံ မညေ–သင့်ကို ရွှေကဲ့သို့ ထင်၏' ၌ မနဓာတ်ယှဉ်ရာလည်း ဟုတ်၏၊ အပ္ပါဏိလည်း ဟုတ်၏၊ သို့သော် အနာဒရ မဟုတ်၍ သမ္ပဒါန်မဖြစ်၊ သုဝဏ္ဏံဟု ကံဖြစ်သည်။ 'ဂဒြဘံ တုဝံ မညေ–သင့်ကို မြည်းကဲ့သို့ ထင်၏" ၌ မနဓာတ်ယှဉ်ရာလည်းဟုတ်၏၊ အနာဒရလည်းဟုတ်၏၊ သို့သော် အပ္ပါဏိလည်းမဟုတ်၍ သမ္ပဒါန်မဖြစ်၊ ဂဒြဘံဟု ကံဖြစ်သည်။
(ကစ္စည်းဘာဋီ ပ ၃၄၈) (ရူပဘာဋီပ ၄၂၅)

၁၀။ အပ္ပေါ် သဂ္ဂါယ ဂစ္ဆတိ။ အနည်းငယ်သော သတ္တဝါသည် နတ်ပြည်သို့ ရောက်၏။
(သဂ္ဂါယသည် ကံပုဒ်သဖွယ်ဖြစ်တဲ့ သမ္ပဒါန်ပုဒ်)
ဂါမဿ ပါဒေန ဂတော။ ရွာသို့ ခြေဖြင့် သွား၏။
ဂါမံ ပါဒေန ဂတော။ (ဒုတိယာလည်းရှိနိုင်)
အပ္ပေါ် သဂ္ဂံ ဂစ္ဆတိ။

♠ ဂတိအနက်ရှိသော ဓာတ်ကား ဂမုဓာတ်သာမက, ဝဇဓာတ် ကသဓာတ်စသည်ဖြင့် များ၏။ ထိုဓာတ်တို့၏ ကံပုဒ် ကို သမ္ပဒါန်မှည့်သည်။

၁၁။ အာယသ္မတော ဒီဃာယု ဟောတု။ အရှင့်အား ရှည်အသက်သည် ဖြစ်ပါစေ (အသက်ရှည်ပါစေ)။
(အာယသ္မတောသည် ဆုတောင်းခံ သမ္ပဒါန်ပုဒ်)
ဘဒ္ဒံ ဘဝတော ဟောတု။ အရှင့်အား ကောင်းခြင်းမင်္ဂလာသည် ဖြစ်ပါစေ။ (ဘဒ္ဒံသည် မင်္ဂလာ–ဟော နိပါတ်)
ကုသလံ ဘဝတော ဟောတု။ အရှင့်အား ကျန်းမာသူ၏အဖြစ်သည် ဖြစ်ပါစေ။
သုခံ ဘဝတော ဟောတု။ အရှင့်အား ချမ်းသာခြင်းသည် ဖြစ်ပါစေ။
အနာမယံ ဘဝတော ဟောတု။ အရှင့်အား အနာမရှိသူ၏အဖြစ်သည် ဖြစ်ပါစေ။
သွာဂတံ ဘဝတော ဟောတု။ အရှင့်အား ကောင်းသောလာခြင်းသည် ဖြစ်ပါစေ။
အတ္ထော ဘဝတော ဟောတု။ အရှင့်အား ကောင်းကျိုးသည် ဖြစ်ပါစေ။
ဟိတံ ဘဝတော ဟောတု။ အရှင့်အား စီးပွားသည် ဖြစ်ပါစေ။

♠ သူတပါးအတွက် တောင့်တခြင်း ဆုတောင်းခြင်းကို အာသီသနဟု ဆိုသည်။ ထိုအာသီသနအနက်၌ အာယု ဘဒ္ဒ ကုသလ အနာမယ သုခ အတ္ထ ဟိတ သွာဂတ စသည် ယှဉ်စပ်သုံးစွဲရသည်။

၁၂။ သာစ သမ္မုတိ မေ တဿ ဘဂဝတော ဒဿနာယ။ ထိုဘုရားရှင်ကို ဖူးမြင်ခြင်းငှါ တပည့်တော်အား သမုတ်ခြင်းသည် ကောင်း၏။

အညတြ သံဃသမ္မုတိယာ ဘိက္ခုဿ ဝိပ္ပဝတ္ထုံ န ဝဋ္ဋတိ။

ဘိယျောသော မတ္တာယ၊ အတိုင်းအရှည်ထက် အလွန်။

♠ ဘိယျောနှင့် ဘိယျောသော နှစ်ပုဒ်လုံးသည် အလွန်အကဲအနက်ဟော နိပါတ်ပုဒ်ချည်းတည်း။ မတ္တာသဒ္ဒါလည်း အတိုင်းအရှည်းအနက်ဟောရာ၌ နပုံလိင်တည်း။ ဘိယျသဒ္ဒါနှင့်ယှဉ်ရာ၌ မတ္တကို သမ္ပဒါန်မှည့်၍ သကို အာယပြု ထားသည်။

အဋ္ဌကထာ ဋီကာ သဒ္ဒနီတိတို့၌ မတ္တနောင် သ္မာကို အာယပြုထားသည်ဟုဆိုသည်။ နာကို အာယပြုထားသည် ဟုလည်း ကြံသည်။ ဘိယျောသော-လွန်သော၊ မတ္တာယ-အတိုင်းအရှည်ဖြင့်-ဟုပေး။ ဆဋ္ဌီသဝိဘတ်ကို အာယပြု ထားသည်ဟုလည်းဆိုသည်။ မတ္တာယ-အတုင်းအရှည်၏၊ ဘိယျောသော-အထက်၌လည်း။ ဤသို့အဓိပ္ပါယ်ယူရာ၌ သမ္ပဒါန်မဖြစ်။ 'ဘိယျောသောမတ္တာယ၊ လွန်ကဲသောအတိုင်းအရှည်အလို့ငှါ၊ ဝါ-ရာဂတိုးပွားဖို့ရာ'ဟုလည်း ပြန်ဆို ကြသည်။ ဤအလို တဒတ္ထသမ္ပဒါန်ဖြစ်သည်။ (ကစ္စည်းဘာဋီ ပ ၃၅၁)

၁၃။ တဿ မေ သက္ကော ပါတုရဟောသိ။ ထိုငါ၌ သိကြားသည် ထင်ရှားဖြစ်ပြီ။

တုယှဉ္စဿ အာဝိ ကရောမိ။ ထိုသင့်အထံ၌လည်း ထင်စွာပြုအံ့။

♠ သတ္တမီအနက်၌ သမ္ပဒါန်မည့်ဟုဆိုသောကြောင့် ထိုသင့်၌ ထိုငါ၌ဟု သတ္တမီအနက်ပေးရသည်။ အာဝိကရဏ, ပါတုဘဝန ကြိယာတို့ယှဉ်ရာ၌ သတ္တမီအနက် သမ္ပဒါန်မှည့်ရသည်။(ကစ္စည်းဘာဋီ ပ ၃၅၂)

တုယှဉ္စဿ၌ သမ္ပဒါန်အမည်မှည့်၍ စတုတ္ထီ-သဝိဘတ် သက်ထားသော်လည်း သတ္တမီအနက်ပေးရသည်။ သတ္တမျတ္ထေစ၌ စသဒ္ဒါဖြင့် ဒုတိယာ တတိယာ စတုတ္ထီ ပဉ္စမီ ဆဋ္ဌီ သတ္တမီ ဝိဘတ်နက်များမှာလည်း သမ္ပဒါန်ဖြစ်နိုင်ကြောင်း ပြဆိုသဖြင့် ပထမာ အလုပ်အနက်မှအပ ကျန်ဝိဘတ်နက်များ၌ သမ္ပဒါန်ဖြစ်နိုင်သည်ဟု မှတ်ယူရာ၏။ (မစိုးရိပ်ပါဠိသဒ္ဒါ ၅၅၇)

၁၄။ တဿ ပဟိဏေယျ။ ထိုသူ့အား စေလွှတ်ရာ၏။

တဿ ဖာသု ဟောတိ။ ထိုသူ့အား ချမ်းသာ၏။

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၇၉-၈၃)

အဝဓိဘုမ္မသမ္ဗန္ဓေ၊ ကမ္မဟေတုတတိယေစ။
ဂုဏဒ္ဓါနဝိဝိတ္တတ္ထေ၊ မဇ္ဈေပဘာဝရက္ခဏေ။
ယောဂတ္ထေကာလတ္ထေစတု၊ဒ္ဒသတ္ထေပဉ္စမီဘဝေ။

ပဉ္စမီဝိဘတျတ္ထ (စုဒ္ဒသ) ၁၄

| အတ္ထ | ပယောဂ |
| --- | --- |
| ၁။ အဝဓျတ္ထ | **ပါပါ**–မကောင်းမှုမှ၊ စိတ္တံ–စိတ်ကို၊ နိဝါရယေ–တားမြစ်ရာ၏။ |
| ၂။ ဘုမ္မတ္ထ | **ယသ္မာ**–အကြင်အရပ်၌၊ ခေမံ–ဘေးမရှိ။ တတော–ထိုအရပ်၌၊ ဘယံ–ဘေးဖြစ်၏။ |
| ၃။ သမ္ဗန္ဓတ္ထ | **ပုရိသသ္မာ**–ယောကျ်ား၏၊ ပါဒါ–ခြေတို့သည်၊ ဖလီ–ကွဲကုန်၏။ |
| ၄။ အဝုတ္တကမ္မတ္ထ | **သုဝဏ္ဏသ္မာ**–ရွှေကို၊ ပတိ–အစားပြု၍၊ ဒဒါ–ပေးပြီ။ |
| ၅။ ဟေတွတ္ထ | **ကသ္မာ**ဟေတု–အဘယ့်ကြောင့်၊ နမီယန္တိ–မသေကုန်သနည်း။ |
| ၆။ တတိယတ္ထ | နရော–လူကို၊ **သတသ္မာ**–အရာသောမြီဖြင့်၊ ဗန္ဓော–နှောင့်ဖွဲ့အပ်၏။ |
| ၇။ ဂုဏဝစနတ္ထ | **ပုညာယ**–ကောင်းမှုကြောင့်၊ သုဂတိံ–သုဂတိဘုံသို့၊ ယန္တိ–ရောက်ကုန်၏။ |
| ၈။ အဒ္ဓနိမ္မာနတ္ထ | **ဣတော**–ဤမထုရာပြည်မှ၊ စတူသုယောဇနေသု–လေးယူဇနာတို့၌။ |
| ၉။ ဝိဝိတ္တတ္ထ | ပါပကာ–မကောင်းသော၊ **ဓမ္မာ**–လောဘစသောတရားမှ၊ ဝိဝိတ္တော–ကင်းဆိတ်၏။ |
| ၁၀။ ကာရကမဇ္ဈ | ဣတော–ဤအရပ်မှ၊ **ကောသာ**–ငါးရာတွင်းမှ၊ ကုဉ္စရံ–ဆင်ကို၊ ဝိဇ္ဈတိ–ပစ်ဖောက်၏။ |
| | ဣဓ–ဤအရပ်၌၊ ဝိဇ္ဈိတွာ–ပစ်ဖောက်၍၊ **ကောသာ**–ကောသမှ၊ ဝိဇ္ဈတိ–ပစ်ဖောက်၏။ |
| ၁၁။ ပဘာဝယောဂ | **ဟိမဝတာ**–ဟိမဝန္တာတောင်မှ၊ ပဘဝန္တိ–စ၍ဖြစ်ကုန် စီဆင်းကုန်၏။ |
| ၁၂။ ရက္ခဏတ္ထ | **တဏ္ဍုလာ**–ဆန်မှ၊ ကာကေ–ကျီးငှက်တို့ကို၊ ရက္ခန္တိ–စောင့်ရှောက်ကုန်၏။ |
| ၁၃။ ဒူရယောဂ | **ဣတော**–ဤအရပ်မှ၊ ဂါမော–ကျေးထရံသည်၏ရွာသည်၊ ကီဝဒူရော–အဘယ်မျှဝေးသနည်း။ |
| ၁၄။ ကာလတ္ထ | **ဣတော**–ဤဘဒ္ဒကမ္ဘာမှ၊ ဧကနဝုတိ–ကိုးဆယ့်တစ်ကမ္ဘာ။ |

## ပဉ္စမီဝိဘတ်ကို

(၁) အပါဒါန ကာရက

(၂) ကာရကဏ အနက်ဟောသဒ္ဒါ

(၃) ကတ္တားမဟုတ်သော ဉာပကဟိတ် အနက်ဟောသဒ္ဒါတို့နှင့် ဆက်သွယ်ရသည်။

## အပါဒါနကာရက

တကယ်ဖြစ်စေ လောကအထင်အားဖြင့်ဖြစ်စေ ပူးတွဲရာမှ ခွဲခွါခြင်း အပဂမနသဘောရှိသော သဒ္ဒါသည် 'အပါဒါနကာရက'မည်၏။

## အပါဒါန်ဖြစ်ပုံ နမူနာပုံစံများ

## အပဂမနအပါဒါန်

ဖဲခွါရာဖြစ်သောအပါဒါန်သည် 'အပဂမနအပါဒါန်'မည်၏။

ပုံစံ–ဂါမာ အပေန္တိ မုနယော၊ ရဟန်းတို့သည် ရွာ**မှ ဖဲခွါ**ကြကုန်၏။

ဤ၌ ရဟန်းတို့၏ ဖဲခွါရာဖြစ်သောကြောင့် ဂါမသည် အပါဒါနကာရကမည်၏။

♠ ရွာမှ မုနိတို့ ဖဲသွားကုန်၏ဟူရာ၌ ရွာသည် အပါဒါန်အစစ်မဟုတ်၊ ထိုရွာ၌ မုနိတို့နေထိုင်ခိုက်မှာလည်း ရွာ၌ အပါဒါန်သတ္တိမရှိသေး၊ ထိုရွာ၌ နေထိုင်၍ မုနိတို့မှာ ပျင်းရိငြီးငွေ့သောကြောင့်ဖြစ်စေ အခြားနေရာ၌ ကိစ္စတစုံတခု ရှိသောကြောင့်ဖြစ်စေ ထိုရွာမှ ထွက်ခွါသွားလိုသောစိတ် ဖြစ်ပေလိမ့်မည်။ ထိုအခါကျမှ ရွာ၌ ဖဲခွါသွားဖို့ရာ သတ္တိတမျိုးပေါ်လာသည်။ ဤသို့လျှင် ရွာ၏ ဖဲခွါရာသတ္တိသည်သာ အပါဒါနကာရကအစစ်တည်း။ ရွာသည် သတ္တိ၏တည်ရာဖြစ်၍ ဥဒ္ဓါရူပစာရအားဖြင့်လည်းကောင်း ဂါမသဒ္ဒါကား အနက်ကိုအကြောင်းပြု၍ ကာရကဏူပစာ အားဖြင့်လည်းကောင်း အပါဒါနကာရကမည်၏။

ရွာမှ မုနိတို့ဖဲသွားရာ၌ ရွာသည် မုနိတို့နှင့် ကွဲသည်။ မုနိတို့လည်း ရွာနှင့်ကွဲသည်။ ဤသို့ နှစ်ဖက်ခြင်း ကွဲကွာခြင်းတူပါလျက် အဘယ့်ကြောင့် ရွာကိုသာ အပါဒါန်ဟု ဆိုရသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား– ရွာနှင့် မုနိနှစ်ဖက်လုံးပင် ကွဲကွာခြင်းတူသော်လည်း ရွာသည် နဂိုတည်မြဲတိုင်း သဘောမှ မရွေ့၊ မုနိတို့ကသာ နဂိုအနေမှ ပြောင်းရွေ့ကြသည်။ ထို့ကြောင့် ရွာ၌သာ ဖဲခွါရာသတ္တိရှိသဖြင့် ရွာကိုသာ အပါဒါန်ဟု ဆိုရသည်။

(ကစ္စည်းဘာဋီ ပ ၂၈၉)

## ဘယယောဂအပါဒါန်

ကြောက်ခြင်းထိတ်လန့်ခြင်းဖြစ်ရာ (ကြောက်ရာ–ထိတ်လန့်ရာ) အပါဒါန်သည် 'ဘယယောဂအပါဒါန်) မည်၏။

ပုံစံ–ပါပတော ဥတ္တသတိ။ မကောင်းမှုမှ **ထိတ်လန့်**၏။
ဤ၌ ဥတ္တသတိဟူသော ထိတ်လန့်ခြင်းကြိယာ၏ဖြစ်ရာ(ကြောက်ရာထိတ်လန့်ရာ)ဖြစ်သောကြောင့် ပါပသည် ဘယယောဂအပါဒါန်မည်၏။

♠ ဘယအရ ဘေးအန္တရာယ်ကို မဆိုလို။ စိတ်၌ဖြစ်သော ကြောက်လန့်ခြင်း ထိတ်လန့်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် "ဗျဂ္ဃါ ဝိဘေတိ၊ ကျားမှ ကြောက်၏။ စောရာ ဥဗ္ဗိဇ္ဇတေ၊ ခိုးသူမှ ထိတ်လန့်၏"ဟု ကာတန္တ၌ ပုံစံထုတ်သည်။ (ကစ္စည်းဘာဋီ ပ ၂၉၁)

ကာယသံယောဂပုဗ္ဗက (ရှေးဦးစွာကိုယ်ဖြင့်ပေါင်းစပ်ခြင်း)အပါဒါန်, စိတ္တသံယောဂပုဗ္ဗက(ရှေးဦးစွာစိတ်ဖြင့်စပ်ခြင်း)အပါဒါန်ဟု အပါဒါန်နှစ်မျိုး ရှိသည်။ "ဂါမာ အပေန္တိ မုနယော"၌ ဂါမနှင့်မုနိတို့သည် (ရွာထဲ၌ မုနိတို့နေကြသောကြောင့်) ရှေးဦးစွာ ပေါင်းစပ်မှုဖြစ်ကြ၏။ ထိုပေါင်းစပ်မှုသည် မုနိတို့၏ ကိုယ်ဖြင့်ပေါင်းစပ်ခြင်း ဖြစ်သောကြောင့် ကာယသံယောဂတည်း။ ထိုသို့ပေါင်းစပ်ပြီးနောက် ရွာမှမုနိတို့ ဖဲခွါခဲ့သည်အခါ ရွာသည် အပါဒါန် ဖြစ်ရစ်ခဲ့သည်။ ဤအပါဒါန်မျိုးကို ကာယသံယောဂပုဗ္ဗက ဟုခေါ်သည်။

"စောရာ ဘာယတိ"၌ ရှေးဦးစွာ ခိုးသူကို မြင်၏။ ထိုသို့မြင်ရာ၌ ခိုးသူနှင့် မြင်သူ၏ စိတ်ဓာတ်သည် ပေါးစပ်မိသောကြောင့် စိတ္တသံယောဂဖြစ်၏။ ထို့နောက် "ခိုးသူသည် မကောင်းကျိုးကိုသာ ပေးတတ်၏"ဟု ကြံ၍ ခိုးသူမှ ရွံ့ကြောက်စိတ်ဖြစ်သည့်အခါ ခိုသူကို မြင်နေရသော်လည်း စိတ်အားဖြင့် ခွဲခွါလိုစိတ် မကြည့်ချင်စိတ် ဖြစ်သောကြောင့် စိတ်ခွါ–ခွါလျက်ရှိ၏။ ထို့ကြောင့် စောရကို စိတ္တသံယောဂပုဗ္ဗကအပါဒါန်ဟု ဆိုကြသည်။
(ကစ္စည်းဘာဋီ ပ၂၉၂)

ဤဘယအနက်ရှိသော ဓာတ်တို့၏ ယှဉ်ရာ၌ ဒုတိယာ တတိယာ ဆဋ္ဌီတို့လည်း ဆက်နိုင်သည်။ ဘာယသိ မံ သမဏ။ ရဟန်း ငါ့ကို ကြောက်သလား။ နာဟံ တံ ဘာယာမိ၊ ငါ သင့်ကို မကြောက်ပါ။ (သူစိလောမ ယက္ခသံယုတ်) န မံ မိဂါ ဥတ္တသန္တိ၊ ငါ့ကို သမင်များ မလန့်ကြပါ။ (သုဝဏ္ဏသာမ) ဤကား ဒုတိယာဆက်ပုံတည်း။ ယံ ဩတ္တပ္ပတိ ဩတ္တပ္ပိတေန၊ လန့်ထိုက်သော ဒုစရိုက်ကြောင့်(မှ) မလန့် (ဓမ္မသင်္ဂဏီ) တတိယာဆက်ပုံတည်း။ သဗေ ဘာယထ ဒုက္ခဿ၊ ဒုက္ခ၏(မှ) အကယ်၍ ကြောက်ကြကုန်အံ့၊ (ဥဒါန်း) သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော (ဓမ္မပဒ) ဤကား ဆဋ္ဌီဆက်ပုံတည်း။(ကစ္စည်းဘာဋီ ပ ၂၉၃)

## အာဒတ္တအပါဒါန်

ဆရာနှင့်အတတ်ပညာသည် ပူးတွဲပေါင်းစပ်နေသကဲ့သို့ တကယ်မဟုတ်သော်လည်း လောကသဘောအားဖြင့် ထင်ရ၏။ ဆရာ့အထံမှ အတတ်ပညာကို သင်ယူသောအခါ အတတ်ပညာတချို့ ဆရာမှ ဖဲခွါသလိုထင်လိုက်ရသဖြင့် အပဂမနသဘောရှိသောကြောင့် အတတ်ပညာစသည် သင်ယူရာဆရာစသည်သည် 'အာဒတ္တအပါဒါန်'မည်၏။

ပုံစံ–အာစရိယမှာ သိပ္ပံ အဓီတေ။ ဆရာမှ အတတ်ပညာကို သင်ယူ၏။

♠ တတ်သိလို၍ သင်ယူရာမှာသာ အပါဒါန်ဖြစ်သည်။ ကချေသည်က သီချင်းဆိုသည်ကို နှောင်ထောင်ရာ၌ သင်ယူလိုသော သဘောမပါ၍ ကချေသည်သည် အပါဒါန်မဖြစ်ပဲ "နဋဿ ဂါထံ သုဏာတိ"ဟု နဋ၌ ဆဋ္ဌီသာ ဆက်သည်။ (ကစ္စည်းဘာဋီ ပ ၂၉၃)

## ဓာတုယောဂအပါဒါန်

အပါဒါန်ကို ငဲ့သော (အပါဒါန်ကို အလိုရှိသော) ဓာတ်တို့နှင့် ဆက်စပ်သော သဒ္ဒါများသည် 'ဓာတုယောဂ အပါဒါန်'မည်၏။ (အပါဒါန်ပါမှ အဓိပ္ပါယ်ပြည့်စုံသည်ကို အပါဒါန်ကို ငဲ့သည်ဟု ဆိုသည်။ ထိုသို့ အပါဒါန်ကို ငဲ့လျက်ရှိသော ဓာတ်တို့နှင့်ကိုသာ ဆိုလိုသည်) (ကစ္စည်းဘာဋီ ပ ၂၉၄)

ပုံစံ– ဗုဒ္ဓသ္မာ ပရာဇေန္တိ အညတိတ္ထိယာ။ သာသနာ့အယူမတပါးသော တပါးသောအယူရှိသော တိတ္ထိတို့သည် ဘုရား**မှ ရှုံး**ကုန်၏။

ဤ၌ အပါဒါန်ကို ငဲ့သော (အပါဒါန်ကို အလိုရှိသော) ပရာပုဗ္ဗဇိဓာတ်နှင့် ဆက်စပ်နေသောကြောင့် သူတပါးတို့က မအောင်နိုင်သော ဗုဒ္ဓသည် ဓာတုယောဂအပါဒါန်မည်၏။

♠ နှစ်ဖက်ပြိုင်ရာ၀ယ် **တဖက်က မနိုင်အပ်သောအနက်သည် အပါဒါန်**ဖြစ်သည်။ တိတ္ထိနှင့်ဘုရားရှင်တို့ နှစ်ဖက်ဖြစ်နေရာ တိတ္ထိတို့မနိုင်အပ်သော ဘုရားရှင်သည် 'ဗုဒ္ဓသ္မာ'ဟု အပါဒါန်ဖြစ်သည်။ ထိုသို့ မနိုင်အပ်သောအရာ မဟုတ်လျှင်ကား (ဇိဓာတ်နှင့်ယှဉ်သော်လည်း) အပါဒါန်မဖြစ်။ ပုံစံကား–သတ္တဝေါ ပရာဇေတိ၊ ရန်သူတို့ကို ရှုံးစေ၏၊ သဟဿေန ပရာဇိတော၊ တထောင်ဖြင့် ရှုံးသည်၊ သစေ ကေဝဋ္ဋဿ ပရဇ္ဇာမိ၊ အကယ်၍ ကေဝဋ္ဋပုဏ္ဏား၏ (အထံမှ) ရှုံးအံ့။ (ရူဘာဋီ ပ ၄၃၉)

ပုံစံ– ဟိမဝတာ ပဘဝန္တိ ပဉ္စမဟာနဒိယော။ မြစ်ကြီး ငါးစင်းတို့သည် ဟိမဝန္တာ**မှ စ၍ ဖြစ်**ကုန်၏။

ဤ၌ အပါဒါန်ကို ငဲ့သော (အပါဒါန်ကို အလိုရှိသော) ပပုဗ္ဗ ဘူဓာတ်နှင့် ဆက်စပ်နေသောကြောင့် စတင်ဖြစ်ရာ ဟိမဝန္တသည် ဓာတုယောဂအပါဒါန်မည်၏။

♠ ပပုဗ္ဗ ဘူဓာတ်၏ ယှဉ်ရာ၌ ပထမစ၍ဖြစ်ရာ အနက်သည် အပါဒါန်ဖြစ်သည်။ ထို့ကြောင့် ဂင်္ဂါစသော မြစ်ကြီးငါးစင်းတို့၏ဖြစ်ရာ ဟိမဝန္တာသည်လည်းကောင်း, မြစ်ငယ်တို့၏ စ၍ဖြစ်ရာ အစိရဝတီသည်လည်းကောင်း အပါဒါန်ဖြစ်၍ ဟိမဝတာ–စသည် ရှိရသည်။ (ရူဘာဋီ ပ ၄၃၉)
(ပဘုတိ,ပဋ္ဌာယ၌လည်း အပါဒါန်ဖြစ်သည်။ သို့သော် ပဘုတိသည် နိပါတ်, ပဋ္ဌာယသည် တွာပစ္စယန္တဖြစ်၍ နိပါတယောဂအပါဒါန်၌ သွင်းသင့်သည်။ (ရူဘာဋီပ ၄၄၆–၄၄၇)

♠ ဤသို့ စ၍ဖြစ်ရာ စီးလာရာအရပ်ဖြစ်လျှင် အခြားဓာတ်နှင့် ယှဉ်ရာ၌လည်း သမ္ဗဒါန်ဖြစ်သည်။ 'အယံ သီတောဒကာ ဂင်္ဂါ ဟိမဝန္တာ သန္ဒတိ'–အေးမြသောရေရှိသော ဤဂင်္ဂါသည် ဟိမဝန္တာ**မှ စီးလာ**၏။
(ကစ္စည်းဘာဋီ ပ ၂၉၆)

## နာမယောဂအပါဒါန်

အပါဒါန်အနက်ဟော အညအနက်ရှိသော နာမ်ပုဒ်, ဣတရနာမ်စသည်တို့နှင့် ဆက်စပ်သောသဒ္ဒါသည် 'နာမယောဂအပါဒါန်' ဖြစ်သည်။

ပုံစံ–နာညံ ဒုက္ခာ နိရုဇ္ဈတိ။ ဒုက္ခ**မှ တပါး**သော အတ္တသည် ချုပ်သည်မဟုတ်။
တတော ဣတရံ–ထို**မှ အခြား**သော

♠ နာမယောဂ–၌ နာမ–အရ ကိတ်နာမ်ကိုသာ နိဒ္ဒေသ၌ ယူ၏။ ရူပသိဒ္ဓိ၌မူ ကိတ်ဓာတ်မဟုတ်သော အညအနက် ရှိသောနာမ် ဣတရစသောနာမ်တို့ကိုယူ၍ ကိတ်ဓာတ်များကိုကား ဓာတုအရ၌ သွင်းထားသည်။ ဇာတော–သည် ကိတ်နာမ်၊ နိဂ္ဂတော သုဇာတော–တို့က သမာသ်နာမ်တည်း။ ထိုနာမ်တို့၏ ယှဉ်ရာ၌ ဥရသ္မာ ဘူမိတော ဉဘတော မာတိတော ပိတိတော–ဟု အပါဒါန်ဖြစ်ရသည်။ စာစပ်သည့်အခါ ဥရသ္မာကို ဇာတော၌ စပ်ရသောကြောင့် ရသ္မာကို ဇာတော၏ ယှဉ်စပ်ရာပုဒ် (နာမယောဂ)ဟု ဆိုရသည်။ (ကစ္စည်းဘာဋီ ပ ၂၉၆)

♠ အညသဒ္ဒါ အညအနက်ရှိ အညတြတို့နှင့်ယှဉ်ရာ၌ အပါဒါန်ဖြစ်သည်။ အညတြ ဒုက္ခာ–၌ အညအနက်ရှိ အညတြယှဉ်ရာ ဒုက္ခသဒ္ဒါကို အပါဒါန်မှည့်သည်။ ဤအညတြကို နာမ်ပုဒ်ဆိုထားရာ၌ တြပပစ္စည်းက နိပါတပစ္စယ ဖြစ်သောကြောင့် စဉ်းစားသင့်သည်။ ဤအညတြကို မထုတ်ပဲ မောဂ္ဂလာန်၌ပြအပ်သော ဘိန္နသဒ္ဒါကို အညအနက်ရှိသော သဒ္ဒါယူ၍ ဒေဝဒတ္တာ ဘိန္နော–ဒေဝဒတ်မှ ကွဲပြားသူဟု ပုံစံထုတ်ရလျှင် သာ၍သင့်မြတ်မည်ဟု ထင်သည်။ (ရူဘာဋီ ပ ၄၄၁)

## ဥပသဂ္ဂယုတ္တအပါဒါန်

ရှောင်ကြဉ်ခြင်း အနက်ဟော 'အပ,ပရိ' ပိုင်းခြားခြင်း, လွှမ်းမိုးခြင်း အနက်ဟော 'အာ' အတူ(အတု), အစားပေးခြင်း အနက်ဟော ပတိဥပသာရပုဒ်တို့နှင့် ဆက်စပ်သော သဒ္ဒါများသည် 'ဥပသဂ္ဂယုတ္တ'အပါဒါန်မည်။

ပုံစံ–**အပ သာလာယ** အာယန္တိ ဝါဏိဇာ။ ကုန်သည်တို့သည် ကင်းတဲကို ရှောင်လွှဲ၍ လာကြကုန်၏။ ဤ၌ ရှောင်ကြဉ်ခြင်းအနက်ဟော အပဥပသာရပုဒ်နှင့် ဆက်စပ်သောကြောင့် သာလာသည် 'ဥပသဂ္ဂယုတ္တ' အပါဒါန်မည်။

ပုံစံ–**အာပဗ္ဗတာ** ခေတ္တံ။ လယ်သည် တောင်တိုင်အောင်(တောင်အထိ) တည်၏။ ပိုင်ခြားခြင်း အနက်ဟော အာဥပသာရပုဒ်နှင့် ဆက်စပ်သောကြောင့် ပဗ္ဗတသည် 'ဥပသဂ္ဂယုတ္တ'အပါဒါန်မည်၏။

♠ လယ်၌ ကန်သင်းရိုးသည် လယ်ကို ထက်ဝန်းကျင် ပိုင်ခြားထားသကဲ့သို့ ထို့အတူ တောင်လည်း ထက်ဝန်းကျင် ပိုင်းခြားထား၏။ ထို့ကြောင့် တောင်သည်သာ မုချ မရိယာဒါ (အပိုင်းအခြား)မည်၏။ ပဗ္ဗတသဒ္ဒါကား အနက်ကို အကြောင်းပြု၍ ကာရဏူပစာအားဖြင့် မရိယာဒါမည်၏။ ထိုပဗ္ဗတသည် သူ့ချည်းသက်သက် မရိယာဒအနက် မထင်ရှားသေး၊ အာ–ဥပသာရနှင့် တွဲရမှ 'တောင်တိုင်အောင်=တောင်အထိ'ဟု လယ်ကို ပိုင်ခြားခြင်း မရိယာဒအနက် ထင်ရှားရကား အာဥပသာရလည်း မရိယာဒအနက်ဟောပင် ဖြစ်ရသည်။ (ရူဘာဋီ ပ ၄၄၁)

ပုံစံ–အာဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။ ဗြဟ္မာ့ပြည်တိုင်အောင် ကျော်ဇောသံသည် လွှမ်းမိုး၍ တက်၏။ ဤ၌ လွှမ်းမိုးခြင်း အနက်ဟော အာ ဥပသာရပုဒ်နှင့် ဆက်စပ်နေခြင်းကြောင့် ဗြဟ္မလောကသည် 'ဥပသဂ္ဂယုတ္တ' အပါဒါန်မည်။

♠ အဘိ+ဝိ+ဓာဓာတ်+က္လပစ္စည်းသည် ပျံ့နှံ့ခြင်းအနက်ကိုဟော၏။ ဤနေရာ၌ကား အဘိ(ဗျာပေတွာ–ပျံ့နှံ့စေ၍) ဝိဒဓာတိ–စီရင်တတ်၏နှင့်အညီ ကျော်ဇောသံကို မိမိအပေါ်၌နှံ့စေတတ်သော ဗြဟ္မာ့ပြည်သည် မုချအဘိဝိဓိမည်၏။ ထိုအဘိဝိဓိအနက်သည် အာ–ဥပသာရကြောင့်သာ(ဗြဟ္မာ့ပြည်ပေါ်၌ လွှမ်းကျော်ပျံ့နှံ့၍–ဟု)ထင်ရှားရကား အာ–ကိုလည်း အဘိဝိဓိအနက်ဟောဟုဆိုရသည်။ (ရူဘာဋီ ပ ၄၄၂)

## အပါဒါန် ၃–မျိုး

သဒ္ဒအပါဒါန် အတ္ထအပါဒါန် သဒ္ဒတ္ထအပါဒါန်ဟု အပါဒါန်သုံးမျိုးရှိသည်။ အပသာလာယ၌ သာလာယသည် ပဉ္စမီဝိဘတ်သာသက်၍ အပါဒါန်အနက်မပေးရသောကြောင့် သဒ္ဒအပါဒါန်မည်၏။ 'မာတုဇံ–သားမှ၊ ရဟိတာ–ကင်း၍' ၌ မာတုဇံသည် အနက်သာ အပါဒါန်ဖြစ်၍ ပဉ္စမီဝိဘတ်မသက်ရသောကြောင့် အတ္ထအပါဒါန်မည်၏။ ဂါမာ အပေန္တိ–၌ ဂါမာကား ပဉ္စမီလည်းသက် အနက်လည်း အပါဒါန်ဖြစ်သောကြောင့် သဒ္ဒတ္ထအပါဒါန်မည်၏။
(ကစ္စည်းဘာဋီ ပ ၂၉၇)

ပုံစံ–ဗုဒ္ဓသ္မာပတိ သာရိပုတ္တော ဓမ္မဒေသနာယ ဘိက္ခူ အာလပတိ တေမာသံ။ အရှင်သာရိပုတြာသည် ဘုရားရှင်၏ ကိုယ်တော်စား သုံးလပတ်လုံး တရားဟောခြင်းငှါ ရဟန်းတို့ကို ခေါ်တော်မူ၏။

ဤ၌ အတူ(အတု)ကိုယ်စားအနက်ဟော ပတိဥပသာရပုဒ်နှင့် ဆက်စပ်သောကြောင့် ဗုဒ္ဓသည်'ဥပသဂ္ဂယုတ္တ' အပါဒါန်မည်။

♠ ပတိနိဓိသဒ္ဒါသည် အတူဟူသောအနက်ဟောတည်း။ ဘုရားရှင်သည် လူသူအတွေ့ခံတော်မမူပဲ ကိန်းအောင်းတော်မူရာ သုံးလအတွင်း၌ ဘုရားရှင်၏အတူဖြစ်သော (ဘုရားရှင်၏ကိုယ်တော်စားဖြစ်သော) အရှင်သာရိပုတ္တရာက ဝါတွင်းသုံးလပတ်လုံး တရားဟောခြင်းငှါခေါ်တော်မူသည်။ (ဗုဒ္ဓသ္မာပတိ–ကို ဗုဒ္ဓသ ပတိနိဓိ ဟုတွာ=ဘုရားရှင်၏အတူဖြစ်၍–ဟု ဋီကာဖွင့်သည်) (ရူဘာဋီ ပ ၄၄၂)

ပုံစံ–ဃတမဿ တေလသ္မာ ပတိ ဒဒါတိ။ ထိုသူ့အား ဆီအစား ထောပတ်ကို ပေး၏။

ဤ၌ အစားပေးခြင်းအနက်ဟော ပတိ–ဥပသာရပုဒ်နှင့် ဆက်စပ်သောကြောင့် တေလသည် ဥပသဂ္ဂယုဂ္ဂ အပါဒါန်မည်၏။

ဥပ္ပလမဿ ပဒုမသ္မာ ပတိ ဒဒါတိ။ ထိုပဒုမ္မာကြာကို အလိုရှိသူအား ပဒုမ္မာကြာအစား ဥပ္ပလမည်သောကြာကို ပေး၏။

ကနကမဿ ဟိရသ္မာ ပတိ ဒဒါတိ။ ထိုငွေကိုအလိုရှိသူအား ငွေအစား ရွှေကို ပေး၏။

♠ပဋိဒါနဟူသည် ပြန်ပေးခြင်း အစားပေးခြင်းတည်း။ ဥစ္စာရှင်ထံမှ ဆီကို ချေးဘူးသူသည် အစားပေးဆပ်သောအခါ ဆီမရှိ၍ ဆီအစား ထောပတ်ကိုပေး၏။ ထိုအတူ ရွှေ၏အစား ငွေကိုပေး၏။ ဤ **အာယောဂ, ပတိယောဂတို့လည်း သဒ္ဒါသာ အပါဒါန်ဖြစ်၍ အနက် အပါဒါန်မဖြစ်သောကြောင့် သဒ္ဒအပါဒါန်တို့သာ**တည်း။(ရူဘာဋီ ပ ၄၄၂)

## နိပါတယုတ္တအပါဒါန်

ရိတေ, နာနာ, ဝိနာ–အစရှိသော နိပါတ်ပုဒ်တို့နှင့် ဆက်စပ်သောသဒ္ဒါသည် 'နိပါတယုတ္တအပါဒါန်' မည်၏။

ပုံစံ–ရိတေ သဒ္ဓမ္မာ ကုတော သုခံ လဘတိ။ သူတော်ကောင်းတရား**မှ ကင်း၍** အဘယ်မှာ ချမ်းသာကို ရယူနိုင်ပါအံ့နည်း။

♠ နိပါတယောဂ အပါဒါန်များလည်း အပဂမနသဘော မရှိ၍ မှ–ဟု မပေးရ၊ သို့သော် ဆရာများက ပေရိုးရှိ၍ ပေးချင်လည်း ပေးနိုင်သည်။ (ရူဘာဋီ ပ ၄၄၃)

## ကာရကမဇ္ဈအပါဒါန်

အပါဒါနကာရက, ကမ္မကာရက နှစ်ပါးတို့အလယ် ကာလဟောသဒ္ဒါ အဝွန့်ဟော သဒ္ဒါတို့သည် 'ကာရက မဇ္ဈ အပါဒါန်' ဖြစ်ကုန်၏။

ပုံစံ–လုဒ္ဒကော **လ္လတော** ပက္ခသ္မာ **မိဂံ** ဝိဇ္ဈတိ၊ မုဆိုးသည် ဤနေ့မှ လခွဲ(၌)မှ သမင်ကိုပစ်၏။

ဤ၌ လ္လတောဟူသော အပါဒါနကာရက၊ မိဂံ–ဟူသော ကမ္မကာရကတို့အလယ်၌ ကာလဟော ပက္ခသဒ္ဒါသည် 'ပက္ခသ္မာ'ဟု အပါဒါန်ဖြစ်၏။

**လ္လတော** မာသသ္မာ **ဘောဇနံ** ဘုဉ္ဇတိ။ ဤနေ့မှ တစ်လကြာမှ အစားအစာကို စား၏။

**လ္လတော** ကောသာ **ကုဉ္စရံ** ဝိဇ္ဈတိ။ ဤအရပ်မှ တကောသ၌ (တစ်ကောသသဝေးမှ) ဆင်ကို ပစ်၏။

♠ တပက္ခကြာမှ–ဟု ဆိုလျှင် ဘယ်ရက်ကစ၍ တပက္ခကြာသနည်းဟု မေးဖွယ်ရှိ၏။ ထို့ကြောင့် လ္လတော–ဟု ထည့်ရသည်။ ဤ၌ လ္လတော( )မိဂံ–ဟူသော အပါဒါနကာရက ကမ္မကာရကအလယ်၌ ပက္ခ–ကို ကာရကမဇ္ဈ (ကာရကနှစ်ပါးတို့၏အလယ်)ဟုဆိုသည်။

**မှတ်ချက်**။ ပက္ခသ္မာစသည်ကို မှ–ဟုပေးကြ၏။ တပက္ခကြာမှ–ဟု ဆိုသော်လည်း အပါဒါန်မဟုတ်၊ တပက္ခကြာရာ ကာလ၌ဟု သတ္တမီအနက် ဆိုလိုသည်။ မုဆိုးသည် ယနေ့လိုနေ့မှ သမင်ကို ပစ်ပြီးနောက် တော်တောနှင့် မပစ်သေး၊ ဤနေ့မှစ၍ ရေတွက်လျှင် တပက္ခ(၁၅–ရက်)ကြာမှ ပစ်သည်–ဟူလို။ မုဆိုးသည် ဤနေရာ၌ ဆင်ကိုပစ်ပြီးနောက် တကောသလောက်ဝေးမှ ဆင်ကို ပစ်ပြန်သည်ဟူလို။ (ရူပဘာဋီ ပ ၄၄၄)

## ရက္ခဏတ္ထအပါဒါန်

စောင့်ရှောက်ခြင်း အနက်ဟော ဓာတ်တို့နှင့် ဆက်သွယ်ရာ၌ အလိုရှိအပ်သော အနက်ဟောသဒ္ဒါသည် 'ရက္ခဏတ္ထအပါဒါန်'မည်၏။

ပုံစံ–ကာကေ ရက္ခန္တိ တဏ္ဍုလာ။ ကျီးတို့ကို ဆန်မှ စောင့်ရှောက်ကုန်၏။

♠ ဥစ္စာရှင်တို့ အလိုရှိအပ်သော ဝတ္ထုကို ဣစ္ဆိတဟု ခေါ်သည်။ တဏ္ဍုလ, ယဝ–တို့သည် ဥစ္စာရှင်တို့ အလိုရှိအပ်သော ဣစ္ဆိတဝတ္ထုတည်း။ ပကတိရိုးရိုးလူတို့ အလိုမရှိအပ်သော ပါပ, ရာဇစသည်ကို အနိစ္ဆိတ–ဟု ခေါ်၏။ သုတ်၌ 'ရက္ခဏတ္ထာနမိစ္ဆိတံ'ဟု ဣစ္ဆိတကာရကကိုသာ အပါဒါန်အမည်မှည့်သော်လည်း ဓာတုနာမာန– စသော ရှေ့သုတ်မှ စသဒ္ဒါလိုက်သောကြောင့် ထိုစဖြင့် အနိစ္ဆိတကာရကကို ဆည်းသည်။ (ရူပဘာဋီ ပ ၄၄၄)

**အနိစ္စိတကာရကပုံစံများ–**

ပါပါ စိတ္တံ နိဝါရယေ။ မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏။
ရာဇတော ဝါ စောရတော ဝါ အာရက္ခံ ဂဏှန္တု။ မင်းမှလည်းကောင်း သူခိုးမှလည်းကောင်း
အစောင့်အရှောက်ကို ယူကြကုန်လော။

## အဒဿနိစ္ဆာအပါဒါန်

ဆရာစသူတို့၏ မမြင်ခြင်းကို တပည့်စသော ပုန်းကွယ်သူက အလိုရှိရာ ဆရာစသော ကာရကသည် ‘အဒဿနိစ္ဆာအပါဒါန်’မည်၏။
ပုံစံ–ဥပဇ္ဈာယာ အန္တရဓာယတိ သိဿော၊ ဥပဇ္ဈာယ်မှ တပည့်သည် ပုန်းကွယ်၏။
(မြင်တတ်သော ကတ္တားသည် အပါဒါန်ဖြစ်သည်။)

♠ ဇေတဝနေ–ဇေတဝန်ကျောင်း၌တည်သူ လူအပေါင်း၌၊ အန္တရဟိတော–ကွယ်တော်မူ၏။ ဇေတဝန်ကျောင်း၌ နေသူလူအပေါင်း၏ မမြင်ခြင်းကို အလိုရှိတော်မူသော်လည်း ဇေတဝနာ–ဟု အပါဒါန်မဖြစ်၊ ဇေတဝနေ–ဟု အာဓာရရှိသည်။ ယက္ခော–နတ်သည် တတ္ထေဝ–ထိုအရပ်၌သာ၊ အန္တရဓာယတိ–ကွယ်၏။ နေရာသည် မြင်တတ်သော ကတ္တားမဟုတ်သောကြောင့် အပါဒါမဖြစ်၊ အာဓာရသာ ဖြစ်သည်။ သမဏဿဂေါတမဿ–ရဟန်းဂေါတမ၏၊ အန္တရဓာယိဿာမိ–မမြင်ကွယ်ရာ၌ မိမိကိုယ်ကိုထားအံ့။ ဘုရားမမြင်စေလို၍ ဗကဗြဟ္မာကြီး ပုန်းသည်။ ဗကသံယုတ်ပါဠိတော်။ ထို့ကြောင့် **မမြင်စေလို၍ ပုန်းပုန်း တန်ခိုးဖြင့် ကွယ်ကွယ် ပုန်းရာကွယ်ရာတို့၌ ပဉ္စမီ ဆဋ္ဌီ သတ္တမီသုံးမျိုးတွင် တမျိုးမျိုး သုံးနိုင်**သည်။ ((ရူဘာဋီ ပ ၄၄၈–၄၄၉)

## ဒူရတ္ထအပါဒါန်

ဒူရပ္ပယောဂအပါဒါန်, ဒူရတ္ထပ္ပယောဂအပါဒါန်, ဒူရတ္ထအပါဒါန်ဟူ၍ သုံးမျိုးကွဲပြားသည်။

ပုံစံ–တတော ဟဝေ ဒူရတရံ၊ ထိုမိုးနှင့် မြေကြီးထက် သာ၍ ဝေး၏။

ဤ၌ ဒူရသဒ္ဒါနှင့် ယှဉ်တွဲဆက်ကပ်နေသောကြောင့် တ–သည် တတော–ဟု ‘ဒူရပ္ပယောဂအပါဒါန်’ ဖြစ်သည်။

ပုံစံ–ဘဂဝါ တေဟိ အာရကာ။ မြတ်စွာဘုရားသည် ထိုသူတို့မှ ဝေးကွာတော်မူ၏။

ဤ၌ ဒူရအနက်ဟော အာရကာသဒ္ဒါနှင့် ယှဉ်တွဲဆက်စပ်နေသောကြောင့် တ–သည် တေဟိ–ဟု ‘ဒူရတ္ထပ္ပယောဂအပါဒါန်’ ဖြစ်သည်။

ပုံစံ–ဒူရတော၀ နမသည်ဣ။ အဝေးမှပင် ရှိခိုးကြကုန်၏။
ဤ၌ ဒူရသဒ္ဒါ, ဒူရအနက်ဟော သဒ္ဒါတို့နှင့် ယှဥ်တွဲဆက်စပ်မှုမရှိပဲ ဒူရအနက်သက်သက်၌ပင် ဒူရတော–ဟု ဒူရတ္ထအပါဒါန်ဖြစ်သည်။

♠ ဒူရတော၀ နမသည်ဣ–၌ ဒူရသည် သူကိုယ်တိုင် အဝေးအနက်ကို ဟော၏။ ထိုအဝေးဟူသော အနက်၌ပင် အပါဒါန်မှည့်သည်။ ရှိခိုးသူ၏စိတ်သည် ရှိခိုးအပ်သူထံသို့ ရှေးဦးစွာရောက်သည်။ ထို့နောက် အဝေးမှ ရှိခိုးသောအခါ ရှိခိုးသူနှင့် ရှိခိုးအပ်သူတို့ ပူးပေါင်းခြင်း သဘောမရှိသောကြောင့် ဒူရတောကို မှ–ဟု အနက်ပေးနိုင်သည်။
(ရူဘာဋီပ ၄၅၁–၂)

## အန္တိကတ္ထအပါဒါန်

ပုံစံ–အန္တိကံ ဂါမာ။ ရွာ၏ အနီး
ဤ၌ အန္တိကသဒ္ဒါနှင့် ယှဥ်တွဲ(ဆက်စပ်)သောကြောင့် ဂါမသည် အန္တိကပ္ပယောဂအပါဒါန်ဖြစ်သည်။

ပုံစံ–အာသန္နံ ဂါမာ။ ရွာ၏ အနီး
အန္တိကအနက်ဟော အာသန္နသဒ္ဒါနှင့် ဆက်စပ်သောကြောင့် အန္တိကတ္ထပ္ပယောဂအပါဒါန်ဖြစ်သည်။

## ဒုတိယာ တတိယာလည်း ရှိနိုင်

ဤဒူရသဒ္ဒါ အန္တိကသဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါတို့ကို အပါဒါန်အနက်ဟော ဒုတိယာဝိဘတ် တတိယာဝိဘတ်တို့နှင့်လည်း ဆက်သွယ်နိုင်သည်။
ပုံစံ–ဒူရံ ဂါမံ အာဂတော၊ ဒူရေန ဂါမေန အာဂတော။ ဝေးသော ရွာမှ လာ၏။
အန္တကံ ဂါမံ အာဂတော၊ အန္တိကေန ဂါမေန အာဂတော။ နီးသော ရွာမှ လာ၏။

♠ ဤ၌ ဒုတိယာ တတိယာတို့သည် မှဟူသော အပါဒါန်အနက်ကို ဟောသည်။ ကံ ကရိဏ်းအနက်ကို မဟောပါ။ (ကစ္စည်းဘာဋီ ပ ၃၁၀)

♠ ဒူရသဒ္ဒါ အန္တိကသဒ္ဒါ ဒူရအနက်ဟော အာရကာစသောသဒ္ဒါ အန္တိကအနက်ဟော သမီပ အာသန္နစသော သဒ္ဒါတို့နှင့် ယှဥ်ရာ၌ ပဉ္စမီဝိဘတ် ဆက်သည်။

♠ အဒ္ဒသ ဒူရတော၀ အာဂစ္ဆန္တံ။ ဒူရတော၀–အဝေး၌ပင်၊ အာဂစ္ဆန္တံ–လာနေသည်ကို၊ အဒ္ဒသ–မြင်ရပြီ။

ဒူရတောသည် လာနေသူ၏ လာရာခရီးလမ်းတည်း။ ထိုအဝေးဖြစ်သောလမ်းနှင့် လာနေသူတို့ ခွဲခွါခြင်း အပဂမနသဘောမရှိကြ။ မြင်သူအတွက် ဒူရတောလည်းမဟုတ်နိုင် ဘာကြောင့်နည်း။ မြင်သူ၏နေရာကို ထောက်၍ လာနေရာလမ်းခရီးကိုသာ 'ဒူရတော'ဆိုလိုသောကြောင့်တည်း။ ဤသို့ ဒူရဟုဆိုအပ်သောလမ်းခရီးနှင့် လာနေသူတို့ အပဂမနသဘောမရှိရကား ဒူရတောကို မှ–ဟု မပေးပဲ အဝေး၌–ဟု သတ္တမီအနက်ပေးရသည်။ ထို့ကြောင့် သဒ္ဒအပါဒါန်သာ ဖြစ်ရသည်။ (ရူဘာဋီပ ၄၅၂)

## နိမ္မာနအပါဒါန်

ခရီးအတိုင်းအတာ အချိန်ကာလ အတိုင်းအတာကို ပြရာ၌ **မူလစ၍** တိုင်းတာရာအရပ်, တိုင်းရာကာလ သည် နိမ္မာနအပါဒါန်မည်၏။ (တိုင်းတာရာဌာနနှင့် တွဲယှဉ်သော အဓွန့်ဟောသဒ္ဒါနောက်၌ ပထမာသတ္တမီဝိဘတ် နှစ်မျိုးသက်၍ ကာလဟောသဒ္ဒါနောက်၌ကား သတ္တမီသာသက်ဟု သဣတကျမ်းဆို၏။ ရူဘာဋီပ ၄၅၃)

## အဒ္ဓနိမ္မာန

ပုံစံ–ဣတော မထုရာယ စတူသု ယောဇနေသု သင်္ကဿံ။ ဣတောမထုရာယ–ဤမထုရာမြို့မှ၊ စတူသုယောဇ နေသု–လေးယူဇနာတို့၌၊ သင်္ကဿံ–သင်္ကဿမြို့သည်၊ အတ္ထိ–ရှိ၏။

## ကာလနိမ္မာန

ပုံစံ–ဣတော ဝဿသဟဿစ္စယေန ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတိ။ ဤနှစ်မှ အနှစ်နှစ်ထောင်လွန်ရာ၌ လောက၌ ဘုရားပွင့်တော်မူလိမ့်မည်။

♠ "ဣတော မထုရာယ စတူသု ယောဇနေသု သင်္ကဿံ"ဟူသော ဝါကျသည် မထုရာပြည်နှင့် သင်္ကဿမြို့ လေးယူဇနာ ဝေးသည်ဟု ခရီးအဓွန့်ကို တိုင်းတာပြသော ဝါကျတည်း။ 'ဣတော မထုရာယ'သည် မူလတိုင်းတာရာ ဌာနတည်း။ ထို့ကြောင့် ဣမ နှင့် မထုရ သည် အပါဒါန်ဖြစ်သည်။ 'စတူသု ယောဇနေသု'ကား ထိုဌာနနှင့် ယှဉ်ဘက်တည်း။ ထို့ကြောင့် သတ္တမီဝိဘတ်သက်ထားသည်။ ဩကာသသတ္တမီနှင့် သက်ရသည်။ "ဣတော မထုရာယ သင်္ကဿံ နာမ နဂရံ စတ္တာရိ ယောဇနာနိ (လေးယူဇနာတို့တည်း)"ဟု ပဌမာလည်း သက်နိုင်သည်။ ကာလနိမ္မာန၌လည်း မူလတိုင်းတာရာ ဤကမ္ဘာကို ဣတော–ဟု အပါဒါန်ထား၍ ထိုနှင့် ယှဉ်ဖက်ဝါစကသဒ္ဒါကို ကပ္ပေ–ဟု သတ္တမီနှင့်ထားသည်။ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန–၌လည်း အစ္စယေန–ကို ၌ဟုပေးရသောကြောင့် ဩကာသအနက်၌ တတိယာသက်ရကား သတ္တမီဝိဘတ်ထားခြင်းနှင့် သဘောတူပင်။ (ကစ္စည်းဘာဋီ ပ ၃၁၂)

## တွာလောပ

တွာပစ္စည်းဆုံးသောပုဒ် ရှိသင့်လျက် မရှိခြင်းသည် တွာလောပအပါဒါန်မည်၏။ တွာပစ္စည်းဆုံးသောပုဒ်နှင့် ဆက်စပ်သော သဒ္ဒါကို **ကံအနက် အဓိကရဏအနက်**ဟော ပဉ္စမီဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–ပါသာဒါ သင်္ကမေယျ၊ ပြာသာဒ်သို့(တက်၍)ပြောင်းရွှေ့ရာ၏။
အာသနာ ဝုဋ္ဌဟေယျ၊ နေရာ၌(ထိုင်၍)ထရာ၏။

♠ 'တွာလောပ'ဝယ် တွာအရ တွာပစ္စည်းကို မယူပါနှင့်။ တွာပစ္စယန္တပုဒ်ကိုယူပါ။ 'အဘိရုဟိတွာ'စသော တွာပစ္စယန္တပုဒ်၏ အနက်ဖြစ်သင့်ရာ၌ ရိုးရိုးပါဠိစီလျှင် တွာပစ္စယန္တပုဒ်ဖြင့်ပင် 'ပါသာဒံ အဘိရုဟိတွာ သင်္ကမေယျ' ဟု စီသင့်သည်။ သို့သော် တွာပစ္စည်းပုဒ်၏ အနက်ကို သိလောက်ပြီဖြစ်၍ စာနေကျဉ်းအောင် တွာပစ္စယန္တပုဒ်ကို တိုက်ရိုက်မပြခြင်းကို 'တွာလောပ'ဟု ခေါ်သည်။ (ရူဘာဋီ ပ ၄၅၅)

♠ 'အာသနာ ဝုဋ္ဌဟေယျ'–နေရာ၌ ထသည်ဟုဆိုလျှင် မထိုင်ဘဲ ထ၍မဖြစ်, ထင်ပြီးမှသာ ထ၍ ဖြစ်သည်။ ထို့ကြောင့် ထိုင်ပြီး၍ဟူသော တွာပစ္စယန္တပုဒ်အနက်ကို သိလောက်သည်ဟု ဆိုသည်။ (ရူဘာဋီပ ၄၅၆)

## ဒိသတ္ထယောဂ ဒိသတ္ထအပါဒါန်

အရပ်မျက်နှာအနက်ဟော သဒ္ဒါများနှင့် ယှဉ်တွဲဆက်စပ်နေသော သဒ္ဒါများကို ပဉ္စမီဝိဘတ်နှင့် ဆက်သွယ်ရ၏။

ပုံစံ။ အဝီစိတော ယာဝ **ဥပရိ**ဘဝဂ္ဂမန္တရေ ဗဟူ သတ္တနိကာယာ ဝသန္တိ။ အဝီစိတော–အဝီစိမှ၊ ယာဝ ဥပရိဘဝဂ္ဂံ–အထက်ဘဝဂ်တိုင်အောင်၊ အန္တရေ–အတွင်း၌၊ ဗဟူ–များစွာကုန်သော၊ သတ္တနိကာယာ–သတ္တဝါအပေါင်းတို့သည်၊ ဝသန္တိ–နေကုန်၏။။

ဥပရိသည် ဒိသာသဒ္ဒါတည်း၊ အဝီစိတောကား ထိုသဒ္ဒါ၏ ယှဉ်ရာပုဒ်တည်း။ ထို့ကြောင့် အဝီစိ၌ အပါဒါန်–တော ဆက်ရသည်။

ပုံစံ။ ယတော ခေမံ တတော ဘယံ။ အကြင်အရပ်၌ ဘေးမရှိ၊ ထိုအရပ်၌ ဘေးရှိ၏။

ယတော–စသည်၌ အရပ်နှင့် ဘေးမရှိခြင်းတို့သည် စိတ်နှင့်သော်မှ ခွဲခွါ၍ မရသောကြောင့် မှ–ဟု အပါဒါန်အနက်မပေးသင့်။ 'အကြင်အရပ်၌ ဘေးမရှိ'စသည်ဖြင့် အဓိကရဏအနက်ကိုသာ ပေးရမည်။ သဒ္ဒအပါဒါန်သာ ဖြစ်သည်။ (ကစ္စည်းဘာဋီ ပ ၃၁၅)

ပုံစံ–ဣတော သာ ပုရိမာဒိသာ၊ ထိုနေထွက်ရာအရပ်သည် ဤမြင့်မိုရ်တောင်မှ အရှေ့အရပ်တည်း။
ဤ၌ အရပ်မျက်နှာအနက်ဟော ပုရိမာဒိသာ–ဟူသော သဒ္ဒါနှင့် ယှဉ်တွဲ(ဆက်စပ်)နေသောကြောင့် 'ဣတော'ဟု ဒိသတ္ထယောဂအပါဒါန်ဖြစ်သည်။

♠ ဒိသာအနက်ကိုဟောသောသဒ္ဒါ ဒိသာသဒ္ဒါဟုဆိုသည်။ 'ဣတော သာ ပုရိမာဒိသာ'၌ 'ပုရိမာဒိသာ'သည် ဒိသာသဒ္ဒါတည်း။ ထိုဒိသာသဒ္ဒါ၏ယှဉ်ရာဖြစ်၍ ဣတောဟု အပါဒါန်မှည့်ရသည်။ (ရူပသာရဋီပ ၄၅၇)

ပုံစံ–ပုရတ္ထိမတော–အရှေ့အရပ်၌၊
ပစ္ဆိမတော–အနောက်အရပ်၌၊
ဤပြယုဂ်များ၌ကား အရပ်မျက်နှာအနက်ဟော သဒ္ဒါနှင့် ယှဉ်တွဲ(ဆက်စပ်)မှု မရှိဘဲ အရပ်မျက်နှာအနက် ဒိသတ္ထ၌သာ ပုရတ္ထိမတော, ဒက္ခိဏတောဟု ဒိသတ္ထအပါဒါန်ဖြစ်သည်။

♠ ပုရတ္ထိမ ဒက္ခိဏတို့လည်း ဒိသာသဒ္ဒါများပင်။ သို့သော် ထိုဒိသာသဒ္ဒါ၏ယှဉ်ရာ၌ အပါဒါန်မမှည့်ပဲ ထိုဒိသာသဒ္ဒါ၏အနက်၌သာ မှည့်သောကြောင့် 'ဒိသတ္ထ'ဟု ဆိုရသည်။ ဒိသတ္ထ၌ ခွဲခွါခြင်းသဘောမရှိ၍ သတ္တမီအနက်သာ ဖြစ်သင့်သည်။ (ရူပသာရဋီပ ၄၅၇)

## ဝိဘတ္တအပါဒါန်

အလိုလို(နဂိုက)ခွဲခြားအပ်ပြီးသော တရားကို ပဏီတတရဂုဏ်, ဝိသိဋ္ဌတရ စသောဂုဏ်အားဖြင့် ထပ်မံခွဲခြားခြင်းအနက်ဟောသဒ္ဒါသည် ဝိဘတ္တအပါဒါန်မည်၏။

ပုံစံ–ဒါနတော သီလမေဝ ဝရံ၊ ဒါနထက် သီလက မြတ်၏။
တတော မယာ သုတာ အသုတမေဝ ဗဟုတရံ၊ မယာ–ငါသည်၊ တတောသုတာ–ထိုကြားနာအပ်သော တရားထက်၊ အသုတမေဝ–မကြားနာရသော တရားက၊ ဗဟုတရံ–သာလွန်များပြား၏။

♠ အကောင်းဂုဏ်ကိုသာ ဂုဏ်ဟု မမှတ်ရ၊ ဒြပ်မဟုတ်သော အထူးပြုတတ်သော အနက်ဟူသမျှကို ဂုဏ်ဟုပင် ခေါ်သည်။ ထို့ကြောင့် ယုတ်မာခြင်းစသည်ကိုလည်း ဂုဏ်ဟုပင် မှတ်ပါ။ ယတော ပဏီတတရော ဝိသိဋ္ဌတရော နတ္ထိ။ ယတော–အကြင်ဘုရားတရာတော်ထက်၊ ပဏီတတရောဝါ–သာလွန်မွန်မြတ်သောတရားသည်လည်းကောင်း၊ ဝိသိဋ္ဌတရောဝါ–သာလွန်ထူးကဲသောတရားသည်လည်းကောင်း၊ နတ္ထိ–မရှိ။ ဘုရားတရားနှင့်တိတ္ထိတို့တရားသည် နဂိုကပင် ကွဲပြားပြီးဖြစ်သည်။ ထိုသို့ ခွဲခြားပ်ပြီးသော ဘုရားတရာတော်ကို ပဏီတတရဂုဏ် ဝိသိဋ္ဌတရဂုဏ် အားဖြင့် ထပ်မံခွဲခြားခြင်းကို ဝိဘတ္တအပါဒါန်ဟု ခေါ်သည်။ အခြေခံဖြစ်သော ဘုရားတရားတော်သည် ယတောဟု အပါဒါန်ဖြစ်သည်။ (ရူပသာရဋီပ ၄၅၈)

## အာရတိယောဂအပါဒါန်

ရှောင်ကြဉ်ခြင်းအနက်ဟော သဒ္ဒါများနှင့် ယှဉ်တွဲ(ဆက်စပ်)သော သဒ္ဒါသည် 'အာရတိယောဂအပါဒါန်' မည်၏။
ပုံစံ–အသဒ္ဓမ္မာ အာရတိ၊ မသူတော်တို့၏ တရားမှ ဝေးစွာရှောင်ကြဉ်၏။
ပါဏာတိပါတာ ဝေရမဏိ၊ သူတပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်။

## သုဒ္ဓတ္ထယောဂအပါဒါန်

စင်ကြယ်ခြင်းအနက်ဟော သဒ္ဒါများနှင့် ယှဉ်တွဲ(ဆက်စပ်)သော သဒ္ဒါသည် 'သုဒ္ဓတ္ထယောဂအပါဒါန်' မည်၏။
ပုံစံ–လောဘနီယေဟိ ဓမ္မေဟိ သုဒ္ဓေါ အသံသဋ္ဌော။ လိုချင်တက်မက်အပ်ကုန်သော ကာမဂုဏ်တရားတို့မှ စင်ကြယ်၏ မရောနှော။
မာတိတော စ ပိတိတော စ သုဒ္ဓေါ အသံသဋ္ဌော။ အမိဘက်မှလည်းကောင်း အဖဘက်မှလည်းကောင်း စင်ကြယ်၏။ (အခြားအမျိုးနှင့်) မရောနှော။

## ပမောစနတ္ထယောဂအပါဒါန်

လွတ်မြောက်ခြင်းအနက်ဟော သဒ္ဒါများနှင့် ယှဉ်တွဲ(ဆက်စပ်)သော သဒ္ဒါသည် 'ပမောစနတ္ထယောဂ အပါဒါန်' မည်၏။
ပုံစံ–ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ၊ ဆင်းရဲဒုက္ခမှ လွတ်မြောက်ပြီဟု ဟောတော်မူ၏။
န တေ မုစ္စန္တိ မစ္စုနာ။ ထိုသူတို့သည် သေခြင်းမှ မလွတ်ကုန်။ (မစ္စုနာ၌ နာဝိဘတ်, အပါဒါန်အနက်)

## ဟေတွတ္ထ, ဟေတွတ္ထယောဂအပါဒါန်

ဟိတ်အနက်ရှိသော သဒ္ဒါသည် ဟေတွတ္ထအပါဒါန်မည်၏။ ဟိတ်အနက်ရှိသော သဒ္ဒါတို့နှင့်ယှဉ်တွဲ ဆက်စပ်နေသော သဗ္ဗနာမ်ပုဒ်များသည် 'ဟေတွတ္ထယောဂအပါဒါန်'မည်၏။
ပုံစံ–ကသ္မာန တုမှံ ဒဟာရာ န မီယရေ၊ အဘယ့်ကြောင့် သင်တို့၏ (ဓမ္မပါလအမျိုး၌)ငယ်ရွယ်သူတို့ မသေကုန်သနည်း။
ကသ္မာ ဣဓေဝ မရဏံ ဘဝိဿတိ၊ အဘယ့်ကြောင့် ဤအရပ်၌သာလျှင် သေခြင်းသည် ဖြစ်လတ္တံ့နည်း။
ဤပြယုဂ်တို့၌ 'ကသ္မာ'ပုဒ်သည် ဟိတ်အနက်၌ ကိံသဒ္ဒါကို ပဉ္စမီဝိဘတ်နှင့် ဆက်သွယ်ထားသော 'ဟေတွတ္ထအပါဒါန်' ဖြစ်သည်။

ပုံစံ–ကသ္မာ ဟေတုနာ၊ အဘယ်အကြောင်းကြောင့်။
ယသ္မာ ကာရဏာ၊ အကြင်အကြောင်းကြောင့်။

ဤပြယုဂ်တို့၌ ဟေတုနာ, ကာရဏာတို့သည် ဟိတ်အနက်ဟော သဒ္ဒါများ ဖြစ်ကြသည်။ ထိုဟိတ်အနက်ဟော သဒ္ဒါတို့နှင့် ယှဉ်တွဲ(ဆက်စပ်)နေသောကြောင့် 'ကသ္မာ၊ယသ္မာ'တို့သည် ဟေတွတ္ထပယောဂအပါဒါန်'များ ဖြစ်ကြသည်။ ဤဟေတွတ္ထ, ဟေတွတ္ထယောဂအပါဒါန်တို့၌ **ဒုတိယာဝိဘတ်, ဆဋ္ဌီဝိဘတ်**များနှင့်လည်း ဆက်သွယ်နိုင်ကြသည်။

ပုံစံ–ကိံ ကာရဏံ–အဘယ်အကြောင်းကြောင့်။
ကိဿ တုမှေ ကိလမထ၊ အဘယ့်ကြောင့် သင်တို့ ပင်ပန်းကြသနည်း။

(ကိဿ ဟေတု–အဘယ်အကြောင့်ကြောင့်၊ ဥဒရဿ ဟေတု–ဝမ်းရေးကြောင့် စသော ပြယုဂ်တို့ဝယ် 'ဟေတု'၌ **ဟိတ်အနက်ဝယ် ပထမာဝိဘတ် ဆက်**သွယ်ထားသည်)

♠ ကိံ ကာရဏာ(ကာရဏံ), ကိဿ ဟေတု တို့၌ ကိံနှင့်ကာရဏာ, ကိဿနှင့်ဟေတုတို့ (**ဝိဘတ်မတူဘဲ**) **တုလျာဓိကရဏဖြစ်သောကြောင့်** ကိံနှင့်ကိဿတို့လည်း ကာရဏာ, ဟေတုတို့ကဲ့သို့ ဟိတ်အနက်ရှိသည်မှတ်ပါ။
(ရူဘာဋီပ ၄၆၁)

## ဝိဝိတ္တယောဂအပါဒါန်

ကင်းဆိတ်ခြင်း အနက်ဟောသဒ္ဒါတို့နှင့် ယှဉ်တွဲ(ဆက်စပ်)သော သဒ္ဒါများသည် 'ဝိဝိတ္တယောဂအပါဒါန်' မည်၏။

ပုံစံ–ဝိဝိစ္စေဝ ကာမေဟိ၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။

## ပမာဏတ္ထအပါဒါန်

အတိုင်းအရှည်အနက်ဟော သဒ္ဒါများသည် ပမာဏတ္ထအပါဒါန်မည်၏။

ပုံစံ၊ စန္ဒဘာဂါယ ပရိမာဏံ အာယမတော စ ဝိတ္ထာရတော စ ယောဇနံ၊ စန္ဒဘာဂါမြစ်၏ အတိုင်းအရှည်ကား အလျားအားဖြင့်လည်းကောင်း အနံအားဖြင့်လည်းကောင်း တစ်ယူဇနာရှိ၏။ ဤပမာဏတ္ထအပါဒါန်၌ **တတိယာ ဝိဘတ်နှင့်လည်း ဆက်သွယ်နိုင်**သည်။

ပုံစံ–သာသပရာသိ အာယာမေန ယောဇနံ၊ မုန်ညှင်းစေ့ အစု(အပုံ)သည် အလျားအားဖြင့် တစ်ယူဇနာရှိ၏။

♠ ဤပြယုဂ်၌ အပါဒါန်ဟုဆိုသော်လည်း ခွဲခွါမှု မထင်ရှားသောကြောင့်(မှ)ဟု မြန်မာမပြန်ပဲ (အားဖြင့်)ဟု ဝိသေသန အနက်ပြန်ရသည်။ ဆရာတို့ကား မှ–ဟုလည်း ပြန်ကြသည်။ (ကစ္စည်းဘာဋီ ပ ၃၁၉)

## ပုဗ္ဗယောဂအပါဒါန်

အရပ်မျက်နှာအနက်မဟုတ် အရပ်ဒေသအချိန်ကာလအနက်ဟော ပုဗ္ဗပရစသော သဒ္ဒါတို့နှင့် ယှဉ်တွဲ(ဆက်စပ်)သော သဒ္ဒါသည် 'ပုဗ္ဗယောဂအပါဒါန်'မည်၏။

ပုံစံ–ဣတော ပုဗ္ဗေ နာဟောတိ၊ ဤအခါမှ ရှေး၌ မဖြစ်ဘူးသေး။

တတော ပရံ ပစ္စန္တိမာ ဇနပဒါ၊ ထိုအရပ်မှ ပြင်ဘက်အရပ်သည် ပစ္စန္တရစ်(အစွန်အဖျားအနားဖြစ်သော)

ဇနပုဒ်တို့တည်း။ တတော ဥတ္တရိမ္ပိ၊ ထို့ထက် အပိုအလွန်လည်း။

♠ ပုဗ္ဗသဒ္ဒါသည် ဒိသာအနက်ဟောရာ၌ ဒိသာယောဂ၌ ပါပြီးဖြစ်သည်။ ဤ၌ ပထမအနက်ဟော ပုဗ္ဗကို ယူရမည်။ ပထမအနက်ဟူသည်လည်း ရှေ့=ရှေး ဟူသောအနက်တည်း။ ထို့ကြောင့် **ရှေးကာလ ရှေးဒေသ စသည်ဖြင့် ဒေသကာလစသော အနက်နှင့် တွဲဖက်၍ အနက်**မှတ်ပါ။ ဒေသ ကာလ အရာဝတ္ထုစသည်ကို ဟောနိုင်သော ပုဗ္ဗ ပရ အပရ ဥတ္တရိစသော သဒ္ဒါများရှိရာတွင် ပုဗ္ဗသဒ္ဒါတခုတည်းကို မှတ်၍ဆိုအပ်သော ဥပလက္ခဏသဒ္ဒါတည်း။

ပုဗ္ဗော ပုဗ္ဗေကား ကာလအနက်ဟောတည်း။ တတောပရံ၊ ခတုလိင်္ဂေဟိ ပရာကား ဒေသအနက်ဟောတည်း။ တတော အပရေနကား ကာလအနက်ဟောတည်း။ တတော ဥတ္တရိကား ကာလ ဒေသမဟုတ် အရာဝတ္ထုတခုခုတည်း။

(ရူဘာဋီ ပ ၄၆၃–၄၆၄)

## ဗန္ဓနတ္ထယောဂအပါဒါန်

နှောင်ဖွဲ့ခြင်းအနက်ဟော သဒ္ဒါတို့နှင့်ယှဉ်တွဲ(ဆက်စပ်)သော ကြွေးမြီဟောသဒ္ဒါသည် 'ဗန္ဓနတ္ထယောဂအပါဒါန်'မည်၏။ ထိုဗန္ဓနတ္ထယောဂအပါဒါန်၌ ပဉ္စမီဝိဘတ်, တတိယာဝိဘတ်နှစ်မျိုးတို့နှင့် ဆက်သွယ်နိုင်သည်။

ပုံစံ–သတသ္မာ ဗန္ဓော နရော၊ သတေန ဗန္ဓော နရော။ မင်းသည် တရာသော ကြွေးမြီကြောင့် လူကို နှောင်ဖွဲ့အပ်၏။ (သတသ္မာ၌ အပါဒါန်ဖြစ်သော်လည်း အနက်မှာ ဟိတ်အနက်ဖြစ်သည်)

♠ ကြွေးမဆပ်နိုင်သောကြောင့် ကြွေးယူထားသူ(မြီစား)ကို မင်းက ချုပ်နှောင်ရာ၌ ကြွေးမြီသည် ချုပ်နှောင်ခြင်း၏ အကြောင်းဖြစ်၏။ ထိုချုပ်နှောင်ခြင်း၏ အကြောင်းဖြစ်သော ကြွေးမြီအနက်ဟောသဒ္ဒါ၌ ပဉ္စမီသက်သည်။

(ရူဘာဋီပ ၄၆၄)

## ဂုဏဝစနအပါဒါန်

အကျိုးကို ပြီးစေတတ်သော အကြောင်းဖြစ်သော ဂုဏ်ကို ဟောသော သဒ္ဒါသည် ဂုဏဝစနအပါဒါန်မည်၏။ ထိုဂုဏဝစနအပါဒါန်၌ ပဉ္စမီဝိဘတ် တတိယာဝိဘတ်နှစ်မျိုး ဆက်သွယ်နိုင်၏။

ပုံစံ–ဣဿရိယာ(ဣဿရိယေန) ဇနံ ရက္ခတိ ရာဇာ။ မင်းသည် အစိုးရသူ၏အဖြစ်ကြောင့် လူအပေါင်းကို စောင့်ရှောက်အပ်၏။

သီလတော(သီလေန) နံ ပသံသန္တိ၊ သီလကြောင့် ထိုသူကို ချီးမွမ်းကြကုန်၏။

## ပဥှကထနအပါဒါန်

အမေး,အဖြေကို ပြဆိုသောစကားတို့သည် 'ပဥှကထနအပါဒါန်'မည်၏။
ပုံစံ–ဘဝံ ကုတော၊ အရှင်သည် အဘယ်မှနည်း။ (ပဥှ)
ပါဋလိပုတ္တာ၊ ပါဋလိပုတ်ပြည်မှတည်း၊ (ကထန)

♠ ကုတောသိ တုဝံ=သင် ဘယ်ကလဲ–ဟု မေးရာ၌ ဒူရန္တိကဖြင့် အပါဒါန်မှည့်သည်။ ကုတော အာဂစ္ဆတိ=ဘယ်က လာသနည်း–ဟု မေးလျှင် ခွဲခွါခြင်းသဘောရှိ၍ ယသ္မာဒပေတိဖြင့် အပါဒါန်မှည့်သည်ဟု ဋီကာဆိုသည်။ ကုတော ဘဝံ=အရှင် ဘယ်မှနည်း(အရှင်ဘယ်ကလဲ)ဟူရာ၌ စပ်ပုဒ်ကြိယာ တိုက်ရိုက်မပါ၊ ဥပတ္တဝိသယအပါဒါန်ကဲ့သို့ ထည့်စပ်ရမည်လည်းမဟုတ်၊ ကြိယာမပါပဲပင် ဆိုလိုရင်းပြည့်စုံသောကြောင့် ယသ္မာဒပေတိဖြင့် အပါဒါန်မမှည့်နိုင်၍ ပဥှကထနအပါဒါန် ထပ်ပြသည်။

ပါဋလိပုတ္တာကား ကထနအရ အပါဒါန်တည်း။ မြန်မာလို ကျွန်ုပ် ပါဋလိပုတ်ကပဲဟု ဖြေဆိုရာ၌ သုံးနှုန်းသော စကားဖြစ်သည်။ ဤ၌ ကထနဟူသည် စကားရိုးရိုး ပြောဆိုခြင်းမဟုတ်၊ ပဥှနှင့်တွဲဖက်၍ ပြသောအရာဖြစ်၍ ဖြေဆိုခြင်းကိုသာ ကထနဟုဆိုသည်။ (ရူဘာဋီပ ၄၆၅–၄၆၆)

## ထောကတ္တအပါဒါန်

အနည်းငယ်ဟူသော ဒြပ်မဟုတ်သော အနက်ကိုဟောသော သဒ္ဒါသည် 'ထောကတ္တအပါဒါန်'မည်၏။
ဤထောကတ္တအပါဒါန်၌ ကရိဏ်းအနက်ဟော ပဉ္စမီဝိဘတ်, တတိယာဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–ထောကာ(ထောကေန)မုစ္စတိ၊ အနည်းငယ်ဖြင့် လွတ်၏။
ကိစ္ဆာ(ကိစ္ဆေန)မုစ္စတိ၊ ငြိုငြင်ခြင်းဖြင့် လွတ်၏။

♠ ထောက–အနည်းငယ်, အပ္ပမတ္တ–နည်းသောအတိုင်းအရှည်, ကိစ္ဆ–ငြိုငြင်ပင်းပန်းခြင်း ဤအနက်များသည် အထည်ကိုယ်ဒြပ်မဟုတ်, ဝိသေသနဂုဏ်မျှသာဖြစ်ကြသည်။ ထိုသို့ အနည်းငယ် နည်းနည်းပါးပါးဟူသော ဂုဏ် ဝိသေသနကိုဟောရာ၌ အပါဒါန်မှည့်သည်။သို့သော် ကရဏေဟုဆိုသောကြောင့် ဖြင့်ဟု ဘာသာပြန်ရသည်။ အတ္တအပါဒါန်မဟုတ် သဒ္ဒအပါဒါန်ဖြစ်သည်။(ရူဘာဋီပ ၄၆၆–၄၆၇)

## (၂) ကာရဏအနက်ဟောသဒ္ဒါ

အကြောင်းအနက်ကို ဟောသော သဒ္ဒါ၌လည်း ပဉ္စမီဝိဘတ်ဆက်သွယ်ရသည်။
ပုံစံ–အနနုဗောဓာ အပ္ပဋိဝေဓာ စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ၊ လေးပါးကုန်သော အရိယသစ္စာတို့ကို လျော်စွာမသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဟုတ်တိုင်းမှန်စွာ မမြင်ခြင်းကြောင့်

## (၃) အကတ္တုရိအပါဒါန်

ဟေတုကတ္တားမဟုတ်သော ဉာပကဟိတ်အနက်ဟော သဒ္ဒါ၌လည်း ပဉ္စမီဝိဘတ်ဆက်သွယ်ရသည်။
ပုံစံ–ကမ္မသ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ။

ကံကို ပြုအပ်ပြီးသည်၏အဖြစ်ကြောင့် ဆည်းပူးအပ်ပြီးသည်၏အဖြစ်ကြောင့် များသည်၏အဖြစ်ကြောင့် ပြန့်ပြောသည်၏အဖြစ်ကြောင့် စက္ခုဝိညာဏ်ဖြစ်၏။

♠ ဟိတ်သည် 'ယော ကာရေတိ သ ဟေတု'သုတ်ဖြင့် မှည့်အပ်သော ဟေတုကတ္တားခေါ်သော ဟိတ်, အကျိုးကို ပြီးစေသော အကြောင်းဟိတ် ဟု နှစ်မျိုးရှိ၏။ ထိုတွင် ဟေတုကတ္တားဖြစ်သော ဟိတ်ကို တားမြစ်လို၍ အကတ္တုဟု ဆိုသည်။ ဟေတုကတ္တားဟိတ် မဟုတ်လျှင် အကျိုးကို ပြီးစေတတ်သော အကြောင်းဟိတ်ဟု သိသာလေပြီ။
(အခြေပြုသဒ္ဒါ ၅၈၀)

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၈၄–၉၆)

သာမျတ္တေ ဟေတုယောဂေစ၊ ကတ္တုကမ္မေစ ကရဏေ။
အဝချာနာဒရတ္တေသု၊ နိဒ္ဓါရဏဘုမ္မေပိစ။
တဒတ္တေကာဒသတ္တမှိ၊ ဆဋ္ဌီယာဝါစကာမတာ။

ဆဋ္ဌီဝိဘတျတ္တ (ဧကာဒသ) ၁၁

| အတ္တ | ပယောဂ |
|---|---|
| ၁။ သာမျတ္တ | **ဘိက္ခုဿ**–ရဟန်း၏၊ စီဝရံ–သင်္ကန်း။ |
| ၂။ ဟေတွတ္တ | **ကိဿ**ဟေတု–ဘယ်အကြောင်းကြောင့်။ |
| ၃။ အဓိပတျာဒိယောဂ | **ဂေါဏာနံ**–နွားတို့၏၊ အဓိပတိ–အကြီးအကဲတည်း။ |
| ၄။ ကတ္တုတ္တ | **ရညော**–မင်းသည်၊ သောဓိရော–ထိုပညာရှိကို၊ ပူဇိတော–ပူဇော်အပ်၏။ |
| ၅။ အဝုတ္တကမ္မတ္တ | **ပါပဿ**–မကောင်းမှုကို၊ အကရဏံ–မပြုခြင်းသည်၊ သုခံ–ချမ်းသာကြောင်းတည်း။ |
| ၆။ ကရဏတ္တ | **သပ္ပိဿ**–ထောပတ်ဖြင့်၊ ပတ္တံ–သပိတ်ကို၊ ပူရေတွာ–ပြည့်စေ၍။ |
| ၇။ အဝချတ္တတ္တ | အဟံ–ငါသည်၊ တဒါ–ထိုအခါ၌၊ **ဒုက္ခဿ**–ဆင်းရဲမှ၊ ဘီတော–ကြောက်၏။ |
| ၈။ အနာဒရတ္တ | ဒါရကဿ–သူငယ်သည်၊ **ရုဒတော**၊ရုဒန္တဿ–ငိုစဉ်၊ (ပိတာ–အဘသည်) ဗုဒ္ဓသာသနေ–ဘုရားသာသနာတော်၌၊ ပဗ္ဗဇိ–တောထွက်သမှု ရဟန်းပြုပြီ။ |
| ၉။ နိဒ္ဓါရဏတ္တ | **ပဉ္စကလျာဏနာရီနံ**–ကောင်းခြင်းငါးပါးရှိသောမိန်းမတို့တွင်၊ သာမာ–ရွှေသောအဆင်းရှိသော မိန်းမသည်၊ ဒဿနီယတမာ–ရှုချင်ဖွယ်ရှိလွန်း၏။ |
| ၁၀။ ဘုမ္မတ္တ | **နစ္စဂီတဿ**–ကခြင်းသီဆိုင်ခြင်း၌၊ ကုသလာ–လိမ္မာကုန်၏။ |
| ၁၁။ တဒတ္တ | **သုဝဏ္ဏကုဏ္ဍလဿ**–ရွှေနားဒောင်း ရွှေလက်ကောက်အလို့ငှါ။ |

**ဆဋ္ဌီဝိဘတ်**ကို

(၁) သာမီ(သမ္ဗန်)အနက် (၂) အဝုတ္တကတ္တားအနက်

(၃) အဝုတ္တကံအနက် (၄) ကရိဏ်းအနက်

(၅) အပါဒါန်အနက် (၆) သတ္တမီဝိဘတ်အနက်

(၇) သာမိ ဣဿရစသော သဒ္ဒါတို့နှင့် ယှဉ်တွဲ(ဆက်စပ်)သော သဒ္ဒါ

(၈) နိဒ္ဓါရဏအနက် (၉) အနာဒရအနက်ဟော သဒ္ဒါတို့နှင့် ဆက်သွယ်ရသည်။

## (၁) သာမီ(သမ္ဗန်)အနက်

သိမ်းပိုက်အပ်သော ဥစ္စာ၏ ပိုင်ရှင်သည် သာမီမည်၏။ ဥစ္စာသည် သံမည်၏။ ထိုဥစ္စာရှင်(သာမီ)နှင့် ဥစ္စာ(သံ)တို့၏အချင်းချင်းဆက်စပ်ခြင်းသည် သမ္ဗန်မည်၏။ ယင်းသမ္ဗန်သည် ရှေ့ပုဒ်နောက်ပုဒ် (သမ္ဗန္ဓိဒြပ်) နှစ်ပါး၌ တည်နေသော်လည်း ရှေ့ပုဒ်သည်နောက်ပုဒ်ကို အထူးပြုသောကြောင့် ဆဋ္ဌီဝိဘတ်ကို ရှေ့ပုဒ်နှင့်သာ ဆက်သွယ်ရသည်။

ပုံစံ။ ရညော ပုရိသော၊ မင်း၏အချင်း(အခစား)ယောကျ်ား
 တဿ မာတာပိတရော၊ ထိုသူ၏ မိဘတို့။

## (၂) အဝုတ္တကတ္တားအနက်

ကိတအမည်ရသော 'တ,တိ'စသော ပစ္စည်းတို့နှင့် ယှဉ်တွဲ(ဆက်စပ်)သော ကြိယာ၏ ကတ္တားကို ဆဋ္ဌီဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–ရညော သမ္မတော၊ မင်းသည် သမုတ်အပ်၏။(ရညာ–ဟုလည်းရှိသည်)
 ကစ္စာယနဿ ကတိ သောဘနာ၊ ကစ္စည်းထေရ်သည် ပြုခြင်းသည် တင့်တယ်ပါပေစွ။
 (ကစ္စာယနေန–ဟုလည်း ရှိသည်)

## (၃) အဝုတ္တကံ အနက်

ကိတကအမည်ရသော 'တု၊ဏွု၊ယု၊ဏ'စသော ပစ္စည်းတို့နှင့် ယှဉ်တွဲဆက်စပ်နေသော ကြိယာ၏ ကံပုဒ်, သရဓာတ်, ဣသုဓာတ်တို့၏ ကံပုဒ်, ပြုခြင်းအနက်ဟော ကရဓာတ်၏ ကံပုဒ်များကို ဆဋ္ဌီဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ။ တဿ ဘဝန္တိ ဝတ္တာရော။ ထိုသူကို ပြောဆိုသူတို့ ရှိကုန်၏။
 ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
 ကံကို ပြုတတ်သူသည်လည်းကောင်း အကျိုးကို ခံစားတတ်သူသည်လည်းကောင်း မရှိ။

ပါပါနံ အကရဏံ သုခံ။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာကြောင်းတည်း။
အစ္ဆရိယော အရဇကေန ဝတ္ထာနံ ရာဂေါ။ ပင်မင်းဆရာမဟုတ်ပါပဲ အဝတ်တို့ကို ဆိုးနိုင်ခြင်းသည် အံ့ဩဖွယ်ရှိပါပေစွ။
စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ။ လေးပါးကုန်သော မဟာဘုတ်တို့ကို စွဲမှီ၍ ကြည်လင်ခြင်း။
မာတု သရတိ။ အမိကို အမှတ်ရ၏။ (မာတရံ သရတိ-ဟု ဒုတိယာလည်းရှိ၏)
ပုတ္တဿ ဣစ္ဆတိ၊ သားကို အလိုရှိ၏။ (ပုတ္တံ-ဟု ဒုတိယာလည်းရှိ၏)
ဥဒကဿ ပတိကုရုတေ၊ ရေကို ပြုပြင်၏။ (ဥဒကံ-ဟုလည်း ရှိ၏)

♠ ဝတ္တာရော စသည်၌ တုပစ္စည်း, ကာရကော စသည်၌ ဏွုပစ္စည်း, အကရဏံ စသည်၌ ယုပစ္စည်းများ၏ ယှဉ်ရာ၌ ဆဋ္ဌီကံရှိတတ်၍ "ယု ဏွု တုမှိ၊ ပစ္စည်းပြီ၊ ဆဋ္ဌီကံနေစေ"ဟု နိယာမ်ဆိုကြသည်။ ထိုအဆိုမမြဲကြောင်း "ကွစီတိ ကိံ"ရုပ်များဖြင့် သိသာသည်။ ကတ္တာ ဘာသိတာ စသည်တို့သည် တုပစ္စည်းဆုံးသော ပုဒ်များဖြစ်လျက် ဆဋ္ဌီကံမနေပဲ ဒုတိယာကံပင်နေသည်။

အကရဏံစသောပုဒ်တို့သည် ဘာဝသာဓနများတည်း။ ထို့ကြောင့် ပြုခြင်း ညှစ်ခြင်းဟု ပေးရသည်။ ဤသို့ ဘာဝသာဓနနောက်၌ရှိသောအခါ ရှေ့၌ ဆဋ္ဌီကံရှိတတ်သောကြောင့် "ဘာဝသာဓန၊ နောက်ပုဒ်ပြ၊ ကမ္မတ္ထဆဋ္ဌီ"ဟု ရှေးဆရာတို့ နိယာမ်ဆိုကြသည်။ (ရူဘာဋီ ပ ၄၈၇-၄၈၈)

(က) ဂမ္ဘီရံ ကထံ ကတ္တာ။ လေးနက်သော တရားစကားကို ပြုတတ်၏။
(ခ) ကာလေန ဓမ္မိံ ကထံ ဘာသိတာ ဟောတိ။ သင့်လျော်သောအခါ၌ တရားစကားကို ပြောတတ်သည် ဖြစ်၏။
(ဂ) ပရေသံ ပုညာနိ အနုမောဒိတာ။ သူတပါးတို့၏ ကောင်းမှုတို့ကို ဝမ်းမြောက်တတ်၏။
(ဃ) သစ္စာနိ ဗုဇ္ဈိတာ။ သစ္စာတို့ကို သိတော်မူတတ်၏။
(င) ကဋံ ကာရကော။ ဖျာကို ပြုတတ်၏။
(စ) ပသဝေါ ဃာတကော။ သားကောင်တို့ကို သတ်တတ်၏။

♠ အတီတေ တ တဝန္တု တာဝီ-သုတ်ဖြင့် သက်သောပစ္စည်းများကို နိဋ္ဌိဋ္ဌပစ္စည်းဟု ခေါ်သည်။ ထိုနိဋ္ဌိဋ္ဌပစ္စည်းများ ယှဉ်ရာ၌လည်း ဆဋ္ဌီမဖြစ်။

(က) သုခကာမီ ဝိဟာရံ ကတော။ ချမ်းသာကိုအလိုရှိသူသည် ကျောင်းကို ပြုပြီ။
(ခ) ရထံ ကတဝန္တော။ ရထားကို ပြုပြီးသူတို့။
(ဂ) ရထံ ကတာဝီ။ ရထားကို ပြုပြီးသူ။
(ဃ) ကဋံ ကတွာ။ ဖျာကို ပြု၍။ ကရောန္တော, ကရာနော, ကုရုမာနော-ပြုလျက်။
(ကဋံ ကတွာ-စသည်ကား နိဋ္ဌာဒီသု၌ အာဒိပုံစံ) (ရူဘာဋီ ပ ၄၈၉-၄၉၀)

## (၄) ကရိဏ်းအနက်

ယဇဓာတ်, ဇုဟဓာတ်, တင်းတမ်ခြင်း(ပြည့်ခြင်း)အနက်ဟော ပူရစသောဓာတ်, အတူအနက်ဟော တုလျ, သဒိသစသောသဒ္ဒါ, ကိံသဒ္ဒါ အလံသဒ္ဒါစသည်တို့နှင့် ယှဉ်တွဲဆက်စပ်နေသော သဒ္ဒါများကို ကရိဏ်းအနက်ဟော ဆဋ္ဌီဝိဘတ်နှင့် ဆက်သွယ်ရသည်။

ပုံစံ–ပုပ္ဖဿ ဗုဒ္ဓံ ယဇတိ။ ပန်းဖြင့် ဘုရားကို ပူဇော်၏။(ပုပ္ဖေန–ဟုလည်း ရှိနိုင်သည်)
ဃတဿ အဂ္ဂိံ ဇုဟောတိ။ ထောပတ်ဖြင့် မီးကို ပူဇော်၏။
ပူရတိ ဗာလော ပါပဿ။ လူမိုက်သည် မကောင်းမှုဖြင့် ပြည့်၏။
ပတ္တံ ဒြနဿ ပူရေတွာ။ သပိတ်ကို ဆွမ်းဖြင့် ပြည့်စေ၍။
ပိတုဿ တုလျော။ အဖေနှင့် တူသူ။ (ပိတရာ တုလျော ဟုလည်းရှိသည်။ ဆဋ္ဌီမပြ)
မာတု သဒိသော။ အမိနှင့်တူသူ(မာတရာ သဒိသော–လည်းရှိသည်)
ကိံ တဿ စ တုဋ္ဌဿ။ နှစ်သက်အပ်သော ထိုဝတ္ထုဖြင့်လည်း အဘယ်အကျိုးရှိအံ့နည်း။
အလံ တဿ စ တုဋ္ဌဿ။ နှစ်သက်အပ်သော ထိုဝတ္ထုဖြင့်လည်း အဘယ်အကျိုးရှိအံ့နည်း။

## (၅) အပါဒါန်အနက်

ဆုတ်ယုတ်ခြင်း အနက်ဟောသဒ္ဒါ, ကြောက်လန့်ခြင်း အနက်ဟောသဒ္ဒါတို့နှင့် ယှဉ်တွဲဆက်စပ်နေသော သဒ္ဒါတို့ကို အပါဒါန်အနက်ဟော ဆဋ္ဌီဝိဘတ်ဖြင့် ဆက်သွယ်ရသည်။

ပုံစံ။ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ။ မကြားနာရခြင်းကြောင့် တရားမှ ဆုတ်ယုတ်ကုန်၏။
သဗ္ဗေ တသန္တိ ဒဏ္ဍဿ။ သူခပ်သိမ်းတို့သည် ဒဏ်မှ ထိတ်လန့်ကြကုန်၏။
သဗ္ဗေ ဘာယန္တိ မစ္စုနော။ သူခပ်သိမ်းတို့သည် သေခြင်းမှ ကြောကန်လန့်ကြကုန်၏။

## (၆) သတ္တမီဝိဘတ်အနက်

ကုသလသဒ္ဒါစသည်တို့နှင့် ဆက်စပ်သော သဒ္ဒါသည်တို့ကို သတ္တမီဝိဘတ်အနက်ဟော ဆဋ္ဌီဝိဘတ်ဖြင့် ဆက်သွယ်ရသည်။

ကုသလော တွံ ရထဿ အင်္ဂပစ္စင်္ဂါနံ။ သင်သည် ရထား၏ အင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်၏။
မဂ္ဂါမဂ္ဂဿ ကုသလော။ အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်၌ လိမ္မာ၏။

## (၇) သာမိ ဣဿရ စသော သဒ္ဒါတို့နှင့် ဆက်စပ်သော သဒ္ဒါ

သာမိ ဣဿရ ဒါယာဒ သက္ခိ ပတိဘူ ကုသလ စသောသဒ္ဒါတို့နှင့် ဆက်စပ်သော သဒ္ဒါတို့ကိုလည်း ဆဋ္ဌီဝိဘတ် ဆက်သွယ်ရသည်။

ဂေါဏာနံ သာမိ၊ နွားတို့၏ အရှင်။

ဂေါဏာနံ အဓိပတိ၊ နွားတို့၏ အကြီးအကဲ။

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၉၇–၁၀၁)

♠ (၈) နိဒ္ဓါရဏအနက် (၉) အနာဒရအနက်ဟော သဒ္ဒါတို့၏ ရှင်လင်းချက်ကို သတ္တမီဝိဘတ် ဆက်သွယ်ပုံခန်း၌ တပေါင်းတည်း ပြထားသည်။

ဘုမ္မကမ္မနိမိတ္တတ္ထေ၊ ကရဏေ ပထမာ၀ဓိ။
စတုတ္ထီယောဂ နာဒရေ၊ နိဒ္ဓါရဏေ၀ိကာလေ စ။
ဘာ၀တ္ထေကာဒသတ္တမှိ၊ သတ္တမီ၀ါစကာ မတာ။

သတ္တမီဝိဘတျတ္ထ (ဧကာဒသ) ၁၁

| အတ္ထ | ပယောဂ |
|---|---|
| ၁။ ဘုမ္မတ္ထ | ဂမ္ဘီရေ–နက်သော၊ **ဩဒကန္တိကေ**–ရေအဆုံးရှိရာ၌။ |
| ၂။ အ၀ုတ္တကမ္မတ္ထ | **ဘိက္ခူသု**–ရဟန်းတို့ကို၊ အဘိဝါဒေန္တိ–ရှိခိုးကုန်၏။ |
| ၃။ နိမိတ္တတ္ထ | နာဂေါ–ဆင်ကို၊ **ဒန္တေသု**–အစွယ်တို့ကြောင့်၊ ဟညတေ–သတ်အပ်၏။ |
| ၄။ ကရဏတ္ထ | **ပတ္တေ**–သပိတ်ဖြင့်၊ ပိဏ္ဍာယ–ဆွမ်းအလို့ငှါ၊ ဂေါစရေ(ဂေါစရတိ)ဆွမ်းခံရွာသို့သွား၏။ |
| ၅။ ပထမတ္ထ | **သူရိယေ**(သူရိယော)နေဗိမာန်သည်၊ ဉဂ္ဂတေ(ဉဂ္ဂတော)လျောသက်ဝင်ရောက်၏။ (ပုံစံရှိအတိုင်း လျော်အောင်ပေးလိုက်ရသည်။ ဣဒမ္ပိသ သီလသ္မိံ ဟူသော ပုံစံ သင့်မြတ်၏) |
| ၆။ အ၀ဓျတ္ထတ္ထ | **ကဒလီသု**–ငှက်ပျော်ပင်တို့မှ၊ ဂဇေ–ဆင်တို့ကို၊ ရက္ခန္တု–စောင့်ရှောက်ကြကုန်လော။ |
| ၇။ စတုတ္ထျတ္ထဒါဓာတု ယောဂ | **သံဃေ**–သံဃာအား၊ ဒိန္နံ–လှူအပ်သော၀တ္ထုသည်၊ မဟပ္ဖလံ–များသောအကျိုးရှိ၏။ |
| ၈။ အနာဒရတ္ထ | ဒါရကေသု–သူငယ်သည်၊ **ရုဒန္တသ္မိံ**–ငိုစဉ်၊ (ပိတာ–အဘသည်) ဗုဒ္ဓသာသနေ–ဘုရားသာသနာတော်၌၊ ပဗ္ဗဇိ–တောထွက်သမှု ရဟန်းပြုပြီ။ |
| ၉။ နိဒ္ဓါရဏတ္ထ | **ပထိကေသု**–ခရီးသွားတို့တွင်၊ ဓာ၀န္တော–ပြေးသွားသူသည်၊ သီဃတမော–လျင်မြန်လွန်း၏။ |
| ၁၀။ ဘုမ္မတ္ထ | ဗာလော–လူမိုက်သည်၊ **ကာလေ**–ခပ်သိမ်းသောအခါ၌၊ ပမဇ္ဇတိ–မေ့လျော့၏။ |
| ၁၁။ ဘာ၀တ္ထ | **ဘုတ္တေသု**–ဆွမ်းစားကုန်ပြီးသည်ရှိသော်၊ အာဂတော–လာ၏။ |

**သတ္တမီဝိဘတ်**ကို

၁။ အာဓာရ (ဩကာသ) အနက်ဟော သဒ္ဒါ ၂။သာမီ, ဣဿရစသောသဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါ
၃။ နိဒ္ဓါရဏအနက်ဟောသဒ္ဒါ ၄။ အနာဒရအနက်
၅။ ကံအနက် ၆။ ကရိဏ်း
၇။ နိမိတ်အနက် ၈။ သမ္ပဒါန်အနက်
၉။ ပဥ္စမီအနက် ၁၀။ ကာလအနက်
၁၁။ ဘာဝေန ဘာဝလက္ခဏအနက်
၁၂။ အဓိကအနက်ဟော ဥပသဒ္ဒါ၊ဣဿရအနက်ဟော အဓိသဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါ
၁၃။ မဏ္ဍိတ ဥဿုက္ကတ္ထယောဂသဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါတို့နှင့် ဆက်သွယ်ရသည်။

## အာဓာရ(ဩကာသ)အနက်

ကတ္တား, ကံနှင့်တကွသော ကြိယာ၏တည်ရာဖြစ်သော အနက်သည် 'အာဓာရ(ဩကာသ)'မည်၏။ ထိုတည်ရာ အနက်သဒ္ဒါကို ဝိဘတ်နှင့်ဆက်သွယ်ရသည်။

ပုံစံ-ဇလေသု ခိရံ တိဋ္ဌတိ။ ရေတို့၌ နို့ရည်သည် တည်၏။
ဥစ္ဆူသု ရသော။ ကြံတို့၌ အရည်သည် တည်၏။

## သာမီ ဣဿရ စသော သဒ္ဒါတို့နှင့် ဆက်စပ်သော သဒ္ဒါ

သာမီ ဣဿရ ဒါယာဒ သက္ခိ ပတိဘူ ကုသလ စသောသဒ္ဒါတို့နှင့် ဆက်စပ်သော သဒ္ဒါတို့ကိုလည်း ဆဋ္ဌီဝိဘတ် ဆက်သွယ်ရသည်။

ဂေါဏေသု သာမိ၊ နွားတို့၌ အရှင်။
ဂေါဏေသု အဓိပတိ၊ နွားတို့၌ အကြီးအကဲ။

♠ သာမီ-အရှင်၊ ဣဿရ-အစိုးရသူ၊ အဓိပတိ-အကြီးအကဲ၊ ဒါယာဒ-အမွေခံ(ဆွေမျိုး)၊ သက္ခိ-မျက်မြင်၊ ပတိဘူ-တာဝန်ခံ၊ ပသုတ-မွေးဖွားသူ၊ ကုသလ-ကျွမ်းကျင်သူ ဟူသောသဒ္ဒါတို့နှင့် ယှဉ်ရာ၌ ဆဋ္ဌီ,သတ္တမီနှစ်မျိုးသက်သည်။

ဂေါဏာနံ သာမိ၊ နွားတို့၏ အရှင်တည်း။ ဂေါဏေသု သာမိ၊ နွားတို့၌ အရှင်တည်း။
ဂေါဏာနံ ဣဿရော၊ နွားတို့၏ အစိုးရသူတည်း။ ဂေါဏေသု ဣဿရော၊ နွားတို့၌ အစိုးရသူတည်း။
ဂေါဏာနံ အဓိပတိ၊ နွားတို့၏ အကြီးအကဲတည်း။ ဂေါဏေသု အဓိပတိ၊ နွားတို့၌ အကြီးအကဲတည်း။
ဂေါဏာနံ ဒါယာဒေါ၊နွားတို့၏အမွေခံ(ဆွေမျိုး)တည်း။ ဂေါဏေသု ဒါယာဒေါ၊နွားတို့၌ အမွေခံ(ဆွေမျိုး)တည်း။

ဂါဏာနံ သက္ခိ၊ နွားတို့၏ မျက်မြင်တည်း။ ဂေါဏေသု သက္ခိ၊ နွားတို့၌ မျက်မြင်တည်း။
ဂေါဏာနံ ပတိဘူ၊ နွားတို့၏ တာဝန်ခံတည်း။ ဂေါဏေသု ပတိဘူ၊ နွားတို့၌ တာဝန်ခံတည်း။
ဂေါဏာနံ ပသုတော၊ နွားတို့၏ မွေးဖွားသူတည်း။ ဂေါဏေသု ပသုတော၊ နွားတို့၌ မွေးဖွားသူတည်း။
ဂေါဏာနံ ကုသလော၊ နွားတို့၏ ကျွမ်းကျင်သူတည်း။ဂေါဏေသု ကုသလော၊ နွားတို့၌ ကျွမ်းကျင်သူတည်း။
(ကစ္စည်းဘာဋီ ပ ၄၂၉)

♠ အာမခံဟူသည် ဆွေမျိုးပင်တည်း။ ပတိ–အတူ(ဝါ)အစား၊ ဘူ–ဖြစ်သူ၊ အခြားတစ်ယောက်က ကြွေးယူရာ၌ အာမခံ(တာဝန်ခံ)လူသည် အလားတူဖြစ်သူ–ကိုယ်ဖြစ်သူတည်း။ ဤ၌ နွားတို့၏ တာဝန်ခံ(အာမခံလူ)ကို ပတိဘူဟု ဆိုသည်။ နွားမှဖြစ်သော အရသာကိုခံစားဖို့ရာ မွေးဖွားသူကို ဂေါသု ပသုတော–ဟု ဆိုသည်။ နွားနှင့်ဆိုင်ရာဝယ် ကျွမ်းကျင်သူသည် ကုသလမည်၏။ (ရူဘာဋီ ပ ၅၀၀)

♠ သာမိ ဣဿရ အဓိပတိ သုံးမျိုးသည် အနက်သံ မြန်မာပြန်ကွဲသော်လည်း အရကောက်အားဖြင့် အရှင်သခင်ကိုချည်း ဟော၏။ ဤသို့အနက်တူပါလျက် သဒ္ဒါသုံးမျိုးကို ထုတ်၍ဆိုထားခြင်းကြောင့် ဤသဒ္ဒါသုံးမျိုးမှ အပ အရှင်သခင်အနက်ဟော ပတိစသော သဒ္ဒါများ၏ ယှဉ်ရာ၌ ဆဋ္ဌီသတ္တမီနှစ်မျိုးလုံးမသက်ရ, ဂဝံပတိ စသည်ဖြင့် ဆဋ္ဌီတမျိုးသာ သက်ရမည်ဟု သိစေသည်။ (ရူဘာဋီ ပ ၄၉၉)

## နိဒ္ဓါရဏအနက်

ဇာတ် ဂုဏ် ကြိယာ နာမ်အားဖြင့် အပေါင်းထဲမှ အစိတ်ကို သီးခြားခွဲထုတ်ခြင်းသည် နိဒ္ဓါရဏမည်၏။

ထိုနိဒ္ဓါရဏသည် (က) ဇာတိနိဒ္ဓါရဏ (ခ) ဂုဏနိဒ္ဓါရဏ (ဂ) ကြိယာနိဒ္ဓါရဏ (ဃ) နာမနိဒ္ဓါရဏ ဟူ၍ လေးမျိုးပြားသည်။ အချို့သဒ္ဒါကျမ်းများ၌ ဒဗ္ဗနိဒ္ဓါရဏ သင်္ချာနိဒ္ဓါရဏတို့ကို ထည့်၍ ခြောက်မျိုးပြကြသည်။ ထိုနိဒ္ဓါရဏ၌ အပေါင်းဟောသဒ္ဒါကို ဆဋ္ဌီ သတ္တမီဝိဘတ်နှစ်မျိုး ဆက်သွယ်နိုင်သည်။

(က) ပုံစံ– မနုဿာနံ(မနုဿေသု) ခတ္တိယော သူရတမော။ လူတို့တွင် မင်းသည် သာလွန်၍ ရဲရင့်၏။
(ခ) ပုံစံ– သာမာ နာရီနံ(နာရီသု) ဒဿနီယတမာ။ မိန်းမတို့တွင် ရွှေအဆင်းရှိသော မိန်းမသည် သာ၍ရှုချင်စဖွယ် တင့်တယ်၏။
(ဂ) ပုံစံ– ပထိကာနံ (ပထိကေသု) ဓာဝန္တော သီဃတမော။ ခရီသွားတို့တွင် ပြေးသွားသောသူသည် သာ၍ လျင်မြန်၏။
(ဃ) ပုံစံ– အရဟတံ (အရဟန္တေသု) အာနန္ဒော အညတရော။ ရဟန္တာတို့တွင် အရှင်အာနန္ဒာသည် တပါးအပါအဝင်တည်း။

♠ ဤ၌ နိဒ္ဓါရဏလေးမျိုးသာ ပြ၏။ ထိုထိုကျမ်းဂန်တို့၌ အားလုံးပေါင်း နိဒ္ဓါရဏခြောက်မျိုး တွေ့ရသည်။

**ဇာတိနိဒ္ဓါရဏ**။ မနုဿာနံ အရဉ္ဇ ခတ္တိယ ဗြဟ္မဏ ဝေဿ သုဒ္ဒ ဇာတ်လေးမျိုးလုံး ပါဝင်၏။ ထိုလူအပေါင်းထဲမှ ခတ္တိယလူမျိုးကို သီးခြားခွဲထုတ်ခြင်းသည် ဇာတ်အားဖြင့် ထုတ်ခြင်းဖြစ်သောကြောင့် ဇာတိနိဒ္ဓါဏတည်း။ (နိဒ္ဓါရဏအမျိုးမျိုးခွဲရာ၌ ခွဲထုတ်အပ်သော အစိတ်ကိုကြည့်၍ခွဲလျှင် ရဲခြင်းဂုဏ်ကို ကောက်ယူ၍ ဂုဏနိဒ္ဓါရဏဟု ထင်မှားဖွယ်ရှိ၏။ ထိုကြောင့် ခွဲထုတ်အပ်သောအစိတ်က ဇာတိသဒ္ဒါဖြစ်လျှင် ဇာတိနိဒ္ဓါရဏ, ဂုဏသဒ္ဒါဖြစ်လျှင် ဂုဏနိဒ္ဓါရဏ, ကြိယာသဒ္ဒါဖြစ်လျှင် ကြိယာနိဒ္ဓါရဏ– စသည်ဖြင့် သိပါ)

**ဂုဏနိဒ္ဓါရဏ**။ သဒ္ဒါကျမ်းတို့၌ ဖြူ နီ ကြောင် ကျား အနက် စသည်များကို (မိမိ၏တည်ရာ ဒြပ်ကို ထင်ရှားပြတတ်သောကြောင့်) ဂုဏ်ဟု ခေါ်သည်။ ကဏှာ ဂါဝီနံ/ဂါဝီသု သမ္ပန္နခီရတမာ။ ဂါဝီနံ/ဂါဝီသု– နွားမတို့တွင်၊ ကဏှာ–နွားနက်မသည်၊ သမ္ပန္နခီရတမာ–သာ၍ပြည့်စုံသော နို့ရည်ရှိ၏၊ ဝါ–အလွန်ချိုမြိန်သော နို့ရည်ရှိ၏။ ဂါဝီနံအရ ဖြူသောနွားမ နီသော ကြောင်သော နက်သော နွားမစသည်ဖြင့် နွားမအားလုံး ပါဝင်သည်။ နွားမအပေါင်းထဲမှ အနက်ဂုဏ်အားဖြင့် နက်သောနွားမကို ခွဲခြားထုတ်ယူခြင်းသည် ဂုဏနိဒ္ဓါရဏတည်း။ (သမ္ပန္န–ပြည့်စုံ ဟူသည် များပြားခြင်းတည်း။ တခြားနွားမများ၏ နို့ရည်ထက် ချိုမြိန်ခြင်းကိုလည်း သမ္ပန္နဟု ဆိုကြသေးသည်။ ဂါဝီသုကား သတ္တမီသက်ပုံတည်း။ သာမာ နာရီနံ–လည်း ဖြူသော မဲသော ရွှေသော မိန်းမအားလုံးထဲမှ ဖြူသော မဲသော ရွှေသော မိန်းမအားလုံးထဲမှ အရွှေဂုဏ်အားဖြင့် သီးခြား ထုတ်ယူခြင်းကြောင့် ဂုဏနိဒ္ဓါရဏပင်တည်း)

**ကြိယာနိဒ္ဓါရဏ**။ ပထိကာနံအရ ဖြေးဖြေးသွားသူ မှန်မှန်သွားသူ မြန်မြန်သွားသူတို့ ပါဝင်စုပေါင်းနေ၏၊ ထိုအပေါင်းအစုထဲမှ အပြေးသွားသူကို ခွဲခြားထုတ်ယူခြင်းသည် သွားခြင်းကြိယာအားဖြင့် ထုတ်ယခြင်း ဖြစ်သောကြောင့် ကြိယာနိဒ္ဓါရဏမည်၏။ (သီဃတမောကို ကြည့်၍ နာမည်တတ်လျှင် လျင်မြန်ခြင်းဂုဏ်ဖြစ်၍ ဂုဏနိဒ္ဓါရဏဟု ဆိုရလိမ့်မည်။ ထို့ကြောင့် သီဃတမောကို ကြည့်၍ နာမည်မတတ်ရ။ ဓာဝန္တော–သည် ပြေးသွားခြင်းကြိယာကို အကြောင်းပြု၍ ဖြစ်သော ကြိယာသဒ္ဒါတည်း။)

**နာမနိဒ္ဓါရဏ**။ အရဟတံ အာနန္ဒော အညတရော။ အရဟတံအရ၌ အရှင်သာရိပုတြာ အရှင်မောဂ္ဂလာန် အရှင်မဟာကဿပ အရှင်အာနန္ဒာစသော နာမည်အမျိုးမျိုးရှိသော ရဟန္တာများ ပါဝင်စုပေါင်းနေ၏။ ထိုရဟန္တာများထဲမှ အရှင်အာနန္ဒာကို ထုတ်ယူခြင်းသည် နာမည်အားဖြင့် ထုတ်ယူခြင်းဖြစ်သောကြောင့် နာမနိဒ္ဓါရဏမည်၏။

**ဒဗ္ဗနိဒ္ဓါရဏ**။ ယောဓာနံ–သူရဲကောင်းတို့တွင်၊ ဝမ္မီကော–စစ်ဝတ်တန်ဆာကို ဝတ်ထားသူသည်၊ သူရတမော– သာ၍ရဲရင့်၏။ ဤ၌ 'ချပ်မိန်ညို'ခေါ်ကြသော စစ်ဝတ်တနဆာသည် အထည်ဒြပ်တည်း။ စစ်ဝတ် ဝတ်ထားသူ မဝတ်ထားသူ အများထဲမှ ဝတ်ထားသူကို ထုတ်ယူခြင်းသည် ဒဗ္ဗနိဒ္ဓါဏတည်း။

**သင်္ချာနိဒ္ဓါရဏ**။ ဘိက္ခူနံ–ရဟန်းတို့တွင်၊ ဒွေတယော–နှစ်ပါးသုံးပါးတို့ကို၊ သမ္မနိတဗ္ဗာ–သမုတ်အပ်ကုန်၏။ ဤ၌ ရဟန်းအများထဲမှ နှစ်ပါးသုံးပါကို ခွဲထုတ်ယူခြင်းသည် သချာ်အားဖြင့် ထုတ်ယူခြင်းဖြစ်သောကြောင့် သင်္ချာနိဒ္ဓါရဏမည်၏။ (ကစ္စည်ဘာဋီ ပ ၄၃၂)

## အနာဒရအနက်

ဝါကျတခုတည်း၌ ကြိယာနှစ်မျိုးပါရှိရာ နောက်ကြိယာသည် ရှေ့ကြိယာကို မရှိသေသောကြောင့် အနာဒရမည်၏။ ရှေ့ကြိယာသည် မရှိသေအပ်သောကြောင့် အနာဒရိယမည်၏။ ထိုအနာဒရိယကြိယာနှင့် ယင်းနှင့်အရတူ အနာဒိရိယဝန္တကတ္တား, ကံတို့ကို ဆဋ္ဌီ သတ္တမီဝိဘတ်နှစ်မျိုး ဆက်သွယ်ရသည်။
ပုံစံ– အကာမကာနံ မာတာပိတူနံ(မာတာပိတူသု) ရုဒန္တာနံ(ရုဒန္တေသု) ဖောဓိသတ္တော ပဗ္ဗဇိ။ ရဟန်းပြုခြင်းကို အလိုမရှိကြကုန်သော မိဘတို့သည် ငိုကုန်စဉ် ဘုရားအလောင်းတော်သည် ရဟန်းပြုပြီ။

♠ ဒါရကဿ–သူငယ်သည်၊ ရုဒတော–ငိုနေစဉ် (ပိတာ–အဖသည်) ပဗ္ဗဇိ–ရဟန်းပြုပြီ။ ဒါရကေ–သည်၊ ရုဒန္တသ္မိံ– ငိုနေစဉ်၊ (ပိတာ–အဖသည်) ပဗ္ဗဇိ–ရဟန်းပြုပြီ။ သားကလေး၏ ငိုခြင်းသည် အဖ၏ရဟန်းပြုခြင်းကြိယာကို မှတ်သားကြောင်းဖြစ်၍ ဘာဝလက္ခဏလည်းဟုတ်၏။ မလေးစားအပ်သောကြောင့် အနာဒရလည်းဟုတ်၏။ လိင့်အနက်ပေါ်တွင် အာလုပ်အနက်အပိုဝင်လာသောအခါ လိင်္ဂတေတ္ထ ပဌမာ–သုတ်ဖြင့် မသက်ပဲ အာလပနေစသုတ်ဖြင့် သက်ရသကဲ့သို့ ဘာဝလက္ခဏအနက်ပေါ်တွင် အနာဒရအနက်အပိုဝင်လာသောအခါ ကာလဘာဝေသု စ–သုတ်ဖြင့် သတ္တမီမသက်ပဲ ဤသုတ်ဖြင့် ဆဋ္ဌီသတ္တမီသက်ရသည်။ အကယ်၍ အနာဒရအနက်အပိုမပါပဲ ကြိယာတပါးကိုမှတ်သား ကြောင်း ဘာဝလက္ခဏအနက်မျှသာဖြစ်လျှင် စဉ်–ဟု ပေးရသော်လည်း ကာလဘာဝေသု စ–သုတ်ဖြင့်သာ သတ္တမီ သက်ရသည်။ ထို့ကြောင့် "ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဖောဓိသတ္တော ပဋိသန္ဓိံ ဂဏှိ၊ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်း ပဋိသန္ဓေ ယူပြီ" စသည်၌ ကာရေန္တေဝယ် စဉ်ဟုပေးရသော်လည်း ဘာဝလက္ခဏသာမှတ်။
(ကစ္စည်းဘာဋီ ပ ၄၃၃)

♠ ဤ **အနာဒရိယကြိယာသည် ပစ္စုပ္ပန်ကာလကိုဟောသော မာန, အန္တ ပစ္စည်းတို့ဖြင့် ရှိရ**သောကြောင့် အနက်ကိုလည်း "ငိုစဉ်, ငိုတုန်း, ငိုခိုက်"ဟု ပစ္စုပ္ပန်သံပါအောင် ပေးရသည်။ (ကစ္စည်းဘာဋီ ပ ၄၃၅)

### ကံအနက်

ကံအနက်ဟောသဒ္ဒါကိုလည်း သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်နိုင်သည်။
ပုံစံ– ဘိက္ခူသု အဘိဝါဒေန္တိ။ ရဟန်းတို့ကို ရှိခိုးကြကုန်၏။
ဗာဟာသု ဂဟေတွာ။ လက်မောင်းတို့ကို ကိုင်၍။

♠ သုဒိန္နံ ပါဒေသု ဂဟေတွာ။ အရှင်သုဒိန်၏ ခြေတို့ကို ကိုင်၍။ (ဂဟရှေ့မှ အာဓာရကို ကံဆိုလိုမူ ထိုရှေ့ပုဒ်မှာ ဒုတိယာကို ဆဋ္ဌီမှာသက် ဤအချက် မိန့်မြွက် ဆရာတဦးအလိုတည်း)
သုဒိန္နဿ ပါဒေသု ဂဟေတွာ။ သုဒိန်ကို ခြေတို့၌ ကိုင်၍။ (ဂဟရှေ့မှ အာဓာရကို ဘုမ္မတ္ထပင် ဆိုလိုချင်းမူ ထို့ပြင်ရှေ့မှာ ဆဋ္ဌီပါက ကံမှာသက်ဟု မိန့်မြွက် ဆရာတဦးအလိုတည်း) (ရူဘာဋီ ပ ၅၀၆)

## ကရိဏ်းအနက်

ကရိဏ်းအနက်ဟောသောသဒ္ဒါကိုလည်း သတ္တမီဝိဘတ် ဆက်သွယ်နိုင်သည်။
ပုံစံ– ပတ္တေသု ပိဏ္ဍာယ စရန္တိ။ သပိတ်တို့ဖြင့် ဆွမ်းအလို့ငှါ လှည့်လည်ကုန်၏။
သမ္ပဋိစ္ဆာမိ မတ္ထကေ။ ဦးထိပ်ဖြင့် ခံယူပါအံ့။ (နာခံပါမည်၏ဟု ဆိုလိုသည်)

## နိမိတ်အနက်

အကြောင်းနိမိတ် အနက်ဟောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရသည်။
ပုံစံ– ကုဉ္ဇရော ဒန္တေသု ဟညတေ။ ဆင်ကို အစွယ်တို့ကြောင့် သတ်အပ်၏။
သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံ။ သမ္ပဇာနမုသာဝါဒကြောင့် ပါစိတ်အာပတ်သင့်၏။

## သမ္ပဒါန်အနက်

သမ္ပဒါန်အနက်ဟောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရသည်။
ပုံစံ– သံဃေ ဒိန္နံ မဟပ္ဖလံ။ သံဃာအား ပေးလှူကြောင်းစေတနာသည် များသော အကျိုးရှိ၏။
စေတိယေ ဒတ္ဘာန။ စေတီတော်အား ပေးလှူပူဇော်ခြင်းကြောင့်

♠ ဒါဓာတ်သည် သမ္ပဒါန်ကို အမြဲငဲ့ရကား ‘သံဃေ’၌ သတ္တမီဝိဘတ်ပင်ဖြစ်သော်လည်း သမ္ပဒါန်(အားဟူသော) အနက်၌ သက်ရမည်ဟု ကစ္စည်းကျမ်းက ဆိုသည်။ မောဂ္ဂလာန်၌ကား ဘုရားရှင်၏ ရွှေနှုတ်တော်ထွက်ဝိဘတ်သည် ကပြောင်းကပြန် အနက်ကိုမပြ၊ သတ္တမီဆိုလျှင် ထုံးစံဖြစ်သော အာဓာရသြကာသအနက်ကိုသာ ပြသင့်သည်ဟု နှလုံးပိုက်၍ ‘သံဃေ–သံဃာ၌’ဟုပင် အနက်ဆိုသည်။ သံဃာတော်သည် ပေးခြင်းကြိယာ၏ အာဓာရလည်း ဖြစ်သင့်သည်ဟူလို။ (ရူပသိဒ္ဓိ ပ ၅၀၈)

## ပဉ္စမီအနက်

ပဉ္စမီ(အပါဒါန်)အနက်ဟောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရသည်။
ပုံစံ– ကဒလီသု ဂဇေ ရက္ခန္တိ။ ငှက်ပျောပင်တို့မှ ဆင်တို့ကို စောင့်ရှောက်ကုန်၏။

♠ ရက္ခဓာတ်သည် အပါဒါန်အနက်ကို အမြဲငဲ့သင့်၏ဟု နှလုံးပိုက်၍ သတ္တမီဝိဘတ်သည် ပဉ္စမီ(အပါဒါန်)အနက်၌ သက်သည်ဟု ကစ္စည်းကျမ်းဆိုသည်။ မောဂ္ဂလာန်၌ကား အာဓာရအနက်သာဟု ယူ၍ ‘ကဒလီသု–ငှက်ပျောပင်တို့၌’ ဟု ဆိုသည်။ (ရူပသိဒ္ဓိ ပ ၅၀၉)

**ကာလအနက်**

မျက်စိတမှိတ် ခဏ လယ မုဟုတ္တ နံနက်အခါ စသည်တို့သည် ကာလအနက်တို့မည်ကုန်၏။ ထိုကာလအနက်ဟော သဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်နိုင်သည်။

ပုံစံ–ပုဗ္ဗဏှ သမယေ ဂတော။ နံနက်အချိန် သွား၏။
သာယန္ဟသမယေ အာဂတော။ ညနေအချိန် ပြန်လာ၏။

♠ လက်ဖျောက် ဆယ်ချက်ခန့်တီးရာအခါသည် တခဏ, ဆယ်ခဏသည် တလယ, ဆယ်လယသည် ခဏလယ တခု, ခဏလယဆယ်ခုသည် တမုဟုတ်၊ မွန်းမတည့်မီ နံနက်ပိုင်းသည် ပုဗ္ဗဏှ ဤသို့စသည်ဖြင့် ကမ္ဘာများစွာတိုင် အောင်သော အချိန်အခါကို ဤ၌ ကာလဟု ဆိုသည်။ (ရူဘာဋီ ပ ၅၀၉)

**ဘာဝေနဘာဝလက္ခဏအနက်**

‘ဘဝနံ–ဖြစ်ခြင်၊ ဘာဝေါ–ဖြစ်ခြင်း’နှင့်အညီ ဘူဓာတ်သည် ကြိယာအားလုံးနှင့် သက်ဆိုင်သောကြောင့် သွားခြင်းစားခြင်းစသော ကြိယာအားလုံးကိုပင် ဘာဝအနက်ဟုခေါ်သည်။ (ကစ္စည်းဘာဋီပ ၄၄၄)

ကြိယာတပါးကို အခြားကြိယာတပါးဖြင့် မှတ်သားသည် “ဘာဝေနဘာဝလက္ခဏအနက်”မည်၏။ ရှေ့ကြိယာသည် မှတ်သားကြောင်းဖြစ်သောကြောင့် လက္ခဏ၊ နောက်ကြိယာသည် မှတ်သားအပ်သောကြောင့် လက္ချ၊ ထိုကြိယာ နှစ်မျိုးအနက် လက္ခဏကြိယာနှင့် ၎င်း၏ (ဝုတ္တ) ကံ, ကတ္တားပုဒ်တို့ကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရသည်။

ပုံစံ–ဘိက္ခူသု ဘောဇိယမာနေသု ဂတော။ ရဟန်းသံဃာတို့ကို ဆွမ်းကျွေးအပ်ကုန်သော် သွား၏။
ဣမသ္မိံ သတိ ဣဒံ ဟောတိ။ ဤအကြောင်းအရာသည် ရှိလတ်သော် ဤအကျိုးသည် ဖြစ်၏။

♠ ကြိယာသည် ထင်ရှားသောကြိယာ မထင်ရှားသောကြိယာဟု နှစ်မျိုးရှိသည်။ မထင်ရှားသောကြိယာကို ထင်ရှား သောကြိယာဖြင့် မှတ်သား၍ ပြောလျှင် ကြားရသူတို့ နားလည်လွယ်၏။ ထို့ကြောင့် မှတ်သားကြောင်းကြိယာသည် လက္ခဏကြိယာတည်း။ မထင်ရှားသောကြိယာကား မှတ်သားအပ်သော လက္ချကြိယာတည်း။ ဥပမာ–တောင်ဘက်အိမ်၌ နွားမများကို အချိန်မှန်မှန် နို့ညှစ်လေ့ရှိ၏။ ထို့ကြောင့် တောင်ဘက်အိမ်က နွားနို့ညှစ်ကြိယာသည် ထင်ရှား၏၊ မြောက်ဘက်အိမ်က ယောကျ်ားတယောက် ခရီးသွား၍ ပြန်လာရာ၌ သွားခြင်းပြန်ခြင်းကြိယာကား မထင်ရှား၊ ထို့ကြောင့် ထိုသူ၏ သွားခြင်းပြန်ခြင်းကြိယာကို နားလည်အောင် ပြောပြလိုလျှင် ထင်ရှားပြီးသော နို့ညှစ်ခြင်း ကြိယာဖြင့် မှတ်သား၍ ‘ဂေါသု ဒုယှမာနာသု ဂတော၊ ဒုဒ္ဓါသု အာဂတော’ နွားမကို နို့ညှစ်အပ်ကုန်သည်ရှိသော်

(နို့ညှစ်ချိန်၌) သွားသည်၊ နို့ညှစ်အပ်ကုန်ပြီးသော် (နို့ညှစ်ပြီးချိန်၌) ပြန်လာသည်ဟု ပြောရသည်။ ထင်ရှားသော နို့ညှစ်ခြင်းကြိယာသည် မှတ်သားကြောင်း လက္ခဏာတည်း။ မထင်ရှားသော သွားခြင်း ပြန်လာခြင်းကြိယာကား မှတ်သားအပ်သော လက္ချတည်း။ လက္ခဏာ၌ သတ္တမီသက်လျှင် ဂေါသုစသော လက္ခဏာဝန္တတို့၌လည်း အရတူ တလျာဓိကရဏဖြစ်သောကြောင့် သတ္တမီဆက်ရသည်။ (ရူဘာဋီ ပ ၅၁၀)

**ဟိတ်ဝင်သောလက္ခဏာ**။ ။လက္ချဖြင့် လက္ခဏာကို ပေါင်းစပ်၍ ကြည့်သောအခါ လက္ချကအကျိုး လက္ခဏာကအကြောင်း ဖြစ်လျှင် လက္ခဏာပုဒ်၌ ဟိတ်အနက်လည်း ဝင်၏။ ပုံစံကား–ကမ္မသ္မိံ သတိ ကာဒံ ဟောတိ–တည်း။ ဤ၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရကား ကမ္မသ္မိံ သတိ–အရ အဝိဇ္ဇာသည် အကြောင်း, ကာဒံ ဟောတိ–အရ သင်္ခါရသည် အကျိုး၊ ဤသို့ အကြောင်းအကျိုး ပြန်၍ရသောကြောင့် 'ကမ္မသ္မိံ–ဤအဝိဇ္ဇာစသော အကြောင်းသည်၊ သတိ–ရှိသော်၊(လက္ခဏာ)'ကမ္မသ္မိံ–ဤအဝိဇ္ဇာစသော အကြောင်း၏၊ သတိ–ရှိခြင်းကြောင့်၊(ဟိတ်) ဤသို့ ဟိတ်အနက် ဝင်လျက်ရှိသည်။ ဤသို့ အကြောင်းအကျိုး ပြန်၍ရသော လက္ခဏာကိုပင် ရည်ရွယ်၍ "လက္ခဏာပုဒ် ထုတ်၍အရာ ရှိသည်မှာ များစွာဟိတ်လည်း ဝင်သတည်း"ဟု မိန့်တော်မူကြသည်။

**ဟိတ်မဝင်သောလက္ခဏာ**။ ။လက္ခဏာနှင့်လက္ချတို့ ကြောင်းကျိုးပြန်၍ မရလျှင် ဟိတ်အနက်မဝင်နိုင်။ ထိုကဲ့သို့ ဟိတ်အနက်မဝင်နိုင်သော လက္ခဏာ၌ကား ကာလာဓာရ (အခါကာလဖြစ်သော အာဓာရ)သဘော သက်ဝင်သည်။ ပုံစံကား– 'ဘိက္ခုသံဃေသု ဘောဇိယမာနေသု ဂတော ပုရိသော'တည်း။ ဤပုံစံ၌ ရဟန်းတို့ကို ဆွမ်းကပ်ခြင်းကြောင့် သွားသည်မဟုတ်၊ သူ့ကိစ္စကြောင့်သွားသည်၊ သို့သော် ဆွမ်းကပ်ချိန်အခါ၌ သွားသောကြောင့် ဘောဇိယမာနေသုဝယ် အာဓာရသဘောလည်းပါသည်။ ဘိက္ခုသု–ရဟန်းတို့ကို၊ ဘောဇိယမာနေသု–ဆွမ်းကျွေးအပ်ကုန်သော်၊ ဝါ–ဆွမ်းကျွေး ချိန်၌–ဟု ပေး။

**စဉ်ဟု ပေးနိုင်ပုံ**။ ။ဘောဇိယမာနေသုစသည်၌ မာနပစ္စည်းသည် ပစ္စုပ္ပန်အနက်ဟောတည်း။ ထို့ကြောင့် 'ဘောဇိယ မာနေသု–ဆွမ်းကျွေးအပ်စဉ်, ဆွမ်းကျွေးအပ်ခိုက်, ဆွမ်းကျွေးအပ်တုန်း'ဟုလည်း အဓိပ္ပါယ်နက်ဆိုနိုင်သည်။ ဘုတ္တာသု–စသည်၌ တပစ္စည်းကား အတိတ်ကတ္တားဟောတည်း။ ထို့ကြောင့် 'ဘုတ္တေသု–ဆွမ်းစားကုန်ပြီးသော်' ဟုသာ ဆိုနိုင်သည်။ စဉ်, ခိုက်–ဟု မဆိုနိုင်။

(ဆောင်) ၁။ လက္ချနှင့်ပေါင်း၊ ကြောင်းကျိုးပြန်ရ၊ လက္ခဏာ၊ မုချဟိတ်လည်းဝင်။
၂။ ကြောင်းကျိုးနှစ်တန်၊ မပြန်နိုင်က၊ လက္ခဏာ၊ အာဓာရသဘောပင်။
၃။ ပစ္စုပ္ပန်နက်၊ ပစ္စည်းထွက်မူ၊ လက္ခဏာထုံး၊ စဉ် ခိုက် တုန်း၊ သုံးလေအနက်တွင်။

**ပထမာစသော ဝိဘတ်ဖြင့် နေနိုင်ပုံ**။ မာနအန္တပစ္စည်းတို့သည် သူတို့ကိုယ်တိုင် လက္ခဏာအနက်ကို ဟောနိုင်ကြ၏။ ထို့ကြောင့် မာနအန္တပစ္စည်းနှင့်တွဲဖက်၍ ပထမာစသောဝိဘတ်များသက်ရာ၌ လက္ခဏာအနက်ကို ဝိဘတ်က ဟောသည်မဟုတ်။ မာနအန္တပစ္စည်းက ဟောသည်။ ပထမာစသော ဝိဘတ်တို့မှာ ထုံးစံအတိုင်း လိင်အနက်စသည် ၌ ဖြစ်ကြရသည်။ ကာလဘာဝေသုစ–သုတ်ဖြင့် သတ္တမီသက်ရာ၌ကား ဝိဘတ်ကလည်း လက္ခဏာအနက်ကို ဟောနိုင်သည်။

**မှတ်ချက်**။ ။ဤစကားအရ 'ဇဝံ ဂုတ္တေ'ဤသို့ဆိုအပ်သော်ဟု လက္ခဏအနက်ပေးရာ၌ သတ္တမီဝိဘတ်၏ အနက်ဟုမှတ်ပါ။ 'ဇဝံ ဂုတ္တော'ဟု ရှိရာ၌ကား တပစ္စည်း သိဘတ်နှစ်မျိုးလုံးပင် လက္ခဏအနက်ကို မဟောနိုင်သော ကြောင့် 'ဇဝံ ဂုတ္တော-ဤသို့ဆိုအပ်သည်ရှိသော်'ဟု အနက်မပေးနိုင်။ လက္ခဏအနက်ပေးခွင့်ရောက်လျှင် 'ဇဝံ-ဤသို့၊ ဂုတ္တော-ဆိုအပ်သည်'(သမာနော-ဖြစ်လတ်သော်)ဟု မာနပစ္စယန္တပုဒ်ဖြင့် ကူစွက်မှ လက္ခဏအနက်ထ ွက်နိုင်သည်။ ဂစ္ဆန္တော-သွားလသော်၊ ဘာရဒ္ဒါဇော-မည်သော၊ သော-ထိုသူသည်၊ အစ္စုတံ အဒ္ဒသံ ဣသိ'၌လည်း ဂစ္ဆန္တောဝယ် အန္တပစ္စည်းအတွက် လက္ခဏအနက်ပေးနိုင်သည်။ (ရူဘာဋီ ပ ၅၁၁-၅၁၃)

## ဥပအဓိတို့နှင့် ဆက်စပ်သောသဒ္ဒါ

အပိုအလွန်အနက်ဟော ဥပသဒ္ဒါ, အစိုးရသူ, အစိုးရရှိသူအနက်ဟော အဓိသဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရသည်။

ပုံစံ- ဥပ ခါရိယံ ဒေါဏော၊ ခါရိယံ-တို့၌၊ဝါ-တို့၏၊ဥပ-ပိုလွန်သော၊ဒေါဏော-တစ်စိတ်(တို့ထက်ပိုလွန်သောစိတ်)

အဓိ ဒေဝေသု ဗုဒ္ဓေါ၊ ဗုဒ္ဓေါ-ဘုရားသည်၊ ဒေဝေသု-နတ်တို့၌၊ဝါ-နတ်တို့၏၊ အဓိ-အရှင်သခင်တည်း။ (နတ်တို့ထက် သာလွန်သောဘုရား)

အဓိ ဗြဟ္မဒတ္တေ ပဉ္စာလာ၊ ပဉ္စာလာ-ပဉ္စာလတိုင်းသားတို့သည်၊ဗြဟ္မဒတ္တေ-ဗြဟ္မဒတ်မင်း၏၊ အဓိ-ဥစ္စာတည်း၊ ဝါ-ကျေးကွန်တို့တည်း။(ပဉ္စာလတိုင်းသားတို့သည် ဗြဟ္မဒတ်မင်းဟူသော အစိုးရသူရှိကုန်၏)

♠ လေးတင်းကို 'တတို့'ဟုခေါ်သည်။ ထိုလေးတင်းအပြင် တစိတ်၊ လေးတင်းတစိတ်ဟုဆိုလိုသည်။ ဥပခါရိယံ အဓိဗြဟ္မဒတ္တေ စသည်တို့ကို သမာသ်ပုဒ်ဟု ထင်ကြသည်။ သို့သော် ဥပသဒ္ဒါ အဓိသဒ္ဒါတို့၏ ယှဉ်ရာစပ်ရာဟု ဆိုသဖြင့် စာစပ်သည့်အခါ 'ခါရိယံကား ၏'ဟူ၍ အနက်ပေးရသောကြောင့် ဥပ၌ သမ္ဗန်၊ ဥပကား သမ္ဗန္ဓီဟု တပုဒ်စီ ခွဲခြား၍ စပ်ရမည်၊ ထို့ကြောင့် ဥပခါရိယံစသည်မှာ သမာသ်မဟုတ်၊ တပုဒ်စီသာတည်း။ (အခြေပြုသဒ္ဒါ-၆၂၈)

♠ ဤ ဥပ,အဓိ-တို့သည် 'ဓာတွတ္ထံ ဥပစ္စ သဖ္ဖေန္တိ'နှင့်ညီအောင် ဓာတ်အနက်ကို မပြင်ဆင်နိုင်ကြသောကြောင့် ဥပသာရအမည် မရကြ။ ကမ္မပဝစနီယတို့သာ မည်ကုန်၏။ ကစ္စည်းကျမ်းလာ ကမ္မပ္ပဝစနီယယုတ္တေ, သုတ်နှင့် မဆိုင်သော ကမ္မပ္ပဝစနီယများစွာရှိကုန်သည်။ အပ+သာလာယ၊ ပတိ+သာရိပုတ္တော-တို့၌ အပ,ပတိ-တို့လည်း ကမ္မပ္ပဝစနီယပင်။ (ရူဘာဋီ ပ ၅၁၇)

## မဏ္ဍိတ ဥဿုက္ကတ္ထယောဂသဒ္ဒါ

ကြည်လင်ခြင်း အားထုတ်ခြင်း အနက်ဟောသဒ္ဒါတို့နှင့် ဆက်စပ်သော သဒ္ဒါများကို သတ္တမီဝိဘတ်နှင့်လည်း ဆက်သွယ်နိုင်သည်။

ပုံစံ- ဉာဏသ္မိံ ပသန္နော၊ ဉာဏ်၌ ကြည်လင်၏။(ဉာဏ်နှင့်ဆိုင်ရာရောက်လျှင် ကြည်လင်၏)

ဉာဏသ္မိံ ဥဿုက္ကော၊ ဉာဏ်၌ အားထုတ်၏။ (ဉာဏ်နှင့်လုပ်ရမည့်ကိစ္စ၌ အားထုတ်၏-ဟု ဆိုလိုသည်)

(ပထမလတ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၁၀၂-၁၀၇)

## အာချတ်ကြိယာ အဆက်

## ဓာတ်ပစ္စည်းနှင့် တည်ပုဒ်အကြောင်း

### ဓာတ်မည်ပုံ

သွားခြင်း ချက်ခြင်း စားခြင်းစသော အပြုအမူကြိယာကို ဆောင်တတ်သောကြောင့် ဂမု, ပစ, ဘုဇ စသည်တို့သည် ဓာတ်မည်၏။

### ဓာတ်အမျိုးအစား

ထိုဓာတ်သည် ပကတိ ဝိကတိ နာမဓာတ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် – ဂမု ပစ ဘုဇ စသောဓာတ်တို့သည် ဝိကရဏပစ္စည်းသက်၍ မိမိသဘောအားဖြင့် ပြီးစီးသောကြောင့် ပကတိဓာတ်မည်၏။ ခ, ဆ, သ – စသော ပစ္စည်းအဆုံးရှိသော တိတိက္ခ, တိကိစ္ဆ, ပိပါသ စသောသဒ္ဒါတို့သည် ဝိကတိဓာတ်မည်ကုန်၏။ အာယ ဤယ စသော ပစ္စည်းသက်၍ နာမ်ပုဒ်ဘဝမှ အာချတ်ပုဒ်ဘဝသို့ ကူးပြောင်းသွားသော ပဗ္ဗတာယ, ပုတ္တီယ စသောသဒ္ဒါတို့သည် နာမဓာတ်မည်ကုန်၏။

တနည်းကား –

အကမ္မကဓာတ်, သကမ္မကဓာတ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ကံမရှိသော ဘူ ဟူ သိ ဌာ စသောဓာတ်သည် အကမ္မကဓာတ်မည်၏။ ကံရှိသော ပစ ဘုဇစသောဓာတ်သည် သကမ္မကဓာတ်မည်၏။ ထိုနှစ်ပါးတို့တွင် သကမ္မကဓာတ်သည် ဧကကမ္မကဓာတ် ဒွိကမ္မကဓာတ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ကံတခုတည်းသာရှိသော ပစ, ဘုဇ စသောဓာတ်သည် ဧကကမ္မကဓာတ် မည်ကုန်၏။ ကံနှစ်ခုရှိသော နီ, ဒုဟ စသော ဓာတ်သည် ဒွိကမ္မကဓာတ်မည်၏။

### ပစ္စည်းပုံ

ကံ ကတ္တား စသောအနက်ကို သိကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ကံ ကတ္တား ဘော အနက်ကို စွဲ၍ဖြစ်သောကြောင့်လည်းကောင်း အ, ယ, စသောသဒ္ဒါတို့သည် ပစ္စည်းမည်ကုန်၏။

### ပစ္စည်းအမျိုးအစား

ကြိယာပုဒ်ဖြစ်ရန် အသုံးပြုရသော ပစ္စည်းသည် အာချတ်ပစ္စည်း ကိတ်ပစ္စည်း ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်ပါးတွင် အာချာတ်ပစ္စည်းသည် ဝိကရဏပစ္စည်း ကာရိတ်ပစ္စည်း ဓာတုရူပပစ္စည်း နာမပစ္စည်းအားဖြင့် လေးပါး အပြားရှိ၏။

အပြုအမူကြိယာတို့ကို ဖော်ပြသောဓာတ်တို့ကို အသီးအခြား ပြုကြောင်းဖြစ်သောကြောင့် အ, အာ, ဣ, ဤ, ဧ, ဩ, ယ, ဏု, ဏာ, ဥဏာ, နာ, ပ္ပ, ဏှာ, ဩ, ယိရ, ဏေ, ဏယ ဟူသော (၁၇)ပစ္စည်းတို့သည် ဝိကရဏပစ္စည်း မည်ကုန်၏။ (ဤဝိကရဏပစ္စည်းတို့သည် **တစုံတခုသော အနက်ကိုမျှ မဟော**တတ်သောကြောင့် အရေးကြီးသော ပစ္စည်းများ မဟုတ်။ အခြေပြုသဒ္ဒါ ၂၂၁)

## ဓာတုနိဒ္ဒိဋ္ဌပစ္စည်း

ဓာတ်၏အနက်ဖြစ်သော ကြိယာကို ဟောသောကြောင့် ခ ဆ သ စသော ပစ္စည်းတို့သည် ဓာတုနိဒ္ဒိဋ္ဌပစ္စည်း မည်ကုန်၏။ ထိုဓာတုနိဒ္ဒိဋ္ဌပစ္စည်း ဓာတုပစ္စည်း ဓာတုရူပပစ္စည်း ကာရိတပစ္စည်းအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ခ ဆ သ စသောပစ္စည်းတို့သည် ဓာတ်စစ်၏နောက်၌ သက်တတ်သောကြောင့် ဓာတုပစ္စည်းမည်၏။ အာယ ဤယ ဏယ အရ အလ ပစ္စည်းတို့သည် နာမ်ပုဒ်၏နောက်၌ သက်တတ်သောကြောင့် ဓာတုရူပပစ္စည်းမည်၏။ ဏေ ဏယ ဏာပေ ဏာပယ အလ ပစ္စည်းတို့သည် စေခိုင်းတိုက်တွန်းသော အနက်၌ သက်တတ်သောကြောင့် ကာရိတ်ပစ္စည်းမည်ကုန်၏။

## တည်ပုဒ်အကြောင်း

ဓာတ်သို့ ပစ္စည်းဆက်ပေးခြင်းအားဖြင့် ဖြစ်ပေါ်လာသောပုဒ်သည် တည်ပုဒ်မည်၏။ ယင်းတည်ပုဒ်သည် ကြိယာ ပုဒ်စစ်မဟုတ်၊ ကြိယာပုဒ် အလောင်းအလျာမျှသာ ဖြစ်၏။

## အာချာတ်ဂိုဏ်းအကြောင်း

## အာချာတ်ဂိုဏ်းမည်ပုံ

သွားခြင်း လာခြင်းစသော အပြုအမူကြိယာကို ဖော်ပြသော အာချတ်ပုဒ် အလိုင်သည် အာချတ်ဂိုဏ်းမည်၏။

## အာချတ်ဂိုဏ်းအမျိုးအစား

'ဘူ ရု ဒိ သွာ၊ ကီ ဂဟာ၊ တနာ စုရာရှစ်' ဟူသည်နှင့်အညီ အာချာတ်ဂိုဏ်းသည် ဘူဝါဒိဂိုဏ်း, ရုဓာဒိ, ဒိဝါဒိ, သွာဒိ, ကိယာဒိ, ဂဟာဒိ, တဏာဒိ, စုရာဒိ ဂိုဏ်းအားဖြင့် ရှစ်ပါးအပြားရှိ၏။ (ရူအလို ဂဟာဒိကို ကိယာဒိ၌သွင်း၍ ၇-ဂိုဏ်း၊ သက္ကတအလို ရူအလို ၇ဂိုဏ်းတွင် အဒါဒိ ဇုဟောတျာဒိ တုဒါဒိ သုံးဂိုဏ်းထည့်၍ ၁၀ဂိုဏ်း၊ ထိုသုံးဂိုဏ်းကို ရူ၌ ဘူဝါဒိတွင် သွင်းသည်။ ကစ္စည်း ဘာဋီ ဒု ၃၅၉)

## (၁) ဘူဝါဒိဂိုဏ်း

အဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် ဘူဝါဒိဂိုဏ်းမည်၏။ ဘူဝါဒိဂိုဏ်းဝင်ဓာတ်များသည် ဗျည်းသရ အဆုံးရှိကြ၏။ ဓာတ်နောင် အပစ္စည်းဆက်၍ တည်ပုဒ်ပြုလုပ်ရသည်။ ထိုတည်ပုဒ်နောင်မှ ကာလညွှန် အာချတ်ဝိဘတ်များ သက်သောအားဖြင့် ကြိယာပုဒ်ဖြစ်၏။

### ဘူဝါဒိဂိုဏ်းဝင် ဓာတ်များ

| ဓာတ် | ဓာတ်နက် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ |
|---|---|---|---|---|---|
| ပစ | ချက်ခြင်း | အ | ပစ | တိ | ပစတိ |
| ယာစ | တောင်းခြင်း | အ | ယာစ | တိ | ယာစတိ |
| ခါဒ | စားခြင်း | အ | ခါဒ | တိ | ခါဒတိ |
| ဝဒ | ဆိုခြင်း | အ | ဝဒ | တိ | ဝဒတိ |
| ဝသ | နေခြင်း | အ | ဝသ | တိ | ဝသတိ |
| ဘာသ | ဆိုခြင်း | အ | ဘာသ | တိ | ဘာသတိ |
| လဘ | ရခြင်း | အ | လဘ | တိ | လဘတိ |
| ကီဠ | ကစားခြင်း | အ | ကီဠ | တိ | ကီဠတိ |
| ရက္ခ | စောင့်ရှောက်ခြင်း | အ | ရက္ခ | တိ | ရက္ခတိ |
| သိက္ခ | သင်ယူခြင်း,ကျင့်ခြင်း | အ | သိက္ခ | တိ | သိက္ခတိ |
| ပုစ္ဆ | မေးခြင်း | အ | ပုစ္ဆ | တိ | ပုစ္ဆတိ |
| ဂမု | သွားခြင်း | အ | ဂစ္ဆ /ဃမ္မ | တိ | ဂစ္ဆတိ၊ ဃမ္မတိ |
| အာ+ဂမု | လာခြင်း | အ | အာဂစ္ဆ | တိ | အာဂစ္ဆတိ |
| ဣသု | အလိုရှိခြင်း | အ | ဣစ္ဆ | တိ | ဣစ္ဆတိ |
| ယဇ | ပူဇော်ခြင်း | အ | ယဇ | တိ | ယဇတိ |
| စလ | တုန်လှုပ်ခြင်း | အ | စလ | တိ | စလတိ |
| ကုသ | ဆဲရေးခြင်း | အ | ကုသ | တိ | ကုသတိ |
| ဂုဟ | စောင့်စည်းခြင်း | အ | ဂုဟ | တိ | ဂုဟတိ |
| ဟရ | သယ်ဆောင်ခြင်း | အ | ဟရ | တိ | ဟရတိ |
| ခိပ | ပစ်ခြင်း | အ | ခိပ | တိ | ခိပတိ |
| ဍံသ | ကိုက်ခြင်း | အ | ဍံသ | တိ | ဍံသတိ |
| ဝဓ | သတ်ခြင်း | အ | ဝဓ | တိ | ဝဓတိ |
| ဓာဝ | ပြေးလွှားခြင်း | အ | ဓာဝ | တိ | ဓာဝတိ |

| ဓာတ် | ဓာတ်နက် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ |
|---|---|---|---|---|---|
| ယာ | သွားခြင်း | အ | ယာ | တိ | ယာတိ |
| ဝါ | လှုပ်ရှားခြင်း | အ | ဝါ | တိ | ဝါတိ |
| ဌာ | ရပ်ခြင်း | အ | ဌာ / တိဋ္ဌ | တိ | ဌာတိ၊တိဋ္ဌတိ |
| ဒါ | ပေးခြင်း | အ | ဒါ/ဒဒါ/ဒေ | တိ | ဒါတိ၊ဒဒါတိ၊ဒေတိ |
| ဓာ | ဆောင်ခြင်း | အ | ဒဓာ | တိ | ဒဓာတိ |
| ဟာ | စွန့် | အ | ဇဟာ | တိ | ဇဟာတိ |
| ပါ | သောက်ခြင်း | အ | ပိဝ | တိ | ပိဝတိ |
| ဇိ | အောင်ခြင်း | အ | ဇေ/ဇယ | တိ | ဇေတိ၊ ဇယတိ |
| နီ | ဆောင်ခြင်း | အ | နေ/နယ | တိ | နေတိ၊ နယတိ |
| သိ | အိပ်ခြင်း | အ | သေ/သယ | တိ | သေတိ၊ သယတိ |
| ကု | အော်မြည်ခြင်း | အ | ကဝ | တိ | ကဝတိ |
| ဘူ | ဖြစ်ခြင်း | အ | ဘဝ | တိ | ဘဝတိ |
| ဟူ | ဖြစ်ခြင်း | အ | ဟော | တိ | ဟောတိ |

♠ ဤ၌ အ–ပစ္စည်းသည် ကတ္တားအနက်ကို မဟော။ တိ–စသော အာချာတ်ဝိဘတ် မာနအန္တစသော ပစ္စည်းတို့က ကတ္တားအနက် ဟောထားပြီး ဖြစ်၍ ရုပ်ဖြစ်ရုံသာ သက်သည်ဟုမှတ်။ (အခြေပြု ၂၂၁၊ ကစ္စည်းဘာဋီ ဒု ၃၅၈)

**စည်းမျဉ်း**

၄၀။ ဘူဝါဒိတော အ။ ကတ္တားအနက်ဟော ဝိဘတ်ပစ္စည်းကြောင့် ဘူဝါဒိဂိုဏ်းဝင်ဓာတ်နောင် အပစ္စည်း ဆက်ပေးရသည်။ ပုစံ – **ဘူ**>**ဘဝ်+ ၊ + တိ=ဘဝတိ**

၆၃။ ဌာ တိဋ္ဌော။ ဌာဓာတ်သည် တိဋ္ဌသို့ပြောင်းသည်။ ပုစံ – **ဌာ>**တိဋ္ဌ + ၊ (ချေ) + တိ= တိဋ္ဌတိ

၆၄။ ပါ ပိဝေါ။ ပါဓာတ်သည် ပိဝ–သို့ပြောင်းသည်။ ပုံစံ– ပါ>ပိဝ + ၊ (ချေ) + တိ= ပိဝတိ

၁၀၅။ လောပဉ္စေတ္တ မကာရော။ အပစ္စည်းသည် ကျေပျောက်သွားသည်။ သို့မဟုတ် ဧ–သို့ပြောင်းသည်။

၈၀။ အညေသု စ။ ကာရိတ်မှတပါးသော ပစ္စည်းတို့ကြောင့် သံယုတ်မဆုံးသော ဓာတ်တို့၏(သရကို) ဝုဒ္ဓိပြု။

၁၀၈။ ဩ အဝ သရေ။ သရကြောင့် ဓာတွန် ဩ–သည် အဝ–သို့ ပြောင်းသည်။
**ပုံစံ။ ဘူ= ဘ် + ူ > ၊ ဝ် + ၊ + တိ= ဘဝတိ**

၁၁၆။ ဓာတုဿန္တော လောပေါ့နေကသရဿ။ များသောသရရှိသောဓာတ်၏ အဆုံးသရသည် အချို့အရာ၌ ကျေသည်။

၁၁၇။ ဣသု ယမုန့မန္တော စ္ဆော ဝါ။ ဣသု, ယမု, အာသဓာတ်တို့၏ အဆုံး သ်,မ်–တို့ကို စ္ဆ်–ပြုသည်။
ပုံစံ။ ဣသု= ဣသ်+ု(ချေ)၊ ဣသ်> စ္ဆ် + ၊ + တိ= ဣစ္ဆတိ
နိ+ယမု= ယမ်+ု(ချေ)၊ ယမ်> စ္ဆ် + ၊ + တိ= နိယစ္ဆတိ(ရှောင်ကြဉ်၏)
အာသ=အာသ်+၊(ချေ)၊ အာသ်> စ္ဆ် + ၊ + တိ= အစ္ဆတိ(အာ> အ) (နေထိုင်၏)

၇၁။ ဂမိဿန္တော စ္ဆော ဝါ သဗ္ဗာသု။ အလုံးစုံသော ဝိဘတ်ပစ္စည်းတို့ကြောင့် ဂမုဓာတ်၏ မ်–သည် စ္ဆ်–သို့ပြောင်းသည်။
ပုံစံ။ ဂမု=ဂမ်+ု(ချေ)၊ ဂမ်> စ္ဆ် + ၊ + တိ= ဂစ္ဆတိ

၁၀၉။ ဧ အယ၊ သရကြောင့် ဓာတွန်ဧသည် အယ–သို့ပြောင်းသည်။
ပုံစံ။ သိ=သ်+ိ> ေ > အယ်၊ သယ် + ၊ + တိ= သယတိ (အယ်သို့မပြောင်းက သေတိ–ဟုဖြစ်သည်)
ပုံစံ။ နီ=န်+ီ> ေ > အယ်၊ နယ် + ၊ + တိ= သယတိ (အယ်သို့မပြောင်းက နေတိ–ဟုဖြစ်သည်)
ပုံစံ။ ဇိ=ဇ်+ိ> ေ > အယ်၊ ဇယ် + ၊ + တိ= ဇယတိ (အယ်သို့မပြောင်းက ဇေတိ–ဟုဖြစ်သည်)

## (၂) ရုဓာဒိဂိုဏ်း

အဆုံးဗျည်း၏ ရှေ့၌ နိဂ္ဂဟိတ်လာ၍ အ–ဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် ရုဓာဒိဂိုဏ်းမည်၏။ ရုဓာဒိဂိုဏ်းဝင်ဓာတ်များသည် ဗျည်းအဆုံးရှိကြ၏။ အဆုံးဗျည်း၏ ရှေ့၌ နိဂ္ဂဟိတ်လာ၍ ဓာတ်နောင် အပစ္စည်းဆက်၍ တည်ပုဒ်ပြုလုပ်ရသည်။

### ရုဓာဒိဂိုဏ်းဝင် ဓာတ်များ

| ဓာတ် | ဓာတ်နက် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ |
|---|---|---|---|---|---|
| ရုဓ် | ပိတ်ဆို့ခြင်း၊ တားဆီးခြင်း | အ | ရုံဓ၊ရုန္ဓ | တိ | ရုန္ဓတိ |
| မုစ် | လွှတ်ခြင်း | အ | မုံစ၊မုဉ္စ | တိ | မုဉ္စတိ |
| ဘုဇ် | စားခြင်း | အ | ဘုံဇ၊ ဘုဉ္ဇ | တိ | ဘုဉ္ဇတိ |
| ယုဇ် | ယှဉ်ခြင်း | အ | ယုံဇ၊ ယုဉ္ဇ | တိ | ယုဉ္ဇတိ |
| ဆိဒ် | ဖြတ်ခြင်း | အ | ဆိံဒ၊ ဆိန္ဒ | တိ | ဆိန္ဒတိ |
| ဘိဒ် | ခွဲခြင်း | အ | ဘိံဒ၊ ဘိန္ဒ | တိ | ဘိန္ဒတိ |
| လိပ် | လိမ်းကျံခြင်း | အ | လိံပ၊ လိမ္ပ | တိ | လိမ္ပတိ |
| ပိသ် | ကြိတ်ချေခြင်း | အ | ပိံသ | တိ | ပိံသတိ |
| ဝိဒ် | ရခြင်း | အ | ဝိံဒ၊ ဝိန္ဒ | တိ | ဝိန္ဒတိ |
| သိစ် | သွန်းလောင်းခြင်း | အ | သိံစ၊ သိဉ္စ | တိ | သိဉ္စတိ |

### စည်းမျဉ်းများ

၄၁။ ရုဓာဒိတော နိဂ္ဂဟီတ ပုဗ္ဗဉ္စ။ ကတ္တားအနက်ဟော ဝိဘတ်ပစ္စည်းကြောင့် ရုဓာဒိဂုဏ်းဓာတ်နောင် အ–ပစ္စည်း သက်။ နိဂ္ဂဟိတ်လည်း လာသည်။

၃၁။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။ ဝဂ်ဗျည်းကြောင့် နိဂ္ဂဟိတ်သည် ဝဂ်ဗျည်း၏အဆုံးဖြစ်သော င,ဉ,ဏ,န,မ–သို့ပြောင်းသည်။

ပုံစံများ။ ရုဓ်+အ=ရုံဓ> ရုန္ဓ+တိ=ရုန္ဓတိ။ မုစ်+အ=မုံစ> မုဉ္စ+တိ=မုဉ္စတိ။
သုဘ်+အ=သုံဘ>သုမ္ဘ+တိ။

| | |
|---|---|
| သုဘ=ရ | ပဟာရေ–ပုတ်ခတ်ခြင်း၌။ သုမ္ဘတိ၊ ကျောက်ကန်၏၊ ပုတ်ခတ်၏ |
| သုဘ=ဘူ | ဒိတ္တိဟိံသာသု–ထွန်းပတင့်တယ်ခြင်း ညှင်းဆဲခြင်းတို့၌။ |
| | သုဘတိ၊ သောဘတိ။ တင့်တယ်၏။ လှပ၏။ တောက်ပ၏။ |

## (၃) ဒိဝါဒိဂိုဏ်း

ယ–ဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် ဒိဝါဒိဂိုဏ်းမည်၏။ ဒိဝါဒိဂိုဏ်းဝင်ဓာတ်များသည် ဗျည်း,သရ အဆုံးရှိကြ၏။ ဓာတ်နောင် ယ–ပစ္စည်းဆက်၍ တည်ပုဒ်ပြုလုပ်ရသည်။

### ရှေ့ဒိဂိုဏ်းဝင် ဓာတ်များ

| ဓာတ် | ဓာတ်နက် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ |
|---|---|---|---|---|---|
| ဂါ | သီဆိုခြင်း | ယ | ဂါယ | တိ | ဂါယတိ |
| နှာ | ရေချိုးခြင်း | ယ | နှာယ | တိ | နှာယတိ |
| ဒိဝု | တောက်ပ,ကစားခြင်း | ယ | ဒိဗ္ဗ | တိ | ဒိဗ္ဗတိ |
| သိဝု | ချုပ်စပ်ခြင်း | ယ | သိဗ္ဗ | တိ | သိဗ္ဗတိ |
| မုစ | လွှတ်ခြင်း | ယ | မုစ္စ | တိ | မုစ္စတိ |
| ဗုဓ | သိခြင်း | ယ | ဗုဇ္ဈ | တိ | ဗုဇ္ဈတိ |
| ယုဓ | ပုတ်ခတ်ခြင်း | ယ | ယုဇ္ဈ | တိ | ယုဇ္ဈတိ |
| ကုဓ | စိတ်ဆိုခြင်း | ယ | ကုဇ္ဈတိ | တိ | ကုဇ္ဈတိ |
| ဝိဓ | ထိုးဆွခြင်း | ယ | ဝိဇ္ဈ | တိ | ဝိဇ္ဈတိ |
| ဝိဒ | ထင်ရှားရှိခြင်း | ယ | ဝိဇ္ဇ | တိ | ဝိဇ္ဇတိ |
| ပဒ | သွားခြင်း | ယ | ပဇ္ဇ | တိ | ပဇ္ဇတိ |
| မဒ | မူးယစ်ခြင်း | ယ | မဇ္ဇ | တိ | မဇ္ဇတိ |
| တုသ | နှစ်သက်ခြင်း | ယ | တုဿ | တိ | တုဿတိ |
| ဒုသ | မနှစ်သက်ခြင်း | ယ | ဒုဿ | တိ | ဒုဿတိ |
| နသ | ပျက်စီးခြင်း | ယ | နဿ | တိ | နဿတိ |
| ကသ | လယ်ထွန်ခြင်း | ယ | ကဿ | တိ | ကဿတိ |
| သံ+နဟ | နှောင်ဖွဲ့ခြင်း | ယ | သန္နယှ | တိ | သန္နယှတိ |
| လုဘ | မက်မောခြင်း | ယ | လုဗ္ဘ | တိ | လုဗ္ဘတိ |
| မုဟ | တွေဝေခြင်း | ယ | မုယှ | တိ | မုယှတိ |
| ဇန | ဖြစ်ခြင်း | ယ | ဇာယ | တိ | ဇာယတိ |
| မန | သိခြင်း | ယ | မည | တိ | မညတိ |

**စည်းမျဉ်းများ**

၄၂။ ဒိဝါဒိတော ယော။ ကတ္တားအနက်ဟော ဝိဘတ်ပစ္စည်းကြောင့် ဒိဝါဒိဂဏ်းဓာတ်နောင် ယ–ပစ္စည်းသက်။
၃၉။ တထာ ကတ္တရိ စ။ကတ္တားအနက်၌ ဒိဝါဒိ ယပစ္စည်းသည် ဓာတွန်နှင်တကွ စ–ဝဂ်, ယ, ဝ–သို့ ပြောင်းသည်။

ပုံစံများ။ ဒိဝု=ဒိဝ်+ု(ချေ)= ဒိ ဝ်+ယ = ဒိဗ္ဗ+တိ = ဒိဗ္ဗတိ
ဝ> ဝွ >ဗ္ဗ
(ဝ–ဒွေဘော်လာရာ၌ သရမပါ။ ဝ်–လာသည်၊ ဝ်+ယ–တွင် ယ၌ သရပါ၍ ဝသည်သရာပါရှိပြီး ဖြစ်၍ လာသည့် ဝ်–၌ သရမပါသော်လည်း သရမလိုတော့)

ယုဓ=ယုဓ်+ၖ(ချေ)= ယုဓ်+ယ =ယုဇ္ဈ+တိ=ယုဇ္ဈတိ
ဈ> ဇ္ဈ (အသဒိသဒွေဘော် ဇ်–လာသည်)

(၄) **သွာဒိဂိုဏ်း**

ဏု,ဏာ,ဉဏော,ဉဏာဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် သွာဒိဂိုဏ်း မည်၏။ သွာဒိဂိုဏ်းဝင်ဓာတ်များသည် ဗျည်း,သရ အဆုံးရှိကြ၏။ သရဆုံးသော ဓာတ်ကို ဏု=(ဏော)နှင့် ဏာ–သက်ရသည်။ ဗျဉ်းဆုံးသောဓာတ်ကို ဉဏော–နှင့် ဉဏာ–သက်ရသည်။

**သွာဒိဂိုဏ်းဝင် ဓာတ်များ**

| **ဓာတ်** | **ဓာတ်နက်** | **ပစ္စည်း** | **တည်ပုဒ်** | **ဝိဘတ်** | **ကြိယာ** |
|---|---|---|---|---|---|
| သု | ကြားနာ | ဏော | သုဏော | တိ | သုဏောတိ |
| | | ဏာ | သုဏာ | တိ | သုဏာတိ |
| မိ | ထည့်သွင်း | ဏော | မိဏော | တိ | မိဏောတိ |
| | | | (မိနော) | တိ | (မိနောတိ) |
| | | ဏာ | မိဏာ | တိ | မိဏာတိ |
| | | | (မိနာ) | တိ | (မိနာတိ) |

| | | | | | |
|---|---|---|---|---|---|
| ပဟိ | စေလွှတ် | ဏော | ပဟိဏော | တိ | ပဟိဏောတိ |
| | | ဏာ | ပဟိဏာ | တိ | ပဟိဏာတိ |
| သံဝု | စောင့်စည်း | ဏော | သံဝုဏော | တိ | သံဝုဏောတိ |
| | | ဏာ | သံဝုဏာ | တိ | သံဝုဏာတိ |
| ပ+အပ | ရောက် | ဥဏော | ပါပုဏော | တိ | ပါပုဏောတိ |
| | | ဥဏာ | ပါပုဏာ | တိ | ပါပုဏာတိ |
| သက္က | စွမ်းနိုင် | ဥဏော | သက္ကုဏော | တိ | သက္ကုဏောတိ |
| | | ဥဏာ | သက္ကုဏာ | တိ | သက္ကုဏာတိ |

**စည်းမျဉ်းများ**

၄၃။ သွာဒိတော ဏု ဏာ ဥဏာ စ။ ကတ္တားအနက်ဟော ဝိဘတ်ပစ္စည်းကြောင့် သွာဒိဂုဏ်းဓာတ်နောင် ဏု ဏာ ဥဏာ–ပစ္စည်းသက်။

ပုံစံ။ သု+ဏု= ဏ် + ု > ော + တိ။ သုဏောတိ။

မိ+ဏော+တိ။ မိဏောတိ။ မိ+ဏော= ဏ်> န် + ော + တိ။ မိနောတိ

ပ + အပ=ပ်+ါ(ချေ) +ဥဏော+တိ။ ပါပုဏောတိ။

ပ်+ါ(ချေ) အ> အာ

♠ နိရုတ္တိဒီပနီ ၄၄၉ ၌ ပု–၌ ဥလာထားသည်ဟု ဆိုသည်။ ကစ္စည်း၌ ဥဏော ပစ္စည်းကို မပြ။

## (၅) ကိယာဒိဂိုဏ်း

နာ–ဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် ကိယာဒိဂိုဏ်း မည်၏။ ကိယာဒိဂိုဏ်းဝင်ဓာတ်များသည် သရ–အဆုံးရှိကြ၏။ ဓာတ်နောင် နာ–ပစ္စည်းသက်၍ ဓာတ်၏ဒီဃသရကို ရဿသရ ပြုသောအားဖြင့် တည်ပုဒ်ပြုလုပ်ရ၏။ ကီ–ဓာတ်နောင် သက်သော နာ–ပစ္စည်းကို ဏာ–ပြုရသည်။

### ကိယာဒိဂိုဏ်းဝင် ဓာတ်များ

| ဓာတ် | ဓာတ်နက် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ |
|---|---|---|---|---|---|
| ကီ | ဝယ်ခြင်း | နာ | ကိဏာ | တိ | ကိဏာတိ |
| ဝိ+ကီ | ရောင်းခြင်း | နာ | ဝိက္ကိဏာ | တိ | ဝိက္ကိဏာတိ |
| စိ | စုဆောင်းခြင်း | နာ | စိနာ | တိ | စိနာတိ |
| ဇိ | အောင်ခြင်း | နာ | ဇိနာ | တိ | ဇိနာတိ |
| ဉာ | သိခြင်း | နာ | ဇာနာ | တိ | ဇာနာတိ |
| မာ | နှိုင်းယှဉ်ခြင်း | နာ | မိနာ | တိ | မိနာတိ |
| ယု | ဖွဲ့နှောင်ခြင်း | နာ | ယုနာ | တိ | ယုနာတိ |
| ဓု | တုန်လှုပ်ခြင်း | နာ | ဓုနာ | တိ | ဓုနာတိ |
| လူ | ရိတ်ဖြတ်ခြင်း | နာ | လုနာ | တိ | လုနာတိ |

### စည်းမျဉ်းများ

၄၄။ ကိယာဒိတော နာ။ ကတ္တားအနက်ဟော ဝိဘတ်ပစ္စည်းကြောင့် ကိယာဒိဂုဏ်းဓာတ်နောင် ဏာ–ပစ္စည်းသက်။

ပုံစံ။ ကီ + နာ = ကိဏာတိ။
က်+ ီ> ိ န်> ဏ်+ာ

ဝိ+ကီ + နာ = ဝိက္ကိဏာတိ။
က်+ ီ> ိ န်> ဏ်+ာ
က္က်

၄၅။ ဉာဿ ဇာ ဇံ နာ။ ဉာ–ဓာတ်သည် ဇာ ဇံ နာ ပြောင်းသည်။

ပုံစံ။ ဉာ>ဇာ + နာ + တိ = ဇာနာတိ

မာ + နာ + တိ = မိနာတိ
မ်+ာ> ိ

## (၆) **ဂဟာဒိဂိုဏ်း**

ပွ, ဏှာ–ဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် ဂဟာဒိဂိုဏ်း မည်၏။ ဂဟာဒိဂိုဏ်းဝင်ဓာတ်များသည် သရ– ဗျဉ်း နှစ်ပါးအဆုံးရှိကြ၏။ ဂဟာဒိဂိုဏ်းဝင်ဓာတ်များသို့ ပွ, ဏှာ ပစ္စည်း ဆက်သောအခါ ရုပ်ပြောင်းလွဲသောအားဖြင့် တည်ပုဒ်ဖြစ်၏။ ဂဟဓာတ်နောင်မှ ပွ, ဏှာ တို့သည် အာချာတ်ကြိယာ၌ ဖြစ်၏။ **ဂဟဓာတ်မှတပါးသော ဓာတ်တို့နောင် သက်သော ပွ, ဏှာ တို့သည် နာမ်ပုဒ်၌** ဖြစ်၏။

### ဂဟာဒိဂိုဏ်းဝင် ဓာတ်များ

| **ဓာတ်** | **ဓာတ်နက်** | **ပစ္စည်း** | **တည်ပုဒ်** | **ဝိဘတ်** | **ကြိယာ** |
|---|---|---|---|---|---|
| ဂဟ | ယူခြင်း | ပွ | ဃေပ္ပ | တိ | ဃေပ္ပတိ |
| ဂဟ | ယူခြင်း | ဏှာ | ဂဏှာ | တိ | ဂဏှာတိ |
| ဥသ | ပူခြင်း | ဏှာ | ဥဏှ | တိ | ဥဏှတိ |
| ပ+ဂဟ | ချီးမြှောက်ခြင်း | ဏှာ | ပဂ္ဂဏှာ | တိ | ပဂ္ဂဏှာတိ |
| အဓိ+ဂဟ | စိုးအုပ်ခြင်း | ဏှာ | အဓိဂဏှာ | တိ | အဓိဂဏှာတိ |

### ပွ, ဏှာ ပစ္စည်း ဆက်ထားသော နာမ်ပုဒ်များ

| | | | | |
|---|---|---|---|---|
| တသ | မွတ်သိပ်ခြင်း | ဏှာ | တဏှာ | ဆာလောင်မွတ်သိပ်ကြောင်းတရား |
| ဇုသိ | နှစ်သက်ခြင်း,မှီဝဲခြင်း | ဏှာ | ဇုဏှ | လဆန်းပက္ခ |
| ဇုတ | ထွန်းပခြင်း | ဏှာ | ဇုဏှာ | လရောင် |
| သာ | ခေါင်းပါးအောင်ပြုခြင်း | ဏှာ | သဏှ | နူးညံ့သိမ်မွေ့သော |
| သော | အဆုံးကိုပြုခြင်း | ဏှာ | သဏှ | နူးညံ့သိမ်မွေ့သော |
| တိဇ | ထက်ခြင်း | ဏှာ | တိဏှ | ထက်သည်၊ ထက်မြက်သည် |
| သိ | မှီဝဲခြင်း | ပွ | သိပ္ပ | အတတ် |
| ကု | စက်ဆုတ်ခြင်း | ဏှာ | ကဏှ | မကောင်းမှု၊ မဲညစ်သော |

**စည်းမျဉ်းများ**

၄၅။ ဂဟာဒိတော ပွဏှာ။ ကတ္တားအနက်ဟော ဝိဘတ်ပစ္စည်းကြောင့် ဂဟာဒိဂုဏ်းဓာတ်နောင် ပွ,ဏှာပစ္စည်းသက်။
၈၄။ ဂဟဿ ဃေ ပ္ပေ။ ပွ–ပစ္စည်းကြောင့် ဂဟ–ဓာတ်သည် ဃေ–သို့ပြောင်းသည်။
၈၅။ ဟလောပေါ ဏှာမှိ။ ဏှာပစ္စည်းကြောင့် ဂဟဓာတ်၏ ဟ–ကို ကျေသည်။

ပုံစံ။ ဂဟ̸ + ဏှာ = ဂဏှာတိ　　　　ဂဟ + ပွ = ဃေပ္ပတိ

## (၇) **တနာဒိဂိုဏ်း**

ဩ,ယိရ–ဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် တနာဒိဂိုဏ်း မည်၏။ တနာဒိဂိုဏ်းဝင်ဓာတ်များသည် သရ, ဗျည်း နှစ်ပါး အဆုံးရှိကြ၏။ **ဂိုဏ်းဝင်ဓာတ်အားလုံးနောင် ဩ–ပစ္စည်းသက်၍** လည်းကောင်း**, ကရ–ဓာတ် တခုတည်း၏ နောက်၌သာ ယိရပစ္စည်းသက်**၍လည်းကောင်း တည်ပုဒ်ပြုရသည်။

### **တနာဒိဂိုဏ်းဝင် ဓာတ်များ**

| **ဓာတ်** | **ဓာတ်နက်** | **ပစ္စည်း** | **တည်ပုဒ်** | **ဝိဘတ်** | **ကြိယာ** |
|---|---|---|---|---|---|
| တနု | ချဲ့ထွင်ခြင်း | ဩ | တနော | တိ | တနောတိ |
| သက္က | စွမ်းနိုင် | ဩ | သက္ကော | တိ | သက္ကောတိ |
| ပ+အပ | ရောက် | ဩ | ပပ္ပေါ | တိ | ပပ္ပေါတိ |
| ကရ | ပြု | ဩ | ကရော | တိ | ကရောတိ |
| ကရ | ပြု | ဩ | ကုဗ္ဗ | တိ | ကုဗ္ဗတိ |
| ကရ | ပြု | ဩ | ကြုဗ္ဗ | တိ | ကြုဗ္ဗတိ |
| သံ+ကရ | ပြု၊ စီရင် | ဩ | သင်္ခရော | တိ | သင်္ခရောတိ |
| ကရ | ပြု | ယိရ | ကယိရ | တိ | ကယိရတိ |

**စည်းမျဉ်းများ**

၄၆။ တနာဒိတော ဩ ယိရာ။ ကတ္တားအနက်ဟော ဝိဘတ်ပစ္စည်းကြောင့် တနာဒိဂုဏ်းဓာတ်နောက်မှာ ဩ ယိရ ပစ္စည်းသက်။

ပုံစံ။ တနု= တန် + ု (ချေ)+ ဩ + တိ =တနောတိ

ကရ=ကရ် + ၊ (ချေ) +ဩ+တိ=ကရောတိ

ကရ= ကရ် (ရ်–ချေ) +၊ (ချေ) +ယိရ+တိ။ ကယိရတိ

ကရ + ဩ = တိ = ကုဗ္ဗတိ၊ ကြုဗ္ဗတိ

ကုဗ္ဗ၊ ကြုဗ္ဗ

သံ + ကရ + ဩ + တိ = သင်္ခရောတိ

ခရ

## (၈) စုရာဒိဂိုဏ်း

ဏေ,ဏယ–ဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် စုရာဒိဂိုဏ်း မည်၏။ စုရာဒိဂိုဏ်းဝင်ဓာတ်များသည် သရ, ဗျည်း နှစ်ပါး အဆုံးရှိကြ၏။ ဗျည်းတလုံး ဆုံးသောဓာတ်သို့ ဏေ,ဏယ ဆက်သောအခါ ဓာတ်၏အစသရကို ရှံခါ (အာ, ဩ, ဧ) ဝုဒ္ဓိပြုရသည်။ ဗျည်းနှစ်လုံးဆုံးသော ဓာတ်သို့ဆက် သောအခါ ဝုဒ္ဓိမပြုရ၊ ဏေ,ဏယပစ္စည်းမှ ဏ–ကိုချေ၍ တည်ပုဒ်ပြုလုပ်ရသည်။

### စုရာဒိဂိုဏ်းဝင် ဓာတ်များ

| ဓာတ် | ဓာတ်နက် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ |
|---|---|---|---|---|---|
| စုရ | ခိုးခြင်း | ဏေ | စောရေ | တိ | စောရေတိ |
| | | ဏယ | စောရယ | တိ | စောရယတိ |
| ဘဇ | ခွဲဝေ | ဏေ | ဘာဇေ | တိ | ဘာဇေတိ |
| | | ဏယ | ဘာဇယ | တိ | ဘာဇယတိ |
| ဝိဒ | ခံစား | ဏေ | ဝေဒေ | တိ | ဝေဒေတိ |
| | | ဏယ | ဝေဒယ | တိ | ဝေဒယတိ |
| ဂုပ | စောင့်ရှောက် | ဏေ | ဂေါပေ | တိ | ဂေါပေတိ |
| | | ဏယ | ဂေါပယ | တိ | ဂေါပယတိ |
| ပုသ | မွေးမြူ | ဏေ | ပေါသေ | တိ | ပေါသေတိ |
| | | ဏယ | ပေါသယ | တိ | ပေါသယတိ |
| ကထ | ပြောဆို | ဏေ | ကထေ | တိ | ကထေတိ |
| | | ဏယ | ကထယ | တိ | ကထယတိ |
| ဂဏ | ရေတွက် | ဏေ | ဂဏေ | တိ | ဂဏေတိ |
| | | ဏယ | ဂဏယ | တိ | ဂဏယတိ |
| ပါလ | စောင့်ရှောက် | ဏေ | ပါလေ | တိ | ပါလေတိ |
| | | ဏယ | ပါလယ | တိ | ပါလယတိ |
| ဃဋ္ဋ | အားထုတ် | ဏေ | ဃာဋ္ဋေ | တိ | ဃာဋ္ဋေတိ |
| | | ဏယ | ဃာဋ္ဋယ | တိ | ဃာဋ္ဋယတိ |
| ကမု | အလိုရှိ | ဏေ | ကာမေ | တိ | ကာမေတိ |
| | | ဏယ | ကာမယ | တိ | ကာမယတိ |
| စိန္တ | ကြံစည် | ဏေ | စိန္တေ | တိ | စိန္တေတိ |
| | | ဏယ | စိန္တယ | တိ | စိန္တယတိ |

| ဓာတ် | ဓာတ်နက် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ |
|---|---|---|---|---|---|
| မန္တ | တိုင်ပင် | ဏေ | မန္တေ | တိ | မန္တေတိ |
| | | ဏယ | မန္တယ | တိ | မန္တယတိ |
| အာ+မန္တ | မိန့်ဆို | ဏေ | အာမန္တေ | တိ | အာမန္တေတိ |
| | | ဏယ | အာမန္တယ | တိ | အာမန္တယတိ |
| နိ+မန္တ | ပင့်ဖိတ် | ဏေ | နိမန္တေ | တိ | နိမန္တေတိ |
| | | ဏယ | နိမန္တယ | တိ | နိမန္တယတိ |
| ဆဒ္ဒ | စွန့် | ဏေ | ဆဒ္ဒေ | တိ | ဆဒ္ဒေတိ |
| | | ဏယ | ဆဒ္ဒယ | တိ | ဆဒ္ဒယတိ |

**စည်းမျဉ်းများ**

၄၇။ စုရာဒိတော ဏေ ဏယာ။ ကတ္တား, ဘော, ကံအနက်ဟော ဝိဘတ်ပစ္စည်းကြောင့် စုရာဒိဂုဏ်းဓာတ်နောက်မှာ ဏေ,ဏယ ပစ္စည်းသက်။

♠ ဘူဝါဒိဂိုဏ်းစသော ဓာတ်နောင် သက်သော ပစ္စည်းတို့ကို ကတ္တားဟော ဝိဘတ်ပစ္စည်းနှောင်းရာ၌သာ သက်သည်။ ဤစုရာဒိဂိုဏ်း၌ ဏေ,ဏယ ပစ္စည်းတို့ကိုကား ဘော ကံ ကတ္တား သုံးပါးတွင် တပါးပါးကို ဟောသော ဝိဘတ်ပစ္စည်းနှောင်းရာ၌ သက်နိုင်သည်။ ဏေ,ဏယ ၌ ဏအက္ခရာပါ၍ ကာရိတာနံ ဏော လောပံ-သုတ်ဖြင့် ဏ်-ကို ချေရန် ကာရိတ်လည်း အမည်ရသည်။ သို့သော် ကာရိတ်အစစ် မဟုတ်၍ ဏေ,ဏယတို့ကို စေ-ဟု ဘာသာမပြန်ရ။ (အခြေပြုသဒ္ဒါ ၂၂၈)

၇၈။ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ။ ကာရိတ်ပစ္စည်းကြောင့် သံယုဂ်အဆုံးမရှိသော ဓာတ်၏(အစသရ)သည် (အာ ဧ ဩ) ဝုဒ္ဓိသို့ ပြောင်းသည်။

၁၁၈။ ကာရိတာနံ ဏော လောပံ။ ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယ ကာရိတာနိ ဟေတွတ္ထေ-သုတ်ဖြင့် သက်သော ပစ္စည်းသည် စေ-ဟု အဓိပ္ပါယ်ရသောကြောင့် **မုချကာရိတ်**မည်၏။ ဓာတုရူပေ နာမသ္မာ ဏယော စ, စုရာဒိတော ဏေ ဏယာ-သုတ်တို့ဖြင့်သက်သော ကာရိတ်ပစ္စည်းသည် စေ-ဟု အဓိပ္ပါယ် မရသောကြောင့်(ဘာသာပြန်စရာမလိုသောကြောင့်) **ရုဠှီကာရိတ်**မည်၏။ ထိုနှစ်မျိုးစလုံးသော ကာရိတ် ပစ္စည်း၏ ဏ်-ကို ချေရသည်။

စုရ= စု ရ်+ ၊ (ချေ) + ဏေ + တိ= စောရေတိ။ စုရ=စုရ်+ ၊ (ချေ) + ဏယ + တိ=စောရယတိ
စ်+ု>ော ေ+ဏ် ဏ်+၊ ယ

(ပထမငယ် ပါဠိသဒ္ဒါ အသုံးအနှုန်း ၁၁၂-၁၂၉)

## ဓာတ်များ ပြောင်းလဲပုံ

၆၃။ ဌာ တိဋ္ဌော။ ဌာ–ဓာတ်သည် တိဋ္ဌ–သို့ပြောင်းသည်။ ဌာ>တိဋ္ဌ + ။ + တိ = တိဋ္ဌတိ (ရပ်၏,တည်နေ၏)

၆၄။ ပါ ပိဝေါ။ ပါ–ဓာတ်သည် ပိဝ–သို့ပြောင်းသည်။ ပါ>ပိဝ + ။ + တိ = ပိဝတိ (သောက်၏)

၆၆။ ဒိသဿ ပဿ ဒိဿ ဒက္ခာ ဝါ။ ဒိသဓာတ်သည် တခါတရံ ပဿ ဒိဿ ဒက္ခ သို့ ပြောင်းသည်။
ဒိသ>ပဿ ဒိဿ ဒက္ခ + ။ + တိ = ပဿတိ, ဒက္ခတိ (မြင်၏,ကြည့်၏)
ဒိဿတိ (မြင်၏၊ကြည့်၏၊ထင်၏ တနည်း မြင်အပ်၏၊ရူပသဒ္ဒါက ဒိဿတိ–ကို အမြဲ ကံဟောဟုဆို၏)

၉၄။ ဒါ ဓာတုဿ ဒဇ္ဇံ။ ဒါ–ဓာတ် ဒဇ္ဇ–သို့ ပြောင်းသည်။ ဒါ>ဒဇ္ဇ + ။ + တိ = ဒဇ္ဇတိ (ပေး၏)

၉၅။ ဝဒဿ ဝဇ္ဇံ။ ဝဒ–ဓာတ်သည် ဝဇ္ဇ–သို့ပြောင်းသည်။ ဝဒ>ဝဇ္ဇ + ။>ေ + တိ = ဝဇ္ဇေတိ (ပြောဆို၏)

၉၆။ ဂမိဿ ဃမ္မံ။ ဂမုဓာတ် ဃမ္မ–သို့ပြောင်းသည်။ ဂမု>ဃမ္မ+ ။ + တိ = ဃမ္မတိ (သွား၏)

၁၀၀။ ဇရ မရာနံ ဇီရ ဇီယျ မီယျာ ဝါ။ ဇရ–ဓာတ်သည် ဇီရ ဇီယျ–သို့, မရ–ဓာတ်သည် မီယျ–သို့ တခါတရံ ပြောင်းသည်။
ဇရ>ဇီရ,ဇီယျ + ။ + တိ = ဇီရတိ, ဇီယျတိ–ဆွေးမြေ့၏, အိုမင်း၏။ (ဇီယတိ–၌ ယ–တလုံးချေထားသည်)
မရ>မီယျ + ။ + တိ = မီယျတိ–သေ၏။ (မီယတိ–၌ ယ–တလုံးချေထားသည်)

## ဝိဘတ်, ပစ္စည်းကြောင့် ဓာတ်ပြောင်းလဲပုံ

၇၀။ ဗြူ ဘူနံ့မာဟ ဘူဝါ ပရောက္ခာယံ။ ပရောက္ခာဝိဘတ်ကြောင့် ဗြူ–ဓာတ်သည် အာဟ်–သို့၊ ဘူ–ဓာတ်သည် ဘူဝ်–သို့ ပြောင်းသည်။ ပုံစံ။ ဗြူ > အာဟ် + ။ (ပရောက္ခာ) ပြောဆိုပြီ။
~~ဘူ~~ ~~ဘူ~~ + ။ (ပရောက္ခာ) = ဗဘူဝ–ဖြစ်ပြီတဲ့။
ဘ>ဗ ဘူဝ်

၇၁။ ဂမိဿန္တော ဆ္ဆော ဝါ သဗ္ဗာသု။ အလုံးစုံသော ဝိဘတ်ပစ္စည်းကြောင့်(တိစသောဝိဘတ်, အန္တ မာန ယ–စသော ပစ္စည်းနှောင်းရာ၌) ဂမု–ဓာတ်၏ အဆုံး မ်–သည် စ္ဆ်–သို့ပြောင်းသည်။ ဂစ္ဆတိ

၇၂။ ဝစဿဇ္ဇတနိမှိ မကာရော ဩ။ အဇ္ဇတ္တနီဝိဘတ်ကြောင့် ဝစဓာတ်ရှိ ဝ၏ အ–အက္ခရာသည် ဩ–သို့ ပြောင်းသည်။ ပုံစံ။ ဝစ = ဝ စ်+ါ(ချေ)+ ီ။ (အ)ဝေါစီ
ဝ်+ါ>ေ–ာ

၇၅။ ဟောတိဿရေ့ဟော့ဟေ ဘဝိဿန္တိမှိ, တဿ စ။ ဘဝိဿန္တိဝိဘတ်ကြောင့် ဟူ-ဓာတ်၏ အဆုံးဦးသရသည်
ဧဟ, ဩဟ, ဧ-အဖြစ်သို့ ပြောင်းသည်။ ဝိဘတ်၏ ဿ-ကိုလည်း ချေ။
ဟေဟိတိ ဟောဟိတိ ဟေတိ။ (ဿ-ကို မချေလျှင် ဟေဟိဿတိ, ဟောဟိဿတိ,
ဟေဿတိ ရုပ်များလည်း ရှိသည်) ပုံစံ။ ဟူ=ဟ်+ူ>ဧဟ (ိလာ) +ဿတိ။
(ဣလာပြီး၍ ကပ်စရာသရရှိပြီးဖြစ်၍ အ-ပစ္စည်းမလိုတော့ဟု ရူပသိဒ္ဓိ-ဆို)

၇၆။ ကရဿ သပစ္စယဿ ကာဟော။ ဘဝိဿန္တိဝိဘတ်ကြောင့် ပစ္စည်းနှင့်တကွဖြစ်သော ကရ-ဓာတ်ကို
ကာဟ-ပြု။ ဿ-ကိုလည်း ချေ။ ကာဟတိ ကာဟိတိ။
ပုံစံ။ ကရ>ကာဟ+ဿတိ=ကာဟတိ

၈၁။ ဂုဟဒုသာနံ ဒီဃံ။ ကာရိတ်ပစ္စည်းကြောင့်၄င်း ကာရိတ်မှတပါးသော ပစ္စည်းကြောင့်၄င်း ဂုဟ-ဓာတ်
ဒုသ-ဓာတ်တို့၏ အဆုံးသရသည် ဒီဃသို့ပြောင်းသည်။

ပုံစံ။ ဂု ဟ=ဂုဟ်+ ၊(ချေ) + ၊ + တိ = ဂူဟတိ။လျှို့ဝှက်၏၊ ဖုံးလွှမ်း၏။
ဂ်+ ု >ူ
(ဂူဟယတိ-လျှို့ဝှက်စေ၏, ဖုံးလွှမ်းစေ၏၊ ကာရိတ် ဏ်ယ-သက်ရုံသာ ထူး၏)

ဒု သ=ဒုသ်+ဏာယ (ဏ်ချေ) + တိ = ဒူသယတိ။ပျက်စီးစေ၏၊ ဖျက်ဆီး၏။
ဒ်+ ု >ူ

♠ ဒုသဓာတ်ကား ကာရိမနှောင်းပဲ ဒုဿတိ ဒုဿနံ ဟုဖြစ်၍ ဒီဃမပြုရ။ (အခြေပြု-၂၅၄)
ဒုဿတိ(ဒုသ+ယ+တိ) ပျက်စီး၏၊ ဖျက်ဆီး၏၊ ပြစ်မှား၏။
ဒုဿနံ(တိ) ဒုသ+ယ။ ဖျက်ဆီးခြင်း၊ ပြစ်မှားခြင်း၊ အပြစ်

၈၂။ ဝစ ဝသ ဝဟာဒီနံ့မုကာရော ဝဿ ယေ။ ဘောကံဟော ယပစ္စည်းကြောင့် ဝစ, ဝသ, ဝဟ အစရှိသော
ဓာတ်တို့၏ ဝအက္ခရာ, ဝ၏အဆုံး အအက္ခရာကို ဥ-ပြု။
ပုံစံ။ ဝစ= ဝစ်+၊(ချေ) ယ + တေ။ ဝု စ် ယ တေ။ ပြောဆိုအပ်၏။
ဝ်+၊>ု စ္စ

၈၆။ ကရဿ ကာသတ္တ မဇ္ဇတနီမှိ။ အဇ္ဇတနီဝိဘတ်ကြောင့် ကရ-ဓာတ်သည် ကာသ-သို့ ပြောင်းသည်။
ပုံစံ။ ကရ=ကရ်+၊(ချေ) +(ဝိကရဏ) ဩ + ီ။ (အ)ကာသိ-ပြုပြီ။
ကာသ် (ကွစိဖြင့်ချေ)

၉၇။ ယမိ ဒါ ဓာ မာ ဌာ ဟာ ပါ မဟ မထာဒီန.မီ။ ဘောက်ံဟော ယပစ္စည်းကြောင့် ဒါ ဓာ မာ ဌာ ဟာ
ပါ မဟ မထ အစရှိသော ဓာတ်တို့၏ အဆုံးသရသည် ဤသို့ပြောင်းသည်။
ဒါ=ဒ်+–ါ> ီ + ယ+ တေ။ ဒီယတေ–ပေးခြင်း, ပေးအပ်၏။
ဓီယတေ–ဆောင်ခြင်း,ဆောင်အပ်၏၊ မီယတေ–နှိုင်းယှဉ်ခြင်း,နှိုင်းယှဉ်အပ်၏။
ဌီယတေ–တည်ခြင်း(ဌာဓာတ်၌ကံမရှိ) ပဟီယတေ–ပယ်စွန့်ခြင်း,ပယ်စွန့်အပ်၏။
ပီယတေ–သောက်ခြင်း,သောက်အပ်၏၊ မဟီယတေ–ပူဇော်ခြင်း,ပူဇောအပ်၏။
မထီယတေ–လုံးထွေးခြင်း,လုံးထွေးအပ်၏။

၉၈။ ယဇဿာ.ဒိဿိ။ ဘောက်ံဟောယပစ္စည်းကြောင့် ယဇ–ဓာတ်၏ အစယသည် ဣသို့ပြောင်းသည်။
ပုံစံ=ယဇ=ယဇ်+၊(ချေ) + ယ+ တေ။ ယ ဇ် + ယ+ တေ။ပူဇော်ခြင်း, ပူဇော်အပ်၏
ဣ ဇ္ဇ

၁၀၇။ ကရဿာ ကာရော စ။ ကရ–ဓာတ်ရှိ က၏အသည် ဥ–သို့ပြောင်းသည်။
ပုံစံ ။ ကရ= က ရ်+၊(ချေ) + ဩ + တေ = ကုရုတေ–ပြု၏။
က်+၊+> ု ု

၁၁၇။ ဣသုယမန.မန္တော စ္ဆော ဝါ။ ဣသု ယမု အာသ–ဓာတ်တို့၏ သ် မ် သည် စ္ဆ–သို့ပြောင်းသည်။
ပုံစံ။ ဣသု=ဣသ်+၊(ချေ) + ၊ + တိ ။ ဣစ္ဆတိ–လိုချင်၏၊ အလိုရှိ၏။
နိ+ယမု=ယမ်+၊(ချေ) + ၊ + တိ။ နိယစ္ဆတိ–ရှောက်ကြဉ်၏။
အာသ=အာသ်+၊(ချေ) + ၊ + တိ= အစ္ဆတိ–နေထိုင်၏။

## ဓာတ်၏ အစအက္ခရာကို ဒွေးဘော်ပြုခြင်း

ဓာတ်၏ အစအက္ခရာသည် အချို့နေရာ၌ ဒွေဘော်ဖြစ်သွားသည်။ ၎င်းကို အဗ္ဘာသ[၁]-ဟုခေါ်သည်။ အဗ္ဘာသ၏ ဒီဃသည် ရဿသို့ပြောင်းသည်။ အဗ္ဘာသ၏ အဆုံး၏သရသည် ဣ သို့မဟုတ် အ-သို့ပြောင်းသည်။ အဗ္ဘာသ၏ အဆုံး၌ နိဂ္ဂဟိတ်လာသည်။

အဗ္ဘာသ၌ဖြစ်သော ဒုတိယအက္ခရာ စတုတ္ထအက္ခရာတို့သည် အစဉ်အတိုင်း ပဌမအက္ခရာ တတိယအက္ခရာသို့ ပြောင်းသည်။ က-ဝဂ်သည် စ-ဝဂ်သို့ ပြောင်းသည်။ အဗ္ဘာသ၌ဖြစ်သော မာနဓာတ်၏ မ်-သည် ဝ်, ကိတဓာတ်၏ က်-သည် တ်-သို့ တခါတရံ ပြောင်းသည်။ အဗ္ဘာသ၌ဖြစ်သော ဟ်-သည် ဇ်-သို့ပြောင်းသည်။

**စည်းမျဉ်းများ**

၅၃။ ကစ္စာဒိသဏ္ဍာန ့မေကဿရာနံ ဒွေဘာဝေါ။
၅၄။ ပုဗ္ဗော ့ဗ္ဘာသော။
၅၅။ ရဿော။
၅၆။ ဒုတိယစတုတ္ထာနံ ပဌမ တတိယာ။
၅၇။ ကဝဂ္ဂဿ စဝဂ္ဂေါ။
၅၈။ မာနကိတာနံ ဝတတ္တံ ဝါ။
၅၉။ ဟဿ ဇော။
၆၀။ အန္တဿိဝဏ္ဏာကာရော ဝါ။
၆၁။ နိဂ္ဂဟီတဉ္စ။

## ခ ဆ သ ပစ္စည်း

တိဇ, ဂုပ, ကိတ, မာနဓာတ်တို့နောင် ခ,ဆ,သ ပစ္စည်းသက်သည်။ ထိုပစ္စည်းတို့သည် သီးသန်းအဓိပ္ပါယ်မရှိ။ **ဘာသာပြန်စရာမလို**။ ဘုဇ, ဃသ, ဟရ, သု, ပါ-အစရှိသော ဓာတ်တို့နောင် တုံပစ္စည်းအနက် (၎ာ-ဟု ဘာသာပြန်ရသည်) ဣစ္ဆာသဒ္ဒါ၏ အနက်(လိုလား၏ လိုချင်၏, အလိုရှိ၏-ဟု ဘာသာပြန်ရသည်)တို့၌ ခ,ဆ,သ ပစ္စည်းတို့ သက်ကြသည်။ ဤ ခ,ဆ,သ ပစ္စည်းတို့ကို **၎ါ+အလိုရှိ-ဟု ဘာသာပြန်ရ**သည်။ သ,ပစ္စည်းကြောင့် အဗ္ဘာ၏မှနောက်ဖြစ်သော ပါ-ဓာတ်သည် ဝါ, မာန-ဓာတ်သည် မံ-သို့ ပြောင်းသည်။ ဆ,ပစ္စည်းကြောင့် ဓာတွန်ဗျဉ်းသည် စ်-သို့ ပြောင်းသည်။ ခ,ပစ္စည်းကြောင့် ဓာတွန်ဗျဉ်းသည် က်-သို့ပြောင်းသည်။ သ,ပစ္စည်းကြောင့် ဟရဓာတ်နှင့် ဇိဓာတ်သည် ဂီသို့ပြောင်းသည်။ (အခြေပြု ၂၃၅-၂၄၄)

ဓာတ်နက်
- တိဇ-သည်းခံခြင်း။
- ဂုပ-ကဲ့ရဲ့ခြင်း, စက်ဆုတ်ခြင်း
- ကိတ-ဆေးကုခြင်း
- မာန-စူးစမ်းဆင်ခြင်ခြင်း
- ဘုဇ, ဃသ-စားခြင်း။
- ဟရ-ဆောင်ခြင်း
- သု-ကြားခြင်း
- ပါ-သောက်ခြင်း

**စည်းမျဉ်းများ**

၆၂။ တတော ပါမာနာနံ ဝါမံ သေသု။
၆၃။ ဗျဥ္ဇနန္တဿ စော ဆပစ္စယေသု စ။
၆၈။ ကော ခေ စ။
၆၉။ ဟရဿ ဂီ သေ။

---

၁ အဗ္ဘာသဟူသော အမည်သည် သက္ကတကျမ်း၌လာသော အမည်တည်း။အာရှေးရှိသော ဘာသဓာတ် ဗ်-ဒွေဘော်လာ၊ အာ-ကို ရဿပြု၍ ပြီးသောကြောင့် အာ-အပိုအလွန်၊ ဘာသ-ရွတ်ဆိုအပ်သောအက္ခရာဟု ကြံကြ၏။ ဒါဒါ-ဟု ဖြစ်နေရာဝယ် ရှေ့ဒါသည် အပိုထည့်၍ ရွတ်ဆိုအပ်သောကြောင့် 'အဗ္ဘာသ'အမည်ရသည်-ဟူလို။ (အခြေပြု ၂၃၅)

## ရုပ်တွက်ပုံ

(သု) သု + သ + ၊ + တိ=**သုသူသတိ**–နားထောင်ချင်၏။
သလာ၊သု၏–ဒီဃပြု

(ဒါ) ဒါ + ၊ (ချေ) + တိ = **ဒဒါတိ**–ပေး၏။
ဒ(ရဿ)

(ဆိ) ဆိဒိ=ဆိဒ်+ိ(ချေ) + ၊ (ပရောက္ခာ) ဆိ ဆိ ဒ် ၊ = **စိစ္ဆေဒ**–ဖြတ်ပြီတဲ့
ဒုတိယကိုပထမပြောင်း စိ စ်(လာ)ဣ–ဧပြောင်း

(ဓာ) ဓာ + ၊ + တိ = ဓာ ဓာ ၊ (ချေ) တိ= **ဒဓာတိ**–ဆောင်၏။
စတုတ္ထကိုတတိယပြောင်း ဒါ(ရဿ)

(ကိ) ကိတ= ကိ တ် + ၊ (ချေ) = ကိ ကိတ် + ဆ + တိ = **စိကိစ္ဆတိ**–ဆေးကု၏
စိ(ကကိုစပြောင်း) စ် (တ်> စ်)

(ဝိစိကိစ္ဆတိ–ယုံမှာ၏–၌ ဝိ+ကိတဓာတ်ဖြင့် တွက်ပါ)

(ကိ) ကိတ= ကိ တ် + ၊ (ချေ) = ကိ ကိတ် + ဆ + တိ = **တိကိစ္ဆတိ**–ဆေးကု၏၊အနာကိုပယ်၏
တိ(ကကိုတပြောင်း) စ်(တ်> စ်)

| ပထမ | ဒုတိယ | တတိယ | စတုတ္ထ | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ဉ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

(ဟာ) ဟာ + ၊ (ချေ) + တိ = **ဇဟာတိ**–စွန့်ကြဲ၏၊ စွန့်လွှတ်၏။
ဇ(ဟကိုဇပြု၊ရသပြု)

(ဇုဟွတိ,ဇုဟောတိ(ဟု+အ+တိ)–ပူဇော်၏၊ ဇဟာရ–ဆောင်ယူပြီတဲ့၊ ဤရုပ်များလည်း နည်းတူပင်)

(ဂု) ဂု ပ် + ဆ + တိ = **ဇိဂုစ္ဆတိ**–ကဲ့ရဲ့၏၊ စက်ဆုပ်၏၊ ရွံမုန်း၏
ဇိ(ဂ–ကိုဇ၊ဥကိုဣပြု) (ပ်> စ်)

(ဃ) ဃသ= ဃ သ် + ၊ (ချေ) + ဆ + တိ = ဇိဃစ္ဆတိ–စားခြင်းငှါအလိုရှိ၏၊ စားလို၏
စတုတ္ထကိုတတိယပြောင်း ဃ> ဂ စ်(သ်> စ်) စားချင်၏၊ ဆာ၏
ကဝဂ်ကိုစဝဂ်ပြောင်း ဂ> ဇ
ဇ၏အကို ဣပြောင်း (ဇိ)

(ပါ) ပါ + သ + တိ = ပိဝါသတိ–သောက်ခြင်းငှါ အလိုရှိ၏။
ပ်+ါ> ိ ဝါ

(မာ) မာန် + ၊ (ချေ) + သ + တိ= စူးစမ်း၏၊ ဆင်ခြင်၏။
မ် > ဝ် မံ
ာ > ိ
ိ> ီ

(တိ) တိ ဇ် + ၊ (ချေ) + ခ + တိ = တိတိက္ခတိ–သည်းညည်းခံ၏
က်

(ဘု) ဘု ဇ် + ၊ (ချေ) + ခ + တိ–ဗုဘုက္ခတိ–စားခြင်းငှါအလိုရှိ၏၊စားလို၏၊စားချင်၏၊ဆာ၏။
ဘ်> ဗ် က်

ဟရ = ဟရ် + ၊ (ချေ) = (ဂီ) ဂီ + သ + တိ – ဇိဂီသတိ–ဆောင်ယူလို၏။
ဂီ ဇီ> ဇိ

ဝိ + (ဇိ) ဇိ + သ + တိ = ဝိဇိဂီသတိ–အောင်နိုင်လို၏။
ဂီ

## နာမ်ပုဒ်သို့ ပစ္စည်းဆက်၍ ကြိယာအဖြစ် အသုံးပြုခြင်း

(**က**)ကတ္တား၏ဥပမာနဖြစ်သော နာမ်ပုဒ်သို့ အာယ–ပစ္စည်းဆက်သည်။ အာယ–ကို 'ကဲ့သို့+ပြုကျင့်' ဟု ဘာသာပြန်ရသည်။ ပဗ္ဗတ–တောင်+အာယ–ကဲ့သို့ပြုကျင့်+တိ–၏=ပဗ္ဗတာယတိ–တောင်ကဲ့သို့ပြုကျင့်၏–ဟု ကြိယာဖြစ်လာသည်။ သံဃော ပဗ္ဗတော ဣဝ အတ္တာနံ အာစရတိ။သံဃော–သံဃာသည်၊ ပဗ္ဗတောဣဝ–တောင်ကဲ့သို့၊ (သီလသမာဓိပညာတို့ဖြင့် တောင်ကြီးလို ခိုင်မြဲအောင်)အတ္တာနံ–မိမိကို၊ အာစရတိ–ပြုကျင့်၏။ ဤ၀ါကျ၌ ကတ္တားပုဒ်ကား သံဃော–တည်း။ ထိုကတ္တားပုဒ်၏ ဥပမာန(နှိုင်းယှဉ်ကြောင်း)သဒ္ဒါကား ပဗ္ဗတောတည်း။ ထိုပဗ္ဗတသဒ္ဒါသည် ဓာတ်မဟုတ်၊ ပဗ္ဗတော ပဗ္ဗတာစသည်ဖြင့် နာမ်ဝိဘတ်စဉ်၍ ရကောင်းသော ရိုးရိုးနာမ်ပင်တည်း။ ဤကဲ့သို့ ကတ္တားပုဒ်၏ ဥပမာနဖြစ်သော နာမ်ပုဒ်နောင် အာစရတိကြိယာ၏ (ပြုကျင့်ခြင်း) အနက်၌ အာယပစ္စည်းသက်။ (ကစ္စည်းဘာဋီ ဒု ၃၃၄)
(ဓာတုရူပ သဒ္ဒါများနောင် မာန အန္တ ပစ္စည်းသက်လည်း၍ ပဗ္ဗတာယမာနော ပဗ္ဗတာယန္တော စသည် ဖြစ်နိုင်၏။ ကစ္စည်းဘာဋီ ဒု ၃၄၇)

♠ ရှေးကမဖြစ်ဘူးပဲ ယခုမှ ထိုအဖြစ်မျိုး ဖြစ်ခြင်းကို ဖော်ပြဖို့ နာမ်ပုဒ်၌ အာယပစ္စည်းဆက်၍ ကြိယာပုဒ်တည် ဆောက်သည်။ (ကစ္စည်းဘာဋီ ဒု ၃၃၇)

ဘုသ+အာယ+တိ=ဘုသာယတိ=လွန်လွန်ကဲကဲဖြစ်၏။
(ရှေးက လွန်လွန်ကဲကဲမဖြစ်ပဲ အခုမှလွန်လွန်ကဲကဲဖြစ်၏ဟု ဆိုလိုသည်)
နီလ+အာယ+တိ=နီလာယတိ– (ရှေးက မနီပဲ အခုမှ လွန်လွန်ကဲကဲ) နီ၏။
ပဏ္ဍိတ+အာယ+တိ=ပဏ္ဍိတာယတိ–(ရှေးပညာရှိမဟုတ်ပဲ ယခုမှ ဆရာသမားကြောင့်)ပညာရှိဖြစ်၏။
နိဒ္ဒါ+အာယ+တိ=နိဒ္ဒါယတိ–(ရှေးကအိပ်ပျော်သူမဟုတ်ပဲ အခုမှ)အိပ်ပျော်၏။
သီဃ+အာယ+တိ=သီဃာယတိ–လျင်လျင်မြန်မြန်ဖြစ်၏။
မန္ဒ+အာယ+တိ=မန္ဒာယတိ–လေးလေးနှေးနှေးဖြစ်၏။
စပလ+အာယ+တိ=စပလာယတိ–လျပ်ပေါ်လောလီ၏။
စေတ+အာယ+တိ=စေတာယတိ–စေ့ဆော်၏။
ဒုမ္မန+အာယ+တိ=ဒုမ္မနာယတိ–စိတ်မကောင်းဖြစ်၏။
သုမန+အာယ+တိ=သုမနာယတိ–ကောင်းသောစိတ်ဖြစ်၏။
ဩဇ+အာယ+တိ=ဩဇာယတိ–အဆီဩဇာရှိ၏။
တေဇ+အာယ+တိ=တေဇာယတိ–တန်ခိုးရှိသူဖြစ်၏။
နီလ+အာယ+တိ=နီလာယတိ–ညိုညိုမဲမဲဖြစ်၏။
ဒယာ+အာယ+တိ=ဒယာယတိ–သနားကြင်နာ၏။
ကရုဏာ+အာယ+တိ=ကရုဏာယတိ–သနားကြင်နာ၏။
မုဒိတာ+အာယ+တိ=မုဒိတာယတိ=ဝမ်းမြောက်ခြင်းကို ပြု၏။
ဥပေက္ခာ+အာယ+တိ=ဥပေက္ခာယတိ–လျစ်လျူရှု၏။

♠ "အသံအစရှိသည်တို့ကို ပြ၏"ဟူသော အနက်၌ အာယ–ပစ္စည်း ဆက်သည်။

သဒ္ဒ+အာယ+တိ=သဒ္ဒါယတိ–အသံကို ပြ၏။ (**ကရောတျတ္ထ**)
ဝေရ+အာယ+တိ=ဝေရာယတိ–ရန်ကို ပြ၏။
ကလဟ+အာယ+တိ=ကလဟာယတိ–ငြင်းခုံမှုကို ပြ၏။
ဓူပ+အာယ+တိ=ဓူပါယတိ–အခိုးကို ပြ၏။
ဒုဒ္ဒိန+အာယ+တိ=ဒုဒ္ဒိနာယတိ–မကောင်းသောနေ့ကို ပြ၏။
သုဒိန+အာယ+တိ=သုဒိနာယတိ–ကောင်းသောနေ့ကို ပြ၏။
မေဃ+အာယ+တိ=မေဃာယတိ–မိုးကို ပြ၏။
ပိယ+အာယ+တိ=ပိယာယတိ–ချစ်အပ်သည်ကို ပြ၏။
ပတ္တိယ+အာယ+တိ=ပတ္တိယာယတိ–ယုံကြည်ခြင်းကို ပြ၏။
မမ+အာယ+တိ=မမာယတိ–ငါ့ဉစ္စာဟု ပြ၏။
သံဓူပ+အာယ+တိ=သံဓူပါယတိ–ထက်ဝန်းကျင် တောက်လောင်၏။
မေတ္တာ+အာယ+တိ=မေတ္တာကို ပြ၏။
ကုက္ကုစ္စ+အာယ+တိ=ကုက္ကုစ္စာယတိ–ကုက္ကုစ္စကို ပြ၏။ အလို့လို့ဖြစ်၏၊ ယုံမှားသံသယရှိ၏။
ဒေါဟဠ+အာယ+တိ=ဒေါဟဠာယတိ–ချစ်ခြင်း ဖြစ်၏။

သုခ+အာယ+တိ=သုခါယတိ–သုခကို ခံစား၏။ (**အနုဘဝနတ္ထ**)
ဒုက္ခ+အာယ+တိ=ဒုက္ခာယတိ–ဒုက္ခကို ခံစား၏။
တိတ္တ+အာယ+တိ=တိတ္တာယတိ–ရောင့်ရဲအောင် ခံစား၏။
ကပဏ+အာယ+တိ=ကပဏာယတိ–အထီးကျန်သည်ကို ခံစား၏။
ကရုဏာ+အာယ+တိ=ကရုဏာယတိ–ကရုဏာကို ခံစား၏။
ပတီတ+အာယ+တိ=ပတီတာယတိ–ပေါ်လွင်သည်ကို ခံစား၏။
အလိက+အာယ+တိ=အလိကာယတိ–ချွတ်ယွင်းသည်ကို ခံစား၏။

ကဌ+အာယ+တိ=ကဌာယတိ–ခက်ခဲသော အမှုကို ပြ၏။ (**ပါပတ္ထ–မကောင်းမှုပြုခြင်းအနက်**)
မန္တ+အာယ+တိ=မန္တာယတိ–မန္တာန်ကို ပြ၏၊ ပညာကို ပြ၏။
ဂဟန+အာယ+တိ=ဂဟနာယတိ–ရှုပ်ထွေးသည်ကို ပြ၏။
ကစ္ဆ+အာယ+တိ=ကစ္ဆာယတိ–ဖွဲ့အပ်သည်ကို ပြ၏။
ကိစ္ဆ+အာယ+တိ=ကိစ္ဆာယတိ–ငြိုငြင်သည်ကို ပြ၏။

(ကစ္စည်းဘာဋီ ဒု ၃၃၇)
(ပါဠိဖောခိ ၅၀)

♠ မူလအသံကို အတုပြုထားသော သဒ္ဒါကို အနုကရဏသဒ္ဒါဟုဆိုသည်။ ထိုအနုကရဏသဒ္ဒါနောင် ကရောတိအနက်၌ အာယပစ္စည်းဆက်၍ ကြိယာပုဒ် ပြုလုပ်နိုင်သည်။ (အနု+ကရဏ=အတုပြုခြင်း)

စိစ္စိဋ္ဋ-သဒ္ဒါသည် စိဋ်စိဋ်-ဟု ဖြစ်သောအသံကို အတုပြုထားသောကြောင့် အနုကရဏသဒ္ဒါတည်း။ စိဋ္ဋာစိဋ္ဋာယတိ(စိဋ္ဋာစိဋ္ဋ+အာယ+တိ) စိဋ်စိဋ်အသံကို ပြု၏။ အာကာသံ-ကောင်းကင်သည်၊ တဋ္ဋာတဋ္ဋာယိ (တဋ္ဋာတဋ္ဋ+အာယ+ဤ)တဋ်တဋ်အသံကို ပြုပြီ။ အချို့စာ၌ ပဋ္ဋာပဋ္ဋာယိ-ပဋ်ပဋ်အသံကိုပြုပြီဟု ရှိသည်။ ဆရာတို့က ပါဌ်ပျက်ဟု မိန့်သည်။ ဒေဝေ-မိုးသည်၊ ဂဋ္ဋာဂဋ္ဋာယန္တေ-ဂဋ်ဂဋ်အသံပြုလသော်၊ ဝါ-ဂျိုးဂျိုးအသံပြုလသော်၊ (မာရသံယုတ်) ဤ စိဋ္ဋစိဋ္ဋ, တဋ္ဋတဋ္ဋ, ဂဋ္ဋဂဋ္ဋတို့သည် အနုကရဏသဒ္ဒါတို့တည်း။ (ကစ္စည်းဘာဋီ ပ ၃၃၆)

**အနုကရဏသဒ္ဒါပုံစံများ**

၁။ ဘုက္ကာရံ ကရောန္တော၊ ဘုတ်ဘုတ်(ဝုတ်ဝုတ်)ဟု ဟောင်လျက်
၂။ ဟုံဟုက်ကဇာတိကော(ဗြဟ္မဏော)ဟုံဟုံဟု အသံပြုခြင်းသေဘာရှိ၏။
၃။ စပုစပုကာရကံ၊ စပ်စပ်(ပြတ်ပြတ်)အသံ ပြု၍
၄။ သုရုသုရုကာရကံ၊ ရှုရှူး ရှုရှူး အသံ ပြု၍
၅။ ဓက္ကစ္စ ပတတိ၊ ဓက်ဓက်အသံပြု၍ ကျ၏။
၆။ ပဋ္ဋာပဋ္ဋာယတိ၊ ပဋ်ပဋ်မြည်၏။
၇။ ဒေဝေါ စ ဂဋ္ဋာဂဋ္ဋာယတိ၊ မိုးသည်လည်း ဂဋ်ုး ဂဋ်ုး အသံပြု၏၊ ဝါ-ဂျိုးဂျိုးမည်၏။
၈။ သာ ဇာတိ ခီရဏ္ဍ၊ (သုတ်မဟာဝါ ဋ္ဌ ၄၇)
သာဇာတိ-ထိုဇာတိသည်၊ ခီ-ထွီထွီဟုပြုထိုက်သည်၊ အဏ္ဍု-ဖြစ်လေစွတကား။
၉။ အဇပါလေန "ဟေဟေ"တိသဒ္ဒေ ကတေပိ န နိက္ခမတိ။ (ဓမ္မပဒ ဋ္ဌ ၁၁၃)
ဆိတ်ကျောင်းသားက ဟေးဟေးဟု အော်ပါသော်လည်း (ဆိတ်မသည်)ထွမ်မသွား။
၁၀။ သာ "ကိရိ"တိ သဒ္ဒမကာသိ။ (ဇာတက ဋ္ဌ ပ ၂၆၁)
ထိုငှက်သည် ကျရိကျရိဟူသောအသံကို ပြုပြီ။

(ပါဠိဗောဓိ ၅၂-၅၃)

(**ခ**)ကံ၏ဥပမာနဖြစ်သော နာမ်ပုဒ်သို့ ဤယ–ပစ္စည်းဆက်သည်။ ဤယ–ကို 'ကဲ့သို့+ပြုကျင့်'ဟု ဘာသာပြန်ရသည်။ ဆတ္တ–ထီး+ဤယ–ကဲ့သို့ပြုကျင့်+တိ–၏=ဆတ္တီယတိ–ထီးကဲ့သို့ပြုကျင့်၏–ဟု ကြိယာဖြစ်လာသည်။ အဆတ္တံ ဆတ္တမိဝ အာစရတိ။ ဝနကမ္မိကော–တောအမှုကိုပြုလုပ်သော တောင်သူသည်၊ အဆတ္တံ ထီးမဟုတ်သောသစ်ခက်ကို၊ ဆတ္တမိဝ–ထီးကိုကဲ့သို့၊ အာစရတိ–ပြုကျင့်၏။(ထီးလုပ်ဆောင်း၏) ဤဝါကျ၌ အဆတ္တံ–ကား ကံပုဒ်တည်း။ ဆတ္တမိဝ–၌ ဆတ္တံကား ထိုကံပုဒ်၏ဥပမာနတည်း။ ထိုဥပမာနဖြစ်သော ဆတ္တသဒ္ဒါသည် ဆတ္တံ ဆတ္တာနိ–စသည်ဖြင့် ဂိုဏ်းစဉ်နိုင်သော နာမ်ပုဒ်တည်း။ ကံပုဒ်၏ဥပမာနလည်းဖြစ်, နာမ်လည်းဖြစ်သော ဆတ္တသဒ္ဒါနောင် ဤသုတ်က ဤယ–ပစ္စည်းသက်။

♠ အာစာရ အနက်၊ အာဓာရ၏ဥပမာန၊ ဤအင်္ဂါနှစ်ချက်နှင့် ညီညွတ်ကလည်း ဤယပစ္စည်းသက်၍ နာမဓာတ်ဖြစ်လာသည်။

ကုဋီယတိ=(ကုဋိယမိဝါစရတိ ပါသာဒေ ဘိက္ခု) ရဟန်းသည် ကုဋိ၌ကဲ့သို့ ပြာသာဒ်၌ကျင့်၏။
ပါသာဒီယတိ=(ပါသာဒေ ဣဝါစရတိ ကုဋိယံ ဘိက္ခု) ရဟန်းသည် ပြာသာဒ်၌ကဲ့သို့ ကုဋိ၌ ပြုကျင့်၏။
(ပါဠိဇောခိ ၄၈၊ ကစ္စည်းဘာဋီ ဒု ၃၃၉)

(**ဂ**)ဥပမာနမဟုတ်သော နာမ်ပုဒ်သို့ ဤယ–ပစ္စည်းဆက်သည်။ ဤယ–သည် မိမိဖို့+လိုချင်–ဟု အဓိပ္ပါယ်ရသည်။ ပတ္တ–သပိတ်+ဤယ–လိုချင်+တိ–၏။ ပတ္တီယတိ–သပိတ်ကိုလိုချင်၏–ဟု ဖြစ်သည်။

ပတ္တ+ီယ+တိ=ပတ္တီယတိ=မိမိဖို့ သပိတ်အလိုရှိ၏။
ပရိက္ခာရ+ီယ+တိ=ပရိက္ခာရီယတိ=ပရိက္ခရာ အလိုရှိ၏။
ဝတ္ထ+ီယ+တိ=ဝတ္ထီယတိ=အဝတ်အလိုရှိ၏။
စီဝရ+ီယ+တိ=စီဝရီယတိ=သင်္ကန်းအလိုရှိ၏။
ဓန+ီယ+တိ=ဓနီယတိ=ဥစ္စာအလိုရှိ၏။
ဃဋ+ီယ+တိ=ဃဋီယတိ=အိုးအလိုရှိ၏။
ပဋ+ီယ+တိ=ပဋီယတိ=ပုဆိုးအလိုရှိ၏။

(**ဃ**)ဓာတ်သဘောသက်ရောက်သော နာမ်ပုဒ်သို့ ဏယ–ပစ္စည်းဆက်၍ ကြိယာပုဒ်ပြုလုပ်နိုင်သည်။ ဏယ–သည် ပြု–ဟု အဓိပ္ပါယ်ရသည်။ ဒဠှ–မြဲမြံ+ဏယ–ပြု+တိ–၏=ဒဠှယတိ–မြဲမြံအောင်ပြု၏။

ဓာတ်သဘောသက်ရောက်ဆိုသည်ကား ဘူ,ကရ–စသော ဓာတ်များနှောင် အာချတ်ဝိဘတ် ကိတပစ္စည်းများ သက်၍ ဆိုင်ရာ ကံကတ္တားများ ရှိကြသလို ဤဒဠှယနှောင်လည်း ဒဠှယတိ, ဒဠှယန္တော–စသည်ဖြင့် ဝိဘတ်ပစ္စည်း သက်၍ ဆိုင်ရာ ကံကတ္တားများ ရှိနိုင်သည်ကို ဆိုလိုသည်။ ပုရိသော ဝီရိယံ ဒဠှယတိ၊ ပုရိသော–ယောကျ်ားသည်၊ ဝီရိယံ–ဝီရိယကို၊ ဒဠှယတိ–ခိုင်မြဲအောင်ပြု၏။ ဤပုံစံ၌ ပုရိသော ဝီရိယံတို့သည် ဒဠှယတိကြိယာ၏ ကတ္တား,ကံ တို့တည်း။ (အခြေပြုသဒ္ဒါ ၂၀၇–၂၁၂)

ဟတ္ထိနာ အတိက္ကမတိ မဂ္ဂံ = အတိဟတ္ထယတိ။ မဂ္ဂံ–လမ်းကို၊ ဟတ္ထိနာ–ဆင်ဖြင့်၊ အတိက္ကမတိ–လွန်သွား၏။ အတိဟတ္ထယတိ–ဆင်ဖြင့်လွန်သွား၏။ "ဟတ္ထိနာ အတိက္ကမတိ"သည် အတိဟတ္ထယတိ၏ အနက်ပြ ဝါကျ တည်း။ 'ဟတ္ထယ'ချည်းဆိုလျှင် လွန်သွားဟူသော အနက်ထူးကို မပြနိုင်သောကြောင့် အတိဥပသာရ ကူစွက်၍ အတိဟတ္ထယ–ဟု ဆိုရသည်။ (ဟတ္ထိသဒ္ဒါသည် သူချည်းသက်သက် ဓာတုရူပအမည်မရနိုင်။ ဓာတ်နက်ကိုဟောသော ဏယ–ပစ္စည်းနှင့် တွဲရ၍ "အတိဟတ္ထယ, ဒဠှယ"စသည်ဖြစ်ရာအခါမှ ဓာတုရူပအမည်ရသည်။ကစ္စည်းဘာဋီ ဒု ၃၄၅)

ဝီဏာယ ဥပဂါယတိ ဂီတံ = ဥပဝီဏယတိ။ ဂီတံ–သီချင်းကို၊ ဝီဏာယ–စောင့်ဖြင့်၊ ဥပဂါယတိ–သီဆို၏။ ဥပဝီဏယတိ–စောင်းဖြင့် သီချင်းဆို၏။

ဒဠှံ ကရောတိ ဝီရိယံ = ဒဠှယတိ။ ဝီရိယံ–ဝီရိယကို၊ ဒဠှံ–မြဲစွာ၊ ကရောတိ–ပြု၏။ ဒဠှယတိ–မြဲစွာပြု၏။ ဝိသုဒ္ဓါ ဟောတိ ရတ္တိ = ဝိသုဒ္ဓယတိ။ ရတ္တိ–ညဥ့်သည်၊ ဝိသုဒ္ဓါ–စင်ကြယ်သည်၊ ဟောတိ–ဖြစ်၏။ ဝိသုဒ္ဓယတိ–စင်ကြယ်၏။ (ဒဠှယ, ဝိသုဒ္ဓယ–တို့၌ကား ဥပသာရမပါပဲ **ကရောတိအနက် ဟောတိအနက်** ပြနိုင်သောကြောင့် ဥပသာရမဟူစွက်တော့ပါ)

♠ နာမဓာတ်များသည် ကံဟောကြိယာလည်း ဖြစ်နိုင်သည်။

၁။ ပုရိသော မဂ္ဂံ အတိဟတ္ထယတိ။ (ကတ္တားဟော ဝါကျ)
၂။ ပုရိသေန မဂ္ဂေါ အတဟတ္ထယီယတေ။ (ကံဟော ဝါကျ)
၃။ နဋ္ဋကော ဂီတံ ဥပဝီဏယတိ။ (ကတ္တားဟော ဝါကျ)
၄။ နဋ္ဋကေန ဂီတံ ဥပဝီဏယီယတေ။ (ကံဟော ဝါကျ)
(ပါဠိဗောဓိ ၅၀)

♠ ဓာတ်သဘောသက်ရောက်သော နာမ်ပုဒ်သို့ ဏယ–ပစ္စည်းအပြင် အာရ, အာလ ဆက်၍လည်း ကြိယာပုဒ် ပြုလုပ်နိုင်သည်။ (အာရ, အာလ ပစ္စည်းတို့သည် ကရဓာတ် ပြုခြင်းအနက်၌ သက်သည်)

သန္တံ ကရောတိ = သန္တာရတိ။ သန္တံ–ငြိမ်သက်အောင်၊ ကရောတိ–ပြု၏၊ သန္တာရတိ–ငြိမ်သက်အောင်ပြု၏။
ဥပက္ကမံ ကရောတိ = ဥပက္ကမာလတိ။ ဥပက္ကမံ–လုံ့လကို၊ ကရောတိ–ပြု၏၊ ဥပက္ကမာလတိ–လုံ့လကိုပြု၏။
(ကစ္စည်းဘာဋီ ဒု ၃၄၅–၃၄၈)

♠ နမော–သဒ္ဒါမှနောက်၌ ကရောတိအနက်၌ အဿပစ္စည်းသက်က နာမဓာတ်ဖြစ်သည်။ နမဿတိ တထာဂတံ၊ မြတ်စွာဘုရားကို ရှိခိုး၏။ ယင်း နမဿဓာတ်နောင် မာန အန္တ တုံ ပစ္စည်းသက်လျှင် နမဿမာန နမဿန္တ နမဿိတုံ–ဟု ဖြစ်၏။

♠ သစ္စ–အစရှိသော သဒ္ဒါတို့မှနောက်၌ ဓာတ်၏အနက်၌ အာပိပစ္စည်းသက်က နာမဓာတ်ဖြစ်၏။

သစ္စ+အာပိ+တိ=သစ္စာပေတိ(သစ္စံ အာစိက္ခတိ)သစ္စာ ဆို၏။
အတ္ထ+အာပိ+တိ=အတ္ထာပေတိ(အတ္ထံ အာစိက္ခတိ)အနက် ဆို၏။
ဝေဒ+အာပိ+တိ=ဝေဒါပေတိ(ဝေဒံ+အာစိက္ခတိ)ဝေဒကို ဆို၏။
သုက္ခ+အာပိ+တိ=သုက္ခာပေတိ(သုက္ခံ ကရောတိ)ခြောက်သွေ့သည်ကို ပြု၏။
သုခ+အာပိ+တိ=သုခါပေတိ(သုခံ ဝေဒယတိ)သုခကို ခံစား၏။
ဒုက္ခ+အာပိ+တိ=ဒုက္ခာပေတိ(ဒုက္ခံ ဝေဒယတိ)ဒုက္ခကို ခံစား၏။
(ကစ္စည်းဘာဋီ ဒု ၃၄၅–၃၄၈)
(ပါဠိဗောဓိ ၅၂–၅၃)

## အာချတ်ပုဒ်မှ နာမ်ပုဒ်ဖြစ်ခြင်း

နာမ်ပုဒ်က ဓာတ်ဖြစ်သကဲ့သို့ အာချာတ်ပုဒ်ကလည်း နာမ်ပုဒ် ဖြစ်နိုင်ပါသေးသည်။ အာချာတ်ပုဒ်က နာမ်ပုဒ်ဖြစ်ရာ၌ (၁) အမည်ဟောဖြစ်ခြင်း (၂) အခြားပုဒ်တပါးနှင့် ယှဉ်ခြင်းဟု နှစ်မျိုးရှိ၏။

၁။ မာခလိ၊ မာခလိဂေါသာလတက္ကတွန်း။ ဤ၌ မာခလိပုဒ်သည် (မာ+ခလဓာတ်+ဣဝိဘတ်) ဣကို က္လပြု၍ မာခလိ(မချော်စေနှင့်)ဟု အာချာတ်ကြိယာဖြစ်သည်။ သို့ပင် အာချာတ်ပုဒ် ဖြစ်စေကာမူ နာမ်ဝိဘတ်သက်၍ နာမ်ကို ဟောသောပုဒ်ဖြစ်သောကြောင့် နာမ်ပုဒ် ဖြစ်ရလေသည်။ မာခလိံ ဂေါသာလံ၊ မက္ခလိနာ ဂေါသာလေန–ဟု နာမ်ဂိုဏ်းစဉ်ရာ၏။

အညာသိ ကောဏ္ဍညော၊ အညာသိကောဏ္ဍညမထေရ်။ ဤ၌ အညာသိ–ဟူသော အာချာတ်ကြိယာသည် အမည်ဟောနာမ်ပုဒ်ဖြစ်သည်။

ဣတိဟ အာသ၊ ဣတိ–ဤသို့၊ ဣဟ–ဤလောက၌၊ အာသ–ဖြစ်ပြီတဲ့။ သို့ဖြစ်ပြီ သို့ဖြစ်ပြီဟူသော စကားကို စွဲ၍ ဣတိဟာသကျမ်းဟု အမည်မှတ်ထားကြသည်။ ဤ၌ အာသဟူသော ကြိယာသည် နာမ်ဖြစ်လာရသည်။

၂။ ကော မေ ဝန္ဒတိ ပါဒါနိ၊ နတ္ထညော ကောစိ ဝိဇ္ဇတိ။

မေ–ငါ၏၊ ပါဒါနိ–ခြေတို့ကို၊ ဝန္ဒတိ–ရှိခိုးသူကား၊ ကော–အဘယ်သူနည်း။ အညော–တစ်ပါးသော၊ ကောစိ–တစုံတခုသောကိုးကွယ်မှီခိုရာသည်၊ ဝိဇ္ဇတိ–ရှိသည်၊ နတ္ထိ–မရှိ။

ဤပုံစံတို့၌ ဝန္ဒတိ ဝိဇ္ဇတိဟူသော အာချာတ်ပုဒ်တို့သည် ကောဟူသော နတ္ထိဟူသော ပုဒ်တစ်ပါးတိုနှင့် ယှဉ်ခြင်းကြောင့် နာမ်ပုဒ်ဖြစ်ကြရသည်။ တစ်ဝါကျတည်း၌ ကြိယာနှစ်ခုရှိ၏။

ထိုပြင် ကောမေဝန္ဒတိပုံစံ၌ ယ,တသဒ္ဒါ (နိယတ်, အနိယတ်) ထည့်စွက်၍ နှစ်ဝါကျခွဲကာ အနက်ပေးလျှင် အာချာတ်ပြန်ဖြစ်သွားပြန်သည်။ ယော–အကြင်သူသည်၊ ဝန္ဒတိ–ရှိခိုး၏၊ သော–ထိုသူကား၊ ကော–အဘယ်သူနည်း။ ယော–အကြင်မှီခိုရာသည်၊ ဝိဇ္ဇတိ–ရှိ၏၊ သော–ထိုမှီခိုရာသည်၊ နတ္ထိ–မရှိ။ (ပါဠိဇော်ဓိ ၅၄)

## ကာရိက်ဝါကျတည်ဆောက်ပုံ

သူတပါးအားစေခိုင်းခြင်း တိုက်တွန်းခြင်း အပြုအမူကို ဖော်ပြသောကြိယာသည် ကာရိက်ကြိယာမည်၏။ ကာရိက်ကြိယာကို စေ–ဟု မြန်မာပြန်ဆိုရသည်။ ကာရိက်ကြိယာ၏ ပစ္စည်းများမှာ ဏေ ဏယ ဏာပေ ဏာပယ တို့ဖြစ်ကြသည်။ ဓာတ်နှင့်တည်ပုဒ်သို့ ကာရိက်ပစ္စည်းများဆက်သောအခါ 'ဏ'ကို ချေ၍ ဆက်ရသည်။

## ပစ္စည်းဆက်ပုံ

၁။ ဗျည်းတလုံးဆုံးသောဓာတ်သို့ ကာရိက်လေးပစ္စည်းလုံး ဆက်ရ၏။ ထိုသို့ဆက်သောအခါ ဓာတ်၏အစ သရသည် ရှံခါ ဝုဒ္ဓိဖြစ်၏။

| ဓာတ် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ | မြန်မာပြန် |
|---|---|---|---|---|---|
| ပစ | ဇ | ပါစေ | တိ | ပါစေတိ | ချက်စေ၏ |
| ပစ | အယ | ပါစယ | တိ | ပါစယတိ | ချက်စေ၏ |
| ပစ | အာပေ | ပါစာပေ | တိ | ပါစာပေတိ | ချက်စေ၏ |
| ပစ | အာပယ | ပါစာပယ | တိ | ပါစာပယတိ | ချက်စေ၏ |
| ခိပ | ဇ | ခေပေ | တိ | ခေပေတိ | ပစ်ချစေ၏ |

| ဓာတ် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ | မြန်မာပြန် |
|---|---|---|---|---|---|
| ခိပ | အယ | ခေပယ | တိ | ခေပယတိ | ပစ်ချစေ၏ |
| ခိပ | အာပေ | ခေပါပေ | တိ | ခေပါပေတိ | ပစ်ချစေ၏ |
| ခိပ | အာပယ | ခေပါပယ | တိ | ခေပါပယတိ | ပစ်ချစေ၏ |
| ဗုဓ | ဧ | ဗောဓေ | တိ | ဗောဓေတိ | သိစေ၏ |
| ဗုဓ | အယ | ဗောဓယ | တိ | ဗောဓယတိ | သိစေ၏ |
| ဗုဓ | အာပေ | ဗောဓာပေ | တိ | ဗောဓာပေတိ | သိစေ၏ |
| ဗုဓ | အာပယ | ဗောဓာပယ | တိ | ဗောဓာပယတိ | သိစေ၏ |

၂။ ဗျည်းနှစ်လုံးဆုံးသောဓာတ်သို့ ကာရိုက်လေးပစ္စည်းလုံးဆက်ရသည်။ ထိုသို့ဆက်သောအခါ ဗျဥ်းနှစ်လုံးဆုံးသော ကြောင့် ဓာတ်၏အစသရသည် ဝုဒ္ဓိမဖြစ်ပါ။

| ဓာတ် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ | မြန်မာပြန် |
|---|---|---|---|---|---|
| ရက္ခ | ဧ | ရက္ခေ | တိ | ရက္ခေတိ | စောင့်ရှောက်စေ၏ |
| ရက္ခ | အယ | ရက္ခယ | တိ | ရက္ခယတိ | စောင့်ရှောက်စေ၏ |
| ရက္ခ | အာပေ | ရက္ခာပေ | တိ | ရက္ခာပေတိ | စောင့်ရှောက်စေ၏ |
| ရက္ခ | အာပယ | ရက္ခာပယ | တိ | ရက္ခာပယတိ | စောင့်ရှောက်စေ၏ |
| သိက္ခ | ဧ | သိက္ခေ | တိ | သိက္ခေတိ | ကျင့်စေ၏ |
| သိက္ခ | အယ | သိက္ခယ | တိ | သိက္ခယတိ | ကျင့်စေ၏ |
| သိက္ခ | အာပေ | သိက္ခာပေ | တိ | သိက္ခာပေတိ | ကျင့်စေ၏ |
| သိက္ခ | အာပယ | သိက္ခာပယ | တိ | သိက္ခာပယတိ | ကျင့်စေ၏ |
| ပုစ္ဆ | ဧ | ပုစ္ဆေ | တိ | ပုစ္ဆေတိ | မေးစေ၏ |
| ပုစ္ဆ | အယ | ပုစ္ဆယ | တိ | ပုစ္ဆယတိ | မေးစေ၏ |
| ပုစ္ဆ | အာပေ | ပုစ္ဆာပေ | တိ | ပုစ္ဆာပေတိ | မေးစေ၏ |
| ပုစ္ဆ | အာပယ | ပုစ္ဆာပယ | တိ | ပုစ္ဆာပယတိ | မေးစေ၏ |

၃။ စုရ၊ ဝိဒ၊ ဘဇ စသော စုရာဒိဂိုဏ်းဓာတ်များသို့ အာပေနှင့် အာပယတို့သာ ဆက်ရသည်။ ထိုသို့ဆက်သောအခါ ဓာတ်၏အစသရသည် ဝုဒ္ဓိဖြစ်၏။

| **ဓာတ်** | **ပစ္စည်း** | **တည်ပုဒ်** | **ဝိဘတ်** | **ကြိယာ** | **မြန်မာပြန်** |
|---|---|---|---|---|---|
| စုရ | အာပေ | စောရာပေ | တိ | စောရာပေတိ | ခိုးစေ၏ |
| စုရ | အာပယ | စောရာပယ | တိ | စောရာပယတိ | ခိုးစေ၏ |
| ဝိဒ | အာပေ | ဝေဒါပေ | တိ | ဝေဒါပေတိ | ခံစားစေ၏ |
| ဝိဒ | အာပယ | ဝေဒါပယ | တိ | ဝေဒါပယတိ | ခံစားစေ၏ |
| ဘဇ | အာပေ | ဘဇာပေ | တိ | ဘာဇာပေတိ | ခွဲဝေစေ၏ |
| ဘဇ | အာပယ | ဘဇာပယ | တိ | ဘာဇာပယတိ | ခွဲဝေစေ၏ |

၄။ ဓာတ်၏တည်ပုဒ်သို့ ကာရိုက်ပစ္စည်းများ ဆက်ရသည်။

| **ဓာတ်** | **ပစ္စည်း** | **တည်ပုဒ်** | **ဝိဘတ်** | **ကြိယာ** | **မြန်မာပြန်** |
|---|---|---|---|---|---|
| ဘူ > ဘဝ | ဧ | ဘာဝေ | တိ | ဘာဝေတိ | ဖြစ်စေ၏ |
| | အယ | ဘာဝယ | တိ | ဘာဝယတိ | ဖြစ်စေ၏ |
| | အာပေ | ဘာဝါပေ | တိ | ဘာဝါပေတိ | ဖြစ်စေ၏ |
| | အာပယ | ဘာဝါပယ | တိ | ဘာဝါပယတိ | ဖြစ်စေ၏ |
| ဂမု > ဂစ္ဆ | ဧ | ဂစ္ဆေ | တိ | ဂစ္ဆေတိ | သွားစေ၏ |
| | အယ | ဂစ္ဆယ | တိ | ဂစ္ဆယတိ | သွားစေ၏ |
| | အာပေ | ဂစ္ဆာပေ | တိ | ဂစ္ဆာပေတိ | သွားစေ၏ |
| | အာပယ | ဂစ္ဆာပယ | တိ | ဂစ္ဆာပယတိ | သွားစေ၏ |

၅။ ဉာ၊ ဒါ၊ ဌာ စသော အာသရဆုံးသော ဓာတ်သို့ ဏာပေ ဏာပယ ဆက်ရသည်။

| ဓာတ် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ | မြန်မာပြန် |
|---|---|---|---|---|---|
| ဉာ | အာပေ | ဉာပေ | တိ | ဉာပေတိ | သိစေ၏ |
| ဉာ | အာပယ | ဉာပယ | တိ | ဉာပယတိ | သိစေ၏ |
| ဒါ | အာပေ | ဒါပေ | တိ | ဒါပေတိ | ပေးစေ၏ |
| ဒါ | အာပယ | ဒါပယ | တိ | ဒါပယတိ | ပေးစေ၏ |
| ဌာ | အာပေ | ဌပေ | တိ | ဌပေတိ | ရပ်စေ၏ |
| ဌာ | အာပယ | ဌပယ | တိ | ဌပယတိ | ရပ်စေ၏ |

၆။ အာဆုံးသော တည်ပုဒ်သို့ ဏာပေ နှင့် ဏာပယ ဆက်ရသည်။

| ဓာတ် | ပစ္စည်း | တည်ပုဒ် | ဝိဘတ် | ကြိယာ | မြန်မာပြန် |
|---|---|---|---|---|---|
| ဟာ > ဇဟာ | အာပေ | ဇဟာပေ | တိ | ဇဟာပေတိ | စွန့်စေ၏ |
| | အာပယ | ဇဟာပယ | တိ | ဇဟာပယတိ | စွန့်စေ၏ |
| သု > သုဏာ | အာပေ | သုဏာပေ | တိ | သုဏာပေတိ | ကြားစေ၏ |
| | အာပယ | သုဏာပယ | တိ | သုဏာပယတိ | ကြားစေ၏ |
| ဂဟ > ဂဏှာ | အာပေ | ဂဏှာပေ | တိ | ဂဏှာပေတိ | ယူစေ၏ |
| | အာပယ | ဂဏှာပယ | တိ | ဂဏှာပယတိ | ယူစေ၏ |

**ကာရိုက်ဝါကျများ**

၁။ အာစရိယော သိဿံ ဝိဟာရံ ဂစ္ဆေတိ။ ဆရာသည် တပည့်ကို ကျောင်းသို့ သွားစေ၏။
၂။ ဝါဏိဇော ကမ္မကာရံ ကမ္မံ ကာရယတိ။ ကုန်သည်သည် အလုပ်သမားကို အလုပ်လုပ်စေ၏။
၃။ သေဋ္ဌိ ဒါသံ ရုက္ခံ ဆိန္ဒာပေတိ။ သဌေးသည် ကျွန်ကို သစ်ပင်ကို ဖြတ်စေ၏။
၄။ ဘိက္ခု သာမဏေရံ ဓမ္မံ သိက္ခာပယတိ။ ရဟန်းသည် သာမဏေကို တရားကို ကျင့်စေ၏။
၅။ သေနာပတိ ပတ္တိံ ရဋ္ဌံ ရက္ခာပေတိ။ စစ်သူကြီးသည် ခြေလျင်တပ်သားကို တိုင်းပြည်ကို စောင့်ရှောက်စေ၏။

(ပထမငယ်တန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၁၅၀–၁၅၅)

## ဘောဟောကြိယာ

ဘောအနက်ဟူသည် တစုံတခုထူးခြားသော အနက်ပိုမဟုတ်၊ ဓာတ်၏ ပင်ကိုအနက်တည်း။ ထို့ကြောင့် ဘူဓာတ်သည် ဖြစ်ခြင်းအနက်ကိုဟောသောကြောင့် ဘောအနက်ပေးသည့်အခါ "ဘူယတေ–ဖြစ်ခြင်း"ဟု အနက်ပေးရသည်။ တခါတရံ ဘူယတေ–ဖြစ်ရာ၏ဟု 'ရာ၏'သံထည့်၍ အနက်ဆိုကြသည်မှာ အဆုံးသတ်ကြိယာနက် ထင်ရှားအောင်ဆိုခြင်းမျှသာ ဖြစ်သည်။ ပစ္စတေ–ချက်ခြင်း၊ ချက်ရာ၏။

ကံအနက်ဟူသည်မှာလည်း နဂိုဓာတ်နက်တွင် အပိုဝင်လာသောအနက်တည်း။ ထို့ကြောင့် 'ပစ္စတေ–ချက်အပ်၏'ဟု အပ်အသံပါအောင် အနက်ဆိုကြသည်။ 'ချက်အပ်၏'ဟူသည် ချက်ခြင်းကြိယာသည် ထမင်းဒြပ်၌ အပ်နေ–ကပ်နေသည်, ထမင်းဒြပ်နှင့်စပ်နေသည်ဟု ဆိုလိုသည်။ 'လမ်းကို သွားအပ်၏'ဟူရာ၌လည်း သွားခြင်းကြိယာသည် လမ်းပေါ်၌ အပ်–ကပ်–တပ်နေသည်ဟု ဆိုလိုသည်။ (အခြေပြုသဒ္ဒါ ၂၁၄)

ဘောအနက်ဟူသည် ကတ္တားအနက် ကံအနက်မရောသော သက်သက်ဓာတ်နက်သာတည်း။ ချဲ့ဦးအံ့–ကရောတိ–ပြု၏၊(ပြုတတ်၏)ဟူရာ၌ ပြု–ဟူသော အနက်သည် ကရဓာတ်၏အနက်, တတ်ဟုသောအနက်သည် ကတ္တုကာရကခေါ်သော ကတ္တားအနက်တည်း။ ပစ္စတေ–ချက်အပ်၏ဟူရာ၌ ချက်–ဟူသောအနက်သည် ပစ–ဓာတ်၏ အနက်၊ အပ်–ဟူသောအနက်ကား ကမ္မကာရကခေါ်ရသော ကံအနက်တည်း။ ထို့ကြောင့် "ကရောတိ, ပစ္စတေ"တို့၌ ကရ–ပစဓာတ်တို့၏ အနက်ဝယ် ကံ, ကတ္တား အနက်နှင့် မရောဘဲ ပြု,ချက်စသော ဓာတ်နက်သက်သက်သာတည်း။ မြန်မာပြန်ရာ၌ ပြု,ချက်စသည်နောင် ခြင်းဟူသော အသံအပိုထည့်၍ ကရ=ကရဏေ–ပြုခြင်းစသည်ဖြင့် ဓာတ်အနက် ဆိုကြ၏။ ထိုဆိုရိုးအတိုင်းပင် ကရီယတေ–ပြုခြင်းစသည်ဖြင့် ဘောအနက်ကို မြန်မာပြန်ကြသည်။ 'ပြုရာ၏'ဟု ရာထည့်ခြင်းမှာလည်း မြန်မာသုံး ဘောအနက်တမျိုးပင်တည်း။

**ကြိယာသာမညဖြစ်၍ ဧကဝုစ်သာ။** ။ထိုဘောကိုပင် ကြိယာဟုလည်း ဆိုကြ၏။ ကြိယာဟူသည်ကား ပြုနေပုံအမူအရာ, မီးမှုတ်လိုက် ထမင်းအိုးတည်လိုက်နှင့် ချက်နေပုံအမူအရာ, ခြေကိုချလိုက် မြှောက်လိုက်နှင့် သွားနေပုံ အမူအရာအခြင်းအရာတည်း။ ထိုအမူအရာအခြင်းအရာသည် ကတ္တားအများ ကံအများနှင့် ဆက်ဆံနေ၍ သာမညဖြစ်နေ၏။ လူအများသွားရာ၌ သွားခြင်းကြိယာသည် တစ်မျိုးတစ်စားတည်းသာ။ ထမင်းအများကိုချက်ရာ၌ ချက်ခြင်းကြိယာသည် တစ်မျိုးတစ်စားတည်းသာ။ ဤသို့ အများနှင့်ဆက်ဆံ၍ သာမာန်တစ်မျိုးတစ်စားတည်းသာ ဖြစ်သောကြောင့် ဘောအနက်ကိုဟောသော ကြိယာပုဒ်များ၌ ဧကဝုစ်သာဖြစ်ရသည်ဟု (ဘေဒစိန္တာစသည်) ဆိုသည်။

**ပဌမပုရိသ်သာ**။ ။ ဘောအနက်ဟူသည် ဓာတ်၏အနက်ကြိယာ သက်သက်သာဖြစ်သောကြောင့် တုမှ အမှ သဒ္ဒါတို့နှင့် အရမတူနိုင်ကြ။ ထို့ကြောင့် မဇ္ဈိမ ဥတ္တမပုရိသ်များသည်လည်း သက်ခွင့်မရှိချေ။ ဝိဘတ်မပါလျှင် ပုဒ်ရာမဝင်သောကြောင့် (လိင်အနက်၌ ပထမာဝိဘတ် ဧကဝုစ်သာ သက်ရသကဲ့သို့) ထိုကြိယာသာမညအနက်၌ ပဌမပုရိသ်သာ သက်ရတော့သည်။

♠ ဘောဟောကြိယာ၌ ဝတ္တမာန် အတ္တနောပုဒ် နာမယောဂ ဧကဝုစ် တလုံးသာ သတ်မှတ်လေ့ရှိသည်။ တွေ့ခဲသည်။ အသုံးနည်းသည်။ (ပါဠိဗောဓိ အခြေခံ ၇)

**အဝုတ္တကတ္တား, အဝုတ္တကံ ထည့်ရပုံ**။ ။ကတ္တုသုညာ ကြိယာ နာမ နတ္ထိ=ကတ္တားမှကင်းသော ကြိယာမရှိဟု ဆိုသောကြောင့် ဘောကြိယာ၏ ကတ္တားကိုလည်းကောင်း, သကမ္မကကြိယာများ၌ (ကံပါမှ ထိုကြိယာပြည့်စုံသောကြောင့်) ကံကိုလည်းကောင်း ထည့်ရ၏။ ထိုသို့ထည့်ရာဝယ် ကတ္တားကံနှစ်မျိုးလုံးကိုပင် ဘောဟောကြိယာပုဒ်က မဟောသောကြောင့် အဝုတ္တကတ္တား အဝုတ္တကံကိုချည်း ထည့်ရသည်။

(ကစ္စည်းဘာဋီ ပ ၃၄၉-၃၅၀)

## အာချာတ်ကြိယာတည်ဆောက်ပုံ အကျဉ်းချုပ်

၁။ ဓာတ်+ဂိုဏ်းမှတ်(အနက်မရှိ)+တိစသည့်ဝိဘတ်
၂။ ဓာတ်+ခဆသ(အနက်မရှိ)+တိစသည့်ဝိဘတ်
၃။ ဓာတ်+ခဆသ(တုမိစ္ဆတ္ထ)+တိစသည့်ဝိဘတ်
၄။ ဓာတ်+ကာရိတ်+တိစသည်ဝိဘတ်
၅။ နာမ်ပုဒ်+အာယ,အာရ,အာလ(ကတ္တုပမာနအစာရ)တိစသည်ဝိဘတ်
၆။ နာပုဒ်+ဤယ(ကံဥပမာန)+တိစသည်
၇။ နာမ်ပုဒ်+ဤယ+အတိစ္ဆတ္ထ+တိစသည်

## ကိတ်

စာဖတ်သူ၏ ယုံမှားသံသယကို ပယ်ရှားတတ်သောကြောင့် ဏ–စသော ပစ္စည်းများကို ကိတ=ကိတ် ဟုခေါ်သည်။ (ကိရ–ပယ်ရှားခြင်း+တ)။ ကိတ်ပစ္စည်းမသက်ပဲ ဓာတ်ချည်းထားလျှင် "ဤဓာတ်သည် ကတ္တားဟောလေလား ကံဟောလေလား" စသည်ဖြင့် ယုံမှားဘွယ်ရှိ၏။ ပစ္စည်းနှင့်တွဲသည့်အခါ ကတ္တားဟောမှန်း ကံဟောမှန်းစသည် သိရသဖြင့် ဤ ဏ–စသောပစ္စည်းများက ထိုယုံမှားမှုကို ပယ်ဖျောက်နိုင်လေသည်။ ထို့ကြောင့် ထိုဏစသော ပစ္စည်းသည် တိုက်ရိုက်မုချအားဖြင့် ကိတမည်၏။ ထိုကိတပစ္စည်းနှင့် တွဲဘက်ရသော ဓာတ်များလည်း မကင်းရာမကင်းကြောင်း အဝိနာဘာဝနည်းအားဖြင့် ကိတအမည်ရကြလေသည်။

## သာဓန ၇–ပါး

ကိတ်ပစ္စည်းများ၏ အနက်ကား ကတ္တုသာဓန ကမ္မသာဓန ကရဏသာဓန သမ္ပဒါနသာဓန အပါဒါနသာဓန အဓိကရဏသာဓန ဘာဝသာဓန–ဟု ခုနစ်ပါး ပြား၏။

ကြိယာကို ပြီးစေတတ်သောကြောင့် သာဓနမည်၏။ ကြိယာကို ပြီးစေတတ်သော သတ္တိကို သာဓနဟု ခေါ်သည်။ တနည်း ပြီးစေအပ်သောကြောင့် သာဓနမည်၏။ ကတ္တားသည် ပြီးစေအပ်သော ကြိယာသည်လည်း သာဓနမည်၏။ ထို့ကြောင့် သာဓနသည် သတ္တိသာဓန ကြိယာသာဓနဟု နှစ်မျိုးရှိ၏။ ရှေ့သာဓန ၆–ပါးသည် သတ္တိသာဓနတည်း။ ဘာဝနသာဓနကား ကြိယာသာဓနတည်း။

ဤစကားအစဉ်အရ ထိုထိုပစ္စည်းများသည် ဟောပြအပ်သော သတ္တိအနက် ကြိယာအနက်ကိုသာ မုချသာဓန ခေါ်သည်ဟုမှတ်။ ထိုအနက်ကို ဟောပြသောပစ္စည်း–ထိုပစ္စည်းနှင့်တွဲဘက်ဖြစ်သော ဓာတ်များ၌ကား အနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ကတ္တုသာဓနပုဒ်စသော အခေါ်အဝေါ်များ ဖြစ်ကြလေသည်။

## သာဓနအနက်သံ

ဤသို့လျှင် သတ္တိနှင့် ကြိယာကို မုချသာဓနဟု ခေါ်ရသောကြောင့် ရှေ့သာဓန ၆–ပါးကို အနက်ပေးသည့်အခါ သတ္တိသံပါအောင် အနက်ပေးရသည်။ 'ပြုတတ်၊ ချက်တတ်' စသည်ဖြင့် အနက်ပေးရာ၌ တတ်–ဟူဟော အနက်သည် ကတ္တုသတ္တိနက်တည်း။ 'ပြုအပ်၊ ချက်အပ်' စသည်ဖြင့် အနက်ပေးရာ၌ အပ်–ဟူဟော အနက်သည် ကမ္မသတ္တိနက်တည်း။ 'ပြုကြောင်း၊ ချက်ကြောင်း' စသည်ဖြင့် အနက်ပေးရာ၌ ကြောင်း–ဟူဟော အနက်သည် ကရဏသတ္တိနက်တည်း။ 'ပေးရာ'စသည်ဖြင့် အနက်ပေးရာ၌ ပေးကမ်းခြင်းသဘောပါလျက် ရာ–ဟူသော အနက်သည် သမ္ပဒါနသတ္တိ၏ အနက်တည်း။ 'ဖဲခွဲရာ ထွက်ခွဲရာ'–စသည်ဖြင့် ဖဲခွါခြင်းသဘောပါလျက် ရာ–ဟူသော အနက်သည် အပါဒါနသတ္တိ၏ အနက်တည်း။ 'တည်နေရာ, အိပ်ယာ'စသည်ဖြင့် အနက်ပေးရာ၌ တည်ရာသဘောပါလျက် ရာ–ဟူသော အနက်သည် အဓိကရဏသတ္တိ၏ အနက်တည်း။ 'ပြုခြင်း၊ ချက်ခြင်း' စသည်ဖြင့် အနက်ပေးရာ၌ ခြင်း–ဟူဟော အနက်သည် ဘာဝအနက်တည်း။ (အခြေပြုသဒ္ဒါ ၂၈၂–၂၈၃)

## သာဓန ၇–ပါး ပုံစံနှင့် ဘာသာပြန်ပုံ

ဗုဒ္ဓေါ (ဗုဓ+တ) သိတတ်သောဘုရား (ကတ္တု)
ပူဇိတော (ပူဇ+တ) ပူဇော်အပ်သောဘုရား (ကမ္မ)
ယာနံ (ယာ+ယု) သွားကြောင်း ဖြစ်သော ယာဉ်ရထား (ကရဏ)
သမ္ပဒါနော (သ+ပ+ဒါ+ယု) ကောင်းစွာပေးရာဖြစ်သောသူ (သမ္ပဒါန)
အပဂမနံ (အပ+ဂမ+ယု) ဖဲရာအရပ် (အပါဒါန)
ဌာနံ (ဌာ+ယု) တည်ရာအရပ် (အဓိကရဏ)
ဘဝနံ (ဘူ+ယု) ဖြစ်ခြင်း (ဘာဝ)
(သဒ္ဒသံခိပ်အဖြေ ၁၂၉)

## ကိတ်ပစ္စည်းအမျိုးအစား

ပစ္စုပ္ပန္နကာလိကပစ္စည်း, အတီတကာလိကပစ္စည်း, အနာဂတကာလိကပစ္စည်း, တေကာလိကပစ္စည်း, အဗျယပစ္စည်းဟု ကိတ်ပစ္စည်း ၅–မျိုးရှိ၏။

ပစ္စုပ္ပန်ကာလကို ဟောသောပစ္စည်းကို ပစ္စုပ္ပန္နကာလိကပစ္စည်း–ဟု ခေါ်၏။ အတိတ်ကာလကို ဟောသော ပစ္စည်းကို အတီတကာလိကပစ္စည်း–ဟု ခေါ်သည်။ အနာဂတ်ကာလကို ဟောသောပစ္စည်းကို အနာဂတကာလိကပစ္စည်း–ဟု ခေါ်သည်။ ကာလသုံးပါးကို ဟောသောပစ္စည်းကို တေကာလိကပစ္စည်း–ဟု ခေါ်သည်။ ဝိဘတ်, လိင်, ဝုစ် တို့ကြောင့် ရုပ်နေမပြောင်းသော ပစ္စည်းကို အဗျယပစ္စည်းဟု ခေါ်သည်။
(စနစ်သစ်ပါဠိသဒ္ဒါ ဒု ၅၈၇)

ဂစ္ဆမာနော (ဂမု+မာန) ဂစ္ဆန္တော (ဂမု+အန္တ) သွားစဉ်၊ သွားတုန်း၊ သွားရင်း၊ သွားဆဲ (ပစ္စုပ္ပန္နကာလိက)

ဘူတော (ဘူ+တ) ဖြစ်ပြီ (အတီတကာလိက)

ဂါမီ (ဂမု+ဏီ) သွားလတ့်သော၊ သွားလတ့်သူ (အနာဂတကာလိက)

ကုမ္ဘကာရ (ကုမ္ဘ+ကရ+ဏ) အိုးကို လုပ်ဆဲ လုပ်ပြီး လုပ်လတ့်=အိုးထိန်းသည် (တေကာလိက)

ကတွာ (ကရ+တွာ) ပြု၍ (အဗျယ)

(တုန တွာန တွာ တဝေ တာယေ တုယေ တုံ –ဟု အဗျယပစ္စည်းခုနစ်မျိုးရှိ၏)

## ပစ္စုပ္ပန္နကာလိက ၂–ပစ္စည်း

၁။ **မာန**သည် ကာလအားဖြင့် ပစ္စုပ္ပန်၊ သာဓနအားဖြင့် ဘော ကံ ကတ္တား သုံးမျိုး၌ သက်သည်။

ပုံစံ။ ဂစ္ဆိယမာနံ (ဂမု+ယ+မာန) သွားခြင်း (ဘာဝသာဓန)
ဂစ္ဆိယမာနော (ဂမု+ယ+မာန) သွားအပ်သည် (ကမ္မသာဓန)
ဂစ္ဆမာနော (ဂမု+အ+မာန) သွားသည် (ကတ္တုသာဓန)

၂။ **အန္တ**သည် ကာလအားဖြင့် ပစ္စုပ္ပန်၊ သာဓနအားဖြင့် ကတ္တားအနက်၌ သက်သည်။

ပုံစံ။ ဂစ္ဆန္တော (ဂမု+အ+အန္တ) သွားသည်

♠ မာနသည် အာန, အန္တ သို့ ပြောင်းနိုင်သည်။

ပုံစံ။ သယာနော (သီ+အ+မာန) အိပ်သည်
ဒိဿန္တော (ဒိသ+ယ+မာန) မြင်အပ်သည်

## မာန အန္တ ဆုံးသော ပုဒ်ကို ဂိုဏ်းခွဲပုံ

မာန ပစ္စည်းဆုံးလျှင် ပုရိသာဒိဂိုဏ်း စိတ္တာဒိဂိုဏ်း ကညာဒိဂိုဏ်းဟု မှတ်ပါ။ အန္တပစ္စည်းဆုံးလျှင် ဂစ္ဆန္တာဒိဂိုဏ်း ဟုမှတ်ပါ။ ဂစ္ဆန္တာဒိဂိုဏ်းဝင်ပုဒ်များကို ဤ(ဳ)ထည့်လျှင် နဒါဒိဂိုဏ်းဟုမှတ်ပါ။

## ကိတ်ကြိယာဝါကျရေးနည်း

(၁) ကတ္တားဟော ဝါကျ၌ ကတ္တားနှင့်ကိတ်ကြိယာ လိင် ဝုစ် ဝိဘတ် တူရသည်။
(၂) ကံဟော ဝါကျ၌ ကံနှင့်ကိတ်ကြိယာ လိင် ဝုစ် ဝိဘတ် တူရသည်။

## ပစ္စုပ္ပန် ကတ္တားဟော မာနပစ္စည်း ဝါကျများ

(က) **ပုရိသော** ဝိဟာရံ **ဂစ္ဆမာနော** ပတ္တံ **ဂဏှာတိ**။
(ခ) **ပုရိသာ** ဝိဟာရံ **ဂစ္ဆမာနာ** ပတ္တံ **ဂဏှန္တိ**။
(ဂ) **ကညာ** နဂရံ **ဂစ္ဆမာနာ** ပုပ္ဖံ **ဂဏှာတိ**။
(ဃ) **ကညာယော** နဂရံ **ဂစ္ဆမာနာယော** ပုပ္ဖံ **ဂဏှန္တိ**။
(င) မမ **ကုလံ** ဂါမံ **ဂစ္ဆမာနံ** ဗုဒ္ဓံ **ဝန္ဒတိ**။
(စ) မမ **ကုလာနိ** ဂါမံ **ဂစ္ဆမာနာနိ** ဗုဒ္ဓံ **ဝန္ဒန္တိ**။

♠ က-ဝါကျ၌ ကတ္တားက ပုရိသော-ဟု ပုံလိင် ဧကဝုစ် ပဌမာဝိဘတ်ဖြစ်သောကြောင့် ကိတ်ကြိယာကိုလည်း ပုံလိင် ဧကဝုစ် ပဌမာဝိဘတ်ဖြင့် ဂစ္ဆမာနော-ဟု ထားသည်။

## လက္ခဏအနက် ကံဟော မာနပစ္စည်းဝါကျ

မနုဿေဟိ သမဏော မဟီယမာနော တေ မနုဿေ ဧဝံမာဟ၊ "တုမှေ သုခိနော ဟောထာ"တိ၊ အထ ခေါ တေ မနုဿာ သမဏေန ဝုစ္စမာနာ တံ သမဏံ ဧဝံ ဝဒန္တိ "မယံ ဘန္တေ ပမောဒါမ"တိ။

(မနုဿေဟိ-လူတို့သည်၊ သမဏော-ရဟန်းသည် (အာဟ၌စပ်)၊ ဝါ-ကို (မဟီယမာနော၌စပ်)၊ မဟီယ မာနော-ပူဇော်အပ်သော်၊ တေမနုဿေ-ထိုလူတို့ကို၊ အာဟ-ပြောပြီ၊ (ကိံ-အဘယ်သို့ပြောသနည်း) တုမှေ-သင်တို့သည်၊ သုခိနော-ချမ်းသာ ခြင်းရှိကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း၊ ဣတိ-ဤသို့၊ (အာဟ) အထခေါ-ထိုအခါ ၌၊ တေမနုဿာ-ထိုလူတို့သည် (ဝဒန္တိ၌စပ်) ဝါ-တို့ကို၊ (ဝုစ္စမာနာ၌စပ်) သမဏေန-ရဟန်းသည်၊ ဝုစ္စမာနာ-ပြောဆို အပ်ကုန်လသော်၊ တံသမဏံ-ထိုရဟန်းကို၊ ဧဝံ-ဤသို့၊ ဝဒန္တိ-လျှောက်ကုန်၏၊ (ကိံ-အဘယ်သို့လျှောက်ကုန်သနည်း) ဘန္တေ-အရှင်ဘုရား၊ မယံ-ငါတို့သည်၊ ပမောဒါမ-ဝမ်းမြောက်ပါကုန်၏၊ ဣတိ-ဤသို့၊ (ဝဒန္တိ)

**မြန်မာ**။ ။ နတ်က ကိုရင်ကို ရှိခိုးအပ်သော် "အလုံးစုံကုန်သော သတ္တဝါတို့သည် ရန်မရှိကြပါစေကုန်သတည်း" ဟု ထိုနတ်ကို ဤသို့ပြောပြီ။
**ပါဠိ**။ ။ဒေဝေန သာမဏေရော ဝန္ဒီယမာနော တံ ဒေဝံ ဧဝမာဟ "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု"တိ။
(စနစ်သစ် ပါဠိသဒ္ဒါ ၆၀၄, ၆၁၁,)

## လက္ခဏတ္ထ, ဝိသေသနတ္ထ အန္တ မာန ပစ္စည်း ဝါကျ

(က) ဒေဝေါ ဝိဟာရေ ဝိဟရန္တော ဓမ္မံ သုဏာတိ။
(ခ) သမဏာ ဝနေ ဝိဟရန္တာ ဓမ္မံ စရန္တိ။
(ဂ) ဝိဟာရေ ဝိဟရန္တော ဒေဝေါ ဓမ္မံ သုဏာတိ။
(ဃ) ဝနေ ဝိဟရန္တာ သမဏာ ဓမ္မံ စရန္တိ။
(င) တွံ ဝိဟာရေ ဝိဟရမာနံ ဒေဝံ ပဿသိ။

(က) ဒေဝေါ–နတ်သည်၊ ဝိဟာရေ–ကျောင်း၌၊ ဝိဟရန္တော–နေလသော် (လက္ခဏ)
(ဂ) ဝိဟာရေ–ကျောင်း၌၊ ဝိဟရန္တော–နေသော၊ ဒေဝေါ–နတ်သည် (ဝိသေသန)

(စနစ်သစ် ပါဠိသဒ္ဒါ ၅၆–၆၀)

## အတီတကာလိက ၄–ပစ္စည်း

တ၊ တဝန္တု၊ တာဝီ၊ တ္တ

တပစ္စည်း တဝန္တုပစ္စည်း တာဝီပစ္စည်း တ္တပစ္စည်းဟု လေးပစ္စည်းရှိ၏။ ထိုပစ္စည်းများကို ပြီးပြီးသော အတိတ်အနက်ကို ဟောသောကြောင့် နိဋ္ဌပစ္စည်းဟုလည်း ခေါ်၏။

၁။ တပစ္စည်းသည် ကတ္တာ ကံ ဘော သုံးနက်ဟော၏။ ကတ္တား, ကံ အနက် ဟောခိုက် သုံးလိင်, ဘောအနက်ဟော ခိုက် နပုံလိင်တည်း။

ပုံစံ။ ဘူတော (ဘူ+တ) ဖြစ်+ပြီ (ကတ္တား)
ဇိတော (ဇိ+တ) အောင်+အပ်ပြီ (ကံ)
ဂီတ (ဂေ+တ) သီဆို+ခြင်း (ဘော)

၂။ တဝန္တု တာဝီ ကတ္တပစ္စည်းတို့သည် ကတ္တားအနက်၌ သက်၏။ တဝန္တုဆုံးသောပုဒ်သည် ဂုဏဝါဒိဂိုဏ်းတည်း။ တာဝီဆုံးသော ပုဒ်သည် ရတ္တာဒိဂိုဏ်း ပုံလိင် ဤကာရန္တ ဒဏ္ဍီနှင့်တူ၏။ တာဝီပစ္စည်း၏ ဤကို ဣရသပြုလျှင် နပုံလိင်ဖြစ်၏။ ရတ္တာဒိဂိုဏ်း ဣကာရန္တ သုခကာရီနှင့်တူ၏။ တာဝီပစ္စည်းနောက် ဣနီပစ္စည်းဆက်လျှင် ဂဟပတာဒိဂိုဏ်း ဖြစ်၏။

ပုံစံ။ ဘုတ္တဝါ (ဘုဇ+တဝန္တု) စား+ပြီးသူ
ဘုတ္တာဝီ (ဘုဇ+တာဝီ) စား+ပြီးသူ
ဘုတ္တာဝိနီ (ဘုဇ+တာဝီ+ဣနီ) စား+ပြီးသူ+မ
ဒိန္နော (ဒါ+တ္တ) လှူ+ပြီ ။ (ကွစိဖြင့် ကအနုဗန်ချေ၊ ဘိဒါဒိတောဖြင့် တကို ဣန္နပြု)
(ပဒဗျူဠနနိရုတ္တိနီတိ ပ ၇၄၀)

♠ တနည်း – (ဒါ+တ)ဒါဓာတ်, ကံဟောတဖြင့် ပေါင်းစပ်ပြီးလျှင် (ဒိန္နော–လှူ+အပ်ပြီ)ဟု ဘာသာပြန်ရသည်။

♠ ကမ္မနိ ဒုတိယာယံ တ္တော။ ကမ္မနိ–အဝုတ္တကံအနက်၌၊ ဒုတိယာယံ–ဒုတိယာဝိဘတ်ရှိလသော်၊ ကတ္တရိ–ကတ္တားအနက်၌၊ တ္တော–တ္တပစ္စည်းသည်၊ ဟောတိ–ဖြစ်၏။

ဒါနံ ဒိန္နော ဒေဝဒတ္တော ကဲ့သို့ ပါဠိစီသည့်အခါ ဒါနံ–ဟူသောကံ၌ ဒုတိယာရှိနေလျှင် ဒိန္နောဟူသော ကြိယာ၌ တ္တပစ္စည်းသည် ကံကိုမဟောရ၊ ကတ္တားကိုသာ ဟောရသည်။ (အခြေပြုသဒ္ဒါ ၃၇၄)

## တ–ပစ္စည်း ပုံစံ ပြောင်းလဲပုံ

နစ္စံ (နတ+တ) က+ခြင်း။ န တ် + တ = နစ္စ (န)
စ္စ (ပစ္စယာဒနိဋ္ဌာ နိပါတနာ သိဇ္ဈန္တိ)

နဋ္ဋံ (နတ+တ) က+ခြင်း။ န တ် + တ = နဋ္ဋ (န)
ဋ္ဋ (ပစ္စယာဒနိဋ္ဌာ နိပါတနာ သိဇ္ဈန္တိ)

အနုသိဋ္ဌော (အနု+သာသ+တ) သွန်သင်+အပ်ပြီ။ အနု + သာ ~~သ်~~ + တ = အနုသိဋ္ဌ (တိ)
(သာသ–မှ သနှင့် ရိဋ္ဌ–မှ ရ–ကျေ) ~~ရိ~~ ဋ္ဌ

ပုဋ္ဌော (ပုစ္ဆ+တ) မေး+အပ်ပြီ။ ပု စ္ဆ် + တ = ပုဋ္ဌ (တိ)
ဋ္ဌ

ဝုဋ္ဌော (ဝသ+တ) နေ+ပြီ။ ဝ သ် + တ = ဝုဋ္ဌ (တိ)
ဥဋ္ဌ

ဝုတ္ထော (ဝသ+တ) နေ+ပြီ။ ဝ သ် + တ = ဝုတ္ထ (တိ)
တ္ထ (ကွစိဓာတု–ဖြင့်ပြုသည်)

ကုဒ္ဓေါ (ကုဓ+တ) စိတ်ဆိုး+ပြီ။ ကု ဓ် + တ = ကုဒ္ဓ (တိ)
ဒ ဓ
(တ–သည် ဓ–သို့ပြောင်း၍ ရှေ့က စတုတ္ထအက္ခရာသည် ဒ–သို့ပြောင်းသည်)

ဒဍ္ဎော (ဒဟ+တ) လောင်+အပ်ပြီ။ ဒ ဟ် + တ = ဒဍ္ဎ (တိ)
ဍ ဎ

ဘဂ္ဂေါ (ဘဉ္ဇ+တ) ချိုး+အပ်ပြီ။ ဘ ဉ္ဇ် + တ = ဘဂ္ဂ (တိ)
ဂ္ဂ

ဘုတ္တော (ဘုဇ+တ) စား+ပြီ / အပ်ပြီ။ ဘု ~~ဇ်~~ + တ = ဘုတ္တ (တိ)
(ဓာတွန် ဇ–ကျေ၊ တ ဒွေ ဘော်လာ)

အာရုဠှော (ရုဟ+တ) တက်ရောက်+ပြီ။ အာ + ရု ဟ် + တ = အာရုဠှ
ဠှ ဟ

သံပုဏ္ဏော (သံ+ပူရ+တ) ကောင်းစွာပြည့်+ပြီ။ သံ + ပူ ရ် + တ =သံပုဏ္ဏ
ပု ဏ်ဏ္ဏ (ဥရဿပြု၊ နောက်ကြသရချေ)

ဘိန္နော (ဘိဒ+တ) ကွဲ+ပြီ။ ခွဲ+အပ်ပြီ။ ဘိ ဒ် + တ = ဘိန္န
ိန္န (ဘိ–၌ ိကိုချေ)

ဆန္နော (ဆဒ+တ)ဖုံး+အပ်ပြီ။ ဆ ဒ် + တ = ဆန္န
၊ န္န

ခီဏော (ခီ+တ) ကုန်ပြီ။ ခီ + တ = ခီဏ
ီဏ

ပဟီနော (ပ+ဟာ+တ) ပယ်+အပ်ပြီ။

သုက္ခော (သုသ+တ) ခြောက်သွေ့ပြီ။ သု သ် + တ = သုက္ခ
က္ခ

နီဟဋော (နီ+ဟရ+တ) ထုတ်ဆောင်+အပ်ပြီ။ နီ + ဟ ရ် + တ =

ပက္ကော (ပစ+တ) ကျက်+ပြီ။ မှည့်+ပြီ။ ပ စ် + တ = ပက္က
က္က

ပက္ကန္တော (ပ+ကမု+တ) ဖဲသွား+ပြီ။ ပ + က မ် + တ = ပက္ကန္တ
န္တ

နိဝတ္ထော (နိ+ဝသ+တ) ဖုံး+အပ်ပြီ။ ဝတ်+အပ်ပြီ။ နိ + ဝ သ် + တ = နိဝတ္ထ
တ္ထ (ကွစိဓာတုဖြင့်ပြု)

## တပစ္စည်း ပုံစံပြောင်းပုံ ၂၀

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စ္စ | ဠှ | ရိဋ္ဌ | ဋ္ဌ | ဥဋ္ဌ | ဥတ္ထ | ဓ | ဎ | ဂ္ဂ | တ္တ |
| ဟ | ဣဏ္ဏ | ဣန္န | အန္န | ဤဏ | က္ခ | ဠှ | က္က | န္တ | တ္ထ |

(စနစ်သစ် ပါဠိသဒ္ဒါ ၄၉–၅၀)

## တပစ္စည်းနှင့်ဆိုင်သည့် စည်းမျဉ်းများ

၃၂။ အတီတေ တ တဝန္တု တာဝီ။ တ တဝန္တု တာဝီ–ပစ္စည်းတို့သည် အတိတ်ကာလ၌ ဖြစ်သည်။

၃၃။ ဘာဝကမ္မေသု တ။ တ–ပစ္စည်းသည် အတိတ်ကာလ ဘော, ကံ အနက်၌ သက်သည်။

၃၄။ ဗုဓဂမာဒိတ္တော ကတ္တရိ။ ဗုဓ ဂမု အစရှိသော ဓာတ်တို့မှနောက်၌ ထိုဓာတ်တို့၏အနက်ကို သိအပ်သော် တ–ပစ္စည်းသည် ကတ္တားအနက် ကာလသုံးပါး၌ သက်သည်။

၄၈။ ပစ္စယာဒနိဋ္ဌာ နိပါတနာ သိဇ္ဈန္တိ။ ပစ္စည်းကြောင့် မပြီးသော သဒ္ဒါတို့သည် ဤသုတ်ဖြင့် ပြီးစီးနိုင်ကြသည်။

၄၉။ သာသဒိသတော တဿ ရိဋ္ဌော စ။ သာသဓာတ် ဒိသဓာတ် နောက်မှ တပစ္စည်း ရိဋ္ဌသို့ပြောင်းသည်။

၅၀။ သာဒိ သန္တ ပုစ္ဆ ဘန္စ ဟံသာဒီဟိ ဋ္ဌော။ သဆုံးဓာတ် ပုစ္ဆ, ဘန္စ, ဟံသ–အစရှိသော ဓာတ်မှနောက်ဖြစ်သော တပစ္စည်းသည် ဓာတွန်နှင့်တကွ ဋ္ဌသို့ပြောင်းသည်။

၅၁။ ဝသတော ဥဋ္ဌ။ ဝသဓာတ်မှနောက်ဖြစ်သော တပစ္စည်းသည် ဓာတွန်နှင့်တကွ ဥဋ္ဌသို့ပြောင်းသည်။

၅၃။ ဓဎဘဟေဟိ ဓဎာ စ။ ဓ, ဎ, ဘ, ဟ–ဆုံးသော ဓာတ်နောက်က တပစ္စည်းသည် ဓ, ဎ–သို့ ပြောင်းသည်။

( ဓ, ဘ + တ ။　　ဎ, ဟ + တ ။　　ဟ + တ ။ )
　　　　ဓ　　　　　　ဎ　　　　　　ဓ

၅၄။ ဘန္စတော ဂ္ဂေါ စ။ ဘန္စဓာတ်နောက်မှ တပစ္စည်းသည် ဓာတွန်နှင့်တကွ ဂ္ဂသို့ပြောင်းသည်။

၅၅။ ဘုဇာဒီနံ့မန္တော နော ဒွိ စ။ ဘုဇအစရှိသော ဓာတ်တို့၏ အဆုံးဗျဉ်းသဲကျေပြောက်၍ တပစ္စည်းသည် ဒွေဘော်ဖြစ်သည်။

၅၆။ ဝစ ဝါ ဝု။ ဝစဓာတ်၏ ဝသည် ဥသို့ တခါတရံပြောင်း၍ စ,သည် ကျေပျောက်ပြီး တ,သည် ဒွေဘော်ဖြစ်သည်။

၅၇။ ဂုပါဒီနဉ္စ။ ဂုပစသောဓာတ်တို့၏ အဆုံးဗျဉ်းသည် ကျေပြောက်၍ တသည် ဒွေဘော်ဖြစ်သည်။

၅၈။ တရာဒီဟိ ဏ္ဏော။ တရစသော ဓာတ်မှနောက်က တပစ္စည်းသည် ဏ္ဏသို့ပြောင်း၍ ဓာတွန်ဗျည်းသည် ကျေပျောက်သည်။ (ဤဏအပြကား ခီဓာတ်ကဲ့သို့ အက္ခရာတလုံးရှိသော ဓာတ်နောင်သာများ၏)

၅၉။ ဘိဒါဒိတော ဏ္ဏ အန္န ဤဏာ ဝါ။  ဘိဒ,စသော ဓာတ်မှနောက်ဖြစ်သော တပစ္စည်းသည် ဏ္ဏ အန္န ဤဏသို့ပြောင်း၍ အဆုံးဗျည်းသည် ကျေပျောက်သည်။

၆၀။ သုသ ပစ သကတော က္ခ က္ကာ စ။ သုသ, ပစ, သကဓာတ်တို့မှ နောက်ဖြစ်သော က္ခ က္ကသို့ပြောင်းသည်။ အဆုံးဗျဉ်းသည် ကျေပျောက်သည်။

၆၁။ ပက္ကမာဒီဟိ န္တော စ။ ပရှေးရှိသော ကမုဓာတ်မှ နောက်ဖြစ်သော တပစ္စည်းသည် န္တသို့ပြောင်း၍ အဆုံးဗျည်းသည် ကျေပျောက်သည်။

၆၆။ ဟန္တေဟိ ဟော, ဟဿ ဠော ဝါ အဒဟနဟာနံ။ ဒဟဓာတ် နဟဓာတ်မှ တပါးသော ဟဆုံးသော ဓာတ်မှ နောက်ဖြစ်သော တပစ္စည်းသည် ဟသို့ပြောင်းသည်။
ဓာတွန်ဟသည် ဠသို့ တခါတရံ ပြောင်းသည်။

(အခြေပြုသဒ္ဒါ ကိတ်ပိုင်း)

## တပစ္စည်းပါသည့် ကိတ်ကြိယာဝါကျများ

### ကတ္တားဟောဝါကျ

၁။ ပုတ္တော ဘတ္တံ ဘုတ္တော။ သားသည် ထမင်းကို စားပြီ။
၂။ မိစ္ဆာဒိဋ္ဌိကော ဟဝိံ ဟုတော။ မှားသောအယူရှိသူသည် ဗလိနတ်စာကို ပူဇော်ပြီ။
၃။ ရာဇာ ဘတ္တံ ဘုတ္တော။ မင်းသည် ထမင်းကို စားပြီ။
၄။ ယုဝါ ယုဝတိံ ရတ္တော။ လုလင်ပျိုသည် မိန်းမပျိုကို နှစ်သက်ပြီ။
၅။ ယသောနာမသေဋ္ဌိ ဘောဂံ စတ္တော။ ယသမည်သော သူဌေးသည် စည်းစိမ်ကို စွန့်ပြီ။
၆။ အရဟံ ကိလေသေဟိ ဝိဝိတ္တော။ ရဟန္တာသည် ကိလေသာတို့မှ ကင်းဆိတ်ပြီ။
၇။ ကေဝဋ္ဋော နဒိယာ ပါရံ တိဏ္ဏော။ တံငါသည်သည် မြစ်၏ တဘက်ကမ်းသို့ ကူးပြီ။
၈။ ဥဒကကုမ္ဘော မေ ဏ္ဍုဒါနိ သံပုဏ္ဏော။ ယခု ငါ၏ ရေအိုးသည် ပြည့်ပြီ။
၉။ ကညာ ဗုဒ္ဓဿ သမ္ပုခေ ပုပ္ဖံ အာကိဏ္ဏော။ သတို့သမီးသည် မြတ်စွာဘုရား၏ မျက်မှောက်၌ ပန်းကို ကြဲပြီ။
၁၀။ အမ္ဗရုက္ခဿ ဖလံ ပက္ကံ။ သရက်ပင်၏ အသီးသည် ရင့်မှည့်၏။
၁၁။ ဗဒရိရုက္ခဿ ကဋ္ဌံ သုက္ခံ။ ဆီးပင်၏ ထင်းသည် ခြောက်၏။
၁၂။ ဘိက္ခု အတ္တနော ဝိဟာရတော ပရဒေသံ ပက္ကန္တော။ ရဟန်းသည် မိမိ၏ကျောင်းမှ အရပ်တပါးသို့ သွား၏။
၁၃။ သာမဏေရော ဧကဝိဟာရတော ဧကဝိဟာရံ သင်္ကန္တော။ ကိုရင်သည် တကျောင်းမှတကျောင်းသို့ ပြောင်း၏။
၁၄။ ဓီတာ မေ ပုတ္တံ ဇာတာ။ ငါ၏ သမီးသည် သားကို မွေးဖွား၏။
၁၅။ ဦသရော သမုဒ္ဒဿ ဧကဒေသေ ဇာတော။ ဆားငန်ရေ(ဆပ်ပြာမြေ)သည် သမုဒ္ဒရာ၏ တစိတ်တဒေသ၌ ဖြစ်၏။
၁၆။ သမ္မာသမ္ဗုဒ္ဓေါ နိဗ္ဗာနံ သုဂတော။ မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ကြွသွားပြီ။
၁၇။ စောရော ဂေဟန္တရေ ဌိတော။ သူခိုးသည် အိမ်အတွင်း၌ တည်၏။ (ရောက်နေ၏)
၁၈။ ထိနမိဒ္ဓါဘိဘူတော ဟုတွာ သတ္တော မုဠှော။ ထိနမိဒ္ဓနှိက်စပ်အပ်သည် ဖြစ်၍ သတ္တဝါသည် တွေဝေ၏။
၁၉။ သိနေရု မဟဏ္ဏဝေ အဇ္ဈောဂါဠှော။ မြင့်မိုရ်တောင်သည် ကြီးကျယ်သော သမုဒြာ၌ သက်ဝင်ပြီ။

### ကံဟောဝါကျ

၁။ တေန ဏ္ဍသိနာ သုတ္တံ ဘာသိတံ။ ထိုရဟန်းသည် သုတ္တန်ကို ဟောအပ်ပြီ။
၂။ ယတိနာ ဗြဟ္မဇာလသုတ္တံ ဒေသိတံ။ ရဟန်းသည် ဗြဟ္မဇာလသုတ်ကို ဟောအပ်ပြီ။
၃။ အနုသိဋ္ဌော သော မယာ။ ထိုသူကို ငါသည် ဆုံးအပ်ညပီ။
၄။ ဒိဋ္ဌံ မေ ရူပံ။ ငါသည် အဆင်းကို မြင်အပ်ပြီ။
၅။ ဝိဟင်္ဂေန ကီဠှော တုဋ္ဌော။ ငှက်သည် ပိုးကောင်ကို နှစ်သက်အပ်၏။
၆။ ဟသနာကာရကေန ဒဿနပရိသာ ပဟဋ္ဌာ။ လူရွှင်တော်သည် ကြည့်ရှုသောပရိသတ်ကို ရယ်ရွှင်အပ်၏။
၇။ အဟိနာ နရော ဒဋ္ဌော။ မြွေသည် လူကို ကိုက်အပ်၏။

၈။ မယာ ပဉှော ပုဋ္ဌော။ ငါသည် ပုစ္ဆာကို မေးအပ်၏။
၉။ ယောဂိနာ ဝုသိတံ ဗြဟ္မစရိယံ။ ယောဂီသည် ဗြဟ္မစရိယကို ကျင့်သုံးအပ်ပြီ။
၁၀။ အရိယသံဃေန ရာဂေါ ဘဂ္ဂေါ။ အရိယာသံဃာသည် ရာဂကို ဖျက်ဆီးအပ်ပြီ။
၁၁။ ဝုတ္တံ ဘဂဝတာ သုတ္တံ။ မြတ်စွာဘုရားသည် သုတ်တော်ကို ဟောအပ်ပြီ။
၁၂။ ဝုတ္တော ဘဂဝတာ အဘိဓမ္မော။ မြတ်စွာဘုရားသည် အဘိဓမ္မာကို ဟောအပ်ပြီ။
၁၃။ အဋ္ဌကထာစရိယေဟိ ဧတံ ဝုတ္တံ။ အဋ္ဌကထာဆရာသည် ဤစကားကို ဆိုအပ်ပြီ။
၁၄။ ပါဒပရိစာရိကာယ ပတိ ပိယဝါစာယ ဥတ္တော။ မယားသည် လင်ကို ချစ်ဖွယ်သောစကားဖြင့် ဆိုအပ်ပြီ။
၁၅။ မယာ ဝိဟာရော သုဂုတ္တော။ ငါသည် ကျောင်းကို စောင့်ရှောက်အပ်ပြီ။
၁၆။ ဝဍ္ဍကိနာ ဝေဠု သတ္ထေန ဘိန္နော။ လက်သမားသည် ဝါးကို ဓားဖြင့် ခွဲအပ်ပြီ။
၁၇။ ဒါသေန ကဋ္ဌော ဖရသုနာ ဆိန္နော။ ကျွန်သည် ထင်းကို ပုဆိန်ဖြင့် ဖြတ်အပ်ပြီ။
၁၈။ ဒါနသာမိနာ ဒါနံ ဘိက္ခူသု ဒိန္နော။ အလှူ့ရှင်သည် ရဟန်းအား အလှူကို ပေးလှူအပ်ပြီ။
၁၉။ မိလက္ခုနာ အတ္တနော ခေတ္တေ အာဝါဋ္ဋံ ခတံ။ တောင်သူလယ်ရှင်းသည် မိမိ၏ လယ်၌ တွင်းကို တူးအပ်ပြီ။
၂၀။ ကုမ္ဘကာရေန ကုမ္ဘော ပကတော။ အိုးလုပ်သူသည် အိုးကို ပြုအပ်ပြီ။

**တဝန္တု, တာဝီ ပစ္စည်းပါသည့် ကတ္တားဟောဝါကျ**

၁။ ဓီတာ သြဒနံ ဘုတ္တာဝိနီ။ သမီးသည် ထမင်းကို စားပြီးပြီ။
၂။ သမ္မာဒိဋ္ဌိကော ဗုဒ္ဓံ ဟုတဝါ။ မှန်သောအယူရှိသူသည် မြတ်စွာဘုရားကို ပူဇော်ပြီးပြီ။

## ( ဤဝါကျပုံစံများသည် ပဒဗျူဠ္ဌနနိရုတ္တိကျမ်းမှ ဖြစ်သည် )

## တ–ပစ္စည်း၏ ကာလ

အတီတေ တ တဝန္တု တာဝီ။ ဘာဝ ကမ္မေသု တ။ နှစ်သုတ်ဖြင့် တ–ပစ္စည်းသည် ကာလအားဖြင့် အတိတ်, သာဓနအားဖြင့် ဘော ကံ ကတ္တား ၌သက်သည်ဟုဆိုသည်။ ထိုသို့ဆိုခြင်းသည် အာချာတ်ကြိယာတပါးနှင့် မဆက်သွယ်ပဲ သူ့ချည်းသက်သက် ပဓာနကြိယာဖြစ်ရသော ဝါကျများကို ရည်ရွယ်၍ ဆိုခြင်းဖြစ်၏။ ထို့ကြောင့် "ဘဂဝတာ ဒေသိတော ဓမ္မော – ဘုရားရှင်သည် တရားကို ဟောတော်မူအပ်ပြီ"၊ "တေန ဝုတ္တံ – ထို့ကြောင့် ဆိုအပ်ပြီ" စသည်၌ အတိတ်အနက်သာ သင့်မြတ်၏။ အာချာတ်ကြိယာနှင့် တွဲစပ်ရသည့်အခါ၌ကား ကိတ်ပစ္စယန္တ ပုဒ်များသည် အပဓာနဝိသေသနမျှသာဖြစ်၍ ဝိသေသျပဓာနဖြစ်သော အာချာတ်ကြိယာများ၏ ကာလကိုလိုက်၍ ဟောကြရသည်။ ပုံစံကား – "ဣဒံ ဝုတ္တံ ဟောတိ၊" "ဘာသိတော ဘဝိဿတိ" စသည်တည်း။ ဤ၌ ဝုတ္တံ ဘာသိတော တို့သည် ဟောတိ ဘဝိဿတိ တို့နှင့် စပ်ရသောကြောင့် မိမိတို့ဟောရိုးဖြစ်သော အတိတ်ကာလကို မဟောပဲ ဟောတိအရ ပစ္စုပ္ပန်ကာလကိုလည်းကောင်း ဘဝိဿတိအရ အနာဂတ်ကာလကိုလည်းကောင်း ဟောကြရသည်။ (ကစ္စည်းဘာဋီ ၃ ၄၇၁–၄၇၂)

## ကတ္တားဟော ကိတ်ကြိယာ ၃၆–ဝါကျ (ကိတ်ကြိယာကို ပဓာနကြိယာအဖြစ်ဖြင့် အသုံးပြုပုံ)

၁။ ဒေဝေါ အဂ္ဂိံ ဟုတော။ နတ်သည် မီးကို ပူဇော်ပြီ။ ၆–ဝါကျ
၂။ ဒေဝါ အဂ္ဂယော ဟုတာ။ နတ်တို့သည် မီးတို့ကို ပူဇော်ကုန်ပြီ။ ၆–ဝါကျ
၃။ တွံ တံ ဟုတော (တိ)။ သင်သည် သင့်ကို ပူဇော်ပြီ။ ၆–ဝါကျ
၄။ တုမှေ တုမှေ ဟုတာ။ သင်တို့သည် သင်တို့ကို ပူဇော်ကုန်ပြီ။ ၆–ဝါကျ
၅။ အဟံ မံ ဟုတော(တိ)။ ငါသည် ငါ့ကို ပူဇော်ပြီ။ ၆–ဝါကျ
၆။ မယံ အမှေ ဟုတာ။ ငါတို့သည် ငါတို့ကို ပူဇော်ကုန်ပြီ။ ၆–ဝါကျ (စနစ်သစ်ပါဠိသဒ္ဒါ ဒု ၆၄၊ ၆၂၁)

♠ ဒေဝေါ အဂ္ဂိံ ဟုတော။ ဒေဝေါ အဂ္ဂယော ဟုတော။ ဒေဝေါ တံ ဟုတော။ ဒေဝေါ တုမှေ ဟုတော။ ဒေဝေါ မံ ဟုတော။ ဒေဝေါ အမှေ ဟုတော။ စသည်ဖြင့် အဝုတ္တကံ ၆–မျိုးကို လဲလှယ်ထည့်လျှင် ၆–ဝါကျစီ ဖြစ်၏။

## ကတ္တားနှင့် ကိတ်ကြိယာ လိင် ဝုစ် တူ

က။ ဒေဝေါ အဂ္ဂိံ ဟုတော။
ခ။ ဒေဝါ အဂ္ဂိံ ဟုတာ။
ဂ။ ကညာ အဂ္ဂိံ ဟုတာ။
ဃ။ ကညာယော အဂ္ဂိံ ဟုတာယော။
င။ မမ ကုလံ ကညာ အဂ္ဂိံ ဟုတံ။
စ။ မမ ကုလာနိ ကညာ အဂ္ဂိံ ဟုတာနိ။ (စနစ်သစ်ပါဠိသဒ္ဒါ ဒု ၆၂၂)

## ကံဟော ကိတ်ကြိယာ ၃၆–ဝါကျ (ကိတ်ကြိယာကို ပဓာနကြိယာအဖြစ်ဖြင့် အသုံးပြုပုံ)

၁။ ဒေဝေန ပုရိသော နီတော။ နတ်သည် ယောကျ်ားကို ဆောင်အပ်ပြီ။ ၆–ဝါကျ
၂။ ဒေဝေဟိ ပုရိသာ နီတာ။ နတ်တို့သည် ယောကျ်ားတို့ကို ဆောင်အပ်ကုန်ပြီ။ ၆–ဝါကျ
၃။ တယာ တွံ နီတော(တိ)။ သင်သည် သင့်ကို ဆောင်အပ်ပြီ။ ၆–ဝါကျ
၄။ တုမှေဟိ တုမှေ နီတာ။ သင်တို့သည် သင်တို့ကို ဆောင်အပ်ကုန်ပြီ။ ၆–ဝါကျ
၅။ မယာ အဟံ နီတော(တိ) ငါသည် ငါ့ကို ဆောင်အပ်ပြီ။ ၆–ဝါကျ
၆။ အမှေဟိ မယံ နီတာ။ ငါတို့သည် ငါတို့ကို ဆောင်အပ်ကုန်ပြီ။ ၆–ဝါကျ
(စနစ်သစ်ပါဠိသဒ္ဒါ ဒု ၇၂၊ ၆၃၁)

♠ အဝုတ္တကတ္တားနေရာ၌ ၆–မျိုးကို လဲလှယ်ထည့်လျှင် ၆–ဝါကျစီ ဖြစ်၏။

## ဘောဟော ကိတ်ကြိယာ ၃၆–ဝါကျ

၁။ ပုရိသေန ဗုဒ္ဓံ ပူဇေတဗ္ဗံ။ ယောကျ်ားသည် ဘုရားကို ပူဇော်ခြင်း(ပူဇော်ရာ၏၊ ပူဇော်ရမည်)။ ၆–ဝါကျ
၂။ ပုရိသေဟိ ဗုဒ္ဓေ ပူဇေတဗ္ဗံ။ ယောကျ်ားတို့သည် ဘုရားတို့ကို ပူဇော်ခြင်း(ပူဇော်ရာ၏၊ ပူဇော်ရမည်)။ ၆–ဝါကျ
၃။ တယာ တံ ပူဇေတဗ္ဗံ။ ၆–ဝါကျ
၄။ တုမေဟိ တုမှေ ပူဇေတဗ္ဗံ။ ၆–ဝါကျ
၅။ မယာ မံ ပူဇေတဗ္ဗံ။ ၆–ဝါကျ
၆။ အမှေဟိ အမှေ ပူဇေတဗ္ဗံ။ ၆–ဝါကျ (စနစ်သစ်ပါဠိသဒ္ဒါ ဒု ၈ဝ၊ ၆၄၇)

## ဘောဟောကြိယာ ဧကဝုစ်သာရှိပုံ

ဘောဟူသည် ကြိယာတည်း။ ယောကျ်ားပေါင်း သိန်းသန်းဖြစ်သော်လည်း ပူဇော်ခြင်းကြိယာမှာ တမျိုးတည်း တခုတည်းသာ ဖြစ်သောကြောင့် 'ပူဇေတဗ္ဗံ'ဟု ဧကဝုစ်သာ ရှိရသည်။ ဘောဟောကြိယာသည် ကတ္တာဒကိုလည်း မဟော, ကံကိုလည်း မဟော, ကြိယာကိုသာ ဟော၏။ ဘောဟောကြိယာဟူသည် ကြိယာကို ဟောသော ကြိယာတည်း။ (စနစ်သစ်ပါဠိသဒ္ဒါ ဒု ၆၄၇)

## ဝိသေသနတ္ထ ကတ္တားဟော ကိတ်ကြိယာဝါကျ (ကိတ်ကြိယာကို ဝိသေသနပုဒ်အဖြစ်ဖြင့် အသုံးပြုပုံ)

၁။ အဂ္ဂိံ ဟုတော ပုရိသော ဂစ္ဆတိ။ မီးကို ပူဇော်သော ယောကျ်ားသည် သွား၏။
၂။ အဂ္ဂိံ ဟုတံ ကုလံ ဂစ္ဆတိ။
၃။ အဂ္ဂိံ ဟုတာ ကညာ ဂစ္ဆတိ။
၄။ အဂ္ဂိံ ဟုတာ ပုရိသာ ဂစ္ဆန္တိ။ မီးကို ပူဇော်သော ယောကျ်ားတို့သည် သွားကုန်၏။
၅။ တွံ အဂ္ဂိံ ဟုတံ ပုရိသံ ပဿတိ။ (စနစ်သစ်ပါဠိသဒ္ဒါ ဒု ၆၈၊ ၆၂၅)

## ဝိသေသနတ္ထ ကံဟော ကိတ်ကြိယာဝါကျ (ကိတ်ကြိယာကို ဝိသေသနပုဒ်အဖြစ်ဖြင့် အသုံးပြုပုံ)

၁။ မယာ နီတော ပုရိသော ဂစ္ဆတိ။ ငါသည် ဆောင်အပ်ပြီးသော ယောကျ်ားသည် လာ၏။
၂။ မယာ နီတံ ကုလံ ဂစ္ဆတိ။
၃။ မယာ နီတာ ကညာ ဂစ္ဆတိ။(စနစ်သစ်ပါဠိသဒ္ဒါ ဒု ၇၆၊ ၆၄၇)

**ကံဟော တဗ္ဗ အနီယ ပစ္စည်း ဝါကျ**

၁။ နရေန ရထော ကတ္တဗ္ဗော။ လူသည် ရထားကို ပြုအပ်၏။
၂။ မယာ ရထာ ကတ္တဗ္ဗာ။
၃။ တယာ စီဝရံ ကတ္တဗ္ဗံ။
၄။ မယာ စီဝရာနိ ကတ္တဗ္ဗာနိ။
၅။ မယာ ဝီဏာ ကတ္တဗ္ဗာ။
၆။ မယာ ဝီဏာယော ကတ္တဗ္ဗာ။
၇။ မယာ ရထော ကရဏီယော။
၈။ မယာ ပုညံ ကရဏီယံ။ (စနစ်သစ်ပါဠိသဒ္ဒါ ဒု ၈၂၊ ၆၄၉)

## အနာဂတကာလိက ၁၀–ပစ္စည်း

ဿတိ ဿတိ ဿာမိ ဿာမ ဿတိ ဿန္တိ
ဿတိ ဿသိ ဿထ ဿာမိ ဿာမ

| | | | | |
|---|---|---|---|---|
| ဿာ | ဿိဿာ | ဿသု | ဿ | ဿာ |
| ဿံ | ဿ | မာန | အာန | ဿန္တု |

ဂါမိ(ပု) သွားလတ့ံလေ့ရှိသူ (ဂမု+ဿိ) ဂ မ် + ဿိ = ဂါမိ
ဂါ

ဂါမိ (ပု) သွားလတ့ံလေ့ရှိသူ (ဂမု+ဃိဏ်) ဂ မ် + ဃိဏ် = ဂါမိ
ဂါ

ကာရကော(တိ) ပြုအံ့ဟု ကြံ၍ (ကရ+ဏွု) က ရ + ဏွု = ကာရက
ကာ အက

♠ ကြံ၍–ကား အပိုအနက်

ကတ္တာ (ပု,ဣ) ပြုအံ့ဟု ကြံ၍ (ကရ+တု) က ရ + တု = ကတ္တာ
တ တ+[>] ၁

နဂရကာရော (ပု) မြို့ကို ပြုအံ့ဟု ကြံ၍ (နဂရ+ကရ+ဏ) က ရ + ဏ = ကာရ
ကာ

ကရိဿံ – ပြုလတ့ံဖြစ်၍၊ ပြုဦးမည်ဖြစ်၍ (ကရ+ဿံ) က ရ (ိ) + ဿံ = ကရိဿံ

ကရောန္တော (ပု၊န) ပြုလတ့ံဖြစ်၍၊ ပြုဦးမည်ဖြစ်၍ (ကရ+ဩ+န္တု) ကရ+ဩ+ န္တု = ကရောန္တ
န္တ+[>]၊

ကုရုမာနော (တိ) ပြုလတ့ံဖြစ်၍၊ ပြုဦးမည်ဖြစ်၍ (ကရ+ဩ+မာန) ကရ + ဩ +မာန =ကုရုမာန
ဥ

ကရာနော (တိ)ပြုလတ့ံဖြစ်၍၊ ပြုဦးမည်ဖြစ်၍ (ကရ +အာန) ကရာန

ကရိဿန္တော (ပုန) ပြုလတ့ံသူ (ကရ+ဿန္တု) ကရ(ိ)+ ဿန္တု = ကရိဿန္တ
န္တ+[>]၊

## စည်းမျဉ်းများ

၂၈။ ဘဝိဿတိ ဂမာဒီဟိ ဿိ ဃိဏ်။ အနာဂတ်ကာလ၌ ဂမုစသော ဓာတ်မှနောက်၌ ဿိ ဃိဏ် သက်သည်။
(ဿိ ဃိဏ် တို့သည် တဿီလအနက်ရှိ၏)

၂၉။ ကြိယာယံ ဏွုတဝေါ။ အနာဂတ်ကာလ၌ ကြိယာအနက်ကို သိအပ်သော် ဏွု တု ပစ္စည်း သက်သည်။
(ပြုလုပ်တတ်သူဟု ပုဂ္ဂိုလ်သံပါအောင် မပြန်ပဲ ပြုအံ့ဟု ကြိယာသံပါအောင်ပြန်ရသည်)

၃၁။ ကမ္မနိ ဏော။ အနီးကပ်ပုဒ်ရှိသော် အနာဂတ်ကာလ၌ ဏပစ္စည်း ဆက်သည်။

၃၂။ သေသေ ဿန္တုမာနာနာ။ လုံးလုံး မပြုရသေးသော အနာဂတ်, တပိုင်းတစပြုပြီးသော်လည်း မပြီးသေးသော အနာဂတ် နှစ်မျိုးတွင် တပိုင်းတစပြုပြီး မပြီးသောအနာဂတ်၌ ဿန္တု မာန အာန ဆက်သည်။
(နာရီဝက်ခန့်ပြုပြီး၍ တစုံတခုသော အကြောင်းကြောင့် နားပြီးမှ ကျန်နာရီဝက်ခန့် ဆက်ပြုရမည်ကို ဆိုသည်)

(အခြေပြုသဒ္ဒါ ၃၉၉-၄၀၃)

## တေကာလိက ၁၇-ပစ္စည်း

| | | | | | |
|---|---|---|---|---|---|
| ဏ | အ | ဏွု | တု | အာဝီ | ကွိ |
| ရမ္မ | ဏီ | ရူ | ဏုက | ယု | ရ |
| တဗ္ဗ | အနီယ | ဏျ | တေယျ | ရိစ္စ | |

ကုမ္ဘကာရော (ပ၊န) အိုးကိုပြုလုပ်သူ၊ အိုးထိန်းသည်၊ ကုမ္ဘ+ က ရ + ဏ = ကုမ္ဘကာရ
ကာ ဏ်+၊

ကုမ္ဘကာရီ (ထီ) အိုးကိုပြုလုပ်သူမ၊ အိုးထိန်းသည်မ၊ ကုမ္ဘ+ကရ+ဏ+ဤ = ကုမ္ဘကာရီ

သုခကာမော (တိ) ချမ်းသာကိုလိုလားသူ၊ သုခ+ က မု+ ဏ = သုခကာမ
ကာ မ်+ ု ဏ်+၊

အရိန္ဒမော (ပု) အရိန္ဒမမင်း၊ အရိ+ ဒ မု + အ= အရိန္ဒမ
အရိ(န္)>ံ>န် မ်+ ု

တဏှာက်ရော (ပု) တဏှာကို ညှင်းဆဲတတ်သောဘုရား၊ တဏှာက်ရဘုရား။ တဏှာ+ကရ+အ=တဏှာက်ကရ
(ဤ၌ ကရဓာတ် ညှင်းဆဲခြင်းဟော၊ နုလာ၊ နိဂ္ဂဟိတ်ပြု၊ င်ပြု)

ရထကာရကော (ပု၊န) ရထားကိုပြုလုပ်သူ၊ ရထားအလုပ်သမား၊ ရထ + က ရ + ဏွု =ရထကာရက
ကာ ၊ က

အန္နဒါယကော (ပု၊န) အစာကို ပေးသူ၊ အန္န+ ဒါ + ဏွု = အန္နဒါယက
ဒ်+-ါ>-ါယ ၊ က

အန္နဒါယိကာ (ထီ) အစာကို ပေးသူမ။ အန္န + ဒါ + ဏွု + အာ= အန္နဒါယိကာ (ယ၏အ ဣပြောင်း)

ဒါယကော (ပု၊န) ဒါယကာ၊ ပေးတတ်သူ။ ဒါ + ဏွု= ဒါယက

ဒါယိကာ (ဣ) ဒါယိကာမ၊ ပေးတတ်သူမ။ ဒါ + ဏွု + အာ=ဒါယိကာ

သရိတာ (ထီ) အမှတ်ရတတ်သူ၊ သရ + တု = သရိတာ
သရ(ိ) တ်+ု> ၁

ဒါတာ (ပု) ပေးတတ်သူ၊ ဒါ+တု=ဒါတာ

ဉာတာ (ပ) သိတတ်သူ၊ ဉာ+တု=ဉာတာ

အဘိဘူ (ပု) လွှမ်းမိုး၍ဖြစ်သည်၊ အဘိ+ဘူ+ ကွိ =အဘိဘူ

ကမ္မံ (နံ) အမှု၊အလုပ်၊ က ရ + ရ မ္မ = ကမ္မ
ချေ

## တဿီလတ္ထ ၆–ပစ္စည်း

သစ္စဝါဒီ (တိ) အမှန်ကို ပြောလေ့ရှိသူ၊ သစ္စ + ဝ ဒ + ဏီ = သစ္စဝါဒီ
ဝ်+ါ> ါ

ဓမ္မဝါဒီ (တိ) တရားကိုပြောလေ့ရှိသူ၊ ဓမ္မ + ဝ ဒ + ဏီ = ဓမ္မဝါဒီ
ဝ်+ါ> ါ

အာဒီနဝဒဿာဝီ (တိ) အပြစ်ကိုရှုလေ့ရှိသူ၊ အာဒီနဝ + ဒိသ + အာဝီ = အာဒီနဝဒဿာဝီ

ကာရကော (ပု) ပြုလေ့ရှိသူ၊ က ရ + ဏ္ဏု က = ကာရက
ကာ ဏ်း + ု

အန္တဂူ (ပု) အဆုံးသို့ သွားလေ့ရှိသူ၊ အန္တ + ဂ မု + ရူ = အန္တဂူ
မ်+ ု ရ်+ ူ

ဘာသနော (နံ) ပြောလေ့ရှိသူ၊ ဘာသ + ယု = ဘာသန
ု န

ဒေါသနော (တိ) စိတ်ဆိုးလေ့ရှိသူ၊ ဒုသ + ယု = ဒေါသန
ဒေါ ု န

ပသယှပဝတ္တာ (တိ) လွှမ်းမိုး၍ ဖြစ်လေ့ရှိသူ၊ ပသယှ + ပ + ဝ တု + တု = ပသယှပဝတ္တာ
တ်+ ု တ+ု> ာ

♠ ကိတ်ပစ္စည်းမှန်လျှင် သာဓနအနက် တပါးပါးကို ဟောရသည်။ တဿီလစသောအနက်သည် သာဓနအနက်မဟုတ်။ တဿီလစသောအနက်၌ သက်သော ဏီစသော ပစ္စည်းများသည် ကတ္တုသာဓန၌ သက်ကြသည်။ (အခြေပြု ၂၉၈) တဿီလဖြစ်တိုင်း တဒ္ဓမ္မစသည်မဖြစ်၊ တချို့ပါဌ်၌ နှစ်ခု သို့မဟုတ် တစ်ခုသာ ရသည်။ (ကစ္စည်းဘာဋီ ဒု ၄၄၁)

**သီလ, ဓမ္မ, သာဓုကာရိတာ**။ သီလဟူသည် ပုဂ္ဂိုလ်တယောက်၏ အလေ့အလာဝါသနာတည်း။ ဓမ္မဟူသည် တဂိုဏ်းလုံး တသာသနာလုံး တဆွေမျိုးလုံး လူမျိုးတမျိုးလုံး၏ အများသုံးဖြစ်တဲ့ ထုံးစံဓမ္မတာတည်း။ သာဓုကာရိတာဟူသည်ကား မိမိ၏ဝါသနာအလျောက် သို့မဟုတ် အများ၏ထုံးစံ ဓမ္မတာအတိုင်း ကောင်းစွာပြုခြင်း (လေးလေးစားစားပြုခြင်း ဂရုတစိုက်ပြုခြင်း)တည်း။ (အခြေပြု ၂၉၆)

ဗြဟ္မ+စရ+ဏီ= ဗြဟ္မစာရီ = မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူ (တဿီလ)
မြတ်သောအကျင့်ကို ကျင့်ခြင်းသဘောရှိသူ (တဒ္ဓမ္မ)
မြတ်သောအကျင့်ကို ကျင့်ခြင်း၌ ကောင်းစွာပြုလေ့ရှိသူ (သာဓုကာရိတာ)

ပဋ္ဌိယော (ပု၊န) ဒေါသ၊ ပတိ + ဟန + ရ = ပဋ္ဌိယ
ပဋ္ဌိ ယ်+ ~~+~~ ~~ရ်~~ + ၊

အဘိဘဝိတဗ္ဗော (တိ) လွှမ်းမိုးထိုက်၏၊ အဘိ + ဘူ + တဗ္ဗ = အဘိဘဝိတဗ္ဗ
ဘဝ်(ိ)

ဘရိတဗ္ဗော (တိ) မွေးမြူထိုက်၏၊ ဘရ + တဗ္ဗ = ဘရိတဗ္ဗ

ဂမနီယော (တိ) သွားထိုက်၏၊ ဂမု + အနီယ၊ ဂမနီယ

ကာရိယံ (န) ပြုထိုက်၏၊ ကာ ရ + ဏျ = ကာရိယ
ကာ ရ(ိ) ~~ဏ်~~ + ယ

လဗ္ဘံ (တိ) ရထိုက်၏၊ လဘ+ဏျ

ဒိဋ္ဌေယျံ (တိ) မြင်ထိုက်၏၊ ဒိ သ + တေယျ =ဒိဋ္ဌေယျ
ဒိ သ+တ>ဋ္ဌ ေ ယျ

လဒ္ဓေယျံ (တိ) ရထိုက်၏ လ ဘ+ တေယျ = လဒ္ဓေယျ
ဒ် ေ+တ>ဓ

♠ တဗ္ဗစသောကိစ္စပစ္စည်းများသည် ဘောအနက်ကိုဟောရာ၌ ဘောဟောကြိယာသည် အထည်ဒြပ်မရှိ ကြိယာသာမည ဖြစ်၍ နပုံလိင်ဧကဝုစ်သာဖြစ်သည်။ ကံဟောရာ၌ လိင်သုံးပါး ဝုစ်နှစ်ပါးဖြစ်သည်။

ကိစ္စပစ္စည်းတို့က 'ထိုက်'ဟုပေးရသော အရဟအနက်ကိုလည်း ပြနိုင်သည်။ သင့်ပေးရသော ယုတ္တ–အနက်ကား အရဟအနက်နှင့်သဘောတူပင်။ ပုံစံ– တေ–သင်ပဥ္စင်းသစ်သည်၊ ယာဝဇီဝံ–သိက္ခာပဒ်အသက်ရှိသမျှ၊ နကရဏီယံ–မပြုသင့် မပြုထိုက်။

ကိစ္စပစ္စည်းတို့က 'နိုင်, ကောင်း' ဟု ပေးရသော သက္ကအနက်ကိုလည်း ပြနိုင်သည်။ ပုံစံ– ပရိဘုဥ္ဇိတဗ္ဗော–သုံးစွဲနိုင်, သုံးစွဲကောင်း၏။ ထို **အရဟ, သက္က အနက်တို့သည် သာဓနအနက်မဟုတ်ကြ။ ကိစ္စပစ္စည်းတို့က အပိုပြအပ်သောအနက်**တို့တည်း။ ဥပမာ– အာလုပ်သိဝိဘတ်သည် လိင်အနက်အပြင် အာလုပ်အနက်ကို အပိုပြအပ်သကဲ့သို့တည်း။ ထို့ကြောင့် **အရဟ သက္က အနက်ပေးရာ၌ သာဓန ၇–ပါးတွင် ကမ္မသာဓနေ၌ ပါဝင်သည်**ဟု မှတ်။ မှန်၏ – ပြုထိုက်ဟူသည် ပြုခြင်းကြိယာသည် ထိုအပေါ်၌ ရောက်ထိုက်၏ဟူသော ကြိယာ ပါပုဏနကမ္မသတ္တိပင်ဖြစ်ပါသည်။ ပြုသင့်, ပြုနိုင်–ဟု ပေးရာ၌လည်း နည်းတူ။ (ကစ္စည်းဘာဋီ ၃ ၄၅၂)

တဗ္ဗစသောပစ္စည်းတို့သည် ကတ္တု ကရဏ သမ္ပဒါန အပါဒါန အဓိကရဏ အနက်၌လည်း သက်သည်။ နိယျာနီယော–ထွက်မြောက်တတ်သော အရိယာမဂ်(ကတ္တု) နဟာနီယံ–စင်ကြယ်သန့်ရှင်းကြောင်း(ကရဏ) ဆပ်ပြာမှုန့်၊ ဒါနီယော–ပေးရာဖြစ်သောပုဏ္ဏား(သမ္ပဒါန) အာသဝဌာနီယာ–အာသဝေါတို့၏တည်ရာဖြစ်ကုန်သော လွန်ကျူးမှုအကျင့်တို့(အဓိကရဏ) (ကစ္စည်းဘာဋီ ၃ ၄၅၃)

## စည်းမျဉ်းများ

၁။ ဓာတုယာ ကမ္မာဒိမှိ ဏော။ အစဦးကံပုဒ်ရှိသောဓာတ်နောင် ဏပစ္စည်းသက်သည်။
၂။ သညာယမ နု။ ၁၄။ နု နိဂ္ဂဟီတံ ပဒန္တေ။ နာမည်ဟောရာဦ အစဦးကံပဒ်ရှိသောဓာတ်နောင် အပစ္စည်းသက်၍ ကံပုဒ်အဆုံးဦ နုလာပြီး၊ ၄င်းနုသည် နိဂ္ဂဟိတ်သို့ ပြောင်းသည်။
၁၅။ သံဟနညာယ ဝါ ရော, ဃော။ သံပုဗ္ဗ ဟနဓာတ်မှနောက်ဦလည်းကောင်း တပါးသောဓာတ်မှနောက်ဦလည်းကောင်း ရပစ္စည်းသက်၍ ဟနသည် ဃသို့ပြောင်းသည်။
၉။ တဿီလာဒီသု ဏီ တွာ.ဝီ စ။ တဿီလ တဒ္ဓမ္မ တဿာဓုကာရိတာ အနက်သုံးပါးတို့ဦ ဏီ တု အာဝီ ပစ္စည်းဆက်သည်။
၇၀။ အာကာရန္တာန မာယော။ ဏအနုဗန်ရှိသော ပစ္စည်းကြောင့် အာအက္ခရာအဆုံးရှိသောဓာတ်တို့၏ အစိတ်အာသည် အာယသို့ပြောင်းသည်။ (အခြေပြုသဒ္ဒါ)

### ဏပစ္စည်းပါသော ကိတ်ကြိယာ ဝါကျ

| ဝုတ္တကတ္တား | အဝုတ္တကံ | ကိတ်ကြိယာ | |
|---|---|---|---|
| ဘိက္ခု | ဂါမံ | ပဝေသော။ | ရဟန်းသည် ရွာသို့ ဝင်၏။ |
| အရဟံ | စတုသစ္စာနိ | သမ္ဗောဓော။ | ရဟန္တာသည် သစ္စာလေးပါတို့ကို ထိုးထွင်းသိ၏။ |

### ဏွုပစ္စည်းပါသော ကိတ်ကြိယာ ဝါကျ

| ဝုတ္တကတ္တား | အဝုတ္တကံ | ကိတ်ကြိယာ | |
|---|---|---|---|
| ယော ဝဍ္ဍကီ | ရထသ | ကာရကော။ | အကြင်လက်သမားသည် ရထားကို ပြုတတ်၏။ |
| သော ဝဍ္ဍကီ | ရထံ | ကာရကော။ | ထိုလက်သမားသည် ရထားကို ပြုတတ်၏။ |
| ဂဟပတိ | ယာစကဿ အန္နဿ | ဒါယကော။ | အိမ့်ရှင်သူကြွယ်သည်တောင်းစားသူအား ထမင်းကို ပေး၏။ |
| ဂဟပတာနီ | ယာစကဿ အန္နံ | ဒါယိကာ။ | အိမ့်ရှင်မသည်တောင်းစားသူအား ထမင်းကို ပေး၏။ |
| ဒလိဒ္ဒေါ | ကမ္မဿ | ကာရကော။ | သူဆင်းရဲသည် အလုပ်ကို ပြုလုပ်၏။ |
| ဒလိဒ္ဒီ | ကမ္မဿ | ကာရိကာ။ | သူဆင်းရဲမသည် အလုပ်ကို ပြုလုပ်၏။ |

♠ ဏွုပစ္စည်း သက်၍ ပြီးသမျှ ရုပ်အပေါင်းကို ကတ္တုသာဓနပြု၊ ကတ္တားဟော ကြိယာဟူ၍ မှတ်။
(ပဒရူပသိဒ္ဓိနိရုတ္တိဒီပနီ ပ ၇၀၄)

♠ ယု ဏွု တု ပြီ၊ ပစ္စည်းမှီ၊ ဆဋ္ဌီကံ နေစေ။ (နိယံ) ။ ယု ဏွု တု ပစ္စည်းပါသော ကိတ်ပုဒ်၏ ကံကို ဆဋ္ဌီဝိဘတ်နှင့် ရေးရသည်။ ယုသည် အန-သို့, ဏွုသည် အက-သို့ ပြောင်းသည်။

### တုပစ္စည်းပါသော ကိတ်ကြိယာ ဝါကျ

| ဝုတ္တကတ္တား | အဝုတ္တကံ | ကိတ်ကြိယာ | |
|---|---|---|---|
| ကုမ္ဘကာရော | ကုမ္ဘဿ | ကတ္တာ။ | အိုးလုပ်သမားသည် အိုးကို လုပ်၏။ |
| ကုမ္ဘကာရော | ကုမ္ဘံ | ကတ္တာ။ | အိုးလုပ်သမားသည် အိုးကို လုပ်၏။ |
| ဒါနသာမိ | ဘောဇနဿ | ဒါတာ။ | အလှူရှင်သည် ဘောဇဉ်ကို လှူ၏။ |
| ဒါနသာမိ | ဘောဇနံ | ဒါတာ။ | အလှူရှင်သည် ဘောဇဉ်ကို လှူ၏။ |
| မာတာ | ပုတ္တဿ | သရိတာ။ | အမေသည် သားကို အမှတ်ရ၏။ |
| မာတာ | ပုတ္တံ | သရိတာ။ | အမေသည် သားကို အမှတ်ရ၏။ |

### ရူပစ္စည်းပါသော ကိတ်ကြိယာဝါကျ

| ဝုတ္တကတ္တား | အဝုတ္တကံ | ကိတ်ကြိယာ | |
|---|---|---|---|
| ယော သမဏော | ပိဏ္ဍပါတံ | ဘိက္ခု။ | အကြင်ရဟန်းသည် ဆွမ်းကို တောင်းလေ့ရှိ၏။ |
| ယော ဘိက္ခု | ဓမ္မံ | ဝိညူ။ | အကြင်ရဟန်းသည် တရားကို သိလေ့ရှိ၏။ |

### ဏုကပစ္စည်းပါသော ကိတ်ကြိယာ ဝါကျ

| ဝုတ္တကတ္တား | အဝုတ္တကံ | ကိတ်ကြိယာ |
|---|---|---|
| ဂေါဃာတကော | ဂဝံ | အာဃာတုကော။ |
| နွားသတ်သမားသည် | နွားကို | ညှဉ်းဆဲလေ့ရှိ၏။ |
| ကဿကော | သဿဝပ္ပံ | ကာရကော။ |
| လယ်သမားသည် | ကောက်စိုက်ခြင်းကို | ပြုတတ်၏။ |

### ရိစ္စပစ္စည်းပါသော ကိတ်ကြိယာ ဝါကျ

| ဝုတ္တကတ္တား | အဝုတ္တကံ | ကိတ်ကြိယာ |
|---|---|---|
| ကမ္မကာရကေန | သဗ္ဗကမ္မံ | ကိစ္စံ။ |
| အလုပ်သမားသည် | အလုပ်အားလုံးကို | ပြုအပ်၏။ |

**ဏျပစ္စည်းပါသော ကိတ်ကြိယာ ဝါကျ**

| **အဝုတ္တကတ္တား** | **ဝုတ္တကံ** | **ကံဟောကိတ်ကြိယာ** |
|---|---|---|
| နစ္စကိယာ | ဂီတံ | ဝဇ္ဇံ။ |
| ကချေသည်မသည် | သီချင်းကို | ဆိုအပ်၏။ |
| လုဒ္ဒကေန | အရညံ | ဂမ္မံ။ |
| မုဆိုးသည် | တောသို့ | သွားအပ်၏။ |
| ဒါနသာမိကေန | ဥပါဟနံ | ဒေယျံ။ |
| အလှူရှင်သည် | ဖိနပ်ကို | လှူအပ်၏။ |
| ယတိနာ | ကာမဂုဏံ | ဟေယျံ။ |
| ရဟန်းသည် | ကာမဂုဏ်ကို | ပယ်စွန့်အပ်၏။ |
| ဘိက္ခု | ပါပကတတ္တံ | ဂါရယှံ။ |
| ရဟန်းသည် | မကောင်းမှုပြုအပ်ပြီးသည်အဖြစ်ကို | ကဲ့ရဲ့အပ်၏။ |
| သုရာဓုတ္တေန | မေရယံ | ပေယျံ။ |
| သေသောက်ကြူးသည် | သေရည်ကို | သောက်အပ်၏။ |

| | | | |
|---|---|---|---|
| ယုဝေန | ယုဝတိယာ | ပုပ္ဖံ | ဒေယျံ။ |
| လုလင်ပျိုသည် | လုံမပျိုအား | ပန်းကို | ပေးအပ်၏။ |
| ယတိနာ | သာယံ | ပါနံ | ပေယျံ။ |
| ရဟန်းသည် | ညနေခင်း၌ | အဖျော်ရည်ကို | သောက်အပ်၏။ |
| သပ္ပုရိသေန | သဗ္ဗမနုဿာနံ | ဝတ္တံ | ဟေယျံ။ ဟာ+ဏျ။ |
| သူတော်ကောင်းသည် | လူအားလုံးတို့အား | အဝတ်ကို | စွန့်အပ်၏။ |
| သမ္ဗုဒ္ဓေန | အသေသတော | သဗ္ဗဓမ္မော | ဉေယျော။ |
| သဗ္ဗညုဘုရားသည် | အကြွင်းမဲ့ | အားလုံးကို | သိအပ်၏။ |

## နောက်ဆက်တွဲ တေကာလိက ၁၀–ပစ္စည်း

| | | | | |
|---|---|---|---|---|
| ဣ | တိ | ဣန | ရိရိယ | တုက |
| ရတ္ထု | ရိတု | ရာတု | ဣက | ခ |

အာဒိ (ပု) အစ၊ အာ+ ဒါ + ဣ = အာဒိ

ဒ်+ ~~ါ~~

မတိ(ထီ) သိခြင်း၊ မန + တိ = မတိ

မ ~~န်~~

ဇိနော(ပု) ဘုရားရှင်၊ ဇိ + ဣန = ဇိန

ဇ်+ ~~ိ~~

ကိရိယော(တိ)ပြုထိုက်သည်၊ ကရ+ရိရိယ = ကိရိယ

က ~~ရ်+ရ်~~ ိရိယ

အာဂန္တုကော(ပု) ဧည့်သည်၊ အာ+ ဂမု + တုက = အာဂန္တုက

ဂ မ်>န

သတ္ထာ(ပု) ဆရာ၊ သာသ + ရတ္ထု = သတ္ထာ

သာ+~~သ်~~ ~~ရ်~~+ ၊ တ္ထ ု>ာ

ပိတာ(ပု) အဘ၊ ပါ + ရိတု = ပိတာ

ပါ + ~~ရ်~~ ိ တ + ု>ာ

မာတာ(ထီ) အမိ၊ မာ + ရာတု =

မာ + ~~ရ်~~ ာ တ + ု>ာ

ဂမိကော(ပု) ခရီးသွား ဂမု + ဣက = ဂမိက

ဂမ်+ ~~ု~~ ိက

သုကရော(တိ) လွယ်ကူသဖြင့်ပြုအပ်၏၊ ပြုလွယ်၏။ သု+ ကရ + ခ = သုကရ

ရ်+ ~~၊~~ ~~ခ်~~+၊

## စည်းမျဉ်းများ

၂၈။ သညာယံ ဒါ,ဓာတော ဣ။ နာမည်ကိုဟောရာ၌ ဒွေးဒါဓာတ် ဓအောက်ခြိုက်ဓာတ်မှနောက်၌ ဣပစ္စည်း ဆက်သည်။

၃၀။ ဣတ္ထိယ မတိယဝေါ ဝါ။ ဣတ္ထိလိင်၌ အ တိ ယ ပစ္စည်းတို့သည် ဝိကပ်အားဖြင့် ဖြစ်ကုန်၏။

♠ နာမ်တုန်းက ကညာဒိဂိုဏ်းဝင်ကိတ်ပုဒ်များသည် ဤသုတ်ဖြင့် အပစ္စည်း ယပစ္စည်းသက်ပြီးမှ ဣတ္ထိယမတော အာပစ္စယောသုတ်ဖြင့် အာပစ္စည်းထပ်သက်၍ ပြီးကြသည်။ ရတ္တာဒိဂိုဏ်း ဣတ္ထိလိင် ဣကာရန္တပုဒ်များ၌လည်း ဤသုတ်က တိပစ္စည်းသာ များ၏။ (အခြေပြုသဒ္ဒါ-၃၁၉)

၃၁။ ကရတော ရိရိယ။ ကရဓာတ်မှနောက်၌ ရိရိယပစ္စည်း ဆက်သည်။

၃၅။ ဇိတော ဣန သဗ္ဗတ္ထ။ အလုံးစုံသော ကာလ၌ ဇိဓာတ်မှနောက် ကတ္တားအနက် ဣနပစ္စည်း သက်သည်။

၃၆။ ဤသံ ဒုသုဟိ ခ။ ဤသံနိပါတ် ဒုသု ဉပသာရရှေးရှိသော ဓာတ်တို့နောက်၌ ခပစ္စည်း သက်သည်။

၄၃။ သာသာဒီဟိ ရတ္ထု။ သာသအစရှိသော ဓာတ်တို့မှ နောက်၌ ရတ္ထုပစ္စည်းသက်သည်။

၄၄။ ပါဒိတော ရိတု။ ပါအစရှိသောဓာတ်တို့မှနောက်၌ ရိတုပစ္စည်းသက်သည်။

၄၅။ မာနာဒီဟိ ရာတု။ မာနအစရှိသော ဓာတ်တို့မှနောက်၌ ရာတုပစ္စည်းသက်သည်။

၄၆။ အာဂမာ တုကော။ အာပုဗ္ဗ ဂမုဓာတ်မှနောက်၌ တုကပစ္စည်းသက်သည်။

၄၇။ ဘဗ္ဗေ ဣက။ ဖြစ်ထိုက်၏ ဟူသောအနက်၌ ဣကပစ္စည်းသက်သည်။

(အခြေပြုသဒ္ဒါ-၃၁၆-၃၃၂)

## အဗျယ ရ-ပစ္စည်း

| | | | |
|---|---|---|---|
| တဝေ | တာယေ | တုံ | တုယေ |
| တုန | တွာန | တွာ | |

ကာတဝေ-ပြုခြင်းငှါ ပြုဖို့ရာ၊ <u>ကရ</u> + တဝေ = ကာတဝေ
ကာ

ခါဒိတာယေ-ခဲစားခြင်းငှါ၊ ခဲစားဖို့ရာ၊ <u>ခါဒ</u> +တာယေ = ခါဒိတာယေ
ခါဒ(ိ)

ကာတုံ၊ ကတ္တုံ-ပြုခြင်းငှါ၊ ပြုဖို့ရာ၊ <u>ကရ</u> + တုံ = ကာတုံ။ က <u>ရ</u> + တုံ = ကတ္တုံ
ကာ တ

ဂဏေတုယေ-ရေတွက်ခြင်းငှါ၊ ရေတွက်ဖို့ရာ= ဂဏ + ဏေ + တုယေ= ဂဏေတုယေ

ကာတုန-ပြု၍၊ <u>ကရ</u> + တုန = ကာတုန
ကာ

ကတွာ-ပြု၍၊ <u>ကရ</u> + တွာ = ကတွာ
က ~~ရ်~~

ကတွာန-ပြု၍၊ <u>ကရ</u> + တွာန = ကတွာန
က ~~ရ်~~

### စည်းမျဉ်းများ

၇၁။ ပုဗ္ဗကာလေ.ကကတ္တုကာနံ တုန တွာန တွာ ဝါ။ တူသော ကတ္တားရှိသော ရှေ့နောက် ကြိယာတို့တွင် ရှေ့ကြိယာတို့၌ တုန တွာန တွာ ပစ္စည်းတို့ ဝိကပ်အားဖြင့် ဖြစ်၏။

၇၂။ တဝေတုနာဒီတု ကာ။ တဝေ တုန စသောပစ္စည်းတို့ကြောင့် ကရဓာတ်သည် ကာသို့ပြောင်းသည်။

## ကိတ်ပစ္စည်းများ၏ သာဓနနှင့်ကာလများ

| | ပစ္စည်း | သာဓန | ကာလ |
|---|---|---|---|
| (၁) | တ | ဘော ကံ ကတ္တား အာဓာရ | ကာလသုံးပါး (အတိတ်များ) |
| (၂) | တာဝီ တဝန္တု | ကတ္တား | အတိတ် |
| (၃) | တုန တွာန တွာ | ဘော ကတ္တား | အတိတ် |
| (၄) | တာယေ တုံ တဝေ တုယေ | ဘော | အနာဂတ် |
| (၅) | တဗ္ဗ တဗျ တေယျ | ဘော ကံ | ကာလဝိမုတ် |
| (၆) | တိ | ဘော ကံ ကရဏ | ကာလသုံးပါး |

---

**ပုံစံများ**

(၁) ဌိတံ–တည်ခြင်း(ဘော) ပူဇိတော–ပူဇော်အပ်သောသူ(ကံ) ဗုဒ္ဓေါ–သိတတ်သောဘုရား ယာတံ–သွားရာ(အဓိကရဏ)

(၂) ဘုတ္တာဝီ–စားပြီးသောသူ၊ ဘုတ္တဝါ–စားပြီးသောသူ၊

(၃) ကာတုန, ကတွာန, ကတွာ–ပြုပြီး၍

(၄) ကတ္တာယေ, ကာတုယေ, ကာတုံ, ကာတဝေ–ပြုခြင်းငှါ

(၅) ပါတဗ္ဗံ, ပါတဗျံ, ပါတေယျံ–သောက်ခြင်း, သောက်အပ်၏

(၆) သတိ–အောက်မေ့ခြင်း, အောက်မေ့ကြောင်း၊ သမာပတ္တိ–ဝင်စားအပ်သောသမာပတ်၊

| ပစ္စည်း | | သာဓနေ | ကာလ |
|---|---|---|---|
| (၅) | တု | (တဿီလတ္ထ) ကတ္တား | |
| | | (သာမည) ကတ္တား | ကာလသုံးပါး (ရံခါ–အနာဂတ်သာ) |
| (၈) | အနီယ, ဏျ | ဘော ကံ (များ) | |
| | | ကရဏ သမ္ပဒါန အဓိကရဏ | |
| (၉) | အန္တ | ကတ္တား | ပစ္စုပ္ပန် |
| | မာန | ဘော ကံ ကတ္တား | ပစ္စုပ္ပန် |
| | | | (အန္တ,မာနရှေ့ဿလာလျှင် အနာဂတ်ကာလ) |

---

**ပုံစံများ**

(၇) ကတ္တာ–ပြုလေ့ရှိသောသူ(တဿီလတ္ထ) ကတ္တာ–သဘောအားဖြင့် ပြုတတ်သူ(တဒ္ဓမ္မ)
ကတ္တာ–ကောင်းကောင်းပြုလေ့ရှိသောသူ (တဿာဓုကာရိတာ)

ကတ္တာ–ပြုပြီး, ပြုဆဲ, ပြုလတ့်သောသူ၊ ကတ္တာ–ပြုလတ့်သောသူ

(၈) ကရဏီယံ–ပြုခြင်း,ပြုအပ်၏၊ ကာရိယံ–ပြုခြင်း,ပြုအပ်၏၊
နှာနီယံ–စင်ကြယ်ကြောင်းဖြစ်သော ဆပ်ပြာ (ကရဏ) ဒါနီယော–ပေးရာဖြစ်သောသူ(သမ္ပဒါန)
ဌာနီယံ–တည်ရာ (အဓိကရဏ)

(၉) ကရံ,ကရောန္တော–သွားသောသူ၊ ကရမာနော–ပြုသောသူ၊ ကရီယမာနော–ပြုအပ်၏၊ ကရီယမာနံ–ပြုခြင်း၊
ကရိဿံ, ကရိဿန္တော, ကရိဿမာနော–ပြုလတ့်သောသူ၊

| | ပစ္စည်း | သာဓနေ | ကာလ |
|---|---|---|---|
| (၁၀) | အ | ၇-ပါး | ကာလသုံးပါး |
| (၁၁) | ဏ | ၇-ပါး | ကာလသုံးပါး |
| (၁၂) | ယု | ၇-ပါး | ကာလသုံးပါး |
| (၁၃) | ဏီ၊ အာဝီ | တဿီလတ္ထ-၃, ,အတ္တမာနီ ကတ္တား | ကာလသုံပါး |

---

**ပုံစံများ**

(၁၀) ဘဝေါ-ဖြစ်တတ်သော ဘဝ၊ သံယမော-စောင့်စည်းခြင်း၊ ဟိတကရော-အကျိုးစီးပွားကို ပြုတတ်သောသူ၊ ကောဓော-အမျက်၊ လောဘော-လိုချင်ခြင်း၊ ဒေါသော-အမျက်၊ သမ္ဗောဓော-ကောင်းစွာသိခြင်း

(၁၁) ကုမ္ဘကာရော-အိုးကိုပြုလုပ်သောသူ၊ ရာဂေါ-တက်မက်ခြင်း၊ စာဂေါ-စွန့်ခြင်း၊ ပါကော-ချက်ခြင်း၊ ဘောဘော-စည်းစိမ်၊ လာဘော-ရခြင်း၊ ပမာဒေါ-မေ့လျော့ခြင်း၊

(၁၂) ဘဝနံ-ဖြစ်ခြင်း၊ ဉာဏံ-သိတတ်သောဉာဏ်၊ ဝစနံ-ဆိုကြောင်းစကား၊ ဘောဇနံ-စားအပ်သောဘောဇဉ်၊ ဌာနံ-တည်ရာ၊ ဒါနံ-ပေးလှူခြင်း၊ ပါနံ-သောက်ခြင်း
ဃောသနော-ကြွေးကြော်လေ့ရှိသောသူ၊ (တဿီလတ္ထ) ကောဓနော-အမျက်ထွက်လေ့ရှိသောသူ၊
ဖန္ဒနော-အမျက်ထွက်လေ့ရှိသောသူ၊ မဏ္ဍနော-တန်ဆာဆင်လေ့ရှိသောသူ၊
ဇောတနော-ထွန်းပလေ့ရှိသောသူ၊ ဝဍ္ဎနော-ပွားလေ့ရှိသောသူ၊

(၁၃) ဘာဝီ-ဖြစ်လေ့ရှိသောသူ၊ စာဂီ-စွန့်ကြဲလေ့ရှိသောသူ၊ ဓမ္မဝါဒီ-တရားကို ဆိုလေ့ရှိသောသူ၊
ဗြဟ္မစာရီ-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသောသူ၊ သီဃယာယီ-လျင်မြန်စွာသွားလေ့ရှိသောသူ၊
ဘယဒဿာဝီ-ဘေးကိုရှုလေ့ရှိသောသူ၊(တဿီလတ္ထ)
ပဏ္ဍိတမာနီ-ပညာရှိဟု မိမိကိုယ်ကို မှတ်ထင်သော/သူ (အတ္တမာနီ)
အတ္တမာနီ-အတ္တဟုမှတ်ထင်သော/သူ

| ပစ္စည်း | သာဓနေ | ကာလ |
|---|---|---|
| (၁၄) ရု, ရူ | တဿီလတ္ထ ကတ္တား | ကာလသုံးပါး |
| (၁၅) ဏု, ဏူ | တဿီလတ္ထ ကတ္တား | ကာလသုံးပါး |
| (၁၆) ဏိ ဏီ ဏွု တု | တဿီလတ္ထ ကတ္တား | အနာဂတ် |
| (၁၇) က္ဂိ | ကတ္တား အဓိကရဏ | ကာလသုံပါး |

---

**ပုံစံများ**

(၁၄) ဘိက္ခု–တောင်းလေ့ရှိသောရဟန်း(ဘိက္ခ+ရု)၊ စက္ခု–မျက်စိ(စက္ခ+ရု)၊ ဗန္ဓု–ဆွေမျိုး(ဗန္ဓ+ရု)၊ သဗ္ဗညူ–အလုံးစုံကို သိသောသူ(ဉာ+ရူ) လောကဝိဒူ–လောကကိုသိသောဘုရား(ဝိဒ+ရူ) ဝိဒူ–ပညာရှိ(ဝိဒ+ရူ) ဘူနဟု–ကြီးပွားခြင်းကို ဖျက်ဆီးတတ်သောသူ(ဟန+ရု) ပါရဂူ–တဘက်ကမ်းသို့ရောက်တတ်သူ(ဂမု+ရူ) ဝေဒဂူ–ဗေဒင်ကိုတတ်သောသူ(ဂမု+ရူ)

(၁၅) ကာရု–ပြုတတ်သောလက်သမား(ကရ+ဏု) ဒါရု–ခွဲအပ်သောသစ်သား(ဒရ+ဏု) ပဘင်္ဂူ–ပျက်စီးတတ်သောတရား(ဘန္ဇ+ဏူ)

(၁၆) ဂါမိ–သွားလတ့်သောသူ(ဏိ) အာဂါမီ–လာလတ့်သောသူ(ဏီ) ကာရကော–ပြုလတ့်သောသူ(ဏွု) ကတ္တာ–ပြုလတ့်သောသူ(တု) ကာရိ, ကာရီ, ကာရကော, ကတ္တာ–ပြုလတ့်သောသူ

(၁၇) မာရဇိ–မာရ်ကိုအောင်တတ်သောဘုရား(ဇိ+က္ဂိ) သယမ္ဘူ–အလိုလိုပွင့်တော်မူတတ်သောဘုရား(ဘူ+က္ဂိ) တုရင်္ဂေါ–လျင်စွာသွားတတ်သောမြင်း(ဂမု+က္ဂိ) ကမ္မဇံ–ကံကြောင့်ဖြစ်သည်(ဇန+က္ဂိ) ဒါနဂ္ဂံ–လှူဖွယ်ကိုယူရာ အလှူတင်းကုတ်(အဓိကရဏ)သလာကဂ္ဂံ–စားရေးတံ ယူရာအရပ်

**(သဒ္ဒသံခိပ်အဖြေ ၁၂၉–၁၅၄ ကောက်နုတ်ချက်)**

## ကြိယာဝိသေသနအကြောင်း

ကာရကကို အထူးပြုတတ်သော (ထူးခြားအောင်ပြုတတ်သော) သဒ္ဒါသည် "ကာရကဝိသေသန"မည်သကဲ့သို့ ကြိယာကို အထူးပြုတတ်သော(ထူးခြားအောင်ပြုတတ်သော)သဒ္ဒါသည် ကြိယာဝိသေသနမည်၏။

ပုံစံ - မုဒုံ ပစတိ တည်း။

**ရှင်လင်းချက်**။ ။ တပသာ ဥတ္တမော ဟူသောပါဌ်၌ အကျင့်အားဖြင့်-ဟု အနက်မြန်မာပြန်ဆိုရသော တပသာ-သဒ္ဒါသည် ဥတ္တမော-ဟူသော ဝိသေသျသဒ္ဒါကို အမျိုးအားဖြင့် မြတ်ခြင်းအစရှိသည်မှ အထူးပြုတတ်သောကြောင့် ကာရကဝိသေသနမည်သကဲ့သို့ မုဒုံ ပစတိ-ဟူသောပါဌ်၌ မုဒုံ-နူးညံ့စွာ(ဝါ)နူးညံ့အောင် (ဝါ)နူးနူးနပ်နပ် ပစတိ-ချက်၏။ မုဒုံသဒ္ဒါသည် ပစတိဟူသော ကြိယာကို မနူးမနပ်ချက်ခြင်း (ပျော့အောင်၊ တူးအောင်၊ မနပ်အောင်ချက်ခြင်း)မှ အထူးပြုတတ်သောကြောင့် **ကြိယာဝိသေသန**မည်၏။

## ကြိယာဝိသေသန၏အခြားအမည်များ

ထိုကြိယာဝိသေသနကို လောကီသက္ကတသဒ္ဒါကျမ်းတို့၌ 'ဓာတုဝိသေသန'အမည်ဖြင့်လည်းကောင်း၊ သာသနာတော်ကျမ်း၌ 'ဘာဝနပုံ'အမည်ဖြင့်လည်းကောင်း ခေါ်ဝေါ်သုံးနှုန်းသည်။

## ကြိယာဝိသေသနဆိုင်ရာ မြန်မာအသံ

အို-ဟယ် စသော အာလုပ်ပုဒ်များနှင့် လျောက်- လျက်- စွာ- သဖြင့်- အားဖြင့်- ၍- ရကား- တကွ- ပဲ- အမြဲ- ပြီး၍- ဖြောင့်ဖြောင့်- ကောက်ကောက်ကွေ့ကွေ့- လေးလေးလံလံ- နှေးနှေးကွေးကွေး- ထိုင်းထိုင်းမှိုင်းမှိုင်း- ရှိရှိသေသေ- လေးလေးစားစား- မရှိမသေ- မလေးမစား စသော များပြားလှသော မြန်မာဝေါဟာရများသည် ကြိယာဝိသေသနဆိုင်ရာ မြန်မာအသံများ ဖြစ်ကြသည်။

## ကြိယာဝိသေသနပုံစံများ

| | |
|---|---|
| မဟာရာဇ-အိုးမင်းမြတ် | သမေန-ညီညွတ်သဖြင့်၊ ညီညီညွတ်ညွတ် |
| လာဘ-ဟယ်ဘီလုံးငှက် | ယေဘုယျေန-များသောအားဖြင့် |
| ဘော သေလ-အချင်းကျောက်ဖျာ | အာမိသာနုဂ္ဂဟေန-အာမိသဖြင့် ချီးမြှောက်ခြင်းအားဖြင့် |
| ဘိက္ခဝေ-ရဟန်းတို့ | နိဗ္ဗုရုံ-တင်းကျပ်စွာ |
| တာတ-ချစ်သား, သားသား | ခိပ္ပံ-လျင်မြန်စွာ |
| အမ္မ-အိုအမိ, မိခင် | ဗဟုသော-ကြိမ်ဖန်များစွာ |

သုခံ–ချမ်းသာစွာ
သုခတရံ–အလွန်လွယ်ကူစွာ
သာဒရံ–တရိုတသေ
ခေမန္တံ–သင့်အပ်လျောက်ပတ်စွာ
အဘိဏှံ–မပြတ်
နိစ္စံ–အမြဲ
နိစ္စကပ္ပံ–အမြဲလိုလို
မုဟုတ္တံ–တအောင့်လောက်
ခဏံခဏံ–ဖြုတ်ချည်းရုတ်ချည်း
ယထာဗလံ–မိုက်သည့်အလျောက်
ယထာမုဠှံ–တွေဝေသည့်အလျောက်
ဇာနံ–သိလျက်
သဟသာ–အဆောတလျင်, ကပ္ပာကယာ
သုဂုတ္တံ–လုံလုံခြုံခြုံ
မောနံ–တိတ်တိတ်ဆိတ်ဆိတ်
ပကာသံ–ပွင့်ပွင့်လင်းလင်း
ဂစ္ဆန္တော–သွားလျက်
ဒဿေန္တော–ပြလိုရကား၊ ပြလိုသည်ဖြစ်၍
အနိစ္စတော–မမြဲသောအားဖြင့်
စိရံ–ကြာမြင့်စွာ
တုရိတံ–လျင်မြန်စွာ
ယထာအကုသလံ–မလိမ္မာသည့်အလျောက်

## ကြိယာဝိသေသနအမျိုးအစား

ကြိယာဝိသေသနသည် (၁) ဗဟိဒ္ဓကြိယာဝိသေသန (၂) အဗဟိဒ္ဓကြိယာဝိသေသန ဟု နှစ်ပါးအပြားရှိ၏။ ထိုတွင် အာလုပ်သဒ္ဒါအပေါင်းသည် ကြိယာမှအပဖြစ်သောကြောင့် ဗဟိဒ္ဓါကြိယာဝိသေသနမည်၏။ မုဒုံ ပစတိ အစရှိသောပါဠ်၌ မုဒုံအစရှိသောသဒ္ဒါသည် ကြိယာအတွင်းဖြစ်သောကြောင့် အဗဟိဒ္ဓါကြိယာဝိသေသနမည်၏။

ထိုတွင် အဗဟိဒ္ဓါကြိယာဝိသေသနသည်

(၁) ပထမာကြိယာဝိသေသန
(၂) ဒုတိယာကြိယာဝိသေသန
(၃) တတိယာကြိယာဝိသေသန
(၄) ဆဋ္ဌီကြိယာဝိသေသန ဟု လေးပါးအပြားရှိ၏။

ထိုတွင် (၁) ပထမာဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနသည် ပထမာကြိယာဝိသေသနမည်၏။

ပုံစံကား – သုခံ သယတိ စသည်တည်း။ ဤ၌ သုခံ–ဟူသော ကြိယာဝိသေသနသည် ပထမာဝိဘတ်အဆုံးရှိသောကြောင့် ပထမာကြိယာဝိသေသနမည်၏။

(၂) ဒုတိယာဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနသည် ဒုတိယာကြိယာဝိသေသနမည်၏။

ပုံစံကား – မုဒုံ ပစတိ – စသည်တည်း။ ဤ၌ မုဒုံ–ဟူသော ကြိယာဝိသေသနသည် ဒုတိယာဝိဘတ်အဆုံးရှိသောကြောင့် ဒုတိယာကြိယာဝိသေသနမည်၏။

(၃) တတိယာဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနသည် တတိယာကြိယာဝိသေသနမည်၏။

ပုံစံကား – ဧကာဟေနေဝ ပါယာသိ – စသည်တည်း။ ဤ၌ ဧကာဟေန–ဟူသော ကြိယာဝိသေသနသည် တတိယာဝိဘတ်အဆုံးရှိသောကြောင့် တတိယာကြိယာဝိသေသနမည်၏။ ၎င်းကို (ကြိယာကို လျင်စွာပြီးစေတတ်သောကြောင့်) ကြိယာပဝဂ္ဂဟုလည်း ခေါ်ဝေါ် သုံးနှုန်းသည်။

(၄) ဆဋ္ဌီဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနသည် ဆဋ္ဌီကြိယာဝိသေသနမည်၏။

ပုံစံကား – ပါဒဿ ဥက္ခိပနံ – စသည်တည်း။ ဤ၌ ပါဒဿ–ဟူသော ကြိယာဝိသေသနသည် ဆဋ္ဌီဝိဘတ်အဆုံးရှိသောကြောင့် ဆဋ္ဌီကြိယာဝိသေသနမည်၏။

ထိုတွင် အမှတ် (၁)နှင့်(၂)တို့၌ ဝိသေသျကြိယာသည် ကတ္တားဟော ဖြစ်အံ့၊ ကြိယာဝိသေသနသည် ပထမာ ဝိသေသနဖြစ်ရာ၏။ ဝိသေသျကြိယာသည် ကံဟောဖြစ်အံ့၊ ကြိယာဝိသေသနသည် ဒုတိယာကြိယာဝိသေသနဖြစ်ရာ၏။

တနည်း။ ။ဝိသေသျကြိယာသည် အကမ္မကဓာတ်ဖြစ်အံ့၊ ကြိယာဝိသေသနသည် ပထမာကြိယာဝိသေသနဖြစ်ရာ၏။ ဝိသေသျကြိယာသည် သကမ္မကဓာတ်ဖြစ်အံ့၊ ကြိယာဝိသေသနသည် ဒုတိယာကြိယာဝိသေသနဖြစ်ရာ၏။

## ရှင်လင်းချက်

## ဒုတိယာကြိယာဝိသေသနဖြစ်ပုံ

မုဒုံ ပစတိ၌ မုဒုံဟူသော ကြိယာဝိသေသနသည် နပုံလိန်ဧကဝုစ် ဒုတိယာဝိဘတ်အဆုံးရှိသောပုဒ် ဖြစ်သည်။ ဖြစ်ပုံမှာ–အလုံးစုံသောဓာတ်တို့၏အနက်ကို ကရဓာတ်အနက်ကို ပျံ့နှံ့သောကြောင့် သကမ္မကဓာတ်ဖြင့် ပြီးသော ပစတိကြိယာကို ပစတိ– 'ပစနံ ကရောတိ' ဟု သကမ္မကဓာတ်ဖြင့် ဖွင့်ပြနိုင်၏။ ဤ၌ ပစနံသည် ချက်ခြင်းကြိယာသာမညကို ဟော၏။ ထိုသို့ သာမညကို ဟောရာ၌ နပုံလိန်ဖြင့်သာ ညွှန်ပြရိုးရှိသည်။ သာမညဖြစ် သောကြောင့် ဧကဝုစ်ဖြင့်လည်း ညွှန်ပြရသည်။ ဝိသေသနဖြစ်သော မုဒုံသည်လည်း ပစနံပုဒ်ကဲ့သို့ပင် နပုံလိန်ဧကဝုစ် ဒုတိယာဝိဘတျန္တ ဖြစ်ရတော့သည်။

## ပထမာကြိယာဝိသေသနဖြစ်ပုံ

ဘူဓာတ် ကရဓာတ်တို့သည် ဓာတ်နက်အားလုံးတို့၌ ပျံ့နှံ့သော ဓာတ်မင်းများဖြစ်ကြသောကြောင့် သကမ္မကဓာတ်ဖြင့်ပြီးသော ပစတိဟူသော ကြိယာကိုပင် ပစတိ–ပစနံ ဘဝတိဟု အကမ္မကဘူဓာတ်ဖြင့် ဖွင့်ဆိုနိုင်၏။ ဤ၌ ပစနံသည် ပထမန္တဖြစ်သကဲ့သို့ မုဒုံသည်လည်း ပထမန္တပင်ဖြစ်နိုင်သေးသည်။

အလားတူပင် သုခံ သယတိ၌ သယတိ–ဟူသော အကမ္မကဓာတ်ဖြင့်ပြီးသော ကြိယာကို သယတိ–သယနံ ဘဝတိ(အိပ်ခြင်းသည် ဖြစ်၏)ဟု အကမ္မကဓာတ်ဖြင့် ဖွင့်ဆိုလျှင် သုခံ–သည် ပထမာကြိယာဝိသေသနဖြစ်၏။

သယတိ၊ သယနံ ကရောတိ–ဟု ဖွင့်ဆိုလျှင် သုခံသည် သယနံ ကရောတိ၌ သယနံကဲ့သို့ ဒုတိယာကြိယာဝိသေသနဖြစ်နိုင်သည်။

ကြိယာဝိသေသန၌ 'ၡ' အနက်ပေး

ကြိယာကို အထူးပြုသော ကြိယာဝိသေသနတို့၌ ပုဗ္ဗကာလဖြစ်စေ အပရကာလဖြစ်စေ သမာနကာလဖြစ်စေ 'ၡ'ဟု အနက်ပေးရသည်။ အချို့ ရကား–လည်း ပေးရသေးသည်။ ဟိတ်အနက်သက်ပါက 'ၡ–ရကား–ကြောင့်'ဟု ပေးရသည်။

## ကြိယာဝိသေသနသုံးမျိုး

ကြိယာဝိသေသနသည် (၁) ပုဗ္ဗကာလကြိယာဝိသေသန (၂) အပရကာလကြိယာဝိသေသန (၃) သမာနကာလကြိယာဝိသေသန–အားဖြင့် သုံးမျိုးအပြားရှိ၏။

ထိုတွင် (၁) နောက်ကာလ၌ ဖြစ်လတ့်သော ကြိယာတခုကို အထူးပြုတတ်သော ရှေးကာလ၌ ဖြစ်ပြီးသော ကြိယာဝိသေသနသည် (ဝါ) ကြိယာနှစ်ခုပြိုင်လျှက်ရှိနေရာဝယ်နောက်ကြိယာကို အထူးပြုတတ်သော ရှေးဖြစ်သော ကြိယာ ဝိသေသနသည် ပုဗ္ဗကာလကြိယာဝိသေသနမည်၏။

ပုံစံကား – အဟံ အဘိဝန္ဒိယ ဝက္ခာမိ စသည်တည်း။

(ငါသည် ရှိခိုးပြီး၍ ဆိုပေအံ့) ဤ၌ရှေးဖြစ်သော ရှိခိုးခြင်းကြိယာက နောက်ဖြစ်သောဆိုခြင်းကြိယာကို အထူးပြုတတ်သောကြောင့် ရှေးဖြစ်သော ရှိခိုးခြင်းဟူသော အဘိဝန္ဒိယကြိယာသည် ပုဗ္ဗကာလကြိယာဝိသေသနမည်၏။

(၂) ရှေးကာလ၌ ဖြစ်ခဲ့ပြီးသော ကြိယာတစ်ခုကို အထူးပြုတတ်သော နောက်ကာလ၌ဖြစ်လတ္တံ့သော ကြိယာဝိသေသနသည် အပရကာလကြိယာဝိသေသနမည်၏။

ပုံစံကား – ပုရိသော ဒွါရံ ပိဒဟိတွာ နိက္ခမိ – စသည်တည်း။

(ယောကျ်ားသည် တံခါးကို ပိတ်လတ္တံ့ဖြစ်၍ (ဝါ) ပိတ်တော့မည်ဖြစ်၍ ထွက်၏) ဤ၌ ယောကျ်ားသည် တံခါးကို ပိတ်မည်ဟု ကြံ၍ ရှေးဦးစွာထွက်၏။ ထွက်ခြင်းကြိယာက ရှေးဖြစ်၍ ပိတ်ခြင်းကြိယာက နောက်ကျနေသဖြင့် ပိဒဟိတွာ ကြိယာဝိသေသနသည် အပရကာလကြိယာဝိသေသနမည်၏။။

(၃) တူမျှသောကာလ၌ ဖြစ်နေသော ကြိယတစ်ခုကို အထူးပြုတတ်သော တူမျှသောကာလ၌ ဖြစ်နေသော ကြိယာဝိသေသနသည် သမာနကာလကြိယာဝိသေသနမည်၏။

ပုံစံကား – ဒဏ္ဍော တက္ကစ္စ ပတတိ စသည်တည်း။

(တုတ်သည် တက်တက်မည်၍ ကျ၏) ဤ၌ လေ့ကားစသည်၌ တုတ်ကျသွားသည့်အခါ 'တက်တက်မည်ခြင်း' ကြိယာနှင့် 'ကျခြင်း' ကြိယာ ကာလပြိုင်တူဖြစ်သောကြောင့် တက္ကစ္စဟူသော ကြိယာဝိသေသနသည် သမာနကာလ ကြိယာဝိသေသန မည်၏။

## ကြိယာဝိသေသန ကြိယာဝိသေသျတို့၏ ကတ္တား တူ / မတူ

အဟံ အဘိဝန္ဒိယ ဝက္ခာမိ၌ ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော ကတ္တားကား ကျမ်းပြုဆရာ၏ သဒ္ဓါ စေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တည်း။ ကျမ်းကို ဆိုခြင်းကြိယာ၏ ကတ္တားကား ကျမ်း၏အနက်ကို ဆင်ခြင်သော သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တည်း။ ယင်းသို့ စိတ္တုပ္ပါဒ်ကွဲပြားရကား သတ္တိဖြစ်သော ကတ္တားလည်း ကွဲသင့်သည်။ ယင်းသို့ ကွဲသင့်လျက် ကျမ်းဆရာတို့သည် ကျမ်းဦးအစ ပဏာမ၌ အဟံ-ဟူသော ကတ္တားတစ်ခုတည်း ကိုပင် အဘိဝန္ဒိယဟူသော ကြိယာဝိသေသန၌လည်းကောင်း၊ ဝက္ခာမိဟူသော ကြိယာဝိသေသန၌လည်းကောင်း စပ်ကြကုန်၏။ ထိုသို့စပ်ခြင်းသည် ကတ္တားတူ၍ စပ်သလော, ကတ္တားမူဘဲ စပ်သလော (ဝါ) ကတ္တားတစ်ပါးတည်း ဖြစ်သင့်သလော, ကတ္တားနှစ်ပါး ဖြစ်သင့်သလောဟု မေးဖွယ်ရှိ၏။

### ကတ္တားတူယေဘုယျ

ကတ္တားတူသည်ဟု အရှင်ကစ္စည်း ဆရာကိုယ်တိုင် ပုဗ္ဗကာလေကကတ္တုကာနံ တုန တွာန တွာ-ဟု သုတ်တည်၍ ဖြေကြားခဲ့သည်။

အဘယ့်ကြောင့် ကတ္တားတူဟု ဆိုသနည်းဟူမူ သတ္တိမုချေန ကာရကံ ဟူသည်နှင့်အညီ ကြိယာနပ္ပါနသတ္တိ သည်သာလျှင် ကတ္တားမည်သည်။ ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော သတ္တိလည်းတခြား, ကျမ်းကိုဆိုခြင်းကြိယာ ကို ပြီးစေတတ်သော သတ္တိလည်းတခြား မဟုတ်ပါလော။ ယင်းသို့ သတ္တိတခြားစီပြားပါလျက် အရှင်ကစ္စည်းဆရာသည် အဘယ့်ကြောင့် ကတ္တားတူဟုဆိုအပ်ပါသနည်းဟု မေးအံ့၊ ဒဗ္ဗံ ဌာနျုပစာရေန ဟူသည်နှင့်အညီ ရှိခိုးရှင်းကြိယာကို ပြီးစေတတ်သော ကာရကလည်း ကျမ်းဆရာပင်ဖြစ်သည်၊ ကျမ်းကိုဆိုခြင်းကြိယာကို ပြီးစေတတ်သော ကာရကလည်း ကျမ်းဆရာပင်ဖြစ်သောကြောင့် ကတ္တားတူဟု ဆိုသည်။

### ကတ္တားမတူ အပွက

အရှင်ကစ္စည်းမိန့်သော ကြိယာဝိသေသန ကြိယာဝိသေသျတို့သည် ကတ္တားတူသော စကားသည် ယေဘုယျနည်းအားဖြင့်သာ ဖြစ်သည်။ အပွကအားဖြင့် ကတ္တားမတူ(ကတ္တားကွဲ)သည်လည်း ရှိသေး၏။

ပုံစံ - ဇဝနပ္ပိ အနုပ္ပဗ္ဗိတွာ ဒွိတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ - စသည်တည်း။

ဤ၌ အနုပ္ပဗ္ဗိတွာ ဟူသော ပုဗ္ဗကာလကြိယာ၏ ကတ္တားကား ဇဝနံ-တည်း။ ပဝတ္တိ-ဟူသော အပရကာလ ကြိယာ၏ ကတ္တားကား ဝေါဋ္ဌဗ္ဗနံ-တည်း။ ထို့ကြောင့် အပွကအားဖြင့် ကတ္တားမတူ(ကတ္တားကွဲ)သည်လည်းရှိသေး၏။

## ကျမ်းညှိပုံ

ယင်းသို့ကတ္တားမတူသောနေရာမျိုး၌ မိမိကြိယာဝိသေသန၏ ကတ္တားကို ဇဝနသဿပိဟု သမ္ဗန်ပြင်ထား၍ မိမိကြိယာဝိသေသနကို အနုပ္ပဗ္ဗနတော–ဟု ဟိတ်ပြင်ကာ အနက်ပေးလိုက်လျှင် ဇေကကတ္တုကဆိုသောစကားနှင့် တပြေးတည်း ညီသွားမည်ဖြစ်ပေသည်။

## ဝိသေသနကြိယာ၏ ဝုစ်သင်္ချာထားနည်း

ဝိသေသနကြိယာ၏ ဝုစ်သင်္ချာသည် ဝိသေသျကြိယာ၏ ဝုစ်သင်္ချာအတိုင်းသာ ထားရှိရသည်။

## ကြိယာဝိသေသနပုဒ်များ

ဓာတ်၏နောက်၌ တုန တွာန တွာ ပစ္စည်းများ ဆက်သွယ်ထားပါလျှင် ကြိယာဝိသေသနပုဒ် ဖြစ်လာရသည်။ တုန တွာန တွာ ပစ္စည်းတို့တွင် တွာပစ္စည်း ဆက်ထားသော ပုဒ်များသာ အသုံးများသည်။

**ပုံစံများ**

| | |
|---|---|
| ဂမု+တွာ= ဂန္ဒွာ–သွား၍ | ပစ+တွာ=ပစိတွာ–ချက်၍ |
| ကရ+တွာ= ကတွာ–ပြု၍ | ဘုဇ+တွာ=ဘုဥ္စိတွာ–စား၍ |
| သု+တွာန=သုတွာန–ကြားနာ၍ | ကရ+တုန=ကာတုန–ပြု၍ |
| သိ+တွာ=သယိတွာ–အိပ်၍ | ပါ+တွာ=ပိဝိတွာ–သောက်၍ |
| နိ+သဒ+တွာ=နိသီဒိတွာ–ထိုင်နေ၍ | ဥပ+သံ+ကမု+တွာ=ဥပသင်္ကမိတွာ–သွား၍ |

အချို့သောဓာတ်၏ရှေ့၌ ဥပသဂ္ဂပုဒ်များ ဆက်သွယ်သော် တွာပစ္စည်းသည် ယ–အဖြစ်သို့ အသွင်ပြောင်းလဲလာသည်။

**ပုံစံများ**

| | |
|---|---|
| ဝိ+အာ+ဒါ+တွာ=ဗျာဒါယ–ဖွင့်ဟ၍ | အဘိ=ဝန္ဒ+တွာ=အဘိဝန္ဒိယ–ရှိခိုး၍ |
| အာ+ဒါ+တွာ=အာဒါယ–ယူ၍ | ပ+ဟာ+တွာ=ပဟာယ–ပယ်၍ |
| ဝိ+ဓာ+တွာ=ဝိဓာယ–စီရင်၍ | ဥ+ဌာ+တွာ=ဥဋ္ဌာယ–ထ၍ |

## ကြိယာဝိသေသနပါရှိသည့် ပါဠိဝါကျများ

(၁) ဘာဂိနေယျော ဖလံ ဣစ္ဆိတွာ ဥယျာနံ **ခိပ္ပံ** ဂစ္ဆတိ။
(၂) ပဏ္ဍိတော ဓနံ ရက္ခိတွာ **သက္ကစ္စံ** ဒါနံ ဒေတိ။
(၃) မုနိ နဂရံ ဂန္တွာ ဓမ္မံ **ဗဟုံ** ဒေသေတိ။
(၄) မနုဿာ ရတ္တိယံ ဗုဒ္ဓံ **သာဒရံ** အဘိဝန္ဒိယ သယိံသု။
(၅) သူဒေါ တဏ္ဍုလံ ဂဟေတွာ **မုဒုံ** ပစတိ။
(၆) သာမဏေရော **ခေမန္တံ** နိသီဒိတွာ ဗုဒ္ဓဿ သမ္မုခေ ဂန္ထံ သဇ္ဈာယန္တိ။
(၇) ဥပဇ္ဈာယော သဒ္ဓိဝိဟာရိကာနံ **အာမိသာနုဂ္ဂဟေန** အနုဂ္ဂဟေသိ။
(၈) နာမရူပါနိ **အနိစ္စတော** ပဿ။
(၉) အစ္စယော မံ ဘန္တေ အစ္စဂမာ **ယထာဗာလံ ယထာမူလံ ယထာအကုသလံ**။
(၁၀) ဒါရကော **ဂစ္ဆန္တော** ဖလံ ခါဒတိ။

(၁) ဘာဂိနေယျော–တူသည်၊ ဖလံ–အသီးကို၊ ဣစ္ဆိတွာ–အလိုရှိ၍၊ ဥယျာနံ–ဥယျာဉ်သို့၊ ခိပ္ပံ–လျင်မြန်စွာ၊ ဂစ္ဆတိ–သွား၏။ (၂) ပဏ္ဍိတော–ပညာရှိသည်၊ ဓနံ–ဥစ္စာကို၊ ရက္ခိတွာ–စောင့်ရှောက်၍၊ သက္ကစ္စံ–ရိုသေစွာ၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ (၃) မုနိ–ရဟန်းသည်၊ နဂရံ–မြို့သို့၊ ဂန္တွာ–ကြွ၍၊ ဓမ္မံ–တရားကို၊ ဗဟုံ–များစွာ၊ ဒေသေတိ–ဟော၏။ (၄) မနုဿာ–လူတို့သည်၊ ရတ္တိယံ–ညဉ့်၌၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သာဒရံ–ရိုသေစွာ၊ အဘိဝန္ဒိယ–ရှိခိုးပြီး၍၊ သယိံသု–အိပ်ကြကုန်ပြီ။ (၅) သူဒေါ–စဖိုမှူးသည်၊ တဏ္ဍုလံ–ဆန်ကို၊ ဂဟေတွာ–ယူ၍၊ မုဒုံ–နူးနပ်အောင်၊ ပစတိ–ချက်၏။ (၆) သာမဏေရော–ကိုရင်သည်၊ ခေမန္တံ–သင့်တင့်လျောက်ပတ်စွာ၊ နိသီဒိတွာ–ထိုင်၍၊ ဗုဒ္ဓဿ–မြတ်စွာဘုရား၏၊ သမ္မုခေ–မျက်မှောက်၌၊ ဂန္ထံ–ကျမ်းစာကို၊ သဇ္ဈာယန္တိ–ရွတ်အံကုန်၏။ (၇) ဥပဇ္ဈာယော–ဥပဇ္ဈာယ်ဆရာသည်၊ သဒ္ဓိဝိဟာရိကာနံ–အတူနေတပည့်တို့အား၊ အာမိသာနုဂ္ဂဟေန–အာမိသဖြင့် ချီးမြှောက်ခြင်းအားဖြင့်၊ အနုဂ္ဂဟေသိ–ချီးမြှောက်ပြီ။ (၈) နာမရူပါနိ–နာမ်ရုပ်တို့ကို၊ အနိစ္စတော–အနိစ္စအားဖြင့်၊ ပဿ–ရှုလော့။ (၉) ဘန္တေ–အရှင်ဘုရား၊ ယထာဗာလံ–မိုက်မဲသည့်အလျောက်၊ ယထာမူဠှံ–တွေဝေသည့်အလျောက်၊ ယထာအကုသလံ–အကုသိုလ်အလျောက်၊ အစ္စယော–အပြစ်သည်၊ မံ–တပည့်တော်အပေါ်သို့၊ အစ္စာဂမာ–လွှမ်းမိုး၍ ရောက်ပါပြီ။ (၁၀) ဒါရကော–ကလေးသည်၊ ဂစ္ဆန္တော–သွားလျက်၊ ဖလံ–အသီးကို၊ ခါဒတိ–စား၏။

(ကြိယာဝိသေသနအကြောင်း ပထမကြီးတန်း ပါဠိသဒ္ဒါ အသုံးအနှုန်း ၇၉–၉၀)

သာဝတ္ထိယံ ကိရ မဟာသုဝဏ္ဏော နာမ ကုဋုမ္ဗိကော အဟောသိ အဍ္ဎော မဟဒ္ဓနော မဟာဘောဂေါ အပုတ္တကော။ သော ဧကဒိဝသံ နှာနတိတ္ထံ ဂန္တွာ နှတွာ အာဂစ္ဆန္တော အန္တရာမဂ္ဂေ သမ္ပန္နပတ္တသာခံ ဧကံ ဝနပ္ပတိံ ဒိသွာ “အယံ မဟေသက္ခာယ ဒေဝတာယ ပရိဂ္ဂဟိတော ဘဝိဿတီ”တိ တဿ ဟေဋ္ဌာဘာဂံ သောဓာပေတွာ ပါကာရပရိက္ခေပံ ကာရာပေတွာ ဝါလုကံ ဩကိရာပေတွာ ဓဇပဋာကံ ဥဿာပေတွာ ဝနပ္ပတိံ အလင်္ကရိတွာ အဉ္ဇလိံ ကရိတွာ “သစေ ပုတ္တံ ဝါ ဓီတရံ ဝါ လဘေယျံ၊ တုမှာကံ မဟာသက္ကာရံ ကရိဿာမီ”တိ ပတ္ထနံ ကတွာ ပက္ကာမိ။ (ဓမ္မပဒ အဋ္ဌကထာ ပ ၂)

ကိရ–ချဲ့ဦးအံ့၊ သာဝတ္ထိယံ–သာဝတ္ထိမြို့၌၊ အဍ္ဎော–သုံးဆောင်ခံစားအပ်သော ကာမဂုဏ်, ထိုကာမဂုဏ်၏ အဆောက်အအုံတို့ဖြင့် လောက်လုံကြွယ်ဝသော၊ [“အဍ္ဎော–ကြွယ်ဝသော”ဟု အလွယ်ပေးနိုင်သည်၊] မဟဒ္ဓနော–မြေဝယ်မြှုပ်ထား, များသောဥစ္စာရှိသော၊ မဟာဘောဂေါ–နေ့စဉ်အမြဲ, သုံးစွဲအပ်သော များသော အသုံးအဆောင်ရှိသော၊ အပုတ္တကော–သားသမီးမရှိသော၊ မဟာသုဝဏ္ဏောနာမ–မဟာသုဝဏ္ဏမည်သော၊ ကုဋုမ္ဗိကော–သူကြွယ်သည်၊ အဟောသိ–ရှိခဲ့ပြီ။ သော–ထိုမဟာသုဝဏ္ဏသူကြွယ်သည်၊ ဧကဒိဝသံ–တစ်ခုသောနေ့၌၊ နှာနတိတ္ထံ–ရေချိုးဆိပ်သို့၊ ဂန္တွာ–သွား၍၊ နှတွာ–ရေချိုးပြီး၍၊ အာဂစ္ဆန္တော–ပြန်လာလသော်၊ အန္တရာမဂ္ဂေ–လမ်းခရီး၏ အကြား၌၊ သမ္ပန္နပတ္တသာခံ–ပြည့်စုံသော အရွက်အခက်ရှိသော၊ ဝါ–အရွက်အခက်နှင့်ပြည့်စုံသော၊ ဧကံ–တစ်ပင်သော၊ ဝနပ္ပတိံ–တောစိုးသစ်ပင်ကို၊ (တော၏ အကြီးဆုံးဖြစ်သောသစ်ပင်ကို)၊ ဒိသွာ–မြင်၍၊ “အယံ–ဤတောစိုးသစ်ပင်သည်၊ ဝါ–ကို၊ မဟေသက္ခာယ–ကြီးသောအစိုးရသူဟု ဆိုအပ်သော၊ ဝါ–တန်ခိုးကြီးသော၊ ဒေဝတာယ–နတ်သည်၊ ပရိဂ္ဂဟိတော–သိမ်းပိုက်အပ်သည်၊ ဘဝိဿတိ–ဖြစ်လိမ့်မည်၊” ဣတိ–ဤသို့တွေး၍၊ တဿ–ထိုတောစိုးသစ်ပင်၏၊ ဟေဋ္ဌာဘာဂံ–အောက်အဖို့ကို၊ (အောက်ပိုင်းကို)၊ သောဓာပေတွာ–ရှင်းလင်းစေ၍၊ ပါကာရပရိက္ခေပံ–တံတိုင်းအကာအရံကို၊ ကာရာပေတွာ–ပြုစေ၍၊ ဝါလုကံ–သဲကို၊ဩကိရာပေတွာ–ကျဲဖြန့်စေ၍၊ ဝါ–ခင်းစေ၍၊ ဓဇပဋာကံ–တံခွန်ကုက္ကားကို၊ ဥဿာပေတွာ–စိုက်ထူစေ၍၊ ဝနပ္ပတိံ–တောစိုးသစ်ပင်ကို၊ အလင်္ကရိတွာ–တန်ဆာဆင်၍၊ အဉ္ဇလိံ–လက်အုပ်ကို၊ ကရိတွာ–ပြု၍၊ ဝါ–ချီ၍၊ “ပုတ္တံဝါ–သားကိုသော်လည်းကောင်း၊ ဓီတရံဝါ–သမီးကိုသော်လည်းကောင်း၊ သစေလဘေယျံ–အကယ်၍ရအံ့၊ (ဧဝံ သတိ–ဤသို့ရလသော်၊) တုမှာကံ–သင်တို့အား၊ ဝါ–တို့ကို၊ မဟာသက္ကာရံ–ကြီးစွာသော ပူဇော်ပသခြင်းကို၊ ကရိဿာမိ–ပြုပါမည်၊ ဣတိ–ဤသို့၊ ပတ္ထနံ–ဆုတောင်းမှုကို၊ ကတွာ–ပြု၍၊ ပက္ကာမိ–ဖဲသွားပြီ။ (ဓမ္မပဒဘာဋီ ပ ၇–၈)

## နာမဝိသေသန

အနွယ်, အမည်, အမျိုးဇာတ်, အတတ်, အရွယ်, ဂုဏ် ဤအနက် ၆-မျိုးသည် ဝိသေသန မည်သည်။ အနက်ကို အကြောင်းပြု၍ သဒ္ဒါသည်လည်း ကာရဏူပစာအားဖြင့် ဝိသေသန မည်၏။

ဂေါတ္တေန ဂေါတမော နာထော။ နာထော-မြတ်စွာဘုရားသည်၊ ဂေါတ္တေန-အနွယ်တော်အားဖြင့်၊ ဂေါတမော-ဂေါတမ,မည်တော်မူ၏။ ဤ၌ ဘုရားရှင်၏ ဂေါတမအမည်တော်သည် ဇာတ်အားဖြင့်လည်းကောင်း ဂုဏ်အားဖြင့်လည်းကောင်း ရအပ်သောအမည်တော် မဟုတ်, အနွယ်အားဖြင့် ရအပ်သော အမည်တည်း။ ဤသို့ ဂုဏ်စသည်မှ ထူးခြားအောင် ပြတတ်သောကြောင့် ဂေါတ္တေနသည် ဝိသေသနမည်၏။ ဂေါတမကား အထူးပြုအပ်သောကြောင့် ဝိသေသျ မည်၏။ ဂေါတ္တေနအရ အနွယ်တော်ရ၍ ဂေါတမောအရ ဘုရားဒြပ်ရသောကြောင့် အနက်အရ မတူရကား ဤဝိသေသနကို ဘိန္နာဓိကရဏဝိသေသနဟု ခေါ်သည်။ (ဘိန္န-ဝိသေသျနှင့် အနက်အရ ခြင်း ကွဲပြားသော + အဓိကရဏ-တည်ရာအနက်ရှိ + ဝိသေသသန)

ဤဝိသေသနပုဒ်တို့၌ 'ဖြင့်, အားဖြင့်'ဟု သင့်သလို အနက်ပေးနိုင်၏၊ စာစပ်ကား ဂေါတ္တေနကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် ဂေါတမော၌ ဘိန္နာဓိကရဏ ဝိသေသန, ဂေါတမောကား ဘိန္နာဓိကရဏဝိသေသျ။

**မောဂ္ဂလာန်နှင့် ကာတန္တ**။ "ဂေါတ္တေန ဂေါတမော" ကဲ့သို့သော ပုံစံများ၌ ဘဝတိ-ကြိယာကို သိအပ်ရအပ်သောကြောင့် ထိုကြိယာ၌ စပ်နိုင်ရကား 'ဂေါတ္တေန' စသော ဝိသေသနများနှင့် "ပကတိယာ အဘိရူပေါ" စသည်ကို ကရိဏ်းဟုပင် ဆိုသည်။ "ဂေါတ္တေန-အနွယ်တော်အားဖြင့်၊ ဂေါတမော-ဂေါတမမည်သည်၊ ဘဝတိ-ဖြစ်၏၊ ပကတိယာ-ပင်ကိုယ်အားဖြင့်၊ အဘိရူပေါ-လွန်ကဲသောအဆင်းရှိသည်၊ ဘဝတိ-ဖြစ်၏"ဟု ပေး။

**ဝိသေသနအမျိုးမျိုး**။ **ကြိယာဝိသေသန နာမဝိသေသန** ဟု ဝိသေသနနှစ်မျိုးကို ရှေးဦးစွာ မှတ်သားရာ၏။ 'သုခံ သယတိ' ချမ်းသာစွာ အိပ်ရ၏။ 'သမေန ဓာဝတိ' ညီညီညာညာ ပြေး၏။ စသည်၌ သုခံ, သမေန တို့သည် ကြိယာကို အထူးပြုသောကြောင့် ကြိယာဝိသေသနမည်၏။ မဟန္တော ပုရိသော-မြတ်သော ယောကျ်ား၊ ဂေါတ္တေန ဂေါတမော-အနွယ်အားဖြင့် ဂေါတမမည်တော်မူ၏"စသည်တို့၌ မဟန္တော, ဂေါတ္တေန တို့သည် နာမ်ပုဒ်ကို အထူးပြုသောကြောင့် နာမဝိသေသနမည်၏။

ထို**နာမဝိသေသန**ကား တုလျာဓိကရဏဝိသေသန, ဘိန္နာဓိကရဏဝိသေသန, အဘိန္နဝိသေသန, ဣတ္ထမ္ဘူတ လက္ခဏဝိသေသန, အင်္ဂဝိကာရဝိသေသန စသောအားဖြင့် များ၏။ ထိုတွင် 'မဟန္တော ပုရိသော'၌ မဟန္တော ကဲ့သို့သော ဝိသေသနသည် (မြတ်သူလည်း ယောကျ်ား, ယောကျ်ားလည်း မြတ်သူ-ဟု အရတူသောကြောင့်) တုလျာဓိကရဏဝိသေသန မည်၏။ 'ဂေါတ္တေန ဂေါတမော'၌ ဂေါတ္တေန-ကဲ့သို့သော ဝိသေသနသည် (ဂေါတ္တေနအရ အနွယ်တော်ရ၍ ဂေါတမောအရ ဘုရားရှင်ရသဖြင့် အရမတူသောကြောင့် ဘိန္နာဓိကရဏဝိသေသန မည်၏။ ပရမတ္ထတော စတုဓာ-၌ 'ပရမတ္ထတော'ကို (ပရမတ္ထတောအရ ပရမတ် ရ၍, စတုဓာအရလည်း ပရမတ္ထလေးပါး ရပြန်သဖြင့် အရမပြားသောကြောင့်) အဘိန္နဝိသေသနဟု ခေါ်၏။ "ပဋိသန္ဓိ ဘဝင် စုတိ ဝသေန တိကိစ္စာနိ နာမ - ပဋိသန္ဓိ ဘဝင် စုတိအားဖြင့် သုံးကိစ္စရှိသော စိတ်တို့မည်၏" ၌ 'ပဋိသန္ဓိဘဝင်စုတိဝသေန'သည်

သုံးကိစ္စသရုပ်ကို ဖော်ပြသောကြောင့် **သရူပချာဝိသေသန** မည်၏ဟု ဆိုကြသည်။ ဣတ္ထမ္ဘူတလက္ခဏနှင့် အင်္ဂဝိကာရတို့လည်း ဝိသေသနမှ ဖြာ၍ ထွက်လာသော နာမည်တမျိုးတည်း။ အရင်းခံမှာ ဝိသေသနပင်ဖြစ်သည်။
(ကစ္စည်းဘာဋီ ပ-၃၉၅-၇)

♠ ထူးခြားချက်ဂုဏ် တခုခုကို ဖော်ပြတဲ့ပုဒ်ကို ဝိသေသန-ဟု ခေါ်၏။ ဝိသေသနသည် တုလျာဓိကရဏ ဘိန္နာဓိကရဏဝိသေသန-ဟု နှစ်မျိုးရှိ၏။ တုလျာဓိကရဏဝိသေသနပုဒ်နောင် ဝိဘတ်ခုနစ်သွယ်လုံး သက်နိုင်၏။ **ထသော, သော-ဟု အနက်ပေးလျှင် တုလျာဓိကရဏဝိသေသန** မှတ်ပါ။ **အားဖြင့်, သဖြင့်-ဟု အနက်ပေးလျှင် ဘိန္နာဓိကရဏဝိသေသန** ဖြစ်၏။ ဂုဏ်ထူးပြပုဒ် **ဝိသေသနနှင့်** အထူးပြုခံ ဂုဏ်ပိုင်ရှင်ပုဒ် **ဝိသေသျ ဤနှစ်ခုသည် အမြဲတွဲကပ် ဆက်စပ်နေ**ကြ၏။ **တုလျာဓိကရဏဝိသေသန၌** ဂုဏ်းထူးပြုပုဒ် ဝိသေသနနှင့် အထူးပြုခံ ဂုဏ်ပိုင်ရှင်ပုဒ် ဝိသေသျတို့သည် **ဝိဘတ်ချင်း တူရ**၏။ **ဘိန္နာဓိကရဏ၌ကား ဝိဘတ်မတူ**ပါ။ ဤအချက်ကို အထူးမှတ်ပါ။ (တုလျ-တူသော၊ အဓိကရဏ-တည်ရာရှိ၊ ဘိန္န-ကွဲပြားသော၊ အဓိကရဏ-တည်ရာရှိ)
(မစိုးရိမ် ပါဠိသဒ္ဒါ ၅၅၀)

(၁) ယော **နာမေန** သာရိပုတ္တောတိ ဝိဿုတော။ (နာမဝိသေသနပုံစံ)
(၂) ဗုဒ္ဓေါ **ဇာတိယာ** ခတ္တိယော။ (အမျိုးဇာတိပုံစံ)
(၃) တဒဟု ပဗ္ဗဇိတော **ဇာတိယာ** သတ္တဝဿိကော။ (မွေးဖွားခြင်းဇာတိပုံစံ) ဇာတိနှစ်မျိုးရှိ၏ဟု မှတ်။
(၄) သော **သိပ္ပေန** နဠကာရော။ (သိပ္ပဝိသေသနပုံစံ)
(၅) **ဝယသာ** ဧကူနတိံသော။ (ဝယဝိသေသနပုံစံ)
(၆) **ဝိဇ္ဇာယ** သာဓု။ **ပညာယ** သာဓု။
**တပသာ** ဥတ္တမော။ **သုဝဏ္ဏေန** အဘိရူပေါ။ (ဂုဏဝိသေသနပုံစံများ)

(၁) ယော-အကြင်သူသည်၊ နာမေန-အမည်အားဖြင့်၊ သာရိပုတ္တောတိ-သာရိပုတြာဟူ၍၊ ဝိဿုတော-ထင်ရှား၏။ (၂) ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ ဇာတိယာ-ဇာတိအားဖြင့်၊ ခတ္တိယော-ခတ္တိယတည်း။ (၃) တဒဟု-ထိုနေ့၌၊ ပဗ္ဗဇိတော-ရှင်ရဟန်းအဖြစ်သို့ရောက်သူသည်၊ သန္တော-ဖြစ်လျက်၊ ဇာတိ-မွေးဖွားခြင်းအားဖြင့်၊ သတ္တဝဿိကော-ခုနစ်နှစ်သာရှိသေးသူတည်း။ (၃) သော-ထိုသူသည်၊ သိပ္ပေန-အတတ်အားဖြင့်၊ နဠကာရော-ကျူထရံလုပ်သူတည်း။ ဝယသာ-အရွယ်အားဖြင့်၊ ဧကူနတိံသော-တခုယုတ်သုံးဆယ်ရှိ၏။ ဝိဇ္ဇာယ-အတတ်အားဖြင့်၊ သာဓု-ကောင်းသူတည်း။ ပညာယ-ပညာအားဖြင့်၊ သာဓု-ကောင်းသူတည်း။ တပသာ-အကျင့်အားဖြင့်၊ သာဓု-ကောင်းသူတည်း။ သုဝဏ္ဏေန-ရွှေအဆင်းအားဖြင့်၊ အဘိရူပေါ-အလွန်အဆင်းလှ၏။

♠ ဂေါတမ-အမည်တော်သည် အမျိုးအားဖြင့် ရအပ်သော အမည်လည်း မဟုတ်, အရဟံ-စသော ဂုဏ်တော်အားဖြင့် ရအပ်သော အမည်လည်းမဟုတ်-ဟု အခြားသော အမည်ရခြင်း၏ အကြောင်းတို့မှ အထူးပြုတတ်သောကြောင့် ဂေါတ္တေန-ကို ဝိသေသနဟု ဆိုရသည်။ ဤတတိယာ ဝိသေသန၌ **'အားဖြင့်, သဖြင့်, ဖြင့်'** ဟု သင့်သလို အနက်ပေးကြရသည်။ (ရူဘာဋီ ၄၀၅-၆)

## ဤဝါကျများရှိ တတိယာဝိဘတ်ဆုံး ပုဒ်များသည် နာမဝိသေသနပုဒ် ဟုတ်/မဟုတ် ဆုံးဖြတ်ချက်

(၁) ပကတိယာ အဘိရူပေါ။ (၂) ယေဘုယျေန မတ္တိကာ။
(၃) သမေန ဓာဝတိ။ (၄) ဝိသမေန ဓာဝတိ။
(၅) ဒွိဒေါဏေန ဓညံ ကိဏာတိ။ (၆) သဟဿေန အဿကေ ကိဏာတိ။ (ရူ ၁၅၀)

(၁) ပကတိယာ–ပင်ကိုယ်အားဖြင့်၊ အဘိရူပေါ–အဆင်းလှသူတည်း။ (၂) ယေဘုယျေန–များသောအားဖြင့်၊ မတ္တိကာ–မြေညက်ဖြစ်သောမြေ။ (၃) သမေန–ညီညွတ်သဖြင့်၊ ဓာဝတိ–ပြေး၏။ (၄) ဝိသမေန–မညီညွတ်သဖြင့်၊ ဓာဝတိ–ပြေး၏။ (၅) ဒွိဒေါဏေန–နှစ်စိတ်ဖြင့်၊ ဓညံ–စပါးကို၊ ကိဏာတိ–ဝယ်၏။ (၆)သဟဿေန–တထောင်ဖြင့်၊ အဿကေ–မြင်းတို့ကို၊ ကိဏာတိ–ဝယ်၏။

♠ ဝိသေသနမည်သည် ဂေါတ္တနာမ စသည်ကဲ့သို့ အထူးပြုတတ်သော သတ္တိရှိရသည်။ ပကတိ စသည်တို့ကား ထိုကဲ့သို့ အထူးမပြုတတ်၍ ဝိသေသနအနက်မဟုတ်ဟု အယူရှိကြသည်။ သို့သော် "ပကတိယာ+အဘိရူပေါ=ပင်ကိုယ်အားဖြင့်+အဆင်းလှသူ" ဟု ဆိုလျှင် "န အလင်္ကာရေန+အဘိရူပေါ=တန်ဆာအားဖြင့်+လှသူမဟုတ်"ဟု တန်ဆာဆင်ခြင်းမှ အထူးပြုတတ်သည်သာ။

"ယေဘုယေန မတ္တိကာ–များသောအားဖြင့် မြေညက်ဖြစ်သည်၊ န အပ္ပကေန မတ္တိကာ–အနည်းငယ်အားဖြင့် မြေညက်မဟုတ်၊ သမေန ဓာဝတိ – န ဝိသမေန ဓာဝတိ၊ ဝိသမေန ဓာဝတိ – န သမေန ဓာဝတိ၊ ဒွိဒေါဏေန ကိဏာတိ – န ဧကဒေါဏေန ကိဏာတိ၊ သဟဿေန ကိဏာတိ – န သတာဒိနာ ကိဏာတိ"ဟု အခြားအနက်များကို တားမြစ်နိုင်သောကြောင့် ယေဘုယျေန စသည်တို့သည်လည်း ဝိသေသနဖြစ်သင့်သည်သာ။

မောဂ္ဂလာန်၌ကား "ပကတိယာ အဘိရူပေါ ဘဝတိ၊ ဂေါတ္တေန ဂေါတမော(ဂေါတမမည်သည်)ဘဝတိ" စသည်ဖြင့် ကြိယာထည့်၍ ဤ၌ ပြအပ်သော ဝိသေသနအားလုံးကိုပင် ကရဏကာရက၌ သွင်းသည်။

(ရူဘာဋီ ပ ၄၀၇)

♠ နာမ်ပုဒ်ကို စပ်လျှင် ဘိန္နာဓိကရဏဝိသေန၊ ကြိယာပုဒ်ကို စပ်လျှင် ကြိယာဝိသေသန စပ်။

(ရူ ဂဏ္ဌိ ပ ၅၃၅)

## ဘိန္နာဓိကရဏဝိသေသန သုံးမျိုး

ဘိန္နာဓိကရဏဝိသေသနသည် တတိယာဘိန္နာဓိကရဏဝိသေသန, ဆဋ္ဌဘိန္နာဓိကရဏဝိသေသန, သတ္တမီဘိန္နာဓိကရဏဝိသေသန–ဟု သုံးမျိုးရှိ၏။

"တပသာ ဥတ္တမော"၌ တပသာ–ကား တတိယာဝိဘတ်, ဥတ္တမော–ကား ပထမာဝိဘတ် အဆုံးရှိသောကြောင့် ဝိဘတ်ချင်းမတူ၍ တတိယာဘိန္နာဓိကရဏဝိသေသန မည်၏။

"ရညော၀ ပုရိသော ဟောတိ"ဟူသော ဝါကျ၌ ရညော–ကား ဆဋ္ဌီဝိဘတ်, ပုရိသော–ကား ပဌမာဝိဘတ်အဆုံးရှိသောကြောင့် ဝိဘတ်ချင်းမတူကြ၍ ဆဋ္ဌီဘိန္နာဓိကရဏဝိသေသန မည်၏။ သင်သည် မည်သူ၏ အချင်းယောကျ်ားနည်းဟု တစုံတယောက်သူက မေးလျှင် အကျွန်ုပ်သည် သေဋ္ဌေး ပုဏ္ဏား သူကြွယ်တို့၏ အချင်းယောကျ်ားမဟုတ်, မင်း၏ယောကျ်ားဟု မင်းဖြင့်အထူးပြုသော ဝါကျမျိုးတည်း။

"ဂေဟေ၀ နိသိန္နော ဟောတိ"ဟူသော ဝါကျ၌ ဂေဟေ၀–ကား သတ္တမီဝိဘတ်, နိသိန္နော–ကား ပဌမာဝိဘတ်အဆုံးရှိသောကြောင့် သတ္တမီဘိန္နာဓိကရဏဝိသေသန မည်၏။ "ဂေဟေ၀ နိသိန္နော ဟောတိ"ဟူသော ဝါကျ၌လည်း သင်သည် အဘယ်၌ နေသနည်းဟု တစုံတယောက်သောသူက မေးလျှင် ဇရပ် တန်ဆောင်း တဲ စသည်၌ မနေ, အိမ်၌သာလျှင် နေ၏–ဟု အိမ်ဖြင့် အထူးပြုသည်ကို ပြသော ဝါကျမျိုးတည်း။

(ပဒဗျူဟနနိရုတ္တိနီတိကျမ်း ဒု ၁၁၆)

## သန္ဓိအကြောင်း

## သန္ဓိမည်ပုံ

လက်သမားသည် ပျဉ်နှစ်ချပ်ကို အကြားမမြင်ရအောင် စပ်သကဲ့သို့ ပုဒ်နှစ်ပုဒ်တို့၏အကြားကို မမြင်ရအောင် စပ်အပ်သောကြောင့် သန္ဓိမည်၏။

သန္ဓိစပ်ခြင်း အကျိုးများကား–

ရွတ်ဆိုရာ၌ လွယ်ကူစေခြင်း

ကြားနာရာ၌ သာယာနာပျော်ဖွယ် ဖြစ်ခြင်း အကျိုးတို့ဖြစ်၏။

**ပုံစံ**–

သဒ္ဒါ+ဣစ ဟူသော ပုဒ်နှစ်ပုဒ်ကို သဒ္ဒေစ ပေါင်းစပ်သောအခါ ရွတ်ဆိုရာ၌လည်း လွယ်ကူ ကြားနာရာ၌လည်း သာယာနာပျော်ဖွယ်ဖြစ်ပါသည်။ ဤသို့သော အကျိုးကို မျှော်ကိုး၍ ပုဒ်နှစ်ပုဒ်တို့ကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။

ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏ အစဗျည်းတို့ တွေ့ဆုံသောအခါ ပေါင်းစပ်သော သန္ဓိသည် ဗျဉ္ဇန သန္ဓိမည်၏။

**ပုံစံ**–

'ပရာ+ကမော'၌ ရှေ့ပုဒ်အဆုံးအာသရနှင့် နောက်ပုဒ်၏အစဖြစ်သော 'က'ဗျည်း တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်ထားသောကြောင့် 'ပရက္ကမော'ဟု ဖြစ်၏။

ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစသရတွေ့ဆုံသောအခါ၌လည်းကောင်း၊ ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစဗျည်းတွေ့ဆုံသောအခါ၌လည်းကောင်း ပေါင်းစပ်သောသန္ဓိသည် နိဂ္ဂဟီတသန္ဓိ မည်၏။

**ပုံစံ**–၁

'တံ+အတ္ထံ'၌ ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ အ–သရ တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်ထားသောကြောင့် 'တမတ္ထံ'ဟု ဖြစ်၏။

**ပုံစံ**–၂

'သံ+မတော'၌ ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ မ–ဗျည်း တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်ထားသောကြောင့် 'သမ္မတော'ဟု ဖြစ်သည်။

## သရသန္ဓိစည်းမျဉ်းနှင့် ပုံစံများ

ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်သော သန္ဓိသည် သရသန္ဓိမည်၏။ သရသန္ဓိစီရင်နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေ့ပုဒ်၏အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ

(က) ရှေ့သရကို ချေရသည်။
(ခ) နောက်သရကို ချေရသည်။
(ဂ) ရှေ့သရကို ချေပြီး နောက်သရကို ရံခါ ဒီဃ=သရရှည် ပြုရ၏။
(ဃ) ရှေ့သရကို ချေပြီး နောက်သရကို ရံခါ ဝုဒ္ဓိ=ဧဩ ပြုရ၏။
(င) နောက်သရကို ချေပြီး ရှေ့သရကို ရံခါ ဒီဃ=သရရှည် ပြုရ၏။
(စ) အသရ၏ရှေ့၌ ဣ,ဤနှင့်ဧ သရတို့ ရှိခဲ့သော် ဣ,ဤနှင့် ဧ သရတို့ကို ရံခါ ယ(-ျ)ပြုရ၏။
(ဆ) အ,အာနှင့် ဧသရတို့၏ ရှေ့၌ ဩ, ဥ သရတို့ ရှိခဲ့သော် ဩ, ဥ သရတို့ကို ဝ-ပြုရ၏။
(ဇ) သရ၏ရှေ့၌ အတိ, ပတိ, ဣတိသဒ္ဒါ ရှိခဲ့သော် အတိ, ပတိ, ဣတိ-သဒ္ဒါတို့မှ တိ-ကို စ-ပြုရသည်။
(ဈ) သရ၏ရှေ့၌ အဘိ, အဓိသဒ္ဒါရှိခဲ့သော် အဘိကို အဗ္ဘ, အဓိကို အဇ္ဈ ရံခါ ပြုရသည်။
(ည) သရနှစ်လုံး၏ အကြား၌ ရံခါ ယ,ဝ,မ,ဒ,ဒ,န,တ,ရ,လ,ဟ ဗျည်းများ ထည့်သွင်းရ၏။

(က)ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ ရှေ့သရကို ချေရသည်။

**ပုံစံများ** –

ရူပ + အာယတနံ = ရူပါယတနံ = (အ+အာ) ။ ရူပါရုံ
အဝိဇ္ဇာ + အာသဝေါ= အဝိဇ္ဇာသဝေါ=(အာ+အာ) ။ အဝိဇ္ဇာသဝ
အဇ္ဇ + ဥပေါသထော= အဇ္ဇုပေါသထော=(အ+ဥ) ။ အဇ္ဇ-ယနေ့၊ ဥပေါသထော-ဥပုသ်နေ့တည်း။
ယဿ + ဣန္ဒြိယာနိ=ယဿိန္ဒြိယာနိ=(အ+ဣ) ။ ယဿ-အကြင်သူ၏၊ ဣန္ဒြိယာနိ-ဣန္ဒြေတို့သည်။
ဘိက္ခုနီ + ဩဝါဒေါ=ဘိက္ခုနောဝါဒေါ(ဤ+ဩ) ဘိက္ခုနီတို့ကို ဆုံးမခြင်း
မုနိ + ဣန္ဒော=မုနိန္ဒော=(ဣ+ဣ) ။ ဘုရား၊ ရဟန်းတို့၏မင်း
ဣတ္ထီ + ဣန္ဒြိယံ=ဣတ္ထိန္ဒြိယံ(ဤ+ဣ) ။ ဣတ္ထိန္ဒြေ။

(ခ)ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ နောက်သရကို ချေရသည်။

**ပုံစံများ** –

ဝန္ဒေ + အဟံ = ဝန္ဒေဟံ (ဧ+အ) ။ အဟံ–ငါသည်၊ ဝန္ဒေ–ရှိခိုးပါ၏။
သော + အဟံ = သောဟံ (ဩ+အ) ။ သောဟံ–ထိုငါသည်။
ဆာယာ + ဣဝ = ဆာယာဝ (အာ+ဣ) ။ ဆာယာဝ–အရိပ်ကဲ့သို့။
စက္ခု + ဣန္ဒြိယံ = စက္ခုန္ဒြိယံ (ဥ+ဣ) ။ စက္ခုန္ဒြိယံ–စက္ခုန္ဒြေ။
စတ္တာရော + ဣမေ = စတ္တာရောမေ (ဩ+ဣ) ။ ဣမေဓမ္မာ–ဤတရားတို့သည်၊ စတ္တာရော–လေးပါးတို့တည်း။

(ဂ) ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ ရှေ့သရကိုချေပြီး နောက်သရကို ရံခါ ဒီဃ(သရရှည်)ပြုရသည်။

**ပုံစံများ** –

ဗုဒ္ဓ + အနုဿတိ = ဗုဒ္ဓါနုဿတိ = (အ–အ–အာ) ဗုဒ္ဓါနုဿတိ–ဘုရားဂုဏ်ကိုအဖန်ဖန် အောက်မေ့ခြင်း။
အတိ + ဣတော = အတီတော = (ဣ–ဣ–ဤ) အတီတော–လွန်ခဲ့ဖြစ်သော။
ဗဟု + ဥပကာရံ = ဗဟူပကာရံ = (ဥ–ဥ–ဦ) ဗဟူပကာရံ–များသော ကျေးဇူးရှိ၏။
သဒ္ဒါ + ဣဓ = သဒ္ဒီဓ = (အာ–ဣ–ဤ) ဣဓ–ဤလောက၌၊ သဒ္ဒါ–သဒ္ဒါသည်။
တထာ + ဥပမံ = တထူပမံ = (အာ–ဥ–ဦ) တထူပမံ–ထိုဥပမာအတူ။

(ဃ) ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ ရှေ့သရကိုချေပြီး နောက်သရကို ရံခါ ဝုဒ္ဓိ(ဧဩ)ပြုရသည်။

**ပုံစံများ** –

ဗန္ဓုဿ + ဣဝ = ဗန္ဓုဿေဝ (အ–ဣ–ဧ) ဗန္ဓုဿေဝ–ဆွေမျိုး၏ကဲ့သို့။
ဥပ + ဣက္ခတိ = ဥပေက္ခတိ (အ–ဣ–ဧ) ဥပေက္ခတိ–လျစ်လျူရှု၏။
ဥပ + ဣတော = ဥပေတော (အ–ဣ–ဧ) ဥပေတော–ပြည့်စုံ၏။
ဇိန + ဤရိတံ = ဇိနေရိတံ (အ–ဤ–ဧ) ဇိနေရိတံ–ဘုရားဟောအပ်၏။
စန္ဒ + ဥဒယော = စန္ဒောဒယော (အ–ဥ–ဩ) စန္ဒောဒယော–လ၏ထွက်ခြင်း၊ လထွက်ချိန်။
ယထာ + ဥဒကေ = ယထောဒကေ (အာ–ဥ–ဩ) ယထောဒကေ–ရေမှာကဲ့သို့။

(င) ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ နောက်သရကိုချေပြီး ရှေ့သရကို ရံခါ ဒီဃ(သရရှည်)ပြုရသည်။

**ပုံစံများ** –

ဒေဝ + ဣတိ = ဒေဝါတိ (အာ–အ–ဣ) ဒေဝါတိ–နတ်ဟူ၍။
ဝိ + အတိပတန္တိ = ဝီတိပတန္တိ (ဤ–ဣ–အ) ဝီတိပတန္တိ–ကင်းကုန်၏။
ဇီဝိတဟေတု + အပိ = ဇီဝိတဟေတူပိ (ဦ–ဥ–အ) ဇီဝိတဟေတူပိ–အသက်ဟူသောအကြောင်းကြောင့်လည်း။
ဝိဇ္ဇု + ဣဝ = ဝိဇ္ဇူဝ (ဦ–ဥ–ဣ) ဝိဇ္ဇူဝ–လျှပ်စစ်ကဲ့သို့။
ကိံသု + ဣဓ = ကိံသူဓ (ဦ–ဥ–ဣ) ဣဓ–ဤလောက၌၊ ကိံသု–အဘယ်အရာသည်။
သာဓု + ဣတိ = သာဓူတိ (ဦ–ဥ–ဣ) သာဓူတိ–ကောင်းပြီဟူ၍။

(စ) အသရ၏ရှေ့၌ ဣဤနှင့် ဧသရတို့ ရှိခဲ့သော် ဣဤနှင့် ဧသရတို့ကို ရံခါ ယ(ျ) ပြုရ၏။

**ပုံစံများ** –

ဝိ + အဉ္ဇနံ = ဗျဉ္ဇနံ (ယ–ဣ–အ) ဗျည်းအမှတ်အသား
အဂ္ဂိ + အာဂါရံ = အဂျာဂါရံ (ယ–ဣ–အ) မီးတင်းကုတ်သို့
နဒီ + အယံ = နဒျာယံ (ယ–ဤ–အ)
မေ + အယံ = မျာယံ (ယ–ဧ–အ–အာ) မေ–ငါသည်၊ အဓိဂတော–ရအပ်သော၊ အယံဓမ္မော–ဤတရားသည်။
တေ + အဟံ = တျာဟံ (တ–ဧ–အ–အာ) တေ–သင့်အား၊ အဟံ–ငါသည်၊ ဧဝံ–ဤသို့၊ ဝဒေယျံ–ဆိုရာ၏။
တေ + အဿ = တျဿ (တ–ဧ–အ–အာ) အဿ–ထိုရဟန္တာ၏၊ တေ–ထိုကိလေသာတို့သည်၊ ပဟီနာ–ပယ်အပ်ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်။

(ဆ) အ,အာ,ဧ သရတို့၏ရှေ့၌ ဩ,ဥ သရတို့ရှိခဲ့သော် ဩ,ဥ သရတို့ကို ဝ–ပြုရသည်။

**ပုံစံများ** –

အထခေါ + အဿ = အထခွဿ (ဝ–ဩ–အ) အထခေါ–ထိုအခါ၌၊ အဿ–ထိုသူ့အား၊
ယော + အယံ = ယွာယံ (ဝ–ဩ–အ–အာ) ယွာယံ–အကြင်သူသည်

သော + အဿ = သွဿ (ဝ–ဩ–အ) သော–ထိုသဘောသည်၊ အဿ–ထိုအား၊ ဟောတိ–ဖြစ်၏။

သော + ဧဝ =သွေဝ (ဝ–ဩ–ဧ) သောဧဝ–ထိုသူသည်သာလျှင်

အနု + အဒ္ဓမာသံ = အနွဒ္ဓမာသံ (ဩ–ဥ–အ) လ,ဝက်တိုင်း
သု + အာဂတံ = သွာဂတံ (ဝ–ဉ–အာ) ကောင်းသောလာခြင်းတည်း
န တု + ဧဝ = နတွေဝ (ဝ–ဉ–ဧ) မ–သာ။ ပုံစံ – နတွေဝ အရဟတိ–မထိုက်သည်သာ။ (ဒီ–၁ ပါ ၁၀၇)

(ဇ) သရ၏ရှေ့၌ အတိ, ပတိ, ဣတိသဒ္ဒါရှိခဲ့သော် အတိ, ပတိ, ဣတိ သဒ္ဒါတို့မှ 'တိ' ကို 'စ' ပြုရသည်။

**ပုံစံများ** –

အတိ + အန္တံ = အစ္စန္တံ (စ–တိ–အ) စင်စစ်၊ ဧကန်
ပတိ + အယော = ပစ္စယော (စ–တိ–အ) အကြောင်း
ပတိ + အာဟရတိ = ပစ္စာဟရတိ (စ–တိ–အာ) တဖန်ဆောင်၏
ပတိ + ဧတိ = ပစ္စေတိ (စ–တိ–ဧ) ယုံကြည်၏
ဣတိ + ဧတံ = ဣစ္စေတံ (စ–တိ–ဧ) ဤသို့ဖြစ်ခြင်းသည်
ဣတိ + အာဒိ = ဣစ္စာဒိ (စ–တိ–အာ) ဤသို့ အစရှိသည်

(ဈ) သရ၏ရှေ့၌ အဘိ, အဓိသဒ္ဒါရှိခဲ့သော် ရံခါ အဘိသဒ္ဒါကို အဗ္ဘ, အဓိသဒ္ဒါကို အဇ္ဈ ပြု၏သည်။

**ပုံစံများ** –

အဘိ + ဥဂ္ဂတော = အဗ္ဘုဂ္ဂတော (အဗ္ဘ–အဘိ–ဥ) ပျံ့နှံ့၍ တက်ပြီ
အဘိ + ဩကာသော = အဗ္ဘောကာသော (အဗ္ဘ–အဘိ–ဩ) လွင်တီးခေါင်
အဓိ + အာဂမာ = အဇ္ဈာဂမာ (အဇ္ဈ–အဓိ–အာ) ရပြီ၊ သိပြီ
အဓိ + ဩဂါဟေတွာ = အဇ္ဈောဂါဟေတွာ–ဝင်ရောက်၍

(ည) သရနှစ်လုံး တွေ့ဆုံသောအခါ ရံခါ ယ, ဝ, မ, ဒ, န, တ, ရ, ဠ(လ), ဟ ဗျည်းများ ထည့်သွင်းရသည်။

**ပုံစံများ** –

ယထာ + ဧဝ = ယထာယေဝ (အာ–ဧ–ယ) ကဲ့သို့သာလျှင်
ပ + ဥစ္စတိ = ပဝုစ္စတိ (အ–ဥ–ဝ) ဆိုအပ်၏
လဟု + ဧဿတိ = လဟုမေဿတိ (အ–ဧ–မ) လဟု–လျင်စွာ၊ ဧဿတိ–ရောက်လတ့်။
မနသာ + အညာ = မနသာဒညာ (အာ–အ–ဒ) မနသာ–စိတ်ဖြင့်၊ အညာ–သိ၍။

ယသ္မာ + က္လပ = ယသ္မာတိပ (အာ–က္လ–တ) ယသ္မာ–အကြင်ကြောင့်၊ က္လပ–ဤသာသနာ၌
(ပုံစံတူ – တသ္မာတိပ သာရတ္ထဋီ ဒု ၅၂)
အဇ္ဇ + အဂ္ဂေ = အဇ္ဇဒဂ္ဂေ (အ–အ–ဒ) ယနေ့မှ စ၍
သဗ္ဘိ + ဇဝ = သဗ္ဘိရေဝ (က္လ–ဇ–ရ) သူတော်ကောင်းတို့နှင့်သာလျှင်
ဆ + အဘိညာ = ဆဠဘိညာ (အ–အ–ဠ) ခြောက်ပါးသောအဘိညာဉ်
သု + ဥဇု စ = သုဟုဇု စ (ဥ–ဥ–ဟ) အလွန်(ကောင်းစွာ) ဖြောင့်တတ်သည်၊ အလွန်ဖြောင့်မတ်သူ

## ဗျဥ္ဇနသန္ဓိစည်းမျဉ်းနှင့် ပုံစံများ

ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစဗျဉ်းတို့ တွေ့ဆုံသောအခါ သန္ဓိစီရင်နည်းအရ ပေါင်းစပ်သော သန္ဓိသည် ဗျဥ္ဇနသန္ဓိမည်၏။ ဗျဥ္ဇနသန္ဓိစီရင်နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ရှေ့ပုဒ်၏အဆုံး သရတို(ရဿ)ကို သရရှည်(ဒီဃ) ပြုရ၏။
(ခ) ရှေ့ပုဒ်၏အဆုံး သရရှည်(ဒီဃ)ကို သရတို(ရဿ) ပြုရ၏။
(ဂ) ရှေ့ပုဒ်၏ အဆုံးသရကို ချေရ၏။
(ဃ) ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်နောင်ရှိသော ဗျည်းကို နှစ်လုံးဆင့် ဒွေဘော်ပြုရ၏။ ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်တို့သည် သရရှည်(ဒီဃ) အဆုံးရှိလျှင် သရတို(ရဿ) ပြုရ၏။

(က) ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစဗျဉ်းတို့ တွေ့ဆုံသောအခါ ရှေ့ပုဒ်၏အဆုံး သရတို(ရဿ)ကို သရရှည်(ဒီဃ) ပြုရ၏။

**ပုံစံများ** –

မဓုဝ + မညတိ = မဓု ဝါ မညတိ[၁] (အာ–အ–မ) မဓုဝါ–ပျားသကာနှင့်အတူ (ပါပံ–မကောင်းမှုကို)
မညတိ–ထင်၏
မုနိ + စရေ = မုနီစရေ (ဤ–က္လ–စ) မုနိ–ရဟန်းသည်၊ စရေ–ကျင့်ရာ၏။
ခန္တိ + ပရမံ = ခန္တီပရမံ (ဤ–က္လ–ပ) ခန္တိ–သည်းခံခြင်းသည်၊ ပရမံ–မြတ်သော ဥစ္စာတည်း။
သု + က္ခာတော = သွာက္ခာတော (အာ–အ–က္ခ) ကောင်းစွာ ဟောကြားအပ်၏။
ဥဇု + စ = ဥဇူ စ (ဦ–ဥ–စ) ဖြောင့်သော၊ ရိုးဖြောင့်သော၊ မကောက်ကျစ်သော

---

၁ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ ပ ၂၂၀

(ခ) ရှေ့ပုဒ်၏ အဆုံးသရနှင့် နောက်ပုဒ်၏အစဗျည်းတို့ တွေ့ဆုံသောအခါ ရှေ့ပုဒ်၏အဆုံး သရရှည်(ဒီဃ)ကို သရတို(ရဿ) ပြုရ၏။

**ပုံစံများ** –

ယဒိ ဝါ + သာဝကေ = ယဒိဝ သာဝကေ (အ–အာ–သ) သာဝကေဝါ–အရိယာသာဝဠ်ငှင်း၊ ယဒိပူဇယတေ–
အကယ်၍ ပူဇော်ငြားအံ့။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ ပ ၅)

ပုဂ္ဂလာ + ဓမ္မဒသာ = ပုဂ္ဂလ ဓမ္မဒသာ (အ–အာ–ဓ) ဓမ္မဒသာ–တရားကိုမြင်ကုန်သော၊
(အဠ)ပုဂ္ဂလာ–ရှစ်ယောက်သောပုဂ္ဂိုလ်တို့တည်း။ (မ ဋ္ဌ ၁ ၁၃၆)

ဘောဝါဒီ + နာမ = ဘောဝါဒိနာမ (ဣ–ဤ–န) ဘော–ဟု ဆိုလေ့ရှိသူ

ယထာဘာဝီ + ဂုဏေန = ယထာဘာဝိဂုဏေနန (ဣ–ဤ–ဂ)
ဂုဏေန–ဂုဏ်အားဖြင့်၊ ယထာဘာဝိ–ယထာဘာဝိမည်၏။

(ဂ) ရှေ့ပုဒ် ဧတ, တ တို့၏အဆုံးသရတို့နှင့် နောက်ပုဒ်၏ အစဗျည်းတို့ တွေ့ဆုံသောအခါ ရှေ့ပုဒ် ဧတနှင့်တတို့၏ ဩသရကို ချေရ၏။ အသရထည့်သွင်းရ၏။

**ပုံစံများ** –

ဧသော + ဓမ္မော = ဧသဓမ္မော (ဩ–ဓ) ဧသောဓမ္မော–ထိုတရားသည်။

သော + သီလဝါ = သသီလဝါ (ဩ–သ) သော–ထိုသူသည်၊ သီလဝါ–သီလရှိ၏။

သော + ပညဝါ = သပညဝါ (ဩ–ပ) သော–ထိုသူသည်၊ ပညဝါ–ပညာရှိ၏။

(ဃ) ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်နောင်ရှိသော ဗျည်းကို နှစ်လုံးဆင့် ဒွေဘော်ပြုရသည်။ ဥပသာရပုဒ်နှင့် နိပါတ် ပုဒ်တို့သည် သရရှည်(ဒီဃ) အဆုံးသရရှိလျှင် သရတို(ရဿ)ပြုရသည်။

**ပုံစံများ** –

ပ + ကမော = ပက္ကမော (က–သဒိသဒွေဘော်ဆင့်) ရှေးဦးစွာ အားထုတ်ခြထင်းလုံ့လ၊ သွားခြင်း

ဝိ + ပယုတော = ဝိပ္ပယုတ္တော (ပ–သဒိသဒွေဘော်ဆင့်) မယှဉ်သော၊ ကွဲကွာသော

သု + ပဋိပန္နော = သုပ္ပဋိပန္နော (ပ–သဒိသဒွေဘော်ဆင့်) ကောင်းစွာကျင့်၏

ဥ + ဂတော = ဥဂ္ဂတော (ဂ–သဒိသဒွေဘော်ဆင့်) တက်သော၊ ထွက်ပေါ်လာသော

ဒု + လဘ = ဒုလ္လဘ (လ–သဒိသဒွေဘော်ဆင့်) ရနိုင်ခဲ၏

နိ + ဝါနံ = နိဗ္ဗာနံ (ဝ=ဗ) (ဝ–သဒိသဒွေဘော်ဆင့်) နိဗ္ဗာန်

ဥပ + ဒဝေါ = ဥပဒ္ဒဝေါ (ဒ–သဒိသဒွေဘော်ဆင့်) ဘေးရန်

အာ + ကောသတိ = အက္ကောသတိ (ဒီဃအာကို ရဿအပြု၊ က–သဒိသဒွေဘော်ဆင့်)

ပရာ + ကမော = ပရက္ကမော (ဒီဃအာကို ရဿအပြု၊ က–သဒိသဒွေဘော်ဆင့်) လုံ့လ

အာ + သာသော = အဿာသော (ဒီဃအာကို ရဿအပြု၊ သ–သဒိသဒွေဘော်ဆင့်) အတွင်းသို့ဝင်သောလေ

သမ္မာ + ပဓာနံ = သမ္မပ္ပဓာနံ (ဒီဃအာကို ရဿအပြု၊ ပ–သဒိသဒွေဘော်ဆင့်) ကောင်းသောလုံ့လ

ဒု + ဘိက္ခ = ဒုဗ္ဘိက္ခ (ဗ–အသဒိသဒွေဘော်ဆင့်) အစာရှားခြင်း

## နိဂ္ဂဟိတသန္ဓိစည်းမျဉ်းနှင့် ပုံစံများ

ရှေ့ပုဒ်၏ အဆုံးနိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစသရတို့ တွေ့ဆုံသောအခါ၌လည်းကောင်း, ရှေ့ပုဒ်၏ အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစဗျဉ်း တွေ့ဆုံသောအခါ၌လည်းကောင်း ပေါင်းစပ်သော သန္ဓိသည် နိဂ္ဂဟိတသန္ဓိမည်၏။ နိဂ္ဂဟိတသန္ဓိစီရင်နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစဝဂ်ဗျဉ်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ဝဂ်ဗျည်းအား လျော်စွာ င၊ ဉ၊ ဏ၊ န၊ မ ပြုရ၏။

(ခ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစသရ ဗျည်း တမျိုးမျိုး တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ချေရ၏။

(ဂ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစ ဧသရနှင့် ဟဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ဉ–ပြုရ၏။

(ဃ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစ ယဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်နှင့် ယ–ဗျည်းကို ဉ–ပြုရ၏။

(င) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ သရတွေ့ဆုံသောအခါ နိဂ္ဂဟိတကို မ,ဒ–ပြုရ၏။

(စ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ သရတွေ့ဆုံသောအခါ နောက်ပုဒ်၏အစ သရကို ချေရ၏။

(ဆ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ ဗျဉ်းတွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို (ံ)အံပြုရ၏။

**ပုံစံများ** –

(က) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစဝဂ်ဗျဉ်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ဝဂ်ဗျည်းအား လျော်စွာ င၊ ဉ၊ ဏ၊ န၊ မ ပြုရ၏။

တဏှံ + ကရော = တဏှင်္ကရော = (င – ံ –က) တဏှာကို ညှင်းဆဲတတ်သော ဘုရား
တံ + ဉာဏံ = တဉ္ဉာဏံ = (ဉ– ံ –ဉ) ထိုဉာဏ်
တံ + ဌာနံ = တဏ္ဌာနံ = (ဏ– ံ –ဌ) ထိုဌာန
တံ + ဒါနံ = တန္ဒါနံ = (န– ံ –ဒ) ထိုဒါန
တံ + ဖလံ = တမ္ဖလံ = (မ– ံ –ဖ) ထိုအကျိုး

**ပုံစံများ** –

(ခ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစသရ ဗျည်း တမျိုးမျိုး တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ချေရ၏။

တာသံ + အဟံ = တာသာဟံ (ံ – အ) တာသံ–ထိုသူမတို့အား၊ အဟံ–ငါသည်။
ဝိဒူနံ + အဂ္ဂံ = ဝိဒူနဂ္ဂံ (ံ – အ) ဝိဒူနံ–ပညာရှိတို့ထက်၊ အဂ္ဂံ–မြတ်၏။
အရိယသစ္စာနံ+ဒဿနံ = အရိယသစ္စာနဒဿနံ (ံ – ဒ) အရိယသစ္စာနံ–အရိယသစ္စာတို့ကို၊ဒဿနံ–သိမြင်ခြင်းသည်။
ဗုဒ္ဓါနံ +သာသနံ = ဗုဒ္ဓါနသာသနံ (ံ – သ) ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ သာသနံ–အဆုံးအမသည်။
စိရံ + ပဝါသိံ = စိရပ္ပဝါသိံ (ံ – ပ) စိရံ–ကြာမြင့်စွာ၊ ပဝါသိံ–အရပ်တပါး၌နေသော။

**ပုံစံများ** –

(ဂ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစ ဧသရနှင့် ဟဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို ဉ–ပြုရ၏။

ပစ္စတ္တံ + ဧဝ = ပစ္စတ္တညေဝ (ဉ– ံ – ဧ) ကိုယ်စီပင်
တံ + ဧဝ = တညေဝ (ဉ– ံ – ဧ) ထိုအရာကိုပင်လျှင်
တံ + ဟိ = တဉှိ (ဉ – ံ – ဟ) ထိုအရာသည်သာလျှင်
ဧဝံ + ဟိ = ဧဝဉှိ (ဉ– ံ – ဟ) ဤသို့သာလျှင်

**ပုံစံများ** –

(ဃ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏ အစ ယဗျည်း တွေ့ဆုံသောအခါ နိဂ္ဂဟိတ်နှင့် ယ–ဗျည်းကို ဉ–ပြုရ၏။

သံ + ယောဂေါ = သညောဂေါ (ဉ – ံ – ယ) ယှဉ်ခြင်း
သံ + ယောဇနံ = သညောဇနံ (ဉ – ံ – ယ) သံယောဇဉ်
သံ + ယတော = သညတော (ဉ – ံ – ယ) ကောင်းစွာစောင့်စည်ခြင်း
ယံ + ယဒေဝ = ယညဒေဝ (ဉ – ံ – ယ) အကြင်အရာကိုသာလျှင်

**ပုံစံများ** –

(င) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ သရတွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို မ,ဒ–ပြုရ၏။

တံ + အဟံ =တမဟံ (မ – ံ – အ) တံ–ထိုသူ့ကို၊ အဟံ–ငါသည်။
ယံ + အာဟု = ယမာဟု (မ – ံ – အာ) ယံ–အကြင်အရာကို၊ အာဟု–ဆိုကုန်၏။
ဓနံ + ဧဝ = ဓနမေဝ (မ – ံ – ဧ) ဥစ္စာကိုသာလျှင်
နိန္ဒိတုံ + အရဟတိ = နိန္ဒိတုမရဟတိ (မ – ံ – အ) နိန္ဒိတုံ–ကဲ့ရဲ့ခြင်းငှါ၊ အရဟတိ–ထိုက်တန်၏။
ယံ + အနိစ္စံ = ယဒနိစ္စံ (ဒ – ံ – အ) ယံ–အကြင်အရာသည်၊ အနိစ္စံ–အမြဲမဟုတ်။
ဧတံ + အဝေါစ = ဧတဒဝေါစ (ဒ – ံ – အ) ဧတံ–ထိုစကားကို၊ အဝေါစ–ပြောပြီ။

**ပုံစံများ** –

(စ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ သရတွေ့ဆုံသောအခါ နောက်ပုဒ်၏အစ သရကို ချေရ၏။

ကတံ + ဣတိ = ကတန္တိ (ံ – ဣ) ပြုအပ်၏ဟူ၍
စက္ကံ + ဣဝ = စက္ကံဝ (ံ – ဣ) ဘီးကဲ့သို့
တွံ + အသိ = တွံသိ (ံ – အ) တွံ–သင်သည်၊ အသိ–ဖြစ်၏
ဣဒံ + အပိ = ဣဒမ္ပိ (ံ – အ) ဤအရာသည်လည်း
သဒိသံ + ဧဝ = သဒိသံဝ (ံ – ဧ) တူသည်သာလျှင်

**ပုံစံများ** –

(ဆ) ရှေ့ပုဒ်၏အဆုံး နိဂ္ဂဟိတ်နှင့် နောက်ပုဒ်၏အစ ဗျည်းတွေ့ဆုံသောအခါ နိဂ္ဂဟိတ်ကို (ံ)အံပြုရ၏။

ဧဝံ + ဝုတ္တေ = ဧဝံဝုတ္တေ (ံ – ဝ) ဧဝံ–ဤသို့၊ ဝုတ္တေ–ဆိုအပ်သော်။
တံ + သာဓု+ဣတိ = တံသာဓူတိ (ံ – အ) တံ–ထိုစကားကို၊ သာဓူတိ–ကောင်းပြီဟူ၍။
ဧကံ + သမယံ = ဧကံသမယံ (ံ – အ) အခါတပါး၌